

# လူတိုင်းအတွက်ပိဋကတ်သုံးပုံ

ဦးမောင်မောင်စိုးတင့်

# လူတိုင်းအတွက်ပိဋကတ်သုံးပုံ




**ဦးမောင်မောင်စိုးတင့်** ( အငြိမ်းစားသံအမတ်ကြီး )

B.A ( Ed ), M.Ed ( U.S.A ), F.R.S.A ( U.K )


ဆရာကြီးဦးမောင်မောင်နှင့်ဒေါ်သိန်းတို့၏ သားကြီးသြရသဖြစ်ပါသည်။ နိုင်ငံတော်၏တာဝန်ကို၁၉၅၃ ခုနှစ်မှစ၍ မုံရွာမြို့အမှတ်(၂) အထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီးအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၊ ၁၉၇၉ ခုနှစ်တွင်သြစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအနေဖြင့် အငြိမ်းစားယူခဲ့ပါသည်။

ပြည်ပတွင် (၁၅)နှစ်တိုင်နေထိုင်တာဝန်ထမ်းဆောင်နေစဉ် အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စု၊ ယူကေနိုင်ငံ၊ သြစတြေးလျနိုင်ငံနှင့်အခြားနိုင်ငံများသို့ရောက်ရှိခဲ့ပါသည်။

ယခုအငြိမ်းစားဘဝတွင် နိုင်ငံတော်အတွက် ဘာသာရေး၊ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် စာပေရေးရာလုပ်ငန်းများကို တတ်စွမ်းနိုင်သမျှဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

"ကမ်းဝန်မင်းကြီး၏မြစ်" "မြန်မာသံအမတ်ကြီး" စာအုပ်ကို၁၉၉၉ခုနှစ်၊ "တွေးခေါ်ခံစားသည့်" စာအုပ်ကို ၂၀၀၀ပြည့်နှစ်၊ "အတွေးသစ်နှင့်အချစ်" စာအုပ်ကို ၂၀၀၁ ခုနှစ်တွင်ထုတ်ဝေခဲ့ပါသည်။

ယခု ဤစာအုပ်တွင် ပိဋကတ်သုံးပုံ၏ အကြောင်းကို လူတိုင်းသိရှိနားလည်နိုင်ရန် သူ၏ကိုယ်ပိုင်ဟန်ဖြင့် ရိုးရှင်းစွာရေးသားတင်ပြ၍ စတုတ္ထမြောက်စာအုပ်အဖြစ် ထုတ်ဝေပါသည်။


*design : Ceythu Lwin ( 7 STARS Advertising & Printing ) e.mail : ceythu@myanmar.com.mm*

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ (၂၀၀၀)
စာမူခွင့်ပြုချက်အမှတ်
၆၉၂/၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၆၅၀/၂၀၀၂ (၁၂)

❑

မျက်နှာဖုံးဒီဇိုင်း
စည်သူလွင်
မျက်နှာဖုံးကာလာခွဲ
**Master Colour**

❑

အတွင်းစာစီနှင့်အပြင်အဆင်
ခင်မောင်ကျော် (မြန်ကွန်)

❑

ပုံနှိပ်သူ
ဒေါ်စိန်နွဲ့၊ ရွှေပြည့်စုံပုံနှိပ်တိုက်
၃၄/၃၈၊ ၁၅၇-လမ်း၊ တာမွေမြို့နယ်

❑

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ
၀၉၁၀၊ ၁၁၁/၃ထပ် ညာဘက်၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်

❑

[တန်ဖိုး၁၈၀၀ ကျပ်]

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | တုနိုင်းမမီသော မဟာလူသားမြတ်ဗုဒ္ဓ | ၉ |
| ၃။ | သင်္ဂါယနာတင်ပွဲများ | ၁၇ |
| ၄။ | ပိဋကတ်သုံးပုံဆိုသည်မှာ | ၂၆ |
| ၅။ | ဝိနည်းပိဋက | ၃၃ |
| ၆။ | သုတ္တန်ပိဋက | ၇၁ |
| | ◆ ဒီဃနိကာယ် | ၇၆ |
| | ◆ မဇ္ဈိမနိကာယ် | ၁၁၁ |
| | ◆ သံယုတ္တနိကာယ် | ၁၃၆ |
| | ◆ အင်္ဂုတ္တရနိကာယ် | ၁၆၁ |
| | ◆ ခုဒ္ဒကနိကာယ် | ၁၉၈ |
| ၇။ | အဘိဓမ္မာပိဋက | ၂၁၃ |
| | ◆ ဓမ္မသင်္ဂဏီကျမ်း | ၂၁၆ |
| | ◆ ဝိဘင်္ဂကျမ်း | ၂၁၆ |
| | ◆ ဓာတုကထာကျမ်း | ၂၂၀ |
| | ◆ ပုဂ္ဂလပညတ်ကျမ်း | ၂၂၂ |
| | ◆ ကထာဝတ္ထုကျမ်း | ၂၂၄ |
| | ◆ ယမိုက်ကျမ်း | ၂၂၆ |
| | ◆ ပဋ္ဌာန်းကျမ်း | ၂၂၈ |
| ၈။ | နိဂုံး | ၂၃၄ |

# နိဒါန်း

ကျွန်တော်၏အတ္ထုပ္ပတ္တိ 'ကင်းဝန်မင်းကြီး၏မြစ် မြန်မာ သံအမတ်ကြီး' စာအုပ်ကို ၁၉၉၉ ခု၊ ဇွန်လ၌ ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ယင်းစာအုပ်ကို "မျှော်လင့်ခြင်းသံသရာ" ပြတ်စဲလိုသည့် ဆုတောင်းဖြင့် အဆုံးသတ်ထားခဲ့ပါသည်။ အသက် (၇၀)နှစ်ရှိပြီဖြစ်သည့် လူတစ်ဦး အနေဖြင့် ဘဝအတွေ့အကြုံပေါင်းစုံကို ဖြတ်သန်းလာခဲ့ပြီး ဖြစ်ပါသည်။ ဘဝအပေါ်တွင် ထားရှိသည့် အတွေးအခေါ်များလည်း အတော်အတန် ရင့်ကျက်လာပြီ ဖြစ်ပါသည်။ ဤသို့ရင့်ကျက်လာသည့်အလျောက် မြတ်စွာဘုရားအား ပို၍ ကြည်ညိုလာပါသည်။ မြတ်စွာဘုရား ဟောကြားတော်မူသော တရားဓမ္မများကို ပိုမိုလေ့လာသိရှိသဘောပေါက်လာပါသည်။ လောကတွင် ဖြစ်ပျက်နေသော အရှိသဘောတရားအမှန်များကို ဟောကြားတော်မူခြင်းဖြစ်သည်ဟု စိတ်ဒုန်းဒုန်းချ ဘဝင်ကျကာနားလည်သဘောပေါက်လာပါသည်။

သို့အတွက် ထုံးတမ်းစဉ်လာ မိရိုးဖလာအရ မြတ်စွာဘုရားအား ကြည်ညိုခြင်းမဟုတ်တော့ဘဲ အမှန်တရားကိုသိမြင်အောင် ဖော်ထုတ်ပေးပြီး သတ္တဝါအပေါင်းအား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် မဟာကရုဏာတော်ဖြင့် ဟောကြားလမ်းညွှန်သော တုနှိုင်းမမီသည့် မဟာလူသားဟု အလွန်ပင်ကြည်ညိုမိပါသည်။

ကြည်ညိုသည်နှင့်အညီ မြတ်စွာဘုရားဟောကြားသော ဗုဒ္ဓတရားတော်များကို တစ်ဆင့်စကား တစ်ဆင့်ကြားသည့်အနေဖြင့်လည်းကောင်း၊ တစ်ဆင့်ရေးထားသည်ကို ဖတ်ရသည့်အနေဖြင့်လည်းကောင်း သိရှိ နားလည်ရသည်များကို အားရကျေနပ်မှုမရှိဖြစ်လာပါသည်။ မြတ်စွာဘုရား ဟောကြားတော်မူသည်များကို မူရင်းအတိုင်း အတိအကျ မှတ်တမ်းတင်ထားသည့် ပိဋကတ်သုံးပုံကို လေ့လာဖတ်ရှုရန် စိတ်ဆန္ဒ ဖြစ်ပေါ်လာပါသည်။ သို့အတွက် ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော် မြန်မာဘာသာပြန်စာအုပ်များကို စုဆောင်း

ဖတ်ရှုခဲ့ပါသည်။ သုတ္တန်နှင့် ဝိနည်းပိုင်းကို ကြိုးစားဖတ်ရှုရာ အသင့်အတင့် နားလည် သဘောပေါက်ပါသည်။ အဘိဓမ္မာပိုင်းတွင် သဘောပေါက်ရန် အခက်အခဲနှင့် ကြုံတွေ့ရပါသည်။ အဘိဓမ္မာသဘောတရားများမှာ ခက်ခဲနက်နဲသည့် အတွက်သာမက အခေါ်အဝေါ်အများစုမှာ ပါဠိအသုံးအနှုန်းများနေခြင်း၊ ရေးသားဖွဲ့စည်းပုံမှာ အရကောက်နားလည်ရန် မလွယ်ကူခြင်း၊ အကြောင်းအရာတစ်ခုကို ထပ်တလဲလဲ ဖော်ပြခြင်း၊ ချဲ့ထွင်ခြင်း၊ ဆိုလိုသည်ကို ရှင်းလင်း သုံးသပ် နိဂုံးချုပ်သည်များ ပါခဲခြင်းတို့ကြောင့် ကျွန်တော်တို့လို သာမန်လူများအတွက် နားလည်သဘောပေါက်ရန် ခက်ခဲနေပါသည်။

ကျွန်တော့်မှာ မိမိဉာဏ်မီသမျှ ပိဋကတ်တော်များကို သိရှိနားလည်ရန် အတွက် ပိဋကတ်တော်နှင့်ပတ်သက်၍ ရေးသားသည့် စာအုပ်စာတမ်းများကို ဝယ်ယူ စုဆောင်းပါသည်။ ဆရာတော်ကြီးများထံသို့ ချဉ်းကပ်လျှောက်ထားပါသည်။ ပိဋကတ်တွင် ကျွမ်းကျင်သည့် ပညာရှင်ကြီးများထံသို့ တွေ့ဆုံမေးမြန်း အကြံဉာဏ်တောင်းပါသည်။ တချို့က အဘိဓမ္မာ နားလည်လိုလျှင် သင်္ဂြိုဟ်ကျမ်းကို ဖတ်ရှုလေ့လာရန် အကြံပေးကြပါသည်။ သင်္ဂြိုဟ်ကျမ်းသည် အဘိဓမ္မာကျမ်း (၇)ကျမ်းကို ခြုံငုံအကျဉ်းချုံး၍ ရေးသားထားသောကြောင့် လိုရင်းသဘောများမှာ တိမ်မြုပ်နေပါသည်။ သို့အတွက် ၎င်းကျမ်း၏ အဖွင့်အဋ္ဌကထာဋီကာကျမ်းများကို ပါဠိဘာသာ၊ မြန်မာဘာသာများဖြင့် အမျိုးမျိုးရေးသားကြရာတွင် ကိုးကားချက်များဖြင့် ကျမ်းစာများ ခမ်းနားထည်ဝါလှသောကြောင့် သိရှိနားလည်ရန် လွယ်ကူမှု မရှိ ဖြစ်ရပြန်ပါသည်။ ကျွန်တော်က မြတ်စွာဘုရားဟောတော်မူသည့် ပိဋကတ်သုံးပုံနှင့် ပတ်သက်၍ သာမန်လူတို့ ယေဘုယျအားဖြင့် သိရှိနားလည်အောင် ရေးသားထားသော စာအုပ်ကို ရှာဖွေမေးမြန်းရာ မရှိသေးကြောင်းတွေ့ရပါသည်။ ဤသို့ စာအုပ်မျိုးတစ်အုပ်ရှိသင့်သည်ဟု ကျွန်တော်ထင်မြင်မိပါသည်။ သို့မှသာ သာမန်ဗုဒ္ဓဘာသာဝင်များသာမက အမှန်တရားကို သိရှိလေ့လာလိုသူတိုင်း မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များအကြောင်းကို မိမိတို့ ဉာဏ်မီသမျှ လေ့လာသိရှိ ကြည်ညိုနိုင်ကြမည်ဖြစ်ပါသည်။ အထူးသဖြင့် ခေတ်လူငယ်၊ လူရွယ် များအတွက် ဤစာအုပ်မျိုး လိုအပ်နေပြီဖြစ်ပါသည်။ သူတို့သည် ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို နောင်တစ်ခေတ်တွင် ဆက်လက်သယ်ပိုးသွားကြမည့်သူများ ဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်တော်သည် ဘာသာခြားစာသင်ကျောင်း တစ်ကျောင်းသို့ အမှတ်မထင် ရောက်သွားပါသည်။ ခန်းမဆောင်ကြီးတွင် လူငယ်လူရွယ်များ (၁၀)ယောက်တစ်စု၊ (၁၂)ယောက်တစ်စု စုဝေးပြီး၊ ဆရာများထံမှ ၎င်းတို့ကျမ်းစာပါ အဆိုအမိန့်များကို ကြားနာသင်ယူနေကြသည်ကို တွေ့ရှိရပါသည်။ မည်မျှအလေးအနက်ထား သင်ယူနေသည် ကို ၎င်းတို့၏ တည်ငြိမ်သောမျက်နှာ၊ လေးစားသည့်အမူအရာ၊ စနစ်တကျ ငြိမ်သက်စွာနားကြားနေပုံကိုကြည့်ရှု၍ သိသာနိုင်ပါသည်။ ဘာသာခြားများ၏ ကိုးကွယ်ရာဌာနများတွင် လူငယ်လူရွယ်များအပါအဝင် ကိုးကွယ်သူများသည် ၎င်းတို့၏ကျမ်းများကို ရိုသေလေးစားစွာ ဖတ်ရှုလေ့လာနေကြသည်ကိုတွေ့နိုင်ကြပါသည်။ ဤသို့ လေ့လာကိုးကွယ်နိုင်ရန်လည်း လူအများသိရှိနားလည်သဘောပေါက်အောင် ကျမ်းစာအုပ်တစ်အုပ် ထဲတွင် ဘာသာရေးခေါင်းဆောင်ကြီးများ၏ အဓိကကျသောအဆိုအမိန့်များကို ရေးသားစီစဉ်ထားပါသည်။ ဤသည်ပင် ယင်းတို့ သာသနာပြုရာတွင် တစ်ပန်းသာနေခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ဗုဒ္ဓဘာသာ တည်တံ့ခိုင်မြဲပြီး၊ ပြန့်ပွားရေးအတွက် မြတ်စွာ ဘုရား၏အဆိုအမိန့်များကို ခေတ်မီစကားအသွားအလာဖြင့် စာအဘိဓမ္မာ သက်သက် မဟုတ်ဘဲ၊ သဘောအဘိဓမ္မာအထော်ပါအောင်ရေးသားထားသည့် ကျမ်းစာအုပ်တစ်အုပ် ရှိသင့်ပါသည်။ သို့မှသာ ပိဋကတ်သုံးပုံကို ရိုးရာထုံးတမ်း စဉ်လာအတိုင်း သင်ယူထားခြင်းမရှိသူများအတွက် မြတ်စွာဘုရား၏ တရားဓမ္မ များ သဘောကို ၎င်းတို့ဉာဏ်မီသည်နှင့်အမျှ သိရှိနားလည်ခွင့် ရှိလာမည် ဖြစ်ပါသည်။

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်အချို့တို့က ပိဋကတ်သုံးပုံသည် အလွန်ခက်ခဲသည်ဟု စွဲလမ်းထင်မြင်နေပါသည်။ သာမန်လူ၊ ပါရမီနည်းသူတို့ သိနိုင်သောသဘောတရားများမဟုတ်ဟု စွဲလမ်းနေကြပါသည်။ အသိခက်ခြင်းနှင့် မသိနိုင်ခြင်းသည် သဘောတရားတစ်မျိုးစီဖြစ်ပါသည်။ မြတ်စွာဘုရားဟောကြားတော်မူသည့် တရားဓမ္မများသည် ခက်ခဲနက်နဲသည်မှာ အမှန်ပင် ဖြစ်ပါသည်။ သို့သော် မသိနိုင်သောတရားဓမ္မများ မဟုတ်ပါ။ မြတ်စွာဘုရားသည် အကျင့်မှန်၊ နည်းလမ်းမှန်ဖြင့် အမှန် တရားကိုတွေ့ရှိခဲ့ပါသည်။ မြတ်စွာဘုရားကိုယ်တိုင်တွေ့ရှိသည့်တရားများကို တခြားသောလူသားများအနေဖြင့်လည်း အကျင့်မှန်၊ နည်းလမ်းမှန်ဖြင့် ကျင့်ကြံသိရှိရန် ဟောကြားတော်မူခဲ့ပါသည်။ လူသားသိရှိသည့်

တရားများကို အခြားလူသားများလည်း သိရှိနိုင်ရမည်ဖြစ်ပါသည်။ သို့မှသာ လူသားအားလုံး အကျိုးရှိမည်ဖြစ်ပါသည်။

မြတ်စွာဘုရားသည် အမှန်တရားကို ရှာဖွေရာတွင် သဘာဝတရား အပေါ်တွင် ချဉ်းကပ်၍ ရှာဖွေခဲ့ပါသည်။ တစ်လံမျှသော ကိုယ်ခန္ဓာကြီးကို အခြေခံထား၍ သဘာဝဖြစ်စဉ်ကြီးကို လေ့လာကြရန် မြတ်စွာဘုရားက ညွှန်ကြားခဲ့ပါသည်။ ဗုဒ္ဓ၏တရားတော်များသည် သတ္တဝါတိုင်း၌ နေ့စဉ်ဖြစ်ပေါ် နေကြသော သဘောတရားများကို လက်တွေ့အားဖြင့် ပြသညွှန်ကြားသည့် ပညာရပ်ကြီးပင်ဖြစ်ပါသည်။ ယုံကြည်သက်ဝင်ကာမျှနှင့် ပြီးဆုံးမည့်လုပ်ငန်း မဟုတ်ပါ။ မပျင်းမရိ လေ့လာလိုက်စားကျင့် သုံးမှသာလျှင် ပြီးစီးအောင်မြင်မည့် ပညာရပ်ဖြစ်ပါသည်။ ကိုယ့်အား ကိုယ်ကိုးပြီး၊ ကိုယ်၏လွတ်မြောက်ရေးကို ကိုယ်တိုင်ကြိုးစားဆောင်ရွက် ရမည်ဖြစ်ပါသည်။ မည်သူကမျှ ကယ်တင်နိုင်မည် မဟုတ်ကြောင်း မြတ်စွာဘုရားက တိတိလင်းလင်း၊ ပြတ်ပြတ်သားသား မိန့်ကြားထားပါသည်။

"ချစ်သားတို့ သင်တို့၏ လွတ်မြောက်မှုအတွက် သင်တို့ကိုယ်တိုင် ကြိုးစားအားထုတ်အပ်၏။ ဘုရားရှင်တို့မည်သည် လမ်းညွှန်ဟော ပြောရုံသာ ဟောပြောတော်မူနိုင်ကြကုန်၏။"

"ချစ်သားအာနန္ဒာ...ရဟန်းသံဃာသည် ငါဘုရားအပေါ်အဘယ့်ကြောင့် ဤမျှလောက် အားထားမျှော်လင့်နေသနည်း။ တွင်းပြင်မထား၊ ဆရာစား မချန် တရားအားလုံး ဟောပြီးပြီ။ ရဟန်း အပေါင်းကို ငါသာလျှင် ထိန်းသိမ်းစောင့်ရှောက်၍ ရဟန်းတို့ကလည်း ငါဘုရားကိုသာ အားထား နေရန်မလိုလား၊ ကိုယ့်ကိုယ် ကိုသာ အားကိုးနေရမည်။ တရားကိုသာ ကိုင်းကျွန်းပမာ မှီခိုရာထား၍နေရမည်။ အခြားအားကိုးရာမရှိ။"

ဗုဒ္ဓဘာသာတွင် လောကကိုဖန်တီးပေးသော တန်ခိုးရှင် ထာဝရဘုရား များ မရှိပါ။ မိမိကိုယ်သာ မိမိအားထား၍ ဘဝကိုတည်ဆောက်ခြင်း၊ အမှန် တရားကို ရှာဖွေခြင်း၊ လွတ်မြောက်မှုကို ရယူခြင်းများ၊ ကြိုးစား ဆောင်ရွက် ရမည်ဟု လမ်းညွှန်ထားခြင်းသည် လူသား၏ ဂုဏ်သိက္ခာနှင့် စွမ်းအားကို ဖော်ကျူးထားခြင်းဖြစ်ပါသည်။ အခြားမည်သည့် ဘာသာများတွင်မှ ဤသို့ လမ်းညွှန်ဖော်ကျူးထားမှုများ မတွေ့ရှိရပါ။ ဤတစ်ချက်ဖြင့်ပင် ဗုဒ္ဓဓမ္မများသည်

အခြားဘာသာများနှင့် လုံးဝ ခြားနားသွားပါသည်။ ဤလမ်းညွှန်ချက်နှင့်ပင် မြတ်စွာဘုရားသည် ဗုဒ္ဓဘာသာဝင်များ၏ အနန္တ ကျေးဇူးရှင်ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် အနော်ရထာမင်းလက်ထက်မှစတင်၍ မြတ်စွာဘုရား၏ တရားဓမ္မများကိုခံယူပြီး၊ ဗုဒ္ဓယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးစံများအဖြစ် ကျင့်သုံးလာခဲ့ကြရာ၊ ယခုအခါ မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓယဉ်ကျေးမှုတို့သည် တစ်ထပ်တည်း ဖြစ်လာပါသည်။ ဗုဒ္ဓဒေသနာတော်လာ ဇာတ်၊ နိပါတ်တော်များနှင့် တရားတော်များမှ မြန်မာ့စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုလက်ရာများ တီထွင်ပေါက်ပွားလာခဲ့ပါသည်။ သို့အတွက် မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် ကျေးဇူးအရှိဆုံးမှာ မြတ်စွာဘုရား၏ တရားတော်များဖြစ်ပါသည်။ မြတ်စွာဘုရားသည် မြန်မာလူမျိုးတို့၏ အနန္တ ကျေးဇူးရှင်ဖြစ်ပါသည်။

အနန္တ ကျေးဇူးရှင်မြတ်စွာဘုရားကို ကြည်ညိုလေးစားသောအားဖြင့် မြတ်စွာဘုရား ဆုံးမသွန်သင်လမ်းညွှန်တော်မူခဲ့သည့် တရားတော်များကို လေ့လာလိုက်စားကျင့်ကြံအားထုတ်ကြရန် လိုအပ်ပါသည်။ မြတ်စွာဘုရားသည် သတ္တဝါများအား လွတ်မြောက်ရေးလမ်းစဉ်ကို ကိုယ်တိုင် သိရှိ ဟောကြားလမ်းညွှန်နိုင်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဆည်းခဲ့ပါသည်။

ဤသို့ မြတ်စွာဘုရား၏ တရားတော်များကို လူတိုင်း လက်လှမ်းမီ လေ့လာဆည်းပူးကျင့်ကြံနိုင်ရန်အတွက် ပိဋကတ်သုံးပုံပါ သဘောတရားများကို ယေဘုယျအားဖြင့် လူတိုင်းနားလည်အောင် စာအုပ်တစ်အုပ်တည်းတွင်စုစည်း၍ ရေးသားတင်ပြရန် စေတနာသဒ္ဓါတရားဖြင့် ကြိုးစားဆောင်ရွက်ခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်များကို တူရာတူရာ စုစည်း၍ ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်ဟု ပြုစုပြီး သင်္ဂါယနာများ အကြိမ်ကြိမ်တင်၍ သန့်ရှင်းစင်ကြယ်စေခဲ့ပါသည်။ ဤပိဋကတ် သုံးပုံကို ကျမ်းစာအုပ်အဖြစ်ပြုစုထုတ်ဝေရာတွင် ပါဠိတော်အနေဖြင့် စာအုပ် ပေါင်း (၄၀)ရှိပါသည်။ ပါဠိတော် မြန်မာဘာသာပြန်ပြီးစာအုပ်အနေဖြင့် (၂၉)အုပ် ရှိကြောင်း သိရပါသည်။ ဤ စာအုပ်အားလုံးကို လူများစုက ဝယ်ယူနိုင်ကြမည်မဟုတ်ပါ။ ဝယ်ယူနိုင်လျှင်လည်း ဤစာအုပ်အားလုံးကို ဖတ်ရှုနားလည်နိုင်မည်မဟုတ်ပါ။ ဤအခက်အခဲများကြောင့် အများစုသည်

မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် ပိဋကတ်သုံးပုံပါတရားတော်များကို ဖတ်ရှုလေ့လာဆည်းပူး နိုင်ရန်အခွင့်အရေး နည်းပါးသွားရန် မသင့်ပါ။

ဤအကြောင်းအချက်များကိုထောက်ရှု၍ ကျေးဇူးရှင်ဆရာတော်ကြီးများ၊ ပညာရှင်ကြီးများသည် အဋ္ဌကထာ၊ ဋီကာ၊ နိဿယကျမ်းများကို ပြုစုတော်မူခဲ့ ကြပါသည်။ ခေတ်အလိုက် လူအများ နှစ်သက်သဘောကျနားလည်လွယ်မည့် ပိဋကတ်ကျမ်းတော်များမှ သုတ္တန်များ၊ ဓမ္မများကို ထုတ်နုတ်၍ ယခုခေတ် စာရေးဆရာများက စိတ်ဝင်စားဖွယ်ရာ ရေးသားလာကြသည်ကို တွေ့ရှိရပါသည်။ ဤသည်လည်း သာသနာတော်တည်တံ့ပြန့်ပွားရန် သာသနာပြုကြခြင်းဖြစ်ပါသည်။ ပိဋကတ်သုံးပုံနှင့် ပတ်သက်၍ သာမန်လူများ သိသင့်သိအပ်သည့် ယေဘုယျသဘောတရားများကို စာအုပ်တစ်အုပ်ထဲတွင် စုစည်းရေးသားတင်ပြပြီး မိမိအနေဖြင့်လည်း သာသနာပြုလုပ်ငန်းတွင်ပါဝင်၍ ဓမ္မဒါနပြုရန် ရည်ရွယ်ခြင်းဖြစ်ပါ သည်။

ဤသို့ရေးသားပြုစုရာတွင် ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော်ပါဠိ–မြန်မာပြန်စာအုပ်များကို အဓိကထားပြီး ဖတ်ရှုလေ့လာခဲ့ပါသည်။ သာမန်လူတစ်ဦးအနေဖြင့် လေ့လာသိရှိသမျှကို သာမန်လူများအတွက် သိရှိနားလည်ရန် ပြန်လည်ပြောပြ၊ တင်ပြခြင်းဖြစ်ပါသည်။ သို့အတွက် ပါဠိ၊ ပါဠ်သားများနှင့် အသေးစိတ်သုံးသပ် ဖော်ပြနိုင်မည်မဟုတ်ပါ။ နိကာယ်အလိုက်၊ အဘိဓမ္မာ(၇)ကျမ်းအလိုက် ဆိုလိုရင်းအကြောင်းအရာများကိုသာ အများနားလည်သဘောပေါက်အောင် စီစဉ်တင်ပြရခြင်း ဖြစ်ပါသည်။ ဤစာအုပ်ကို ဖတ်ခြင်းအားဖြင့် ဘုရားဟောသုတ္တန်များ၊ ဝိနည်းများ၊ အဘိဓမ္မာများအကြောင်းကို သာမန်လူအနေဖြင့် တစေ့တစောင်း နားလည်သိရှိသွားမည်ဟု မျှော်လင့်ပါသည်။

ဤစာအုပ်ကိုရေးသားတင်ပြသည့် ကျွန်တော်၏စေတနာမှာ လေးဆူဓာတ်ပုံ မြတ်ရွှေတိဂုံကို ဖူးမြော်ကြည်ညိုမှုနှင့် တူညီနေပါသည်။ မြတ်စွာဘုရား၏ဂုဏ်တော်ကို အာရုံပြု၍ ရွှေတိဂုံစေတီတော်ကို သဒ္ဓါပီတိ အပြည့်ဖြင့် ဖူးမြော်ကြည်ညိုရာတွင် ရွှေတိဂုံဘုရား၏သမိုင်း၊ ရွှေတိဂုံဘုရားတွင် ဌာပနာထားသည့်ရတနာများ၊ ပတ်ပတ်လည်ရှိ သာသနာ့ အဆောက်အအုံများစသည်တို့ကို အသေးစိတ်သိရှိပြီးမှ ကြည်ညိုသဒ္ဓါ ပွားများမည်ဟူသော စိတ်ထား လုံးဝမရှိပါ။ အသေးစိတ်အချက်အလက် အကြောင်းအရာများကို

အဓိကမထားဘဲ မြတ်စွာဘုရား၏ ကျေးဇူးတော် အနန္တကို အာရုံပြုကြည်ညိုခြင်းဖြစ်ပါသည်။ ထို့အတူ ဤစာအုပ်ကို ရေးသားရာတွင် မြတ်စွာဘုရား၏ လမ်းညွှန်ဟောကြားချက်များမှ ဆိုလိုရင်းများကို အဓိကအာရုံထားပြီး ရေးသားပါသည်။ အသေးစိတ်အချက် အလက်များမှာ မူလကျမ်းများတွင် ရှိပြီးဖြစ်သည့်အတွက် ဆက်လက် လေ့လာနိုင်ကြပါသည်။

တစ်ဖန် ကျွန်တော်၏ ရေးသားတင်ပြသည့် စေတနာမှာ မြို့မှ မိတ်ဆွေများ မိမိရွာသို့လာရောက်လည်ပတ်သောအခါ ဝမ်းသာအားရ မိမိတို့ရှိသမျှဖြင့် ကျွေးမွေးပြုစုဧည့်ခံသည့် လယ်သမားကြီးမိသားစု၏ စေတနာနှင့်လည်း တူပါသည်။ မိမိတွင်မြို့မှလာသည့်မိတ်ဆွေများ စားလေ့စားထရှိသော ကြိုက်နှစ်သက်တတ်သော သား၊ ငါး အစရှိသည့် ဟင်းမျိုးစုံ၊ ပေါင်မုန့်၊ ထောပတ်၊ ကိတ်မုန့် စသောမုန့်မျိုးစုံ မရှိသည့်အတွက် မကျွေးမွေးတော့ဟူသော စိတ်ထား မပေါ်ပေါက်ပါ။ ၎င်းတို့ကို ကြိုးစားရယူပြီးမှ ကျွေးမွေးဧည့်ခံမည်ဟူသော အကြံလည်း မရှိပါ။ ရိုးရိုးသားသား မိမိအိမ်တွင်ရှိသမျှနှင့် ချက်ပြုတ်ကျွေးမွေးရန် စေတနာနှင့်သဒ္ဓါသာ ထက်သန်နေပါသည်။ ထန်းလျက်၊ မြေပဲကြော်၊ လက်ဖက်၊ ရေနွေးကြမ်းတို့နှင့် ဝမ်းသာအားရ ဧည့်ခံ ပျော်ရွှင်နေကြပါသည်။ "အဝ စားကြနော်" ဟု ထပ်တလဲလဲပြောဆို တိုက်တွန်းပြီး နှံဘေးမှ အေးမြစေရန် ယပ်ခတ်ပေးကြပါသည်။ ထိုနည်းတူ ကျွန်တော်လည်း ကျွန်တော့်လို သာမန်လူများ မြတ်စွာဘုရား၏တရားတော်များကို သိရှိနားလည်သွားရန် စေတနာဖြင့် မိမိသိသလို၊ မိမိသိသမျှဖြင့် ရေးသားတင်ပြရခြင်းဖြစ်ပါသည်။ ပြီးပြည့်စုံပြီး အဆင့်မြင့်မည်လည်းမဟုတ်ပါ။ ပြီးပြည့်စုံပြီး အဆင့်မြင့်မြင့်သိမှသာလျှင် ရေးသားတင်ပြမည်ဟူသောစိတ်ကူးလည်း မပေါ်မိခဲ့ပါ။ လယ်သမားကြီးကဲ့သို့ မိမိသိရှိသမျှနှင့် ရေးသားတင်ပြရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

အမှန်တရားကိုရှာဖွေတွေ့ရှိရန် ကြိုးစားနေကြသည့် သံသရာခရီးသည်များအား ကျွန်တော်က လမ်းနံဘေးမှ မိမိတတ်စွမ်းနိုင်သည့် ရေတစ်မှုတ်ဖြင့် အမောအပန်းပြေ၊ ကြည်လင်ရွှင်လန်းစေရန် ကုသိုလ်ပြုလိုက်ပါသည်။ သံသရာခရီးသည် ဆက်လက်လျှောက်လှမ်း၍ အမှန်တရားကို တွေ့နိုင်ပါစေဟု ဆုမွန်တောင်းလိုက်ပါသည်။



## တုနှိုင်းမမီသော မဟာလူသား မြတ်ဗုဒ္ဓ

မြတ်စွာဘုရားဟောကြားတော်မူသော ဒေသနာတရားတော်များမှ ပိဋကတ်သုံးပုံ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ရတနာသုံးပါးအစဉ်တွင် ဘုရား တရား သံဃာ ဖြစ်ပါသည်။ မြတ်စွာဘုရားပွင့်တော်မူ၍ အမှန်တရားဓမ္မများကို နာကြား သိရှိခွင့်ရခြင်းဖြစ်ပါသည်။ ကျေးဇူးတော်ရှင် မြတ်စွာဘုရားအား ကြည်ညိုသဒ္ဓါပွားများရန် ဗုဒ္ဓဝင်အကျဉ်းချုပ် ဖော်ပြရခြင်းဖြစ်ပါသည်။

ဘုရားအလောင်းတော်သုမေဓာရသေ့သည်ဒီပင်္ကရာဘုရားထံတွင် ဘုရားဆုကိုပန်ခဲ့ရာ ဒီပင်္ကရာဘုရားက ဘုရားတစ်ဆူဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူခဲ့ပါသည်။ ဤသို့ လောကလူသားသတ္တဝါများနှင့် မိမိ၏အမျိုး-ဆွေမျိုးများ ကောင်းစားချမ်းသာရေးနှင့် သတ္တဝါများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်မည့် သဗ္ဗညုဘုရားဖြစ်ရေး ရည်မှန်းချက်ကြီးသုံးရပ် (စရိယာသုံးပါး) ကို ဦးထိပ်ထား၍ဘုရားဆုပန်ခဲ့ပါသည်။ ဒါန၊ သီလ၊ နိက္ခမ(တောထွက်ခြင်း)၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာဟူသော ပါရမီဆယ်ပါးကို ဘဝပေါင်းများစွာဖြည့်ကျင့်တော်မူခဲ့ပါသည်။ တိုင်းပြည်၊ နိုင်ငံ၊ ထီးနန်း၊ စည်းစိမ်တို့ကို စွန့်လွှတ်ခြင်း၊ သားသမီးတို့ကို စွန့်လှူခြင်း၊ ဇနီးမယားကို စွန့်လှူခြင်း၊ မိမိခန္ဓာကိုယ် အစိတ်အပိုင်းများနှင့် အသက်ကိုပင် စွန့်လှူခြင်းတည်းဟူသော စွန့်ခြင်းကြီးငါးပါး(ပဉ္စမဟာပရိစ္စာဂ)ကို ပြုလုပ်ခဲ့ပါသည်။ ဤသို့ ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်အောင် လောကလူသားသတ္တဝါများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်လွတ်မြောက်ရေးအတွက် ဘုရားဖြစ်ရန်ကြိုးစားကျင့်ကြံခဲ့ပါသည်။

ဤသို့ ပါရမီများဖြည့်ဆည်းပြီးနောက် သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွား၊ ချမ်းသာသုခရစေခြင်းငှာ ဘုရားအဖြစ်ပွင့်တော်မူရန်အတွက် ကပိလဝတ်ပြည်ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီး မယ်တော်မာယာဒေဝီ၏ဝမ်း၌ မဟာသက္ကရာဇ် ၆၇-ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၌ ပဋိသန္ဓေတည်နေတော်မူပါသည်။

မယ်တော်မာယာသည် ဒေဝဒဟပြည်သို့ခရီးအသွား လုမ္ဗိနီအင်ကြင်း ဥယျာဉ် တော်၌ ရပ်နားနေစဉ် ဘုရားအလောင်းတော်ကို မဟာသက္ကရာဇ် ၆၈– ခု၊ ကဆုန် လပြည့်၊ သောကြာနေ့၌ ဖွားမြင်တော်မူခဲ့ပါသည်။

ဗေဒင်တတ်ကျွမ်းကျော်ကြားသည့် ပုဏ္ဏား(၇)ဦးက ဘုရားအလောင်းတော်၏ လက္ခဏာကိုကြည့်၍ လူ့ဘောင်တွင်နေလျှင် စကြဝတေးမင်းဖြစ်မည်၊ တောထွက်လျှင် ဘုရားဖြစ်မည်ဟု ဟောကြားပါသည်။ ဘုရားအလောင်းတော်အား သိဒ္ဓတ္ထဟု မှည့်ခေါ်ကြပါသည်။

ခမည်းတော်မင်းကြီးသည် သားတော်အား တောမထွက်စေလို။ စကြဝတေး မင်းသာဖြစ်စေလိုပါသည်။ သို့အတွက် အသက်(၁၆)နှစ်အရွယ်တော်တွင် ရှင်ဘုရင် အရာကို လွှဲအပ်ပေးပြီး ယသော်ဓရာနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးခဲ့ ပါသည်။ ခမ်းနားထည်ဝါသော နန်းမ(၃)ဆောင် တည်ဆောက်ပေးပြီး လောကီ ကာမဂုဏ်အရသာများကိုစံစားကာ ပျော်ရွှင်ချမ်း မြေ့စွာစံမြန်းတော်မူရန် စီမံပေးခဲ့ ပါသည်။

သို့သော် ဘုရားအလောင်းတော်သည် သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီး(၄)ပါးကို တွေ့ရှိရသောအခါ ထိတ်လန့်သံဝေဂရတော် မူပြီး ဤဝဋ်ဆင်းရဲတွင်းမှ လွတ်မြောက်ရေးလမ်းကို တောထွက်၍ ကျင့်ကြံ ရှာကြံရန် ကြံစည်တော်မူခဲ့ပါသည်။ ယသော်ဓရာမိဖုရားမှ သားဦးရတနာ ရာဟုလာ ဖွားမြင် တော်မူသည့်ညတွင် အမှန်တရားကို ရှာဖွေရန်အတွက် ဆန္နအမတ်ကိုအဖော်ပြု၍ ကဏ္ဍကမြင်းတော်ကို စီးပြီး သက်တော်၂၉–နှစ်၊ မဟာသက္ကရာဇ် ၉၇–ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္လာနေ့တွင် တောထွက်တော်မူခဲ့ပါသည်။

ရှေးဦးစွာ အာဠာရနှင့် ဥဒကရသေ့ကြီးများထံ သွားရောက်၍ နည်းနာ ယူပြီး တရားအားထုတ်ရာ လောကီဈာန်သမာပတ်များရရှိသော်လည်း သဗ္ဗညုတ ဉာဏ်ရရှိနိုင်သော လမ်းစဉ်မဟုတ်ဟု သိရှိတော်မူခဲ့သဖြင့် မိမိဖာသာ ဆက်လက် ကြိုးစားမည်ဟု ဆုံးဖြတ်ပြီး ဥရုဝေလတောအုပ်သို့ ကြွတော်မူခဲ့ပါသည်။

ဥရုဝေလတောတွင် ဒုက္ကရစရိယာအကျင့်ကို ၆–နှစ်ပတ်လုံး ပြင်းပြင်းထန်ထန် ခြိုးခြံကျင့်ကြံရာ အရိုးပေါ်အရေတင်ကာ မသေရုံတမည်သာ ရှိခဲ့ပါသည်။ ထိုသို့ ဒုက္ကရစရိယာကျင့်စဉ် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိမည်သော ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားဖြစ်လျှင် တရားဦးနာမည်ဟု မျှော်လင့်ကာ ပြုစုလုပ်ကျွေး နေကြပါသည်။ ဤကဲ့သို့ မိမိကိုယ်ကို ညှဉ်းဆဲနှိပ်စက်သည့် ဒုက္ကရစရိယာကျင့်စဉ်ဖြင့် အမှန်တရားမရရှိနိုင်ဟု သိရှိတော် မူလာပြီး ဆွမ်းခံစား၍ မျှမျှတတ တရားအားထုတ် တော်မူသောအခါ ပဉ္စဝဂ္ဂီတို့က စိတ်ပျက်ပြီး စွန့်ခွာသွားကြပါသည်။ မြတ်စွာ

ဘုရားသည် သုဇာတာသူဌေးသမီးဆက်ကပ်သော ဃနာနို့ဆွမ်းကို (၄၉)လုတ် ဘုဉ်းပေး တော်မူပါသည်။ ထို့နောက် ညချမ်းအချိန်တွင် နေရဥ္စရာမြစ်အနီး ဗောဓိပြောင်ပင်ရှိရာသို့သွားတော်မူပြီး မြက်ထမ်းသမား သောတ္ထိယလှူသော မြက်ရှစ်ဆုပ်ကိုဖြန့်ခင်းကာ ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူလျက် အာနပါနကမ္မဋ္ဌာန်းကို စီးဖြန်းပွားများပါသည်။ စတုတ္ထဈာန်ဝင်စားပြီး ဝိပဿနာတရားတော်များကို ရှုပွားနေတော်မူခဲ့ပါသည်။ ထိုသို့ တရားများ ဆက်လက်ရှုပွားရာတွင် ညဥ့်ဦးယံ၌ သတ္တဝါအပေါင်းတို့၏ ရှေးဘဝ၊ ရှေးခန္ဓာများကို မြင်နိုင်စွမ်းရှိသော "ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်"ကို ရတော်မူလေသည်။

သန်းခေါင်ယံ၌ သတ္တဝါများ၏ လက်ရှိဘဝ၊ လက်ရှိခန္ဓာများကို နတ်မျက်စိပမာ မြင်တော်မူနိုင်စွမ်းသော "ဒိဗ္ဗစက္ခုဉာဏ်တော်"ကို ရတော်မူလေသည်။

မိုးသောက်ယံ အရုဏ်တက်ချိန်၌ သစ္စာလေးအင်သိမြင်တော်မူကာ ကိလေသာအာသဝေါတရား အလုံးစုံကုန်ခန်းသည့် "အာသဝက္ခယဉာဏ်" ခေါ် "အရဟတ္တမဂ်ဉာဏ်တော်"ကို ရတော်မူလေသည်။

ဤသို့ အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးတရားကို သိမြင်တော်မူသည်နှင့်အတူ အလုံးစုံကို အကြွင်းမရှိ အကုန်သိမြင်နိုင်သော သဗ္ဗညုတ ဉာဏ်တော်ကို ရရှိခဲ့ပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဘုရားအဖြစ်သို့ ရောက်တော်မူသည့်နေ့ကား မဟာသက္ကရာဇ် ၁၀၃–ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ သက်တော် ၃၅–နှစ်အရွယ်ဖြစ်ပါသည်။

သဗ္ဗညုတဉာဏ်၏ အစွမ်း(၃)ပါးမှာ သိရန်မှန်သမျှကို မကျန်အောင်အကုန်အစင်သိမြင်တော်မူခြင်း၊ တရားနာမည့် ဝေနေယျသတ္တဝါတို့၏ လိုအင်ဆန္ဒနှင့် သဘာဝအခြေအနေမှန်တို့ကို အကြွင်းမရှိ သိမြင်တော်မူခြင်း၊ ၎င်းတို့နှင့်သင့်တင့်လျောက်ပတ်သည့် ဟောပုံဟောနည်းများကို အကြွင်းမရှိ သိမြင်တော်မူခြင်းများပင် ဖြစ်ပါသည်။

မိမိ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည့်နေရာဖြစ်သော ဗောဓိပင်၏ ကျေးဇူးကို အောက်မေ့လျက် ဗောဓိပင်အနီး(၇)ဌာနတွင် (၁)ဌာနလျှင် (၇)ရက်ဖြင့် ရက်ပေါင်း(၄၉)ရက်တိတိ ဖလသမာပတ်ဝင်စားကာ နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူသည်။ ထို(၄၉)ရက်အတွင်း အာဟာရများ ဘုဉ်းပေးခြင်း၊ ကိုယ်လက်သုတ်သင်ခြင်း လုံးဝမရှိဘဲ နိဗ္ဗာန်ချမ်းသာကို ခံစားကာ အေးမြကြည်လင်စွာနေတော်မူခဲ့ပါသည်။

ယင်းနောက် သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွား ချမ်းသာသုခရစေခြင်းငှာ တရားစတင်ဟောကြားရန် ဆုံးဖြတ်ပြီး မိမိအပေါ်တွင် ကျေးဇူးပြုခဲ့ဖူးသည့်အပြင် ဟောလျှင်သိနိုင်သောသူများအား တရားဦးဖြင့်ကျေးဇူး ဆပ်ရန် ကြံတော်မူခဲ့ပါသည်။ လောကီရှာန်၊ အဘိညာဉ်ရအောင် ကျေးဇူးပြုခဲ့ဖူးသည့် အာဠာရရသေ့နှင့် ဥဒက ရသေ့ကြီးတို့အား ဆင်ခြင်ကြည့်ရှုတော်မူရာ နှစ်ဦးစလုံးကွယ်လွန်၍ အရူပဗြဟ္မာ့ ဘုံတွင် ဖြစ်နေကြောင်း မြင်တွေ့တော်မူပါသည်။ ထို့နောက် မိမိ ဒုက္ကရစရိယ ကျင့်စဉ်က လုပ်ကျွေးပြုစုကြသော ပဉ္စဝဂ္ဂီငါးပါးကို တရားဦးဟောကြားပြီး ကျေးဇူးတုံ့ပြန်ရန်အတွက် မဟာဗောဓိပင်မှ (၁၈)ယူဇနာဝေးသော ဗာရာဏသီမြို့ အနီး မိဂဒါဝုန်တောသို့ ခြေလျင်ကြွတော်မူပါသည်။

ဓမ္မစကြာတရားဦးကို ပဉ္စဝဂ္ဂီငါးပါးအား မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ညနေချမ်းတွင် ဟောကြားတော်မူပါသည်။ ထို့နောက် ဝါဆိုလပြည့်ကျော်(၅)ရက်နေ့တွင် အနတ္တလက္ခဏာသုတ္တန်ကို ဟောကြားတော်မူရာ ပဉ္စဝဂ္ဂီငါးပါးတို့ ရဟန္တာဖြစ်တော်မူပါသည်။ ပဉ္စဝဂ္ဂီ ငါးပါးတို့နှင့်အတူ မိဂဒါဝုန်တောတွင် ပထမဝါ ကပ်တော်မူပါသည်။

ဝါကျွတ်သောအခါ ရဟန်းတော်များအား သတ္တဝါများ စီးပွားချမ်းသာရစေရန်အလို့ငှာ တရားဟောကြား၍ သာသနာပြုရန် စေလွှတ်တော်မူရာတွင် ခရီးလမ်းကြောင်းတွင် နှစ်ပါးပေါင်း၍ မသွားရန် မှာကြားတော်မူပါသည်။ မိမိကိုယ်တိုင်လည်း သာသနာပြုခရီးကို စတော်မူခဲ့ပါသည်။

ဗိမ္ဗိသာရမင်းကြီးအား ပေးထားသည့်ကတိအတိုင်း မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီး ထီးနန်းစံရာ ရာဇဂြိုဟ်မြို့သို့ ရှေးဦးစွာကြွတော်မူရာ မင်းနှင့် ပြည်သူပြည်သားအပေါင်းတို့က ခမ်းနားထည်ဝါစွာ ကြိုဆိုကြပါသည်။ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ မြောက်မြားစွာသော ပြည်သူပြည်သားအပေါင်းတို့ သောတာပန်အဖြစ်သို့ ရောက်ရှိကြပါသည်။ ဗိမ္ဗိသာရမင်းကြီးက ဝေဠုဝန်ဥယျာဉ်တော်ကို အပ်နှင်းလှူဒါန်းခဲ့ပါသည်။

သတ္တဝါများ၏ စီးပွားချမ်းသာအတွက် နေ့မနား၊ ညမနား (၄၅)ဝါပတ်လုံး ကြိုးစားဆောင်ရွက်တော်မူခဲ့ပါသည်။ သတ္တဝါများအပေါ် ထားတော်မူသည့် မဟာကရုဏာတော်ဖြင့် နေ့စဉ်ပင် ဗုဒ္ဓကိစ္စငါးပါးလုပ်ငန်းစဉ်ကို ဆောင်ရွက်တော်မူပါသည်။ (က) နံနက်ခင်းလုပ်ငန်းစဉ်ကို အရုဏ်တက် အိပ်ရာမှထတော်မူချိန်မှ စတင်ဆောင်ရွက်တော်မူလေ့ရှိပါသည်။ ဆွမ်းခံကြွ တော်မူခြင်း၊ ဒါယကာ၊ ဒါယိကာမတို့နှင့် သင့်လျော်သော အနုမောဒနာတရားများ ဟောကြားခြင်းလုပ်ငန်းများသည် မြတ်စွာဘုရား၏ နံနက်ခင်း လုပ်ငန်းစဉ်ဖြစ်ပါသည်။ (ခ) နေ့လယ်လုပ်ငန်းစဉ်အနေဖြင့်

ဒုလ္လဘတရား ငါးပါးဟောကြားခြင်း၊ ကမ္မဋ္ဌာန်းပေးတော်မူခြင်း၊ ကျွတ်ထိုက်သော သတ္တဝါဝေနေယျများကို ဆင်ခြင်ကြည့်ရှုတော်မူခြင်း၊ ညနေချမ်းကာလတွင် ဒါယကာ၊ ဒါယိကာမများကို တရားဟောကြားတော်မူခြင်းများကို ပြုလုပ်တော်မူပါသည်။ (ဂ) ညဦးယံလုပ်ငန်းစဉ်အနေဖြင့် မြတ်စွာဘုရားသည် ရဟန်းတော်များ မေးမြန်းလျှောက်ထားသည်များကို ဖြေတော်မူပြီး တရားဓမ္မများ ဟောကြားတော်မူပါသည်။ (ဃ) သန်းခေါင်ယံလုပ်ငန်းစဉ်အနေဖြင့် နတ်၊ ဗြဟ္မာတို့ မေးမြန်းလျှောက်ထားသည်များကို ဖြေရှင်းဟောကြားတော်မူပါသည်။ (င) မိုးသောက်ယံလုပ်ငန်းစဉ် အနေဖြင့် ပထမပိုင်းတွင် စင်္ကြံကြွတော်မူပါသည်။ ဒုတိယပိုင်းတွင် ခေတ္တအနားယူ လျောင်းစက်တော်မူပါသည်။ တတိယပိုင်းတွင် တစ်လောကလုံးကို ခြုံငုံ၍ ကုသိုလ် ပါရမီထူးရှိသူများကို ကြည့်ရှု ဆင်ခြင်တော်မူပါသည်။ ဤသို့ ကျွတ်ထိုက်သော သတ္တဝါဝေနေယျတို့အား နံနက်တွင်တစ်ကြိမ်၊ နေ့လယ်တွင်တစ်ကြိမ် ကြည့်ရှု တော်မူပြီး ခရီးမည်မျှ ကွာဝေးစေကာမူ ကြွရောက်တရားဓမ္မဟောပြော ချွတ်တော်မူမြဲ ဖြစ်ပါသည်။

မြတ်စွာဘုရားသည် သတ္တဝါများ၏အကျိုးအတွက် မနေမနား အချိန်အား မထားဘဲ သယ်ပိုးဆောင်ရွက်တော်မူခဲ့ပါသည်။ ဒေသပေါင်းစုံသို့ ကြွရောက်ပြီး တရားဓမ္မများ ဟောကြား ဆုံးမတော်မူခဲ့ရာ ဗာရာဏသီပြည်၊ ရာဇဂြိုဟ်ပြည်၊ ဝေသာလီပြည်၊ သံသုမာရဂိရိပြည်၊ ကောသမ္ဗီပြည်၊ သာဝတ္ထိပြည်၊ ကပိလဝတ် ပြည်များရှိ မြို့ရွာဒေသပေါင်းစုံသို့ရောက်ရှိပြီး ဝါကပ်တော်မူခဲ့ပါသည်။ (၇)ဝါမြောက် ဝါကို တာဝတိံသာနတ်ပြည်တွင် ကြွရောက်တရားဟောတော်မူပြီး ဝါကပ်ခဲ့ပါသည်။

ဤသို့ (၄၅)နှစ်ပတ်လုံး တရားဓမ္မများ ဟောကြားသာသနာပြုတော်မူသောကြောင့် မြတ်စွာဘုရားသာသနာတော်သို့ လူမျိုးဘာသာအဆင့်အတန်း မရွေး၊ လူတန်းစားအသီးသီး၊ အလွှာအသီးသီးတို့မှ လုပ်သားပြည်သူတို့ ဆည်းကပ် ကိုးကွယ်ဝင်ရောက်လာကြပါသည်။ ၎င်းတို့၏ စောင့်ရှောက်ထောက်ပံ့မှုကြောင့် သာသနာတော်သည် တိုးတက်ထွန်းကားပြန့်ပွားလာခဲ့ပါသည်။

မြတ်စွာဘုရား သာသနာပြုရာ၌ အခက်အခဲ အနှောင့်အယှက်အမျိုးမျိုး၊ လောကဓံ အမျိုးမျိုးကို ကြုံတွေ့ခဲ့ရပါသည်။ မြတ်စွာဘုရားသည် ၎င်းတို့ကို ပါရမီတော်အစွမ်း၊ မေတ္တာ၊ ခန္တီအစွမ်းတို့ဖြင့်အောင်မြင်တော်မူခဲ့ပါသည်။ ထို့အတွက် မြတ်စွာဘုရားသည် တရားသဖြင့် အတုမဲ့အောင်နိုင်သူဖြစ်ပါသည်။ ဤသို့ (၄၅) နှစ်တာပတ်လုံး မြတ်စွာဘုရား၏ သတ္တဝါတို့အကျိုးငှာ ဆောင်ရွက်တော်မူသည့် အသေးစိတ်သမိုင်းကို ဗုဒ္ဓဝင်အစရှိသည့်စာအုပ်များ တွင် မှတ်တမ်းတင်ထားပါသည်။

(၄၅)ဝါမြောက် နောက်ဆုံးဝါကို ဝေဠုဝရွာငယ်၌ ဝါကပ်တော်မူစဉ် သေလုနီးပါးရောဂါကြီးကို ခံစားတော်မူရပါသည်။ တပည့်သံဃာအပေါင်းအား အသိမပေးဘဲ ပရိနိဗ္ဗာန်မပြုသင့်ဟု ယူဆတော်မူ၍ အသက်နေထိန်း သိမ်းနိုင်သော ဖလသမာပတ်ကို ဝင်စားတော်မူပြီး တရားအစွမ်းဖြင့် ပြန်လည် ကျန်းမာတော်မူပါသည်။

ထို့နောက် ဝေသာလီပြည်ရှိ စာပါလစေတီနတ်ကွန်း၌ သီတင်းသုံးတော်မူစဉ် အသက်ရှည်စေရန်အတွက် ပြုပြင်စောင့်ရှောက်ခြင်းဟူသော အာယု သင်္ခါရကို စွန့်လွှတ်တော်မူခဲ့ပါသည်။ (၃)လကြာလျှင် ပရိနိဗ္ဗာန်စံမည်ဖြစ်ကြောင်း ကြေညာတော်မူခဲ့ပါသည်။ ဝေသာလီပြည်၊ မိဂဒါဝုန်တောအတွင်းရှိ ပြာသာဒ်ကျောင်းတွင် ရဟန်းတော်များကို စုဝေးစေပြီး မြတ်စွာဘုရားသည် မကြာမီ ရဟန်းတော်များအား စွန့်ခွာသွားရမည်ဖြစ်၍ မမေ့မလျော့သော သတိတရားဖြင့် သီလ၊ သမာဓိ၊ ပညာ တည်းဟူသော သိက္ခာသုံးပါးတရားတို့ကို ပြည့်စုံအောင်ကျင့်ကြံပွားများရန် ဟောပြော သတိပေးဆုံးမတော်မူပါသည်။ ပါဝါပြည်သို့အရောက် ရွှေပန်းထိမ်သည်စုန္ဒ၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် စုန္ဒကပ်လှူသော ဝက်ဖြူသားကို ဘုဉ်းပေးတော်မူခဲ့ရာ သွေးဝမ်းသွားသောရောဂါကြီးကို ခံစားတော်မူရသည်။ သို့စဉ်လျက် သုံးဂါဝုတ်မျှသာဝေးသော ကုသိနာရုံပြည်သို့ ကြွတော်မူရာတွင် ပင်ပန်းတော်မူလှသဖြင့် လမ်းခရီးတွင် (၂၅)ကြိမ်တိုင်တိုင် အနားယူခဲ့ရပါသည်။ ဤသို့ ဆင်းရဲ အပင်ပန်းခံကာကြွတော်မူခြင်းမှာ တစ်ဦးတည်းသော သုဘဒ္ဒပရိဗိုဇ်အား ချွတ်တော်မူရန်ဖြစ်ပါသည်။

မြတ်စွာဘုရားသည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင် အင်ကြင်းပင်ပျိုတို့၏အကြား မြောက်ဘက်သို့ ဦးခေါင်းထားကာ ခင်းထားသော ညောင်စောင်းပေါ်တွင် နောက်ဆုံးလဲလျောင်းတော်မူသည့်အနေဖြင့် လဲလျောင်း တော်မူပါသည်။ အင်ကြင်းပန်းဝတ်မှုန်များသက်ကြွေကျကာ မြတ်စွာဘုရားအား နောက်ဆုံးပူဇော်ကန်တော့လေဟန်ရှိပါသည်။ တစ်လောကလုံး ကြေကွဲဝမ်းနည်း နေကြပါသည်။ မြတ်စွာဘုရားသည် ပြုလုပ်မြဲလုပ်ငန်းစဉ်များအတိုင်း ပရိနိဗ္ဗာန် စံခါနီးအချိန်အထိ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အပေါင်းတို့အား တရားဓမ္မများ ဟောကြားတော်မူခဲ့ပါသည်။ သုဘဒ္ဒပရိဗိုဇ်အား တရားဟောတော်မူပြီး ရှင်သာမဏေ ပြုစေတော်မူပါသည်။ သုဘဒ္ဒသည် ကမ္မဋ္ဌာန်းယူ၍ ဘာဝနာတရားများ ကျင့်ကြံ အားထုတ်လျက် မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံမီ ရဟန္တာအဖြစ်ရောက်ကာ မြတ်စွာ ဘုရား၏ နောက်ဆုံး သာဝကဖြစ်လာပါသည်။

ဤသို့ နောက်ဆုံးအချိန်အထိ လောကအကျိုးငှာ မဟာကရုဏာတော်ဖြင့် ကြိုးပမ်းဆောင်ရွက်ပြီးနောက် မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့် နေ့ည အင်္ဂါနေ့မိုးသောက်ယံအချိန် နံနက်ရောင်ခြည်ဦးနှင့်အတူ မြတ်စွာဘုရားသည် သက်တော် ၈၀-တွင် ပရိနိဗ္ဗာန်ပြုတော်မူပါသည်။

မြတ်စွာဘုရားသည် တုနှိုင်းမမီသော မဟာလူသား မြတ်ဗုဒ္ဓဖြစ် ကြောင်းကို အောက်ပါအချက်အလက် အကြောင်းအရာအချို့နှင့်ပင် သိသာ ထင်ရှားလှပါသည်။

(က) သတ္တဝါအပေါင်းတို့အား သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်မည့် သဗ္ဗညုတဘုရားဖြစ်ရန်အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်အောင် ပါရမီဖြည့်ကျင့်ခဲ့ခြင်း။

(ခ) ဘုရားဖြစ်တော်မူပြီးနောက် (၄၅)နှစ်ပတ်လုံး နေ့စဉ်အချိန် အနည်း ငယ်သာအနားယူပြီး (၂၄)နာရီနီးပါးမျှ သတ္တဝါတို့၏ ကောင်းကျိုး ချမ်းသာအတွက် တရားဓမ္မများ ဟောကြားတော်မူခြင်း။

(ဂ) လူသားတစ်ဦးအနေပြင့် မိမိကျင့်ကြံတွေ့ရှိခဲ့သည့် အမှန်တရား များကို တခြားလူသားများလည်း သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါး ပြည့်စုံစွာဖြင့် ကျင့်ကြံလျှင်ရနိုင်ကြောင်းဟောကြားပြီး လူ၏စွမ်းအား ဂုဏ်သိက္ခာကို ချီးမြှင့်တော်မူခြင်း။

(ဃ) မိမိကိုယ်သာ မိမိအားထားရန် တိုက်တွန်းလမ်းညွှန်တော်မူခြင်း။

(င) သာသနာ့ဘောင်တွင် အယုတ်၊ အလတ်၊ အမြတ် ဇာတ်မရွေး၊ ဘုရင်၊ မင်းသား၊ ဆတ္တာသည်၊ မစင်ကျုံးသူများအားလုံးကို တူညီမျှတစွာ တစ်တန်းတစ်စားတည်း၊ တစ်ညီတည်းအဖြစ် သတ်မှတ်ပြီး ဝါစဉ် အလိုက် ရိုသေလေးစားစွာ ဆက်ဆံကြရန် စနစ်ချမှတ်ပေးတော်မူခြင်း။

(စ) ကျေးဇူးသစ္စာတရားသိတတ်ရန် ကိုယ်တော်တိုင် နမူနာပြသတော် မူခြင်း။

(ဆ) လောကဓံတရားနှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားသဘောတို့ကို ဘုရားပင်လျှင် လွန်ဆန်နိုင်ခြင်းမရှိကြောင်း ပြသတော်မူပြီး သဘာဝ သဘောမှန်အရှိတရားတို့ကို ဟောကြားတော်မူခြင်း၊

လောကသားအပေါင်း၏ အမွန်မြတ်ဆုံးစံထားပြီး ကြည်ညိုကာ လိုက်နာကျင့်သုံးရမည့် ကျေးဇူးရှင်၊ မေတ္တာကရုဏာတော်တွင် တုနှိုင်း မမီသော မဟာလူသားမြတ်ဗုဒ္ဓအား ရိုကျိုးစွာ ပူဇော်ကန်တော့ပါသည်။




# သုတ်ပိုင်းအတွက်
# ပိဋကတ်သုံးပုံ

ဦးမောင်မောင်စိုးတင့်

# သင်္ဂါယနာတင်ပွဲများ

**ပထမသင်္ဂါယနာတင်ပွဲ**

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ဓမ္မဒေသနာတရားတော်များကို သင်္ဂါယနာတင်ရာမှ ပိဋကတ်သုံးပုံဖြစ်ပေါ်လာသောကြောင့် ပိဋကတ်သုံးပုံကို လေ့လာရာတွင် သင်္ဂါယနာတင်ပွဲများအကြောင်း သိထားသင့်ပါသည်။

အရှင်မဟာကဿပမထေရ်မြတ်၏ သံဝေဂရရှိရာမှ ပထမသင်္ဂါယနာတင်ရန် စိတ်ကူးနှင့် အစီအစဉ် ရရှိလာသည်ဟု ဆိုနိုင်ပါသည်။

အရှင်မဟာကဿပမထေရ်မြတ်သည် ရဟန်းငါးရာနှင့် မြတ်စွာဘုရားကို ဖူးမြော်ရန် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွလာစဉ် လမ်းခရီးတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသွားပြီဖြစ်ကြောင်း ကြားလိုက်ရသဖြင့် မထေရ်မြတ်နှင့်တကွ ရဟန္တာကြီးများက သတိသမ္ပဇဉ်ဖြင့် သည်းခံတော်မူကြပါသည်။ ပုထုဇဉ်ရဟန်းသံဃာတို့ကား ဆောက်တည်ရာမရ ဝမ်းနည်းပူဆွေး ငိုကြွေးကြပါသည်။ သို့သော် သုဘဒ္ဒရဟန်းကြီးမှာမူကား ပူဆွေးငိုကြွေးခြင်း မရှိသည့်အပြင် ဝမ်းသာနေပါသည်။ ၎င်းက ရဟန်းတို့အား ဥပဒေပညတ်ချက်များနှင့် ကန့်သတ်ချုပ်ချယ်၍ နှိပ်စက်ညှဉ်းဆဲသည့် ရဟန်းဂေါတမ မရှိတော့သဖြင့် မိမိတို့ပြုလုပ်ချင်ရာများကို လွတ်လပ်စွာ ပြုလုပ်နိုင်မည်ဟု ပြောဆိုပါသည်။

ထိုစကားကို ရှင်မဟာကဿပ ကြားတော်မူလျှင် လွန်စွာ သံဝေဂရတော်မူပါသည်။ နောင်တစ်ချိန် ဤကဲ့သို့သော ရဟန်းဆိုးများ တိုးပွားလာပါက သာသနာတော် မေးမှိန်အားနည်းသွားချိမ့်မည်။ ဘုရားရှင်၏ ဒေသနာတော်များ မပျက်မစီးတည်ရှိနေမှသာလျှင် ဘုရားရှင်၏သာသနာ အစဉ်တည်တံ့ခိုင်မြဲနေမည်။ သို့အတွက် ဘုရားရှင်ဟောကြားတော်မူထားသော ဓမ္မဒေသနာတော်တို့ကို သင်္ဂါယနာတင်ထားမှ သင့်တော်လိမ့်မည်ဟု အကြံရတော်မူခြင်းဖြစ်ပါသည်။

ကုသိနာရုံပြည်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့် ကဆုန်လပြည့်နေ့မှ (၂၁)ရက်မြောက်ဖြစ်သော နယုန်လဆန်း ငါးရက်နေ့တွင် ဒေါနပုဏ္ဏားက

မြတ်စွာဘုရား၏ ဓာတ်တော်များကို (၇)ပြည်ထောင်မင်းတို့ အား အညီအမျှခွဲဝေပေးပြီးနောက် မြတ်စွာဘုရား၏ သာရီရဓာတုဗ္ဗနသဘင်သည် ပြီးဆုံးသွားပါသည်။ ထိုနေ့တွင် ကုသိနာရုံပြည်၌ ရဟန်းပေါင်း (၇)သိန်း ခန့် စုဝေးရောက်ရှိနေကြပါသည်။ ဤသို့သော သံဃာအစုအဝေးကို နောက် တစ်ဖန်ပြန်၍ရရှိရန်ခဲယဉ်းကြောင်း တွေးမိဆင်ခြင်တော်မူပါသည်။ အရှင် မဟာကဿပသည် ထိုရဟန်းအားလုံးတို့၏ အသက်၊ သိက္ခာ အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်ပါသည်။ သာသနာတော်တွင် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်ပြီးလျှင် တတိယမြောက်အရေးပါဆုံးသောပုဂ္ဂိုလ် ဖြစ်ပါသည်။

သို့အတွက် သံဃာအစည်းအဝေးကြီးတွင် အရှင်မဟာကဿပက သင်္ဂါယနာ တင်ပွဲကျင်းပရေးကို အဆိုပြုခဲ့ပါသည်။ သုဘဒ္ဒရဟန်းကဲ့သို့ ရဟန်းဖျင်းများ အသင်းအပင်းများလာလျှင် မကြာမီ သာသနာတော်ကွယ်ပျောက်သွားနိုင်သည်။ ဓမ္မဝိနယခေါ် ဒေသနာတရားတော်များ ရှိနေသမျှကာလပတ်လုံး သာသနာတော်သည် တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ သို့အတွက် မြတ်စွာဘုရား၏ ဓမ္မဝိနယတို့ကို စုပေါင်းညှိနှိုင်းအတည်ပြုရွတ်ဆိုပြီး သင်္ဂါယနာတင်ရန် အဆိုပြုတိုက်တွန်းတော်မူရာ စုဝေးရောက်ရှိနေကြသော ရဟန်းအပေါင်းတို့က သဘောတူထောက်ခံကြပါသည်။ ဤသို့အားဖြင့် ပထမသင်္ဂါယနာတင်ရန်အကြောင်း ဖြစ်ပေါ်လာပါသည်။

အရှင်မဟာကဿပမထေရ်နှင့် ရဟန္တာ(၅၀၀)တို့သည် ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် (၃)လအကြာ မဟာသက္ကရာဇ် ၁၄၈-ခု၊ ဝါခေါင်လပြည့်နေ့၌ ပထမ သင်္ဂါယနာတင်ပွဲကို ကျင်းပတော်မူခဲ့ပါသည်။

ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းက သင်္ဂါယနာတင်ပွဲကြီးတွင် ပစ္စည်းလေးပါးဒါယကာအဖြစ် ခံယူကူညီခဲ့ပါသည်။ သင်္ဂါယနာတင်ရန်အတွက် ဝေဘာရတောင်၊ စရည်းပင်ကြီးရှိရာ သတ္တပဏ္ဏိလိုဏ်ဂူဝ၌ ကြီးကျယ် ခမ်းနားသော မဏ္ဍပ်ကြီးကို တည်ဆောက်ပေးခဲ့ပါသည်။

သင်္ဂါယနာတင်ပွဲတွင် အမေးပုဂ္ဂိုလ်အဖြစ် ရှင်မဟာကဿပက ဆောင်ရွက်ပါသည်။ ဝိနည်းတော်နှင့်ပတ်သက်၍ ရှင်ဥပါလိက အဖြေပုဂ္ဂိုလ်အဖြစ် ဖြေဆိုဆောင်ရွက်ပါသည်။ သုတ္တန်နှင့် အဘိဓမ္မာပိဋကဒေသနာများနှင့် ပတ်သက်၍ အရှင်အာနန္ဒာက အဖြေပုဂ္ဂိုလ်အဖြစ် ဖြေဆိုဆောင်ရွက်ပါသည်။ ဤကဲ့သို့ အမေးအဖြေများပြုလုပ်ပြီးနောက် သံဃာတော်များက စုပေါင်းရွတ်ဆို၍ အတည်ပြုတော်မူကြပါသည်။ ပထမအကြိမ် သင်္ဂါယနာတင်ပွဲမှာ (၇)လမျှ ကြာရှည်ပါသည်။

သင်္ဂါယနာတင်ရာ၌ ရှေးဦးစွာ ဝိနည်းသိက္ခာတော်များကို သင်္ဂါယနာတင်ကြပါသည်။ ဝိနည်းသည် ဗုဒ္ဓသာသနာ၏အသက်ဖြစ်ပါသည်။ ဝိနည်းတည်ရှိနေသမျှကာလပတ်လုံး သာသနာတည်ရှိနေမည်ဖြစ်သောကြောင့် ဝိနည်းကို ရှေးဦးစွာ

သင်္ဂါယနာတင်ခြင်းဖြစ်ပါသည်။ ထို့နောက်မှ သုတ္တန်နှင့် အဘိဓမ္မာတို့ကို ဆက်လက်သင်္ဂါယနာတင်တော်မူကြပါသည်။

ဤကဲ့သို့ ပထမသင်္ဂါယနာတင်ပွဲတွင် မြတ်စွာဘုရားဟောကြားတော်မူသော ဓမ္မဝိနယတရားတော်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးကျင့်သုံးနိုင်ရန်အတွက် ရဟန္တာအရှင်မြတ်များက တူရာတူရာ စုစည်းစီစဉ်ခဲ့ပါ သည်။ တင်စားထားသည့် ပိဋကတ်ဟူသော ခြင်းတောင်းသုံးတောင်းတွင် တူရာတူရာ စုစည်းသိမ်းဆည်းပြီး ခေတ်အဆက်ဆက် ထိန်းသိမ်းလာကြသည်ကို ပိဋကတ်သုံးပုံဟု ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ ဤ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်ပွဲများကျင်းပပြီး သန့်စင်တော်မူခဲ့ကြပါသည်။

## ဒုတိယသင်္ဂါယနာတင်ပွဲ

မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း(၁၀၀)အရောက်တွင် ဝေသာလီပြည်၊ ဝဇ္ဇီတိုင်းသားရဟန်းတို့က ဝိနည်းအချို့ကို ၎င်းတို့အလိုကျ အဓိပ္ပာယ်ကောက်၍ ပြုပြင်ပြီး ကြေညာကျင့်ကြံပြုမူလာကြပါသည်။ ဘုရားရှင်၏ ဝိနည်းဒေသနာနှင့် ဆန့်ကျင်သော အောက်ပါအဓမ္မဝတ္ထု(၁၀)မျိုးကို ပြင်ဆင် ကျင့်သုံးလာပါသည်။

၁။ နေ့စဉ်ဆွမ်းစားဓိုင်း ရောနှော၍စားရန် ရည်ရွယ်ချက်ဖြင့် သားချိုဘူးထဲ၌ ဆားကိုဆောင်ယူထားနိုင်သည်ဟု ပြင်ဆင်ခြင်း။

၂။ မွန်းတည့်ပြီးနောက် အရိပ်လက်နှစ်သစ်လွန်သည်အထိ ဆွမ်းများစားသုံးခြင်း။

၃။ သိမ်တစ်ခုတည်းတွင်ပင် ကိုယ့်အုပ်စုနှင့်ကိုယ် တစ်ဖွဲ့စီခွဲ၍ သံဃာ့ကံကို ပြုလုပ်နိုင်သည်ဟု ပြင်ဆင်ခြင်း။

၄။ သံဃာ့အစည်းအဝေးတွင် မလာရောက်သေးသည့် သံဃာများ၏ အလိုဆန္ဒကို လာရောက်သည့်အခါမှ ရယူမည်ဟုကြံပြီး အလျင်ရောက်နှင့်သော သံဃာများက သံဃာ့ကံပြုနိုင်သည်ဟု ပြင်ဆင်ခြင်း။

၅။ မိမိတို့၏ဆရာသမားပြုလုပ်ခဲ့သော အစဉ်အလာများကို လက်ခံအတု ယူကျင့်သုံးခြင်းဖြင့် အာပတ်မသင့်ဟု ပြင်ဆင်ခြင်း။

၆။ အခြားရွာသို့သွားရန်ကိစ္စရှိသဖြင့် ဆွမ်းစားစဉ် "တော်ပြီ"ဟု ပြော၍ ပဝါရိတ်သင့်သော ရဟန်းသည် ဝိနည်းအရ မိမိပြန်စားလို၍ အခြားရဟန်းအားစွန့်ပြီး ထိုရဟန်းကပြန်ပေးမှ စားခွင့်ရှိသည့် အတိရိတ်ဝိနည်းကံမပြုဘဲ စားနိုင်သည်ဟု ပြင်ဆင်ခြင်း။

၇။ နို့ရည်အဖြစ်ကိုစွန့်ပြီး ဒိန်ချဉ်အဖြစ်သို့မရောက်သေးသောနို့ချဉ်ကို ပဝါရိတ်ပြုသော ရဟန်းက အတိရိတ်ဝိနည်းကံမပြုဘဲ သောက်ခွင့်ရှိသည်ဟု ပြင်ဆင်ခြင်း။

၈။ အရက်ဖြစ်ရန် ပစ္စည်းများကို တစ်ပေါင်းတစ်စုတည်းစုပေါင်းပြီး စိမ်ထားသော အရက်မဖြစ်သေးသည့် စိမ်ရည်အနုစားကို သောက်သုံးနိုင်သည်ဟု ပြင်ဆင်ခြင်း။

၉။ အမြိတ်အဆာ မပါသော နေရာထိုင်ခင်းကို သုံးဆောင်အပ်သည်ဟု ပြင်ဆင်ခြင်း။

၁၀။ ရွှေငွေအသပြာများ အလှူခံနိုင်သည်ဟု ပြင်ဆင်ခြင်း။

ဤသို့ မြတ်စွာဘုရားဆိုဆုံးမသည့် ဝိနည်းတော်များကို ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် မိမိတို့အလိုကျပြင်ဆင်ပြီး ပြောင်ပြောင်တင်းတင်းလုပ်ကိုင်ကျင့်သုံးလာကြသဖြင့် သာသနာတော် ညှိုးနွမ်းရန် အကြောင်းပေါ်လာပါသည်။

ဤလုပ်ရပ်များသည် ဝိနည်းတရားတော်နှင့် မညီညွတ်သောကြောင့် မပြု လုပ်ရန် တားမြစ်ပြောဆိုသည့် အရှင်မဟာယသကိုပင် သံဃာ့ဘောင်မှ ဝိုင်းပယ်မှု (ဥက္ခေပနီယကံ)ပြုကြပါသည်။

သို့အတွက် ရှင်မဟာယသသည် မြတ်စွာဘုရား၏ ဒေသနာတော်တို့ကို မူလအတိုင်းလက်ခံလိုသည့် သံဃာတော်များကို စည်းရုံးစုစည်း၍ ဒုတိယ သင်္ဂါယနာကို ရဟန္တာအပါး(၇၀၀)တို့ဖြင့် ဝေသာလီပြည်၊ ဝါဠုကာရာမကျောင်းတိုက်၌ တင်တော်မူကြပါသည်။ ဝေသာလီပြည်၊ ကာလာသောကမင်းနှင့် ပြည်သူပြည်သား အပေါင်းတို့က အဘက်ဘက်က ပံ့ပိုးကူညီခဲ့ကြပါသည်။

သံဃာတော်များက နှုတ်ဖြင့်ရွတ်ဆို သင်္ဂါယနာတင်ကြရာ (၈)လကြာမှ ပြီးစီးပါသည်။ ဤသင်္ဂါယနာတင်ပွဲတွင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓမ္မဒေသနာတော်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းမပြုဘဲ မူလရှိသည့်အတိုင်း လက်ခံကျင့်သုံးကြရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ဤသို့အားဖြင့် ထေရဝါဒဂိုဏ်း ဖြစ်လာပါသည်။

ဝဇ္ဇီတိုင်းသားရဟန်းတို့ကလည်း မိမိတို့နှင့်သဘောတူရာ ရဟန်း (၁၀၀၀၀)ကို စည်းရုံး၍ ကောသမ္ဗီပြည်၌ သီးခြားသင်္ဂါယနာတင်ပွဲ ပြုလုပ်ကြပါသည်။ ၎င်းတို့မှ မဟာသံဃိကဂိုဏ်းဖြစ်လာပါသည်။

ဤသို့ သာသနာနှစ်(၁၀၀)အကြာတွင် ထေရဝါဒဗုဒ္ဓဘာသာဂိုဏ်းနှင့် မဟာသံဃိကဗုဒ္ဓဘာသာဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲပြားသွားလေသည်။

**တတိယသင်္ဂါယနာတင်ပွဲ**

ဒုတိယသင်္ဂါယနာတင်ပွဲပြီးသည့်နောက် နှစ်ပေါင်း၁၃၅–နှစ်အကြာတွင် မြတ်စွာဘုရား၏ ဓမ္မဒေသနာတော်များ သန့်စင်ရေးအတွက် တတိယအကြိမ် သင်္ဂါယနာတင်ရန်အကြောင်း ဖြစ်ပေါ်လာပါသည်။ ထိုစဉ်က ပါဋလိပုတ်ပြည်တွင် သီရိဓမ္မာသောကမင်းကြီး ထီးနန်းစိုးစံတော်မူပြီး ဗုဒ္ဓသာသနာကို အကြီးအကျယ် ချီးမြှောက်တော်မူသောကြောင့် ဗုဒ္ဓသာသနာတော် စည်ကားဖွံ့ဖြိုးလျက်ရှိပါသည်။ လာဘ်လာဘရှင်သောကြောင့် ဗုဒ္ဓဘာသာတရားတော်ကို မယုံကြည်၊ မကိုးကွယ် သူများ၊ တိတ္ထိများတို့သည် သာသနာတော်သို့ဝင်ရောက်လာကြပါသည်။ ဤရဟန်းတု၊ ရဟန်းယောင်များသည် ဗုဒ္ဓတရားနှင့် မဆက်စပ်သော မိစ္ဆာအယူဝါဒများကို ဗုဒ္ဓ တရားတော်အဖြစ် ဟောပြောကျင့်ကြံလာကြပါသည်။ သို့အတွက် သာသနာတော်တွင် အန္တရာယ်ရှိလာပါသည်။

သာသနာတော်သန့်ရှင်းရေးအတွက် သီရိဓမ္မာသောကမင်းကြီးသည် ရှေးဦးစွာ ရဟန်းတု၊ ရဟန်းယောင်များကို စစ်ဆေး၍ လူထွက်စေခဲ့ပါသည်။ ရဟန်းတု တိတ္ထိပေါင်းခြောက်သောင်းကို လူဝတ်လဲဖော အသောကာရုံကျောင်းတိုက်မှ နှင်ထုတ် လိုက်ပါသည်။ မင်းကြီးအနေဖြင့် အာဏာစက်ကို အသုံးပြု၍ သာသနာတော် သန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ပါသည်။

ရဟန်းတော်များဘက်မှလည်း အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ် ကြီး ဦးဆောင်၍ ရဟန္တာမထေရ်ကြီးပေါင်း ၁၀၀၀ ဖြင့် တတိယသင်္ဂါယနာ တင်ပွဲကို သာသနာနှစ်၂၃၅–ခု၊ နယုန်လမှစ၍ကျင်းပရာ (၉)လကြာမှ ပြီးစီးပါသည်။ သီရိဓမ္မာသောကမင်းကြီးက တတိယသင်္ဂါယနာတင်ပွဲကြီး၏ သံဃဒါယကာအဖြစ် ခံယူဆောင်ရွက်ပါသည်။

ဤသင်္ဂါယနာတင်ပွဲကြီး၏ ထူးခြားချက်နှင့်ရလဒ်မှာ သာသနာပြုအဖွဲ့များကို ၉–တိုင်း၊ ၉–ဌာနသို့စေလွှတ်ရန် စီစဉ်တော်မူကြခြင်းဖြစ်ပါသည်။ ထိုသို့စေလွှတ် ရာတွင် သီရိဓမ္မာသောကမင်းကြီး၏သားတော် ရှင်မဟိန္ဒလည်းပါဝင်၍ သီဟိုဠ် ကျွန်းသို့ သွားရောက်သာသနာပြုခဲ့ပါသည်။ အရှင်သောဏ မထေရ်နှင့် အရှင်ဥတ္တရ မထေရ်တို့ အမှူးပြုသော ရဟန္တာအရှင်မြတ်ကြီး ငါးပါး မြန်မာနိုင်ငံ၊ သုဝဏ္ဏဘူမိသို့ ကြွရောက်သာသနာပြုခဲ့ကြသည်။

**စတုတ္ထသင်္ဂါယနာတင်ပွဲ**

တတိယသင်္ဂါယနာတင်ပွဲပြီးသည့်နောက် ဗုဒ္ဓဘာသာ သာသနာတော်သည် သီဟိုဠ်ကျွန်းတွင် များစွာကြီးပွားဖြစ်ထွန်းလာပါသည်။ ဝဋ္ဋဂါမဏိမင်း လက်ထက်တွင်

ကျည်းသား လူမျိုးတို့၏ သူပုန်အေး၊ ငတ်မွတ်ခေါင်းပါးသည့် ကပ်ဘေးတို့ဖြင့် ကြုံတွေ့ရပြီး ရှင်ဘုရင်သည် နန်းမှဆင်း၍ ထွက်ပြေး ပုန်းအောင်းနေခဲ့ရပါသည်။ ဤဘေးဒုက္ခများကို (၁၂)နှစ်တာ ကြုံတွေ့နေရသည့်ကာလအတွင်း ရဟန်းတော်များသည် ဆင်းရဲပင်ပန်းကြီးစွာဖြင့် ပိဋကတ်တော်များကို မမေ့ပျောက်စေရန် ကြိုးစား၍ ရွတ်ဆိုထိန်းသိမ်းစောင့် ရှောက်နေရပါသည်။ ဤဘေးဒုက္ခမျိုးနှင့် ထပ်မံကြုံတွေ့ပါက သံဃာတော် များ အစာပြတ်သဖြင့် ပိဋကတ်ဒေသနာတော်များကို ရွတ်ဆိုထိန်းသိမ်းခြင်း မပြုနိုင်ပါလျှင် ဗုဒ္ဓသာသနာတော် ပျောက်ကွယ်သွားနိုင်ပါသည်။ ထို့ကြောင့် ပိဋကတ်တော်များကို စာပေဖြင့်ရေးသား မှတ်တမ်းတင်ရန် စိတ်ကူးလာကြပါသည်။

ဝဋ္ဋဂါမဏိမင်းသည် သူပုန်များကို နှိမ်နင်းနိုင်ပြီး ဒုတိယအကြိမ် ထီးနန်းတက်ခဲ့ပါသည်။ ယင်းမင်းလက်ထက်တွင် အရှင်မဟာဓမ္မရက္ခိတ အမှူးပြုသော ရဟန္တာကြီး အပါး ၅၀၀–တို့က သာသနာတော်နှစ် ၄၅၀– ခုနှစ်တွင် မလယဇနပုဒ်၊ အာလောကလိုဏ်ဂူ၌ စတုတ္ထသင်္ဂါယနာတင်ပွဲကို ကျင်းပခဲ့ကြပါသည်။ ဒေသနာတော်များ အစွန့်ရှည်ကြာတည်မြဲရေးအတွက် ပေထက်အက္ခရာတင်တော်မူကြပါသည်။ သင်္ဂါယနာတင်သည့်အချိန်မှာ တစ်နှစ်ကြာရှည်ခဲ့ပါသည်။ ဤသည်ကား စတုတ္ထသင်္ဂါယနာတင်ပွဲ၏ ထူးခြားချက်ပင်ဖြစ်ပါသည်။ သင်္ဂါယနာတင်ပွဲဖြစ်မြောက်ရေးအတွက် မလယဇနပုဒ်နေ အကြီးအကဲများနှင့် ရွာသူရွာသားများက အဓိကထား၍ ကူညီဆောင်ရွက်ပေးကြပါသည်။

**ပဉ္စမသင်္ဂါယနာတင်ပွဲ**

ပဉ္စမသင်္ဂါယနာတင်ပွဲကို မင်းတုန်းမင်းလက်ထက် သာသနာတော်နှစ် ၂၄၁၅–ခု၊ တန်ခူးလပြည့်ကျော်(၁၁)ရက်နေ့၌ မန္တလေးမြို့တော် ရွှေနန်းတော်တွင် အောင်မြင်စွာကျင်းပနိုင်သည်မှာ မြန်မာလူမျိုးတို့ ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။

မန္တလေးရတနာပုံမြို့တည် မင်းတုန်းမင်းတရားကြီးသည် သာသနာတော်စည်ပင်ပြန့်ပွားရေးအတွက် ဘုရားစေတီများ၊ ကျောင်းတော်ကြီးများကို တည်ဆောက်လှူဒါန်းတော်မူပါသည်။ ရဟန်းသံဃာတော်များအတွက် ပစ္စည်း လေးပါးဒါယကာလည်းခံတော်မူပါသည်။ ပိဋကတ်တော်များအရှည်တည်တံ့ရေးအတွက် ကျောက်ထက်အက္ခရာတင်ခဲ့ရာ ကျောက်ချပ်ရေ (၇၂၉)ချပ်ပေါ် တွင် မှတ်တမ်းတင်သည့်လုပ်ငန်းမှာ သာသနာတော်နှစ် ၂၄၁၂–ခု၊ ကဆုန်လဆန်း ၁၄–ရက်တွင် ပြီးစီးအောင်မြင်ခဲ့ပါသည်။

မန္တလေးမြို့ ရွှေနန်းတော်တွင် ဒက္ခိဏာရာမ ဘုရားကြီးတိုက်ဆရာတော် တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဇာဂရာဘိဝံသ မဟာထေရ် အမှူးပြုသော သံဃာတော်ပေါင်း (၂၄၀၀)တို့က ပိဋကတ်၊ ဓမ္မဝိနယ များကို ၅–လ နှင့် ၃–ရက်တိုင်အောင်ဖြင့်ရွတ်ဆို၍ သင်္ဂါယနာတင်ခဲ့ကြပါသည်။

ပဉ္စမသင်္ဂါယနာတင်ပွဲ၏ ထူးခြားချက်မှာ ပိဋကတ်တော်များကို ကျောက်ထက် အက္ခရာတင်ခြင်း၊ ပိဋကတ်တော်များကို နိဿယမြန်မာဘာသာပြန်ရန် တာဝန်ခွဲဝေ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ဓမ္မဝိနယအမိန့်တော် ပြန်တမ်းကိုလည်း လိုက်နာကျင့်ကြံကြရန် တစ်နိုင်ငံလုံးသို့ ထုတ်ပြန်ဆင့်ဆိုခဲ့ပါသည်။ မင်းတုန်း မင်းသည် ဤသို့ သာသနာတော်သန့်ရှင်းပြန့်ပွားရေးကို ဆောင်ရွက်ခဲ့ပါသည်။

**ဆဋ္ဌသင်္ဂါယနာတင်ပွဲ**

မြန်မာနိုင်ငံသည် ၁၉၄၈–ခုနှစ်၌ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ပါသည်။ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် အမျိုးဘာသာ၊ သာသနာ တိုးတက်ကြီးပွားရေးဆောင်ရွက်ရန် တက်ကြွစိတ်အားထက်သန်နေကြပါသည်။ ဗုဒ္ဓသာသနာတော် ဘည်တံ့ပြန့်ပွားရေးအတွက် သာသနာတော် သန့်ရှင်းရန် ရည်သန်လျက် ဆဋ္ဌမအကြိမ် သင်္ဂါယနာတင်ပွဲကို သာသနာတော်နှစ် ၂၄၉၈–ခု၊ ကဆုန်လဆန်း(၁၅)ရက်နေ့၌ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် သင်္ဂါယနာတင်ပွဲကို ဆင်နွှဲခဲ့ကြပါသည်။ နိုင်ငံတော်အစိုးရက သင်္ဂါယနာတင်ပွဲဖြစ်မြောက်ရေးအတွက် စလယ်ဆုံး တာဝန်ယူဆောင်ရွက်ပေး ပါသည်။ တိုင်းသူပြည်သားတို့က အားတက်သရော ပါဝင်လှူဒါန်းကူသိုလ်ပြုကြ ပါသည်။

ညောင်ရမ်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ရေဝတကြီးမှူးသော သံဃာတော်အပါး(၂၀၀၀)တို့က မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ (၂၄၅)ရက်ကြာ ပိဋကတ်တော်များကို ရွတ်ဖတ်သန့်စင်သုတ်သင်တော်မူပြီး သင်္ဂါယနာတင်တော်မူခဲ့ကြ ပါသည်။ အမေးပုဂ္ဂိုလ်အဖြစ် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဘဒ္ဒန္တ သောဘဏမထေရ်၊ အဖြေပုဂ္ဂိုလ်အဖြစ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသမထေရ်က ဆောင်ရွက်တော်မူပါသည်။ ထူးခြားချက်မှာ ပိဋကတ်တော်များကို စာအုပ်ရိုက်နှိပ်မှတ်တမ်းတင်ပြီး ကမ္ဘာအနှံ့ပြန့်ချိနိုင်ခြင်း ဖြစ်ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသို့ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများဖြစ်သော ထိုင်း၊ ကမ္ဘောဒီးယား၊ လောဗ်၊ သီရိလင်္ကာနိုင်ငံများမှ ထေရဝါဒသံဃာတော် များအပြင် ထေရဝါဒမဟုတ်သော ဂျပန်၊ တိဗက်၊ ဗီယက်နမ်၊ ကိုရီးယား၊ ဂျာဗားကျွန်း၊ မလေး၊ ဆစ်ကင်းနိုင်ငံများမှ မဟာယာနဂိုဏ်းသံဃာတော်များလည်း ဧည့်သည်တော် အဖြစ် လာရောက်တက်ရောက်ကြပါသည်။

မြန်မာနိုင်ငံတွင် ပဉ္စမသင်္ဂါယနာပွဲနှင့် ဆဋ္ဌမသင်္ဂါယနာပွဲတို့ကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် မြတ်စွာဘုရားသာသနာတော်ကို တည်တံ့ ခိုင်မြဲတိုးပွားရေး အတွက် များစွာအထောက်အကူပြုပါသည်။ ထို့ပြင် ထေရဝါဒဗုဒ္ဓဘာသာတွင် မြန်မာနိုင်ငံသည် ဦးဆောင်နိုင်သည့်နိုင်ငံဖြစ်ကြောင်း ပြသနိုင်ခဲ့ပါသည်။

ဤသို့ နှစ်ပေါင်း၂၅၀၀တွင် သင်္ဂါယနာပွဲကြီး ၆–ပွဲကျင်းပပြီး မြတ်စွာဘုရား ဟောကြားတော်မူသည့် ဓမ္မဒေသနာတော်များ မပျောက်မပျက်ရ အောင် ထေရဝါဒ မထေရ်အဆက်ဆက်တို့က ထိန်းသိမ်းစောင့်ရှောက်ကာ လက်ဆင့်ကမ်းသယ်ဆောင် လာရာ ပိဋကတ်တော် ဖြစ်ပေါ်လာပါသည်။

# ပိဋကတ်သုံးပုံဆိုသည်မှာ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ပထမသင်္ဂါယနာတင်ပွဲမှ ပိဋကတ်သုံးပုံဖြစ်ပေါ်လာပုံကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ ယခု ပိဋကတ်သုံးပုံအကြောင်းကို မိတ်ဆက်အဖြစ် ပြောပြလိုပါသည်။ သို့မှသာ လာမည့်အခန်းများတွင် ပိဋကတ်သုံးပုံအကြောင်း ရှင်းလင်းတင်ပြရာတွင် အကျွမ်းတဝင်ဖြစ်လာပါမည်။

မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့၏အကျိုးငှာ နေ့စဉ်တရားဓမ္မများကို ဟောကြားသွန်သင်လမ်းညွှန်တော်မူခဲ့ပါသည်။ သာသနာ့ဝန်ထမ်းရဟန်းတော်များ အတွက် မဟာကရုဏာတော်ဖြင့် လိုက်နာရမည့်စည်းကမ်းဝိနယများကို ချမှတ်တော်မူခဲ့ပါသည်။ ထိုခေတ်အခါက စာအုပ်စာတမ်းများ ရေးသားပြုစုထားလေ့မရှိပါ။ မြတ်စွာဘုရား၏ အဆိုအမိန့်များကိုလည်း စဉ်ဆက်မပြတ်မှတ်တမ်းတင်ထားခြင်း၊ စုစည်းစုဆောင်းထားခြင်းလည်း မရှိပါ။ အရှင်အာနန္ဒာနှင့် ရဟန္တာ မထေရ်ကြီး တို့ကသာ ကြားနာမှတ်သားထားခြင်းသာ ရှိပါသည်။

သို့အတွက် မြတ်စွာဘုရားဟောကြားတော်မူသော ဩဝါဒ၊ ဒေသနာတော်များသည် မသီကုံးရသေးသော ပန်းများနှင့် တူသည်ဟူ၍ တင်စားဥပမာပေးထားပါသည်။ မသီကုံးရသေးသောပန်းများသည် လေတိုက်ရာတွင် အလွယ်တကူဖရိုဖရဲ လွင့်ပါသွားနိုင်ပါသည်။ ထို့အတူ စနစ်တကျမစုစည်းရသေးသော မြတ်စွာဘုရား၏ တရားတော်များသည်လည်း အဓမ္မဝါဒီများကြောင့် လွင့်စဉ်ပျောက်ကွယ်သွားနိုင်ပါသည်။ သို့အတွက် မြတ်စွာဘုရား၏ ဓမ္မဝိနယဒေသနာတော်များကို သဘောတူရာတူရာ စနစ်တကျ စုစည်းသီကုံးထားရန်လိုကြောင်း၊ ဤသို့သီကုံးထားသောပန်းများကို ပန်းမျိုးအလိုက်၊ အရောင်အလိုက်၊ သဘောသဘာဝတူရာရွေးချယ်၍ ခြင်းတောင်းကြီးသုံးလုံးထဲတွင် ထည့်သွင်းထိန်းသိမ်းရန်လိုကြောင်း နမူနာထား၍ မြတ်စွာဘုရား၏ တရားတော်များကို တူရာစုစည်းကာ ဝိနည်းပိဋက ခြင်းတောင်း၊ သုတ္တန် ပိဋက ခြင်းတောင်း၊ အဘိဓမ္မာပိဋက ခြင်းတောင်းဟူသော ခြင်းတောင်းကြီးသုံးလုံးထဲသို့ ခွဲဝေထည့်သွင်းတော်မူကြပြီး သင်္ဂါယနာတင်ကာ ခေတ်အဆက်ဆက် မထေရ်မြတ်

တို့က လက်ဆင့်ကမ်း၍ သယ်ယူလာခဲ့ကြပါသည်။ ဤသို့ ခြင်းတောင်းနှင့် တင်စားကာ ပိဋကတ်တော်ဟု ခေါ်ဆိုလာခြင်း ဖြစ်ပါသည်။ ပါဠိဘာသာ ပိဋကသည် မြန်မာစကားအရ ခြင်းတောင်းပင်ဖြစ်ပါသည်။

**ဝိနည်းပိဋက**

ဝိနည်းသည် မြတ်စွာဘုရား သာသနာတော်၏ အသက်ပင် ဖြစ်ပါသည်။ သာသနာ့ဝန်ထမ်း ရဟန်းတော်များသည် မြတ်စွာဘုရားကိုယ်တော်တိုင် ထုတ်ပြန်ပညတ် သတ်မှတ်တော်မူခဲ့သော ဝိနည်း၊ ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာသမျှကာလပတ်လုံး သာသနာတော်တည်မြဲမည်ဖြစ်ပါသည်။ ဝိနည်းပိဋက၏ အရေးကြီးလှသည်ကို အသိအမှတ်ပြုသည့်အနေဖြင့် ပထမ သင်္ဂါယနာနှင့် သင်္ဂါယနာတင်အဆက်ဆက်တို့တွင် သာသနာတော်၏ အသက်ဖြစ်သော ဝိနည်းပိဋကကို ရှေးဦးစွာ သင်္ဂါယနာတင်ခဲ့ကြပါသည်။

သာသနာတော်အရှည်တည်တံ့ခိုင်မြဲရန်အတွက် မြတ်စွာဘုရားရှင်၏ တပည့်သာဝကရဟန်းများသည် ဝိနည်းသိက္ခာပုဒ်များကို သင်ယူ လေ့ကျက် လိုက်နာကျင့်သုံးနေကြရပါသည်။ လိုက်နာကျင့်သုံးခြင်းမရှိပါက ရဟန်းသာမဏေရှိတော့မည်မဟုတ်ပါ။ ရဟန်းသာမဏေမရှိပါက ဟောကြားပို့ချမည့် ပုဂ္ဂိုလ်မရှိတော့သဖြင့် ဗုဒ္ဓဘာသာ ကွယ်ပျောက်သွားနိုင်ပါသည်။ သို့အတွက်မြတ်စွာဘုရားသည် သာသနာ့ဝန်ထမ်းရဟန်းတော်များအတွက် လိုက်နာကျင့် သုံးရန် ကျင့်ဝတ်စည်းကမ်းများကို ပညတ်တော်မူခဲ့ပါသည်။

ဤဝိနည်းတရားတော်များသည် လောကီလူ့ဘောင်ကို ငြီးငွေ့စွန့်ခွာ၍ အမှန်တရားကိုရှာကြံလိုပြီး ရဟန်းအဖြစ်ကိုခံယူသောသူများအတွက် လိုက်နာကျင့်သုံးရမည့် စည်းကမ်းဥပဒေများပင်ဖြစ်ပါသည်။ အဓိသီလတရား များဖြစ်သော ဝိနည်းသည် ရဟန်းများအား ဟိရိဩတ္တပ္ပတည်းဟူသော လောကပါလတရားများနှင့်အညီ ကောင်းမွန်စွာကျင့်ကြံနေထိုင်ရန် လမ်းညွှန်ပေးပါသည်။ ဤသို့ ဝိနည်းနှင့် ကျင့်ကြံနေထိုင်ကြသော ရဟန်းတော်များအား လူအပေါင်းတို့က အထူးပင်ကြည်ညိုလေးစားကြပြီး ကုသိုလ်မျိုးစေ့တို့၏ စိုက်ပျိုးရာလယ်ယာမြေကောင်းသဖွယ် ဖြစ်ပါသည်။ ဗုဒ္ဓသာသနာ တော်ကြီး နှစ်ပေါင်း(၂၅၀၀)ကျော်တိုင်အောင် စည်ပင်ပြန့်ပွားထွန်းလင်း တောက်ပနေခြင်းသည် ဤဝိနည်းတော်များကြောင့်ပင် ဖြစ်ပါသည်။

ဤသို့ နှစ်ပေါင်း(၂၅၀၀)ကျော် သက်တမ်းရှည်သည့်ဥပဒေများ ကမ္ဘာပေါ်တွင် မတွေ့ရှိသေးပါ။ မြတ်စွာဘုရား၏ ဝိနည်းဥပဒေတော်များသာ ယနေ့တိုင်

ရှင်သန်လိုက်နာကျင့်သုံးနေကြပါသည်။ ရဟန်းတော်များသာမက လူပုဂ္ဂိုလ် သတ္တဝါအပေါင်းတို့ လေ့လာသိရှိသင့်ပါသည်။ အကျင့်သီလကို အခြေခံ၍ ယဉ်ကျေးသိမ်မွေ့အောင် နည်းပေးလမ်းပြသည်များကို တွေ့ရှိနိုင် ပါသည်။

ဝိနည်း ပိဋကတော်တွင် ဆိက္ခာပုဒ်ပေါင်း ၂၂၇–သွယ် ပါရှိပါသည်။ ကျမ်းအားဖြင့် ၅–ကျမ်း၊ စာအုပ်အားဖြင့် ၅–အုပ်ရှိပါသည်။

## သုတ္တန်ပိဋက

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး ရှေးဦးစွာ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူပြီးနောက် (၄၅)ဝါပတ်လုံး လောက၏အကျိုးငှာ တရားဒေသနာတော်များကို ဟောကြားတော်မူခဲ့ပါသည်။ ဝေနေယျသတ္တဝါတို့၏ ဝါသနာနှင့် စရိုက်တို့ကိုလိုက်၍ လူအများသိနားလည်အောင် ဟောကြားလမ်းညွှန်တော်မူခဲ့ပါသည်။ မြတ်စွာဘုရားသည် နေ့စဉ်(၂)ကြိမ်တိုင် အကျွတ်တရားရနိုင်မည့် သတ္တဝါများကို ဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူပြီး တရားဒေသနာဟောကြား၍ အမှန်တရားကို ရရှိစေခဲ့ပါသည်။ နေ့စဉ်ပင် လူ၊ နတ်၊ ဗြဟ္မာများ၊ ရဟန်းတော်များတို့အား နံနက်ခင်းမှစ၍ ညဥ့်ဦးယံ မိုးသောက်ယံအထိ ခေတ္တမျှသာအနားယူပြီး သတ္တဝါအပေါင်းအား တရား ဒေသနာများ ဟောကြားတော်မူခဲ့ပါသည်။ မြတ်စွာဘုရားသည် မဟာကရုဏာတော်ဖြင့် လောကီအကျိုးစီးပွား၊ လောကုတ္တရာအကျိုးစီးပွားတို့အတွက် ဟောကြားလမ်းညွှန်တော်မူခဲ့ပါသည်။

ထို့အတွက် ပိဋကတ်တော်များအနက် သုတ္တန်ပိဋကသည် အကျယ်ပြန့်ဆုံးဖြစ်ပါသည်။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့အားတို့လည်း အကျိုးပြုဆုံးဖြစ်ပါသည်။ အများစုမှာ သုတ္တန်ပိဋကတော်လာ တရားဒေသနာတော်များဖြင့် အမှန်တရားများရရှိကြပါသည်။ ဟောကြားတော်မူရာတွင် လူအများနားလည်သည့် ဝေါဟာရများကို သုံးနှုန်း၍ ဟောကြားတော်မူခြင်း၊ သတ္တဝါတို့၏ ဝါသနာ၊ စရိုက်၊ အသိဉာဏ်နှင့် လျော်ကန်သင့်မြတ်အောင် သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောကြားတော်မူခြင်းကြောင့် သတ္တဝါအပေါင်းတို့ ပိုမိုသိရှိနားလည်သဘောပေါက်ပြီး အကျွတ်တရားရရှိကြခြင်းဖြစ်ပါသည်။

ဝိနည်းတော်နှင့် အဘိဓမ္မာတရားတော်များမှအပ မြတ်စွာဘုရား ဟောကြားတော်မူသော တရားဒေသနာတော်များကို ပဌမသင်္ဂါယနာတင်ပွဲတွင် ရဟန္တာမထေရ်မြတ်များက သုတ္တန်ပိဋကဟု သတ်မှတ်ရွတ်ဖတ်တော်မူပြီး သင်္ဂါယနာတင်တော်မူကြပါသည်။ မြတ်စွာဘုရားဟောကြားတော်မူသော တရားဒေသနာတော်

များသည် များပြားလှသောကြောင့် နောင်လာနောက်သားတို့ သိရှိနားလည် လိုက်နာကျင့်သုံးနိုင်ရန်အတွက် အမျိုးအစားပိုင်းခြား၍ အစု(၅)စု စုတော်မူကြပါသည်။ ဤသည်ကို နိကာယ်(၅)ရပ်ဟု ခေါ်ပါသည်။

(က) ရှည်သောသုတ်များကို စုပေါင်းထားခြင်း (ဒီဃနိကာယ)

(ခ) မရှည်မတို အလယ်အလတ်သုတ်တို့ကို စုပေါင်းထားခြင်း (မဇ္ဈိမနိကာယ)

(ဂ) တရားသဘောအားဖြင့် လည်းကောင်း၊ ဟောကြားချက်အားဖြင့် လည်းကောင်း တူသည်ဖြစ်၍ ယှဉ်တွဲသင့်သည့်သုတ်တို့ကို ယှဉ်တွဲ၍ စုပေါင်းထားခြင်း (သံယုတ္တနိကာယ)

(ဃ) အင်္ဂါတစ်ခုစီ ကျော်လွန်သည့် သုတ်များကို စုပေါင်းထားခြင်း (အင်္ဂုတ္တရနိကာယ)

(င) အတိုင်းအရှည်ပမာဏအားဖြင့် တိုသောသုတ်များကို စုပေါင်းထားခြင်း (ခုဒ္ဒကနိကာယ)

သုတ္တန်များကို နိကာယ်ငါးရပ်အဖြစ် မှတ်တမ်းတင်ရာတွင် ကျမ်းပေါင်း (၄၀)၊ စာအုပ်ပေါင်း(၂၃)အုပ်ရှိကြောင်း တွေ့ရှိရပါသည်။

သုတ္တန်တရားတော်တို့ကို နိကာယ်အလိုက် အကျဉ်းချုပ်၍ ဆက်လက် တင်ပြသွားပါမည်။

**အဘိဓမ္မာပိဋက**

မြတ်စွာဘုရားပွင့်တော်မူပြီး (၇)ဝါမြောက်အရောက်တွင် မြတ်စွာ ဘုရားသည် တာဝတိံသာနတ်ပြည်သို့ ကြွရောက်ပြီး အဘိဓမ္မာတရားတော်ကို မရပ်မနား တစ်ဆက်တည်း ဝါတွင်း(၃)လပတ်လုံး ဟောကြားတော်မူခဲ့ပါသည်။ တစ်ပြိုင်နက် တည်းတွင် နတ်ပြည်၌ ဟောကြားတော်မူသမျှ အဘိဓမ္မာများကို အရှင်သာရိ ပုတ္တရာအား အကျဉ်းချုံး၍ ပြန်လည်ဟောကြားတော်မူပါသည်။ အရှင်သာရိပုတ္တရာက တပည့်ရဟန်းငါးရာတို့အား အဘိဓမ္မာဒေသနာတော်တို့ကို မထေရ်မြတ်၏ စကား အစီအစဉ်ဖြင့် မကျဉ်းမကျယ် အလယ်အလတ် ဖြင့် ပြန်လည်ဟောကြားတော်မူ ခဲ့ပါသည်။ သို့အတွက် ယနေ့ရှိနေသော အဘိဓမ္မာတို့သည် အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံမှ ကြားနာ၍ ထပ်ဆင့်ဟောတော်မူသော အဘိဓမ္မာများဖြစ်ပါသည်။ ဘုရားရှင်ပေးတော်မူသော နည်းနာနိဿယများဖြင့် တပည့်ရဟန်းတို့အား နားလည် အောင် ဟောကြားနိုင်ရန်အတွက် စီစဉ်ထားခြင်းဖြစ်ပါသည်။

ဝိနည်းပိဋကတ်တော်တွင် သာသနာတော်တည်တံ့ခိုင်မြဲရန် သာသနာ့ဝန်ထမ်း ရဟန်းတော်များ လိုက်နာကျင့်သုံးရမည့် စည်းကမ်းဥပဒေကျင့်ဝတ်များကို ချမှတ် ဟောကြားတော်မူခဲ့ပါသည်။ သုတ္တန်ပိဋကတ်တော်တွင် ပုဂ္ဂိုလ် သတ္တဝါတို့၏ စိတ်နေစိတ်ထား၊ အကျင့်စရိုက်နှင့် လိုအပ်ချက်အရ ဒေသနာတော်များကို ဝတ္ထု၊ ဇာတ်လမ်း၊ အကြောင်းအရာ အချက်အလက်ဝေဆာ စွာဖြင့် လူတိုင်းနားလည်အောင် ဟောကြားတော်မူခဲ့ပါသည်။ အဘိဓမ္မာတရားများဟောကြားတော်မူရာတွင်ကား ဤသို့ ပုဂ္ဂိုလ်သတ္တဝါတို့၏ အလိုစရိုက်တို့ကို မငဲ့ညှာဘဲ တရားသဘောအရှိအတိုင်း ပြည့်စုံကုန်စင်အောင် ပညာသက်သက်ဖြင့် ဟောကြားတော်မူပါသည်။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ် ကျက်စားရာ ဒေသနာဖြစ်သည့်အတွက် အဘိဓမ္မာ ဒေသနာတော်များသည် ခက်ခဲနက်နဲကျယ်ဝန်းလှခြင်းဖြစ်ပါသည်။

အဘိဓမ္မာတရားများ ဟောကြားတော်မူရာတွင် ပုဂ္ဂိုလ်သတ္တဝါတို့၏ အပေါ်ယံ ပညတ်ကို ထိုးဖောက်၍ အတွင်းဓာတ်ဖြစ်သော နာမ်နှင့်ရုပ်တို့ကို နည်းမျိုးစုံဖြင့် ခွဲခြမ်းစိတ်ဖြာဟောကြားတော်မူခဲ့ပါသည်။ သဗ္ဗညုတဉာဏ်တော်အစွမ်းဖြင့် လောက သဘာဝ အဖြစ်မှန်သဘောတရားများကို နည်းမျိုး စုံဖြင့် အကြွင်းအကျန်မရှိအောင် ဝေဖန်ပိုင်းခြား ဟောကြားတော်မူထားပါသည်။ ကိုယ် အစရှိသော ရုပ်လောက၊ စိတ်၊ စေတသိက် အစရှိသော နာမ်လောကဆိုင်ရာ တရားတို့ကို သဘောတူရာ စုပေါင်း၍ နာမည်၊ ပညတ် အမျိုးမျိုးတပ်ပြီး ဟောကြားတော်မူပါသည်။ အချုပ်အားဖြင့် ရုပ်၊ နာမ်တရားတို့၏ သဘောသဘာဝတို့အား နက်နဲစွာ အသေးစိတ် စိတ်ဖြာ၍ ဟောတော်မူခဲ့ပါသည်။ ဤ ရုပ်နာမ်တရားတို့ကိုကျော်လွန်၍ အေးငြိမ်းချမ်းသာသော နိဗ္ဗာန်သဘာဝဓာတ်ရှိကြောင်း၊ မှန်ကန်သောအသိတရားနှင့် အကျင့်တရားတို့ဖြင့် မျက်မှောက်ပြုနိုင်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။ သို့အတွက် အဘိဓမ္မာတရားတော်သည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တည်းဟူသော အမှန်တကယ်ရှိသော သက်ရှိသက်မဲ့ အားလုံး၏ သဘာဝအစစ်အမှန်ကို တိကျစွာ ဝေဖန်ဟောကြားတော်မူသော ဒေသနာဖြစ်ပါသည်။ ပညာကိုအရင်းခံ ဟောကြားတော်မူထားရာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကာ အေးငြိမ်းသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူတိုင်း အဘိဓမ္မာတရားတော်ကို လေ့လာသိရှိ ကျင့်သုံးသင့်ပါသည်။

မြတ်စွာဘုရားဟောကြားတော်မူသော အဘိဓမ္မာတရားများကို ပထမ သင်္ဂါယနာတင်ရာတွင် ကျမ်း(၇)ကျမ်း ရရှိပါသည်။ ယခုခေတ်တွင် ယင်း ကျမ်းများကို စာဖြင့် မှတ်တမ်းတင်ရာ၌ စာအုပ်(၁၂)အုပ် ဖြစ်ပေါ်လာပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဓမ္မသင်္ဂဏီကျမ်း – ပရမတ္ထတရားတို့ကို အကျဉ်းပေါင်းရုံး၍ ဖော်ပြထားခြင်း၊

(ခ) ဝိဘင်းကျမ်း – ခန္ဓာ စသည့်တရားများကို အကျယ်တဝင့် ဝေဖန်ထားခြင်း၊

(ဂ) ဓာတုကထာကျမ်း – ဓာတ် ၁၈–ပါးတို့ကို အကျယ်ဟောကြားခြင်း၊

(ဃ) ပုဂ္ဂလပညတ်ကျမ်း – ပုဂ္ဂိုလ် အမျိုးအစားများကို အကျယ် ဝေဖန်ဟောကြားတော်မူခြင်း၊

(င) ကထာဝတ္ထုကျမ်း – ဗုဒ္ဓဘုရား၏ အယူဝါဒများနှင့် ပတ်သက်၍ ဂိုဏ်းကွဲများ၏ အယူအဆများကို စုပေါင်း ဖော်ပြထားခြင်း၊

(စ) ယမိုက်ကျမ်း – သဘောတရားများကို အစုံအစုံသော နည်း ၁၀–မျိုးဖြင့် ဟောကြားတော်မူခြင်း၊

(ဆ) ပဋ္ဌာန်းကျမ်း – လောကကြီးတွင် ဆက်စပ်ဖြစ်ပျက်နေသော အကြောင်းတရား ၂၄–ပါးကို ဖော်ပြခြင်း။

ဤအထက်တွင်ဖော်ပြထားသော **ပိဋကတ်**သုံးပုံပါ ဓမ္မဒေသနာတော် များသည် သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ပြီး မဂ်ဖိုလ်နိဗ္ဗာန်မျက်မှောက်ပြု နိုင်ရေး နည်းလမ်းကောင်းများကို လမ်းညွှန်ပြသပေးထားပါသည်။ ထို့အပြင် မျက်မှောက်ဘဝ၌ အကျိုးပွားများစေပြီး ကျန်းမာရေး၊ ချမ်းသာရေး၊ ကြီးပွားရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေး၊ နေထိုင်စားသောက်ရေး၊ အသိပညာတိုးပွားရေး တို့နှင့် ပတ်သက်၍ လိုက်နာကျင့်သုံးရန် အချက်အလက်၊ အကြံဉာဏ်ကောင်းများ ပြည့်စုံစွာ ဖော်ပြထားပါသည်။ သို့အတွက် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကို ကောင်းမွန်စွာဖြည့်ဆည်းပေးနိုင်သည့်အ တွက် ဗုဒ္ဓဘာသာဝင်များသာမက လူတိုင်းပင် မိမိအကျိုးကျေးဇူးအတွက် လေ့လာသိရှိ ကျင့်ကြံနိုင်ပါသည်။

**ပိဋကတ်**သုံးပုံ၏အချုပ်မှာ သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာပုဒ်သုံးရပ် ဖြစ်ပါသည်။ သီလဆိုသည်မှာ ကိုယ်နှုတ်နှစ်ပါးစောင့်ထိန်း၍ ကိုယ်ကျင့်သိက္ခာကောင်းမွန်အောင် မကောင်းမှုမှ ရှောင်ကြဉ်ခြင်းဖြစ်ပါသည်။ သမာဓိဆိုသည်မှာ မကောင်းသောစိတ်ထားများမှ ကင်းရှင်းပြီး စိတ်ထား ကြည်လင်တည်ငြိမ်ခြင်းဖြစ်ပါသည်။ ပညာဆိုသည်မှာ လောကတွင် အမှန် ဖြစ်ပျက်နေသော သဘာဝတရားများကို ခွဲခြမ်းစိတ်ဖြာ သိရှိနားလည်ခြင်း ဖြစ်ပါသည်။ ဤကျင့်စဉ်သုံးရပ်လုံးသည် လူမျိုးမရွေး၊ ဘာသာမရွေး လက်ခံကျင့်သုံးနိုင်သော ကျင့်စဉ်များဖြစ်ပါသည်။

ထို့အပြင် မြတ်စွာဘုရား၏ ဆုံးမသြဝါဒတရားများကို ချုံးလိုက်လျှင် မကောင်းမှုကိုပယ်ရှားရန်၊ ကောင်းမှုကိုပြုလုပ်ရန်၊ စိတ်ထားဖြူစင်ရန်ဟူသော အချက်သုံးချက်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ တရားတော်၏ အနှစ်ချုပ်ပင် ဖြစ်ပါသည်။ ဤတရားများကို မည်သူမဆို ဝမ်းမြောက်ဝမ်းသာ ယုံကြည်စွာဖြင့် လက်ခံကျင့်သုံးနိုင်ကြပါသည်။



# ဝိနည်းပိဋကတ်

# ဝိနည်းပိဋက

ဝိနည်းပိဋက တော်သည် မြတ်စွာဘုရားသာသနာတော်၏ အသက်ပမာ အရေးကြီးလှသောကြောင့် ပထမသင်္ဂါယနာနှင့်တကွ သံဂါယနာအဆက်ဆက်၌ ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာတင်ကြပါသည်။ သာသနာတော်ဆိုသည်မှာ မြတ်စွာဘုရား၏ အဆုံးအမတရားတော်ဖြစ်ပါသည်။ မြတ်စွာဘုရား၏ တပည့် သာဝကရဟန်းများသည် ဝိနည်းသိက္ခာတော်များကို လိုက်နာကျင့်သုံးခြင်းမပြုပါက ရတနာသုံးပါးတွင်ပါဝင်သည့် သံဃာတော်များ ရှိတော့မည်မဟုတ်ပါ။ မြတ်စွာဘုရား၏ အဆုံးအမတရားတော်များကို သင်ယူပို့ချခြင်း၊ ဟောပြောသာသနာပြုခြင်း လုပ်ငန်းများကို ဆောင်ရွက်မည့်သံဃာတော်များမရှိပါက ဗုဒ္ဓသာသနာ ကွယ်ပျောက်သွားမည်ဖြစ်ပါသည်။ သို့အတွက် မြတ်စွာဘုရားသည် သာသနာတော်အဓွန့်ရှည်ပြီး တည်တံ့ခိုင်မြဲရန်အတွက် တပည့်သားသံဃာတော်များ လိုက်နာကျင့်သုံးရန် ဥပဒေစည်းကမ်းများကို ကရုဏာဖြင့် ပညတ်တော်မူခြင်းဖြစ်ပါသည်။

မြတ်စွာဘုရားပွင့်တော်မူပြီး ဝါတော်(၂၀)အထိ ဝိနည်းသိက္ခာပုဒ်တော်များကို ပညတ်တော်မူခြင်းမရှိခဲ့ပါ။ ထိုကာလအထိ သာသနာ့ဘောင်သို့ဝင်ရောက်လာသည့် အမျိုးကောင်းသားများသည် သံသရာဘေးကိုကြောက်ရွံ့၍ လွတ်မြောက်ရန်အတွက် ကျင့်ကြံအားထုတ်ရန် စစ်မှန်သော သဒ္ဓါတရားများဖြင့် ဝင်ရောက်လာသူများဖြစ်ပါသည်။ သို့အတွက် သံဃာတော်နှင့် မသင့်လျော်သည့် အပြစ်ကျူးလွန်မှုများ မရှိပါ။ သံဃာတော်အပေါင်းသည် အပြစ်ကင်းစင်ဖြူစင်ပြီး အကျင့်သီလနှင့် ပြည့်စုံသောပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

အရှင်သာရိပုတ္တရာက သာသနာတော်အရှည်တည်တံ့ခိုင်မြဲစေရန်အလို့ငှာ ဝိနည်းသိက္ခာပုဒ်တော်များ ပညတ်တော်မူရန် အချိန်တန်ပြီဖြစ်ကြောင်း လျှောက်ထားသောအခါ မြတ်စွာဘုရားက ယခုအချိန်မတန်သေးကြောင်း နောင်ကျူးလွန်မှု

အပြစ်များ ထင်ရှားပေါ်လွင်လာမှ ပညတ်တော်မူမည်ဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။

မြတ်စွာဘုရားသာသနာတော် နှစ်ပေါင်း(၂၀)ကျော် ရှည်ကြာပြီး စည်ပင်ပြန့်ပွားလာရာ ကိုးကွယ်ကြည်ညိုသူ များပြားလာပြီး လာဘ်လာဘများ ပေါများလာပါသည်။ သာသနာ့ဘောင်သို့ လူမျိုးစုံဝင်ရောက်လာရာ ရဟန်းဦးရေများပြားလာပါသည်။ တချို့က ရဟန်းတော်နှင့်မစပ်ဟပ်သည့် ပြောဆိုကျင့်ကြံမှုများ ပြုလုပ်လာပါသည်။ ဝါတော်(၂၀)နောက်ပိုင်းတွင် ကြီးလေးသောအပြစ်ကျူးလွန်သူများ ပေါ်ပေါက်လာသည့်အတွက် ဝိနည်းသိက္ခာပုဒ်များကို ပညတ်တော်မူပါသည်။

မြတ်စွာဘုရားသည် အပြစ်ကျူးလွန်သူများ ပေါ်ပေါက်လာမှသာလျှင် ယင်းကျူးလွန်မှုမျိုး နောက်ထပ်မပေါ်ပေါက်အောင် တားဆီးပိတ်ပင်ရန် အပြစ်ဒဏ်သတ်မှတ်ပြီး သိက္ခာပုဒ်တော်များကို ပညတ်တော်မူပါသည်။ ဤသို့ ပညတ်တော်မူရာတွင် အဦးအစ ပညတ်ချက်ဆိုင်ရာဝတ္ထုအကြောင်း၊ ပြည့်စုံအောင် ထပ်ဆင့်ပညတ်ချက်ဆိုင်ရာဝတ္ထုအကြောင်း၊ မြတ်စွာဘုရားကိုယ်တော်တိုင် မေးမြန်းစစ်ဆေး၍ ဆုံးဖြတ်ချက်ပေးသည့်ဝတ္ထုအကြောင်းဟူ၍ ဝတ္ထုအကြောင်းသုံးကြောင်းဖြင့် သိက္ခာပုဒ်များကို ပြည့်ပြည့်စုံစုံ မည်သို့မျှကြားမဝင်နိုင်အောင် စေ့စပ်ကုံလုံစွာ ပညတ်တော်မူခဲ့ပါသည်။

ပညတ်တော်မူရသော ဝတ္ထုဇာတ်လမ်းကြောင်းများကို လေ့လာပါက ကြေကွဲ ဝမ်းနည်းဖွယ်ရာများကို တွေ့ရပါသည်။ သံဝေဂရဖွယ်များလည်း တွေ့ရပါသည်။ သူတော်သူမြတ်တို့၏ ကြည်ညိုဖွယ်ရာကောင်းသော အကျင့်သိက္ခာများကိုလည်း ဖူးတွေ့ရပါသည်။ အကျင့်သီလ၏ မွန်မြတ်မှုကိုလည်း သိရှိရပါသည်။

ဝိနည်းပိဋက တော်ကို ဖတ်ရှုလေ့လာရသည်မှာ လောကကြီးတွင် ဖြစ်ပျက်တတ်သော အကြောင်းတရားဝတ္ထုဇာတ်လမ်းများကို ဖတ်ရှုနေရသကဲ့သို့ အလွန်ပင်စိတ်ဝင်စားဖွယ်ကောင်းပါသည်။ လူပုဂ္ဂိုလ်များအနေဖြင့် ဖတ်ရှုလေ့လာပါကများစွာအကျိုးရှိပါမည်။ စိတ်ဝင်စားဖွယ်ရာကောင်းလှသော ဝတ္ထုပေါင်း ၂၂၇–ပုဒ်ကို ဖတ်ရှုနေရသကဲ့သို့ဖြစ်ပါသည်။ ဝိနည်းတော်နှင့်အညီ ကျင့်သုံးနေထိုင်ကြသော ရဟန်းတော်များအား ပိုမိုလေးစားကြည်ညိုစိတ် ဖြစ်ပေါ်လာပါလိမ့်မည်။

မြတ်စွာဘုရားပွင့်စဉ်အချိန်အခါ ခေတ်ကာလ၏ လူနေမှုစနစ်၊ စရိုက်၊ ထုံးတမ်းစဉ်လာ၊ ယဉ်ကျေးမှုတို့ကို လေ့လာသိရှိနိုင်ပါလိမ့်မည်။ ထိုခေတ်၏ တိုင်းပြည်အုပ်ချုပ်ပုံဥပဒေအချို့ကို အကဲခတ်နိုင်ပါလိမ့်မည်။ ထို့အပြင် အုပ်ချုပ်

ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးရေးနှင့် လူနေမှုအဆင့်အတန်းများကို ခန့်မှန်းလေ့လာနိုင်ပါလိမ့်မည်။

မြတ်စွာဘုရားသည် ဝိနည်းသိက္ခာပုဒ်တော်များကို ပညတ်ရာ၌ သံဃာတော်များ၏အကျိုးနှင့်ဒါယကာ၊ ဒါယိကာမတို့၏အကျိုးအတွက်ပါ ထည့်သွင်းစဉ်းစားတော်မူခြင်းဖြစ်ကြောင်း အောက်ပါအကျိုးတရား(၁၀)ပါးကို လေ့လာခြင်းအားဖြင့် သိရှိနိုင်ပါသည်။

(၁) သံဃာတော်များ ဝိနည်းကျင့်ဝတ်ကို ကောင်းပါပြီဟု ဝန်ခံလိုက်နာခြင်းအကျိုး၊

(၂) သံဃာတော်များ ချမ်းသာစွာနေရခြင်းအကျိုး၊

(၃) အလဇ္ဇီဒုဿီလရဟန်းဆိုးများကို နှိမ်နင်းနိုင်ခြင်းအကျိုး၊

(၄) သီလကိုချစ်မြတ်နိုးသော ရဟန်းကောင်းများ ချမ်းသာစွာနေနိုင်ခြင်းအကျိုး၊

(၅) ယခုဘဝ၌ ဘေးရန်အန္တရာယ်တို့ကို ကာကွယ်စောင့်ရှောက်နိုင်ခြင်းအကျိုး၊

(၆) နောင်တမလွန်ဘဝ၌ ဘေးရန်အန္တရာယ်တို့ကို ပယ်ရှားနိုင်ခြင်းအကျိုး၊

(၇) သာသနာတော်၌ မကြည်ညိုသေးသူတို့ကို ကြည်ညိုလာစေခြင်းအကျိုး၊

(၈) ကြည်ညိုပြီးသူတို့ကို သဒ္ဓါတရား ထပ်မံတိုးပွားစေခြင်းအကျိုး၊

(၉) သာသနာတော် အရှည်တည်တံ့ခြင်းအကျိုး၊

(၁၀) ဝိနည်း၊ စည်းကမ်း (ကိုယ်ကျင့်သီလ)ကို ချီးမြှောက်ခြင်းအကျိုး၊

မြတ်စွာဘုရား ပညတ်တော်မူခဲ့သော သိက္ခာပုဒ်တော်များကို စုစည်းထုတ်နုတ်လိုက်သောအခါ စုစုပေါင်းသိက္ခာပုဒ် ၂၂၇–သွယ် ရှိပါသည်။ ယင်းတို့ကို ပါတိမောက်ဟုလည်း ခေါ်ဆိုပါသည်။ ဤသိက္ခာပုဒ်များကို လိုက်နာကျင့်ကြံသူသည် ဘေးရန်အန္တရာယ်များ မရှိနိုင်။ အပါယ်ငရဲကျရောက်ရန်လည်း အကြောင်းမရှိ၊ စောင့်ရှောက်ကျင့်သုံးသူကို လွတ်မြောက်စေသည်ဟု အဓိပ္ပာယ်ရှိပါသည်။

ရဟန်းတော်များသည် လပြည့်၊ လကွယ်နေ့တိုင်း တစ်လနှစ်ကြိမ် သိမ်အတွင်းစုဝေး၍ ရဟန်းကျင့်ဝတ်များကို စုပေါင်းရွတ်ဆိုဥပုသ်ပြုကြရပါသည်။ ထိုအချိန်တွင် ရဟန်းတော်တစ်ပါးက ပါတိမောက်ပါဠိကို ရွတ်ဆိုပြပြီး ကျန်ရဟန်းများက နာယူကြရပါသည်။ ဤသည်ကို ပါတိမောက်ပြသည်၊ ဥပုသ်ပြုသည်ဟု ခေါ်ဆိုကြပါသည်။ (ဩဝါဒပါတိမောက်သုံးဂါထာ၏အဓိပ္ပာယ်မှာ ရဟန်းသည် သူတစ်ပါးကို မညှဉ်းဆဲရပါ။ မကောင်းမှုကို မပြုလုပ်ရ၊ ကောင်းမှုကိုပြုလုပ်ရန်နှင့် မိမိ စိတ်ကိုဖြူစင်စေရန်ဟူသော ဤတရားသုံးပါးသည် ဘုရားအဆုံးအမပင်ဖြစ်

ပေသည်။ သူတစ်ပါးအား မစွပ်စွဲခြင်း၊ ရန်ငြိုးမဖွဲ့ခြင်း၊ သိက္ခာတော်များကို စောင့်ထိန်းခြင်း၊ ဆွမ်း၊ အစာအာဟာရ၌ အတိုင်းအရှည်ကိုသိခြင်း၊ ဆိတ်ငြိမ်၍ အစွန်အဖျားကျသော ကျောင်းအိပ်ရာနေရာ၌ နေထိုင်ခြင်း၊ စိတ်တည်ငြိမ်မှု သမာဓိရရှိခြင်း၊ လုံ့လအားထုတ်ခြင်းတို့သည် ဘုရားရှင်တို့၏ အဆုံးအမများဖြစ်ပါသည်။) ဤသို့ ဥပုသ်နေ့၌ ပါတိမောက်နာယူရန်လာသော ရဟန်းများသည် မိမိတို့သိက္ခာအကျင့်များ စင်ကြယ်မှုရှိမရှိ စိစစ်ကြရပါသည်။ စင်ကြယ်ပါက ဝမ်းမြောက်ကြရန်နှင့် မစင်ကြယ်ပါက အပြစ်ကိုဝန်ခံ၍ ဝိနည်းတော်အတိုင်း ကုစားအာပတ်ဖြေကြရပါသည်။ ဤသို့ လပြည့်၊ လကွယ်နေ့တိုင်း သံဃာအစည်းအဝေးကိုခေါ်ယူပြီး ပါတိမောက်ရွတ်ဆိုပြခြင်းမှာ သံဃာတော်တို့၏ သီလစင်ကြယ်မှုကို စိစစ်စောင့်ထိန်းသည့် အကောင်းဆုံးစနစ်ဖြစ်ပါသည်။

သိက္ခာပုဒ်များကို အပြစ်ကြီးငယ်အလိုက် အောက်ပါအတိုင်း သတ်မှတ်စီစဉ်ထားသည်ကို တွေ့ရပါသည်။

| | | |
|---|---|---|
| (၁) | ပါရာဇိကသိက္ခာပုဒ် | ၄ ပါး |
| (၂) | သံဃာဒိသိသ်သိက္ခာပုဒ် | ၁၃ ပါး |
| (၃) | အနိယတ သိက္ခာပုဒ် | ၂ ပါး |
| (၄) | နိဿဂ္ဂိပါစိတ် သိက္ခာပုဒ် | ၃၀ ပါး |
| (၅) | သုဒ္ဓပါစိတ် သိက္ခာပုဒ် | ၉၂ ပါး |
| (၆) | ပါဋိဒေသနီ သိက္ခာပုဒ် | ၄ ပါး |
| (၇) | သေခိယ သိက္ခာပုဒ် | ၇၅ ပါး |
| (၈) | အဓိကရဏ သမထ | ၇ ပါး |

သိက္ခာပုဒ်အားလုံးမှာ အကျင့်သီလနှင့် ဟိရိဩတ္တပ္ပတရားများကို အခြေခံထားကြောင်း တွေ့ရပါသည်။ ရဟန်းတော်များ၊ ဒါယကာ၊ ဒါယိကာမများနှင့် ဆက်ဆံရေး၊ ကျောင်း၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ဆေး၊ စားမှုသောက်မှုနှင့် ပစ္စည်းသုံးစွဲရေးနှင့် ပတ်သက်၍ ကျင့်ကြံရမည့်အချက်အလက်များ၊ သွားလာနေထိုင်ပြောဆိုရာတွင် အကျင့်သိက္ခာနှင့် ပြည့်စုံပြီး ကြည်ညိုဖွယ်ရာဖြစ်အောင် လမ်းညွှန်ချက်များ စသည့် အကျင့်သီလနှင့်ပတ်သက်၍ ဟာကွက်မရှိအောင် သွန်သင်ပညတ်တော်မူထားခဲ့ပါသည်။ ပညတ်တော်မူထားသည်များကို ဖောက်ဖျက်ကျူးလွန်ပါက ကျရောက်မည့်အပြစ်များကိုလည်း သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့ပါသည်။ အာပတ်ဟုခေါ်သော အပြစ်(၇)မျိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| (၁) ပါရာဇိကအာပတ် | ရဟန်းဘဝမှ ဆုံးရှုံးရသောအပြစ်၊ |
| (၂) သံဃာဒိသိသ်အာပတ် | ရဟန်းအပါး(၂၀)အထိ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးမှ ကုစား၍ရသောအပြစ်၊ |
| (၃) ထုလ္လစ္စဥ်းအာပတ် | သံဃာဒိသိသ်အောက် အကြီးဆုံးအပြစ်၊ |
| (၄) ပါစိတ်အာပတ် | ကုသိုလ်စိတ်မှ လျှောကျစေသောအပြစ်၊ |
| (၅) ပါဋိဒေသနီအာပတ် | သီးခြားဒေသနာ ကြားရသောအပြစ်၊ |
| (၆) ဒုက္ကဋ်အာပတ် | မကောင်းသောလုပ်ဆောင်ချက်အပြစ် လူအများ ကဲ့ရဲ့ဖွယ်အပြစ်၊ |
| (၇) ဒုဗ္ဘာသိအာပတ် | မကောင်းသောပြောဆိုမှုအပြစ် လူအများကဲ့ရဲ့ဖွယ်အပြစ်၊ |

အကြီးလေးဆုံးသောအပြစ်မှာ ပါရာဇိကအာပတ်ပင်ဖြစ်ပါသည်။ ဤအပြစ်များကို ကျူးလွန်ပါက ရဟန်းအဖြစ်နှင့် ဆက်လက်နေထိုင်၍မရတော့ဘဲ ဆုံးရှုံးသွားရပါသည်။ ဤအပြစ်တို့မှာ မေထုန်မှီဝဲခြင်း၊ မပေးသောပစ္စည်းကို ခိုးယူခြင်း၊ လူသတ်ခြင်း၊ ဈာန်မဂ်ဖိုလ်တရားမရရှိဘဲ ရရှိသည်ဟု လိမ်လည်ပြောဆိုခြင်းတို့ဖြစ်ပါသည်။ ဤသည်တို့ကား လုံးဝကုစားမရသောအပြစ်များ ဖြစ်ပါသည်။

ဒုတိယအကြီးဆုံးသောအပြစ်များမှာ လွှတ်လိုသော စေတနာနှင့် သုက်လွှတ်ခြင်း၊ အမျိုးသမီးများနှင့် ကိုယ်လက်နှီးနှောခြင်း၊ အယုတ်တမာပြောဆိုခြင်း၊ မေထုန်အလှူခံခြင်း၊ အောင်သွယ်ခြင်း၊ အတောင်း အရမ်းများလွန်းခြင်း၊ သစ်ပင်ခုတ်ဖြတ်ခြင်း၊ တစ်ပါးသောရဟန်းအား ပါရာဇိက အာပတ်ဖြင့် မတရားစွပ်စွဲခြင်း၊ တိရစ္ဆာန်များကို ဆင်တူယိုးမှားအမည်ပေး၍ ရဟန်းတော်အား ပါရာဇိကအာပတ်သင့်သည်ဟု မတရားစွပ်စွဲခြင်း၊ သံဃာသင်း ကွဲအောင်ပြုလုပ်ခြင်း၊ သံဃာခွဲသူ၏နောက်လိုက်ပြုခြင်း၊ ဆိုဆုံးမသည်ကို မနာခံခြင်း၊ ဒါယကာ၊ ဒါယိကာမတို့၏သဒ္ဓါတရားကို ဖျက်ဆီးခြင်းဟူသော အကြောင်းအချက်များဖြစ်ပြီး ယင်းတို့ကို ကျူးလွန်မိပါက သံဃာဒိသိသ်အာပတ်သင့်ပါသည်။ ထိုသို့သင့်လျှင် အပြစ်ကို ကုစားရာ၌ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးတွင် သံဃာများပါဝင်ရန် လိုအပ်ပါသည်။ အပြစ်ကို သံဃာအစုအဝေးရှေ့တွင် ဖွင့်ဟဝန်ခံပြောဆိုပြီး သံဃာတော်များ၏ ဆိုဆုံးမမှုဖြင့် ဒဏ်သားရဟန်းအဖြစ် ဝတ်ဆောက်တည်ရပါသည်။ ထို့နောက် သံဃာအပါး(၂၀)ကျော်ပါဝင်သည့် အစည်းအဝေးက သံဃာ့ဘောင်သို့ ပြန်လည်သွတ်သွင်းရန်သဘောတူမှ အာပတ် အပြစ်ဒဏ်ပြေပါသည်။

ကျန်သောအာပတ်(၅)မျိုးတို့ကို ကျူးလွန်ပါက ရဟန်းတစ်ပါး၊ နှစ်ပါးတို့ ထံပါးတွင် ဖွင့်ဟဝန်ခံ၍ နောက်တစ်ဖန်မကျူးလွန်ပါဟု ကတိပြုပါလျှင် အပြစ် အာပတ်ပပျောက်သွားနိုင်ပါသည်။ ဤသို့ တစ်ပါးနှင့်တစ်ပါး အပြစ်ဝန်ခံပြောဆိုခြင်း ကို ဒေသနာကြားသည်ဟု ခေါ်ဆိုပါသည်။

အပြစ်များပြေပျောက်ရန် ကုသနည်းတွင် ရိုးရိုးသားသား မိမိအပြစ်ကို ရဲရဲ ပွင့်လင်းစွာဝန်ခံခြင်းသည် အဓိကဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဓိကအားဖြင့် တစ်ကြိမ်တစ်ခါမှားယွင်းမိသူသည် နောက်တစ်ခါမကျူးလွန်မိအောင် သစ္စာကတိ ပြုခြင်းပင်ဖြစ်ပါသည်။ ဟီရိဩတ္တပ္ပတရားတည်းဟူသော လောကပါလတရားနှစ် ပါးအပေါ်တွင် ပညတ်တော်များ အခြေတည်ထားပါသည်။ သို့အတွက် ဝိနည်း တော်သည် လောကကြီး၏ မွန်မြတ်သော ယဉ်ကျေးမှုကျင့်ဝတ်တရားဥပဒေကြီး ပင်ဖြစ်ပါသည်။ ဆို့ကြောင့် ကမ္ဘာပေါ်တွင် နှစ်ပေါင်း(၂၅၀၀)ကျော် အရှည်ကြာ ဆုံးသောဥပဒေတော်ကြီး ဖြစ်လာပါသည်။

၂၂၇-သွယ်သော ရဟန်းတို့ကျင့်ဖွယ် သိက္ခာပုဒ်များကို အများသိသာ ကြည်ညိုနိုင်ရန်အတွက် အကျဉ်းချုံး၍ ဆက်လက်ဖော်ပြသွားပါမည်။ အရေးကြီး သောသိက္ခာပုဒ်များကို ဖြစ်ပေါ်လာရသည့် အကြောင်းဝတ္ထုများနှင့်တကွ တင်ပြ သွားပါမည်။ ဤဝိနည်းတော်ကိုရေးသားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ရေးသားစီစဉ်ထုတ်ဝေသည့် "ရဟန်းကျင့်ဖွယ် ၂၂၇-သွယ်"စာအုပ်ကို မှီငြမ်း၍ အကျဉ်းချုပ်ရေးသားတင်ပြ ခြင်းဖြစ်ပါသည်။

ဝိနည်းပိဋက တော်များကို သံဂါယနာတင်ရာတွင် ဘိက္ခုဝိဘင်္ဂ၊ ဘိက္ခုနီ ဝိဘင်္ဂ၊ မဟာဝဂ္ဂ၊ စူဠဝဂ္ဂ၊ ပရိဝါရ ဟူ၍ အပိုင်း(၅)ပိုင်းခွဲ၍ တင်ပါသည်။ ၎င်း အပိုင်း(၅)ပိုင်းကို ကျမ်းစာအားဖြင့် ခွဲဝေလိုက်သောအခါ ဝိနည်းပိဋက တော် ဆိုင်ရာ ကျမ်း(၅)ကျမ်း ဖြစ်ပေါ်လာပါသည်။

(က) ပါရာဇိကပါဠိတော် - ရဟန်းတော်များအတွက် သိက္ခာပုဒ် ၄၉ ပါး ပါရှိခြင်း၊

(ခ) ပါစိတ်ပါဠိတော် - ရဟန်းတော်များအတွက် သိက္ခာပုဒ် ၁၇၈ ပါးနှင့် ဘိက္ခုနီတို့အတွက် သိက္ခာပုဒ် ၃၁၁ ပါး ပါရှိခြင်း၊

(ဂ) မဟာဝါပါဠိတော် - သံဃာများလိုက်နာရမည့် ကျင့်ဝတ်များ၊ လုပ်နည်းလုပ်ဟန်များကို ဖော်ပြထားခြင်း၊

(ဃ) စူဠဝါပါဠိတော် – သံဃာအဖွဲ့နှင့် ပတ်သက်သောစည်းမျဉ်း ဥပဒေတို့ကို ဖော်ပြထားခြင်း၊

(င) ပရိဝါရ – ဝိနည်း၊ သိက္ခာပုဒ်တို့ကို အကျဉ်းချုပ် ပြုစုထားခြင်း၊

ပါရာဇိကကျမ်းနှင့် ပါစိတ်ကျမ်း ၂–ကျမ်းတို့တွင် ရဟန်းယောကျ်ားတို့ ကျင့်အပ်သော ၂၂၇–သွယ်သော သိက္ခာပုဒ်တို့နှင့် ရဟန်းမိန်းမတို့ကျင့်အပ်သော ၃၀၄–ပါးသော သိက္ခာပုဒ်တို့ကို အပြည့်အစုံဖော်ပြထားပါသည်။ ကျန်သော ကျမ်း(၃)ကျမ်းတို့တွင် သံဃာများလိုက်နာရမည့် ကျင့်ဝတ်များ၊ လုပ်နည်းလုပ်ဟန်များ၊ သံဃာ့အဖွဲ့နှင့် ပတ်သက်သော စည်းမျဉ်းဥပဒေများ စသည့်ဝိနည်းဆိုင်ရာကျင့် ဝတ်တို့ကို စုံလင်စွာဖော်ပြထားပါသည်။ ယခု သိက္ခာပုဒ် ၂၂၇–ပုဒ်ကို တစ်ပုဒ် ချင်းအကျဉ်းချုံး၍ ကဏ္ဍအလိုက် ရေးသားဖော်ပြသွားပါမည်။

## (က) ပါရာဇိကကဏ္ဍ

**(၁) ပထမပါရာဇိကသိက္ခာပုဒ်** – မေထုန်မှီဝဲခြင်းမှ တားမြစ်သည့်သိက္ခာပုဒ်

ဤသိက္ခာပုဒ်ကို သာသနာ့ဘောင်ဝင်ခွင့်ရရှိရန် မိဘများ၏ ခွင့်ပြုချက်ကို ခက်ခက်ခဲခဲ တောင်းပန်ရရှိပြီး ရဟန်းပြုသည့် ရှင်သုဒိန်ကို အကြောင်းပြု၍ ပညတ်တော်မူခြင်းဖြစ်ပါသည်။ မိခင်ဖြစ်သူက အမွေခံသားမြေးရရှိနိုင်ရန်အတွက် သားမျိုးစေ့ပေးရန် အကြိမ်ကြိမ် တောင်းပန်သဖြင့် ရှင်သုဒိန်သည် ထိုစဉ်ကဤသိက္ခာပုဒ်ကို ပညတ်မူ မရှိသေးသောကြောင့် အပြစ်မရှိဟု ထင်မြင်ယူဆပြီး ဇနီးဟောင်းကို သုံးကြိမ်တိုင် မေထုန်ပြုကျင့်ခဲ့ပါသည်။ ဤသည်ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် ရှင်သုဒိန်ကို ကဲ့ရဲ့ရှုတ်ချ၍ ပထမပါရာဇိကပုဒ်ကို ပညတ်တော်မူပါသည်။

**(၂) ဒုတိယပါရာဇိကသိက္ခာပုဒ်** – သူတစ်ပါးပစ္စည်းကို ခိုးယူလုယက် ခြင်းမှ တားမြစ်သည့် သိက္ခာပုဒ်

ရာဇဂြိုဟ်ပြည်တွင် ရှင်ဓနိယက ဗိမ္ဗိသာရမင်းကြီး၏ သစ်များကို အလှူခံခြင်းမပြုဘဲ၊ ခွင့်ပြုချက်မရယူဘဲ ကျောင်းဆောက်ရာတွင် ယူငင်အသုံးပြုသောကြောင့် အရှင်မပေးသော သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူခြင်းမပြုရဟု ဒုတိယ ပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူ

ပါသည်။ ရဟန်းသည် တစ်မတ်တန်ပစ္စည်းကို ခိုးယူလျှင် ပါရာဇိကကျ သင့်ပါသည်။ ဝိနည်းပါဠိတော်နှင့် အဋ္ဌကထာကျမ်းများ၌ ခိုးယူသည့် ပစ္စည်း၊ အချိန်ကာလ၊ နေရာဒေသ အခြေအနေနှင့် ခိုးပုံခိုးနည်း များအရ ခိုးခြင်း(၂၅)ပါးကို ခွဲခြားရေတွက် ဖော်ပြထားသည်မှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပါသည်။

(၃) **တတိယပါရာဇိကသိက္ခာပုဒ်** – လူသတ်ခြင်းကို တားမြစ်သည့် သိက္ခာပုဒ်

မြတ်စွာဘုရားသည် မဂဒါဝုန်တောဌ ရဟန်းတော်တို့အား အသုဘ ကမ္မဋ္ဌာန်း ပွားများခြင်း ဂုဏ်ကျေးဇူးကို ဟောတော်မူပြီး (၁၅)ရက် လုံးလုံး ကိုယ်တော်တစ်ပါးတည်း ကိန်းအောင်းနေတော်မူပါသည်။ ထိုစဉ် အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ကြသောရဟန်းတို့သည် မိမိတို့ခန္ဓာကိုယ်ကို အလွန်ပင်ရွံရှာစက်ဆုပ်လှသည်ဖြစ်၍ မိမိကိုယ်ကို မိမိ သတ်သေခြင်း၊ အချင်းချင်း သတ်သေစေခြင်းတို့ကို ပြုလုပ်ကြပါ သည်။ ဤသည်ကို အကြောင်းပြု၍ မိမိကိုယ်မိမိ သတ်သေခြင်းနှင့် လူသတ်ခြင်းမပြုရဟု တတိယပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူ ပါသည်။ ထို့နောက် နိဗ္ဗာန်ရရန် အခြား သင့်လျော်သော တရား ဟောရန် ရှင်အာနန္ဒာ၏ လျှောက်ထားချက်အရ အာနာပါနကမ္မဋ္ဌာန်း ပွားများနည်းကို ဟောကြားတော်မူပါသည်။ ဤသိက္ခာ ပုဒ်ပြည့်စုံ စေရန်အတွက် ထပ်ဆင့်ပညတ်ချက်များ ပညတ်တော်မူရပါသည်။ အချုပ်အားဖြင့် လူဇာတ်ရှိခြင်း၊ သတ္တဝါမှန်းသိခြင်း၊ သတ်လိုသော စိတ်ရှိခြင်း၊ လုံ့လစိုက်ခြင်း၊ ထို့ကြောင့် သေခြင်းဟူသော အင်္ဂါ ငါးပါးနှင့် ပြည့်စုံလျှင် ပါရာဇိက အာပတ်သင့်ပါသည်။

(၄) **စတုတ္ထပါရာဇိကသိက္ခာပုဒ်** – ဈာန်မဂ်ဖိုလ်တရားထူး မရဘဲ ရလေဟန် လိမ်လည်ဝါကြွားပြောဆိုခြင်းမှ တားမြစ်သည့် သိက္ခာပုဒ်။ ဝဇ္ဇီတိုင်းတွင် ငတ်မွတ်ခေါင်းပါးသော ကြုံတွေ့ခဲ့ရသောတစ်ချိန်၌ ရဟန်းများ ဆွမ်းခံ၍ စားသောက်နေထိုင်ရန် အခက်အခဲကြုံတွေ့ရ ပါသည်။ သို့အတွက် ဆွမ်းများအလွယ်တကူရရှိ၍ စားဝတ်နေရေး အဆင်ပြေစေရန် အလို့ငှာ ဤရဟန်းတော်သည် သောတာပန် ဖြစ်သည်၊ ရဟန္တာဖြစ်သည် စသည်ဖြင့် ဈာန်၊ မဂ်ဖိုလ် တရားမရ ရှိဘဲလျက် လူများအထင်ကြီးရန် တစ်ပါး၏ဂုဏ်ကို အခြားတစ်ပါးက လူထုအား သိရှိအောင် ဝါကြွား မြှောက်ပင့်ပြောဆိုကြပါသည်။

လူထုသည် အလွန်ကြည်ညိုကြ၍ သားသမီးနှင့် မိဘကိုပင် မကျွေး ရက်သော အစားအစာများကို လှူဒါန်းကြပါသည်။ ဤအကြောင်း ကြောင့် ကြွားဝါလိုသောစိတ်ဖြင့် ဈာန်၊ မဂ်ဖိုလ် မရရှိဘဲနှင့် ရရှိသည်ဟု ရဟန်းက ပြောကြားလျှင် ပါရာဇိကကျသည်ဟု စတုတ္ထ ပါရာဇိကကို ပညတ်တော်မူသည်။

## (ခ) သံဃာဒိသေသကဏ္ဍ

### (၅) သုက္ကဝိသဋ္ဌိ သိက္ခာပုဒ် – သုက်လွှတ်စေမှု

ရဟန်းဘောင်တွင် မပျော်မပိုက်ဖြစ်နေသော အရှင်သေယျသကသည် ၎င်း၏ ဥပဇ္ဈာယ်ဆရာ အရှင်ဥဒါယီ၏ အကြံပေးချက်အရ မှန်မြတ်သော ခံဖွယ်သောဇဉ်တို့ကို သုံးဆောင်၍ ချမ်းသာစွာ စိတ်တိုင်းကျ အိပ်စက်သည်။ အင်အားပြည့်ဖြိုး ကိလေသာစိတ် နိုးကြားထကြွလာသောအခါ အင်္ဂါဇာတ်ကို လက်ဖြင့်သပ်၍ သုက်ကို လွှတ်စေပါသည်။ အရှင်သေယျသကသည် ဤသို့ စိတ်တိုင်းကျ ပျော်ရွှင်ချမ်းမြေ့စွာ စားသောက်နေထိုင်ရသောကြောင့် ကိုယ်ခန္ဓာ ပြည့်ဖြိုးပြီး ကြည်လင်သော အဆင်းနှင့် ပြည့်စုံလာပါသည်။ ဤသည်ကို အကြောင်းပြု၍ လွှတ်လိုသော စေတနာနှင့် ဝီရိယ စိုက်ကာ သုက်လွှတ်ပါက သံဃာဒိသိသ်အပြစ် အာပတ်သင့်ကြောင်း ပညတ်တော်မူပါသည်။

### (၆) ကာယသံသဂ္ဂ သိက္ခာပုဒ် – ကိုယ်လက်နှီးနှောခြင်း

အရှင်ဥဒါယီသည် ၎င်း၏ တောကျောင်းကို လှလှပပတည်ဆောက်ပြီး သားသားနားနား ပြင်ဆင် ခင်းကျင်းထားပါသည်။ လူအများ လာရောက် ကြည့်ရှုရာတွင် ပုဏ္ဏားဇနီး ခင်ပွန်း နှစ်ဦးတို့ ပါရှိပါ သည်။ ပုဏ္ဏားက ရှေ့မှသွား၍ လှည့်လည်ကြည့်ရှုစဉ် နောက်မှ လိုက်လာသော ပုဏ္ဏေးမ ကိုယ်အင်္ဂါကို စွဲကိုင်ကာ သုံးသပ်ပါသည်။ ဤသည်ကို ပုဏ္ဏေးမက လင်ယောကျ်ားအား တိုင်ကြားရာ လင် ယောကျ်ား ပုဏ္ဏားက ရဟန်းများအား များစွာကဲ့ရဲ့ပြစ်တင်ပါသည်။ သို့အတွက် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းဖြစ်ပါသည်။ ရဟန်းသည် မာတုဂါမနှင့် မရိုးမသားသောစိတ်ဖြင့် ကိုယ်လက် နှီးနှောခြင်း၊ လက်ကိုဆွဲခြင်း၊ အင်္ဂါကြီးငယ်တစ်ခုခုကို သုံးသပ် စွဲကိုင်ခြင်း၊ ဆံထုံး၊ ဆံပင်တို့ကို ကိုင်ဆွဲခြင်းပြုလျှင် သံဃာဒိသိသ် အပြစ် အာပတ်သင့်သည်ဟု ပညတ်ထားပါသည်။

(၇) **ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်** – ညစ်ညမ်းစကားပြောဆိုမှု

အရှင်ဥဒါယီသည်မင်း ၎င်း၏ကျောင်းသို့ လာရောက်ကြည့်ရှုကြသော မိန်းမ များအား ရဟန်းနှင့်မစပ်ဟပ်သော ရုန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုပါသည်။ အချို့သောမိန်းမများမှာ အင်္ဂါဇာတ်လှကြောင်း၊ တင်ပါးလှကြောင်း ချီးကျူးပါသည်။ အချို့သော မိန်းမများမှာ အင်္ဂါဇာတ်မလှကြောင်း၊ တင်ပါးမလှကြောင်း ကဲ့ရဲ့ ပါသည်။ ထိုညစ်ညမ်းသော စကားများကို အရှက်မရှိသော မိန်းမ များက ရယ်မောသဘောကျပါသည်။ အရှက်အကြောက်ရှိသော အမျိုးကောင်း မိန်းမတို့က နှစ်သက်မှုမရှိကြဘဲ အခြားရဟန်းများ ထံသို့ သွား၍ ရက်ဖွယ်ကောင်းလှကြောင်းလျှောက်ထားတိုင်ကြား ပါသည်။ ဤသို့ ဖောက်ပြန်သော စိတ်ဖြင့် မာတုဂါမတို့အား မေထုန်နှင့်စပ်သော ညစ်ညမ်းသော စကားတို့ဖြင့် ရုန့်ရင်းစွာ ပြောဆိုလျှင် ထိုရဟန်းအား သံဃာဒိသိသ်အပြစ် အာပတ်သင့် သည်ဟု ပညတ်ပါသည်။

(၈) **အတ္တကာမ သိက္ခာပုဒ်** – မေထုန်အလှူခံမှု

အရှင်ဥဒါယီပင် မုဆိုးမထံမှ ပစ္စည်းလေးပါးတို့သည် ငါတို့အား ရလွယ်ပါ၏။ တတ်စွမ်းနိုင်ပါ၏။ ငါတို့အား မေထုန်ကို လှူပါဟု အလှူခံပါသည်။ မိန်းမက သဘောတူ၍ အဆင်သင့်စောင့်နေသော အခါ၌ ရွံစရာကြီးကို ဘယ်သူထိတွေ့ချင်ပါလိမ့်မလဲဟု ပြောဆို ထွက်ခွာသွား၍ မုဆိုးမက ၎င်းအား မကျေမနပ် ပြစ်တင်ရှုတ်ချ ပါသည်။ ဤအကြောင်းကိုကြားသိ၍ မရိုးသားသော စိတ်ဖြင့် မာတုဂါမထံမှ မိမိအတွက် ကာမပြုလုပ်စေခြင်း အကျိုးကျေးဇူးကို ပြောကြားလျှင် သံဃာဒိသိသ်အပြစ် အာပတ်သင့်သည်ဟု ပညတ် ပါသည်။

(၉) **သဉ္စရိတ္တသိက္ခာပုဒ်** – အောင်သွယ်ပြုခြင်း

အရှင်ဥဒါယီပင် သာဝတ္ထိမြို့၌ ဟူးရားကတော်၏သမီးနှင့် အာဇီဝကတက္ကတွန်း၏ တပည့်နှင့် အောင်သွယ်ပေးပြီး ထိမ်းမြား လက်ထပ်ရန် စီမံပေးခဲ့ပါသည်။ ထို့နောက် သမီးအား ကျွန်မအဖြစ် အသုံးပြုခံနေရကြောင်း ကြားသိရသဖြင့် မိခင်က ပြန်ခေါ်ပေးရန် အရှင်ဥဒါယီကို ပြောကြားသော်လည်း ဘာမျှ လုပ်မပေးနိုင်ဖြစ်နေ ပါသည်။ ထို့ကြောင့် ဟူးရားကတော်က အရှင်ဥဒါယီကို ကျိန်ဆဲ

ပါသည်။ ဤသည်ကိုအကြောင်းပြု၍ ရဟန်းသည် ယောကျ်ားနှင့် မိန်းမတို့ကို အဆက်အသွယ် လင်မယားဖြစ်စေရန် အောင်သွယ်ပေးလျှင် သံဃာဒိသိသ် အာပတ်သင့်သည်ဟု ပညတ်ပါသည်။

(၁၀) **ကုဋိကာရသိက္ခာပုဒ်** –ကိုယ်တိုင်ပမာဏလွန်သောကျောင်းငယ်ကို ဆောက်လုပ်၍ ဒါယကာတို့ကို တောင်းခြင်း

အာဠဝီတိုင်းသား ရဟန်းတို့သည် မိမိတို့နေထိုင်ရန် ကျောင်းကို ဖြစ်သင့်သည့် အရွယ်ပမာဏထက် ကြီးမားစွာတည်ဆောက်မိသောကြောင့် မပြီးစီးနိုင်ဘဲရှိရာ မြို့ရွာအတွင်းသို့ လှည့်လည်၍ အလှူများခံယူကြပါသည်။ ရဟန်းများ၏ အတောင်းအရမ်း အလှူခံမှု ထူပြောလာသောကြောင့် လူများသည် ရဟန်းများထံမှ တိမ်းရှောင်ပုန်းအောင်းနေကြပါသည်။ ဤအဖြစ်အပျက်ကို အကြောင်းပြု၍ ဒါယကာမရှိဘဲ အုတ်၊ တိုက်ကျောင်းကို ရှိသင့်သည့်ပမာဏထက် ကျော်လွန်၍ တည်ဆောက်ပါလျှင် သံဃာဒိသိသ် အာပတ်သင့်သည်ဟု ပညတ်ပါသည်။

(၁၁) **မဟလ္လကဝိဟာရ သိက္ခာပုဒ်** – ကျောင်းဆောက်လို၍ သစ်ပင်ခုတ်စေမှု

ကောသမ္ဗီမြို့တွင် အရှင်ဆန္နက ကျောင်းဆောက်ရန်နေရာ ရှင်းလင်းသည့်အခါ လူအများကိုးကွယ်ထားသော စေတီနတ်ကွန်းဟုသတ်မှတ်ထားသည့် သစ်ပင်ကို ခုတ်ဖြတ်စေသည်။ ထိုအခါ လူအများက အရှင်ဆန္နအား ကဲ့ရဲ့ပြစ်တင်ပါသည်။ ဤသို့သံဃာတို့အား ကျောင်းနေရာ ညွှန်ပြဖို့ရန်မပင့်ဆောင်ဘဲ ကြီးမားကောင်းမွန်သော ကျောင်းကို တည်ဆောက်ရန် နတ်ကွန်းသစ်ပင်ကို ခုတ်ဖြတ်ပါလျှင် သံဃာဒိသိသ် အာပတ်သင့်သည်ဟု ပညတ်ပါသည်။

(၁၂) **ဒုဋ္ဌဒေါသသိက္ခာပုဒ်** – ပါရာဇိကဲဖြင့် အကြောင်းမဲ့ဖျက်ဆီးစွပ်စွဲမှု

ရာဇဂြိုဟ်မြို့၌ မေတ္တိယဘုမ္မဇကရဟန်းတို့က (၇)နှစ်အရွယ်ကပင် ရဟန္တာဖြစ်ခဲ့သည့် အရှင်ဒဗ္ဗအား မနှာလို ရန်ငြိုးထားကာ ၎င်းတို့၏ တပည့်မ မေတ္တိယာဘိက္ခုနီမကို အရှင်ဒဗ္ဗအား ပါရာဇိကအာပတ်ဖြင့် အစွပ်စွဲခိုင်းကြပါသည်။ မြတ်စွာဘုရားရှင်က အမှန်တရား ပေါ်ပေါက်အောင် စစ်ဆေး မေးမြန်းတော်မူပြီး အခြေအမြစ် မရှိဘဲ သက်သက်အရှက်တကွဲဖြစ်အောင် ဒေါသစိတ်ဖြင့် သာသနာတော်မှ လူထွက်စေလို၍ စွပ်စွဲလျှင် စွပ်စွဲသူ ရဟန်းအား သံဃာဒိသိသ်အာပတ်သင့်စေဟု ပညတ်တော်မူပါသည်။

**(၁၃) ဒုတိယဒုဋ္ဌဒေါသ သိက္ခာပုဒ်** – အရှင်ဒဗ္ဗကို ပါရာဇိကဖြင့်စွပ်စွဲမှု

မေတ္တိယဘုမ္မဇကရဟန်းတို့သည် ပထမအကြိမ်၌ အရှင်ဒဗ္ဗကို ပါရာဇိကဖြင့် စွပ်စွဲရာတွင် အရှုံးကြီးရှုံးနိမ့်ခဲ့ပါသည်။ ဆိတ်ဖိုနှင့် ဆိတ်မ မေထုန်မှီဝဲနေသည်ကို တွေ့ရှိကြ၍ ဆိတ်ဖိုကို "ဒဗ္ဗ"၊ ဆိတ်မကို "မေတ္တိယာ"ဟု အမည်ပေးကြပြီးလျှင် ဒဗ္ဗနှင့် မေတ္တိယာတို့ မေထုန်အမှုပြုကြသည်ဟု ပြောဆိုကြကာ အရှင်ဒဗ္ဗအား ဒုတိယ အကြိမ် ပါရာဇိကအာပတ်ဖြင့် စွပ်စွဲကြပြန်ပါသည်။ မြတ်စွာ ဘုရားသည် သံဃာတော်အားလုံးကို စုဝေးစေပြီး စစ်ဆေးမေးမြန်း တော်မူရာ မေတ္တိယဘုမ္မဇကရဟန်းတို့က မတရား စွပ်စွဲကြောင်း တွေ့ရှိရသဖြင့် ၎င်းတို့အား ပြစ်တင် ရှုတ်ချတော်မူပြီး ဤသိက္ခာပုဒ်ကို ပညတ်တော်မူပါသည်။ ဤသို့ စွပ်စွဲသူ ရဟန်းအား သံဃာဒိသိသ် အာပတ်သင့်စေဟု ပညတ်တော်မူပါသည်။

**(၁၄) သံဃဘေဒကသိက္ခာပုဒ်** – သံဃာသင်းခွဲမှု

ဒေဝဒတ်ရဟန်းသည် သူ၏အပေါင်းအပါရဟန်းများနှင့် ညှိနှိုင်း တိုင်ပင်၍ မြတ်စွာဘုရားခွင့်မပြုမည့် အချက်(၅)ချက်ကို လျှောက် ထားတောင်းဆိုပါသည်။ ၎င်းတို့မှာ –

တစ်သက်လုံး တောကျောင်းတွင်နေရန်၊

လှည့်လည်ဆွမ်းခံစားရန်၊

လူတို့စွန့်ပစ်ထားသော အဝတ်သင်္ကန်းကိုသာ ဝတ်ရုံရန်၊

သစ်ပင်ရင်းတွင်သာ နေထိုင်ကျင့်သုံးရန်၊

သားငါးရှောင်ရန်တို့ ဖြစ်ပါသည်။

သံဃာနှင့် ဒါယကာဒါယိကာမအကျိုးအတွက် မြတ်စွာဘုရားသည် ၎င်း၏ တောင်းဆိုချက်များကို လက်မခံသောအခါ ဒေဝဒတ်တို့ အဖွဲ့က မြတ်စွာဘုရား ခွင့်မပြုသော်လည်း ၎င်းတို့သည် ထိုအကျင့် (၅)မျိုးကို ကျင့်ကြံကြမည်ဟု လူသိရှင်ကြားကြေညာပြီး သံဃာဂိုဏ်း ကွဲအောင်၊ ဘုရားရှင်အာဏာတော်စက် ပျက်ပြားအောင် ကြိုးစား အားထုတ်ပါသည်။ အကြံပက်စက်သော ဒေဝဒတ်ကို အကြောင်းပြု၍ သံဃာသင်းခွဲရန် ကြံဆောင်ကြိုးစားသော ရဟန်းသည် သံဃာ ဒိသိသ်အာပတ်သင့်သည်ဟု ပညတ်တော်မူပါသည်။

(၁၅) **ဘေဒါနုဝတ္တကသိက္ခာပုဒ်**–သံဃာသင်းခွဲခြင်းကို အားပေးနောက်လိုက် ပြုလုပ်မှု

ရှင်ဒေဝဒတ်က သံဃာသင်းခွဲရန် ကြိုးစား ပြုလုပ်ရာတွင် ၎င်းဘက်မှ လိုက်ပါ၍ ပူးပေါင်း ဆောင်ရွက်ပြောဆိုကြသော အရှင်ကောကာလိက စသောရဟန်းများကိုအကြောင်းပြု၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူပါသည်။ ဤသို့ သံဃာသင်းခွဲသော ရဟန်း၏ဘက်သို့ လိုက်ပါသော ရဟန်းသည် သံဃာတော်များက ဤသို့မလိုက်ပါသင့်ကြောင်း သုံးကြိမ်တိုင် ကမ္မဝါစာဖတ်ကာ ဆုံးမတားမြစ်သော်လည်း ၎င်း၏ပြုမှုအယူအကျင့်ကို မစွန့်လျှင် သံဃာဒိသိသ်အပြစ် အာပတ်သင့်ပါသည်။

(၁၆) **ဒုဗ္ဗစသိက္ခာပုဒ်** – အတူနေရဟန်းများ၏ ဆိုဆုံးမချက်ကို မလိုက်နာမှု

ဘုရားအလောင်းတော် တောထွက်တော်မူရာတွင် နောက်တော်မှ လိုက်ပါခဲ့သည့် ဆန္နအမတ်မှ ရဟန်းအဖြစ်သို့ ရောက်ရှိလာသော ဆန္နမထေရ်အား အတူသီတင်းသုံးနေသော ရဟန်းတော်အရှင်မြတ်တို့က သာသနာတော်နှင့် မစပ်ဟပ်သည့် အပြောအဆိုအပြုအမူများကို မပြုလုပ်ရန် ဆိုင်ရာသိက္ခာ ပုဒ်များကိုပြ၍ ဆိုဆုံးမသော်လည်း မနာခံဘဲ ပြန်လှန်၍ မာန်မာနဖြင့်ဟန့်တားပြောဆိုပါသည်။ အရှင်ဆန္နကိုအကြောင်းပြု၍ ဤသို့ဆုံးမသွန်သင်သည်ကို မနာခံဟန့်တားပိတ်ပင်သော ရဟန်းအား (၃)ကြိမ်တိုင် ဉ တ်ကမ္မဝါဖြင့် ဆိုဆုံးမရမည်။ မရပါက ထိုရဟန်းအား သံဃာဒိသိသ်အပြစ် အာပတ်သင့်စေဟု ပညတ်တော်မူပါသည်။

(၁၇) **ကုလဒူသကသိက္ခာပုဒ်** – သဒ္ဓါတရားဖျက်စီးမှု

အဿဇိပုနဗ္ဗသုက အမည်ရှိသော အလဇ္ဇီရဟန်းယုတ်တို့သည် ကီဋာဂိရိ ဇနပုဒ်တွင် နေထိုင်ကြပြီး ရဟန်းတော်များနှင့် မအပ်စပ်သည့် အမှုအကျင့်များကို ပြုလုပ်ကြပါသည်။ ဒါယကာ၊ ဒါယိကာမတို့အား ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ မာတုဂါမတို့နှင့် အတူစားခြင်း၊ အတူအိပ်ခြင်း၊ ညစာစားခြင်း၊ အရက်သောက်ခြင်း၊ ကစားနည်းအမျိုးမျိုးကို ကစားခြင်း၊ ကခုန် သီဆိုခြင်း၊ သင်္ကန်းကြီးကို ဖြန့်ခင်းပေးလျက် ကချေသည်မကို အကခိုင်းခြင်း စသော သာသနာတော်နှင့် မလျောက်ပတ်သော များစွာသောအကျင့်ဆိုးတို့ကို ပြုကျင့်

နေကြပါသည်။ သို့အတွက် ဒေသခံလူများက ခင်မင်ရင်းနှီးကြပြီး ပေးကမ်းထောက်ပံ့လှူဒါန်းကြသော်လည်း ဤကဲ့သို့သော ရဟန်းဆိုးများကို လှူဒါန်းရသည့်အတွက် ကုသိုလ်ကောင်းမှုခံစားရမည်ဟူသော ယုံကြည်ချက် သဒ္ဓါတရားများ မရှိကြတော့ပါ။ ဣန္ဒြေသိက္ခာနှင့် ပြည့်စုံသော ရဟန်းတော် တစ်ပါး ခရီးကြုံ၍ ယင်းရွာသို့ဆွမ်းခံဝင်ရာ ၎င်းတို့ဒေသခံရဟန်းများကဲ့သို့ ဖော်ရွေပြုံးရယ်ခြင်း၊ နှုတ်ဆက်ခြင်း မရှိဟုပင် ပြစ်တင်ကဲ့ရဲ့ကာ ဆွမ်းလောင်းမည့်သူ မရှိသည့်အထိ အခြေအနေဆိုးဝါးလာပါသည်။

မြတ်စွာဘုရား ကြားသိတော်မူ၍ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကို ယင်းဒေသသို့ သံဃာတော်များခေါ်ယူကာ သွားရန် မိန့်ကြားပြီး စေလွှတ်တော်မူခဲ့ပါသည်။ သာဝက(၂)ပါးက သံဃာ့အင်အားဖြင့် သွားရောက်ပြီး အလဇ္ဇီရဟန်းယုတ်တို့အား ယင်းဒေသမှ နှင်ထုတ်ခဲ့ပါသည်။ ဤကဲ့သို့ ဒါယကာ၊ ဒါယိကာမတို့၏ သဒ္ဓါတရား ပျက်စီးအောင် ပြုလုပ်သော ရဟန်းအား သံဃာဒိသိသ် အာပတ်အပြစ်သင့်စေဟု ပညတ်တော်မူပါသည်။

## (ဂ) အနိယတကဏ္ဍ

**(၁၈) ပထမနိယတ သိက္ခာပုဒ် –** ဆိတ်ကွယ်ရာ၌ မာတုဂါမနှင့်အတူ နေထိုင်ခြင်း

သာဝတ္ထိပြည်၌ အရှင်ဥဒါယီသည် သတို့သမီးရှိရာတိုက်ခန်းသို့ ဝင်ပြီး နှစ်ဦးတည်းထိုင်၍ စကားပြောနေသည်ကို ဝိသာခါကတွေ့ရှိ၍ မသင့်လျော်ကြောင်း ပြောကြားရာ ရှင်ဥဒါယီက နားမထောင်သော ကြောင့် အခြားရဟန်းများထံသို့ သွားရောက် လျှောက်ထားပါသည်။ မြတ်စွာဘုရားကြားသိ၍ ရဟန်းသည် ဆိတ်ကွယ်ရာတွင် မာတုဂါမ တစ်ဦးတည်းနှင့် အတူနေထိုင်ခြင်း မပြုရ၊ ဤသိက္ခာကို ဖောက်ဖျက်လျှင် ရဟန်းက ဝန်ခံသော အာပတ်ဖြင့် ဆုံးဖြတ်ရမည်ဟု ပညတ်တော်မူပါသည်။

**(၁၉) ဒုတိယနိယတ သိက္ခာပုဒ်–** ဆိတ်ကွယ်ရာ လူမြင်ကွင်း၌ မာတုဂါမနှင့် အတူနေထိုင်မှု

အရှင်ဥဒါယီပင် ယခင်သတို့သမီးအိမ်သို့ သွားပြီး လူမြင်ကွင်း၌ သတို့သမီးနှင့်အတူထိုင်၍ ၎င်းတို့နှစ်ဦးတည်း စကားပြောဆိုကြပါသည်။ ရှေးနည်းတူ ဝိသာခါနှင့်တွေ့ပြီး ပြောဆိုသော်လည်း

မလိုက်နာပါ။ အများမြင်နိုင်သော နေရာ၌ နှစ်ဦးတည်း တွေ့ဆုံ စကားပြောဆိုရာတွင် ရှန့်ရင်းညစ်ပတ်သော စကားများကို ပြောနိုင် သောကြောင့် ဘေးတွင်အဖော်မပါပါက အပြစ်ရှိကြောင်း ကာယကံရှင် ရဟန်း၏ ဝန်ခံချက်ဖြင့် အာပတ်ကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပညတ်တော်မူပါသည်။

## (ဃ) နိဿဂ္ဂိယသိက္ခာပုဒ်

မြတ်စွာဘုရားသည် ရဟန်းတော်များ စားဝတ်နေရေးနှင့် ပတ်သက်၍ ပူပင်ကြောင့်ကြမှုမရှိဘဲ တရားဓမ္မကို ကျင့်ကြံနိုင်ရန်အတွက် ဆွမ်း၊ သင်္ကန်း၊ ဆေး၊ ကျောင်း ဟူသော ပစ္စည်းလေးပါးတို့ကို ဒါယကာ၊ ဒါယိကာမများက ကပ်လှူသည်ကို လက်ခံသုံးစွဲခွင့် ပြုထားတော် မူခဲ့ပါသည်။ ဤပစ္စည်းလေးပါးနှင့်ပတ်သက်၍ ပုထုဇဉ်ရဟန်းများ လောဘတက်ခြင်း၊ သုံးစွဲမှုများယွင်းခြင်းကို အကြောင်းပြု၍ ယခု ဘဝနှင့် နောင်တမလွန်ဘဝတို့၌ ဘေးရန်အန္တရာယ်များ မကျရောက် စေရန်အလို့ငှာ မဟာကရုဏာဖြင့် ပစ္စည်းလေးပါးနှင့်ပတ်သက်သော သိက္ခာပုဒ် (၃၀)ကို အောက်ပါအတိုင်း ပညတ်တော်မူခြင်းဖြစ်ပါသည်။

ဤစည်းမျဉ်းဥပဒေ ဝိနည်း၊ ကျင့်ထုံးများကို ကဏ္ဍသုံးခုခွဲ၍ ပြဆိုထား ပါသည်။ ပထမကဏ္ဍတွင် သင်္ကန်းနှင့်ဆိုင်ရာ ကျင့်သုံးရမည့် သိက္ခာပုဒ် (၁၀)ပါးကို ဖော်ပြထားပါသည်။

ဒုတိယကဏ္ဍတွင် ရဟန်းတို့နှင့် မလျော်ညီသည့် အထူးတလည်ပြုလုပ် ထားသော ပိုးအခင်း၊ သိုးမွေးအခင်း စသည်တို့ ပြုလုပ်ထားခြင်း၊ အလှူ ခံခြင်း၊ ရွှေငွေစသည်တို့ကို အလှူခံခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့် ပတ်သက်သည့် သိက္ခာ ပုဒ်(၁၀)ပါးကို ဖော်ပြထားပါသည်။

တတိယကဏ္ဍတွင် သပိတ်၊ ဆေး၊ မိုးရေခံသင်္ကန်းနှင့် အခြားသင်္ကန်းများ ရက်လုပ်မှုနှင့် ရောင်ကြဉ်ဖွယ်၊ လိုက်နာဖွယ်ရာ အချက်အလက်များနှင့် ပတ်သက်၍ သိက္ခာပုဒ်(၁၀)ပါးကို ဖော်ပြထားပါသည်။

သာသနာတော်တွင် ပစ္စည်းလေးပါးကို ခံယူသုံးစွဲမှုနှင့်ပတ်သက်၍ ရဟန်း တော်များ အပြစ်မသင့်ရောက်ရန်နှင့် ဒါယကာ၊ ဒါယိကာမများ သဒ္ဓါ ကြည်ဖြူ ကြည်ညိုလေးစားစေရန်အတွက် စုံလင်စေ့စပ်စွာ လမ်းညွှန်ပညတ် တော်မူခြင်း ဖြစ်ပါသည်။ လှူဒါန်းသောပစ္စည်းများကို လှူဒါန်းသူ ကုသိုလ် ကောင်းကျိုးရရှိ ရန်အတွက် ရဟန်းတော်များ ရိုရိုသေသေ လေးလေးစားစား

သုံးစွဲကြသည်မှာ ကြည်ညိုဖွယ်ရာကောင်းပါသည်။ ပေးလှူထားသော သပိတ်မှာ ကွဲအက်သွားသော်လည်း (၅)ချက်အထိ စူးနှင့်ဖောက်၍ ချုပ်စပ်ဖွဲ့သီပြီးအသုံးပြုရပါသည်။ ထို့ထက်ပို၍ကွဲပြီး လုံးလုံးသုံးမရမှသာ အသစ်တစ်လုံးကို အလှူခံရပါသည်။ အလှူခံရရှိသောအခင်းတစ်ခုကို (၆)နှစ်အထိ မစွန့်ပစ်ရဘဲ အသုံးပြုရပါသည်။ ဤနိဿဂ္ဂိယသိက္ခာပုဒ်(၃၀)ကို အကျဉ်းချုံး၍ ဖော်ပြသွားပါမည်။

(၂၀) **ပထမကထိန သိက္ခာပုဒ်** – ကိုယ်ပိုင်ပစ္စည်းဟု အဓိဋ္ဌာန်ထားခြင်း၊ သီတင်းသုံးဖော်တစ်ဦးအား ပေးထားခြင်း၊ ဝိကပ္ပနာ မပြုဘဲ ခွင့်ပြုသတ်မှတ်ထားသော ဦးရေထက် ကျော်လွန်သည့် ပစ္စည်းကို (၁၀)ရက်ထက် ပိုလွန်အောင်ထားမှု။

(၂၁) **ဒုတိယ ကထိန သိက္ခာပုဒ်** – သင်္ကန်းကြီးကိုမယူဘဲ ခရီးထွက်မှု။

(၂၂) **တတိယ ကထိနသိက္ခာပုဒ်** – သင်္ကန်းလျာအဝတ်ကို တစ်လထက် ပို၍ထားမှု။

သင်္ကန်းပိတ်စကို (၁၀)ရက်အတွင်း မချုပ်လောက်သေးသော်လည်း နောက်ထပ်ရရှိရန်အလားအလာရှိပါက နောက်ထပ်(၁)လ မချုပ်ဘဲ ထားနိုင်ပါသည်။ (၁)လထက်ပိုလွန်က ပါစိတ်အာပတ်သင့်ပါသည်။

(၂၃) **ပုရာဏစီဝရသိက္ခာပုဒ်** – ဆွေမျိုးမတော်သော ဘိက္ခုနီအား သင်္ကန်းဖွပ်လျှော်ခိုင်းမှု။

အရှင်ဥဒါယီသည် ၎င်း၏ ဇနီးဟောင်းအား ၎င်း၏သင်္ကန်းကို လျှော်ဖွပ်ခိုင်းရာမှ မသင့်တော်သည့်ကိစ္စ ဖြစ်ပေါ်လာသည်ကို အကြောင်းပြု၍ ဤသိက္ခာပုဒ်ကို ပညတ်ခြင်းဖြစ်ပါသည်။

(၂၄) **စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်** – ဆွေမျိုးမတော်သော ဘိက္ခုနီထံ သင်္ကန်းအလှူခံမှု။

ဥပ္ပလဝဏ်ဘိက္ခုနီ မထေရ်မထံမှ အရှင်ဥဒါယီက သင်းပိုင်ကို အလှူခံသည့် အကြောင်းကြောင့် ဆွေမျိုးမတော်သောဘိက္ခုနီမထံမှ သင်္ကန်းအလှူခံပါက ပါစိတ် အာပတ်သင့်သည်ဟု ပညတ်တော်မူပါသည်။

(၂၅) **အညာတက ဝိညတ္တိ သိက္ခာပုဒ်** – ဆွေမျိုးမတော်သူထံမှ သင်္ကန်းတောင်းခံမှု။

အရှင်ဥပနန္ဒသည် သူဌေးသားတစ်ဦး ဝတ်ဆင်လာသော အဝတ်နှစ်ထည်အနက်မှ တစ်ထည်ကို ချက်ချင်းလှူရန် သုံးကြိမ်တိုင်

တောင်းခံသဖြင့် သူဌေးသားသည် အပေါ်ရုံထည်ကို ချွတ်လှူပြီး အပေါ်ရုံမပါဘဲ အိမ်သို့ပြန်သွားရပါသည်။ လူတို့က အရှင်ဥပနန္ဒအား ကဲ့ရဲ့ပြစ်တင်သည်ကို အကြောင်းပြု၍ ဆွေမျိုးမတော်သူထံမှ သင်္ကန်း မတောင်းရဟု ပညတ်တော်မူပါသည်။ သို့သော် သင်္ကန်းအလုခံရ သောအခါနှင့် ပျောက်ပျက်သောအခါတို့၌ မည်သူ့ထံမှမဆို သင်္ကန်းတောင်းကောင်းသည်ဟု ခြွင်းချက်ပြုတော်မူပါသည်။

(၂၆) **တတုတ္တရိ သိက္ခာပုဒ်** – သင်္ကန်းနှစ်စုံထက် ပို၍အလှူခံမှု သင်္ကန်းအလုခံရသော ရဟန်းများကိုယ်စား ဆဗ္ဗဂ္ဂီရဟန်းတို့က များစွာသော သင်္ကန်းများ အလှူခံရရှိရာ ဒါယကာများက သင်္ကန်း ကုန်ကူးမလို့လား၊ သင်္ကန်းဆိုင် ခင်းကြမလို့လားဟု ကဲ့ရဲ့ကြသည့် အကြောင်းကြောင့် ဤသိက္ခာပုဒ်ကို ပညတ်ရခြင်း ဖြစ်ပါသည်။

(၂၇) **ပထမဥပက္ခဋ သိက္ခာပုဒ်** – သင်္ကန်းကောင်းအောင် အလွန်အထူးစီမံမှု။ အရှင်ဥပနန္ဒက ၎င်းအား သင်္ကန်းလှူရန်ကြံစည်နေသည့် ဒါယကာထံ သွား၍ မူလရည်ရွယ်ထားသည့်သင်္ကန်းဖိုးထက် ပိုလွန်အောင် စီမံတောင်းဆိုသဖြင့် ဒါယကာက ကဲ့ရဲ့သည်ကို အကြောင်းပြု၍ ဤသိက္ခာပုဒ်ကို ပညတ်ရခြင်း ဖြစ်ပါသည်။

(၂၈) **ဒုတိယဥပက္ခဋ သိက္ခာပုဒ်**–သင်္ကန်းကောင်းအောင် အလွန်အထူးစီမံမှု။ အရှင်ဥပနန္ဒပင် ၎င်းအား ဒါယကာနှစ်ဦးက သင်္ကန်းလှူရန်ကြံ နေကြောင်း သိရှိရ၍ နှစ်ဦးပေါင်းပြီး သင်္ကန်းကောင်းကောင်း တစ်ထည်ကို မူလရည်ရွယ်ထားသည့်သင်္ကန်းဖိုးထက် ကျော်လွန် အောင်ပြုလုပ်၍ လှူဒါန်းရန် စီမံပြောဆိုရာ ဒါယကာနှစ်ဦးစလုံးက ဤရဟန်း အလွန်လောဘကြီးသည်ဟု ကဲ့ရဲ့ပြစ်တင်သည်ကို အကြောင်းပြု၍ ဤသိက္ခာပုဒ်ကို ပညတ်ရခြင်းဖြစ်ပါသည်။

(၂၉) **ရာဇ သိက္ခာပုဒ်** – မင်း၊ အမတ် စသည်က သင်္ကန်းဖိုးလှူခြင်း။ အရှင်ဥပနန္ဒပင် အမတ်ကြီးတစ်ဦးက ၎င်းအား သင်္ကန်းဝယ် ကပ်ရန် ပေးထားသော ဒါယကာထံသို့သွား၍ ချက်ချင်းအတင်း သင်္ကန်းဝယ်ခိုင်းသည်ကို အကြောင်းပြု၍ ဤသိက္ခာပုဒ်ကို ပညတ်ခြင်း ဖြစ်ပါသည်။

(၃၀) **ကောသိယ သိက္ခာပုဒ်** – ပိုးချည်ရောနှောအခင်းပြုလုပ်စေမှု။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပိုးချည်လုပ်သူထံသို့သွား၍ ပိုးကောင်များကို ဗိုမို ပြုတ်ပြီး ၎င်းတို့အား ပိုးချည်ရောသောအခင်းပြုလုပ်ရန်အတွက်

ပိုးချည်များတောင်းရာတွင် ပိုးချည်အလုပ်သမားများက ရဟန်းတွေ ဘယ့်နှယ်တိုက်တွန်းနေရပါသလဲဟု ကဲ့ရဲ့ကြသည်ကို အကြောင်းပြု၍ အခင်းပြုလုပ်ရာတွင် ပိုးချည်မျှင်များ အသုံးမပြုရဟု ပညတ်တော်မူပါသည်။

(၃၁) **သုဒ္ဓကာဠက သိက္ခာပုဒ်** – အနက်ရောင်သိုးမွေးအခင်းပြုလုပ်မှု။

ဆဗ္ဗဂ္ဂီရဟန်းတို့က အနက်ရောင်သန့်သန့်သိုးမွေးအခင်းကို ပြုလုပ်သုံးစွဲ နေကြရာ လူများက ရဟန်းများသည် ကာမဂုဏ်စည်းစိမ်ခံစားသော လူများကဲ့သို့ မည်းနက်သော သိုးမွေးအခင်းကို ပြုကြသည်ဟု ကဲ့ရဲ့ကြသောကြောင့် ဤသို့မပြု လုပ်ရန် ပညတ်တော်မူပါသည်။

(၃၂) **ဒွေဘာဂ သိက္ခာပုဒ်** – အနက်ရောင်သိုးမွေးကို နှစ်ဖို့ထက်အလွန်ပါစေမှု။

ဆဗ္ဗဂ္ဂီရဟန်းတို့က အထက်ပါဝိနည်းကိုရှောင်၍ သိုးမွေးအနက်ခင်းတွင် အနားစွန်းပတ်လည်၌ အဖြူရောင်သိုးမွေး ထည့်သွင်းချုပ်လုပ်ပါသည်။ သို့အတွက် အခင်းပြုလုပ်ရာတွင် အနက်ရောင်သိုးမွေးနှစ်ဖို့ထက် မပါစေရဟု ပညတ်တော်မူပါသည်။

(၃၃) **ဆဗ္ဗဿသိက္ခာပုဒ်** – ခြောက်နှစ်အတွင်း အခင်းသစ်ပြုလုပ်မှု။

ရဟန်းတို့သည် နှစ်စဉ်သိုးမွေးအခင်းသစ်ပြုလုပ်ရန် သိုးမွေးများတောင်းရမ်း အလှူခံကြရာ လူတို့က ကဲ့ရဲ့သည်ကိုအကြောင်းပြု၍ သိုးမွေးအခင်းကို ခြောက်နှစ်တိုင်ဆောင်ထားသုံးစွဲရမည်ဟု ပညတ်တော်မူပါသည်။

(၃၄) **နိသီဒန သန္ထတ သိက္ခာပုဒ်** – အခင်းအဟောင်းကို စွန့်ပစ်မှု။

လူအများက သဒ္ဓါတရားဖြင့် လှူထားသည့်ပစ္စည်းကို စည်းမဲ့ကမ်းမဲ့စွန့်ပစ်ရန် မသင့်သဖြင့် နောက်ထပ်အခင်းသစ်ပြုလုပ်လိုသောရဟန်းသည် စွန့်ပစ်ထားသော အခင်းဟောင်းမှ သုံး၍ရသမျှသိုးမွေးကို ပြန်လည်ထည့်သွင်းအသုံးပြုရန် ဤသိက္ခာပုဒ်ကို ပညတ်တော်မူပါသည်။

(၃၅) **ဧဠကလောမ သိက္ခာပုဒ်** – သိုးမွေးထုပ်သယ်ဆောင်မှု။

ရဟန်းတစ်ပါးသည် သိုးမွေးများကို ကေသီဖြင့် ထုပ်ပိုး၍ သယ်ယူထမ်းလာသည်ကို လူတို့က ပြောင်လှောင်ပြောဆိုပါသည်။ သို့အတွက်

သယ်ဆောင်မည့် ကပ္ပိယ မရှိလျှင် ရဟန်းကိုယ်တိုင် သုံးယူဇနာ အထိသာ သယ်ဆောင်နိုင်သည်ဟု ပညတ်တော်မူပါသည်။

(၃၆) **ဧဠကလောမဓောဝါပန သိက္ခာပုဒ်** – ဘိက္ခုနီအား သိုးမွေးဖွပ်လျှော် ခိုင်းမှု။

ဆဗ္ဗဂ္ဂီရဟန်းတို့က ဘိက္ခုနီမတို့ကို သိုးမွေးများဖွပ်လျှော်ခိုင်းကြသဖြင့် ပရိယတ္တိ၊ ပဋိပတ္တိလုပ်ငန်းများ အားထုတ်ရန် အချိန်မရဖြစ်နေသည်ကို မိထွေးတော် ဂေါတမီက မြတ်စွာဘုရားကို လျှောက်ထားသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူပါသည်။

(၃၇) **ရူပိယ သိက္ခာပုဒ်** – ရွှေ၊ ငွေ အလှူခံမှု။

အရှင်ဥပနန္ဒသည် ၎င်းအတွက်အသားဟင်းဝယ်၍ လှူရန်လျာထားသည့် ငွေကို အလှူခံလက်ခံသွားရာ ဒါယကာက ရဟန်းတို့သည် လူဝတ်ကြောင်များကဲ့သို့ ငွေကိုလက်ခံကြသည်ဟု ကဲ့ရဲ့ပြစ်တင်ကြပါသည်။ သို့အတွက် ရဟန်းသည် ရွှေ၊ ငွေကို ကိုယ်တိုင်လက်ခံခြင်း၊ သူတစ်ပါးကို လက်ခံစေခြင်း၊ မိမိအနားထားသည်ကို သာယာခြင်း ရှိပါက အပြစ်ရှိသည်ဟု ပညတ်တော်မူခြင်းဖြစ်ပါသည်။

(၃၈) **ရူပိယသံဝေါဟာရ သိက္ခာပုဒ်** – ရွှေ၊ ငွေ ဖြင့်လဲလှယ်မှု။

ဆဗ္ဗဂ္ဂီရဟန်းတို့က ရွှေ၊ ငွေဖြင့် အမျိုးမျိုးသော ပစ္စည်းများကို ရောင်းဝယ်ကြရာ လူတို့က ရဟန်းတို့သည် လောကီလူသားများကဲ့သို့ ရွှေငွေဖြင့်အရောင်းအဝယ်ပြုလုပ်ကြသည်ဟုကဲ့ရဲ့သည်ကို အကြောင်းပြု၍ ဤသို့အရောင်းအဝယ် ပြုသောရဟန်းသည် ပါစိတ်အာပတ်သင့်၍ ရရှိသောပစ္စည်းကို စွန့်ပစ်ရမည်ဟု ပညတ်တော်မူပါသည်။

(၃၉) **ကယဝိက္ကယ သိက္ခာပုဒ်** – အရောင်းအဝယ်ပြုမှု။

အရှင်ဥပနန္ဒနှင့် ပရိဗိုဇ်တစ်ဦးတို့ သင်္ကန်းချင်းလဲလှယ်ပြီးမှ ပရိဗိုဇ်က ၎င်း၏သင်္ကန်းနှင့် ပြန်လဲပေးရန် တောင်းဆိုရာတွင် မရသဖြင့် ကဲ့ရဲ့ပါသည်။ ဤသည်ကိုအကြောင်းပြု၍ အထူးထူးအပြားပြားသော ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း မပြုရဟု ပညတ်တော်မူပါသည်။

(၄၀) **ပတ္တသိက္ခာပုဒ်** – ကိုယ်ပိုင်သပိတ်များကို သိမ်းဆည်းထားမှု

ဆဗ္ဗဂ္ဂီရဟန်းတို့သည် သပိတ်များစွာကို ကိုယ်ပိုင်အဖြစ် သိမ်းဆည်းသိုလှောင်ထားသည်ကို လူတို့တွေ့မြင်ကာ သပိတ်ဆိုင်ဖွင့်ကြမလားဟု ကဲ့ရဲ့ကြခြင်းကြောင့် သပိတ်တစ်လုံးသာထားရမည်၊ အပိုမထားရဟု ပညတ်တော်မူပါသည်။

(၄၁) **ဦနပဥ္စမန္တန သိက္ခာပုဒ်** – သပိတ်များစွာတောင်းခံမှု။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် သပိတ်အနည်းငယ်ကွဲရုံမျှနှင့် အိုးထိန်းသည်ထံ သပိတ်များတောင်းကြရာ မိသားစုစားဝတ်နေရေးအတွက် လုပ်ငန်းများမလုပ်နိုင်ဘဲ သပိတ်များကိုသာ ပြုလုပ်နေရသဖြင့် အိုးထိန်းသည်မှာ ဆင်းရဲသွားရှာပါသည်။ လူတို့က ကဲ့ရဲ့ကြသောကြောင့် သပိတ်အဟောင်းကွဲအက်၍ ငါးဖွဲ့ငါးချုပ်မပြည့်သေးဘဲ သပိတ်သစ် မတောင်းခံရဟု ပညတ်တော်မူပါသည်။

(၄၂) **ဘေသဇ္ဇ သိက္ခာပုဒ်** – ဆေးပစ္စည်းသိုမှီးမှု။

အရှင်ပိလိန္ဒဝစ္ဆအား လူအများက ကြည်ညိုကြသောကြောင့် ထောပတ်၊ ဆီဦး၊ ပျားရည်၊ တင်လဲ၊ ဆီဟူသော ဆေးပစ္စည်းများ လှူဒါန်းကြရာ အရှင်မြတ်က ရဟန်းပရိသတ်တို့အား ခွန့်လေ့ရှိပါသည်။ အရှင်မြတ်ကို မှီတင်းနေထိုင်သော ရဟန်းတို့က ဤရရှိသော ဆေးပစ္စည်းများကို အိုးကြီး၊ အိုးငယ်နှင့် သိုလှောင်ထား သည်ကို လူအများ မြင်တွေ့ကဲ့ရဲ့ကြသောကြောင့် ဆေးပစ္စည်းငါးမျိုးကို (၇)ရက် ထက် ကျော်လွန်သိမ်းဆည်းခြင်းမပြုရဟု ပညတ်တော်မူ ပါသည်။

(၄၃) **ဝဿိကသာဋိက သိက္ခာပုဒ်** – မိုးရေခံသင်္ကန်းရှာမှီးခြင်း စသည်ပြုမှု

တိစီဝရိတ်မှုတင်ဆောင်၍ သင်းပိုင်အပိုမရှိသော ရဟန်းများသည် ရေသနုပ် သင်္ကန်းမပါဘဲ ကိုယ်တုံးလုံးရေချိုးနေရသည်ကို သိရှိရ၍ ကျောင်းအမကြီးဝိသာခါက မိုးရေခံသင်္ကန်း၊ ရေလဲသင်္ကန်းကပ် လှူရန် လျှောက်ထားရာ ရှာချိန်၊ ချုပ်ချိန်၊ ဝတ်ချိန်၊ အဓိဋ္ဌာန် တင်ချိန်တို့ကို သတ်မှတ်၍ ပညတ်ခွင့်ပြုတော်မူပါသည်။

(၄၄) **စီဝရအစ္ဆိန္နန** – ပေးပြီးသင်္ကန်းကို လုယူမှု။

အရှင်ဥပနန္ဒက ရဟန်းတစ်ပါးအား သင်္ကန်းပေး၍ ၎င်းနှင့်လိုက်ပါရန် ခေါ်ယူရာ ထိုရဟန်းက သင်္ကန်းယူပြီး မြတ်စွာဘုရား ဒေသစာရီ ကြွရာသို့ လိုက်ပါသွားပါသည်။ အရှင်ဥပနန္ဒက စိတ်ဆိုးပြီး ပေး ထားသောသင်္ကန်းကို ပြန်လု သည်ကိုအကြောင်းပြု၍ ပေးပြီး သင်္ကန်းကို ကိုယ်တိုင်ပြန်လုခြင်း၊ အခြားတစ်ယောက်အား လုခိုင်းခြင်း ပြုပါက ပါစိတ်အာပတ်သင့်သည်ဟု ပညတ်တော်မူပါသည်။

(၄၅) **သုတ္တဝိညတ္တိက သိက္ခာပုဒ်** – ချည်မျှင်များကိုတောင်း၍ သင်္ကန်း ရက်စေမှု။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ချည်မျှင်များကိုတောင်းခံ၍ ရက်ကန်းသည်တို့ကို သင်္ကန်းရက်ခိုင်းခြင်း အကြိမ်ကြိမ်ပြုလုပ်ကြသဖြင့် လူထုကကဲ့ရဲ့ သည်ကို အကြောင်းပြု၍ ဆွေမျိုးမတော်၊ ဖိတ်မထားသူများထံမှ ချည်မျှင်များကိုတောင်းခြင်း၊ ရက်လုပ်ခိုင်းခြင်းမပြုရန် ပညတ် တော်မူပါသည်။

(၄၆) **မဟာပေသကာရ သိက္ခာပုဒ်** – အလှူရှင်ရည်မှန်းထားသည်ထက် ပိုအောင် ရက်ကန်းရက်စေမှု။

အရှင်ဥပနန္ဒသည် ဒါယကာတစ်ဦးက ၎င်းအားရည်မှန်း၍ သင်္ကန်း ရက်လုပ်ရန် အပ်ထားသည့် ရက်ကန်းသည်ထံသို့ သွားကာ အလှူရှင် ရည်မှန်းထားသည်ထက် ပိုကောင်းအောင် သင်္ကန်းကို ရက်လုပ်စေရာ အလှူရှင်ဒါယကာက မကျေမနပ်ဖြစ်ပြီး ရဟန်းသည် အလွန်လောဘ ကြီးသည်၊ ရောင့်ရဲ တင်းတိမ်မှု မရှိဟု အဖန်ဖန် ကဲ့ရဲ့ပါသည်။ ထို့အတွက် ဤသို့ အလှူရှင် ရည်ရွယ်ထားသည်ထက် ပိုမိုကုန် ကျအောင် စီမံခြင်းပြုလျှင် ပါစိတ်အာပတ်သင့်သည်ဟု ပညတ် တော်မူပါသည်။

(၄၇) **အစ္စေကစီဝရ သိက္ခာပုဒ်** – အရေးတကြီးလှူသောသင်္ကန်း။

သာဝတ္ထိပြည်တွင် စစ်ထွက်ခါနီး အမတ်ကြီးတစ်ဦးက အရေးတကြီး လှူသော ဝါဆိုသင်္ကန်းကို လက်ခံနိုင်ကြောင်း ခွင့်ပြုတော်မူပါသည်။ သီတင်းကျွတ် လဆန်း ၅–ရက်မှ ၁၄–ရက်အတွင်း ဤသို့ခံယူနိုင်ပြီး တပေါင်းလပြည့်အထိ အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ ထားနိုင်သည်ဟု ပညတ်တော်မူပါသည်။

(၄၈) **သာသင်္က သိက္ခာပုဒ်** – ခြောက်ညဥ့်ထက်ပို၍ သင်္ကန်းနှင့်ကင်းနေမှု။

တောကျောင်းနေရဟန်းတို့သည် ရန်ရှိသည့်အကြောင်းကြောင့် သင်္ကန်း တစ်ထည်ကို ရွာတွင် ၆–ညဥ့်အထိအပ်ထားနိုင်သည်ဟု ဤသိက္ခာ ပုဒ်ကို ပညတ်တော်မူပါသည်။

(၄၉) **ပရိဏတ သိက္ခာပုဒ်** – သံဃာသို့ညွတ်ပြီး လာဘ်ကို မိမိသို့ညွတ်စေမှု။

သံဃာအား သင်္ကန်းနှင့်ဆွမ်း လှူဒါန်းရန် သာဝတ္ထိမြို့ရှိ အသင်း တစ်သင်းက စီမံနေရာသို့ ဆဗ္ဗဂ္ဂီရဟန်းတို့က သွားရောက်ပြီး

သက်န်းကို အကျုပ်ကိုင်၍ အလှူခံကြပါသည်။ ထို့ကြောင့် သက်န်းများကို ဆဗ္ဗဂ္ဂီရဟန်းတို့အားလှူ၍ သံဃာများအား ဆွမ်းသာလှူလိုက်ရသည်ကိုအကြောင်းပြု၍ သံဃာအားလှူရန် ရည်ရွယ်ထားသောပစ္စည်းကို သိလျက် မိမိအားအလှူခိုင်းပါက ပါစိတ်အာပတ်သင့် သည်ဟု ပညတ်တော်မူပါသည်။

## (င) ပါစိတ္တိယကဏ္ဍ (သုဒ္ဓပါစိတ်)

ဝိနည်းတော်တွင် အပြစ်အကြီးဆုံးဖြစ်သော ပါရာဇိက (၄)ပါး၊ ဒုတိယအပြစ်ကြီးသော သံဃာဒိသိသ် (၁၃)ပါးနှင့် နိဿဂ္ဂိယ သိက္ခာပုဒ် (၃၀)တို့နှင့် ပတ်သက်၍ ပညတ်တော်မူရန် ဖြစ်ပေါ်လာသည်ကို အကြောင်းဝတ္ထုအကျဉ်းချုပ်နှင့်တကွ ရှင်းလင်းဖော်ပြခဲ့ပါသည်။

ယခု သုဒ္ဓပါစိတ် (၉၂)ပုဒ်သည် ပုဒ်ရေများပြားသောကြောင့်လည်းကောင်း၊ သိက္ခာပုဒ်အနေဖြင့် ရှင်းလင်းပြီး လွယ်ကူစွာသဘောပေါက်နိုင်သည့် အတွက်ကြောင့်လည်းကောင်း အကြောင်းဝတ္ထုများကို မဖော်ပြတော့ဘဲ သိက္ခာပုဒ်ခေါင်းစဉ်များသာ အစဉ်အတိုင်း ရေးသားတင်ပြသွားမည်ဖြစ်ပါသည်။ အောက်ပါသိက္ခာပုဒ်များကို ကျူးလွန်သော ရဟန်းများသည် ပါစိတ်အာပတ်သင့်သည်ဟု ပညတ်တော်မူထားပါသည်။

(၅၀) မုသာဝါဒသိက္ခာပုဒ်– လိမ်လည်ပြောဆိုမှု၊

(၅၁) ဩမသဝါဒသိက္ခာပုဒ်– ဆဲရေးရှုတ်ချမှု၊

(၅၂) ပေသုညသိက္ခာပုဒ်– ရဟန်းအချင်းချင်း ကုန်းတိုက်ပြောဆိုမှု၊

(၅၃) ပဒသောဓမ္မသိက္ခာပုဒ်– ရဟန်းအချင်းချင်း ပါဠိတော်ကို ပုဒ်ပြိုင်ရွတ်ဆိုစာချမှု၊

(၅၄) ပဌမသဟသေယျသိက္ခာပုဒ်– လူသာမဏေတို့နှင့်အတူ သုံးရက်ထက် ကျော်လွန်အိပ်စက်မှု၊

(၅၅) ဒုတိယသဟသေယျသိက္ခာပုဒ်– မာတုဂါမနှင့် ပြိုင်တူ တစ်မိုးတစ်ရံတည်းသော ကျောင်း၌ အိပ်စက်မှု၊

(၅၆) ဓမ္မဒေသနာသိက္ခာပုဒ်– နားလည်သော ရဟန်းယောကျ်ားမပါဘဲ မာတုဂါမအား တရားဟောမှု၊

| | |
|---|---|
| (၅၇) ဘူတာရောစနသိက္ခာပုဒ်- | ရှာန်မင်္ဂဖိုလ်ရကြောင်း အမှန်အတိုင်း ပြောကြားမှု၊ |
| (၅၈) ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်- | ရှန့်ရင်းကြမ်းတမ်းသော အပြစ်အာပတ်ကို ပြောကြားမှု၊ |
| (၅၉) ပထဝီခဏနသိက္ခာပုဒ်- | မြေတူးခြင်းနှင့် အတူးခိုင်းခြင်း၊ |
| (၆၀) ဘူတဂါမ သိက္ခာပုဒ်- | မြက်ပင်သစ်ပင်များကို ခုတ်ဖြတ်ဖျက်ဆီးမှု၊ |
| (၆၁) အညဝါဒက သိက္ခာပုဒ်- | စကားလိုးလွှဲမှု နှင့် မဖြေဘဲ တိတ်တိတ်နေမှု၊ |
| (၆၂) ဥဇ္ဈာပနက သိက္ခာပုဒ်- | ကဲ့ရဲ့ရှုတ်ချမှု၊ |
| (၆၃) ပထမသေနာသနသိက္ခာပုဒ်- | သံဃိက ညောင်းစောင်း စသည်ကို အသုံးပြုပြီး မသိမ်းဆည်းမှု၊ |
| (၆၄) ဒုတိယသေနာသနသိက္ခာပုဒ်- | သံဃိက အိပ်ရာနေရာ မသိမ်းဆည်းမှု၊ |
| (၆၅) အနုပခဇ္ဇ သိက္ခာပုဒ်- | မထေရ်ကြီးများအကြား တိုးဝှေ့နေရာယူအိပ်မှု၊ |
| (၆၆) နိက္ကဍ္ဎန သိက္ခာပုဒ်- | သံဃိကကျောင်းမှ ရဟန်းအား နှင်ထုတ်မှု၊ |
| (၆၇) ဝေဟာသကုဋိသိက္ခာပုဒ်- | အခင်းမရှိသည့် အပေါ်ထပ်၌ ခုတင်ခင်းနေမှု၊ |
| (၆၈) မဟလ္လကဝိဟာရသိက္ခာပုဒ်- | ကျောင်းကို အထပ်ထပ်အမိုးခိုင်းမှု၊ |
| (၆၉) သပ္ပာဏက သိက္ခာပုဒ်- | ပိုးရှိသောရေကို သွန်မှု၊ |
| (၇၀) ဩဝါဒသိက္ခာပုဒ်- | သံဃာတော်၏ သဘောတူခွင့်ပြုချက် မရဘဲ ဘိက္ခုနီတို့အား ဩဝါဒပေးခြင်း၊ |
| (၇၁) အတ္ထင်္ဂတသိက္ခာပုဒ်- | နေဝင်သည်အထိ ဘိက္ခုနီတို့အား ဩဝါဒပေးမှု၊ |

| | |
|---|---|
| (၇၂) ဘိက္ခုနုပဿယသိက္ခာပုဒ်– | အခါမဟုတ်ဘဲ ဘိက္ခုနီကျောင်းသို့ သွား၍ ဩဝါဒပေးမှု၊ |
| (၇၃) အာမိသသိက္ခာပုဒ်– | လာဘ်လာဘအာမိသကို အလိုရှိ၍ ဘိက္ခုနီတို့အား ဩဝါဒပေးသည်ဟု စွပ်စွဲမှု၊ |
| (၇၄) စီဝရဒါနသိက္ခာပုဒ်– | ဆွေမျိုးမတော်သော ဘိက္ခုနီအား သင်္ကန်းပေးမှု၊ |
| (၇၅) စီဝရသိဗ္ဗနသိက္ခာပုဒ်– | ဆွေမျိုးမတော်သော ဘိက္ခုနီမအား သင်္ကန်းချုပ်ပေးမှု၊ |
| (၇၆) သံဝိဓာန သိက္ခာပုဒ်– | ဘေးရန်မရှိသော လမ်းခရီးတွင် ဘိက္ခုနီမနှင့် တိုင်ပင်၍ ခရီးသွားမှု၊ |
| (၇၇) နာဝါဘိရုဟနသိက္ခာပုဒ်– | အစုန်အဆန်ခရီးတွင် ဘိက္ခုနီမနှင့် ချိန်းချက်၍ လှေအတူစီးမှု။ |
| (၇၈) ဘိက္ခုနီပရိပါစိတသိက္ခာပုဒ်– | ဘိက္ခုနီစီမံသောဆွမ်းကို စားမှု၊ |
| (၇၉) ရဟောနိသဇ္ဇသိက္ခာပုဒ်– | ဘိက္ခုနီနှင့် ဆိတ်ကွယ်ရာ၌ အတူနေမှု၊ |
| (၈၀) အာဝသထပိဏ္ဍ သိက္ခာပုဒ်– | ဇရပ်ဝတ်ဆွမ်းကို အမြဲစားမှု၊ |
| (၈၁) ဂဏဘောဇနသိက္ခာပုဒ်– | အပေါင်းအဖော်နှင့်အတူ ဂဏဘောဇဉ်ကို တောင်းရမ်းစားခြင်း၊ |
| (၈၂) ပရမ္ပရဘောဇန သိက္ခာပုဒ်– | ပထမပင့်ဆွမ်းကိုမစားဘဲ ဒုတိယပင့် ဆွမ်းကိုစားခြင်း၊ |
| (၈၃) ကာဏမာတာ သိက္ခာပုဒ်– | အိမ်တစ်အိမ်တည်းမှ သုံးသပိတ်ကျော်သည်အထိ အလှူခံမှု၊ |
| (၈၄) ပထမပဝါရဏာသိက္ခာပုဒ်– | ဆွမ်းကိုတော်ပြီဟု ပယ်ပစ်ပြီးမှ ထပ်မံစားမှု၊ |
| (၈၅) ဒုတိယပဝါရဏာသိက္ခာပုဒ်– | ပဝါရိတ်သင့်ထားသော ရဟန်းအား နောက်ထပ်စားရန်တိုက်တွန်းမှု၊ |

| | |
|---|---|
| (၈၆) ဝိကာလဘောဇန သိက္ခာပုဒ်- | နေ့လွဲညစာ စားသောက်မှု၊ |
| (၈၇) သန္နိဓိကာရက သိက္ခာပုဒ်- | စားစရာကို သိုမှီးထားမှု၊ |
| (၈၈) ပဏီတဘောဇနသိက္ခာပုဒ်- | ကျန်းမာလျက်နှင့် ဆွေမျိုးမတော် မဖိတ်ထားသော သူများထံမှ မွန်မြတ်သော အစာကို တောင်း စားမှု၊ |
| (၈၉) ဒန္တပေါနသိက္ခာပုဒ်- | ရေနှင့် ဒန်ပူမှတစ်ပါး အကပ်မ ခံဘဲ စားမှု၊ |
| (၉၀) အစေလကသိက္ခာပုဒ်- | တိတ္ထိ၊ တက္ကတွန်းတို့အား ကိုယ်တိုင် ဘောဇဉ်ပေးမှု၊ |
| (၉၁) ဥယျောဇန သိက္ခာပုဒ်- | ဆွမ်းခံအတူသွားရဟန်းအား ပြန် လွှတ်မှု၊ |
| (၉၂) သဘောဇန သိက္ခာပုဒ်- | လင်မယားအိပ်ရာခုတင်၌ ထိုင်မှု၊ |
| (၉၃) ရဟောပဋိစ္ဆန္နသိက္ခာပုဒ်- | နံရံ စသည် ဖုံးကွယ်ရာ အရပ်၌ မာတုဂါမနှင့်အတူနေမှု၊ |
| (၉၄) ရဟောနိသဇ္ဇ သိက္ခာပုဒ်- | ဆိတ်ကွယ်ရာ၌ မာတုဂါမနှင့် နှစ်ယောက်ချင်းအတူနေမှု၊ |
| (၉၅) စာရိတ္တသိက္ခာပုဒ်- | ဆွမ်းစား ပင့်ထားသူရှိလျက် တခြားအိမ်သို့ သွားလည်မှု၊ |
| (၉၆) မဟာနာမသိက္ခာပုဒ်- | ဆေးပစ္စည်းများကို ရည်ရွယ် ကန့်သတ်သည့် ဦးရေနှင့် ကန့် သတ်သည့် ရက်ထက် ပိုလွန် အလှူခံမှု၊ |
| (၉၇) ဥယျုတ္တသိက္ခာပုဒ်- | စစ်တိုက်ထွက်သည်ကို ကြည့်ရှုမှု၊ |
| (၉၈) သေနာဝါသ သိက္ခာပုဒ်- | စစ်တပ်ထဲတွင် ညဉ့်သုံးညဉ့် ထက် နေထိုင်မှု၊ |
| (၉၉) ဥယျောဓိက သိက္ခာပုဒ်- | စစ်ထိုးလေ့ကျင့်မှုကို ကြည့်ရှုမှု၊ |
| (၁၀၀) သုရာပါန သိက္ခာပုဒ်- | သေရည်အရက်သောက်မှု၊ |

| | |
|---|---|
| (၁၀၁) အင်္ဂုလိပတောဒက သိက္ခာပုဒ်- | ကလိထိုးကစားမှု၊ |
| (၁၀၂) ဟသဓမ္မ သိက္ခာပုဒ်- | ရေ၌ ကစားပျော်မြူးမှု၊ |
| (၁၀၃) အနာဒရိယ သိက္ခာပုဒ်- | ပုဂ္ဂိုလ်၌ဖြစ်စေ၊ တရား၌ဖြစ်စေ မလေးမစားပြောဆိုမှု၊ |
| (၁၀၄) ဘိံသာပန သိက္ခာပုဒ်- | ရဟန်းအချင်းချင်း ခြောက်လှန့်မှု၊ |
| (၁၀၅) ဇောတိသိက္ခာပုဒ်- | ကျန်းမာလျက် မီးလှုံမှု၊ |
| (၁၀၆) နဟာန သိက္ခာပုဒ်- | ကြာမြင့်စွာရေချိုးမှု၊ |
| (၁၀၇) ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်- | မိမိသင်္ကန်းကို မမှတ်မိမှု၊ |
| (၁၀၈) ဝိကပ္ပန သိက္ခာပုဒ်- | ပစ္စုဒ္ဓိုရ် သုံးစွဲခွင့်မပြုသေးသော သင်္ကန်းကို ဝတ်မှု၊ |
| (၁၀၉) စီဝရအပနိဓာန သိက္ခာပုဒ်- | သပိတ်သင်္ကန်း စသည်ကို ဝှက်မှု၊ |
| (၁၁၀) သဥ္စိစ္စ သိက္ခာပုဒ်- | တိရစ္ဆာန်ကိုသတ်ခြင်း၊ |
| (၁၁၁) သပ္ပာဏက သိက္ခာပုဒ်- | ပိုးသေမည်ဟုသိလျက်နှင့် ပိုးရှိသောရေကို သောက်သုံးမှု၊ |
| (၁၁၂) ဥက္ကောဋန သိက္ခာပုဒ်- | ငြိမ်းပြီးသော အဓိကရဏ်းကို ထပ်မံဖြစ်အောင်လှုံ့ဆော်မှု၊ |
| (၁၁၃) ဒုဋ္ဌုလ္လာ သိက္ခာပုဒ်- | ရှန့်ရင်းသောအာပတ်ကို ဖုံးကွယ်ထားမှု၊ |
| (၁၁၄) ဦနဝီသတိဝဿ သိက္ခာပုဒ်- | အသက်နှစ်ဆယ် မပြည့်သူကို ရဟန်းပြုပေးမှု၊ |
| (၁၁၅) ထေယျသတ္တ သိက္ခာပုဒ်- | မှောင်ခို ကုန်သည်တို့နှင့် အတူ သွားမှု၊ |
| (၁၁၆) သံဝိဓာန သိက္ခာပုဒ်- | မာတုဂါမနှင့် တိုင်ပင်၍ အတူခရီး သွားမှု၊ |
| (၁၁၇) အရိဋ္ဌ သိက္ခာပုဒ်- | မှားယွင်းသော အယူကိုယူမှု၊ |
| (၁၁၈) ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်- | နှင်ထုတ်ခံရသော ရဟန်းနှင့် ပေါင်းသင်းမှု၊ |
| (၁၁၉) ကဏ္ဍက သိက္ခာပုဒ်- | မိစ္ဆာဝါဒီသာမဏေနှင့် ဆက်ဆံမှု၊ |

| | |
|---|---|
| (၁၂၀) သဟာဓမ္မိက သိက္ခာပုဒ်– | သိက္ခာပုဒ်ကို သွယ်ဝိုက်ငြင်းဆန်မှု၊ |
| (၁၂၁) ဝိလေခန သိက္ခာပုဒ်– | ဝိနည်းသိက္ခာပုဒ်ကို ကဲ့ရဲ့မှု၊ |
| (၁၂၂) မောဟန သိက္ခာပုဒ်– | သိက္ခာပုဒ်ကို မသိဟန်ဆောင်မှု၊ |
| (၁၂၃) ပဟာရ သိက္ခာပုဒ်– | ရဟန်းကို ရိုက်နှက်မှု၊ |
| (၁၂၄) တလသတ္တိက သိက္ခာပုဒ်– | ရိုက်နှက်မည့်ဟန် လက်ဝါးစသည်ဖြင့် မြှောက်၍ချိန်ရွယ်မှု၊ |
| (၁၂၅) အမူလက သိက္ခာပုဒ်– | သံဃာဒိသိသ်အာပတ်ဖြင့် ရဟန်းကို အကြောင်းမဲ့စွပ်စွဲမှု၊ |
| (၁၂၆) သဉ္စိစ္စ သိက္ခာပုဒ်– | စေတနာယုတ်ဖြင့် ရဟန်းအား သံသယ ဖြစ်စေမှု၊ |
| (၁၂၇) ဥပဿုတိ သိက္ခာပုဒ်– | မိမိတို့နှင့် ခိုက်ရန်ဖြစ်နေသော အခြားရဟန်းများ တိုင်ပင်သည်ကို ချောင်း၍ နားထောင်မှု၊ |
| (၁၂၈) ကမ္မပဋိဗာဟန သိက္ခာပုဒ်– | ဆန္ဒပေးပြီးမှ ကံကိုတားမြစ်မှု၊ |
| (၁၂၉) ဆန္ဒံအဒတွာဂမန သိက္ခာပုဒ်– | ဆန္ဒမပေးဘဲ ဖဲခွာသွားမှု၊ |
| (၁၃၀) ဒုဗ္ဗလ သိက္ခာပုဒ်– | သံဃာပိုင်သင်္ကန်းကို သံဃာကိစ္စဆောင်ရွက်နေသောရဟန်းအား အများသဘောတူပေးပြီးနောက် လက်သင့် ရာပေးကမ်းသည်ဟု ကဲ့ရဲ့ခြင်း၊ |
| (၁၃၁) ပရိဏာမန သိက္ခာပုဒ်– | သံဃာလှူမည့်ပစ္စည်းကို ဖြတ်၍ ရယူမှု၊ |
| (၁၃၂) အန္တေပုရသိက္ခာပုဒ်– | ကြိုတင်အသိမပေးဘဲ နန်းတွင်းခန်းမဆောင်သို့ ဝင်ခြင်း၊ |
| (၁၃၃) ရတန သိက္ခာပုဒ်– | ငွေထုပ်ကို သိမ်းထားမှု၊ |
| (၁၃၄) ဝိကာလဂါမပဝေသနသိက္ခာပုဒ်– | နေလွဲချိန်၌ ရွာတွင်းဝင်မှု၊ |
| (၁၃၅) သူစိဃရ သိက္ခာပုဒ်– | အလိုက်မသိဘဲ အပ်ဘူးအများ တောင်းမှု၊ |
| (၁၃၆) မဉ္စပီဌ သိက္ခာပုဒ်– | မြင့်သောခုတင်ပေါ်၌အိပ်မှု၊ |

(၁၃၇) တူလောနဒ္ဓ သိက္ခာပုဒ်– လဲ၊ ဝါဂွမ်း၊ မွေ့ရာသုံးစွဲမှု၊
(၁၃၈) နိသီဒန သိက္ခာပုဒ်– အလွန်ကြီးသော နိသီဒိုင်အခင်းကို ဆောင်မှု၊
(၁၃၉) ကဏ္ဍုပ္ပဋိစ္ဆာဒိ သိက္ခာပုဒ်– အမာလွှမ်းသင်္ကန်းကို ပမာဏလွန်အောင် ပြုလုပ်မှု၊
(၁၄၀) ဝဿိကသာဋိက သိက္ခာပုဒ်– မိုးရေခံသင်္ကန်းကို အတိုင်းအရှည်လွန်အောင် ပြုလုပ်မှု၊
(၁၄၁) နန္ဒ သိက္ခာပုဒ်– ဘုရားသင်္ကန်းတော်လောက် ကြီးသော သင်္ကန်းကို ဝတ်ရုံမှု၊

## (စ) ပါဋိဒေသနီယကဏ္ဍ

(၁၄၂) ပဌမပါဋိဒေသနီယသိက္ခာပုဒ်– ဘိက္ခုနီထံမှဆွမ်းကို ခံယူမှု၊
(၁၄၃) ဒုတိယပါဋိဒေသနီယသိက္ခာပုဒ်– ဆွမ်းစားစဉ် ဘိက္ခုနီစီမံသည်ကို မတားမြစ်မှု၊
(၁၄၄) တတိယပါဋိဒေသနီယသိက္ခာပုဒ်–ခဲဖွယ်သောဇဉ်ကို အတိုင်းအရှည်မသိ ခံယူမှု၊
(၁၄၅) စတုတ္ထပါဋိဒေသနီယသိက္ခာပုဒ်– ကြိုတင် ဖိတ်ကြားခြင်းမရှိသော ဆွမ်းကို စားမှု၊

## (ဆ) သေခိယကဏ္ဍ

သံဃာ့ဝန်ထမ်း ရဟန်းသာမဏေအပေါင်းတို့သည် ဤသေခိယသိက္ခာပုဒ် (၇၅)ပါးကို နားလည်အောင်သင်ယူရမည်၊ လိုက်နာကျင့်သုံးကြရမည်ဖြစ်ပါသည်။ မလိုက်နာမကျင့်သုံးသည့် ရဟန်းများမှာ ဒုက္ကဋ်အာပတ်သင့်ပါသည်။ သိက္ခာပုဒ်တစ်ခုချင်းအတွက် အာပတ်နာမည်တပ်၍ ပညတ်တော်မူခြင်းမပြုခဲ့ပါ။ စာရိတ္တဝိနည်းဖြစ်ကြောင်း သိစေလိုသောကြောင့် ဖြစ်ပါသည်။ စာရိတ္တဝိနည်းဆိုသည်မှာ လူကောင်းသူကောင်းတို့ကျင့်ရသော ကျင့်ဝတ်များဖြစ်ပါသည်။

ရဟန်းသာမဏေများအား ပစ္စည်းလေးပါးကို ပံ့ပိုးလှူဒါန်းကြသည့်လူများက ရိုသေလေးစား ကြည်ညိုသဒ္ဓါပွားများရန်အလို့ငှာ သွားလာနေထိုင်မှုဆိုင်ရာ သိက္ခာပုဒ် ၂၆–ပါး၊ ဆွမ်းဘောဇဉ်သုံးဆောင်မှုဆိုင်ရာသိက္ခာပုဒ် ၃၀–ပါး၊ တရားဟောခြင်းဆိုင်ရာသိက္ခာပုဒ် ၁၆–ပါးနှင့် ကျင်ကြီးကျင်ငယ်စွန့်မှုဆိုင်ရာသိက္ခာပုဒ် ၃–ပါးတို့နှင့်ပတ်သက်၍ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို အသေးစိတ်

လမ်းညွှန်ပညာတော်မူပါသည်။ ယဉ်ကျေးသိမ်မွေ့မှုရှိသူတိုင်း ကျင့်သုံးထိုက်သည့် အမူအကျင့်များဖြစ်ပါသည်။

(၁၄၆)-(၁၄၇) ပရိမဏ္ဍလသိက္ခာပုဒ် ၂-ပါး – သင်းပိုင်နှင့် ကိုယ်ဝတ်သင်္ကန်းကို ရှေ့နောက်ဝဲယာ အဝန်းညီစွာ ဝတ်ရုံရန်၊

(၁၄၈)-(၁၄၉) သုပ္ပဋိစ္ဆန္နသိက္ခာပုဒ် ၂-ပါး – မြို့ရွာအတွင်း၌ သွားလာနေထိုင်ဆွမ်းခံ၊ ဆွမ်းစား၊ တရားဟောသည့်အခါတို့၌ သင်္ကန်းရုံထားရန်၊

(၁၅၀)-(၁၅၁) သုသံဝုတသိက္ခာပုဒ် ၂-ပါး – မြို့ရွာအတွင်း သွားလာရာ၌ ကြွခြေမရ ၊လက်ကိုလှုပ်ရမ်း၍ သွားခြင်း၊ နေထိုင်ရာ၌ ခြေလက်တို့ကိုလှုပ်ရမ်း၍ နေထိုင်ခြင်းမပြုဘဲ ကာယိန္ဒြေထိန်းသိမ်းရန်၊

(၁၅၂)-(၁၅၃) ဩက္ခိတ္တစက္ခုသိက္ခာပုဒ် – မြို့ရွာအတွင်းသွားလာရာ၌ လေးတောင်ခန့်သာကြည့်၍ မျက်လွှာချထားရန်၊

(၁၅၄)-(၁၅၅) ဥက္ခိတ္တကသိက္ခာပုဒ် ၂-ပါး – မြို့ရွာအတွင်း သွားလာရာ၌ သင်္ကန်းကို မြှောက်ပင့်သွားလာနေထိုင်မှု၊

(၁၅၆)-(၁၅၇) ဥဇ္ဇဂ္ဃိကသိက္ခာပုဒ် ၂-ပါး – မြို့ရွာအတွင်း ပြင်းစွာရယ်မှု၊

(၁၅၈)-(၁၅၉) အပ္ပသဒ္ဒသိက္ခာပုဒ် ၂-ပါး – မြို့ရွာအတွင်း သွားလာနေထိုင်စဉ် စကားကို တိုးတိုးပြောရန်၊

(၁၆၀)-(၁၆၅) ပစာလက စသောသိက္ခာပုဒ် ၆-ပါး – မြို့ရွာအတွင်း၌ သွားလာစဉ် ကိုယ်၊ လက်ရုံး၊ လက်မောင်း၊ ဦးခေါင်းကို လှုပ်ရမ်း၍ မသွားလာရ၊ မနေထိုင်ရ၊

(၁၆၆)-(၁၆၇) ခမ္ဘကတဝဂ်ဂိလာသိက္ခာပုဒ် ၂-ပါး – မြို့ရွာအတွင်း၌ လက်တစ်ဖက်ဖြင့်ဖြစ်စေ၊ လက်နှစ်ဖက်စလုံးဖြင့်ဖြစ်စေ ခါးကိုလက်ဖြင့်

ထောက်၍ မသွားလာရ၊ မနေထိုင်ရ၊

(၁၆၈)-(၁၆၉) ဩဂုဏ္ဌိတသိက္ခာပုဒ် ၂-ပါး - မြို့ရွာအတွင်း၌ ဦးခေါင်းခြုံ၍ မသွားလာရ၊ မနေထိုင်ရ၊

(၁၇၀) ဥက္ကုဋိက သိက္ခာပုဒ် - ခြေဖျားထောက်မသွားရ၊

(၁၇၁) ပလ္လတ္ထိက သိက္ခာပုဒ် - ဒူးကိုသိုင်းဖွဲ့မထိုင်ရ၊

(၁၇၂) သက္ကစ္စပဋိဂ္ဂဟဏ သိက္ခာပုဒ် - လေးလေးစားစား ဆွမ်းခံရန်၊

(၁၇၃) ပတ္တသညီ သိက္ခာပုဒ် - ဆွမ်းခံစဉ် သပိတ်၌ စိတ်ရှိနေရန်၊

(၁၇၄) သမသူပက သိက္ခာပုဒ် - ဆွမ်းနှင့် ဟင်း မျှတရုံသာခံယူရန်

(၁၇၅) သမတိတ္တိကသိက္ခာပုဒ် - သပိတ်အနားရေးညီရုံသာ ဆွမ်းခံရန်၊

(၁၇၆) သက္ကစ္စဘုဉ္ဇနသိက္ခာပုဒ် - ဆွမ်းစားရာ၌ လေးစားမှုရှိရန်၊

(၁၇၇) ပတ္တသညီဘုဉ္ဇနသိက္ခာပုဒ် - ဆွမ်းစားစဉ် သပိတ်၌ စိတ်စိုက်၍ စားရန်၊

(၁၇၈) သပဒါန သိက္ခာပုဒ် - ဆွမ်းကို အစဉ်အတိုင်းစားရန်၊

(၁၇၉) သမသူပကဘုဉ္ဇနသိက္ခာပုဒ် - ဆွမ်းနှင့် ဟင်း မျှတစွာစားရန်၊

(၁၈၀) ထူပကတ သိက္ခာပုဒ် - ဆွမ်းဦးဆွမ်းထိပ်မှ ယူမစားရ၊

(၁၈၁) ပဋိစ္ဆာဒန သိက္ခာပုဒ် - ဟင်းကို ဆွမ်းဖြင့်ဖုံးမထားရ၊

(၁၈၂) သူပေါဒနဝိညတ္တိ သိက္ခာပုဒ် - မနာမဖျားဘဲ ဆွမ်းနှင့် ဟင်းကို တောင်းခံမစားရ၊

(၁၈၃) ဥဇ္ဈာနသညီ သိက္ခာပုဒ် - ကဲ့ရဲ့လိုစိတ်ဖြင့် သူတစ်ပါးသပိတ်ကို မကြည့်ရ၊

(၁၈၄) အတိမဟန္တကဗဠ သိက္ခာပုဒ် - ဆွမ်းလုတ်ကြီးကြီးမစားရ၊

(၁၈၅) ပရိမဏ္ဍလအာလောပသိက္ခာပုဒ် - ဆွမ်းလုတ်ကို ညီညာဝန်းဝိုင်းအောင်ပြုလုပ်၍ စားရမည်၊

(၁၈၆) အနာဟဋ သိက္ခာပုဒ် - ဆွမ်းလုတ်မရောက်မီ ပါးစပ်ကို ကြိုတင်ဖွင့်မထားရ၊

(၁၈၇) ဘုဉ္ဇမာန သိက္ခာပုဒ် - ဆွမ်းစားစဉ် လက်ချောင်းအားလုံး ခံတွင်းသို့မသွင်းရ၊

(၁၈၈) သကဗဠ သိက္ခာပုဒ် – ဆွမ်းပလုတ်ပလောင်းဖြင့် စကားမပြောရ၊

(၁၈၉) ပိဏ္ဍုက္ခေပက သိက္ခာပုဒ် – ဆွမ်းလုတ်ကို ခံတွင်းသို့ ပစ်ပေါက်မသွင်းရ၊

(၁၉၀) ကဗဠာဝစ္ဆေဒက သိက္ခာပုဒ် – ဆွမ်းလုတ်ကို ကိုက်ဖြတ်မစားရ၊

(၁၉၁) အဝဂဏ္ဍကာရက သိက္ခာပုဒ် – ဆွမ်းလုတ်ကို ပါးဖောင်းအောင်ပြု၍မစားရ၊

(၁၉၂) ဟတ္ထနိဒ္ဓုနက သိက္ခာပုဒ် – ဆွမ်းစားစဉ် လက်မခါရ၊

(၁၉၃) သိတ္ထာဝကာရက သိက္ခာပုဒ် – ဆွမ်းလုံးများ ဖြန့်ကြဲပြီးမစားရ၊

(၁၉၄) ဇိဝှာနိစ္ဆာရက သိက္ခာပုဒ် – ဆွမ်းစားစဉ် လျှာထုတ်မစားရ၊

(၁၉၅) စပုစပုကာရက သိက္ခာပုဒ် – ဆွမ်းစားသည့်အခါ ပါးစပ်မှပျတ်ပျတ်အသံမထွက်စေရ၊

(၁၉၆) သုရုသုရု သိက္ခာပုဒ် – ဟင်းရည်၊ နွားနို့ပူပူသောက်သည့်အခါ ရှုးရှူးရှဲရှဲ မမြည်စေရ၊

(၁၉၇) ဟတ္ထနိလ္လေဟက သိက္ခာပုဒ် – ဆွမ်းစားသည့်အခါ လက်ကိုမလျက်ရ၊

(၁၉၈) ပတ္တနိလ္လေဟက သိက္ခာပုဒ် – သပိတ်ကို ခြစ်၍မစားရ၊

(၁၉၉) ဩဋ္ဌနိလ္လေဟက သိက္ခာပုဒ် – နှုတ်ခမ်းကို လျက်၍မစားရ၊

(၂၀၀) သာမိသ သိက္ခာပုဒ် – ဟင်းပေကျံသောလက်ဖြင့် သောက်ရေခွက်မကိုင်ရ၊

(၂၀၁) သသိတ္ထက သိက္ခာပုဒ် – ဆွမ်းလုံးပါသော သပိတ်ဆေးရေကို မြို့ရွာအတွင်း မစွန့်ရ၊

(၂၀၂) ဆတ္တပါဏိ သိက္ခာပုဒ် – ကျန်းမာပါလျက် ထီးကိုင်ထားသူအား တရားမဟောရ၊

(၂၀၃) ဒဏ္ဍပါဏိ သိက္ခာပုဒ် – ကျန်းမာပါလျက် တုတ်ကိုင်ထားသူအား တရားမဟောရ၊

(၂၀၄) သတ္ထပါဏိ သိက္ခာပုဒ် – ကျန်းမာပါလျက် ဓားကိုင်ထားသူအား တရားမဟောရ၊

(၂၀၅) အာဝုဓပါဏိ သိက္ခာပုဒ် – ကျန်းမာပါလျက် လေးလက်နက်ကိုင်ထားသူအား တရားမဟောရ၊

(၂၀၆) ပါဒုကာရုဋ္ဌ သိက္ခာပုဒ် – ကျန်းမာပါလျက် ခြေနင်းစီးထားသူအား တရားမဟောရ၊

(၂၀၇) ဥပါဟနာရုဋ္ဌ သိက္ခာပုဒ် - ကျန်းမာပါလျက် ဖိနပ်စီးထားသူအား တရားမဟောရ၊

(၂၀၈) ယာနဂတ သိက္ခာပုဒ် - ကျန်းမာပါလျက် ယာဉ်ပေါ်၌နေသူအား တရားမဟောရ၊

(၂၀၉) သယနဂတ သိက္ခာပုဒ် - ကျန်းမာပါလျက် အိပ်ရာထဲနေသူအား တရားမဟောရ၊

(၂၁၀) ပလ္လတ္ထိကနိသိန္န သိက္ခာပုဒ် - ကျန်းမာပါလျက် အာယောဂပတ်ဖွဲ့၍ထိုင်နေသူအား တရားမဟောရ၊

(၂၁၁) ဝေဌိတသီသ သိက္ခာပုဒ် - ကျန်းမာပါလျက် ဦးရစ်ပေါင်းထားသူအား တရားမဟောရ၊

(၂၁၂) ဩဂုဏ္ဌိတသီသ သိက္ခာပုဒ် - ကျန်းမာပါလျက် ဦးခေါင်းခြုံထားသူအား တရားမဟောရ၊

(၂၁၃) ဆမာသိက္ခာပုဒ် - မြေကြီးပေါ်ထိုင်လျက် အခင်းပေါ်ထိုင်သူအား တရားမဟောရ

(၂၁၄) နီစအာသန သိက္ခာပုဒ် - နိမ့်ရာမှာနေ၍ တရားမဟောရ၊

(၂၁၅) ဌိတသိက္ခာပုဒ် - မတ်တတ်ရပ်လျက် တရားမဟောရ၊

(၂၁၆) ပစ္ဆဂမန သိက္ခာပုဒ် - နောက်ကလိုက်၍ တရားမဟောရ၊

(၂၁၇) ဥပ္ပထဂမန သိက္ခာပုဒ် - လမ်းဘေးကလိုက်၍ တရားမဟောရ၊

(၂၁၈) ဌိတဥစ္စာရ သိက္ခာပုဒ် - မနာမဖျားဘဲ မတ်တတ်ရပ်လျက် ကျင်ကြီးကျင်ငယ် မစွန့်ရ၊

(၂၁၉) ဟရိတဥစ္စာရ သိက္ခာပုဒ် - မနာမဖျားဘဲ စိမ်းစိုရာ၌ ကျင်ကြီးကျင်ငယ်မစွန့်ရ၊ တံတွေးမထွေးရ၊

(၂၂၀) ဥဒကဥစ္စာရ သိက္ခာပုဒ် - မနာမဖျားဘဲ ရေ၌ ကျင်ကြီးကျင်ငယ် မစွန့်ရ၊ တံတွေးမထွေးရ၊

**(စ) အဓိကရဏသမထ**

သာသနာ့ဘောင်တွင် တရားတော်ဝိနည်းနှင့်ပတ်သက်၍ ငြင်းခုံမှုများ၊ အကျင့်သီလနှင့်ပတ်သက်၍ ပျက်ကွက်မှုများ၊ စွပ်စွဲမှုများ စသည့် အငြင်းပွားဖွယ် ပြဿနာများ မကြာခဏ ပေါ်ပေါက်လေ့ရှိပါသည်။ ဤသို့သော အငြင်းပွားမှုမှုခင်းများကို အမျိုးအစားခွဲလိုက်လျှင် အောက်ပါအတိုင်း အဓိကရဏ်း(၄)မျိုး ရှိပါသည်။

(က) ဝိဝါဒါဓိကရဏ်း – တစ်ဖက်နှင့်တစ်ဖက် တရားတော်နှင့် ညီမညီ၊ ဝိနည်းတော်နှင့် ညီ မညီ ငြင်းခုံမှုပြဿနာ ဖြစ်ခြင်း၊

(ခ) အနုဝါဒါဓိကရဏ်း – ရဟန်းတစ်ပါးအပေါ် သီလပျက်မှု၊ အကျင့်ပျက်မှု၊ အသက်မွေးမှု ပျက်စီးမှု၊ အယူဖောက်ပြန်မှုတည်းဟူသော ဝိပတ္တိလေးပါးအနက်မှ တစ်ပါးပါးဖြင့် စွပ်စွဲခြင်း၊

(ဂ) အာပတ္တာဓိကရဏ်း – အပြစ်အာပတ်(၇)မျိုးတွင် တစ်မျိုးမျိုးဖြင့် အပြစ်အာပတ်သင့်ရောက်နေခြင်း၊

(ဃ) ကိစ္စာဓိကရဏ်း – သံဃာ့အစည်းအဝေးပြုလုပ်၍ ကံလေးပါးတွင် တစ်ပါးပါးကို ပြုလုပ်ခြင်း၊

ဤသို့ သာသနာတော်တွင် အဓိကရဏ်းမှုခင်းများ ဖြစ်ပေါ်လာသောအခါ ပြေငြိမ်းအောင်ဖြေရှင်းနိုင်ရန်အတွက် နည်းလမ်း(၇)မျိုးဖြစ်သည့် အောက်ပါသမထ (၇)ပါးကို မြတ်စွာဘုရားသည် ဟောကြားပညတ်တော်မူပါသည်။

(၂၂၁) သမ္မုခါဝိနယသမထ – တရားခံမှု၊ ဝိနယတို့နှင့်ပတ်သက်၍ အငြင်းပွားသဖြင့် ဖြစ်ပေါ်လာသော ဝိဝါဒါဓိကရဏ်းကို သံဃာ့အစည်းအဝေးတွင် နှစ်ဖက်သော ပုဂ္ဂိုလ်များ မျက်မှောက်၌ ဝိနည်းတရားတော်နှင့်အညီ ဆုံးဖြတ်၍ ပြေငြိမ်းစေခြင်း၊

(၂၂၂) သတိဝိနယသမထ – ရဟန္တာပုဂ္ဂိုလ်အား သီလဝိပတ္တိဖြင့် စွပ်စွဲလာလျှင် စစ်ဆေးပြီးနောက် အပြစ်မရှိကြောင်းထင်ရှားလာ၍ ထပ်မံမစွပ်စွဲနိုင်ရန်အတွက် ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် သတိဝိနယသမထကို သံဃာကပေးခြင်း၊

(၂၂၃) အမူဠှဝိနယသမထ – ရဟန်းတစ်ပါးရူးသွပ်နေစဉ် အပြစ်များ ကျူးလွန်မိသည်ကို အခြားရဟန်းများက အပြစ်အာပတ်ဖြင့်စွပ်စွဲရာ ရဟန်းက ပြုလုပ်မိမှန်းမသိကြောင်း လျှောက်ထားသော်လည်း အကြိမ်ကြိမ်စွပ်စွဲနေသဖြင့် ထို

စွပ်စွဲမှုများငြိမ်းစေရန် ၎င်းရဟန်း စိတ်ကောင်းလာသည့်အခါတွင် ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် အမူဠ္ဍဝိနယ သမထကို သံဃာက ပေးခြင်း၊

(၂၂၄) ပဋိညာတကရဏသမထ – ရဟန်းတစ်ပါး အာပတ်သင့်ပြီး အာပတ္တာဓိကရုဏ်းဖြစ်သောအခါ အခြားရဟန်းထံသို့သွားရောက်ပြီး အပြစ်အာပတ်ကို ဝန်ခံ၍ နောင်အခါ စောင့်စည်းပါမည်ဟု ဝန်ခံချက်ပဋိညာဉ်ပေးခြင်းအားဖြင့် အပြစ်အာပတ်ငြိမ်းစေသော ပဋိညာတကရဏသမထ ပြုခြင်း၊

(၂၂၅) ယေဘုယျသိကာသမထ – အငြင်းပွားမှုဝိဝါဒါဓိကရုဏ်းကို သမ္မုခါဝိနယသမထဖြင့် ပြေငြိမ်းအောင်မပြုလုပ်နိုင်လျှင် သံဃာစည်းဝေး၍ ဆန္ဒမဲခွဲ ဆုံးဖြတ်ရပါသည်။ ဤသို့အဓိကရုဏ်းကို ငြိမ်းစေရာ၌ အများစု၏အလိုဆန္ဒအတိုင်း ပြုလုပ်ခြင်းကို ယေဘုယျသိကာသမထဟု ခေါ်ခြင်း၊

(၂၂၆) တဿပါပိယသိကာသမထ – ရဟန်းတစ်ပါးအား ပါရာဇိကအာပတ်ထုလ္လစ္စည်း စသောအာပတ်တို့ဖြင့် ပြစ်တင်စွပ်စွဲရာတွင် ၎င်းက ဆုံးဖြတ်မခံလို၍ စကားလိုးလွှဲ တောင်မြောက် ပြောဆိုနေခဲ့သော် ၎င်းအား အထူးယုတ်မာသည်ဟု အသိအမှတ်ပြုအပ်သော တဿပါပိယသိကာသမထကံပြုခြင်း၊

(၂၂၇) တိဏဝတ္ထာရကသမထ – သံဃာနှစ်ဖက်ကွဲ၍ အငြင်းပွားမှု၊ ဝိဝါဒါဓိကရုဏ်းဖြစ်ပြီး နှစ်ဖက်လုံး အာပတ်သင့်နေကြရာ ရှက်ကြောက်ပြီး စိတ်ကောင်းဝင်လာကြသဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြစ်မပြောစတမ်းပြု၍ အာပတ်များကို ဖုံးလိုက်ကာ သမထကံကို ပြုခြင်း၊

အထက်ပါအတိုင်း စေတနာထား၍ သိက္ခာပုဒ် ၂၂၇-ပါးကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဝိနည်းသိက္ခာပုဒ်အားလုံးကို အများသိရှိနားလည်ရန် အကျဉ်းချုံး၍ ရိုးရိုးအရပ်သုံး၊ ခေတ်သုံးစကားများဖြင့် ရေးသားတင်ပြခြင်းဖြစ်သည့်အတွက် အဓိပ္ပာယ်ရှင်းလင်းချက်များ အပြည့်အစုံဖော်ပြနိုင်ခွင့် မရှိခဲ့ပါ။ ရှင်းလင်းပြည့်စုံစွာ သိရှိနိုင်ရန်အတွက် သာသနာရေးဦးစီးဌာနကထုတ်ဝေသည့် ဝိနည်းပိဋကတ်ပါဠိတော် မြန်မာဘာသာပြန် (၃)ကျမ်းနှင့် "ရဟန်းကျင့်ဖွယ် နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်" စာအုပ်ကို ဆက်လက်ဖတ်ရှုကြပါရန် တိုက်တွန်းပါသည်။

သာသနာတော်၏အသက်သည် ဝိနည်းပင်ဖြစ်ပါသည်။ ဝိနည်းများကို သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများက လိုက်နာကျင့်သုံးရပါသည်။ သို့မှသာ သာသနာပြုရာတွင် စားဝတ်နေရေးနှင့်ပတ်သက်၍ ပူပင်ကြောင့်ကြမရှိရအောင် ပစ္စည်းလေးပါးနှင့် ဒေါ်ရှစ်ပါးတို့ကို လှူဒါန်းပံ့ပိုးသောလူများက ကြည်ညို ရိုသေလေးစားကြပါမည်။ ဤသို့ လှူဒါန်းရသည့်အတွက် ကုသိုလ်ကောင်းမှု ခံစားရမည်ဟူသော ယုံကြည်ချက်သဒ္ဓါများ တိုးပွားလာကြမည်ဖြစ်ပါသည်။ ဟောကြားသောတရားတော်များကို ရိုသေလေးစားသဖြင့် ယုံကြည်စွာလက်ခံပြီး ကျင့်သုံးကြမည်ဖြစ်ပါသည်။ သို့အတွက် မြတ်စွာဘုရားသည် ရဟန်းတော်များအတွက် ကျင့်ဝတ်များကို ဟာကွက်မရှိ စေ့စေ့စပ်စပ် လမ်းညွှန်ချမှတ် ပညတ်တော်မူခြင်း ဖြစ်ပါသည်။

သာသနာပြုရာ၌ သီတင်းသုံးဖော် သီတင်းသုံးဖက် သာသနာ့ဝန်ထမ်း သံဃာတော်များအချင်းချင်း စိတ်ဝမ်းကွဲပြားမှု၊ ရန်ငြိုးထားခိုက်ရန်ဖြစ်ပွားမှုများ ပေါ်ပေါက်လာသည်မှာ မမွတာပင်ဖြစ်ပါသည်။ အလဇ္ဇီရဟန်းများကို ၎င်းတို့ မသင့်လျော်သော ပြုမူကျင့်ကြံမှုများကြောင့် ရဟန်းကောင်းများက ပြစ်တင်ရှုတ်ချကဲ့ရဲ့ကြပါသည်။ ရဟန်းအချင်းချင်း ကဲ့ရဲ့ပြစ်တင်မှုများကိုအကြောင်းပြု၍ မြတ်စွာဘုရားသည် ဝိနည်းသိက္ခာပုဒ်တော်များကို ပညတ်တော်မူခဲ့ပါသည်။

သာသနာတော် စည်ပင်ပြန့်ပွားရေးအကျိုးငှာ ပစ္စည်းလေးပါး လှူဒါန်းပံ့ပိုးသည့် ဒါယကာ၊ ဒါယိကာမများနှင့် ရဟန်းများသည် နေ့စဉ် တွေ့ထိမှုရှိကြပါသည်။ ဒါယကာ၊ ဒါယိကာမများနှင့် ဆက်ဆံကြရာတွင် မပြေလည်မှုများ၊ မသင့်လျော် မလျောက်ပတ်မှုများ ပေါ်ပေါက်လာသောအခါ ဒါယကာ၊ ဒါယိကာမများက ကဲ့ရဲ့ပြစ်တင်ကြပါသည်။ ဤသို့ ဒါယကာ၊ ဒါယိကာမများ ကဲ့ရဲ့ပြစ်တင်သည်များကို အလေးထား၍ ဝိနည်းသိက္ခာပုဒ်တော်များကို ပညတ်တော်မူပါသည်။

ဒါယကာ၊ ဒါယိကာမများလှူဒါန်းသည့် ပစ္စည်းလေးပါးကို လက်ခံအသုံးပြုရာတွင် လောဘဖြင့် စားသုံးခြင်း၊ စုဆောင်းခြင်း၊ ဖိမ်ခံခြင်း၊ ရိုသေစွာအသုံးမပြုခြင်း စသည်တို့နှင့်ပတ်သက်၍ မြတ်စွာဘုရားသည် လိုလေသေးမရှိအောင် စည်းကမ်းများ ချမှတ်လမ်းညွှန် ပညတ်တော်မူခဲ့ပါသည်။ လူများကြည်ညိုစေရန် အလို့ငှာ သွားလာနေထိုင်ပုံ၊ စားသောက်ပုံ၊ တရားဟောပုံတို့နှင့် ပတ်သက်၍လည်း ကျနသေချာစွာ လမ်းညွှန်ထားခဲ့တော်မူပါသည်။

ဤဝိနည်းတော်အားလုံးသည် အကျင့်သီလများဖြစ်ပါသည်။ ရဟန်းတော်များသာမက လူတိုင်းပင် သိရှိလေ့လာသင့်ပါသည်။ မှန်မြတ်သော စာရိတ္တစံများအဖြစ်ထားရှိပြီး လိုက်နာကျင့်သုံးနိုင်ပါက လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးစီးပွား ဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

# သုတ္တန်ပိဋက

# သုတ္တန်ပိဋက

သုတ္တန်ပိဋကအကြောင်းကို ပိဋကတ်သုံးပုံဆိုသည်မှာ အခန်းတွင် မိတ်ဆက်တင်ပြခဲ့ပြီးဖြစ်ပါသည်။ မြတ်စွာဘုရားသည် ဝါတော်(၄၅)ဝါပတ်လုံး သတ္တဝါတို့ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ပြီး နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ရန်အလို့ငှာ တရားဒေသနာများကို ဟောကြားတော်မူခဲ့ပါသည်။ မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်များနှင့် ဝိနည်းဆိုင်ရာတို့ကို ဝိနည်းပိဋကအနေဖြင့်လည်းကောင်း၊ ဓမ္မသဘောတရားများနှင့် ဆိုင်ရာတို့ကို အဘိဓမ္မာပိဋကအနေဖြင့်လည်းကောင်း၊ ယင်းပိဋကနှစ်ပုံမှ ကျန်ရှိသောဟောကြားချက်များကို သုတ္တန်ပိဋကအနေဖြင့်လည်းကောင်းဟိုင်းခြားစုစည်း၍ပိဋကတ်သုံးပုံအဖြစ်စုပေါင်းရွတ်ဆိုသင်္ဂါယနာတင်ခဲ့ပါသည်။ သုတ္တန်ပိဋကသည် ဝိနည်းပိဋက၊ အဘိဓမ္မာပိဋကတို့ထက်များစွာကျယ်ပြန့်ပြီး သတ္တဝါအပေါင်းတို့အားလည်း အကျိုးပြုရာတွင် သာလွန်ကြောင်း တွေ့ရပါသည်။

သုတ္တန်၏အဓိပ္ပာယ်ကို အမျိုးမျိုးဖွင့်ဆိုထားပါသည်။ အကျိုးစီးပွားကိုပြတတ်သည်။ ကောင်းစွာဟောကြားရာဖြစ်သည်။ ကောင်းစွာစောင့်ရှောက်တတ်သည်။ ဝေနေယျပုဂ္ဂိုလ်တို့၏အလိုအား လျော်ကပတ်သဖြင့် ဟောကြားအပ်သည်။ ကောက်ဝင်သည် စပါးကိုပွားစေသကဲ့သို့ အနက်ကို ပွားများစေသည်။ သားငယ်ရှိသောနွားမသည် နို့ကို ယိုစေတတ်သကဲ့သို့ အနက်ကို ယိုစေတတ်သည် စသည်ဖြင့် သုတ္တန်ကို အမျိုးမျိုးဖွင့်ဆိုကြပါသည်။ လွှဆွဲသမားများအသုံးပြုသည့် မျဉ်းကြိုးနှင့်တူသည်ဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အမှန်တရားကျင့်ကြံရန်အတွက် သုတ္တန်တရားဖြင့် မျဉ်းချပြီး သုတ္တန်တရားမျဉ်းကြောင်းကဖော်ပြထားသည့် သီလ၊ သမာဓိ၊ ပညာ လုပ်ငန်းစဉ်များကို လုပ်ဆောင်ကျင့်ကြံသွားရန် ဆိုလိုပါသည်။

မြတ်စွာဘုရားသည် သုတ္တန်ပိဋကတော်ကို ကရုဏာ၊ ပညာ နှစ်ပါးစုံ ပြဋ္ဌာန်းချက်ဖြင့် ဟောကြားတော်မူပါသည်။ ကရုဏာဖြင့် သတ္တဝါတို့၏ အကျိုးစီးပွားကို ရှေးရှု၍ ဟောကြားတော်မူပါသည်။ ပညာဖြင့် သတ္တဝါတို့ အကျိုးစီးပွားကို သိမြင်ရန် ညွှန်ပြတော်မူပါသည်။ ထိုသို့ဟောကြားရာတွင် ပုဂ္ဂိုလ်သတ္တဝါတို့၏ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ဟောကြားတော်မူပါသည်။ ၎င်းတို့၏ အသိဉာဏ်၊ အကျင့်စရိုက်၊ အလိုဆန္ဒနှင့်အညီ နားလည်သဘောပေါက်

အောင် သိလွယ်မြင်လွယ်သော ဝေါဟာရအသုံးအနှုန်းများ၊ ဥပမာသာဓကများနှင့် တန်ဆာဆင်၍ ဟောကြားတော်မူသောကြောင့် သတ္တဝါအများ နားလည်သဘော ပေါက်ကြပါသည်။ သို့အတွက် ပုဂ္ဂိုလ်သတ္တဝါများအား ဝိနည်းပိဋကနှင့် အဘိဓမ္မာ ပိဋကတို့ထက် ပိုမို၍ များစွာအကျိုးပြုပါသည်။ သာမန်ပုဂ္ဂိုလ်သတ္တဝါတို့အတွက် အနီးစပ်ဆုံး၊ အသင့်လျော်ဆုံးတရား ဖြစ်ပါသည်။ ပုဂ္ဂလသဘာဝကို ပဓာနထား၍ ဟောကြားတော်မူထားပါသည်။

ဟောကြားတော်မူရာတွင် တိုက်ရိုက်အနေဖြင့်လည်းကောင်း၊ သွယ်ဝိုက်၍ ပရိယာယ်ဖြင့်လည်းကောင်း၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ စရိုက်အလိုက်လည်းကောင်း၊ သဘောတရားသက်သက်အနေဖြင့်လည်းကောင်း နည်းမျိုးစုံဖြင့် ဟောကြားတော် မူပါသည်။ သုတ္တန်ကို ဖတ်ရှုလေ့လာသူသည် ဤသို့ဟောကြားနည်းမျိုးစုံကို သဘောပေါက်ရန် လိုအပ်ပါသည်။ သုတ္တန်ပိဋကဟုဆိုသော်လည်း ဝိနည်းပိဋက ဆိုင်ရာ၊ အဘိဓမ္မာပိဋကဆိုင်ရာ အကြောင်းအရာများသည် သုတ်များတွင် ပြန့်နှံ့ ပါရှိနေပါသည်။ ဝိနည်းနှင့် ဆိုင်ရာရဟန်းများ၏ ကျင့်ဝတ်များ၊ သီလစောင့်ထိန်းမှုများ ပါရှိသည့် သုတ်များစွာကို တွေ့ရပါသည်။ ထိုနည်းတူ အဘိဓမ္မာပိုင်းဆိုင်ရာ အဝိဇ္ဇာ၊ ဝိဇ္ဇာ၊ ဗောဓိပက္ခိယတရား (၃၇)ပါး၊ ခန္ဓာ(၅)ပါး၊ အာယတန(၁၂)ပါး၊ ပဋိစ္စသမုပ္ပာဒ်၊ အသခ်တတရား၊ ဈာန်ဝင်စားခြင်းများ၊ အတ္တ၊ အနတ္တတို့နှင့် ဆက်စပ်၍ ဟောကြားသောသုတ်များကိုလည်း တွေ့ရှိရပါသည်။ ဝိနည်းပိဋက၊ အဘိဓမ္မာပိဋကတို့နှင့် ကွာခြားမှုမှာ သုတ္တန်ပိဋကတွင် ကျွတ်ထိုက်သောဝေနေ ယျသတ္တဝါတို့၏စရိုက်အလိုက် ထိုက်သင့်သလို ဟောကြားတော်မူရသောကြောင့် ဝိနည်းနှင့် အဘိဓမ္မာပိဋကတို့၏ အစိတ်အပိုင်းအလိုက်သာ ဟောကြားတော်မူပါ သည်။ ခန္ဓာ၊ မဂ္ဂင် စသော တရားတော်တို့ကို ပြည့်စုံစွာမဟောကြားဘဲ တရားနာ ပုဂ္ဂိုလ်နှင့်လျော်ရုံ တစ်စိတ်တစ်ဒေသအားဖြင့်သာ ဝေဖန်ပိုင်းခြား ဟောကြားတော် မူပါသည်။ သို့အတွက် သုတ္တန်ပိဋကကို လေ့လာရာ၌ ဝိနည်းနှင့် အဘိဓမ္မာပိဋက များပါ တရားဓမ္မများကို တစ်စိတ်တစ်ဒေသအားဖြင့် လေ့လာပြီးဖြစ်နေမည်ကို သတိမမူမိပါက သိရှိနိုင်မည်ဖြစ်ပါသည်။ အဘိဓမ္မာပိဋကကို ဟောကြားတော်မူရာ ၌ ပုဂ္ဂိုလ်သတ္တဝါတို့ နားလည်ရန်အလို့ငှာ သုတ္တန်နည်းကိုပါ ထည့်သွင်းဟော ကြားရကြောင်း တွေ့ရှိရပါသည်။

ဝိနည်းချည်းသက်သက်ဖြင့် လူပုဂ္ဂိုလ်၊ နတ်၊ ဗြဟ္မာတို့သည် သီလ၊ သမာဓိ၊ ပညာ ရရှိနိုင်မည်မဟုတ်ပါ။ ရဟန်းတော်များအတွက်ပင်လျှင် သီလသာ ပြည့်စုံ၍ သမာဓိနှင့် ပညာတို့ပြည့်စုံရန် မလွယ်ကူပါ။ ထို့အတူ အဘိဓမ္မာချည်း သက်သက်ဖြင့် ပညာသာရရှိပြီး သီလ၊ သမာဓိ ကျင့်ကြံရန်နည်းလမ်းကို သိရှိနိုင် မည်မဟုတ်ပါ။ သုတ္တန်ပိဋကတော်၌သာလျှင် သီလ၊ သမာဓိ၊ ပညာပိုင်းတို့ကို

ပုဂ္ဂိုလ်၊ သတ္တဝါတို့၏အကျင့်စရိုက်၊ ဆန္ဒနှင့်လိုက်လျောအောင် ဝိနည်းနှင့် အဘိဓမ္မာပိဋကတော်တို့၏ အစိတ်အပိုင်းတို့ကို ထည့်သွင်းဟောကြားတော်မူထားပါသည်။ ထို့အပြင် သံသရာမှလွတ်မြောက်ရန်နည်းလမ်းများကို သုတ္တန်ပိဋကတွင် ဟောကြားထားပါသည်။ သတိပဋ္ဌာန်တရား(၄)ပါး၊ အာနာပါနရှုနည်းများ၊ ဈာန်ဝင်စားခြင်းများ၊ မဂ္ဂင်(၈)ပါး စသည်တို့ကို အများသူငါ နားလည်သဘောပေါက်အောင် ဟောကြားထားပါသည်။

မြတ်စွာဘုရားသည် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ နိဗ္ဗာန်မျက်မှောက်ပြုရေးကို အဓိကရည်ရွယ်ချက်ထားကာ တရားဒေသနာတော်များကို ဟောကြားတော်မူရာ၌ လက်ရှိဘဝတွင် ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်၊ အောင်မြင်စွာဖြင့် ကြီးပွားတိုးတက်ရေးလမ်းစဉ်များကို ထည့်သွင်းဟောကြားတော်မူပါသည်။ အကောင်းဆုံးသောဘဝကို တည်ဆောက်နိုင်ရန်အတွက် လမ်းညွှန်တော်မူခဲ့ပါသည်။ လူတို့၏ ဆိုးသော၊ ကောင်းသော သဘာဝတရားများကို သုံးသပ်ပြီး ကောင်းမြတ်သည်များကို ဟောကြားလမ်းညွှန်တော်မူပါသည်။ လောကကောင်းစားရေးအတွက် ပြီးပြည့်စုံစွာ ဟောကြားတော်မူခဲ့သည့်အတွက် မျက်မှောက်ဘဝကောင်းစားရေးနှင့် ပတ်သက်၍ ဖတ်ရှုကျင့်ကြံသင့်ပါသည်။

ဤသုတ္တန်ပိဋကတော်သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လမ်းညွှန်ထားသည့်အပြင် မြန်မာ့ယဉ်ကျေးမှုအခြေပြုရာကျမ်းများလည်း ဖြစ်ပါသည်။ သိင်္ဂါလောဝါဒသုတ်၊ မေတ္တသုတ်၊ မင်္ဂလသုတ်တို့သည် မြန်မာလူမှုဆက်ဆံရေးနှင့် ယဉ်ကျေးမှုတို့၏ အခြေခံပင်ရင်းပင်ဖြစ်ပါသည်။ သုတ္တန်တွင်ပါရှိသော ဝတ္ထုအကြောင်းအရာများ၊ ဇာတ်တော်များမှ မြန်မာစာပေအမျိုးမျိုး ပေါ်ထွန်းခဲ့ပါသည်။ ပန်းချီ၊ ပန်းပု စသည့် မြန်မာ့အနုပညာယဉ်ကျေးမှုသည် သုတ္တန်ပိဋကတော်မှ အခြေခံကြောင်း တွေ့ရှိရပါသည်။ သုတ္တန်ပိဋကတော်သည် မြန်မာ့ယဉ်ကျေးမှုတို့ ပေါက်ဖွားရာဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့အတွက် သုတ္တန်ပိဋကတော်သည် မြန်မာနိုင်ငံအတွက် ကျေးဇူးရှင်ပင်ဖြစ်ပါသည်။

မြတ်စွာဘုရားဟောကြားတော်မူသောသုတ်များကို အတိုအရှည်အလိုက်၊ တရားသဘောအလိုက် အစုနိကာယ်(၅)ရပ်ခွဲခြား၍ အောက်ပါအတိုင်း ပြုစုထားပါသည်။

**(က) ဒီဃနိကာယ်။** ။ ရှည်သောသုတ်များကို စုပေါင်းဖွဲ့စည်းထားပါသည်။ ဝဂ္ဂဟူသော ကျမ်းသုံးကျမ်းနှင့် ဟောကြားသော သုတ်(၃၄)သုတ် ပါရှိပါသည်။ ပါဠိတော်မြန်မာပြန်စာအုပ်အနေဖြင့် (၃)အုပ်ရှိပါသည်။

**(ခ) မဇ္ဈိမနိကာယ်။** ။ မတိုလွန်း၊ မရှည်လွန်း အလယ်အလတ်ဖြစ်သော သုတ်တို့ကို စုစည်းထားပါသည်။ ပဏ္ဏာသဟူသော ကျမ်း(၃)ကျမ်းနှင့် သုတ်(၁၅၂)သုတ် ပါဝင်ပါသည်။ ပါဠိတော်မြန်မာပြန်စာအုပ် အနေဖြင့် (၃)အုပ်ရှိပါသည်။

**(ဂ) သံယုတ္တနိကာယ်။** ။ တရားနာခံသူဖြစ်သော ပုဂ္ဂိုလ်များ၊ တရားသဘော များ တူရာတူရာ စုစည်းပေါင်းစပ်ထားပါသည်။ ကျမ်းဝဂ္ဂအားဖြင့် (၅)ကျမ်း၊ သံယုတ်အခန်းပေါင်း(၅၆)ခန်း၊ ဟောကြားသောသုတ် ပေါင်း (၇၇၆၂)ရှိပါသည်။ ပါဠိမြန်မာပြန်အနေဖြင့် (၃)အုပ်ရှိပါသည်။

**(ဃ) အင်္ဂုတ္တရနိကာယ်။** ။ တရား တစ်မျိုးတစ်စား ဟောကြားသောသုတ်၊ တရား နှစ်မျိုးနှစ်စား ဟောကြားသောသုတ် စသည် ဖြင့် တရား ဆယ့်တစ်မျိုးအထိ ဟောကြားသည့်သုတ်များကို စုပေါင်းစီစဉ်ထား ပါသည်။ ဤသို့ ဧကကနိပါတ်မှ ဧကာဒသကနိပါတ်ထိ နိပါတ်အပိုင်း(၁၁)ခု၊ သုတ် ပေါင်း (၉၅၅၇)သုတ် ပါရှိပါသည်။ ပါဠိမြန်မာပြန်စာအုပ်အနေဖြင့် (၃)အုပ်ရှိ ပါသည်။

**(င) ခုဒ္ဒကနိကာယ်။** ။ အထက်ပါ နိကာယ်လေးရပ်မှကြွင်းသည့် ဘုရား စကားတော်များကို ခုဒ္ဒကနိကာယ်တွင် စုစည်းထား ပါသည်။ ဤနိကာယ်တွင်ပါရှိသောသုတ်များမှာ တိုသောသုတ်များဖြစ်ပါသည်။ ဝိနည်း(၅)ကျမ်းနှင့် အဘိဓမ္မာ(၇)ကျမ်းတို့မှအလွတ် ခုဒ္ဒကနိကာယ်တွင် ပါဝင် သောကျမ်းများမှာ (၁၄)ကျမ်းရှိပါသည်။ ပါဠိမြန်မာဘာသာပြန်အနေဖြင့်(၇)အုပ် ရှိပါသည်။

ဆက်လက်၍ သုတ္တန်ပိဋကတော်ကို နိကာယ်အလိုက် ရေးသားတင်ပြသွား ပါမည်။ အချို့နိကာယ်များတွင် သင့်လျော်သောသုတ်များကို နမူနာအဖြစ် အကျဉ်း ချုံး၍ တင်ပြသွားပါမည်။ အချို့နိကာယ်များတွင် သံယုတ်အခန်းအလိုက်၊ နိပါတ် အပိုင်းအလိုက် အကျဉ်းချုံး၍ တင်ပြသွားပါမည်။ ဟောကြားသောသုတ်များမှာ (၁၇၅၀၅)ရှိသောကြောင့် အားလုံးကိုအကျဉ်းချုံး၍ ဖော်ပြနိုင်စွမ်းမရှိပါ။ နိကာယ် အလိုက်၊ အခန်းအပိုင်းအလိုက်သာ သင့်တင့်လျောက်ပတ်စွာ သဘောပေါက်နား လည်ရန်အတွက် အကျဉ်းချုံး၍ ကြိုးစားတင်ပြပါမည်။

ရေးသားတင်ပြနည်းမှာ ဖတ်ကောင်းအောင်၊ ကြိုက်နှစ်သက်အောင် ရေး သားခြင်းမပြုဘဲ သုတ္တန်များ၏ ဆိုလိုရင်းအကျဉ်းချုပ်ကိုသာ ခြုံငုံမိအောင် ရေး သားထားပါသည်။ အကျယ်ဖတ်ရှုလေ့လာလိုပါက သုတ္တန်ပါဠိတော် မြန်မာပြန် ကျမ်းများရှိပြီးဖြစ်ပါသည်။ သုတ်များကို မှီငြမ်းပြီး ဖတ်ချင်စဖွယ်၊ စိတ်ဝင်စား ဖွယ်ရာ ရေးသားထားသောစာအုပ်များလည်း ရှိနေပြီဖြစ်ပါသည်။

# ဒီဃနိကာယ်

မြတ်စွာဘုရားဟောကြားတော်မူသော တရားဒေသနာတော်များကို အမျိုးအစားပိုင်းခြား၍ နိကာယ်(၅)ရပ်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ဤနိကာယ်(၅)ရပ်တို့ကို ပထမသင်္ဂါယနာတင်ရာ၌ ဒီဃနိကာယ်ကို ရှေးဦးစွာ တင်ခဲ့ပါသည်။ ဤနိကာယ်တွင် ရှည်သောသုတ်များကို စုစည်းဖွဲ့စည်းထားပါသည်။ ထိုမှတစ်ဖန် သုတ်များကို အစု(၃)စုခေါ် ဝဂ္ဂ(၃)ကျမ်း ထပ်မံခွဲခဲ့ပါသည်။ ၎င်းတို့မှာ သီလက္ခန္ဓဝဂ္ဂ၊ မဟာဝဂ္ဂ၊ ပါထိကဝဂ္ဂတို့ဖြစ်ပါသည်။ သီလက္ခန္ဓဝဂ္ဂတွင် သုတ်ပေါင်း(၁၃)သုတ်၊ မဟာဝဂ္ဂတွင် သုတ်ပေါင်း(၁၀)သုတ်၊ ပါထိကဝဂ္ဂတွင် သုတ်ပေါင်း(၁၁)သုတ် စုစုပေါင်း သုတ်ပေါင်း(၃၄)သုတ် ပါရှိပါသည်။

ရှေးဦးစွာ သင်္ဂါယနာတင်သော ဒီဃနိကာယ်တွင် အယူအဆဒိဋ္ဌိပေါင်းစုံ၊ သီလ၊ သမာဓိ၊ ပညာ၊ အလျှုဒါနတို့အကြောင်းအပြင် မြတ်စွာဘုရား၏ နိဗ္ဗာန်စံခန်း၊ နိဗ္ဗာန်သို့မျက်မှောက်ပြုရန် တစ်ခုတည်း၊ တစ်ကြောင်းတည်းသောနည်းဖြစ်သည့် သတိပဋ္ဌာန်လေးပါး၊ လောက၏ အကျိုးအကြောင်းဖြစ်စဉ်ကို ဝေဖန်သုံးသပ်ထားသည့် ပဋိစ္စသမုပ္ပာဒ်သဘောတရားများ ပါရှိပါသည်။ မြတ်စွာဘုရား၏ လက္ခဏာတော်(၃၂)ပါးသည် ပါရမီဖြည့်စဉ် ဘဝအဆက်ဆက်၌ ကောင်းမှုကုသိုလ်ကံများ၏ အကျိုးကျေးဇူးကြောင့် ရရှိသည်ကို ဖော်ပြထားပါသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် ကျင့်ဝတ်များ၏ အရင်းအမြစ်ဖြစ်သော သိင်္ဂါလသုတ်သည်လည်း ဤနိကာယ်တွင် ပါရှိပါသည်။ သုတ်ပေါင်း(၃၄)သုတ်ကို အကျဉ်းချုပ်ရေးသားဖော်ပြရပါက စာအုပ်တစ်အုပ်ပင် ဖြစ်လာနိုင်သည့်အတွက် ဤနိကာယ်မှ နမူနာအနေဖြင့် အောက်ပါ သုတ်(၉)သုတ်ကို ရွေးချယ်၍ သဘောအကျဉ်းချုပ်ကို ရေးသားတင်ပြအပ်ပါသည်။

ဗြဟ္မဇာလသုတ်။ ။ သုံးမျိုးသုံးစားသောသီလများနှင့် မိစ္ဆာဒိဋ္ဌိ(၆၂)ပါး၊ ကြောင်းကျိုးအဆက်ဆက်ဖြစ်ပေါ်ပုံ၊ ဘ၀တဏှာပြတ်ပုံတို့ကို ဟောကြားထားတော်မူပါသည်။

သာမညဖလသုတ်။ ။ အဇာတသတ်မင်းအား ပုရာဏကဿပ စသော ဒိဋ္ဌိဆရာကြီး(၆)ဦးတို့၏ အယူ၀ါဒများကို ပိုင်းခြားဝေဖန်ပြီး ရဟန်းပြုခြင်း၏ မွန်မြတ်သောအကျိုးကျေးဇူးများကို ဟောကြားထားတော်မူပါသည်။

ကူဋဒန္တသုတ်။ ။ တိရစ္ဆာန်များအား သတ်ဖြတ်၍ ယဇ်ပူဇော်ခြင်းထက် လုပ်ဆောင်ဖွယ်နည်းပါးပြီး ပို၍အကျိုးများသော ယဇ်ပူဇော်နည်းများ၊ အမြတ်ဆုံးယဇ်ပူဇော်နည်းများကို ကူဋဒန္တ ပုဏ္ဏားအား ဟောကြားတော်မူပါသည်။ သီလစောင့်ထိန်းခြင်း၊ ဈာန်ဝင်စားခြင်းတို့သည် သာလွန်ကောင်းမွန်သော ယဇ်ပူဇော်ခြင်းမျိုးဖြစ်ကြောင်း၊ အာသဝက္ခယဉာဏ် ကျင့်ကြံရရှိခြင်းသည် အမွန်မြတ်ဆုံးသော ယဇ်ပူဇော်ခြင်းဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

ပေါဋ္ဌပါဒသုတ်။ ။ အမှတ်သညာများသည် အကြောင်းရှိ၍ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ထိုသညာများအပေါ်တွင် နှလုံးသွင်းလွဲမှားသောကြောင့် အတ္တ၊ အယူအဆများ ဖြစ်ပေါ်လာကြောင်း၊ ဤသညာများ ချုပ်ငြိမ်းရန်ကျင့်ကြံသောအခါ နိရောဓသမာပတ် ဖြစ်ပေါ်လာကြောင်း ဟောကြားတော်မူပါသည်။ အမှတ်သညာသည် လူ့လောက၌ အရေးပါကြောင်း၊ အမှတ်သညာများ ဖြစ်ပေါ်လာသောကြောင့် သာလျှင် ပညာဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

မဟာနိဒါနသုတ်။ ။ လောက၏ ကြောင်းကျိုးဆက်ဖြစ်စဉ် ပဋိစ္စသမုပ္ပာဒ်သဘောတရားများနှင့် ယင်းတရားများမှ အမြတ်ဆုံးလွတ်မြောက်မှုတရားတို့ကို ဟောကြားတော်မူပါသည်။

မဟာပရိနိဗ္ဗာနသုတ်။ ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံမီ ၀ါတွင်း(၂)၀ါအတွင်း ကုသိနာရုံသို့ သွားသည့်ခရီးစဉ်၊ ဟောကြားတော်မူသောတရားတော်များနှင့် ပရိနိဗ္ဗာန်စံလွန်တော်မူသည်ကို သံဝေဂရဖွယ်ရာ ဖော်ပြထားပါသည်။

မဟာသတိပဋ္ဌာနသုတ်။ နိဗ္ဗာန်ရောက်ကြောင်း တစ်ကြောင်းတည်းသောနည်းလမ်းဖြစ်သည့် သတိပဋ္ဌာန်လေးပါးတို့ကို ရှုမြင်ဆင်ခြင်ပုံ၊ ကျင့်ကြံပုံနည်းလမ်းများ ဟောကြားလမ်းညွှန်တော်မူထားပါသည်။

လက္ခဏာသုတ်။ ။ မြတ်စွာဘုရား၏ လက္ခဏာတော်(၃၂)ပါးတို့ကို ရရှိတော်မူသည့် အကြောင်းကံများနှင့် လက္ခဏာတို့ကို ကြည့်ညှိဖွယ်ရာ ဖတ်ရှုနိုင်ပါသည်။

သိင်္ဂါလသုတ်။ ။ မြန်မာ့အဖွဲ့အစည်းအတွက် ယဉ်ကျေးမှုနှင့် ကျင့်ဝတ်များ မြစ်ဖျားခံရာသုတ်ပင်ဖြစ်ပါသည်။

ဖော်ပြထားသော မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့် ကျင့်ဝတ် စသည်များသည် ယနေ့တိုင် မရိုးနိုင် စံပြလမ်းညွှန်အနေဖြင့် တည်ရှိလျက်ရှိပါသည်။

ဤ ဒီဃနိကာယ်ကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ဗုဒ္ဓဘာသာ၏ အခြေခံကျလှသော အတွေးအခေါ်များ၊ ကျင့်စဉ်များကို သိရှိရုံမျှမက လူ့လောကအတွက် ကြီးပွားတိုးတက်ရာတိုးတက်ကြောင်းနည်းလမ်းများ၊ လူ့ကျင့်ဝတ်များကို သိရှိလိုက်နာကျင့်သုံးနိုင်မည်ဖြစ်သည့်အတွက် များစွာအကျိုးရှိလှပါသည်။

**ဗြဟ္မဇာလသုတ်**

ဤဗြဟ္မဇာလသုတ်ကို သုပ္ပိယမည်သော ပရိဗိုဇ်နှင့် ၎င်း၏တပည့် ဗြဟ္မဒတ္တနှစ်ဦးတို့ကို အကြောင်းပြု၍ ဟောတော်မူပါသည်။ ဆရာဖြစ်သူက ရတနာသုံးပါး၏အကျိုးမဲ့ကို ပြောဆိုပါသည်။ တပည့်က ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပြောဆိုငြင်းခုံကြပါသည်။ ထိုအကြောင်းကိုကြား၍ မြတ်စွာဘုရားက ကျေးဇူးမဲ့ပြောဆိုသူအပေါ် စိတ်ဆိုးရန်ငြိုးဖွဲ့ခြင်း၊ မနှစ်သက်၊ မကျေနပ်ခြင်း မရှိသင့်ကြောင်း၊ ရှိခဲ့လျှင် အကောင်းအဆိုး ခွဲခြား၍သိနိုင်မည်မဟုတ်သည့်ပြင် ဈာန်၊ မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်နိုင်ကြောင်း မိန့်ကြားတော်မူပါသည်။ မဟုတ်မမှန်သည်ကို မဟုတ်မမှန်ဟု ဖြေရှင်းခြင်းကိုသာ ပြုရမည်ဖြစ်ပါသည်။ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို ပြောဆိုလျှင်လည်း ဝမ်းမြောက်နှစ်သက် စိတ်တက်ကြွခြင်းမပြုသင့်ကြောင်း၊ ပြုလျှင် မဂ်ဖိုလ်၏အန္တရာယ်ဖြစ်နိုင်ကြောင်း မိန့်ကြားတော်မူပါသည်။ ဤသို့ ချီးကျူးကြလျှင် ဟုတ်မှန်သောအချက်ကို ဟုတ်မှန်သည်ဟု ဝန်ခံခြင်းကိုသာ ပြုရပါမည်။ မြတ်စွာဘုရားကို ပုထုဇဉ်ပုဂ္ဂိုလ်များက ချီးကျူးကြရာတွင် သီလဂုဏ်ဖြင့်သာ ချီးကျူးကြလေ့ရှိကြောင်း၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် မချီးကျူးနိုင်ကြကြောင်း၊ သီလ သုံးမျိုးသုံးစားရှိကြောင်း မိန့်ကြားတော်မူပါသည်။ သီလသုံးမျိုးတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**စူဠသီလ**။ ။ မြတ်စွာဘုရားသည် ရှစ်ပါးသီလကို စောင့်ထိန်းသည်။ ရွှေ၊ ငွေ၊ မြေ၊ ယာ၊ လူ၊ တိရစ္ဆာန်တို့ကို ခံယူခြင်းမှ ရှောင်ကြဉ်သည်။ လူတို့ကိစ္စများ၊ အရောင်းအဝယ်များမှ ရှောင်ကြဉ်သည်။ ဂါထာ၊ မန္တန်၊ မျက်လှည့် အတတ်ပညာအမျိုးမျိုးတို့ဖြင့် လှည့်စားခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းအမျိုးမျိုးတို့မှ ရှောင်ကြဉ်သည်။

**မဇ္ဈိမသီလ**။ ။ မျိုးစေ့နှင့် သစ်ပင်တို့ကို ဖျက်ဆီးခြင်း၊ အဆို၊ အက၊ ဆင်တိုက်ပွဲ၊ မြင်းတိုက်ပွဲ အစရှိသည့် ပွဲမျိုးစုံ၊ တိုက်ပွဲမျိုးစုံတို့ ကြည့်ရှုနားထောင်ခြင်း၊ လောင်းကစားအမျိုးမျိုး လိုက်စားခြင်း၊ မြင့်မြတ်ဖိမ်ရှိသော အိပ်ရာ၊ နေရာ၊ ထိုင်ရာတို့ကို ခံစားခြင်း၊ လှပတင့်တယ်အောင် ဆင်ယင်ခြယ်သခြင်း၊ လောကုတ္တရာနှင့် မစပ်အပ်သည့် လောကီလူသားတို့နှင့် ပတ်သက်သည့် စကားများကို ပြောဆိုခြင်း၊ လာဘ်လာဘရအောင် နည်းမျိုးစုံအသုံးပြုရှာကြံခြင်း စသည်တို့မှ မြတ်စွာဘုရားသည် ရှောင်ကြဉ်ပါသည်။

**မဟာသီလ**။ ။ လူတို့၏ ကြန်အင်လက္ခဏာတို့ကို ဖတ်ကြားဟောကြားခြင်း၊ အင်္ဂဝိဇ္ဇာအတတ်၊ ခေတ္တဝိဇ္ဇာအတတ်၊ ဘူတဝိဇ္ဇာအတတ်၊ ဆေးကုသသောအတတ်၊ အဝတ်အစား၊ လက်နက်ပစ္စည်း၊ လူ တိရစ္ဆာန်တို့၏ လက္ခဏာများဟောပြောခြင်း၊ ဗေဒင်ကိန်းခန်းဟောကြားခြင်း၊ နက္ခတ်များကြည့်၍ ဟောကြားခြင်း၊ လူမှုကိစ္စတို့၌ ပါဝင်ဆောင်ရွက်ခြင်း၊ နတ်ဗြဟ္မာတို့ကို ပင့်ဖိတ်ခြင်း၊ မီးပူဇော်ခြင်း၊ မန္တန်စုပ်ခြင်း၊ ရေမန်းပေးခြင်း၊ ပယောဂကုခြင်း စသည့် လွဲမှားဖောက်ပြန်သော အသက်မွေးဝမ်းကျောင်းတို့မှ မြတ်စွာဘုရားသည် ရှောင်ကြဉ်ပါသည်။

ပုထုဇဉ်တို့သည် မြတ်စွာဘုရား၏ဂုဏ်ကို သီလအားဖြင့်ပြောကြားလျှင် ပြီးပြည့်စုံမည်မဟုတ်။ ဂုဏ်၏အနည်းငယ်မျှသာ ပြောခြင်းဖြစ်ပေသည်။ သီလထက် နက်နဲသိမ်မွေ့မြင့်မြတ်သော မြတ်စွာဘုရားကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုသောတရားများ ရှိပါသည်။ ထိုတရားများကို ပြောဆိုချီးကျူးမှသာ မြတ်စွာဘုရား၏ ဟုတ်မှန်သောဂုဏ်ကို ပြောဆိုချီးကျူးရာရောက်ကြောင်း၊ ယင်းတရားများဖြစ်သော လောကနှင့်ပတ်သက်၍လည်းကောင်း၊ အတ္တနှင့်ပတ်သက်၍လည်းကောင်း၊ ဘဝနှင့်ပတ်သက်၍လည်းကောင်း ပုဂ္ဂိုလ်၊ သတ္တဝါတို့ယူဆကြသည့် ဝါဒမျိုးစုံဖြစ်သည့် မိစ္ဆာဒိဋ္ဌိ(၆၂)ပါးကို ကိုယ်တော်တိုင် ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး ဟောကြားတော်မူသည်ဟု ချီးမွမ်းပြောဆိုမှသာ မြတ်စွာဘုရား၏

ဂုဏ်ကို ဟုတ်တိုင်းမှန်စွာ ချီးမွမ်းပြောဆိုသည်မည်ကြောင်း ဟောကြားတော်မူပါသည်။

ယင်း မိစ္ဆာဒိဋ္ဌိ(၆၂)ပါးတွင် ရှေးအတိတ်အဖို့တို့ကို စွဲယူကြံဆသည့် ပုဗ္ဗန္တာနုဒိဋ္ဌိ(၁၈)ပါး၊ နောင်အနာဂတ်အဖို့တို့ကို စွဲယူကြံဆသည့် အပရန္တကပ္ပိကဝါဒ (၄၄)ပါးရှိပါသည်။ ၎င်းတို့ကို အောက်ပါအတိုင်း ဝေဖန်ပိုင်းခြားထားပါသည်။

ရှေးအတိတ်အဖို့တို့ကို စွဲယူကြံဆသည့် ပုဗ္ဗန္တာနုဒိဋ္ဌိ(၁၈)ပါးတို့မှာ –

(က) အတ္တနှင့် လောက မြဲ၊ မမြဲနှင့်ပတ်သက်၍ သဿတဒိဋ္ဌိ(၄)မျိုး၊ (ခ) အချို့မြဲသည်၊ အချို့မမြဲနှင့် ပတ်သက်၍ ဧကစ္စသဿတဒိဋ္ဌိ(၄)မျိုး၊ (ဂ) လောက၌ အဆုံးရှိသည်၊ မရှိသည်နှင့် ပတ်သက်၍ အန္တာနန္တဒိဋ္ဌိ(၄)မျိုး၊ (ဃ) ကုသိုလ်၊ အကုသိုလ်နှင့် လောက ရှိ မရှိ တိမ်းရှောင်ဖယ်ရှားလီးလွှဲ၍ ပြောဆိုခြင်းနှင့်ပတ်သက်၍ အမရာဝိက္ခေပဒိဋ္ဌိ(၄)မျိုး၊ (င) အတ္တနှင့် လောကသည် အကြောင်းမဲ့ဖြစ်ပေါ်လာသည်ဟူသော အယူအဆနှင့်ပတ်သက်၍ အဓိစ္စသမုပ္ပန္နဒိဋ္ဌိ(၂)မျိုးတို့ဖြစ်ပါသည်။

နောင်အနာဂတ်အဖို့တို့ကို စွဲယူကြံဆသည့် မိစ္ဆာဒိဋ္ဌိ(၄၄)ပါးတို့မှာ –

(က) သေပြီးသည့်နောက်၌ အတ္တသည် သညာရှိပုံကို တစ်ဆယ့်ခြောက်ပါးသော အကြောင်းတို့ဖြင့် ပြောဆိုအယူအဆရှိသော ဥဒ္ဓမာဃာတနိကသညီဝါဒ (၁၆)မျိုး၊ (ခ) သေပြီးနောက် အတ္တ၏သညာမရှိပုံကို (၈)ပါးသောအကြောင်းတို့ဖြင့် ပြောဆိုယူဆကြသော ဥဒ္ဓမာဃာတနိက အသညီဝါဒ(၈)မျိုး၊ (ဂ) သေပြီးသည်နောက် သညာရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်ဟု ယူဆသော ဥဒ္ဓမာဃာတနိက နေဝသညီ နာသညီဝါဒ(၈)မျိုး၊ (ဃ) သတ္တဝါသည် သေလျှင်ပြတ်သည်ဟု (၇)မျိုးသောအကြောင်းတို့ဖြင့်ယူဆသော ဥစ္ဆေဒဝါဒ(၇)မျိုး၊ (င) အတ္တသည် ယခုဘဝ၌ပင် အမြတ်ဆုံးမျက်မှောက်လောကီနိဗ္ဗာန်ကို ရောက်ရှိခံစားရသည်ဟူသော (၅)မျိုးသောအကြောင်းတို့ဖြင့် ယူဆသည့်ဒိဋ္ဌဓမ္မနိဗ္ဗာန(၅)မျိုးတို့ ဖြစ်ပါသည်။

မြတ်စွာဘုရားသည် ဤအယူဝါဒများသည် လွဲမှားကြောင်း ကောင်းစွာသိမြင်တော်မူသည်။ ထို့ထက်သာလွန်သော အမှန်တရားများကိုလည်း သိမြင်တော်မူသည်။ တရားတို့ကို မှန်ကန်စွာသုံးသပ်တော်မူသောကြောင့် အေးငြိမ်းသောနိဗ္ဗာန်ကို ခံစားတော်မူပါသည်။ ခံစားမှုဝေဒနာတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း၊ သာယာဖွယ်၊ ငြီးငွေ့ဖွယ်နှင့် လွတ်မြောက်ရာတို့ကို ကောင်းစွာသိမြင်တော်မူပြီး ဘဝတဏှာ ပြတ်တော်မူပြီးဖြစ်ပါသည်။

(၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူဝါဒအမျိုးမျိုးတို့ကို နှစ်သက်ဝမ်းသာသော ဝေဒနာတို့ကို ခံစားလျက် ပြောဆိုကျင့်ကြံကြသော ပုဂ္ဂိုလ်တို့သည် တွေ့ထိခြင်းတည်းဟူသောဖဿကြောင့် ဝေဒနာကို ခံစားရသည်။ ထို့နောက် တပ်မက်မှုတဏှာ၊ စွဲလမ်းမှုဥပါဒါန်၊ ဘဝ၊ ဇာတိ၊ အိုခြင်းဇရာ၊ သေခြင်းမရဏ၊ စိုးရိမ်ခြင်းသောက၊ ငိုကြွေးခြင်းပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်းဒုက္ခ၊ စိတ်ဆင်းရဲခြင်းဒေါမနဿ၊ လွန်စွာစိတ်ပင်ပန်းခြင်း ဥပါယာသတို့ကို ရရှိကုန်ပါသည်။ ဤသို့ အယူဝါဒအားလုံးသည် မြတ်စွာဘုရားဟောကြားတော်မူသော ဤဒေသနာသုတ္တန်ကွန်ရက်၌ ခြုံမိပြီးဖြစ်သောကြောင့် ဗြဟ္မဇာလသုတ်ဟူ၍ မှတ်ယူကြခြင်းဖြစ်ပါသည်။

ဤသုတ်တွင် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ဟုတ်တိုင်းမှန်စွာ ချီးကျူးသင့်သည့် အကြောင်းအရာ နည်းလမ်းများအပြင် လူသားတို့ အတ္တ၊ ဘဝ၊ လောကနှင့် လွတ်မြောက်မှုတို့ကို တွေးခေါ်ကြံဆကြသည့် အယူဝါဒများကိုပါ သိရှိနိုင်ပါသည်။

**သာမညဖလသုတ်**

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်တွင် ဆရာဇီဝက၏ သရက်ဥယျာဉ်၌ ရဟန်းသံဃာ (၁၂၅၀)နှင့်အတူ သီတင်းသုံးတော်မူစဉ် သာမညဖလသုတ်ကို ဟောပြောရန်အကြောင်း ဖြစ်ပေါ်လာပါသည်။ ထိုစဉ်အခါ တန်ဆောင်မုန်းလပြည့်တစ်ညသ၌ အဇာတသတ်မင်းသည် ဤကဲ့သို့လသာပြီး ကြည်နူးဖွယ်ကောင်းသည့် ညဉ့်ကာလဝယ် မည်သို့သောပုဂ္ဂိုလ်ကို ချဉ်းကပ်သင့်ပါသနည်းဟု အမတ်ကြီးများအား မေးမြန်းပါသည်။ အမတ်ကြီးများက မိမိတို့ကိုးကွယ်ကြသော ပုရာဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ သဉ္စယဗေလဋ္ဌပုတ္တ၊ နိဂဏ္ဌနာဋပုတ္တတို့ထံသွားရောက်၍ ဆည်းကပ်လျှင် စိတ်ကြည်လင် လာပါလိမ့်မည်ဟု အသီးသီးလျှောက်ထား တိုက်တွန်းကြပါသည်။ ဘုရင်ကြီးက ဆိတ်ဆိတ်နေပြီး ဆရာဇီဝကက မြတ်စွာဘုရားထံ ချဉ်းကပ်သင့်ကြောင်း လျှောက် ထားသောအခါမှ လက်ခံပြီး သွားရောက်ဖူးမြော်ပါသည်။ အစကတည်းကပင် မြတ်စွာဘုရားအား ဖူးမြော်လိုသောဆန္ဒရှိကြောင်း သိသာပါသည်။

ဤသို့ သွားရောက်ဆည်းကပ်ရှိခိုးပူဇော်ရာတွင် သံဃာအပါး(၁၂၅၀) တို့သည် တရားမှတ်၍ အေးချမ်းဆိတ်ငြိမ်စွာ ကြည်လင်သောအိုင်ကြီးကဲ့သို့ ငြိမ်သက်စွာနေကြသည်ကို တွေ့ရှိရ၍ အလွန်ပင်ဝမ်းသာကြည်နူးပြီး ဥဒါန်းကျူးရင့်ပါသည်။ ရဟန်းပြုရခြင်း၏ အကျိုးကျေးဇူးများကို စိတ်ပါဝင်စားပြီး သိလိုသောကြောင့် ယခုမျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်နိုင်သော ရဟန်းဖြစ်ရခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောပါရန် လျှောက်ထားပန်ကြားပါသည်။

မြတ်စွာဘုရား၏ မေးမြန်းချက်အရ ဤပြဿနာမေးခွန်းကို အထက်တွင် ဖော်ပြထားသော ဆရာကြီး(၆)ဦးထံ ချဉ်းကပ်၍ မေးမြန်းဖူးကြောင်း၊ ၎င်းတို့ဖြေကြားချက်မှာ အမေးတခြား အဖြေတခြားဖြစ်နေကြောင်း၊ ၎င်းတို့၏အယူဝါဒကိုသာ ဖြေကြားကြကြောင်း၊ သို့အတွက် နှစ်သက်နာယူမှတ်သားထားခြင်းမရှိကြောင်း တင်ပြလျှောက်ထားပါသည်။ အဇာတသတ်မင်း၏ လျှောက်ထားချက်မှာ မြတ်စွာဘုရားနှင့် ခေတ်ပြိုင်ဖြစ်သော တိတ္ထိဆရာကြီး(၆)ဦးတို့၏ အယူဝါဒကို အောက်ပါအတိုင်း လေ့လာတွေ့ရှိနိုင်ပါသည်။

(၁) **ပူရဏကဿပ၏ အယူဝါဒ**။ ။ မကောင်းမှုကို ပြုလုပ်သောအကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှုဖြစ်ပေါ်လာခြင်းလည်းမရှိ။ ကောင်းမှုကို ပြုလုပ်သောအကြောင်းကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ပေါ်လာခြင်းမရှိ ဟူသော ကံမဲ့ဝါဒ။

(၂) **မက္ခလိဂေါသာလ၏အယူဝါဒ**။ ။ မဟာကပ်တို့ပတ်လုံး "လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ တစ်ဘဝမှတစ်ဘဝသို့ ပြေးသွားကျင်လည်၍ အတူတကွ ဆင်းရဲ ကုန်ဆုံးခြင်းကို ပြုကြလိမ့်မည်ဟူသော သံသရာမှ စင်ကြယ်ခြင်းဝါဒ။

(၃) **အဇိတကေသကမ္ဗလ**။ ။ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲသွားပြီး သေပြီးနောက်၌မရှိဟူသော ပြတ်စဲဝါဒ။

(၄) **ပကုဓ ကစ္စာယန**။ ။ လောကသည် မတုန်လှုပ်၊ မဖောက်ပြန်၊ ဆင်းရဲချမ်းသာမပြုလုပ်နိုင်သော သတ်သူ၊ သေစေသူ၊ ကြားသူ၊ ကြားစေသူ၊ သိသူ၊ သိစေသူ မရှိကုန်သော မြေ၊ ရေ၊ လေ၊ မီး၊ ဆင်းရဲ၊ ချမ်းသာ၊ အသက်စ သော (၇)ခုသာရှိသည်ဟူသော "အကြောင်းတရားတစ်ပါးဖြင့် အကြောင်း အရာတစ်ပါးကို ဖြေကြားသည့်ဝါဒ"။

(၅) **သဉ္စယဗေလဋ္ဌပုတ္တ**။ ။ လောက၊ သတ္တဝါ၊ ကံတရား စသည်တို့နှင့် ပတ်သက်၍ ရှိသည်၊ မရှိသည်၊ ဖြစ်သည်၊ မဖြစ်သည်တို့ကို လက်ခံထား ခြင်းမပြုသော ပစ်လွှတ်သောအယူဝါဒ။

(၆) **နိဂဏ္ဌနာဋပုတ္တ**။ ။ ရေအေးကိုတားမြစ်ခြင်း၊ မကောင်းမှုကို အလုံးစုံတားမြစ်ခြင်း၊ ပယ်ခွာခြင်း၊ လွတ်မြောက်ခြင်းလေးမျိုးကို စောင့်စည်းသော အယူဝါဒ။

ထိုသို့ အဇာတသတ်မင်းက သူ၏အတွေ့အကြုံများကို တင်ပြလျှောက်ထားပြီးနောက် မြတ်စွာဘုရားသည် မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်နိုင်သော ရဟန်းဖြစ်ကျိုးများကို တစ်ဆင့်ချင်းတစ်ဆင့်တက်၍ ရရှိသော မွန်မြတ်သည့်အကျိုးကျေးဇူးများကို ဟောကြားတော်မူပါသည်။

(၁) အမှုလုပ်ကျွန်ယောက်ျားသည် ရဟန်းဘောင်သို့ဝင်ခဲ့သော် ဘုရင်မင်းက ထိုသူအားပြန်ခေါ်၍ အမှုလုပ်ကျွန်တစ်ဖန် ဖြစ်စေရန် မပြုသင့်သည့်အပြင် ၎င်းအား ခရီးဦးကြို ရှိခိုးရိုသေပြုရခြင်း၊ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းထောက်ပံ့ရခြင်း၊ စောင့်ရှောက်ကာကွယ်၍ လုံခြုံမှုကို စီမံပေးရခြင်းတည်းဟူသော ရဟန်းဖြစ်ရခြင်းအကျိုးကျေးဇူးများ။

(၂) အခွန်ထမ်းဆောင်သည့် လယ်သမားတစ်ယောက်သည် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သော် ဘုရင်မင်းက ၎င်းအား အိမ်ရှင်လယ်သမားတစ်ဖန်ဖြစ်စေရန် မပြုသင့်သည့်အပြင် အထက်ပါအတိုင်း ရှိခိုးပူဇော် ကာကွယ်စောင့်ရှောက်မှုပေးရခြင်းတည်းဟူသော ရဟန်းဖြစ်ရခြင်းအကျိုးကျေးဇူးများ။

(၃) ရဟန်းသည် သီလ၊ ဣန္ဒြေစောင့်စည်းခြင်း၊ အောက်မေ့ခြင်းနှင့် ဆင်ခြင်ခြင်း၊ ရောင့်ရဲခြင်းတို့ဖြင့် ပြည့်စုံပြီး နီဝရဏတရား(၅)ပါးကို ပယ်ကာ ကမ္မဋ္ဌာန်းကို ရှေးရှု၍ သတိနှင့် တရားရှုပါသည်။ ထို့နောက် ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို အဆင့်ဆင့်ဝင်စား၍ သန့်ရှင်းဖြူစင်သောစိတ်ဖြင့် နေနိုင်သောကြောင့် အထက်ပါဖော်ပြခဲ့သည့် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက်သာလွန်မွန်မြတ်သော အကျိုးကျေးဇူးများ။

(၄) ရဟန်းသည် ဝိပဿနာဉာဏ်အမြင်အလို့ငှာ စိတ်ကို ရှေးရှုပို့ဆောင်လျက် ဆက်လက်ကျင့်ကြံပါသည်။ စိတ်ဖြင့် ကိုယ်ကို ဖန်ဆင်းနိုင်သော မနောမယိဒ္ဓိဉာဏ်၊ များပြားသောတန်ခိုးကို ဖန်ဆင်းနိုင်သည့် ဣဒ္ဓိဝိဓဉာဏ်၊ နတ်တို့၏နားနှင့်တူသော ဒိဗ္ဗသောတဉာဏ်၊ သတ္တဝါတို့၏စိတ်ကို ပိုင်းခြားသိရှိနိုင်သည့် စေတောပရိယဉာဏ်၊ ရှေး၌ဖြစ်ဖူးသောဘဝကို သိရှိနိုင်သည့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သတ္တဝါတို့၏ သေခြင်း၊ ဖြစ်ခြင်းကို သိရှိနိုင်သည့် စုတူပပါတဉာဏ်၊ နောက်ဆုံးတွင် သစ္စာလေးပါးတရားကို သိမြင်ကာ အာသဝက္ခယဉာဏ်တို့ကို ရရှိပြီး

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း တည်းဟူသော အမွန်မြတ်ဆုံးသော ရဟန်းဖြစ်ရခြင်း၏ အကျိုးကျေးဇူးများ။

မြတ်စွာဘုရားသည် အဇာတသတ်မင်းကြီးအား ကိုယ်တိုင်သိမြင်နိုင်သော ရဟန်းဖြစ်ခြင်း၏ မွန်မြတ်သောအကျိုးများကို တစ်ဆင့်ထက်တစ်ဆင့်တက်၍ မွန်မြတ်မှုကို ဟောကြားတော်မူရာ အဇာတသတ်မင်းကြီးသည် နှစ်သက်လှ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာအဖြစ် လက်ခံပါရန် လျှောက်ထားပါသည်။ ဖခင်အား မင်းစည်းစိမ်ရယူလိုသောအကြောင်းကြောင့် သတ်ခဲ့မိသည်ကို ဝန်ချသွားပါသည်။

ဤ သာမညဖလသုတ်တွင် ဖခင်ကိုသတ်၍ မြတ်စွာဘုရားကို သေကြောင်းကြံခဲ့သည့် အဇာတသတ်မင်းကြီးသည် မိတ်ဆွေကောင်း ဆရာဇီဝက၏ တိုက်တွန်းစိစဉ်ချက်ဖြင့် မြတ်စွာဘုရားထံ သွားရောက်တရားနာယူပြီး ဥပါသကာကောင်းတစ်ဦး ဖြစ်လာပါသည်။ မိတ်ဆွေဆိုး၊ ဆရာဆိုးဖြစ်သော ဒေဝဒတ်နှင့်တွေ့ရှိပြီး ဖခင်ကိုသတ်မိသည့် ပဉ္စာနန္တရိယကံကြောင့် မြတ်စွာဘုရား၏တရားတော်ကို နာကြားပြီးနောက် သောတာပန်ဖြစ်နိုင်သည့်အခွင့်အရေး ဆုံးရှုံးသွားသည်ကို ဝမ်းနည်းဖွယ်တွေ့ရှိရပါသည်။

မြတ်စွာဘုရားနှင့် ခေတ်ပြိုင် တိတ္ထိဆရာကြီး(၆)ဦးတို့၏ အတွေးအခေါ် အယူအဆများကိုလည်း လေ့လာသိရှိခွင့်ရပါသည်။

အထူးသဖြင့် ရဟန်းဖြစ်ခြင်း၏ မွန်မြတ်သောအကျိုးကျေးဇူးများကို တစ်ဆင့်ပြီးတစ်ဆင့်တက်၍ ဟောကြားတော်မူရာ၌ ရဟန်းဖြစ်၍ ဘုရင်မင်းတို့ကပါ ခရီးဦးကြို ရှိခိုးပူဇော်ရသည့် အကျိုးကျေးဇူးထက် သမထကမ္မဋ္ဌာန်းဖြင့် ဈာန်ဝင်စားနိုင်သည့် အကျိုးကျေးဇူးက သာလွန်မွန်မြတ်ကောင်းမွန်ကြောင်း၊ ထို့ထက် ဝိပဿနာကမ္မဋ္ဌာန်းဖြင့် သစ္စာလေးပါးတရားကို သိမြင်ကာ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းသည် ရဟန်းဖြစ်ရခြင်း၏ အမွန်မြတ်ဆုံးသော အကျိုးကျေးဇူးဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် ရဟန်းဖြစ်ရခြင်း၏ အမွန်မြတ်ဆုံးမှာ အာသဝေါတရားကုန်ခန်းသည့် ဝိမုတ္တိတရားပင် ဖြစ်ပါသည်။

## ကူဋဒန္တသုတ်

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ၅၀၀ သောရဟန်းများနှင့် ခါဏုမတရွာသို့ ရောက်တော်မူ၍ အမ္ဗလဋ္ဌိကာဥယျာဉ်၌ သီတင်းသုံးနေပါသည်။ ထိုစဉ် ရွာအကြီးအကဲဖြစ်သူ ကူဋဒန္တပုဏ္ဏားက ယဇ်ကြီးပူဇော်ရန် နွားလား ခုနစ်ရာ၊ နွား

ထီးငယ် ခုနစ်ရာ၊ နွားမငယ် ခုနစ်ရာ၊ ဆိတ်ခုနစ်ရာ၊ သိုး ခုနစ်ရာတို့ကို ယဇ်တိုင်သို့ ပို့ဆောင်ထားပါသည်။

ထို့နောက် ကူဋဒန္တပုဏ္ဏားသည် မြတ်စွာဘုရားထံချဉ်းကပ်ပြီး သုံးပါးသောစိတ်ထား၊ တစ်ဆယ့်ခြောက်ပါးသောအရံအတားနှင့် ပြည့်စုံသည့် ယဇ်အကြောင်းကို ဟောပြောပါရန် တောင်းပန်ပါသည်။ မြတ်စွာဘုရားသည် ရှေး၌ဖြစ်ဖူးသော မဟာဝိဇိတမင်း၏ဇာတ်ကြောင်းကို ဟောပြောပြီး စစ်မှန်သော ယဇ်အလှူပူဇော်ပွဲအကြောင်းကို ရှင်းလင်းပြောကြားတော်မူပါသည်။

ထိုသို့ဟောကြားတော်မူရာတွင် မင်းကျင့်တရားတို့ကို ထည့်သွင်းဟောကြားသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတွင် ခိုးသူနှိပ်စက်ခြင်းခံရ၍ ပြည်သူပြည်သားများဆင်းရဲနေစဉ် အခွန်အတုတ်များ ကောက်ရန်မသင့်ကြောင်း၊ အကြမ်းဖက်၍လည်း နှိမ်နင်းရန်မသင့်ကြောင်း၊ လယ်ယာစိုက်ပျိုးသူများအား မျိုးရိက္ခာများထောက်ပံ့ခြင်း၊ ကုန်သွယ်မှုပြုလုပ်သူများအား အရင်းအနှီးထောက်ပံ့ပေးကမ်းခြင်း၊ မင်းမှုထမ်းများအား လခရိက္ခာများ စီမံပေးကမ်းခြင်းတို့ကို ပြုလုပ်ပါက တိုင်းပြည်သာယာငြိမ်းချမ်းပြီး ဥစ္စာပစ္စည်းစပါးများ တိုးပွားလာမည်ဖြစ်သောကြောင့် ခိုးသူနှိပ်စက်ခြင်း၏ဘေးရန်မှ ပြည်သူပြည်သားများကင်းဝေးကာ ဝမ်းသာပျော်ရွှင်ကြမည်ဖြစ်ကြောင်း မင်းကြီး၏ပုရောဟိတ်က အကြံပြုသည်မှာ စိတ်ဝင်စားဖွယ်ရာ ကောင်းပါသည်။

ထို့နောက် ယဇ်ပူဇော်ရာတွင် ထားရှိအပ်သည့် သုံးပါးသောစိတ်ထားကို ညွှန်ကြားတော်မူပါသည်။ ယင်းတို့မှာ ယဇ်ပူဇော်ရန်ကြံစည်စဉ် ငါ၏စည်းစိမ်ဥစ္စာများ ကုန်ခန်းလိမ့်မည်၊ ပူဇော်ဆဲအချိန်တွင် ငါ၏စည်းစိမ်ဥစ္စာများ ကုန်ခန်းသည်၊ ယဇ်ပူဇော်ပြီးသောအခါ ငါ၏စည်းစိမ်ဥစ္စာများ ကုန်ခန်းလေပြီတကားဟု နှလုံး မသာမယာမရှိရန် ဖြစ်ပါသည်။ ထို့အပြင် ယဇ်ပူဇော်ရန်ကိစ္စကို နိဂုံးဇနပုဒ်နေ အမတ်၊ မင်းမှုထမ်း၊ ပုဏ္ဏား၊ သူဌေးတို့နှင့် တိုင်ပင်ဆောင်ရွက်ကြရပါသည်။ ဤသို့လျှင် လေးပါးသောသဘောတူအသင်းအပင်းတို့ ရှိအပ်ပါသည်။

ယဇ်ပူဇော်မည့်မင်းတွင်လည်း ကောင်းသောဇာတ်ရှိခြင်း၊ အဆင်းလှခြင်း၊ ကြွယ်ဝခြင်း၊ ဗိုလ်ပါအင်အားရှိခြင်း၊ သဒ္ဓါတရားရှိခြင်း၊ အကြားအမြင်ပြည့်စုံခြင်း၊ စကားတို့၏အနက်အဓိပ္ပာယ်ကို သိခြင်း၊ ပညာရှိခြင်းတည်းဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံရပါမည်။

ယဇ်ပူဇော်ရာတွင် ဦးဆောင်မည့် ပုရောဟိတ်ပုဏ္ဏားတွင်လည်း ကောင်းသောဇာတ်ရှိခြင်း၊ ကျမ်းတို့တွင် အကြွင်းမဲ့တတ်မြောက်ခြင်း၊ သီလနှင့် ပြည့်စုံခြင်း၊ ပညာရှိခြင်းဟူသော အင်္ဂါလေးပါးတို့နှင့် ပြည့်စုံရပါမည်။

ထိုသို့ယဇ်ပူဇော်ရာတွင် နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက် စသောသတ္တဝါများကို သတ်ဖြတ်ခြင်း၊ ယဇ်တိုင်အတွက် သစ်ပင်များခုတ်ဖြတ်ခြင်း၊ ယဇ်အခင်းအတွက် သမန်းမြက်များ ရိတ်သိမ်းခြင်းများ မပြုလုပ်ကြပါ။ ဤ ယဇ်အလှူပွဲကို ထောပတ်၊ ဆီဦး၊ နို့ခမ်း၊ ပျား၊ တင်လဲတို့ဖြင့်သာ ပြုလုပ်ကြပါသည်။ ဤကဲ့ သို့ ကောင်းမြတ်သောယဇ်အလှူပွဲကို သုံးပါးသောစိတ်ထား၊ တစ်ဆယ့်ခြောက်ပါးသော အရံအတားတို့ဖြင့် ပြုလုပ်ခဲ့သည်ကို ဟောပြောတော်မူပါသည်။ ပုဏ္ဏားတို့သည် မြတ်စွာဘုရားဟောကြားတော်မူသော ယဇ်အလှူပွဲကို များးစွာနှစ်သက်သဘောကျကြပါသည်။ ဤယဇ်ထက်ကောင်းမွန်၍ အကျိုးအာနိသင်ရှိသော ယဇ်ပူဇော်ပွဲမျိုးကို ဟောကြားပါရန် ပုဏ္ဏားများက ပန်ကြားချက်အရ မြတ်စွာဘုရားက တစ်ဆင့်ထက်တစ်ဆင့် ကောင်းမွန် မွန်မြတ်အကျိုးရှိသည့် ယဇ်အလှူများ အကြောင်း ဟောပြောလမ်းညွှန်တော်မူခဲ့ပါသည်။

(၁) သီလရှိသောရဟန်းတို့အား ရည်ညွှန်း၍ အမြဲတမ်းလှူဒါန်းနေသော မျိုးရိုးစဉ်ဆက် ယဇ်အလှူ။

(၂) သံဃာကို ရည်ညွှန်း၍ ကျောင်းဆောက်လှူဒါန်းသူ၏ ယဇ်အလှူ။

(၃) ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူ၏ ယဇ်အလှူ။

(၄) သီလသိက္ခာပုဒ်ကို ဆောက်တည်သူ၏ ယဇ်အလှူ။

(၅) ရှာန်လေးပါးဝင်စားပြီး မဂ်ကိစ္စပြီးစီးသူ၏ ပြည့်စုံအမွန်မြတ်ဆုံးသော ယဇ်အလှူ။

ပုဏ္ဏားကြီးသည် အမှန်တရားကို ကိုယ်တိုင်သိမြင်ပြီး မြတ်စွာဘုရားထံ ဥပါသကာအဖြစ် မှတ်ယူတော်မူရန် လျှောက်ထားပါသည်။ ယဇ်တိုင်တွင် ယဇ်ပူဇော်ရန်ပေးပို့ထားသည့် နွား၊ ဆိတ်၊ သိုး အားလုံးတို့အား ချမ်းသာခွင့်ပေးပြီး စိမ်းစိုသောမြက်တို့ကိုကျွေးကာ အေးမြသောရေကို တိုက်ပါသည်။ အေးချမ်းသော လေတိုက်ခြင်းကို ပျော်ရွှင်ချမ်းသာစွာ ခံစားစေပါသည်။

ဤသုတ်ကို ဖတ်ခြင်းအားဖြင့် ရှေးအခါက လူတို့သည် ကြာမြင့်စွာကာလပတ်လုံး မိမိတို့၏ စီးပွားချမ်းသာအလို့ငှာ ယဇ်ပူဇော်ကြသည့် ဓလေ့ထုံးစံတို့ကို လေ့လာသိရှိနိုင်ပါသည်။ မြတ်စွာဘုရားသည် နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ဝက် စသောသတ္တဝါတို့ကို သတ်ဖြတ်ခြင်းမပြုဘဲ ထောပတ်၊ ဆီ၊ ဆီဦး၊ နို့ခမ်း၊ ပျား၊ တင်လဲတို့ဖြင့် ယဇ်ပူဇော်ပွဲပြုလုပ်ကျင်းပရန် ပုဏ္ဏားတို့အား ဟောပြောဆွဲဆောင်နိုင်ခဲ့ပါသည်။ ယဇ်အလှူပွဲများ ပြုလုပ်ကျင်းပရာတွင် အလှူရှင်တွင် ရှိသင့်သည့် စိတ်နေသဘောထားနှင့် အကျင့်သီလ၊ စာရိတ္တ၊ ဦးဆောင်ခေါင်းရွက်ရမည့်ပုဂ္ဂိုလ်

တို့တွင် ရှိအပ်သည့် သီလ၊ ပညာ စသည်တို့ကို ဟောကြားသည်မှာ မှတ်သားနာယူဖွယ်ကောင်းပါသည်။

အထူးသဖြင့် အလှူအတန်းပြုရာတွင် ရဟန်းတော်တို့အား ပစ္စည်းလေးပါးဖြင့် ပံ့ပိုးလှူဒါန်းခြင်းအပြင် ရတနာသုံးပါးဆည်းကပ်ခြင်း၊ အကျင့်သီလစောင့်ထိန်းခြင်းတို့သည်လည်း မြတ်သောအလှူဒါနဖြစ်ကြောင်း ဟောကြားတော်မူပါသည်။ အမွန်မြတ်ဆုံးသောအလှူသည် ဝိပဿနာတရားများ ပွားများ၍ နိဗ္ဗာန်သို့မျက်မှောက်ပြုခြင်းပင်ဖြစ်ပါသည်။ မြတ်စွာဘုရား ယဇ်အလှူပွဲနှင့်ပတ်သက်၍ဆုံးမလမ်းညွှန်ချက်များကို အလှူရှင်များ၊ အထူးပင် အလေးထား၍ လိုက်နာကျင့်သုံးသင့်ပါသည်။

**ပေါဋ္ဌပါဒသုတ်**

တစ်နေ့သောနံနက်ခင်းတွင် မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်တော်မူရာတွင် မလ္လိကာအရပ်ရှိ ပေါဋ္ဌပါဒပရိဗိုဇ်နှင့် တွေ့ဆုံပါသည်။ ထိုစဉ်ပရိဗိုဇ်များသည် သညာချုပ်ခြင်းနှင့်ပတ်သက်၍ သတ္တဝါတို့၏သညာသည် အကြောင်းမရှိဘဲ ဖြစ်သည်၊ ချုပ်သည်ဟု ဆွေးနွေးနေကြပါသည်။ မြတ်စွာဘုရားအားသညာချုပ်ခြင်းနှင့်ပတ်သက်၍ ဟောကြားတော်မူရန် တောင်းပန်ကြပါသည်။

မြတ်စွာဘုရားက သညာတို့သည် အကြောင်းရှိသောကြောင့် ဖြစ်ကုန်သည်။ ချုပ်ကုန်သည်။ အချို့သညာတို့သည် အကျင့်သိက္ခာကြောင့် ဖြစ်သည်၊ ချုပ်သည်ဟု ဈာန်အဆင့်ဆင့်ကို ဝင်စားရောက်ရှိသည့်ရဟန်းများတွင် သညာများဖြစ်ခြင်း၊ချုပ်ခြင်းကို ရှင်းလင်းဟောကြားတော်မူပါသည်။

သီလ၊ သမာဓိနှင့် ပြည့်စုံသောရဟန်းသည် ပထမဈာန်သို့ ကျင့်ကြံရောက်ရှိရာတွင် ကာမသညာများ၊ နီဝရဏတရားများ ချုပ်ပြီး၊ ကြံစည်ခြင်းဝိတက်၊ ဆင်ခြင်သုံးသပ်ခြင်းဝိစာရနှင့်တကွဖြစ်သော နှစ်သိမ့်ခြင်းပီတိ၊ ချမ်းသာခြင်းသုခဟူသောသညာများ ဖြစ်ပေါ်ခံစားနေရပါသည်။

ဆက်လက်ကျင့်ကြံ၍ ဒုတိယဈာန်သို့ရောက်ရှိသောအခါ ဝိတက်၊ ဝိစာရနှင့်ပတ်သက်၍ သညာများချုပ်ငြိမ်းပြီး နှစ်သိမ့်ခြင်းပီတိနှင့် ချမ်းသာခြင်းသုခရှိသောသညာများ ဆက်လက်ဖြစ်ပေါ်ပြီး ခံစားနေရပါသည်။

တတိယဈာန်သို့ ဆက်လက်ရောက်ရှိသောအခါ ပီတိနှင့်ပတ်သက်၍ သညာချုပ်ပြီး ချမ်းသာသုခနှင့် လျစ်လျူရှုခြင်းဥပေက္ခာရှိသောသညာများ ဖြစ်ပေါ်ခံစားနေရပါသည်။

စတုတ္ထဈာန်သို့ရောက်ရှိသောအခါ ချမ်းသာခြင်းသုခ သညာရှုခြင်းတို့ချုပ်၍ ဥပေက္ခာသာကျန်ရှိပြီး ဆင်းရဲချမ်းသာမရှိသော သိမ်မွေ့သောသညာသည်သာ

ရှိပါသည်။ ဤကဲ့သို့ အကျင့်သိက္ခာတို့ကြောင့် အချို့သောသညာများသည် ဖြစ်ပါသည်။ အချို့သောသညာများသည် ချုပ်ငြိမ်းပါသည်။

ထိုနည်းတူ ကောင်းကင်သည် အဆုံးမရှိဟု နှလုံးသွင်းလျက် ဈာန်ဝင်စား၍ အာကာသာနဉ္စာယတနဈာန်သို့ ရောက်ရှိသည့်အခါ ရူပဈာန်၌ဖြစ်သော ရူပသညာများ၊ အာရုံငါးပါးတို့ထိခိုက်သောအခါ ဖြစ်ပေါ်လာသော ပဋိဃဝိညာဏ်၊ သညာတည်းဟူသော ပဋိဃသညာ၊ ထို့နောက် ပဋိဃသညာမှတစ်ပါး အမျိုးမျိုးသော ကာမာဝစရသညာတည်းဟူသော နာနတ္တသညာတို့သည် ကျင့်ကြံမှုကြောင့် ချုပ်ငြိမ်းကုန်ပါသည်။

ဝိညာဏ်သည် အဆုံးမရှိဟု နှလုံးသွင်းလျက် ဆက်လက်ကျင့်ကြံရာတွင် ဝိညာဏဉ္စာယတနဈာန်သို့ ရောက်ရှိပါသည်။ ထိုအခါ အာကာသာနဉ္စာယတနဈာန်နှင့်ဆိုင်သော သညာများချုပ်ပါသည်။ ဝိညာဏဉ္စာယတနဈာန်နှင့်ဆိုင်သော သညာများ ဖြစ်ပေါ်လာပါသည်။

ဆက်လက်၍ တစ်စုံတစ်ခုမျှမရှိဟု နှလုံးသွင်းလျက် ဈာန်ဝင်စား၍ အာကိဉ္စညာယတနဈာန်သို့ ရောက်ရှိပါသည်။ ထိုအခါ ဝိညာဏဉ္စာယတနဈာန်နှင့်ဆိုင်သော သညာများ ချုပ်ပါသည်။ အာကိဉ္စညာယတနဈာန်နှင့်ဆိုင်သောသညာများ ဖြစ်ပေါ်လာပါသည်။

ထို့နောက် ရဟန်းသည် စေ့ဆော်အားထုတ်ခြင်းကို မပြုလုပ်ဘဲနေရာ ထိုအာကိဉ္စညာယတနသညာတို့သည် ချုပ်ငြိမ်းကုန်ပါသည်။ ဤသို့ အစဉ်အတိုင်း သညာများချုပ်ရာ သမာပတ်ဖြစ်ပေါ်လာပါသည်။

မြတ်စွာဘုရားသည် ဈာန်အဆင့်ဆင့်အလိုက် ဖြစ်ပေါ်လာသောသညာများ ဖြစ်ခြင်း၊ ချုပ်ခြင်းတို့ကို ဟောကြားတော်မူခဲ့ပါသည်။ သညာများဖြစ်ပေါ်လာခြင်းကြောင့် ဉာဏ်ဖြစ်ပေါ်လာခြင်းကို မိန့်ကြားတော်မူခဲ့ပါသည်။

ထို့နောက် သညာသည် သတ္တဝါ၏ အတ္တလော သို့မဟုတ် သညာတခြား အတ္တတခြားလောဟူသော ပြဿနာကို ရှင်းလင်းဟောကြားတော်မူပါသည်။ ထိုစဉ်က တချို့သောလူတို့သည် အတ္တနှင့်ပတ်သက်၍ အောက်ပါအတိုင်း တွေးခေါ်ယူဆကြည့်မှုများ ရှိခဲ့ပါသည်။

(၁) မဟာဘုတ်လေးပါးအစုအဝေးဖြစ်သော အစာအာဟာရစားသောက်သောရုပ်ရှိသော ကြမ်းတမ်းထင်ရှားသည့်အတ္တ။
(၂) အင်္ဂါကြီးငယ် အလုံးစုံရှိသော၊ ဣန္ဒြေမချို့တဲ့သော၊ ဈာန်စိတ်ဖြင့်ပြီးသော အတ္တ။
(၃) ရုပ်မရှိသော သညာဖြင့်ပြီးသော အတ္တ။

မြတ်စွာဘုရားသည် ဤအယူအဆများကို လက်ခံတော်မမူပါ။ ဗုဒ္ဓဝါဒသည် အနတ္တဝါဒဖြစ်၍ အတ္တကိုပယ်ထားပါသည်။ ပေါဋ္ဌပါဒကဲ့သို့သော အခြားအယူအဆ၊ ယုံကြည်မှုအကျင့်၊ အားထုတ်မှုနှင့် အခြားဆရာရှိသူသည် သညာသည် သတ္တဝါ၏ အတ္တလော၊ သညာတခြား၊ အတ္တတခြားလောဟု သိရန်ခက်ခဲကြောင်း မိန့်တော်မူပါသည်။

ထိုအခါ ၎င်းက လောကသည် မြဲ မမြဲ၊ အဆုံး ရှိ မရှိ၊ ဤကိုယ်သည် အသက်၊ ဤအသက်သည် ဤကိုယ်လော၊ အသက်သည် တခြား၊ ကိုယ်သည် တခြားလော၊ သတ္တဝါသည် သေပြီးနောက်ရှိသလော၊ မရှိသလော၊ ရှိလည်းရှိ၊ မရှိလည်းမရှိပါသလော၊ ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်ပါသလော ဟူသော ၎င်းသံသယဖြစ်နေသည့် အယူအဆများကို လျှောက်ထားမေးမြန်းပါသည်။

မြတ်စွာဘုရားက ဤအယူအဆများ မှန်သည် မှားသည်ဟု မဖြေကြားကြောင်း မိန့်ကြားတော်မူပါသည်။ မြတ်စွာဘုရားသည် ဆင်းရဲခြင်း၊ ဆင်းရဲဖြစ်ပေါ်လာခြင်းအကြောင်း၊ ဆင်းရဲချုပ်ရာနိဗ္ဗာန်၊ ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဟူသော သစ္စာလေးပါးတရားနှင့် ဆိုင်ရာတို့ကိုသာ ဖြေကြားဟောကြားတော်မူသည်ဟု မိန့်ကြားတော်မူပါသည်။ ဤတရားများသည်သာ အကျိုးစီးပွားနှင့်ဆက်စပ်သည်။ လောကုတ္တရာတရားနှင့် စပ်သည်၊ ဝဋ်ဆင်းရဲချုပ်ရာ အလို့ငှာဖြစ်သည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်ဖြစ်သောကြောင့် ဟောကြားတော်မူသည်ဟု မိန့်ကြားပါသည်။

ထို့နောက် နှစ်ရက်၊ သုံးရက် လွန်သောအခါ ပေါဋ္ဌပါဒသည် ဆင်ဆရာသား စိတ္တနှင့် အတူ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပူဇော်ရာတွင် နိဗ္ဗာန်ရောက်ကြောင်းတရားများကို ဟောကြားတော်မူပါသည်။ နိဗ္ဗာန်ရောက်ကြောင်းတရားတို့သည် သစ္စာလေးပါးတို့ဖြစ်ပါသည်။ တချို့သော သမဏ၊ ဗြာဟ္မဏတို့က စင်စစ်ချမ်းသာသော အတ္တကို ကိုယ်တိုင်မသိရှိဘဲနှင့် အတ္တသည် စင်စစ်ချမ်းသာသည်။ သေပြီးသည်နောက်၌ ပျက်စီးခြင်းမရှိဟု အခြေအမြစ်မရှိသော အယူအဆကို လက်ခံပြောဆိုကြလေ့ရှိပါသည်။ ထိုသူတို့သည် မသိမမြင်ဖူးသော အလှမယ်ကို လိုချင်ချစ်ကြိုက်နေသည်နှင့် တူပါသည်။ မသိမမြင်ရသော ပြာသာဒ်ထက်သို့ တက်ရန် လှေကားကို ပြုလုပ်နေသူနှင့် တူနေသည်ဟု မိန့်ကြားတော်မူပါသည်။

ကိုယ်ခန္ဓာအတ္တဘောသည် ကြမ်းတမ်းထင်ရှားသောအတ္တဘော၊ ဈာန်စိတ်တို့ဖြင့်ပြီးသော အတ္တဘော၊ ရုပ်မရှိသောအတ္တဘောဟူ၍ သုံးမျိုးရှိပါသည်။ ဤကိုယ်ခန္ဓာအတ္တဘောရရှိခြင်းကို ပယ်ရန်အတွက် ကျင့်ကြံအားထုတ်ရန် တိုက်တွန်းတော်မူပါသည်။ ထိုသို့ ပယ်ရှားရန်အတွက် မြတ်စွာဘုရား ဟောတော်မူသည်

အတိုင်း ကမ္မဋ္ဌာန်း၊ ဈာန်၊ သမာပတ်၊ ဝိပဿနာတရားများ အားထုတ်ပါက ကိလေသာတရားများကင်းစင်ပြီး ပညာနှင့် ထူးသောဉာဏ်များရရှိကာ ယခု လက်ရှိဘဝ ၌ပင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း ဟောကြားတော်မူပါသည်။

ဤသို့ မြတ်စွာဘုရားသည် လောက၏အမည်များ၊ အဆိုများ၊ အခေါ်အဝေါ် များတည်းဟူသော အမည်ပညတ်များကို အသုံးပြုခေါ်ဝေါ် ဟောကြားတော်မူခဲ့ ပါသည်။ တရားများကိုနာယူပြီးနောက် ပေါဋ္ဌပါဒပရိဗိုဇ်သည် ဥပါသကာအဖြစ် ခံယူသွားပါသည်။ စိတ္တလုလင်သည် ရဟန်းအဖြစ်ခံယူပြီး ကျင့်ကြံအားထုတ်ရာ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

အမှတ်သညာပေါ်တွင် မှားယွင်းစွာနှလုံးမသွင်းရန် ဟောပြောသည်နှင့် အတူ အမှတ်သညာတို့လောကအတွက် အရေးပါလှပုံကိုလည်း အသိအမှတ် ပြု ထားပါ သည်။ အသိဉာဏ်သည်ပင် သညာဖြစ်ပေါ်ခြင်းကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။

**မဟာနိဒါနသုတ်**

ကုရုတိုင်း ကမ္မာသဓမ္မနိဂုံး၌ မြတ်စွာဘုရားသီတင်းသုံးနေတော်မူစဉ် အရှင် အာနန္ဒာက ပဋိစ္စသမုပ္ပါဒ်တရားများသည် အလွန်နက်နဲသောအသွင်ရှိသော်လည်း မိမိ၏ဉာဏ်၌ တိမ်တိမ်ကလေးကဲ့သို့ထင်ကြောင်း လျှောက်ထားသည်ကို အကြောင်း ပြု၍ ဟောကြားတော်မူခြင်းဖြစ်ပါသည်။ သတ္တဝါအပေါင်းတို့သည် ဤတရားကိုမသိ သောကြောင့် သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ဘဲရှိနေကြောင်း မိန့်ကြားတော် မူပါသည်။ ထို့နောက် ပဋိစ္စသမုပ္ပါဒ်တရားတော်၏ ကြောင်းကျိုးဆက်ဖြစ်စဉ်များ ကို ဆက်လက်ဟောကြားတော်မူပါသည်။

ပဋိသန္ဓေနေခြင်း ဇာတိဟူသောအကြောင်းကြောင့် အိုခြင်းဇရာ၊ သေခြင်း မရဏဖြစ်ခြင်း။

ကံ ဘဝဟူသောအကြောင်းကြောင့် ပဋိသန္ဓေနေခြင်း၊ ဇာတိဖြစ်ခြင်း။

စွဲလမ်းခြင်းဥပါဒါန်ကြောင့် ကံဘဝဖြစ်ခြင်း။

တပ်မက်ခြင်းတဏှာကြောင့် စွဲလမ်းခြင်းဥပါဒါန်ဖြစ်ခြင်း။

ခံစားခြင်းဝေဒနာကြောင့် တပ်မက်ခြင်းတဏှာဖြစ်ခြင်း။

တွေ့ထိခြင်းဖဿကြောင့် ခံစားခြင်းဝေဒနာဖြစ်ခြင်း။

နာမ်ရုပ်ကြောင့် တွေ့ထိခြင်းဖဿဖြစ်ခြင်း။

ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်ခြင်း။

နာမ်ရုပ်ကြောင့် ဝိညာဉ်ဖြစ်ခြင်းဟူ၍ ကြောင်းကျိုးဆက်ဖြစ်စဉ် ပဋိစ္စ သမုပ္ပါဒ်တရားတော်ကို အနုလုံပဋိလုံနည်းဖြင့် ဟောကြားတော်မူပါသည်။

ထို့အတွက် နာမ်ရုပ်မှ ဝိညာဉ်၊ ဝိညာဉ်မှ နာမ်ရုပ်၊ နာမ်ရုပ်မှ ဖဿ၊ ဖဿမှ ဝေဒနာ၊ ဝေဒနာမှ တဏှာ၊ တဏှာမှ ဥပါဒါန်၊ ဥပါဒါန်မှ ဘဝ၊ ဘဝမှ ဇာတိ၊ ဇာတိမှ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတို့ ဖြစ်ပွားကာ သံသရာလည်ပါတော့သည်။ ဤသို့ ကြောင်းကျိုးဆက်တရားများ၏ မူလအကြောင်းအရင်းဖြစ်သည့် ဇာတိချုပ်သည်နှင့် တစ်ပြိုင်နက် ဇရာ၊ မရဏတရားတို့သည် ချုပ်ငြိမ်းကုန်ပါသည်။ တစ်ဆက်တည်းပင် ဘဝ၊ ဥပါဒါန်၊ တဏှာ၊ ဝေဒနာ၊ ဖဿ၊ နာမ်၊ ရုပ်၊ ဝိညာဉ်တို့သည်လည်း ချုပ်ငြိမ်းခြင်းအဖြစ်သို့ ရောက်ကြပါသည်။

ဤ ပဋိစ္စသမုပ္ပါဒ်တရားမှ ဝေဒနာကြောင့်ဖြစ်ပေါ်လာသည့် တဏှာနှစ်မျိုးကို ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူပါသည်။

ပထမတဏှာအမျိုးအစားမှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဥပါဒါန်၏ အကြောင်းရင်းဖြစ်ပါသည်။

ဒုတိယအမျိုးအစားမှာ ရှာမှီးခြင်း၏အကြောင်းရင်း ဖြစ်ပါသည်၊

တပ်မက်မှုတဏှာကြောင့် ရှာမှီးခြင်းဖြစ်ပေါ်လာပါသည်။

ရှာမှီးခြင်းကြောင့် ရခြင်း၊ ရခြင်းကြောင့် စိတ်ပိုင်းဖြတ်ခြင်း ဖြစ်ပေါ်လာပါသည်။

စိတ်ပိုင်းဖြတ်ခြင်းကိုစွဲ၍ နှစ်သက်တပ်စွဲခြင်း ဆန္ဒရာဂပေါ်ပေါက်လာကာ ငါ့ဟာဟု ဆုံးဖြတ်ချက်နှင့် ထိုမှ သိမ်းပိုက်ခြင်းတို့ ဖြစ်ပေါ်လာပါသည်။

သိမ်းပိုက်ခြင်းကိုစွဲ၍ ဝန်တိုခြင်း၊ စောင့်ရှောက်ခြင်းတို့ ဆက်လက်ဖြစ်လာပါသည်။

စောင့်ရှောက်ရန်အတွက် လက်နက်စွဲကိုင် ခိုက်ရန်ဖြစ်ပွားခြင်း၊ ငြင်းခုံခြင်း၊ ကုန်းတိုက်ခြင်း၊ မဟုတ်မမှန်ပြောခြင်းဟူသော အကုသိုလ်တရားများစွာတို့ ဖြစ်ကုန်ကြပါသည်။ ဤသို့ ဝေဒနာကိုစွဲ၍ တဏှာဖြစ်ပေါ်လာသည့် ကြောင်းကျိုးဆက်များကို အနုလုံပဋိလုံ ဟောတော်မူပါသည်။

ဤကဲ့သို့ ပဋိစ္စသမုပ္ပါဒ်တရား ကြောင်းကျိုးဆက်ဖြစ်စဉ်များအရ သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ တစ်ဖန်ပြန်လည်ဖြစ်ခြင်းတို့ ဖြစ်ကြရပါသည်။ ဤတရားတော်အရ အချင်းချင်းကျေးဇူးပြုသော ဝိညာဉ်နှင့် နာမ်ရုပ်များကြောင့် ဝဋ်သုံးပါးနှင့် ခန္ဓာငါးပါးဟု ခေါ်ဝေါ်ပညတ်သောတရားများ ထင်ရှားဖြစ်ပေါ်လာပါသည်။

ဝိညာဉ်နှင့် နာမ်ရုပ်များဆိုင်ရာ အခြင်းအရာ၊ အသွင်အပြင်၊ သိကြောင်း နိမိတ်၊ ညွှန်ပြအပ်သောသဘောတရားများဆိုင်ရာ ခေါ်ဝေါ်ပညတ်ချက်များအနက် အတ္တပညတ်ကို လူတို့ ခွဲလမ်းကြ၊ ယုံကြည်ကြပါသည်။ လူအများအယူရှိသည့် အတ္တအယူအဆ ပညတ်ချက်လေးမျိုးကို အောက်ပါအတိုင်း ခွဲခြားထားပါသည်။

(က) ငါ၏အတ္တသည် ရုပ်ရှိ၏၊ အပိုင်းအခြားရှိ၏။

(ခ) ငါ၏အတ္တသည် ရုပ်ရှိ၏၊ အပိုင်းအခြားမရှိ။

(ဂ) ငါ၏အတ္တသည် ရုပ်မရှိ၊ အပိုင်းအခြားရှိ၏။

(ဃ) ငါ၏အတ္တသည် ရုပ်မရှိ၊ အပိုင်းအခြားမရှိ။

ဤသို့ အတ္တကို မယူဆသူ၊ မပညတ်သူလေးမျိုးလည်း ရှိပါသည်။ ၎င်းတို့သည် အထက်ပါအတိုင်း အတ္တပညတ်ချက်များကို ကြံစည်ခြင်း၊ လက်ခံခြင်း မရှိကြပါ။

အတ္တကို ယုံကြည်လက်ခံသူများက ခံစားခြင်းတည်းဟူသော ဝေဒနာအခြင်းအရာဖြင့် အတ္တကို အောက်ပါအတိုင်း ရှုကြပါသည်။

- ခံစားခြင်းဝေဒနာသည် ငါ၏အတ္တဖြစ်သည်။
- ခံစားခြင်းဝေဒနာသည် ငါ၏အတ္တမဟုတ်၊ ငါ၏အတ္တသည် မခံစားတတ်။
- ငါ၏အတ္တသည် ခံစားခြင်းဝေဒနာမဟုတ်၊ မခံစားတတ်သည်လည်း မဟုတ်၊ ငါ၏အတ္တသည် ခံစားတတ်၏။ ခံစားခြင်းသဘောရှိ၏။

ဤ ရှုမြင်ခြင်းသုံးမျိုးတို့သည် ခံစားခြင်းဝေဒနာကို အဓိကထားပါသည်။ ခံစားခြင်းဝေဒနာတို့သည် ပြုပြင်ရသောတရားများ ဖြစ်ပါသည်။ အကြောင်းကိုစွဲ၍ ဖြစ်ပါသည်။ ထို့နောက် ကုန်ခြင်း၊ ပျက်ခြင်း၊ ပျောက်ပြယ်ခြင်း၊ ချုပ်ခြင်းသဘော ရှိပါသည်။ သို့အတွက် ဝေဒနာအခြင်းအရာဖြင့် အတ္တကို ရှုခြင်းတို့သည် ကြောင်းကျိုးတရားနှင့် ဆီလျော်မှုမရှိပါ။

ဤကဲ့သို့ မရှုမူ၍ တရားကျင့်ကြံသောရဟန်းသည် လောက၌ တစ်စုံတစ်ခု ကိုမျှ မစွဲလမ်း၊ မစွဲလမ်းသောကြောင့် မတောင့်တ၊ မတောင့်တသောကြောင့် ကိုယ်တိုင်ပင်လျှင် ကိလေသာတို့မှ အပြီးတိုင် ချုပ်ငြိမ်းလွတ်မြောက်သွားလေသည်။ လွတ်မြောက်သောရဟန်းသည် အမည်နှင့် အမည်၏အကြောင်း၊ ပညတ်နှင့် ပညတ်၏အကြောင်း၊ ပညာအကြောင်း၊ သံသရာဝဋ်ဆင်းရဲအကြောင်း အလုံးစုံတို့ ကိုသိ၍ ကိလေသာမှ လွတ်မြောက်ခြင်းဖြစ်ပါသည်။ ဤလွတ်မြောက်ပြီးသော ရဟန်းအား ဤသည်တို့ကို မသိမမြင်ဟူ၍လည်းကောင်း၊ ဤသို့ အယူရှိသည် ဟူ၍လည်းကောင်း ဆိုခြင်းငှာမသင့်လျော်ကြောင်း မိန့်ကြားပါသည်။ ထို့နောက်

ဝိညာဏဋ္ဌိတိခုနစ်ပါးနှင့် လွတ်မြောက်ခြင်းဝိမောက္ခရှစ်ပါးတို့အား ဆက်လက် ဟောကြားတော်မူပါသည်။

ဤ ဝိမောက္ခများကို ရဟန်းသည် အနုလုံပဋိလုံအားဖြင့် အလိုရှိသလို သမာပတ်ကို ဝင်စားခြင်း၊ ထခြင်းပြုလုပ်နိုင်ပြီး အာသဝေါတရားကင်းသော၊ လွတ်မြောက်သော အရဟတ္တဖိုလ်ကို ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေပါသည်။ ဤရဟန်းသည် ပညာဖြင့်လွတ်မြောက်သော ပညာဝိမုတ္တိနှင့် ဝိမောက္ခ လွတ်မြောက်ခြင်းဟူသော နှစ်ပါးအားဖြင့် ကိလေသာမှ လွတ်မြောက်ခြင်းကြောင့် "ဥဘတောဘာဂဝိမုတ္တ" ရဟန်းဟု ဆိုအပ်ပါသည်။

ဘဝကို ထုံးတမ်းစဉ်လာအတိုင်း အတ္တအနေဖြင့် သေခြင်း၊ ရှင်ခြင်းအနေဖြင့်မရှုဘဲ ကြောင်းကျိုးဆက်ဖြစ်စဉ်နှင့်ရှုပြီး ထိုတရားတို့အပေါ် စွဲလမ်းခြင်းမပြုဘဲ လွတ်မြောက်ရန်အတွက် ကျင့်ကြရန် ဟောပြောတော်မူပါသည်။

**မဟာပရိနိဗ္ဗာနသုတ်**

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခြင်းနှင့် ဆက်စပ်သောအကြောင်းအရာများကို ဤသုတ်တွင် အသေးစိတ် မှတ်တမ်းတင်ထားပါသည်။ မြတ်စွာဘုရား၏ နောက်ဆုံးခရီးစဉ်သည် ဝမ်းနည်းကြေကွဲဖွယ်ရာ၊ သံဝေဂရဖွယ်ရာ၊ တရားကျဖွယ်ရာ ကောင်းလှပါသည်။ ဤခရီးစဉ်မှာ ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်မှစ၍ အမ္ဗလဋ္ဌိကာဥယျာဉ်၊ နာလန္ဒမြို့၊ ပါဋလိပုတ္တ ရွာ၊ ပါဋလိဂါမ ရွာ၊ ကောဋိရွာ၊ နာတိကရွာ၊ ဝေသာလီပြည် အမ္ဗပါလီ၏ သရက်တောဥယျာဉ်၊ ဝေဠုဝရွာ၊ စာပါလစေတီ၊ ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ကျောင်းမွှာရုံ၊ ဘဏ္ဍဂါမရွာ၊ ဟတ္ထိရွာ၊ အမ္ဗရွာ၊ ဇမ္ဗုရွာ၊ ဘောဂရွာ၊ ပါဝါပြည် စုန္ဒ၏သရက်တော ဥယျာဉ်၊ ကကုဓာချောင်း စသောဒေသများကို ဖြတ်သန်း၍ ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်၌ ဗုဒ္ဓ၏နောက်ဆုံးခရီးစဉ် ပြီးဆုံးခဲ့ပါသည်။ အချိန်ကာလအားဖြင့် ဝါ(၂)ဝါအတွင်းတွင် မြတ်စွာဘုရားကြွချီသောခရီးစဉ်နှင့် ဟောကြားတော်မူသော တရားတော်များကို မှတ်တမ်းတင်ထားခြင်းဖြစ်ပါသည်။

ဤခရီးစဉ်တစ်လျှောက်တွင် သတ္တဝါတို့အကျိုးကျေးဇူးအလို့ငှာ သီလ၊ သမာဓိ၊ ပညာတို့၏ အကျိုးအာနိသင်ကြီးမားပုံများကို ထပ်ပြန်တလဲလဲ အကြိမ်များစွာ ဟောကြားတော်မူပါသည်။ ဟောကြားတော်မူသော အောက်ပါတရားတော်များမှာ အထူးပင် မှတ်သားနာယူဖွယ်ကောင်းလှပါသည်။

(က) ဝဇ္ဇီမင်းတို့ကို နှိမ်နင်းရန်ကြံရွယ်နေသည့် အဇာတသတ်မင်း၏ အမတ်ကြီး ဝဿကာရအား မြတ်စွာဘုရားက မင်းများလိုက်နာ

ကျင့်သုံးရမည့် အပရိဟာနိယတရား (၇)ပါးတို့ကို ဟောကြားတော်မူပါသည်။ ၎င်းတို့မှာ မကြာခဏစည်းဝေးခြင်း၊ အညီအညွတ်စည်းဝေးဆုံးဖြတ်၍ ဆောင်ရွက်ခြင်း၊ ရှေးက မပညတ်ခဲ့သည့်အရာကို မပညတ်၊ ပညတ်ထားသည့်အရာကိုလည်း မပယ်ဖျက်ခြင်း၊ အသက်ကြီးသူများကို လေးစားမြတ်နိုးခြင်း၊ အမျိုးသမီးများကို မတရားမသိမ်းပိုက်ခြင်း၊ နတ်ကွန်းတို့ကို ရိုသေခြင်း၊ ကြွရောက်လာသောရဟန္တာတို့အား စောင့်ရှောက်ကာကွယ်ပေးခြင်းတို့ ဖြစ်ပါသည်။

(ခ) ထိုမှတစ်ဆက်တည်း ရဟန်းတို့အတွက် အပရိဟာနိယတရား(၇)ပါးကို ပထမ၊ ဒုတိယ၊ တတိယ စသည့်နည်းမျိုးစုံဖြင့် ဟောကြားတော်မူခဲ့ပါသည်။

(ဂ) ကွယ်လွန်သွားခဲ့ကြသော ရဟန်းရှင်လူတို့၏ လားရာဂတိကို မိမိကိုယ်တိုင် သိရှိဖော်ထုတ်ပြောကြားနိုင်သည့် ကြေးမုံပြင်နှင့်တူသောတရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်ပြီး သီလသမာဓိနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သည် အပါယ်ဒုဂ္ဂတိဘုံသို့ ကျရောက်ရန်မရှိတော့ဘဲ သောတာပန်ဖြစ်ပြီး အထက်မဂ်သို့ လားရာရှိကြောင်း ဟောကြားတော်မူပါသည်။

(ဃ) ဝေသာလီပြည်၊ မဟာဝုန်တော၊ ကူဋာဂါရကျောင်းတိုက်တွင် ရဟန်းတော်များအား သာသနာတည်တံ့ကြောင်းတရား (၃၇)ပါးကို ဟောကြားတော်မူပါသည်။ ၎င်းတို့မှာ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ် ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါးနှင့် မဂ္ဂင်ရှစ်ပါးတို့ဖြစ်ပါသည်။ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကြသည်။ မမေ့သောသတိတရားဖြင့် ကိစ္စပြီးအောင် အားထုတ်ကြရန် တိုက်တွန်းတော်မူပါသည်။ ထိုနေ့မှစ၍ (၃)လမြောက်သောအခါ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလိမ့်မည်ဟု ကြေညာတော်မူခဲ့ပါသည်။

(င) ငလျင်လှုပ်ခြင်းအကြောင်း(၈)ပါး၊ ပရိသတ်ရှစ်ပါး၊ အဘိဘာယတနရှစ်ပါး၊ လွတ်လပ်ခြင်းဝိမောက္ခတရား ရှစ်ပါးတို့ကိုလည်း ဟောကြားတော်မူခဲ့ပါသည်။

(စ) ဘောဂမြို့တွင် မဟာပဒေသတရား(၄)ပါးတို့ကို ဟောကြားတော်မူပါသည်။ အဓိကမှာ ကြားနာသိရှိရသည်ဟူသော တရားစကားများကို မစူးမစမ်း လက်ခံခြင်းမပြုဘဲ သုတ်၊ ဝိနည်းတို့နှင့် ညီညွတ်မှသာ လက်ခံရန်ဖြစ်ပါသည်။

(ဆ) ထို့အပြင် အမြတ်ဆုံးဆွမ်းနှစ်မျိုး၊ အမြတ်ဆုံးပူဇော်ခြင်း၊ သံဝေဂ ရဖွယ်ဌာနလေးပါး၊ စေတီထိုက်သောပုဂ္ဂိုလ်များ၊ မဟာသုဒဿနသုတ် တို့ကို ဟောကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရားသည် ဝေဠုဝရွာတွင် ဝါကပ်စဉ် ကြမ်းတမ်းသောရောဂါ ကပ်ရောက်လျက် ပရိနိဗ္ဗာန်ပြုလောက်အောင်ပြင်းထန်သောဝေဒနာ ဖြစ်ပေါ်လာ ပါသည်။ တပည့် ရဟန်းသံဃာများအား အသိမပေးဘဲ ပရိနိဗ္ဗာန်ပြုရန်မသင့်ဟု အကြံဖြစ်တော်မူပြီး ရောဂါကို ဝီရိယဖြင့် ပယ်ခွာ၍ အသက်ရှည်စေနိုင်သော သမာပတ်ကို ဝင်စားတော်မူရာ ရောဂါသည် ငြိမ်းသွားပါသည်။

မြတ်စွာဘုရားသည် ဝေသာလီပြည်သို့ ဆွမ်းခံဝင်ပြီးနောက် စာပါလစေတီ တွင် နားနေတော်မူစဉ် သတိရှိလျက်၊ ဆင်ခြင်လျက်၊ အသက်ရှည်ရန် ပြုပြင်မှု အာယုသင်္ခါရကို စွန့်လွှတ်တော်မူပါသည်။ ထိုအခါ မြေငလျင် အကြီးအကျယ် လှုပ်ပြီး တော်လဲသံများ တခြိမ့်ခြိမ့်မြည်ဟည်းကုန်ပါသည်။

တစ်နေ့သောနံနက်ခင်းတွင် မြတ်စွာဘုရားသည် ဝေသာလီပြည်၌ ဆွမ်းခံ လှည့်လည်ပြီးလျှင် ဆွမ်းစားပြီးနောက် ဝေသာလီပြည်မှ ထွက်ခွာတော်မူခဲ့ပါသည်။ ဝေသာလီပြည်ကို ဆင်ပြောင်ကြီးကဲ့သို့ တစ်ကိုယ်လုံးပြန်လှည့်လျက် ကြည့်ရှုတော် မူ၍ အာနန္ဒာအား "အာနန္ဒာ ဤယခု ကြည့်ရှုခြင်းသည် ဝေသာလီပြည်ကို မြတ်စွာဘုရား၏ နောက်ဆုံးကြည့်ရှုခြင်းပေတည်း"ဟု မိန့်တော်မူသည်မှာ ဝမ်းနည်း ကြေကွဲဖွယ်ကောင်းလှပါသည်။ ထိုမှ ဘဏ္ဍုရွာ၊ ဟတ္ထိရွာ၊ အမ္ဗရွာ၊ ဇမ္ဗုရွာ၊ ဘောဂမြို့တို့မှတစ်ဆင့် ပါဝါမြို့သို့ ဆက်လက်ကြွချီတော်မူပါသည်။ ပါဝါမြို့ တွင် ပန်းထိမ်သည်သား စုန္ဒက ဆက်ကပ်သည့် ဝက်ပျိုသားဆွမ်းကို ဘုဉ်းပေး တော်မူရာ ပရိနိဗ္ဗာန်ပြုလောက်အောင်ပြင်းထန်သော သွေးဝမ်းသွန်ရောဂါ ဖြစ်ပေါ် လာပါသည်။ မြတ်စွာဘုရားသည် ဝေဒနာတို့ကို သည်းခံတော်မူပြီး ကုသိနာရုံ ပြည်သို့ ဆက်လက်ကြွတော်မူပါသည်။ လမ်းခရီးတွင် လှည်းငါးရာဖြတ်ကူး၍ နောက်ကျ လျက်ရှိသော ကကုဓာချောင်းမှ မြတ်စွာဘုရားအတွက် အရှင်အာနန္ဒာသည် သပိတ်ဖြင့် သောက်ရေကို ခပ်ယူရာ ရေသည် ကြည်လင်သန့်ရှင်းသွားသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိရပါသည်။

လမ်းခရီးတွင် မလ္လမင်းသား ပုက္ကုသသည် မြတ်စွာဘုရားအား တွေ့မြင်၍ ကြည်ညိုသဒ္ဓါပွားများပြီး ရွှေအဆင်းရှိသော ပွဲထိုင်အဝတ်ချောတစ်စုံကို ဆက်ကပ် လှူဒါန်းပါသည်။ မြတ်စွာဘုရားသည် ပါဝါမြို့သို့ ဆက်လက်ကြွတော်မူရာ၌ ပင်ပန်းလှသဖြင့် လမ်းခရီးတွင် အကြိမ်များစွာ အပန်းဖြေနားတော်မူခဲ့ရပါသည်။ ညနေချမ်းအချိန်တွင် ကုသိနာရုံပြည်၊ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ဆိုက်

ရောက်တော်မူရာတွင် အင်ကြင်းပင်နှစ်ပင်တို့၏ကြားဝယ် မြောက်ဘက်သို့ခေါင်း ပြု၍ခင်းအပ်သော ညောင်စောင်းထက်၌ လျောင်းစက်တော်မူပါသည်။

ထိုအခါ မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် အင်ကြင်းပင်တို့မှ အခါ မဲ့ပွင့်သောပန်းတို့သည် မြတ်စွာဘုရား၏ကိုယ်တော်ထက်သို့ ကြဲဖြန့်ကုန်ပါသည်။ မန္ဒာရဝမည်သော နတ်ပန်းတို့သည်လည်း ကောင်းကင်မှကျလာပြီး မြတ်စွာဘုရား ၏ကိုယ်တော်ထက်သို့ ကြဲဖြန့်ကုန်ပါသည်။ နတ်၌ဖြစ်သော စန္ဒကူးနံ့သာမှုန့်တို့ သည် ကောင်းကင်မှ ကျရောက်ကြဲဖြန့်ကုန်ပါသည်။ နတ်တူရိယာ၊ နတ်သီချင်း သံများလည်း ကောင်းကင်၌ ထွက်ပေါ်လာကုန်ပါသည်။ ထိုသို့ ပူဇော်ပသသည် များကို မြတ်စွာဘုရားသည် တွေ့မြင်၍ အရှင်အာနန္ဒာအား ဤမျှပူဇော်ခြင်းအား ဖြင့် မြတ်စွာဘုရားကို အမှန်တကယ် အရိုအသေ အလေးအမြတ် ပူဇော်ပသ ခြင်းမမည်ကြောင်း၊ တရားနှင့်လျော်သောအကျင့်ကို ကျင့်ကြံအားထုတ်ခြင်းသည် သာလျှင် မြတ်စွာဘုရားအား အမြတ်ဆုံးပူဇော်ခြင်းဖြစ်ကြောင်း မိန့်ကြားတော်မူ ပါသည်။

မြတ်စွာဘုရားရှေ့တည့်တည့်၌ရပ်၍ ယပ်ခတ်ပေးနေသော ရှင်ဥပဝါဏ မထေရ်အား မြတ်စွာဘုရားကို ဖူးမြော်ရန်ရောက်ရှိနေသောနတ်တို့ ဖူးမြော်ခွင့်ရ ရန် ဖယ်ရှားစေပါသည်။ အာနန္ဒာက မာတုဂါမများနှင့် စပ်လျဉ်း၍ မည်သို့ကျင့် သုံးရမည်နည်းဟု လျှောက်ထားရာတွင် မတွေ့မြင်ရအောင် ကျင့်သုံးရန်၊ တွေ့ မြင်က စကားမပြောဘဲနေရန်၊ မလွှဲသာ၍ စကားပြောရသော် အမိရင်းကဲ့သို့ အမှတ်သတိထား၍ ပြောဆိုရမည်ဟု မိန့်တော်မူပါသည်။ မြတ်စွာဘုရား၏ အလောင်းတော်နှင့်စပ်လျဉ်း၍ မည်ကဲ့သို့ဆောင်ရွက်ရမည်နည်းဟု မေးလျှောက် ရာတွင် စကြဝတေးမင်း၏အလောင်း၌ ဆောင်ရွက်သကဲ့သို့ ထိုအတူ မြတ်စွာ ဘုရား၏အလောင်းတော်၌ ဆောင်ရွက်အပ်ပေသည်ဟု မိန့်တော်မူပါသည်။

ထို့နောက် အရှင်အာနန္ဒာသည် ကျောင်းတွင်းသို့ဝင်၍ တံခါးတိုင်ကိုမှီပြီး လျှင် ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေပါသည်။ မြတ်စွာဘုရားသည် အာနန္ဒာအား တရားဟောကြား၍ ဖျောင်းဖျတော်မူသည်။ ချစ်ခင်မြတ်နိုးသူတို့နှင့် ကွဲကွာခြင်း အကြင်တရားများသည် ပျက်စီးခြင်းသဘောရှိခြင်း၊ မြတ်စွာဘုရားကိုယ်တော်တိုင် လည်း ဤသဘောကို လွန်ဆန်နိုင်ရန်အကြောင်းမရှိခြင်းတို့ကို ဟောကြားတော် မူပါသည်။ မြတ်စွာဘုရား၏အကျိုးစီးပွားကိုလိုလားလျက် အတိုင်းမသိသော မေတ္တာကာယကံဖြင့် ကြာမြင့်စွာကာလပတ်လုံး မြတ်စွာဘုရားကို လုပ်ကျွေးပြုစု သည့် အာနန္ဒာ၌ လေးပါးသောအံ့ဖွယ်ဂုဏ်တို့ရှိကြောင်း မိန့်ကြားချီးကျူးတော် မူပါသည်။

မြတ်စွာဘုရား၏ မိန့်ကြားချက်အရ အရှင်အာနန္ဒာသည် ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သွားရောက်၍ မြတ်စွာဘုရားသည် ညဉ့်သန်းလွဲ၌ ပရိနိဗ္ဗာန်ပြုတော်မူမည်ဖြစ်ကြောင်း အကြောင်းကြားပြောကြားပါသည်။ မလ္လမင်းတို့နှင့် မိသားစုဆွေမျိုးများသည် အလွန်ကြေကွဲဝမ်းနည်းလျက် မြတ်စွာဘုရားထံသို့သွားရောက်၍ ခြေတော်ဦးခိုက် ကန်တော့ကြပါသည်။

ထိုအခါ သုဘဒ္ဒပုရဗိုဇ်သည် မြတ်စွာဘုရားအား လာရောက်ဖူးမြော်ရာ မြတ်စွာဘုရားက တရားဓမ္မများ ဟောပြောတော်မူပါသည်။ သုဘဒ္ဒသည် အလွန်နှစ်သက်လှသည်ဖြစ်၍ မြတ်စွာဘုရား၏ထံ၌ ရှင်ရဟန်းအဖြစ်ခံယူပြီး တရားကျင့်ကြံရာ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားကာ မြတ်စွာဘုရား၏ နောက်ဆုံးမျက်မှောက်တပည့် ဖြစ်သွားပါသည်။

မြတ်စွာဘုရားသည် "အာနန္ဒာ ငါဟောကြားပညတ်ထားသော တရားတော်နှင့် ဝိနည်းတော်သည် ငါကွယ်လွန်သောအခါ၌ သင်တို့၏ ဆရာဖြစ်ပေ၏"ဟူ၍လည်းကောင်း၊ "ရဟန်းတို့ သင်တို့အား ယခု မိန့်မှာတော်မူခဲ့အံ့။ ပြုပြင်ပေးရသော သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏။ မမေ့သောသတိတရားဖြင့် ကိစ္စပြီးအောင်အားထုတ်ကြကုန်လော့"ဟု နောက်ဆုံးစကားကို မိန့်ကြားတော်မူခဲ့ပါသည်။ ထို့နောက် မြတ်စွာဘုရားသည် ဈာန်များကိုဝင်စားတော်မူပြီး ပရိနိဗ္ဗာန်ပြုတော်မူပါသည်။

မလ္လမင်းတို့ဦးဆောင်၍ မြတ်စွာဘုရားအလောင်းတော်ကို ပူဇော်ကြပါသည်။ စကြဝတေးမင်း၏အလောင်းတော်၌ ဆောင်ရွက်သကဲ့သို့ မြတ်စွာဘုရား၏အလောင်းတော်ကို မီးသင်္ဂြိုဟ်ရန် စီစဉ်ကြပါသည်။ အရှင်မဟာကဿပရောက်ရှိလာပြီး မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်လျက် ရှိခိုးကန်တော့ပြီးနောက် မီးသင်္ဂြိုဟ်ကြပါသည်။

ခုနစ်ပြည်ထောင်မင်းတို့အား ဒေါဏပုဏ္ဏားက မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို အညီအမျှ ခွဲဝေပေးခဲ့ပါသည်။ ခုနစ်ပြည်ထောင်မင်းတို့သည် မိမိတို့၏ နေရပ်၊ ဌာနေ၊ တိုင်းပြည်များ၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို စေတီ၊ ပုထိုး တည်ထားကိုးကွယ်ပူဇော်ကြပါသည်။

ဤသို့အားဖြင့် (၄၅)ဝါရှည်ကြာသော မြတ်စွာဘုရား၏ သာသနာပြုခရီးစဉ်သည် ကုသိနာရုံ၊ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူသည်နှင့်အတူ ပြီးဆုံးသွားပါသည်။ မြတ်စွာဘုရား ဟောကြားတော်မူသည့် ဓမ္မဝိနယတရားတော်များသည် ယနေ့တိုင် ရှင်သန်လျက်ရှိပြီး သတ္တဝါဝေနေယျတို့အား အကျိုးပြုလျက်ရှိပါသည်။ အမှန်တရားကို ဖော်ညွှန်းပေးလျက်ရှိပါသည်။

**မဟာသတိပဋ္ဌာနသုတ်**

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း၊ ကမ္မာသဒမ္မမည်သော နိဂုံးရွာကြီး၌ သီတင်းသုံးနေတော်မူစဉ် မဟာသတိပဋ္ဌာနသုတ်ကို ဟောကြားတော်မူပါသည်။

သတိပဋ္ဌာန်လေးပါးတည်းဟူသော ခရီးလမ်းနည်းလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွတ်မြောက်ရန်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန်၊ အရိယာမဂ်ကိုရရန်၊ နိဗ္ဗာန်ကိုမျက်မှောက် ပြုရန် တစ်ကြောင်းတည်း၊ တစ်ခုတည်းသော ခရီးလမ်းနည်းလမ်းဖြစ်ကြောင်း ရဟန်းတို့အား ဟောတော်မူပါသည်။

သတိပဋ္ဌာန်လေးပါးဟူသည်မှာ ပြင်းစွာအားထုတ်အပ်သော လုံ့လ၊ သမ္ပဇဉ်ဉာဏ်နှင့် သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာလောက၌ အဘိဇ္ဈာလိုချင်တပ်မက်ခြင်း၊ ဒေါမနဿ နှလုံးမသာယာခြင်းတို့ကို ပယ်ဖျောက်၍ -

(က) ရုပ်၌ ရုပ်ကို အကြိမ်ကြိမ်ရှု၍နေခြင်းတည်းဟူသော ကာယာနုပဿနာ၊
(ခ) ခံစားမှုဝေဒနာတို့၌ ခံစားမှုဝေဒနာဟု အကြိမ်ကြိမ်ရှု၍နေခြင်းတည်းဟူသော ဝေဒနာနုပဿနာ၊
(ဂ) စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှု၍နေခြင်းတည်းဟူသော စိတ္တာနုပဿနာ၊
(ဃ) သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှု၍ နေခြင်းတည်းဟူသော ဓမ္မာနုပဿနာတို့ ဖြစ်ပါသည်။

**ကာယာနုပဿနာ။ ။ ကိုယ်၌ ဆင်ခြင်ရှု၍နေခြင်းတည်းဟူသော ကာယာနုပဿနာ၌ ရှုပုံရှုနည်း (၆)မျိုးရှိပါသည်။ (က)** ရဟန်းသည် ဆိတ်ငြိမ်ရာအရပ်၌ တင်ပျဉ်ခွေထိုင်ပြီး ကိုယ်ကိုဖြောင့်မတ်စွာထား၍ သတိကို ရှေးရှုဖြစ်စေလျက်ထိုင်သည်။ ထို့နောက် သတိရှိလျက် ထွက်သက်ဝင်သက်ကိုရှု၍နေ၏။ ဤသို့အားဖြင့် ရုပ်အပေါင်း၌ ဖြစ်ခြင်း ပျက်ခြင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောတို့ကို အကြိမ်ကြိမ်ရှုလျက်နေသည်။ **(ခ)** ရဟန်းသည် သွားသည်၊ ရပ်သည်၊ ထိုင်သည်၊ လျောင်းသည်ဟူသော ဣရိယာပုတ်(၄)ပါးကိုဆင်ခြင်လျက်နေသည်။ **(ဂ)** လှုပ်ရှားနေထိုင်စားသောက်သွားလာပြောဆိုသည့် ရုပ်အမူအရာများကို သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်နေပါသည်။ **(ဃ)** မစင်ကြယ်သည့်အရာအမျိုးတို့ဖြင့် ပြည့်လျက်ရှိသော (၃၂)ပါးသောအစုအဝေး ရုပ်ကိုစူးစိုက်၍ စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းလျက်နေပါသည်။ **(င)** ရုပ်အပေါင်း၌ မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ် ရှိသည်ဟု ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်နှလုံးသွင်းလျက်နေပါသည်။ **(စ)** သုသာန်၌ စွန့်

ပစ်ထားသော သူသေကောင်အမျိုးမျိုးတို့ကိုရှု၍ မိမိကိုယ်ကို ဆင်ခြင်လျက်နေပါသည်။ ဤသို့ နည်း(၆)မျိုးဖြင့် ရုပ်အပေါင်း၌ ဖြစ်ပျက်တရားတို့ကို အကြိမ်ကြိမ်ရှုကြည့်ဆင်ခြင်လျက် နေပါသည်။

**ဝေဒနာနုပဿနာ။ ။ ခံစားမှုဝေဒနာတို့ကို ရှုခြင်းတည်းဟူသော ဝေဒနာနုပဿနာ၌ ရှုပုံရှုနည်း (၉)ပါးရှိပါသည်။** ၎င်းတို့မှာ ချမ်းသာမှုကို ခံစားခြင်းတည်းဟူသော သုခဝေဒနာ၊ ဆင်းရဲမှုကိုခံစားခြင်းတည်းဟူသော ဒုက္ခဝေဒနာ၊ ဆင်းရဲချမ်းသာမဟုတ်သောဝေဒနာကို ခံစားခြင်းတည်းဟူသော အဒုက္ခမသုခဝေဒနာ၊ ကာမဂုဏ်နှင့် စပ်၍ ချမ်းသာသောဝေဒနာ၊ ဆင်းရဲသောဝေဒနာ၊ ဆင်းရဲမဟုတ်ချမ်းသာမဟုတ်သော ဝေဒနာ၊ ကာမဂုဏ်နှင့်မစပ်သော ချမ်းသာသောဝေဒနာ၊ ဆင်းရဲသောဝေဒနာ၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သောဝေဒနာတို့ ဖြစ်ပါသည်။ ဤသို့အားဖြင့် ဝေဒနာခံစားမှုတို့၌ အဖြစ်အပျက်ကို အဖန်တလဲလဲရှု၍နေပါသည်။

**စိတ္တာနုပဿနာ။ ။ စိတ်ကို ဆင်ခြင်ရှုခြင်းတည်းဟူသော စိတ္တာနုပဿနာ၌ စိတ်အမျိုးအစား(၁၆)ပါး ရှိပါသည်။** ၎င်းတို့မှာ ရာဂတပ်မက်သောစိတ်နှင့် ကင်းသောစိတ်၊ ဒေါသအမျက်ထွက်သောစိတ်နှင့် ကင်းသောစိတ်၊ မောဟ တွေဝေသောစိတ်နှင့် ကင်းသောစိတ်၊ သံခိတ္တ ကျုံ့သောစိတ်၊ ဝိခိတ္တ ပျံ့လွင့်သောစိတ်၊ မဟဂ္ဂုတ်ဟူသော ရူပစိတ် အရူပစိတ်၊ အမဟဂ္ဂုတ်စိတ်ဟူသော ကာမာဝစရစိတ်၊ သဉတ္တရစိတ်ဟူသော ကာမာဝစရစိတ်၊ အနုတ္တရစိတ်ဟူသော ရူပစိတ် အရူပစိတ်၊ သမာဟိတစိတ်ဟူသော အပ္ပနာသမာဓိ ဥပစာရသမာဓိရှိသော တည်ကြည်သောစိတ်၊ အသမာဟိတစိတ်ဟူသော သမာဓိနှစ်ပါးကင်းသော မတည်ကြည်သောစိတ်၊ ဝိမုတ္တစိတ်ဟူသော လွတ်မြောက်သောစိတ်နှင့် အဝိမုတ္တစိတ်ဟူသော မလွတ်မြောက်သောစိတ်တို့ ဖြစ်ပါသည်။ ဤသို့သော စိတ်တို့၏ဖြစ်ပျက်မှုကို အဖန်တလဲလဲရှုဆင်ခြင်လျက် နေပါသည်။

**ဓမ္မာနုပဿနာ။ ။ သဘောတရားတို့ကို ရှုဆင်ခြင်ခြင်းတည်းဟူသော ဓမ္မာနုပဿနာ၌ ရှုနည်း(၅)ပါးရှိပါသည်။ (က)** နီဝရဏ အပိတ်ပင်တရား(၅)ပါးကို ရှုခြင်းပင်ဖြစ်ပါသည်။ ၎င်းတို့မှာ ကာမစ္ဆန္ဒတည်းဟူသော ကာမဂုဏ်အလိုရှိမှု၊ ဗျာပါဒတည်းဟူသော သူတစ်ပါးပျက်စီးစေလိုမှု၊ ထိနမိဒ္ဓတည်းဟူသော လေးလံထိုင်းမှိုင်းမှု၊ ဥဒ္ဓစ္စ ကုက္ကုစ္စတည်းဟူသော ပျံ့လွင့်မှုနှလုံးမသာယာမှု၊ ဝိစိကိစ္ဆာတည်းဟူသော မဝေခွဲနိုင်မှုတို့၏ ဖြစ်ခြင်းပျက်ခြင်းတို့ကို အကြိမ်ကြိမ်ရှုမှတ်ပါသည်။ **(ခ)** ဥပါဒါနက္ခန္ဓာငါးပါးဖြစ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၏

ဖြစ်ခြင်း၊ ချုပ်ခြင်းတို့ကို အဖန်ဖန်တလဲလဲ ရှုမှတ်ပါသည်။ **(ဂ)** အသိစိတ်ဖြစ်ပေါ်လာခြင်းအကြောင်းဖြစ်သော အာယတန(၁၂)ပါးကို အဖန်ဖန်တလဲလဲ ရှုပါသည်။ ဤသို့ရှုသောရဟန်းသည် မျက်စိကိုသိသည်။ အဆင်းကိုသိသည်။ ထိုနှစ်ပါးကိုအစွဲပြု၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိသည်။ မဖြစ်သေးသောသံယောဇဉ်ဖြစ်ပေါ်လာခြင်း၊ ဖြစ်ပေါ်လာသောသံယောဇဉ်များကို ပယ်ခြင်း၊ ဖြစ်ပြီးသောသံယောဇဉ်များ နောင်အခါမဖြစ်ကြောင်းကိုလည်း သိပါသည်။ ထိုနည်းတူ နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့်အတွေ့အထိ၊ စိတ်နှင့်သဘောတရားတို့ကိုလည်း သိမြင်ဆင်ခြင်ပါသည်။ ဤသဘောတရားတို့၌ ဖြစ်ပျက်မှုကို အကြိမ်ကြိမ်ရှု၍နေရပါသည်။ **(ဃ)** ဗောဇ္ဈင်(၇)ပါးတို့၌ တရားသဘောကို အဖန်ဖန်ရှုကျင့်၍ နေအပ်ပါသည်။ ဗောဇ္ဈင်တရားတို့မှာ မဂ်ဉာဏ်၏အကြောင်းဖြစ်သော သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ အားထုတ်ခြင်းတည်းဟူသောဝီရိယသမ္ဗောဇ္ဈင်၊ နှစ်သိမ့်ခြင်းတည်းဟူသောပီတိသမ္ဗောဇ္ဈင်၊ ကိုယ်စိတ်၏ ငြိမ်းချမ်းခြင်းတည်းဟူသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ တည်ကြည်ခြင်းဟူသော သမာဓိသမ္ဗောဇ္ဈင်၊ အညီအမျှရှုခြင်းတည်းဟူသော ဥပေက္ခာသမ္ဗောဇ္ဈင်တို့ဖြစ်ပါသည်။ **(င)** ထိုပြင်လည်း ရဟန်းသည် အရိယသစ္စာ(၄)ပါးတို့၌ သဘောတရားဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေအပ်ပါသည်။ သစ္စာလေးပါးတို့မှာ ဒုက္ခအရိယသစ္စာ၊ ဒုက္ခသမုဒယအရိယသစ္စာ၊ ဒုက္ခနိရောဓအရိယသစ္စာ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာတို့ဖြစ်ပါသည်။

ဤသို့အားဖြင့် သတိပဋ္ဌာန်လေးပါးတို့ဖြင့် မိမိနှင့်သူတစ်ပါးတို့၏ သန္တာန်တို့၌တည်ရှိသော သဘောတရားတို့ကို အကြိမ်ကြိမ်ရှု၍နေသည်။ ထိုသဘောတရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းအကြောင်းတရားနှင့် သဘောတရားတို့ကို သတိဖြင့်အကြိမ်ကြိမ်ရှု၍နေသည်။ ထိုသတိသည် အဆင့်ဆင့်အသိဉာဏ်တိုးပွားရန်နှင့် သတိတစ်ဖန်တိုးပွားရန်အတွက်သာ ဖြစ်သည်။ ထိုရဟန်း၌ တဏှာဒိဋ္ဌိဟူသော အမှီအတွယ်မရှိမူ၍ နေသည်။ လောက၌ တစ်စုံတစ်ခုကိုမျှလည်း ငါ၏ဥစ္စာဟု စွဲလမ်းခြင်းမရှိတော့။

ဤကဲ့သို့ မည်သူမဆို ဤသတိပဋ္ဌာန်လေးပါးကို မြတ်စွာဘုရားဟောကြားသည့်နည်းအတိုင်း ပွားများကျင့်ကြံပါက (၇)ရက်မှ (၇)နှစ်အတွင်း အရဟတ္တဖိုလ်ကိုဖြစ်စေ၊ စွဲလမ်းမှုကြွင်းကျန်နေသေးလျှင် အနာဂါမိဖိုလ်ကိုဖြစ်စေ၊ ဤဖိုလ်နှစ်ပါးတို့တွင် တစ်ပါးပါးသော ဖိုလ်ကို အမှန်ရပေမည်ဟု မျှော်လင့်အလိုရှိ အပ်ကြောင်း ဟောကြားတော်မူသည်။

မြတ်စွာဘုရားသည် သတ္တဝါတို့ ဒုက္ခဆင်းရဲမှလွတ်မြောက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်းသော ခရီးလမ်း၊ နည်းလမ်းသည် ဤမဟာသတိပဋ္ဌာန်လေးပါးဖြစ်သည်ဟု ကြေညာ ဟောကြားတော်မူပါသည်။

**လက္ခဏာသုတ်**

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတို့အား ယောကျ်ားမြတ်တို့၏ လက္ခဏာ(၃၂)ပါးဖော်ပြသည့် လက္ခဏာသုတ်ကို ဟောကြားတော်မူပါသည်။ ဤသို့ ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့်ပြည့်စုံသော ယောကျ်ားသည် လူ့ဘောင်၌နေခဲ့သော် စကြဝတေးမင်း၊ ရဟန်းပြုခဲ့သော် ဘုရားဖြစ်မည်ဟူသော အလားအလာနှစ်ပါးမှတစ်ပါး အခြားအလားအလာမရှိဟု မိန့်တော်မူပါသည်။ ဤလက္ခဏာများရရှိခြင်းသည် ရှေးကာလ၊ ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက ကောင်းမှုကုသိုလ်ကံများကို ပြုခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ လက္ခဏာ(၃၂)ပါးကို ဖော်ပြရာ၌ ဤသို့ရရှိသည့်အကြောင်းဖြစ်သော ကုသိုလ်ကံတို့ကို ယှဉ်တွဲဖော်ပြအပ်ပါသည်။

(၁) အညီအညွတ် ကောင်းစွာထိသော ခြေဖဝါးရှိပါသည်။ ရှေးဘဝတို့တွင် ကုသိုလ်တရားမြဲမြဲစွာ ဆောက်တည်ခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်ဆောက်တည်ခြင်း၊ မိဘဆရာ သက်ကြီးဝါကြီး ရဟန်းတော်များအား ရိုသေသမှု ပြုဖွယ်ဝတ်တို့ကို ပြုခြင်းတို့၏အကျိုးကျေးဇူးကြောင့် ရရှိခြင်းဖြစ်ပါသည်။

(၂) အောက်ခြေဖဝါးပြင်တို့၌ စက်ဝန်းများဖြစ်ပေါ်လာသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က လူအများ၏ချမ်းသာကိုဆောင်ခြင်း၊ ထိတ်လန့်တုန်လှုပ်ဖွယ်ဘေးတို့ကို ပယ်ဖျောက်ခြင်း၊ တရားနှင့်လျော်စွာ စောင့်ရှောက်မှု၊ ကာကွယ်မှု၊ လုံခြုံစေမှုတို့ကို စီရင်ပေးခြင်း၊ အခြံအရံနှင့်တကွသော အလှူပေးခြင်း စသောကုသိုလ်ကံများကိုပြုလုပ်ခဲ့သည့် အကျိုးကျေးဇူးကြောင့်ဖြစ်ပါသည်။

(၃-၅) ရှည်သောဖနောင့်၊ ရှည်သွယ်သောလက်ချောင်း၊ ခြေချောင်း၊ ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သောကိုယ်တို့ရှိပါသည်။ ရှေးဘဝလူဖြစ်စဉ်က အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မကောင်းမှုမှရှက်တတ်ခြင်း၊ သနားခြင်း၊ သတ္တဝါတို့၏ အစီးအပွားကိုလိုလားခြင်း စသော ကုသိုလ်ကံကောင်းမှုတို့ကြောင့် ဤလက္ခဏာတော်တို့ကို ရရှိခြင်းဖြစ်ပါသည်။

(၆) အရပ်ခုနစ်ပါးတို့၌ ဖြိုးမောက်သောအသားရှိပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက မွန်မြတ်သော၊ အရသာရှိသော စားဖွယ်သောက်ဖွယ်တို့ကို ပေးလှူခြင်း စသောကုသိုလ်ကံကောင်းမှုကြောင့် လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ပခုံးစွန်းနှစ်ဖက်၊ လည်ကုပ်တို့၌ အသားဖြိုးမောက်ခြင်းကို ရရှိခြင်းဖြစ်ပါသည်။

(၇-၈) နူးညံ့နုနယ်သော ခြေဖဝါး၊ လက်ဖဝါး၊ ကွန်ရက်ပမာညီညာသော လက်ခြေ စသည်တို့ရှိပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ပေးကမ်းစွန့်ကြဲခြင်း၊ ချစ်ဖွယ်သောစကားကိုဆိုခြင်း၊ အကျိုးစီးပွားကို ကျင့်ဆောင်ခြင်း၊ မိမိနှင့် တန်းတူ ရည်တူဆက်ဆံခြင်းတို့၏ အကျိုးကျေးဇူးကြောင့် ဤလက္ခဏာတော်တို့ကို ရရှိခြင်းဖြစ်ပါသည်။

(၉-၁၀) မြင့်သောဖမျက်နှင့် အထက်သို့ကော့တက်သောမွေးညင်းတို့ ရှိပါ သည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က အကျိုးရှိ၍ ကုသိုလ်တရားနှင့်စပ်သောစကား ကိုဟောလျက် လူအများ၏အကျိုးစီးပွားကို ပြခဲ့ခြင်း၊ သတ္တဝါတို့၏အကျိုးစီးပွား ချမ်းသာကို ဆောင်ကြဉ်းပေးခြင်း၊ ဝန်တိုမှုကင်းခဲ့ခြင်း၊ တရားအလှူကို ပေးလှူ ခြင်းတို့ကြောင့် ဤလက္ခဏာနှစ်ပါးကို ရရှိခြင်းဖြစ်ပါသည်။

(၁၁) ဧဏီသားကောင်ကဲ့သို့ ပြေပြစ်သောသလုံးမြင်းခေါင်း ရှိပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ဝိဇ္ဇာ၊ သိပ္ပံပညာများကိုလည်းကောင်း၊ အကျင့်သီလ နှင့် ကမ္မသကတာပညာကိုလည်းကောင်း လျင်မြန်စွာသိမြင်အောင် ဟောပြော ပို့ချပေးခဲ့ခြင်း စသည့်ကုသိုလ်ကံကြောင့် ဖြစ်ပါသည်။

(၁၂) ချောမွေ့သောအသားအရေရှိပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ရဟန်း၊ ပုဏ္ဏားတို့ထံချဉ်းကပ်၍ ဘယ်တရားသည် ကုသိုလ်မည်၍ ဘယ်တရားသည် အကုသိုလ်မည်ပါသနည်း၊ ဘယ်တရားကိုမှီဝဲ၍ ဘယ်တရားကို မမှီဝဲသင့်ပါသနည်း ဟု အဖန်ဖန်မေးမြန်းခဲ့သည့်ကံကြောင့် ဤလက္ခဏာကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

(၁၃) ရွှေအဆင်းနှင့်တူသော အသားအရေရှိပါသည်။ ရှေးဘဝတို့၌ လူ ဖြစ်စဉ်က အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ ရန်ငြိုးထားခြင်းများကို မပြုခဲ့၊ သိမ် မွေ့နူးညံ့သောအဝတ်အထည်များကို ပေးလှူခြင်း စသည့်ကံတို့ကြောင့် ဤလက္ခဏာ ကို ရရှိခြင်းဖြစ်ပါသည်။

(၁၄) အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ကြာမြင့်စွာပျောက်ကွယ်နေသော၊ ကြာမြင့်စွာ ကွဲကွာနေသော ဆွေမျိုးမိတ်ဆွေတို့ကို ပေါင်းဆုံညီညွတ်စေပြီး ဝမ်းမြောက်စေမှုကြောင့် ဤသို့ ရရှိခဲ့ခြင်းဖြစ်ပါသည်။

(၁၅-၁၆) အလုံးနှင့် အရပ် ညီညွတ်လျက် ပညောင်ပင်ကဲ့သို့ လုံးဝန်းသော ကိုယ်နှင့် မကိုင်းမညွတ်ဘဲရပ်လျက်ပင် နှစ်ဖက်သောလက်ဝါးအပြင်တို့ဖြင့် ပုဆစ် ဒူးတို့ကို သုံးသပ်ဆုပ်နယ်နိုင်ပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ဤသူသည် ဤအလှူကိုခံထိုက်၏ဟူ၍ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကို ခွဲခြားသိမြင်ပြီး

ထိုက်တန်လျောက်ပတ်စွာ ပေးလှူခြင်းကြောင့် ဤလက္ခဏာနှစ်ပါးကို ရရှိခဲ့ခြင်း ဖြစ်ပါ သည်။

(၁၇-၁၉) ခြသေ့်၏ကိုယ်အရှေ့ပိုင်းနှင့်တူသော ကိုယ်၊ လက်ပြင်နှစ်ဖက်ကြား၌ တစ်ပြင်တည်းညီလျက် ပြည့်ဖြိုးသောအသားနှင့် ညီညာစွာလုံးသော လည်ပင်းလည်တိုင် စသည်တို့ရှိပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က လူအများ၏ ယုံကြည်မှု"သဒ္ဓါ၊ အကျင့်သီလ"၊ တရားစာပေသင်ကြားမှု"သုတ"၊ စွန့်ကြဲလှူဒါန်းမှု"စာဂ"စသော တရားများနှင့်တကွ ပစ္စည်းဉစ္စာ ချမ်းသာစည်းစိမ် တိုးပွားအောင်မြင်ခြင်းကို လိုလားတောင့်တမှုတို့ကြောင့် ဤလက္ခဏာတို့ကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

(၂၀) အရသာကိုဆောင်သော အလွန်ကောင်းမြတ်သောအကြော ရှိပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က လက်၊ တုတ်၊ ဓား လက်နက်တို့ဖြင့် သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက်ခြင်းမပြုခဲ့သော ကုသိုလ်ကံကြောင့် ဤလက္ခဏာကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

(၂၁-၂၂) အလွန်ညိုသောမျက်လုံးနှင့် နွားငယ်မျက်တောင်နှင့် တူသော မျက်တောင် စသည်တို့ရှိပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က သူတစ်ပါးတို့ကို အမျက်ထွက်သဖြင့် မျက်လုံးပြူး၍ကြည့်ခြင်း၊ မျက်စောင်းထိုး၍ကြည့်ခြင်း၊ လျှို့ဝှက်စွာကြည့်ခြင်းများကို မပြုခဲ့၊ ရိုးဖြောင့်သောစိတ်ရှိသည်ဖြစ်၍ ရိုးဖြောင့်စွာသာ ကြည့်ရှုခဲ့ခြင်း၊ မေတ္တာစိတ်ကိန်းသောမျက်စိဖြင့်သာ လူအများကိုကြည့်ရှုခဲ့ခြင်း စသောကံများကို ပြုလုပ်ခဲ့သည့်အကျိုးကျေးဇူးကြောင့် ဤလက္ခဏာနှစ်ပါးကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

(၂၃) သင်းကျစ်တပ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက် စသည်တို့ကို ပြုကျင့်ခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်စောင့်ခြင်း၊ အမိအဖတို့ကို ချစ်ခင်မြတ်နိုးခြင်း၊ ရဟန်းပုဏ္ဏားတို့ကို ကြည်ညိုလေးစားခြင်း၊ အသက်ကြီးသောဆွေမျိုးတို့ကို ရိုသေခြင်း စသောကုသိုလ်တရားတို့၌ လူအများ၏အကြီးအမှူး ရှေ့သွားခေါင်းဆောင်ဖြစ်ခဲ့ခြင်း စသည့်ကံကြောင့် ဤလက္ခဏာကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

(၂၄-၂၅) တစ်ပင်ချင်းပေါက်သော မွေးညင်းနှင့် မျက်မှောင်နှစ်ဖက်အကြား၌ နူးညံ့၍ လဲဝါဂွမ်းနှင့်တူသော၊ ဖြူစင်သော "ဥဏ္ဏာလုံ"မွေးရှင် စသည်တို့ပေါက်ပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က မုသားပြောခြင်းမှရှောင်ရှား၍ မှန်ကန်သောစကား၊ စွဲမြဲတည်တံ့သောစကားကိုသာ ပြောဆိုခြင်း၊ တစ်ဖက်သားတို့အား

လိမ်လည်လှည့်စားခြင်းကို ပြုလေ့မရှိခြင်း စသောကံများကို ပြုလုပ်ခဲ့ခြင်းကြောင့် ဤလက္ခဏာနှစ်ပါးကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

(၂၆–၂၇) သွားတော်လေးဆယ်နှင့် မကျဲသောသွားတို့ ရှိပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ကုန်းချောစကားပြောခြင်းမှ ရှောင်ရှား၍ ကွဲပြားနေသူတို့ကို ညီညွတ်အောင်စေ့စပ်ခြင်း၊ ညီညွတ်နေသူတို့ကိုလည်း ပို၍ညီညွတ်အောင် အားပေးခြင်းများပြုခဲ့သည့်ကံကြောင့် ဤလက္ခဏာတော်နှစ်ပါးကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

(၂၈–၂၉) ကြီးမားရှည်လျားနူးညံ့သောလျှာနှင့် ဗြဟ္မာ့အသံ၊ ကရဝိတ်အသံနှင့်တူသောအသံ စသည်တို့ရှိပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ကြမ်းတမ်းသောစကားပြောခြင်းမှ ရှောင်ကြဉ်ခဲ့ခြင်း၊ အပြစ်ကင်းသော၊ နားချမ်းသာသော၊ ယဉ်ကျေးသိမ်မွေ့၍ လူအများနှစ်လိုသောစကားများကိုသာ ပြောဆိုခဲ့ခြင်း စသည့်ကုသိုလ်ကံတို့ကြောင့် ဤလက္ခဏာနှစ်ပါးကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

(၃၀) ခြင်္သေ့မေးနှင့်တူသောမေး ရှိပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ပြိန်ဖျင်းသော စကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ မှန်ကန်၍ အကျိုးစီးပွားများနှင့်စပ်သောစကားကိုသာ အခါအခွင့်အားလျော်စွာ ပြောဆိုခြင်းတို့ကြောင့် ဤလက္ခဏာတော်ကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

(၃၁–၃၂) ညီညာသောသွားနှင့် အလွန်ဖြူစင်သော စွယ်တော်လေးချောင်းတို့ရှိပါသည်။ ရှေးဘဝတို့၌ လူဖြစ်စဉ်က မကောင်းသောအသက်မွေးခြင်းကိုပယ်၍ ကောင်းသောအသက်မွေးခြင်းဖြင့် အသက်မွေးခြင်း၊ အသပြာတုပြုလုပ်ခြင်း၊ အချိန်အတွယ် အတိုင်းအတာတို့ကို ကောက်ကျစ်စဉ်းလဲစွာ ချိန်တွယ်တိုင်းတာခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ သတ်ဖြတ်နှောင်ဖွဲ့ခြင်း၊ ခရီးသွားတို့ကို လုယက်ခြင်း၊ ပြည်ရွာကိုဖျက်ဆီးခြင်း၊ အနိုင်အထက်နှိပ်စက်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း စသည့်ကုသိုလ်ကံတို့ကြောင့် ဤလက္ခဏာနှစ်ပါးကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

မြတ်စွာဘုရား ပါရမီဖြည့်သည့် လူ့ဘဝအဆက်ဆက်တို့တွင် အကျင့်သီလနှင့်ပြည့်စုံစွာ ကျင့်ကြံနေထိုင်ခြင်း၊ ကုသိုလ်ကောင်းမှုအလှူဒါနများ ပြုလုပ်ခြင်း၊ လူအများအပေါ်တွင် ကြင်နာထောက်ထားစွာ ဆက်ဆံပြောဆို ကူညီဆောင်ရွက်ပေးခြင်း စသည့် ကောင်းသောကံများ ပြုလုပ်ခဲ့သည့်အကျိုးကြောင့် မြတ်စွာဘုရားသည် ယောကျ်ားမြတ်တို့၏လက္ခဏာ (၃၂)ပါး ရရှိတော်မူခြင်းဖြစ်ကြောင်း သိရှိကြည်ညိုနိုင်ရန်အတွက် ဤလက္ခဏာသုတ်ကို ဖော်ပြရခြင်းဖြစ်ပါသည်။ ကံ ကံ၏အကျိုးကို သိသာထင်ရှားစွာဖော်ပြသောသုတ်ဖြစ်ပါသည်။

**သိင်္ဂါလသုတ်**

ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် သိင်္ဂါလလုလင်ကိုအကြောင်းပြု၍ သိင်္ဂါလသုတ်ကို ဟောကြားတော်မူသည်။ သိင်္ဂါလလုလင်သည် ၎င်း၏ဖခင်သေခါနီး၌ မှာကြားထားခဲ့သည့်အတိုင်း အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးနေသည်ကို မြင်တော်မူ၍ အရိယာတို့၏အဆုံးအမ၌ ဤသို့ရှိမခိုးအပ်ကြောင်း မိန့်တော်မူရာ သိင်္ဂါလုလင်က အရိယာတို့၏သာသနာ၌ ရှိခိုးအပ်သောအရပ်ခြောက်မျက်နှာကို ဟောတော်မူရန် လျှောက်ထားပါသည်။

မြတ်စွာဘုရားက အရိယာသာဝကသည် ညစ်ညူးသောကံလေးပါးကို ပယ် အပ်ကုန်၏။ လေးပါးသောအကြောင်းတို့ဖြင့် မကောင်းမှုကိုမပြု။ စည်းစိမ်ပျက်စီးကြောင်း(၆)ပါးတို့ကို မမှီဝဲ။ တစ်ဆယ့်လေးပါးသောမကောင်းမှုမှ ကင်းသည်ဖြစ်၍ အရပ်ခြောက်ပါးတို့ကို လုံခြုံစေလျက် လောကနှစ်ပါးကို အောင်မြင်ခြင်းငှာ ကျင့်၏။ ထိုအရိယာသာဝကသည် သေပြီးသည်မှနောက်၌ နတ်ပြည်သို့ရောက်၏ဟု ဟောကြားတော်မူပြီး ဖော်ပြပါ ကံလေးပါး၊ အကြောင်းလေးပါး စသည်တို့ကို အောက်ပါအတိုင်း ဟောကြားလမ်းညွှန်တော်မူပါသည်။

**ညစ်ညူးသောကံလေးပါး**

(က) အသက်သတ်ခြင်း၊ (ခ) ခိုးယူခြင်း၊ (ဂ) လိမ်လည်ပြောဆိုခြင်း၊ (ဃ) ကာမဂုဏ်တို့၌ မှားသောအားဖြင့်ကျင့်ခြင်း။

**အကြောင်းလေးပါး**

(က) ချစ်သဖြင့် မလိုက်အပ်သည်ကိုလိုက်၍ မကောင်းမှုကိုပြုခြင်းဟူသော ဆန္ဒာဂတိ၊

(ခ) မုန်းသဖြင့် မလိုက်အပ်သည်ကိုလိုက်၍ မကောင်းမှုပြုခြင်းတည်းဟူသော ဒေါသာဂတိ၊

(ဂ) ကြောက်သဖြင့် မလိုက်အပ်သည်ကိုလိုက်၍ မကောင်းမှုပြုခြင်းတည်းဟူသော ဘယာဂတိ။

(ဃ) မသိသဖြင့် မလိုက်အပ်သည်ကိုလိုက်၍ မကောင်းမှုပြုခြင်းတည်းဟူသော မောဟာဂတိ၊

**စည်းစိမ်ပျက်ကြောင်း(၅)ပါး**

(က) သေရည်သေရက် သောက်လေ့ရှိခြင်း၊

(ခ) အခါမဲ့ ခရီးသွားလာလေ့ရှိခြင်း၊

(ဂ) ပွဲလမ်းသဘင်ကြည့်ရှုလေ့ရှိခြင်း၊
(ဃ) လောင်းကစားလေ့ရှိခြင်း၊
(င) မကောင်းသောအဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းလေ့ရှိခြင်း။

**သေရည်သေရက်သောက်ခြင်း အပြစ်(၆)ပါး**

(က) ဥစ္စာဆုတ်ယုတ်ခြင်း၊
(ခ) ခိုက်ရန်ဖြစ်ပွားတတ်ခြင်း၊
(ဂ) အနာရောဂါရခြင်း၊
(ဃ) အရှိန်အစော်မဲ့တတ်ခြင်း၊
(င) လျှို့ဝှက်အပ်သည်ကို ဖော်ပြတတ်ခြင်း၊
(စ) ပညာဉာဏ်နည်းပါးခြင်း။

**အခါမဲ့သွားလာခြင်း အပြစ်(၆)ပါး**

(က) မိမိကိုယ်သည်လည်း ကာကွယ်အစောင့်အရှောက်ကင်းမဲ့ခြင်း၊
(ခ) မိမိ၏သားမယားတို့သည်လည်း ကာကွယ်အစောင့်အရှောက်ကင်းမဲ့ခြင်း၊
(ဂ) မိမိ၏ ပစ္စည်းဥစ္စာများသည်လည်း ကာကွယ်အစောင့်အရှောက်ကင်းမဲ့ခြင်း၊
(ဃ) သူတစ်ပါးပြုသော မကောင်းမှုတို့၌ မိမိပြုသည်ဟု အထင်မှားခံရခြင်း၊
(င) မဟုတ်မမှန် စွပ်စွဲခံရခြင်း၊
(စ) များစွာသောဆင်းရဲတရားတို့၏ ရှေ့ပြေးဖြစ်ခြင်း။

**ပွဲလမ်းသဘင်ကြည့်ရှုခြင်း အပြစ်(၆)ပါး**

(က) ဘယ်မှာကပွဲရှိသနည်း၊
(ခ) ဘယ်မှာ သီဆိုပွဲရှိသနည်း၊
(ဂ) ဘယ်မှာ တီးမှုတ်ပွဲရှိသနည်း၊
(ဃ) ဘယ်မှာ စာဟောပွဲရှိသနည်း၊
(င) ဘယ်မှာ လက်ခုပ်တီးပွဲရှိသနည်း၊
(စ) ဘယ်မှာ စည်တီးပွဲရှိသနည်းဟု မေး၍သွားရခြင်း။

**လောင်းကစားခြင်း အပြစ်(၆)ပါး**

(က) နိုင်သော် ရန်ပွားခြင်း၊
(ခ) ရှုံးသော် ဥစ္စာအတွက်ပူပန်ရခြင်း၊
(ဂ) ပစ္စည်းဥစ္စာဆုတ်ယုတ်ခြင်း၊

(ဃ) တရားရုံး၌ မိမိ၏စကား မတည်ခြင်း၊
(င) အဆွေခင်ပွန်းတို့က မထီမဲ့မြင်ပြုခြင်း၊
(စ) သမီးပေးသားယူ ပြုလုပ်လိုသူများက အလိုမရှိခြင်း။

**အဆွေခင်ပွန်းယုတ် အပြစ်(၆)ပါး**

(က) လောင်းကစားကျူးလွန်ခြင်း၊
(ခ) ကာမဂုဏ်ကျူးလွန်ခြင်း၊
(ဂ) သေသောက်ကျူးခြင်း၊
(ဃ) အထူးပြု၍ လှည့်ပတ်တတ်ခြင်း၊
(င) မာယာဖြင့် လှည့်ပတ်တတ်ခြင်း၊
(စ) အနိုင်အထက်ပြုတတ်ခြင်း။

**ပျင်းရိခြင်းအပြစ်(၆)ပါး**

(က) အေးလွန်းသည်ဟူ၍၊
(ခ) ပူလွန်းသည်ဟူ၍၊
(ဂ) မိုးချုပ်လွန်းသည်ဟူ၍၊
(ဃ) စောလွန်းသည်ဟူ၍၊
(င) ဆာလွန်းသည်ဟူ၍၊
(စ) ဝလွန်းသည်ဟူ၍ ယိုးမယ်ဖွဲ့၍ အမှုကိစ္စများကို မပြုခြင်း။

**မိတ်ဆွေတု(၄)ဦး**

(က) ယူသာယူတတ်သူ၊
(ခ) နှုတ်ဖြင့်သာပေးတတ်သူ၊
(ဂ) အကြိုက်ကိုလိုက်၍ ပြောတတ်သူ၊
(ဃ) ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သူ။

**စိတ်ကောင်းနှလုံးကောင်းရှိသော မိတ်ဆွေ(၄)ဦး**

(က) ကျေးဇူးပြုတတ်သူ၊
(ခ) ချမ်းသာဆင်းရဲအတူဖြစ်သူ၊
(ဂ) အကျိုးစီးပွားကို ပြောကြားတတ်သူ၊
(ဃ) အစဉ်သနားတတ်သူ။

**အရပ်ခြောက်ပါးကို လုံခြုံစေခြင်း**

(က) အမိအဖတို့ကို အရှေ့အရပ်၊
(ခ) ဆရာသမားတို့ကို တောင်အရပ်၊
(ဂ) သားမယားတို့ကို အနောက်အရပ်၊
(ဃ) ချစ်သောအဆွေခင်ပွန်းတို့ကို မြောက်အရပ်၊
(င) အစေအပါး အလုပ်သမားတို့ကို အောက်အရပ်၊
(စ) သမဏ ဗြာဟ္မဏတို့ကို အထက်အရပ်ဟူ၍ သီအပ်၏ဟုဟောကြားပြီး ၎င်းတို့၏ ကျင့်ဝတ်ဝတ္တရားများကို မိန့်ကြားလမ်းညွှန်တော်မူပါသည်။

**သားသမီးတို့၏ကျင့်ဝတ်(၅)ပါး**

(က) ကျေးဇူးတုံ့ပြန်၍ ကျွေးမွေးပြုစုခြင်း၊
(ခ) မိဘတို့၏အမှုကိစ္စကို ပြုလုပ်ဆောင်ရွက်ခြင်း၊
(ဂ) မိဘတို့၏ဥစ္စာကို မပျက်အောင်စောင့်ထိန်း၍ အစဉ်အဆက်မှလာသော ကုသိုလ်ဝတ်ပြုခြင်းဖြင့် အမျိုးအနွယ်ကိုတည်စေခြင်း၊
(ဃ) အမွေခံထိုက်အောင် မိဘတို့၏အဆုံးအမကို ကျင့်ကြံလိုက်နာခြင်း၊
(င) ကွဲကွာသေလွန်သောမိဘတို့ကို ရည်စူး၍ အလှူဒါနပြုလုပ်ခြင်း။

**မိဘတို့၏ကျင့်ဝတ်(၅)ပါး**

(က) မကောင်းမှုမှတားမြစ်ခြင်း၊
(ခ) ကောင်းမှု၌မွေ့လျော်စေခြင်း၊
(ဂ) အတတ်ပညာကို သင်ယူစေခြင်း၊
(ဃ) လျောက်ပတ်သောဇနီး၊ ခင်ပွန်းတို့နှင့် ထိမ်းမြားပေးခြင်း၊
(င) လျောက်ပတ်သောအချိန်၌ အမွေဥစ္စာတို့ကို အပ်နှင်းခြင်း။

**တပည့်ကျင့်ဝတ်(၅)ပါး**

(က) နေရာမှထ၍ ခရီးဦးကြိုပြုခြင်း၊
(ခ) ခစားချဉ်းကပ်ခြင်း၊
(ဂ) ဆုံးမစကားကို နာယူခြင်း၊
(ဃ) အရိုအသေလုပ်ကျွေးခြင်း၊
(င) အတတ်ပညာကို ရိုသေစွာ သင်ကြားလေ့ကျင့်သင်ယူခြင်း။

**ဆရာ၏ကျင့်ဝတ်(၅)ပါး**

(က) ကောင်းစွာဆုံးမသင့်သောအရာကို ဆုံးမခြင်း၊
(ခ) ကောင်းစွာသင်သင့်သောအရာကို သင်ကြားပေးခြင်း၊
(ဂ) အတတ်ပညာကို မခြွင်းမချန်သင်ကြားပေးခြင်း၊
(ဃ) ကောင်းသောအဆွေခင်ပွန်းတို့ထံ၌ အပ်နှင်းခြင်း၊
(င) ခပ်သိမ်းသောအရပ်တို့၌ အစောင့်အရှောက်ကိုပြုခြင်း။

**လင်ယောကျ်ား၏ကျင့်ဝတ်(၅)ပါး**

(က) အမြတ်တနိုးခေါ်ဆိုခြင်း၊
(ခ) နှိမ့်ချ၍မခေါ်ဆိုခြင်း၊
(ဂ) မိမိ၏မယားကိုလွန်၍ အခြားမိန်းမတို့၌ မပျော်ပါးခြင်း၊
(ဃ) စားဖိုဆောင်အုပ်စိုးမှုကို လွှဲအပ်ခြင်း၊
(င) အဝတ်တန်ဆာကိုပေးခြင်း။

**ဇနီးမယား၏ကျင့်ဝတ်(၅)ပါး**

(က) အမှုကြီးငယ်ကို ကောင်းစွာစီရင်ခြင်း၊
(ခ) နှစ်ဖက်သောဆွေမျိုးတို့ကို ချီးမြှောက်ခြင်း၊
(ဂ) မိမိလင်မှတစ်ပါး အခြားယောကျ်ားတို့နှင့် မဖောက်ပြားခြင်း၊
(ဃ) ရှာဖွေစုဆောင်းပေးသောဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(င) အလုံးစုံသောကိစ္စတို့၌ လိမ္မာ၍ ပျင်းရိခြင်းကင်းခြင်း။

**အမျိုးကောင်းသား၏ ကျင့်ဝတ်(၅)ပါး**

(က) ပေးကမ်းစွန့်ကြဲခြင်း၊
(ခ) ချစ်ဖွယ်သောစကားကို ဆိုခြင်း၊
(ဂ) အကျိုးစီးပွားကို ကျင့်ဆောင်ခြင်း၊
(ဃ) မိမိနှင့် ထပ်တူညီမျှဆက်ဆံခြင်း၊
(င) မချွတ်မယွင်းပြောဆိုပေးကမ်းခြင်း။

**အဆွေခင်ပွန်းတို့၏ ကျင့်ဝတ်(၅)ပါး**

(က) မူးယစ်သောမိတ်ဆွေကို စောင့်ရှောက်ခြင်း၊
(ခ) မူးယစ်သောမိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်ခြင်း၊

(ဂ) ကြောက်ရွံ့သောမိတ်ဆွေ၏ အားကိုးရာဖြစ်ခြင်း၊
(ဃ) ဘေးရန်ဖြစ်လတ်သော် မစွန့်ပစ်ခြင်း၊
(င) မိတ်ဆွေ၏ သားမြေးအဆက်ဆက်တို့ကို တုံ့ပြန်ချီးမြှောက်ခြင်း။

**အရှင်သခင်၏ ကျင့်ဝတ်(၅)ပါး**

(က) ခွန်အားအလျောက်သာ အလုပ်ကိစ္စကို ခိုင်းစေခြင်း၊
(ခ) ထမင်းရိက္ခာပေးခြင်း၊
(ဂ) မကျန်းမာသောအခါ ပြုစုခြင်း၊
(ဃ) ထူးထွေသောစားဖွယ်သောက်ဖွယ်များကို ခွဲဝေပေးခြင်း၊
(င) အခါအားလျော်စွာ အားလပ်ခွင့်နှင့်အဝတ်တန်ဆာ စသည်များပေးခြင်း။

**အလုပ်သမား၏ ကျင့်ဝတ်(၅)ပါး**

(က) အရှင်၏ရှေးဦးစွာ အိပ်ရာမှထခြင်း၊
(ခ) အရှင်၏နောက်မှအိပ်ခြင်း၊
(ဂ) ပေးသမျှကိုသာယူခြင်း၊
(ဃ) အမှုကိစ္စကို ကောင်းစွာပြုလုပ်ဆောင်ရွက်ခြင်း၊
(င) အရှင်၏ဂုဏ်သတင်းကို ပြောကြားခြင်း။

**ဒကာ၏ ကျင့်ဝတ်(၅)ပါး**

(က) မေတ္တာနှင့်ယှဉ်သော ကာယကံမှုဖြင့်လည်းကောင်း၊
(ခ) မေတ္တာနှင့်ယှဉ်သော ဝစီကံမှုဖြင့်လည်းကောင်း၊
(ဂ) မေတ္တာနှင့်ယှဉ်သော မနောကံမှုဖြင့်လည်းကောင်း၊
(ဃ) အမြဲမပြတ် အလှူတံခါးကို ဖွင့်ထားခြင်းဖြင့်လည်းကောင်း၊
(င) ဆွမ်း စသောပစ္စည်းလေးပါးကို ပေးလှူခြင်းဖြင့်လည်းကောင်း ရဟန်း၊ ပုဏ္ဏားတို့အား ပြုစုစောင့်ရှောက်ခြင်း။

**ရဟန်းတို့၏ကျင့်ဝတ်(၆)ပါး**

(က) မကောင်းမှုမှ တားမြစ်ခြင်း၊
(ခ) ကောင်းမှု၌ သက်ဝင်စေခြင်း၊
(ဂ) ကောင်းသောစိတ်ဖြင့် စောင့်ရှောက်ခြင်း၊
(ဃ) မကြားဖူးသော တရားကို ဟောကြားခြင်း၊

(င) ကြားဖူးသောတရားကို ဖြူစင်စေခြင်း၊
(စ) နတ်ပြည်ခရီးကို ညွှန်ကြားခြင်း။

ဤသို့ မိဘတို့ကို အရှေ့အရပ်၊ ဆရာသမားတို့ကို တောင်အရပ်၊ သားမယားတို့ကို အနောက်အရပ်၊ အဆွေခင်ပွန်းကို မြောက်အရပ်၊ အစေအပါး အလုပ်သမားကို အောက်အရပ်၊ သမဏ ဗြာဟ္မဏတို့ကို အထက်အရပ်ဟု စိတ်ထဲတွင် သတ်မှတ်ထားရှိပြီး ဤအရပ်ခြောက်ပါးတို့ကို ရှိခိုးပူဇော်သင့်ကြောင်း သိင်္ဂါလလုလင်အား ဟောကြားတော်မူပါသည်။ မြတ်စွာဘုရား လမ်းညွှန်တော်မူသည့်အတိုင်း လိုက်နာကျင့်သုံးသောသူသည် ကျော်စောမှုကို ရရှိနိုင်ပါသည်။ ကြီးမြတ်သည့်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ချီးမွမ်းမှုကို ခံယူထိုက်ကုန်၏ဟု မိန့်ကြားတော်မူပါသည်။ သို့အတွက် ဤ သိင်္ဂါလတရားတို့ကို ပြကျင့်အပ်သည်ဟု ပညာရှိတို့ မှတ်ယူကြပါသည်။ ဤ သိင်္ဂါလသုတ်ပါ မြတ်စွာဘုရား၏ ဆိုဆုံးမမှုများသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကျေးဇူး ပွားများစေနိုင်ပါသည်။ ဗုဒ္ဓဘာသာတိုင်း သိအပ်၊ ကျင့်အပ်သော တရားများဖြစ်သောကြောင့် ဖော်ပြအပ်ပါသည်။

# မဇ္ဈိမနိကာယ်

မဇ္ဈိမနိကာယ်တွင် မရှည်လွန်းမတိုလွန်း၊ အလယ်အလတ်ဖြစ်သည့် သုတ်များကို စုပေါင်းဖော်ပြထားပါသည်။ ဤနိကာယ်ပါသုတ်များသည် ဒီဃနိကာယ်ပါသုတ်များကဲ့သို့ ကျယ်ပြန့်ရှည်လျားမှု၊ သံယုတ္တနိကာယ်နှင့် ခုဒ္ဒကနိကာယ်မှ သုတ်များကဲ့သို့ ကျဉ်းမြောင်း၊ တိုတောင်းမှုမရှိပါ။ မဇ္ဈိမနိကာယ်နှင့် ဒီဃနိကာယ် တို့တွင် ပါရှိသောသုတ်များသည် ခေါင်းစဉ်ပါအကြောင်းအရာတို့ကို အဓိပ္ပာယ်ရှင်းလင်းချက် အပြည့်အစုံနှင့် ဟောကြားထားပါသည်။

မဇ္ဈိမနိကာယ်ကို မူလပဏ္ဏာသ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသဟူ၍ ကျမ်းသုံးကျမ်းခွဲ၍ ပြုစုထားပါသည်။ မူလ ပဏ္ဏာသတွင် သုတ်(၅၀)၊ မဇ္ဈိမပဏ္ဏာသတွင် သုတ်(၅၀)နှင့် ဥပရိပဏ္ဏာတွင် (၅၂)သုတ် စုစုပေါင်း (၁၅၂)သုတ် ပါရှိပါ သည်။ သုတ်များကို ဆယ်သုတ်တွင် တစ်ဝဂ်စီ စုစည်းထားပါသည်။ ဤကျမ်းသုံးကျမ်းကို ကျမ်းအလိုက် စာအုပ်ထုတ်ဝေ ရာတွင် စာအုပ်သုံးအုပ်ဖြစ်ပေါ်လာပါသည်။

မူလပဏ္ဏာသတွင်ပါရှိသည့် မူလပရိယာယဝဂ်တွင် မြတ်စွာဘုရားသည် အရင်းအမြစ်ဖြစ်သော တရားများကို ဟောကြားတော်မူပါသည်။ အာသဝေါတရားများ၊ ကိလေသာတရားများကို ခေါင်းပါးချုပ်ငြိမ်းရေးကျင့်စဉ်များ၊ သတိပဋ္ဌာန် (၄)ပါးနှင့် မှန်ကန်သောအမြင်ရရှိရေးများကို ဟောကြားတော်မူပါသည်။

သီဟနာဒဝဂ်တွင် မြတ်စွာဘုရားသည် ခြင်္သေ့မင်းဟောက်သကဲ့သို့ ရဲရဲရင့်ရင့်ဟောကြားတော်မူသော သုတ်(၁၀)သုတ်ကို ဖော်ပြထားပါသည်။ မြတ်စွာဘုရား၏ သာသနာတော်တွင်သာ အရိယာပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်များ ရှိပါသည်။ မြတ်စွာ ဘုရား၏ အား(၁၀)ပါး၊ ရဲရင့်ခြင်း(၅)ပါးတို့ကိုလည်း ဟောကြားတော်မူပါသည်။ ထို့ပြင် ဆင်းရဲခြင်းမှ လွတ်ကင်းစွာ (၇) ရက်ပတ်လုံး စစ်မှန်သော ချမ်းသာခြင်းကို ခံစားလျက်နေနိုင်ကြောင်း မိန့်ကြားတော်မူပါသည်။ စိတ်၏ ဆူးငြောင့်ခလုတ်များ၊ အမှတ်သညာများအကြောင်းနှင့် ယင်းတို့မှ လွတ်မြောက်ရာ နည်းလမ်းများကိုလည်း ဟောကြားတော်မူပါသည်။

ဩပမ္မဝဂ်တွင် တရားများကို ဥပမာဖြင့်ခိုင်းနှိုင်း၍ ဟောကြားထားပါသည်။ မိမိကို လွှဖြင့်တိုက်ဖြတ်သော်လည်း ခွင့်လွှတ်သင့်ကြောင်း မိန့်ကြားတော်မူပါသည်။ တရားကို မှန်ကန်စွာ သိရှိကျင့်သုံးမှုမရှိသောသူသည် မြွေကို ကောင်းစွာ ပိုင်ပိုင်နိုင်နိုင် မကိုင်မဖမ်းသဖြင့် မြွေပေါက်ခံရသူနှင့်တူကြောင်း၊ တရားကို မှန်ကန်စွာ သိရှိ ကျင့်သုံးသူသည် မြွေကိုပိုင်နိုင်စွာ ကိုင်တွယ်ဖမ်းသူနှင့်တူကြောင်း နမူနာပေးတော်မူပါသည်။ အမှန်တရားကိုသိရှိပြီး စွဲလမ်းခြင်းကင်းသော လုံးဝငြိမ်းချမ်းမှုကိုရရှိရန် ကျင့်ကြံပုံကို ဖောင်(၇)စင်းပြောင်း၍စီးသည့် ဥပမာကိုပေးကာ ဟောကြားတော်မူပါသည်။ ကာမဂုဏ်ငါးပါးကို မုဆိုးမြက်ခင်းနှင့် ကျော့ကွင်းတို့နှင့်တူကြောင်း ဥပမာပေး၍ လွတ်မြောက်မှုလမ်းစဉ်ကို ဟောကြားတော်မူပါသည်။ ထိုနည်းတူ တရားများကို ဆင်ခြေရာနှင့်နှိုင်း၍လည်းကောင်း၊ အနှစ်ကိုရှာခြင်းနှင့် နှိုင်း၍လည်းကောင်း ဟောကြားထားတော်မူပါသည်။

မဟာယမကဝဂ်တွင် ထူးမြတ်သောတရားအဖုံဖုံတို့ကို ဟောကြားတော်မူပါသည်။ ပုဂ္ဂိုလ်အချင်းချင်း ညီညွတ်ချစ်ကြည်စွာ နေထိုင်နည်းများ၊ တရားဖြင့် အေးငြိမ်းစွာနေထိုင်နည်းများကို ဟောကြားတော်မူပါသည်။ သစ္စကပရိဗိုဇ်အား အနတ္တတရားကို ဟောကြား၍ ဆုံးမတော်မူခဲ့ပါသည်။ တဏှာကုန်ခန်းရန် နည်းလမ်းကျင့်စဉ်များကို ဟောကြားထားပါသည်။

စူဠယမကဝဂ်တွင် ပုဂ္ဂိုလ်အများနှင့် သင့်လျော်သောတရားတို့ကို အစုံလိုက် ဟောကြားတော်မူထားပါသည်။ ရဟန်းများ ရဟန်းနှင့်သင့်လျော်သော အကျင့်များကို ကျင့်သုံးပြီး ဗြဟ္မစိုရ်တရားများပွားများ၍ စိတ်၏လွတ်မြောက်မှု၊ ပညာ၏လွတ်မြောက်မှုကို မျက်မှောက်ပြုကာ ကိလေသာငြိမ်းအေးအောင် ကျင့်ကြံကြရန် တိုက်တွန်း လမ်းညွှန်တော်မူပါသည်။ သာလာရွာသားများ၊ ဝေရဥ္စရွာသားများအား ကိုယ်နှုတ်နှလုံးတို့တွင် မျှတစွာ တရားသဖြင့်ကျင့်ကြံကြရန် ဟောကြားတော်မူပါသည်။ ခန္ဓာငါးပါးတွင် စွဲလမ်းမှုကြောင့် နှစ်သက်စွဲလမ်းမှုအဆင့်ဆင့် ဖြစ်ပေါ်လာပုံနှင့် ယင်းတို့မှ လွတ်မြောက်ရာ ကျင့်စဉ်၊ တရားတည်ဆောက်ခြင်း လေးမျိုး၊ ကိုယ်တိုင် သိမြင်ဆုံးဖြတ်နိုင်ရန် စူစမ်းဆင်ခြင်ခြင်း စသည့်တရားများကို အသေးစိတ်ဟောကြားတော်မူပါသည်။ ဗကဗြဟ္မာကြီး၊ အတ္တနှင့်နိစ္စ အယူမှားခြင်းတို့မှ ကျွတ်လွတ်ရန် ဤဝဂ်တွင် ဟောကြားဆုံးမထားတော်မူပါသည်။

မဇ္ဈိမပဏ္ဏာသတွင်ပါရှိသည့် ဂဟပတိဝဂ်တွင် အိမ်နေလူပုဂ္ဂိုလ်များနှင့် ပတ်သက်သော တရားများကို ဟောကြားထားတော်မူပါသည်။ မိမိကိုယ်ကို ပူပန်ဆင်းရဲစေရန် အားထုတ်သူ၊ သူတစ်ပါးကို ပူပန်ဆင်းရဲစေရန် အားထုတ်သူ၊ မိမိ၊ သူတစ်ပါး နှစ်ဦးစလုံးကို ပူပန်ဆင်းရဲစေရန် အားထုတ်သူ၊ ဤသို့အားမထုတ်ဘဲ

မျက်မှောက်ဘဝတွင် ငြိမ်းအေးစွာနေသည့် ပုဂ္ဂိုလ်လေးဦးအကြောင်း၊ အာသဝေါ တရားတို့မှ လွတ်မြောက်ရာကျင့်စဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ ကျင့်စဉ်များကို ဟောကြားတော်မူပါသည်။ ကံသုံးပါးတွင် မနောကံကို အပြစ်အကြီးဆုံးဟု သတ်မှတ်တော်မူပါသည်။ ကာမချမ်းသာထက် သညာ၊ ဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ်သည် အတိုင်းထက်အလွန်ချမ်းသာသည်ဟု ဟောတော်မူပါသည်။

ဘိက္ခုဝဂ်တွင် ရဟန်းနှင့်ဆိုင်သော တရားများကို ဟောကြားတော်မူပါသည်။ ရှင်ရာဟုလာအား မုသားစကားဆိုခြင်း မပြုရန်နှင့် စာနာမှုတရားဖြင့် ကိုယ်၊ နှုတ်၊ နှလုံး (၃)ပါးလုံးကို စင်ကြယ်အောင် အဖန်တလဲလဲ ကြည့်ရှု ဆင်ခြင်၍ စောင့်ထိန်းရန်၊ ဓာတ်သဘာဝများကို သိရှိနားလည်ပြီး ငြီးငွေ့ကာ စွဲမက်ခြင်းမှကင်းလွတ်ရန်နှင့် အာနာပါနသတိကို လေ့လာပွားများရန် လမ်းညွှန် ဟောကြားတော်မူပါသည်။ ရှင်မာလုကျပုတ္တအား လောကနှင့်ပတ်သက်၍ အယူ အဆများနှင့် သံယောဇဉ် လေးပါးအကြောင်းကို ဟောပြောတော်မူပြီး သိအပ်၊ ကျင့်အပ်သည့်တရားများကို လမ်းညွှန်တော်မူခဲ့ပါသည်။ ရဟန်းတို့ အကျင့်သိက္ခာ ပြည့်စုံစွာကျင့်ရန်နှင့် ရဟန်းတို့ရှောင်အပ်သော ဘေးရန်လေးမျိုး၊ တောနေရဟန်း တို့၏ ကျင့်ဝတ်ဆယ့်ရှစ်ပါး၊ လွတ်မြောက်သော ပုဂ္ဂိုလ်(၇)ဦးတို့အကြောင်းကို ဟောကြားတော်မူပါသည်။

ပရိဗ္ဗာဇကဝဂ်တွင်အမှန်တရားကိုရှာဖွေနေသည့် ပရဗိုဇ်များကို ဟောကြား တော်မူသည့် သုတ်များကို စုစည်းထားပါသည်။ ဝစ္ဆပရဗိုဇ်၊ ဒီဃနခပရဗိုဇ်၊ မာဂဏ္ဍိယပရဗိုဇ်၊ သကုလုဒါယီပရဗိုဇ်တို့အား မှန်ကန်သော အယူများအကြောင်း၊ ကုသိုလ်၊ အကုသိုလ်များအကြောင်း၊ ဝေဒနာသုံးပါးအကြောင်း၊ ကာမဂုဏ်တို့၏ အပြစ်အကြောင်း၊ အကျင့်လေးပါးအကြောင်း၊ တပည့်တို့ ရိုသေခြင်းငါးပါးသော အကြောင်းတို့ကို လွတ်မြောက်ရာလမ်းစဉ်နှင့်တကွ ဟောကြားတော်မူပါသည်။

ရာဇဝဂ်တွင် မင်းနှင့်ပတ်သက်၍ ဟောကြားထားသော တရားများကို စုစည်းထားပါသည်။ ဘုရားအလောင်းတော် မဃဒေဝမင်းအကြောင်း ဟောတော် မူပြီး မဂ္ဂင်ရှစ်ပါးကျင့်စဉ်ကို ကျင့်သုံးကြရန် တိုက်တွန်းတော်မူပါသည်။

မဓုရမင်းအား အမျိုးလေးပါးတို့တွင် ပုဏ္ဏားမျိုးသာမြတ်သည်ဟု ပုဏ္ဏား တို့ ပြောဆိုသည်မှာ လောက၌ စကားမျှသာဖြစ်၍ မမှန်ကြောင်း၊ ဘုရား၊ တရား၊ သံဃာသာလျှင် အမွန်မြတ်ဆုံးဖြစ်ကြောင်း အရှင်မဟာကစ္စည်းမထေရ်က မိန့်ကြား တော်မူပါသည်။

ဗောဓိမင်းသားအား မြတ်စွာဘုရားက မိမိတရားရှာကျင့်ကြံခဲ့ပုံကို ဟော ကြားတော်မူပြီး၊ ဘုရား၌ယုံကြည်ခြင်း၊ ကျန်းမာခြင်း၊ ဟန်ဆောင်လှည့်စားမှု

မရှိခြင်း၊ အကုသိုလ်တရားကိုပယ်၍ ကုသိုလ်တရားများပြည့်စုံဖို့ ကျင့်ကြံရန်လုံ့လရှိခြင်း၊ ထိုးထွင်းဉာဏ်နှင့် ပြည့်စုံခြင်းဟူသော ငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် တစ်နေ့တည်း၌ပင် တရားထူးရနိုင်ကြောင်း ဟောကြားတော်မူပါသည်။

အင်္ဂုလိမာလအား တရားပြ၍ အကုသိုလ်တရားများမှ လွတ်မြောက်စေပြီး ရဟန္တာအဖြစ်သို့ရောက်ရှိရန် ဟောပြောလမ်းညွှန်တော်မူခဲ့ပါသည်။

ကောသလမင်းကြီးအား အပြစ်မရှိသော အမူအကျင့်များ၊ ပြည့်စုံစင်ကြယ်သော အကျင့်မြတ်များကို ဟောကြားတော်မူပါသည်။

ဗြာဟ္မဏဝဂ်တွင် ပုဏ္ဏားနှင့်စပ်ဆိုင်သော သုတ်များကို စုစည်းထားပါသည်။ ဗြဟ္မာယုပုဏ္ဏား၊ သေလပုဏ္ဏား၊ အဿလာယနပုဏ္ဏားလုလင်၊ ဃောဋမုခပုဏ္ဏား၊ စင်္ကီပုဏ္ဏား၊ ဧသုကာရီပုဏ္ဏား၊ ဓာနဉ္စာနိပုဏ္ဏား၊ ဝါသေဋ္ဌပုဏ္ဏားလုလင်၊ သုဘလုလင်စသည့် ပုဏ္ဏားတို့အား ဟောကြားတရားပြရာ၌ အမျိုးလေးပါးနှင့်ပတ်သက်၍ မှန်ကန်သော သဘောထားရှိရန် ဟောကြားတော်မူပါ သည်။

လူတို့တွင် အမျိုးဇာတ်ကိုလိုက်၍ အသွင်အပြင်ခြားနားမှုမရှိကြောင်း၊ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးမျိုး၊ ကုန်သွယ် လယ်လုပ်မျိုးသည် အမည်ပညတ်သာဖြစ်ကြောင်း၊ မည်သူက သာလွန်မြင့်မြတ်သည်ဟု ယူဆရန် မသင့်ကြောင်း၊ ဗြဟ္မဝိဟာရတရားလေးပါး မည်သူ့အပေါ်တွင်မဆို ပွားများသင့်ကြောင်း ဟောကြားတော်မူပါသည်။

အမျိုးဇာတ်အားဖြင့် ဗြဟ္မဏစစ်စစ် မဖြစ်နိုင်ကြောင်း၊ ထိုစိုးရိမ်ကြောင့်ကြမှုကင်းခြင်း၊ သည်းခံတတ်ခြင်း၊ ကာမ ဂုဏ်တို့၌ မငြိကပ်ခြင်း၊ အလိုရမက်နည်းခြင်း၊ အာရုံတို့၌ စွဲလမ်းမှုမရှိခြင်း၊ အကြောင်းအကျိုးဆက်စပ်ပုံကို သိမြင်သောဉာဏ်ရှိခြင်းတို့နှင့် ပြည့်စုံမှသာလျှင် ဗြဟ္မဏအစစ်ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

ဥပရိပဏ္ဏာသတွင်ပါရှိသော ဒေဝဒဟဝဂ်တွင် ဒေဝဒဟပြည်နှင့်စပ်ဆိုင်၍ ဟောကြားတော်မူထားသော တရားများကို စုစည်းထားပါသည်။ ခံစားမှုအားလုံးသည် အတိတ်ကံကြောင့်ချည်းမဟုတ်ကြောင်း၊ ဒုက္ခအကြောင်းတရားတို့၌လျစ်လျူရှုပွားများ၍ ဝီရိယဖြင့် အားထုတ်ခဲ့သည်ရှိသော် ဒုက္ခများကျေပျက်နိုင်ကြောင်း ဟောကြားတော်မူပါသည်။

အာရုံခြောက်ပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်ခြင်း၊ သာယာခြင်း၊ ငြီးငွေ့ခြင်းနှင့် လွတ်မြောက်နည်းတို့ကို အမှန်သိမှသာလျှင် မစွဲလမ်းဘဲ လွတ်မြောက်ကာ အမြတ်ဆုံးအေးငြိမ်းမှုကို ရရှိနိုင်ကြောင်း လမ်းညွှန်တော်မူခဲ့ပါသည်။

အငြင်းပွားခြင်းအကြောင်း ခြောက်ပါး၊ အဓိကရဏ်းလေးပါးနှင့် မပြတ်အောက်မေ့အပ်သော သာရဏီယတရားခြောက်ပါးတို့ကို ဟောကြားတော်မူပါသည်။ တရားရှု၍ ခန္ဓာငါးပါးကို လျစ်လျူရှုနိုင်သော်လည်း ထိုလျစ်လျူရှုမှုကို နှစ်သက်တမ်းတနေပါက နိဗ္ဗာန်မျက်မှောက် မပြုနိုင်ကြောင်း၊ အားလုံးသောတရားများကို မစွဲလမ်းဘဲ လွတ်မြောက်ခြင်းသည်ပင် နိဗ္ဗာန် ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။ ကြည်ညိုဖွယ်ရာတရားဆယ်ပါး၊ ဥပါဒါနက္ခန္ဓာငါးပါး၊ သူတော်ကောင်းနှင့် သူယုတ်မာတို့၏ အကြောင်းတရားများကိုလည်း ခွဲခြားဟောကြားတော်မူပါသည်။

အနုပဒဝဂ်တွင် အစဉ်အားဖြင့် တစ်ခုကို တစ်ခု အကြောင်းပြုသော တရားများ ဟောကြားတော်မူသည့်သုတ်များကို စုစည်းထားပါသည်။ အစဉ်အတိုင်း ရှုမှတ်ဖွယ်ရာတရားများမှာ အောက်ချာန်လေးပါး၊ အထက်ချာန်လေးပါး၊ သမာပတ်ဝင်စားခြင်းတို့ဖြစ်ကြောင်း၊ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိတို့နှင့် ပြည့်စုံပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရန်ဖြစ်ကြောင်း ဟောကြား တော်မူပါသည်။

ဥပါဒါနက္ခန္ဓာငါးပါး၊ ဓာတ်ခြောက်ပါး၊ အာယတနခြောက်ပါး၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းဟုတ်မဟုတ်တို့ကို သိမြင် သောပုဂ္ဂိုလ်သည် ပညာရှိပုဂ္ဂိုလ်ဟု ဆိုအပ်ကြောင်း မိန့်တော်မူပါသည်။ ထွက်သက်ဝင်သက်ရှုမှတ်နည်း၊ ကာယဂတာသတိ ပွားများနည်းတို့ကို ဟောကြားလမ်းညွှန်တော်မူပြီး ကျင့်ကြံသူတို့ရရှိနိုင်သည့် အကျိုးအာနိသင်ဆယ်ပါးတို့ကို ဟောကြားလမ်း ညွှန်တော်မူပါသည်။

သုညတဝဂ်၌ အတ္တမှ ဆိတ်သုဉ်းခြင်းပြသောတရားများကို စုစည်းထားပါသည်။ ကိလေသာတို့မှ ဆိတ်သုဉ်းစွာနေရန်၊ ဈာန်နှင့် အနိမိတ္တသမာဓိနှင့် သုညတသမာပတ်ကို ဝင်စား၍နေနည်းတို့နှင့်တကွ ဟောကြားတော်မူပါသည်။

မြတ်စွာဘုရား၏ အံ့ဖွယ်တစ်ဆယ့်ကိုးပါးကို ရှင်အာနန္ဒာက လျှောက်ထားရာ ရုပ်နာမ်တို့၏ ဖြစ်ပျက်ချုပ်ရာကို သိတော်မူခြင်းသည်လည်း မြတ်စွာဘုရား၏ အံ့ဖွယ်တစ်ပါးအဖြစ် မှတ်ယူသင့်ကြောင်း ဟောကြားတော်မူပါသည်။ လူမိုက် ၏ လက္ခဏာသုံးပါးနှင့် ယင်းတို့လားရာဘဝ၊ ပညာရှိလက္ခဏာသုံးပါးနှင့် ယင်းတို့လားရာဘဝများကို ဟောကြားတော်မူပါသည်။

ပစ္စုပ္ပန်၌ဖြစ်သောတရားတို့ကို ဖြစ်ဆဲခဏ၌သာ ရှုမှတ်ပြီး အတိတ်သို့ အစဉ်လိုက်ခြင်း၊ အနာဂတ်ကိုတောင့်တခြင်းများ မပြုရန် ဟောကြားတော်မူပါသည်။ ကံအကျိုးကို အကျဉ်းအားဖြင့်လည်းကောင်း၊ အကျယ်အားဖြင့် လည်းကောင်း ပိုင်းခြားဝေဖန် ဟောကြားတော်မူပါသည်။ အာယတနခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး၊ ဓာတ်သဘောများ၊ နိဗ္ဗာန်သဘောနှင့် သစ္စာလေးပါးတို့ကို ဟောကြား

တော်မူပါသည်။ အလှူအမျိုးမျိုးတို့၏အကျိုးကို ဟောကြားတော်မူရာ၌ အလှူခံ ပုဂ္ဂိုလ်(၁၄)ပါး၊ သံဃိကအလှူ(၇)ပါး၊ အလှူစင်ကြယ်ခြင်း(၄)ပါးတို့ကို ဟောကြား တော်မူပါသည်။

သဠာယတနဝဂ်တွင် အတွင်းအာယတန(၆)ပါးအကြောင်း ဟောတော်မူသော တရားများကို စုစည်းထားပါသည်။ အနာထပိဏ်သူဌေးကြီးအား သေခါနီး ဆဲ့ဆဲ၌ ရုပ်နာမ်တရားနှင့် လောကကိုပါ မစွဲလမ်းဘဲ အားထုတ်ရန် အရှင်သာရိ ပုတ္တရာက ဆုံးမအကြံပြုခဲ့ပါသည်။

အရှင်ရာဟုလာအား အာယတန(၁၂)ပါးတို့မှ တပ်မက်မှုကင်းဝေးပြီး လွတ်မြောက်သောဉာဏ်အမြင်ရရှိပါက ဘဝသစ် ဖြစ်ရန် အကြောင်းမရှိတော့ကြောင်း မိန့်ကြားတော်မူပါသည်။ အတွင်းအာယတန(၆)ပါး၊ အပြင်အာယတန(၆)ပါးနှင့် ဝိညာဉ်(၆)ပါးတို့တွင် ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်ဟု ရှုမြင် ကျင့်ကြံရမည်ဖြစ်ကြောင်း ဆုံးမတော်မူတော်မူပါသည်။

ဆွမ်းစင်ကြယ်ရန်အတွက် ဝိဇ္ဇာနှင့် ဝိမုတ္တိတို့ကို မျက်မှောက်ပြု ဆင်ခြင် သုံးသပ်ရမည်ဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။ ဣန္ဒြေတို့ကိုပွားများ ကျင့်ကြံ နည်းနှင့် အကျိုးကျေးဇူးတို့ကို ဟောကြားတော်မူခဲ့ပါသည်။

ဤမဇ္ဈိမနိကာယ်တွင် သုတ်ပေါင်း(၁၅၂)သုတ်ပါရှိရာ တစ်သုတ်ချင်း၏ အကျဉ်းချုပ်ကို တင်ပြရန် လွယ်မည်မဟုတ် ပါ။ နမူနာအားဖြင့် သုတ်(၁၂)သုတ်ကို သုတ်များ၏ ဆိုလိုရင်းသဘောအဓိပ္ပာယ်ကို အကျဉ်းချုံး၍ ရေးသားတင်ပြသွား ပါမည်။ ဆိုလိုသည့်သဘောကို ခြုံငုံ၍ ရေးသားရခြင်းဖြစ်သောကြောင့် မူရင်း သုတ်ပါအတိုင်း အပြည့်အစုံပါရှိနိုင်မည်မဟုတ်ပါ။ သုတ်၏ဦးတည်ချက်နှင့် အနှစ် သာရကို ခြုံငုံမိအောင်သာ ကြိုးစားတင်ပြထားခြင်းဖြစ်ပါသည်။ ဤသို့ဖတ်ရှု၍ စိတ် ပါဝင်စားလာပြီး အကျယ်သိလိုပါက ပါဠိတော်မြန်မာဘာသာပြန် မူရင်းကျမ်းနှင့် သုတ်အလိုက် စိတ်ပါဝင်စားဖွယ်ရာ ရေးသားထားသောစာအုပ်များကို ဆက်လက် လေ့လာဖတ်ရှုပါရန် တိုက်တွန်းအပ်ပါသည်။

**မူလပရိယာယသုတ်**

မြတ်စွာဘုရားသည် ဥက္ကဋ္ဌမြို့အနီး သုဘဂတောအုပ်တွင် သီတင်းသုံးနေ တော်မူစဉ်၊ ဘုရားရှင်ဟောသမျှတရားများကို နားလည်သည်ဟူ၍ အထင်ကြီး နေသော ပုဏ္ဏားမျိုးငါးရာအား အထင်ကြီးမှုပပျောက်ရန်အလို့ငှာ အလုံးစုံသောတရား တို့၏ အကြောင်းရင်းကို ဖော်ပြသည့် ဤတရားဒေသနာကို ဟောကြားတော်မူ ပါသည်။

မြေ ရေ လေ မီး ဟူသော ရုပ်တရားနှင့် အာရုံ(၆)ပါး၊ လူနတ်ပြဟ္မာ သတ္တဝါများ တစ်ခုတည်းဖြစ်ခြင်း (ဈာန်သမာပတ်စိတ်)၊ အထူးထူးဖြစ်ခြင်း (ကာမစိတ်)၊ အလုံးစုံဖြစ်ခြင်းနှင့် နိဗ္ဗာန်တို့အပေါ်၌ ပုထုဇဉ်ပုဂ္ဂိုလ်၊ တရားကျင့်ဆဲ သေက္ခ ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်နှင့် မြတ်စွာဘုရားတို့သည် အသိအမြင်ချင်း မတူညီကြကြောင်း ဟောကြားတော်မူပါသည်။

ပုထုဇဉ်ပုဂ္ဂိုလ်သည် ရုပ်၊ နာမ်၊ သတ္တဝါ၊ ပုဂ္ဂိုလ်တို့ကို သညာသိဖြင့်သာ သိမှတ်နိုင်ပါသည်။ သို့အတွက် နိဗ္ဗာန်ကို နိဗ္ဗာန်ဟု မှတ်ယူပါသည်။ နိဗ္ဗာန်ကိုကြံပါသည်၊ နိဗ္ဗာန်ကြံပါသည်၊ နိဗ္ဗာန်မှကြံပါသည်။ နိဗ္ဗာန်ကို ငါ့ဟာဟုကြံပါသည်။ နိဗ္ဗာန်ကို ရှေးရှုနှစ်သက်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် နိဗ္ဗာန်ကို ပိုင်းခြားမသိသောကြောင့်ဖြစ်ပါသည်။ ထိုနည်းတူ သူသည် ရုပ်၊ နာမ်၊ သတ္တဝါတို့တွင်လည်း ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်တူ၍ ကြံဆစွဲလမ်းခြင်းသည်လည်း ၎င်းတို့ကို ပိုင်းခြားမသိသောကြောင့်ဖြစ်ပါသည်။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော သေက္ခပုဂ္ဂိုလ်တို့သည် အထက်ပါတရားဓမ္မများကို ထူးသောဉာဏ်ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သိပါသည်။ ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်ဟု မကြံဆပါ။ ထို့ကြောင့် မနှစ်သက်၊ မစွဲလမ်းပါ။ အဘယ်ကြောင့်ဆိုသော် ထိုတရားဓမ္မများကို ပိုင်းခြား၍သိသောကြောင့် ဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် ရာဂ၊ ဒေါသ၊ မောဟကင်းပြီး ထူးသောဉာဏ်ဖြင့် အထက်ပါတရားများကိုသိကာ ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်ဟု စွဲလမ်းနှစ်သက်ခြင်း မရှိတော့ပေ။

မြတ်စွာဘုရားသည် ဤတရားတို့ကို တပ်မက်ခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်ကြောင်း သိတော်မူသည်။ တပ်မက်မှုအားလုံးကို စွန့်ပယ်ပြီး အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်းသိမြင်တော်မူပြီးဖြစ်သည်။

ဤသို့ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့ကို ပုထုဇဉ်တို့က သညာသိဖြင့်သာ သိပြီး ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်ဟူ၍ စွဲလမ်းနှစ်သက်ကြသည်။ တရားကျင့်ဆဲ သေက္ခပုဂ္ဂိုလ်တို့သည် ပညာသိဖြင့် ပိုင်းခြားသိမြင်ကြသည်။ ဘုရား၊ ရဟန္တာတို့က တပ်မက်စွဲလမ်းမှုအားလုံး စွန့်ပယ်ပြီးဖြစ်သည်ဟု ဟောကြားသည်။ ယင်းအနက်အဓိပ္ပာယ်တို့ကို ပုဏ္ဏားမျိုး ရဟန်း ငါးရာတို့သည် လုံးဝနားမလည်နိုင် ဖြစ်ကြပါသည်။ သို့သော် မိမိကိုယ်ကို အထင်မကြီးတော့ဘဲ မြတ်စွာဘုရားအား ရိုသေ ကျိုးနွံသွားပါသည်။

အလုံးစုံသောတရား၏ အကြောင်းရင်းမှာ အတ္တ၌ တပ်မက်စွဲလမ်းခြင်း ဖြစ်ပြီး ယင်းတို့ကို ပညာဖြင့် အမှန်အတိုင်း ပိုင်းခြားသိမြင်ပြီး စွန့်ပယ် လွှတ် မြောက်ခြင်းဖြစ်ပါသည်။

**သလ္လေခသုတ်**

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ရှင်မဟာစုန္ဒက အတ္တဝါဒ၊ လောကဝါဒတို့နှင့် ပတ်သက်၍ မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးတို့ ဖြစ်ပေါ်နေသည်ကို တရားကျင့်သုံးနေသောရဟန်းများ စွန့်ပယ်ရေးနှင့် ပတ်သက်၍ မေးလျှောက်ထားသည်ကို ရှင်းလင်းဟောကြားတော်မူပါသည်။

ဤမိစ္ဆာဒိဋ္ဌိတို့ ခန္ဓာငါးပါးတွင် ပေါ်ပေါက်ပါက ၎င်းတို့သည် ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်မှု၍ ဝိပဿနာဉာဏ်ပညာဖြင့် ရှုမှတ်ပြီး စွန့်ပယ်နိုင် ပါသည်။

ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်သို့ ကျင့်ကြံ ရောက်ရှိနေသော အချို့သောရဟန်းသည် အရိယာ အဆိုအဆုံးမ၌ ကိလေသာ ခေါင်းပါးခြင်းဖြင့် နေသည်မဆိုနိုင်။ မျက်မှောက်ချမ်းသာစွာနေသည်ဟုသာ ဆိုသင့်ပါသည်။

ထိုနည်းတူ အထက်ဈာန်များဖြစ်သော အာကာသာနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စညာယတနဈာန်၊ နေဝသညာနာသညာယတန ဈာန်များသို့ ကျင့်ကြံရောက်ရှိနေသော အချို့သောရဟန်းသည်ပင် ကိလေသာ ခေါင်းပါးခြင်းဖြင့် နေသည်မဆိုနိုင်။ အေးချမ်းစွာနေသည်ဟုသာ ဆိုသင့်ပါသည်။

သာသနာတော်၌ ကိလေသာ ခေါင်းပါးကြောင်း အကျင့်မှန်က သူ တစ်ပါးအား ညှဉ်းဆဲသတ်ဖြတ်ခြင်း၊ ခိုးခြင်း၊ မမြတ်သောအကျင့်ကိုကျင့်ခြင်း၊ မုသားပြောခြင်း၊ သူတစ်ပါးပစ္စည်းဘဏ္ဍာကို မတရားရယူလိုခြင်း၊ ဖျက်ဆီးလိုခြင်း၊ မှားယွင်းသောအယူ၊ အကြံ၊ စကား၊ အမှု၊ အသက်မွေးဝမ်းကျောင်း၊ လုံ့လ၊ အောက်မေ့ခြင်း၊ လေးလံထိုင်းမှိုင်း စိတ်ပျံ့လွင့်ခြင်း၊ အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း၊ ပြိုင်ဘက်ပြုခြင်း၊ စဉ်းလဲတတ်ခြင်း၊ ခက်ထန်မောက် မာခြင်း၊ အပြောအဆိုခက်ခြင်း၊ ယုတ်မာသောမိတ်ဆွေရှိခြင်း၊ သတိမေ့လျော့ခြင်း၊ သဒ္ဓါတရား၊ အရှက်အကြောက်တရားကင်းခြင်း၊ အကြားအမြင်နည်းခြင်း၊ ပျင်းရိ ခြင်း၊ ပညာမဲ့ခြင်း၊ မိမိအယူကို လွန်စွာစွဲလမ်း မစွန့်လွှတ်နိုင်ခြင်း စသော ၄၄ ပါးသော အကုသိုလ်မကောင်းတရားများကို အခြားသူတို့ပြုကျင့်သော်လည်း မိမိ တို့က ခေါင်းပါးအောင် လက်တွေ့ကျင့်သုံးခြင်းပင်ဖြစ်ပါသည်။

စိတ်ဖြင့် ကောင်းသောကုသိုလ်တရားတို့ကို ကြံစည်ခြင်းသည် ကျေးဇူးများလှပေရာ၏. ကိုယ်ဖြင့်၊ နှုတ်ဖြင့် ပြုကျင့်ပါက အလွန်ပင် ကျေးဇူးရှိမည် ဖြစ်ပါသည်။ ထို့ကြောင့် အကုသိုလ်တရားမှရှောင်လွှဲရန် ကုသိုလ်တရားများကို ကိုယ်၊ နှုတ်၊ နှလုံးဖြင့် ကြံဆကျင့်ကြံအပ်ပါသည်။ ညီညွတ်သော လမ်းရှိခြင်းသည် မညီညွတ်သောလမ်းကိုရှောင်လွှဲရန်၊ ညီညွတ်သော ဆိပ်ကမ်းရှိခြင်းသည် မညီညွတ်သော ဆိပ်ကမ်းကို ရှောင်လွှဲရန်ဖြစ်သကဲ့သို့ပင် ဖြစ်ပါသည်။

အကုသိုလ်တရားအားလုံးသည် အောက်သို့ရောက်စေပါသည်။ ကုသိုလ်တရားအားလုံးသည် အထက်သို့ရောက်စေပါ သည်။ ထို့အတူပင် မကောင်းသော အရာ ၄၄ ပါးအား ရှောင်ကြဉ်ခြင်းသည်လည်း အထက်အဖို့အတွက် မုချဖြစ်ပါသည်။

မိမိက ကာမဂုဏ်ငါးပါးတည်းဟူသော ညွန်ပျောင်း၌ မနစ်မြုပ်မှသာ ထိုသို့နစ်မြုပ်နေသူကို ကယ်တင်နိုင်ပါမည်။ မိမိကိုယ်တိုင်က ယဉ်ကျေးပြီးသူ၊ ဆုံးမအပ်ပြီးသူ၊ ငြိမ်းအေးပြီးသူဖြစ်မှသာ အခြားသူကို ယဉ်ကျေးစေနိုင်၊ ဆုံးမနိုင်၊ ကိလေသာကို ငြိမ်းအေးစေနိုင်ပါလိမ့်မည်။ ထိုနည်းတူ အကုသိုလ်တရားများ မပြုခြင်းသည် ငြိမ်းအေးရန်အတွက်ဖြစ်ပါသည်။

ဤသို့ ကိလေသာခေါင်းပါးခြင်းအကြောင်း၊ စိတ်ဖြစ်ပေါ်ပုံအကြောင်း၊ အကုသိုလ်မှ ရှောင်လွှဲခြင်းအကြောင်း၊ အထက်အဖို့သို့ရောက်ကြောင်း၊ ငြိမ်းအေးခြင်းအကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

တပည့်သာဝကတို့၏ အကျိုးစီးပွားကို ရှာမှီးလိုလားလျက် အစဉ် သနားစိတ်ရှိသော မဟာကရုဏာတော်ရှင် မြတ်စွာဘုရားသည် တပည့်များအတွက် ပြုသင့်ပြုထိုက်သောတာဝန်ကို ပြုပြီးပြီဖြစ်ကြောင်း၊ တပည့်များအား ဆိတ်ငြိမ်ရာဌာနများ၌ တရားကိုရှုမှတ်ဆင်ခြင်ကြရန်၊ သတိမမေ့မလျော့နေကြရန်နှင့် နောင်အခါမှ နှလုံးမသာမယာမဖြစ်ကြရန် ဆုံးမတော်မူခဲ့ပါသည်။

ဤသုတ္တန်အရ ကိလေသာခေါင်းပါးရန် ဈာန်တရားများနှင့် မလုံလောက်ကြောင်း၊ ယင်းတို့သည် မျက်မှောက်ချမ်းသာစွာ နေနိုင်ရေးနှင့် ငြိမ်းချမ်းစွာနေနိုင်ရေးကိုသာ ဖြစ်ပေါ်စေကြောင်း သိရပါသည်။ အကုသိုလ်တရားများကို ကိုယ်တိုင်သိရှိ ရှောင်ကြဉ်မှသာ ကိလေသာတို့မှ ကင်းလွတ်အေးငြိမ်းမည်ဖြစ်ပါသည်။

## ကကစူပမသုတ်

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဘိက္ခုနီတို့နှင့် အလွန်အကြူးရောနှောနေသည့် ရှင်ဖဂ္ဂုနကို ဤသို့ မနေ

ထိုက်ကြောင်း ဆုံးမတော်မူပါသည်။ ရဟန်းဟူသည် မေတ္တာစိတ်နှင့် နေထိုင်အား ထုတ်ရပါမည်။ မိမိရှေ့၌ မိမိနှင့်ခင်မင်သော ဘိက္ခုနီတို့အား ရိုက်နက်၊ ဓားဖြင့် ခုတ်လှျှင်သော်လည်းကောင်း၊ တစ်စုံတစ်ယောက်က မိမိအား ဆဲဆိုရိုက်နှက် ပုတ်ခတ်လှျှင်သော်လည်းကောင်း ဒေါသမဝင်ဘဲ မေတ္တာစိတ်ကိုထားရှိနိုင်အောင် ကြိုးစားသင့်ပါသည်။

မြတ်စွာဘုရားသည် တစ်ထပ်တည်းသာစားလှျှင် ကျန်းမာချမ်းသာစွာ နေနိုင်ကြောင်း ရဟန်းတို့အားမိန့်ကြားရာတွင် ဆုံးမခြင်းသဘောမဟုတ်၊ သတိ ပေးသည့်သဘောသာ ဖြစ်ပါသည်။ သို့သော် ရဟန်းတို့သည် မြတ်စွာဘုရား မိန့်ကြားသည့်အတိုင်း လိုက်နာကျင့်သုံးကြပါသည်။ ကျွမ်းကျင်သော မြင်းလှည်း မောင်းသမားသည် အာဇာနည်မြင်းကသောရထားကို မောင်းသောအခါ အာဇာနည် မြင်းအား ထိန်းရုံသာထိန်းပေးပြီး ၎င်းကြိုက်သလို လှုပ်ရှားစေကဲ့သို့၊ မြတ်စွာ ဘုရားသည် လုပ်သင့်သည်များကို သတိပေးရုံသာပြုပြီး၊ ရဟန်းများက လိုက်နာ ကျင့်ကြံရန်သာ ဖြစ်ပါသည်။ ဤသို့ အကုသိုလ်ကိုစွန့်ပယ်ပြီး ကုသိုလ်တရား တို့၌ အားထုတ်ကြသော် သာသနာတော် ကြီးပွားစည်ပင်ပြန့်ပြောမည် ဖြစ်ပါသည်။

ဥပမာအားဖြင့် ကြက်ဆူပင်တို့ဖုံးလွှမ်းသည့် အင်ကြင်းတောကြီးအား တိုးတက်ကြီးပွားစေလိုသည့်သူသည် ကောက်ကွေးသော၊ ဩဇာကင်းသော အင်ကြင်း ပင်များကို ဖြတ်တောက်တောရှင်းပြီး ဖြောင့်၍ ကောင်းမွန်သောအင်ကြင်းပင်ပျို တို့ကို ကြီးပွားစည်ပင် ဖြစ်ထွန်းအောင် ပြုစုပျိုးထောင်ရာ အင်ကြင်းတောသည် နောင်အခါ ကြီးပွားစည်ပင်ပြန့်ပြောလာပါသည်။ ထို့အတူ အကုသိုလ်ကိုစွန့်ပယ်ပြီး ကုသိုလ်တရားတို့၌အားထုတ်ကြသော် သာသနာတော် ကြီးပွားစည်ပင်ပြန့်ပြောမည် ဖြစ်ပါသည်။

သည်းခံခြင်းတရားနှင့်ပတ်သက်၍ အိမ်ရှင်မ ဝေဒေဟိကာနှင့် ကျွန်မ ကာဠီတို့အကြောင်းကို နမူနာပေး၍ ဟောကြားတော်မူပါသည်။ သာဝတ္ထိပြည်၌ အိမ်ရှင်မ ဝေဒေဟိကာသည် နူးညံ့သိမ်မွေ့၍ နှိမ့်ချတတ်ပြီး ငြိမ်းအေးစွာနေတတ် သူဟု သတင်းကောင်းဖြင့် ကျော်စောသူ ဖြစ်ပါသည်။ သခင်မစိတ်တိုင်းကျ အိမ်မှု ကိစ္စအဝဝတို့ကို သခင်မ ပြန်မကြည့်ရအောင် တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေး နေသည့် ကျွန်မကာဠီက မိမိသခင်မ နူးညံ့သိမ်မွေ့အေးငြိမ်းပြီး အမျက်ဒေါသမရှိ ခြင်းသည် မိမိက အိမ်မှုကိစ္စများကို သခင်မ ငြိုငြင်၊ အမျက်ဒေါသထွက်ရန်အကြောင်း မပေါ်ပေါက်အောင် ကောင်းစွာစီရင်ဆောင်ရွက် ထားသည့်အတွက်ကြောင့်လော၊ သို့မဟုတ် အမျက်ဒေါသမရှိသောကြောင့်လောဟု စုံစမ်းလိုစိတ် ဖြစ်ပေါ်လာပါသည်။ ထို့ အတွက် ကာဠီသည် တစ်နေ့ချင်းတိုး၍ နေမြင့်မှထပါသည်။ ဝေဒေဟိကာသည် တစ်နေ့ချင်းတိုး၍ အမျက်ဒေါသ ပိုမိုထွက်ကာ ဆဲဆိုကြိမ်းမောင်းပါတော့သည်။

နောက် နေအလွန်မြင့်မှထသော နံနက်တွင် အလွန်ပင် အမျက်ဒေါသထွက်၍ ကာဠီအား တံခါးကျည်းမင်းတုတ်ဖြင့်ရိုက်ရာ ဦးခေါင်းကွဲသွားပါသည်။ ကာဠီက အိမ်နီးချင်းများအား ပြသတိုင်တန်းပါသည်။ ထို့ကြောင့် ဝေဒေဟိကာသည် အမှန် တကယ် နူးညံ့သိမ်မွေ့၊ နှိမ့်ချငြိမ်းအေးသူမဟုတ်၊ အမျက်ဒေါသကြီးပြီး ကြမ်းတမ်း ရက်စက်သူသာ ဖြစ်သည်ဟု သတင်းဆိုးတို့ ပျံ့နှံ့ သွားပါသည်။

ထို့အတူ သာသနာတော်၌ ဤသို့စိတ်သဘောထားရှိသော ရဟန်းအချို့တို့ ရှိပါသည်။ စိတ်မနှစ်သက်သည့်စကား ကြားသောအခါ၌လည်းကောင်း၊ ပစ္စည်း လေးပါး မရရှိသောအခါ၌လည်းကောင်း နူးညံ့နှိမ့်ချ ငြိမ်းအေးသူဟုတ် မဟုတ်၊ ဆိုဆုံးမလွယ်သူ ဟုတ် မဟုတ် ၎င်းတို့ စိတ်သဘောမှန်ကို သိနိုင်ပါသည်။ တရားကို ရိုသေမြတ်နိုးကျင့်ကြံ၍ ဆိုဆုံးမလွယ်သူကိုသာ ဆိုဆုံးမလွယ်သူဟူ၍ မြတ်စွာဘုရားက မိန့်တော်မူသောကြောင့် ဤသို့ ဆိုဆုံးမလွယ်သူဖြစ်ရန် အားထုတ် ကျင့်ကြံသင့်ပါသည်။ ပြောဆိုဆက်ဆံရာတွင် စကားလမ်းကြောင်းငါးပါးတို့ကို အသုံးပြုပါသည်။

ယင်းတို့မှာ –

(က) သင့်လျော်သောအခါ ဖြစ်စေ၊ အခါမဟုတ်သည်ဖြစ်စေ၊

(ခ) မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ၊

(ဂ) သိမ်မွေ့စွာဖြင့်ဖြစ်စေ၊ ကြမ်းတမ်းစွာဖြင့် ဖြစ်စေ၊

(ဃ) အကျိုးရှိသည်ဖြစ်စေ၊ အကျိုးမရှိသည်ဖြစ်စေ၊

(င) မေတ္တာစိတ်ဖြင့်ဖြစ်စေ၊ ဒေါသစိတ်ဖြင့်ဖြစ်စေတို့ ဖြစ်ပါသည်။

မည်သည့်လမ်းကြောင်းနှင့်ဖြစ်စေ မိမိအား ပြောဆိုဆက်ဆံသော်လည်း ဒေါသမပွား၊ ကြမ်းတမ်းစွာမပြောဘဲ မေတ္တာ ထားနိုင်ရန်အတွက် ကျင့်ကြံအားထုတ် အပ်ပါသည်။

ဤသို့ကျင့်ကြံရာတွင် မြေကြီးနှင့်တူသော မေတ္တာစိတ်ကို ကျင့်ရပါမည်။ မြေကြီးကို တူးဆွဖြန့်ကြဲပြီး မြေကြီးနှင့် မတူအောင် လုပ်မရပါ။ ထိုနည်းတူ ကောင်းကင်တွင် ဆေးရောင်စုံဖြင့် အရုပ်ရေးမရနိုင်ပါ။ ကောင်းကင်နှင့်တူသော မေတ္တာစိတ်ဖြင့် နေအပ်ပါသည်။ ရဲရဲတောက်သော မြက်မီးရှူးဖြင့် ဂင်္ဂါမြစ်ကို ပူလောင်အောင်၊ ထက်ဝန်းကျင်ပူလောင်အောင် မလုပ်နိုင်ပါ။ ဂင်္ဂါမြစ်နှင့်တူသော မေတ္တာစိတ်ဖြင့်လည်း နေအပ်ပါသည်။ အတွင်းအပြင် ထက်ဝန်းကျင်မှ ကောင်းစွာ နယ်ထားပြီး လဲနှင့်တူသော အသံမမြည်သည့် ကြောင်ရေအိတ်ကို တုတ်ချောင်း၊ အိုးခြမ်းကွဲတို့ဖြင့် ရိုက်နှက်ဆွဲခြစ်သော်လည်း အသံမြည်အောင် မပြုနိုင်ကြပါ။ ဤသို့ ကြောင်ရေအိတ်နှင့်တူသော မေတ္တာစိတ်ဖြင့် နေအပ်ပါသည်။ မြေကြီး၊

ကောင်းကင်၊ ဂင်္ဂါမြစ်နှင့် ကြောင်ရေအိတ်တို့သည် မည်သည့်အကြောင်းနှင့်မှ ယင်းတို့၏သဘာဝကို ပြောင်းလဲခြင်း မပြုနိုင်သကဲ့သို့၊ ရဟန်းတို့သည်လည်း မည်သည့်စကားလမ်းကြောင်းကြောင့်မှ စိတ်ဖောက်ပြန်ပြောင်းလဲခြင်းမရှိဘဲ မေတ္တာစိတ်ဖြင့် နေထိုင်ကျင့်သုံးအပ်ပါသည်။

အကယ်၍ ယုတ်မာသောခိုးသူတို့သည် နှစ်ဖက်ရိုးရှိသောလွှဖြင့် ကိုယ်အင်္ဂါကြီးငယ်တို့ကို တိုက်ဖြတ်ငြားသော်လည်း ထိုသူတို့အပေါ်တွင် စိတ်ပြစ်မှားခြင်းကို မပြုအပ်ပါ။ စိတ်ပြစ်မှားမိပါက မြတ်စွာဘုရား၏အဆုံးအမကို လိုက်နာသူမဟုတ်တော့ပါ။ ထိုနှိပ်စက်ညှဉ်းပန်းသူများအပေါ် မေတ္တာစိတ်ကို ထားရှိအပ်ကြောင်း ဤသုတ်တွင် ဟောကြားတော်မူပါသည်။

ဤသို့ လွှဥပမာပေးသော အဆုံးအမဩဝါဒကို မပြတ်နှလုံးသွင်းပြီး မေတ္တာစိတ်ဖြင့်နေသူသည် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ တိုးပွားပြည့်စုံစွာဖြင့် နေထိုင်နိုင်မည်ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။

ဤသုတ်တွင် သည်းခံခွင့်လွှတ်ခြင်းနှင့် မေတ္တာတရားထားခြင်းတို့၏ မွန်မြတ်မှု၊ အကျိုးကျေးဇူးကြီးမားမှုတို့ကို ဖော်ပြထားပါသည်။

**ရထဝိနီတသုတ်**

သာဝတ္ထိပြည်၊ အဇဝန်တောအုပ်တွင် အရှင်သာရိပုတ္တရာနှင့် အရှင်ပုဏ္ဏတို့ မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးရခြင်းအကြောင်းနှင့်ပတ်သက်၍ တရားစကား မေးမြန်းဆွေးနွေးကြပါသည်။ အရှင်ပုဏ္ဏက မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးခြင်းသည် သီလစင်ကြယ်ရန် အဓိကမဟုတ်ကြောင်း၊ သီလစင်ကြယ်ခြင်းသည် စိတ်စင်ကြယ်ရုံမျှသာ အကျိုးရှိကြောင်း ဖြေကြားပါသည်။ ထို့အတူ စိတ်စင်ကြယ်ခြင်း၊ အမြင်စင်ကြယ်ခြင်း၊ ယုံမှားခြင်းကို လွန်မြောက်မှုစင်ကြယ်ခြင်း၊ အကျင့်မှန်ကိုသိသော ဉာဏ်အမြင်စင်ကြယ်ခြင်း၊ သစ္စာလေးပါးကို သိသော ဉာဏ်အမြင်စင်ကြယ်ခြင်းတို့အတွက်လည်း အကျင့်မြတ်ကို ကျင့်သုံးခြင်း မဟုတ်ကြောင်း ယင်းတို့သည် အယူစင်ကြယ်ခြင်း စသည်တို့သာ ဖြစ်နိုင်ကြောင်း ရှင်းလင်း ပြောကြားပါသည်။ ယင်းတို့သည် စွဲလမ်းခြင်းကင်းသော လုံးဝငြိမ်းအေးမှု မဟုတ်ကြောင်း ဆွေးနွေးပါသည်။ သို့သော် ဤစင်ကြယ်ခြင်းတရားများမှ ကင်း၍လည်း စွဲလမ်းခြင်းကင်းသော လုံးဝငြိမ်းအေးမှုကို ရရှိနိုင်မည်မဟုတ်ကြောင်း ဖြေကြားပါသည်။

ဥပမာအားဖြင့် ပသေနဒီကောသလမင်းသည် အရေးကြီးသောကိစ္စပေါ်ပေါက်လာသဖြင့် သာဝတ္ထိပြည်မှ သာကေတမြို့သို့ ရထား(၇)စင်းကို အဆင်သင့်ထားရှိစေကာ ရထား(၇)စင်းပြောင်းစီးပြီး (၇)ယူဇနာဝေးသော သာကေတမြို့သို့

ရောက် ရှိပါသည်။ နောက်ဆုံးသောရထားကိုစီး၍ သာကေတမြို့သို့ရောက်ရှိသည်ဟု ဖြေကြားသည်ထက် သာကေတသို့ ရထား(၇) စင်းပြောင်းစီး၍ ခရီးဆက်ပြီး ရောက်လာကြောင်း ဖြေကြားမှသာ မှန်ကန်မှုရှိမည်ဖြစ်ပါသည်။ ထို့အတူ သီလစင်ကြယ်ခြင်း၊ စိတ်စင်ကြယ်ခြင်း စသည်တို့သည် ဓွဲလမ်းမှုကင်းသော လုံးဝငြိမ်းအေးမှုရရှိရန်အတွက် ရထား (၇) စင်းပမာ အထောက်အကူပြုသည်ဟု ဆိုလိုပါသည်။

မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကိုကျင့်ရာတွင် သစ္စာ(၄)ပါးကိုသိသော ဉာဏ်အမြင် စင်ကြယ်ခြင်းသည် ဓွဲလမ်းမှုကင်းသော လုံးဝငြိမ်းအေးမှုအတွက် အကြောင်းအထောက်အပံ့ဖြစ်ပါသည်။ ဤသို့ 'လုံးဝငြိမ်းအေးမှုအလို့ငှာ' မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးခြင်းဖြစ်ကြောင်း အရှင်ပုဏ္ဏက ဖြေကြားသောအခါ အရှင်သာရိပုတ္တရာက အရှင်ပုဏ္ဏအား ချီးကျူးစကား ပြောကြားပါသည်။ အရှင်ပုဏ္ဏကလည်း ခက်ခဲနက်နဲသောပြဿနာကို မေးမြန်းသည့် ရှင်သာရိပုတ္တရာအား ချီးကျူးစကား ပြန်လည်ပြောကြားပါသည်။

တရားမြတ်ကျင့်သူတို့၏ အဓိကရည်ရွယ်ချက်မှာ ဓွဲလမ်းမှုကင်းသော လုံးဝငြိမ်းအေးခြင်း၊ ဝိမုတ္တိလွတ်မြောက်ခြင်းပင်ဖြစ်ကြောင်း သိအပ်ပါသည်။

**မဟာသာရောပမသုတ်**

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်တွင် သီတင်းသုံးနေတော်မူစဉ် သံဃာကိုဏ်းခွဲထွက်သွားသည့် ဒေဝဒတ်ကိုအကြောင်းပြု၍ ဤသုတ်ကို ဟောကြားတော်မူပါသည်။

ဤသာသနာ၌ အချို့သောအမျိုးသားသည် မွေးခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း စသောဆင်းရဲဒုက္ခတို့မှ လွတ်ကင်း ရန်အတွက် ရဟန်းပြုပြီး ကျင့်ကြံစဉ်ရရှိလာသောလာဘ်သပ္ပကာနှင့် ကျော်စောမှုကို နှစ်သိမ့်မက်မောသည်။ မိမိကိုယ်ကိုမြှင့်တင်၍ သူတစ်ပါးကို နှိမ့်ချသည်။ ဤသို့ လာဘ်သပ္ပကာအကျော်အစောဖြင့် ယစ်မူးမေ့လျော့နေသောရဟန်းကို သာသနာ၏အခက်အရွက်ကိုယူပြီး ကျေနပ်နေသူဟု ဆိုအပ်ပါသည်။

အချို့ရဟန်းသည် လာဘ်သပ္ပကာ၊ အကျော်အစောကို မက်မောခြင်းမရှိဘဲ အကျင့်သီလနှင့် ပြည့်စုံအောင် နေထိုင်ပါသည်။ သီလပြည့်စုံမှုတွင် ယစ်မူးမေ့လျော့ပြီး ကိစ္စပြီးပြီဟု နှစ်သိမ့်နေပါသည်။ ထိုရဟန်းကို သာသနာတော်၏ အပွေးကိုယူပြီး ကျေနပ်နေသူဟု ဆိုအပ်ပါသည်။

အချို့ရဟန်းသည် သီလပြည့်စုံနေသည်ကို ရောင့်ရဲခြင်းမရှိဘဲ သမာဓိနှင့်ပြည့်စုံအောင် ကျင့်ကြသည်။ သမာဓိနှင့် ပြည့်စုံမှုတွင် ယစ်မူးမေ့လျော့ပြီး ကိစ္စ

ပြီးပြီဟု နှစ်သိမ့်နေပါသည်။ ထိုရဟန်းကို သာသနာတော်၏ အခွံကို ယူပြီး ကျေနပ်နေသူဟု ဆိုအပ်ပါသည်။

အချို့ရဟန်းသည် သီလသမာဓိဖြင့်ပြည့်စုံပြီး ဒိဗ္ဗစက္ခုဉာဏ်အမြင် ရလာသည်။ ဉာဏ်အမြင်တွင် ယစ်မူး၍ ကိစ္စပြီးပြီဟု နှစ်သိမ့်နေပါသည်။ ထိုရဟန်းကို သာသနာတော်၏အကာယူ၍ ကျေနပ်နေသူဟု ဆိုအပ်ပါသည်။

အချို့ရဟန်းသည် လာဘ်သပ္ပကာ၊ အကျော်အစော၊ သီလ၊ သမာဓိ၊ ဉာဏ်အမြင်တို့တွင် ယစ်မူးမေ့လျော့ပြီး၊ ပြည့်စုံပြီ၊ ကိစ္စပြီးပြီဟု နှစ်သိမ့် ရောင့်ရဲခြင်းမရှိဘဲ မမေ့မလျော့ ကျင့်ကြံအားထုတ်သဖြင့် မပျက်စီးနိုင်သောစိတ် လွတ်မြောက်မှုကိုရသည်။ ထိုရဟန်းသည် သာသနာတော်၏အနှစ်ကိုရသူဟု ဆိုအပ်ပါသည်။

သို့အတွက် သာသနာတော်၏ အဆုံးပန်းတိုင်သည် လာဘ်သပ္ပကာ အကျော်အစော၊ သီလ၊ သမာဓိ၊ ဉာဏ်အမြင်တို့ ပြည့်စုံရန်အတွက်မဟုတ်ဘဲ မပျက်စီးနိုင်သော စိတ်၏လွတ်မြောက်မှုအတွက်ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

သို့အတွက် တရားကျင့်ကြံခြင်း၏ရည်မှန်းချက်သည် ငြိတွယ်မှုကင်းသော စိတ်၏လွတ်မြောက်ခြင်း ဝိမုတ္တိပင်ဖြစ်ကြောင်း သတိပြုအပ်ပါသည်။

## စူဠဂေါသိင်္ဂသုတ်

ဂေါသိင်္ဂမည်သော အင်ကြင်းတော၌ အရှင်အနုရုဒ္ဓါ၊ ရှင်နန္ဒိယ၊ ရှင်ကိမိလတို့ သီတင်းသုံးနေစဉ် မြတ်စွာဘုရားက ရဟန်းသုံးပါးအချင်းချင်း ညီညွတ်ချစ်ခင်စွာ နေကြခြင်းနှင့်ပတ်သက်၍ မေးမြန်းဟောကြားတော်မူပါသည်။

အရှင်အနုရုဒ္ဓါတို့က ဤသို့ အတူတကွနေရခြင်းမှာ အရတော်လှပေစွဟု စိတ်ထားကြကြောင်း၊ အချင်းချင်းမေတ္တာ တရားထားကြကြောင်း၊ မိမိတို့၏ ဆန္ဒအလိုကိုလျှော့ပြီး သီတင်းသုံးဖော်တို့၏ လိုအင်ဆန္ဒကို လိုက်လျောကာ ညွတ်ညွတ်စွာ နေထိုင်ကြကြောင်း၊ တစ်စိတ်တစ်ဝမ်းတည်းရှိကြကြောင်း လျှောက်ထားကြပါသည်။ မြတ်စွာဘုရားက ကောင်းပေစွဟု ချီးကျူးတော်မူပါသည်။

နိဗ္ဗာန်ကို စေလွှတ်သောစိတ်ဖြင့် မမေ့မလျော့အားထုတ်ရာတွင် အချင်းချင်း နေရာခင်းခြင်း၊ ရေတည်ခြင်း၊ သန့်ရှင်းခြင်း စသည့် ဝေယျာဝစ္စလုပ်ငန်းကိစ္စများကို နှုတ်မြွက်ပြောကြားခြင်းမပြုဘဲ လိုအပ်သလို လုပ်ဆောင်သွားကြကြောင်း၊ ငါးရက် တစ်ကြိမ် တွေ့ဆုံကြပြီး ညလုံးပေါက်တရားဆွေးနွေးကြကြောင်း မြတ်စွာဘုရားထံ လျှောက်ထားကြပါသည်။

ပကတိလူတို့၏ တရားထက် သာလွန်သော အရိယာတို့တို့၏ ဉာဏ်အမြင် အထူးကိုရ၍ ဈာန်အဆင့်ဆင့်တို့ကို ဝင်စားကြောင်း၊ သညာဝေဒနာချုပ်ငြိမ်းရာ နိရောဓသမာပတ်ကိုဝင်စားပြီး အာသဝေါတရားတို့ကုန်ဆုံးရာ အာသဝက္ခယဉာဏ် တိုင်အောင် ပေါက်ရောက်၍ ချမ်းသာစွာနေထိုင်ကြောင်း လျှောက်ထားရာ မြတ်စွာ ဘုရားက ချီးမွမ်းတော်မူပါသည်။

ဤသို့ ညီညွတ်စွာ တရားဖြင့်နေထိုင်သော ရဟန်းတော်သုံးပါးတို့အား ကြည်ညိုသော မြို့ရွာနိုင်ငံသားတို့ ချမ်းသာ စီးပွား တိုးတက်မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဤရဟန်းတော်သုံးပါးသည် လောက၏အကျိုးစီးပွား အတွက် ကျင့်ကြံနေသူများဖြစ်ကြောင်း ဒီဃပရဇနနတ်သားအား မိန့်တော်မူပါသည်။

အချင်းချင်း လေးစားမြတ်နိုးပြီး အရတော်လေစွဟု စိတ်ထားပုံကို လူတိုင်း နမူနာယူထိုက်လှပါသည်။

**ဝီမံသကသုတ်**

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေ တော်မူစဉ် သူတစ်ပါးစိတ်ဖြစ်ပုံကို မသိ၍ စူးစမ်းခြင်းနှင့်ပတ်သက်၍ ရဟန်းတို့ကို ဟောကြားတော်မူပါသည်။ မြတ်စွာဘုရားကိုပင် ဟုတ်တိုင်းမှန်စွာသိသော ဘုရား ဟုတ်မဟုတ် စူးစမ်းသင့်သည်ဟုမိန့်တော်မူပြီး စူးစမ်းနည်းအဆင့်ဆင့်တို့ကို ဟော ကြားတော်မူပါသည်။

မြတ်စွာဘုရားတွင် လူတို့ မျက်စိဖြင့် မြင်ရ၊ နားဖြင့် ကြားရသော ညစ်နွမ်းသောတရားများ ရှိ မရှိ၊ ရောထွေးနေသော တရားများ ရှိ မရှိ စူးစမ်း လေ့လာရပါမည်။ မရှိပါက ဖြူစင်သော တရားများရှိ မရှိ စုံစမ်းရပါမည်။

ဖြူစင်သောတရားရှိကြောင်း သိရပါက ဤသို့ အပြစ်မရှိသောအကျင့်ဖြင့် ကြာမြင့်စွာကပင် ပြည့်စုံနေသလော၊ ခဏတဖြုတ်သာ ပြည့်စုံနေသလောဟု ထပ်ဆင့်စုံစမ်းရပါမည်။ ကြာမြင့်စွာကပင် ပြည့်စုံနေကြောင်း သိရသောအခါ ထင်ရှားပြီး အခြံအရံများခြင်းကြောင့် အပြစ်တို့ ထင်ရှားခြင်းရှိ မရှိ တစ်ဆင့် တက်၍ စုံစမ်းလေ့လာရပါမည်။

အပြစ်မရှိကြောင်း တွေ့ရသောအခါ ဤသို့အပြစ်မရှိအောင်နေခြင်းသည် ကြောက်ရွံ့ခြင်းကြောင့်လော၊ မကြောက်ရွံ့ဘဲ ရှောင်ကြဉ်ခြင်းလော၊ တပ်မက်ခြင်း ရာဂကင်းခြင်းကြောင့် ကာမတို့ကို မမှီဝဲခြင်းလောဟု လေ့လာသုံးသပ်ရပါမည်။

ကြောက်ရွံ့ခြင်းမရှိဘဲ အပြစ်မရှိအောင် မကောင်းမှုမှရှောင်ကြဉ်ကြောင်း တပ်မက်ခြင်းရာဂကင်းသဖြင့် ကာမတို့ကို မမှီဝဲကြောင်း သိရှိရသည့်အကြောင်းကို သူတစ်ပါးက မေးမြန်းလာပါက မြတ်စွာဘုရားသည် ဤသို့ အကျင့်ဂုဏ်နှင့်ပြည့်

စုံသော်လည်း အခြားတစ်ပါးသောရဟန်းကို ဤအကျင့်ဂုဏ်ဖြင့် မထေမဲ့မြင် မပြုပါ။ ကြောက်ရွံ့ခြင်းဘေးကြောင့် အကုသိုလ်တို့ကို ရှောင်ကြဉ်ခြင်း မဟုတ်ပါ။ တပ်မက်မှု ရာဂကင်းပြီး ကာမတို့ကို မမှီဝဲဟု မြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ကြားသည်ကို ကြားသိရသောကြောင့် ဖြစ်ပါသည်ဟု ဖြေကြားအပ်ပါသည်။ မြတ်စွာဘုရားအား လျှောက်ထားလျှင်လည်း ဤသို့ ဖြေကြားတော်မူမည် ဖြစ်ပါသည်။

မြတ်စွာဘုရားသည် တပည့်သံဃာတို့အား လွန်ကဲသည်ထက် လွန်ကဲ၊ မွန်မြတ်သည်ထက် မွန်မြတ်သော တရားတို့ကို အမည်းအကုသိုလ်၊ အဖြူကုသိုလ်နှင့် ပြိုင်ဘက်ပြု၍ ဟောတော်မူပါသည်။ တပည့်ရဟန်းတို့သည် အချို့သော တရားတို့ကို အထူးသိ၍ တရားတို့၌ ဆုံးဖြတ်နိုင်ကြပါသည်။ တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားဖြစ်ပေသည်။ မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားတော်မူသော တရားဖြစ်ပေသည်။ ဘုရား၏ တပည့်သံဃာများသည် ကောင်းသော အကျင့်ရှိသော သံဃာဖြစ်ပေသည်ဟု မြတ်စွာဘုရား၌ ကြည်ညို ကြပါသည်။ ယုံကြည်ကြပါသည်။ မြတ်စွာဘုရား၏တရားကို ကြားနာပြီး ကိုယ်တိုင် သိမြင်ဆုံးဖြတ်နိုင်ခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ အကြောင်းတရားပြည့်စုံ၍ ဉာဏ်အမြင်ဖြင့် မြတ်စွာဘုရား၌ ယုံကြည်မှုသဒ္ဓါကို လောက၌ တစ်စုံတစ်ယောက်မျှ မရွေ့ရှားစေနိုင်၊ မဖျက်ဆီး နိုင်ဟု ဆိုအပ်ပါသည်။

ဤသို့လျှင် မြတ်စွာဘုရား၌ နည်းလမ်းမှန်ကန်စွာဖြင့် စူးစမ်းလေ့လာခြင်းသည် ကောင်းသောသဘောမှန်ဖြင့်သာ စူးစမ်းခြင်းပင် ဖြစ်ပါသည်။

အမှန်တရားတွေ့ရှိရန်အတွက် စူးစမ်းလေ့လာရန် မြတ်စွာဘုရားက အားပေးတော်မူခဲ့ပါသည်။ မြတ်စွာဘုရားကိုပင် စူးစမ်းနိုင်ကြောင်း မိန့်ကြားတော် မူခဲ့ပါသည်။

**စူဠမာလုကျသုတ်**

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရှင်မာလုကျပုတ္တက လောက မြဲ မမြဲ လျှောက်ထားသည်နှင့် ပတ်သက်၍ ဤ သုတ်ကို ဟောကြားတော်မူပါသည်။

အရှင်မာလုကျပုတ္တက လောက မြဲ မမြဲ စသည့်မေးခွန်းများကို မြတ်စွာ ဘုရားက ဖြေကြားခြင်း မပြုခဲ့သော် လူထွက်မည်ဟု အကြံရှိကြောင်း လျှောက် ထားရာ မြတ်စွာဘုရားက မိမိထံတွင် အကျင့်မြတ်ကိုကျင့်လျှင် ဤမေးခွန်း များကို

ဖြေကြားမည်ဟု ပြောကြားခြင်း မရှိခဲ့ကြောင်း၊ မာလုကျပုတ္တကလည်း မြတ်စွာဘုရားသည် မေးခွန်းများ ဖြေကြားပါက မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်ပါမည်ဟုလည်း မပြောခဲ့ကြောင်း မိန့်ကြားပါသည်။ ထိုမေးခွန်းများ မဖြေကြားသမျှ မြတ်စွာဘုရားထံ၌ မကျင့်ဟု တစ်စုံတစ်ယောက်က ပြောဆိုခဲ့သော် ထိုသူသည် အကျင့်မြတ်ကို မကျင့်ရဘဲ သေလွန်သွားမည်သာ ဖြစ်ပါသည်။ မြတ်စွာဘုရားက ထိုမေးခွန်းများကို ဖြေကြားမည်မဟုတ်ကြောင်း မိန့်တော်မူပါသည်။

အဆိပ်လူးမြား စူးဝင်ခံနေရသည့် ယောကျ်ားတစ်ယောက်ကို ဤနေရာ၌ ဥပမာပေးပါသည်။ ယင်းက မြားဖြင့်ပစ်သူ မည်သူဖြစ်သည်၊ မည်သို့သော လေးဖြင့်ပစ်သည်၊ မည်သို့သော မြားမျိုးဖြစ်သည် စသည့်အကြောင်းများကို မသိရသေးမီ ဆေးဆရာက မြားကို နုတ်ပယ်ရန် ကြိုးစားသည်ကို ငြင်းပယ်ရာ ထိုသူသည် မြားကို အနုတ်မခံရဘဲ သေသွားရန်သာ အကြောင်းရှိပါသည်။ သူသိလိုသော အကြောင်းများကို သိသွားနိုင်မည် မဟုတ်ပါ။ ဤသို့ဥပမာပေး၍ အဓိကကျသော အသိတရားများကို ရရှိရန် ကျင့်ကြံသွားအပ်ကြောင်း မိန့်ကြားပါသည်။

လောကသည် မြဲသည်ဟု အယူရှိသည်ဖြစ်စေ၊ လောကသည် မမြဲဟု အယူရှိသည်ဖြစ်စေ ဘဝသစ်၌ ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ စိတ်ပင်ပန်းခြင်းတို့သည်ကား အမှန်ပင်ရှိနေပြီးသား ဖြစ်ပါသည်။ ဤမျက်မှောက် ဘဝ၌ပင် ဤတရားများကို ဖျက်ဆီးပယ်ဖျက်နိုင်ရန် မြတ်စွာဘုရားသည် ဟောကြားခြင်းဖြစ်ပါသည်။ ထို့ကြောင့် မဟောသည်ကို မဟောသည့်အတိုင်း၊ ဟောသည်ကို ဟောသည့်အတိုင်း မှတ်သားထားရန် လိုအပ်ပါသည်။

မြတ်စွာဘုရား မဟောသည့် တရားများမှာ လောကသည် မြဲ မမြဲ၊ လောကသည် အဆုံးရှိ မရှိ၊ အသက်သည်ကိုယ်၊ အသက်တခြား၊ ကိုယ်သည် တခြားဟူ၍ မဟောကြားခဲ့ပါ။ သတ္တဝါသည် သေပြီးနောက် ဖြစ်သည် မဖြစ်သည်၊ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟု မဟောကြားခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ထိုအကြောင်းတို့သည် အကျိုးစီးပွားနှင့်မစပ်၊ မြတ်သောသာသနာတော်၏ အစလည်း မဟုတ်၊ သစ္စာလေးပါးကို သိခြင်းငှာ အထောက်အကူလည်း မပြုနိုင်သောကြောင့် ဖြစ်ပါသည်။

မြတ်စွာဘုရားဟောတော်မူသော တရားများမှာ ဆင်းရဲခြင်း၊ ဆင်းရဲဖြစ်ခြင်းအကြောင်း၊ ဆင်းရဲချုပ်ရာနှင့် အကျင့်လမ်းစဉ်တို့ကိုသာ ဟောကြားတော်မူပါသည်။

အဘယ့်ကြောင့်ဆိုသော် ထိုတရားများသည် အကျိုးစီးပွားနှင့်လည်းစပ်၊ မြတ်သောသာသနာတော်၏ အစလည်းဖြစ်ပြီး ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ လွတ်မြောက်ခြင်းတို့ကို အထောက်အကူပြုသောကြောင့် ဖြစ်ပါသည်။

ဤသုတ်အရ မြတ်စွာဘုရားဟောကြားခြင်းမပြုသည့် သစ္စာလေးပါး တရားနှင့် မစပ်အပ်သည့် အကြောင်းများကို စူးစမ်းနေခြင်းသည် အကျိုးမရှိ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးနှင့်စပ်သော တရားကိုသာ လိုက်နာကျင့်သုံးပြီး ဒုက္ခဆင်းရဲတို့မှ လွတ်မြောက်အောင်ကျင့်ကြံရန်ဖြစ်ကြောင်း သိရပါသည်။

**မဟာသကုလုဒါယီသုတ်**

ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူနေစဉ် မြတ်စွာ ဘုရားသည် ပရိဗိုဇ်ကျောင်းသို့ ကြွတော်မူပြီး သကုလုဒါယီ လျှောက်ထားသည့် မြတ်စွာဘုရားအား တပည့်ရဟန်းတို့ ရိုသေခြင်း၏အကြောင်းငါးပါးနှင့်ပတ်သက်၍ ဤသုတ်ကို ဟောကြားတော်မူပါသည်။

ဥဒါယီက ခေတ်ပြိုင်ဂိုဏ်းဆရာကြီးတို့ထက် မြတ်စွာဘုရားသည် တပည့် များ၏ ရိုသေလေးစားမှုကို အများဆုံးခံရသူ ဖြစ်ကြောင်း၊ ဤသို့ ရိုသေလေးစား မှုကို ခံရခြင်းအကြောင်းမှာ မြတ်စွာဘုရားသည် (က) အာဟာရနည်းပါးခြင်း၊ (ခ) ရသမျှသင်္ကန်းဖြင့် ရောင့်ရဲခြင်း၊ (ဂ) ရသမျှဆွမ်းဖြင့် ရောင့်ရဲခြင်း၊ (ဃ) ရသမျှကျောင်းဖြင့် ရောင့်ရဲခြင်း၊ (င) ဆိတ်ငြိမ်ရာအရပ်၌ နေထိုင်ခြင်းနှင့် ယင်းတို့၏ ဂုဏ်ကို ချီးကျူးလေ့ရှိခြင်းဟူ၍ အကြောင်းတရား ငါးပါးကြောင့် ဖြစ်သည်ဟု ထင်မြင်ကြောင်း လျှောက်ထားပါသည်။

မြတ်စွာဘုရားက ဤရောင့်ရဲမှုဂုဏ်များသည် အဓိကအကြောင်း မဟုတ် ကြောင်း မိန့်တော်မူပါသည်။ အဘယ့်ကြောင့်ဆိုသော် (က) တချို့သော တပည့် များသည် ဥသျှစ်သီးထက်ဝက်မျှသော ဆွမ်းကိုစားစဉ် မြတ်စွာဘုရားသည် တစ်ခါတစ်ရံ သပိတ်ပြည့်မျှ ဆွမ်းကို စားပါသည်။ (ခ) တချို့သော တပည့်က အမှိုက်ပုံ၊ သုသာန်တို့မှ ကောက်ယူရရှိသော သင်္ကန်းကို ဝတ်ဆင်စဉ် မြတ်စွာ ဘုရားသည် တစ်ခါတစ်ရံ ဒါယကာတို့ လှူဒါန်းသည့် နူးညံ့သော သင်္ကန်းကို ဝတ်ဆင်ပါသည်။ (ဂ) တချို့သော တပည့်တို့က ခုတင်များ ဆောက်တည်၍ လှည့်လည်ဆွမ်းခံစားစဉ် မြတ်စွာဘုရားသည် တစ်ခါတစ်ရံ ပင့်ဖိတ်ရာ ကြွပြီး ဆွမ်းဟင်းကောင်းများကို စားပါသည်။ (ဃ)တချို့သော တပည့်များက ခုတင်ကို ဆောင်၍ သစ်ပင်ရင်းနှင့် လွင်ပြင်၌နေထိုင်စဉ် မြတ်စွာဘုရားသည် တစ်ခါတစ်ရံ

လုံခြုံသော ကျောင်းအဆောက်အအုံတွင် နေထိုင်ပါသည်။ (င) တချို့သော တပည့်များသည် ဆိတ်ငြိမ်ရာတောထဲ၌ အာရညကင်ဓုတင် ဆောက်တည်၍နေစဉ် မြတ်စွာဘုရားသည် ရဟန်းများ၊ လူများ နှင့် ရောနှောနေထိုင်ရသည်လည်းရှိပါသည်။ သို့အတွက် တပည့်များက မြတ်စွာဘုရားအား ဤအကြောင်းများကြောင့်သာ ရိုသေလေးစားခြင်း မဟုတ်ပါ။

ဤသာသနာ၌ တပည့်များက မြတ်စွာဘုရားအား ရိုသေလေးစား အလေးအမြတ်ထားခြင်းအကြောင်း ငါးပါးရှိပါသည်။

(က) မြတ်စွာဘုရားသည် မြတ်သောသီလအစုနှင့် ပြည့်စုံသည်ဟု ချီးမွမ်းကြခြင်း၊

(ခ) ထူးကဲသောဉာဏ်အမြင်ရှိသည်ဟု ချီးမွမ်းကြခြင်း၊

(ဂ) မြတ်သော၊ လွန်ကဲသော ပညာရှိသည်ဟု ချီးမွမ်းကြခြင်း၊

(ဃ) ဒုက္ခ ချုပ်ငြိမ်းရာ ကျင့်စဉ်တို့ကို လျှောက်ထား မေးမြန်းသော တပည့်တို့ ကျေနပ်နှစ်သက်အောင် ဖြေကြားဟောပြောနိုင်ခြင်း

(င) တပည့်တို့အား ဗောဓိပက္ခိယတရား ၃၇ ပါးနှင့်တကွ ကသိုဏ်းစျာန်တို့ကို ကျင့်ကြံပွားများသည့် အကျင့် လမ်းစဉ်တို့ကို ဟောပြော လမ်းညွှန်ခြင်း

ဟူသော ထိုအကြောင်းတရား ငါးပါးကြောင့် မြတ်စွာဘုရားအား တပည့်သားသာဝကတို့က အလေးအမြတ်ထားကာ ရိုသေကြခြင်းဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

မြတ်စွာဘုရားကို ကြည်ညိုရာတွင် ဂုဏ်ကျေးဇူးတို့ကို အောက်မေ့အပ်ပါသည်။

**အာနာပါနသတိသုတ်**

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်း၌ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန် စသည့် အလွန်ထင်ရှားသော တပည့်မထေရ်တို့နှင့်အတူ သီတင်းသုံး နေတော်မူသည်။ တန်ဆောင်မုန်း လပြည့်နေ့၌ မြတ်စွာဘုရားသည် အရိယာ ရဟန်းအပေါင်းခြံရံလျက် ကျောင်းလွင်တီးခေါင်တွင် ထိုင်နေတော်မူပြီး တိတ်ဆိတ်ငြိမ်သက်သော ရဟန်းအပေါင်းကို ချီးကျူးတော်မူပါသည်။

ထို့နောက် အာနာပါနသတိပွားများခြင်း၏ အကျိုးကျေးဇူးကို ဟောတော်မူသည်။ အာနာပါနသတိကို ပွားများလျှင် သတိပဋ္ဌာန်လေးပါးကို ပြည့်စေနိုင်

ပါသည်။ သတိပဋ္ဌာန်လေးပါးကို ပွားများလေ့လာလျှင် ဗောဇ္ဈင်ခုနစ်ပါးကို ပြည့်စေနိုင်ပါသည်။ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများလေ့လာလျှင် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ပြည့်စေနိုင်ပါသည်။

အာနာပါနသတိကို ပွားများလေ့လာရန်အတွက် ဆိတ်ငြိမ်ရာအရပ်တစ်ခု၌ တင်ပလ္လင်ခွေ၍ ကိုယ်ကိုဖြောင့်မတ်စွာထားပြီးလျှင် ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိပြုပြီး ထွက်သက်ဝင်သက်ကို ရှုရပါသည်။

ရှည်စွာသော ထွက်သက် ဝင်သက်၊ တိုစွာသော ထွက်သက် ဝင်သက်၊ အစ အလယ် အဆုံးဟူသော အလုံးစုံသော ထွက်သက် ဝင်သက်တို့ကို ပညာဖြင့် ဆင်ခြင်ကျင့်ကြံ အားထုတ်ရပါသည်။ ရန့်ရင်းသော ကာယသင်္ခါရ ထွက်သက် ဝင်သက်တို့ကို ငြိမ်းစေလျက် အားထုတ်ကျင့်ကြံရပါသည်။

နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်း၊ စိတ္တသင်္ခါရတို့ကို ပညာဖြင့်ဆင်ခြင်လျက် ထွက်သက် ဝင်သက်ကို လေ့ကျင့်အားထုတ်ရပါသည်။ ထို့နောက် ရန့်ရင်းသော စိတ္တသင်္ခါရကို ငြိမ်းစေလျက် အားထုတ်ကျင့်ကြံရပါသည်။

စိတ်နှင့်စိတ်ကို အာရုံ၌ထားလျက်လည်းကောင်း၊ စိတ်ကို ကိလေသာမှ လွတ်စေလျက်လည်းကောင်း ထွက်သက် ဝင်သက်ကို ရှု၍ အားထုတ်ကျင့်ကြံ ရပါသည်။

ယင်းနောက် အနိစ္စ၊ ရာဂကင်းရာနိဗ္ဗာန်၊ ရာဂချုပ်ရာနိဗ္ဗာန်၊ ကိလေသာကို စွန့်ရာနိဗ္ဗာန်၊ စွန့်တတ်သော မဂ်ကို အဖန်ဖန်ရှုလျက် အာနာပါနသတိ ပွားများ လေ့လာရပါသည်။ ဤသို့ ပွားများသည်ရှိသော် မြတ်သော၊ များသော အကျိုး အာနိသင်များ ရရှိပါသည်။

ဤသို့ အာနာပါနသတိကို ပွားများသော် သတိပဋ္ဌာန်လေးပါးကို ပြည့်စုံ စေပါသည်။ လုံ့လ၊ ပညာ၊ သတိ ရှိသည်ဖြစ်၍ အဘိဇ္ဈာဒေါမနဿကို ပယ် ဖျောက်လျှင် ဓာတ်လေးပါးပေါင်းထားသည့်ကိုယ်၌ ကိုယ်ဟုအဖန်ဖန်ရှုနေပါ သည်။ ထိုနည်းတူ ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှု၍နေပါသည်။ စိတ်၌ စိတ်ဟု အဖန်ဖန်ရှု၍နေသည်၊ တရားတို့၌ တရားကို အဖန်ဖန်ရှု၍ နေပါသည်။ ဤသို့အားဖြင့် အာနာပါနသတိသည် ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာတည်းဟူသော သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စုံ စေပါသည်။

တစ်ဖန် သတိပဋ္ဌာန်လေးပါးတို့သည် ဗောဇ္ဈင်ခုနစ်ပါးကို ပြည့်စုံစေပါ သည်။

ယင်းတို့မှာ သတိပဋ္ဌာန်လေးပါးကို သတိဖြင့်ကျင့်ကြံအားထုတ်ရခြင်း ဖြစ်ရာ သတိသမ္ဗောဇ္ဈင် ပွားများပြည့်စုံခြင်းသို့ ရောက်ပါသည်။

တရားကို ဝိပဿနာပညာဖြင့် စူးစမ်းဆင်ခြင်ရခြင်းဖြစ်ရာ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ပွားများပြီးဖြစ်ပါသည်။

တရားကို ဝီရိယဖြင့် အားထုတ်ရခြင်းဖြစ်ရာ ဝီရိယသမ္ဗောဇ္ဈင်ကို ပွားများ ပြည့်စုံပြီးဖြစ်ပါသည်။

ထိုသို့ပွားများအားထုတ်သော် ပီတိဖြစ်ပေါ်လာရာ ပီတိသမ္ဗောဇ္ဈင် ပွားများ ပြည့်စုံပြီးဖြစ်ပါသည်။

ဆက်၍ ကိုယ်စိတ်နှစ်ဖြာငြိမ်းအေးလာရာ ပဿဒ္ဓိသမ္ဗောဇ္ဈင် ပွားများပြည့်စုံ ပြီးဖြစ်သွားပါသည်။

ဤသို့ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးသော စိတ်သည် တည်ကြည်လာရာ သမာဓိသမ္ဗောဇ္ဈင် ပွားများပြည့်စုံပြီးဖြစ်သွား ပါသည်။

ဤတည်ကြည်မှု သမာဓိကို ကောင်းစွာ လျစ်လျူရှု၍နေရာ ဥပေက္ခာ သမ္ဗောဇ္ဈင် ပွားများပြည့်စုံပြီးဖြစ်သွားပါသည်။

ဤသို့ သတိပဋ္ဌာန်လေးပါးသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စုံစေပါသည်။

ထိုကဲ့သို့ ကိလေသာဆိတ်သုဉ်းခြင်း၊ တပ်စွန်းမှုကင်းခြင်း၊ ချုပ်ခြင်းတို့ကို မှီ၍ဖြစ်ပေါ်လာသော စွန့်လွှတ်မှုကို ရင့်ကျက်စေတတ်သည့် ဗောဇ္ဈင်ခုနစ်ပါးကို ပွားများအားထုတ်သည်ရှိသော် ဝိဇ္ဇာဝိမုတ္တိဟုဆိုအပ်သည့် နိဗ္ဗာန်ကို မျက်မှောက် ပြုစေနိုင်သည်ဟု ဟောကြားတော်မူပါသည်။

အာနာပါနသတိပွားများခြင်းသည် ကိလေသာတို့ချုပ်ငြိမ်းရာနိဗ္ဗာန်ကို ပြည့်စုံစေနိုင်သဖြင့် တရားကျင့်ရာတွင် အဓိကကျကြောင်း သိသာပါသည်။

**မဟာကမ္မဝိဘင်္ဂသုတ်**

ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ မြတ်စွာဘုရားသီတင်းသုံးတော်မူစဉ် ရှင်အာနန္ဒာက ကံတို့ကို အကျယ်ဝေဖန် ဟောကြားရန် တောင်းပန်သဖြင့် ကံအကြောင်း ဟောကြားတော်မူပါသည်။

လောက၌ ပုဂ္ဂိုလ်လေးမျိုးရှိပါသည်။ ယင်းတို့မှာ -

(က) မကောင်းမှုများပြုလုပ်၍ သေလွန်သောအခါ ငရဲသို့ကျရောက်သူ၊

(ခ) မကောင်းမှုပြုလုပ်ငြားသော်လည်း သေလွန်သောအခါ နတ်ပြည်သို့ ရောက်သူ၊

(ဂ) မကောင်းမှုမှရှောင်ကြဉ်၍ သေလွန်သောအခါ နတ်ပြည်သို့ရောက်သူ၊

(ဃ) မကောင်းမှုမှရှောင်ကြဉ်ငြားသော်လည်း သေလွန်သောအခါ ငရဲသို့ ကျရောက်သူတို့ ဖြစ်ပါသည်။

ဤသို့ ပုဂ္ဂိုလ်လေးမျိုးတို့လားရာဘဝကို ဒိဗ္ဗစက္ခုဉာဏ်ရသည့် အချို့သော သမဏနှင့် ဗြာဟ္မဏတို့က ရှုမြင်ပြီး ၎င်းတို့ကိုယ်တိုင် မြင်သမျှ၊ သိသမျှကိုသာ မှန်ကန်သည်ဟု အခိုင်အမာ စွဲစွဲမြဲမြဲ နှလုံးသွင်းပြောဆိုကြပါသည်။ သူတစ်ပါး၏ အယူအဆကို အမှားဟုထင်ကြပါသည်။ အမှန်မှာ ယင်းတို့ သိမြင်ယူဆချက်များမှာ အကြောင်းအကျိုး အားလုံးပြည့်စုံသည် မဟုတ်ပါ။

ထိုဒိဗ္ဗစက္ခု ဉာဏ်ရှင်များသည် မကောင်းမှုပြုလုပ်၍ သေလွန်သောအခါ ငရဲသို့ကျရောက်သူများကို မြင်တွေ့ကာမျှနှင့် မကောင်းသော ကံရှိသည်၊ ဒုစရိုက် အကျိုးသည်ရှိသည်၊ မကောင်းမှုပြုလုပ်သူအားလုံး ငရဲသို့ကျရောက်သည်ဟူသော အယူကို စွဲမြဲစွာ နှလုံးသွင်း ပြောဆိုကြသည်။ မြတ်စွာဘုရားသည် မကောင်းသော ကံရှိသည်၊ ဒုစရိုက်အကျိုးရှိသည်ဟု ဆိုခြင်းကို ခွင့်ပြုပါသည်။ မကောင်းမှုပြု လုပ်သူအားလုံး ငရဲသို့ကျရောက်သည်ဟူသော အယူကို ခွင့်မပြုပါ။ မိမိကိုယ်တိုင် သိမြင်သည်များသာ မှန်ကန်သည်၊ သူတစ်ပါး၏ အယူများ မှားသည်ဆိုခြင်း ကိုလည်း ခွင့်မပြုပါ။ ကံအကြောင်း ဝေဖန်ရာ၌ မြတ်စွာဘုရား၏ ဉာဏ်တော်ကို မည်သူမျှမမီနိုင်ပါ။ ဤသို့အပါယ်ကျခြင်းသည် ရှေးကပြုခဲ့သော အကုသိုလ်ကံ၊ ယခုဘဝ၌ပြုသော အကုသိုလ်ကံနှင့် သေခါနီး အယူမှားမှုများကြောင့် ဖြစ်နိုင်ပါ သည်။ လူ့ပြည်၌ပြုလုပ်သော ကံ၏အကျိုးကို မျက်မှောက်၌ ဖြစ်စေ၊ ဒုတိယ ဘဝ၌ဖြစ်စေ၊ ထိုထိုဘဝတို့၌ဖြစ်စေ ခံစားရပါသည်။

ထိုဒိဗ္ဗစက္ခု ဉာဏ်ရှင်တို့သည် မကောင်းမှုပြုလုပ်၍ သေလွန်သောအခါ နတ်ပြည်ရောက်သူများကို မြင်တွေ့ကာမျှနှင့် မကောင်းသောကံသည်မရှိ၊ ဒုစရိုက် အကျိုးလည်းမရှိ၊ မကောင်းမှုပြုလုပ်သူအားလုံး နတ်ပြည်သို့ ရောက်ကြသည်ဟု စွဲမြဲစွာ ယူဆကြပါသည်။ မြတ်စွာဘုရားက မကောင်းသောကံ မရှိ၊ ဒုစရိုက် အကျိုးမရှိဆိုခြင်းကို ခွင့်မပြုပါ။ မကောင်းမှုပြုလုပ်သော်လည်း သေလွန်သော အခါ နတ်ပြည်ရောက်သူကို မြင်သည်ဆိုခြင်းကို ခွင့်ပြုပါသည်။ မကောင်းမှုပြုသူ အားလုံး နတ်ပြည်ရောက်သည်ဆိုခြင်းကို ခွင့်မပြုပါ။ ထိုသူသည် နတ်ပြည် ရောက်သည့် ကောင်းမှုကုသိုလ်ကံကို ရှေးဘဝ၌ လည်းကောင်း၊ ယခု ဘဝ၌ လည်းကောင်း ပြုခဲ့ပြီး သေခါနီး အယူမှန် ယူခဲ့ခြင်းကြောင့် ဖြစ်နိုင်ပါသည်။ သို့သော် ဤလက်ရှိ လူ့ပြည်၌ ပြုလုပ်ခဲ့သော မကောင်းမှုကံ အကျိုးကို ယခု မျက်မှောက်ဘဝ၌ဖြစ်စေ၊ ဒုတိယဘဝ၌ဖြစ်စေ၊ ထိုထိုဘဝတို့ဖြစ်စေ ခံစားရ မည်သာ ဖြစ်ပါသည်။

ထိုဒိဗ္ဗစက္ခုဉာဏ်ရှင်တို့သည် မကောင်းမှုရှောင်ကြဉ်၍ သေလွန်သောအခါ နတ်ပြည်သို့ရောက်သူကို မြင်တွေ့သောအခါ ကောင်းသောကံသည်ရှိသည်၊ သုစရိုက်ကောင်းသော ကံအကျိုးသည် ရှိသည်၊ မကောင်းမှုမှရှောင်ကြဉ်သူအားလုံးသည် သေလွန်သောအခါ နတ်ပြည်သို့ရောက်၏ဟု စွဲမြဲစွာယူဆကြပါသည်။ မြတ်စွာဘုရားက ကောင်းသောကံရှိသည်၊ သုစရိုက် ကောင်းကျိုးရှိသည်ကို ခွင့်ပြုပါသည်။ မကောင်းမှုမှရှောင်ကြဉ်၍ သေသောအခါ နတ်ပြည်သို့ရောက်သူကို မြင်သည်ဟု ဆိုခြင်းကို ခွင့်ပြုပါသည်။ သို့သော် မကောင်းမှုအားလုံးမှ ရှောင်ကြဉ်သူအားလုံး နတ်ပြည်ရောက်သည်ဟုဆိုခြင်းကိုမူ ခွင့်မပြုပါ။ ထိုသူသည် နတ်ပြည်ရောက်ကြောင်းဖြစ်သည့် ကောင်းမှုကုသိုလ်ကံကို ရှေးဘဝ၌လည်းကောင်း၊ ယခုဘဝ၌လည်းကောင်း ပြုလုပ်ခဲ့သည်ဖြစ်ရာသည်။ သေခါနီး၌ အယူမှန်ကို ရရှိသောကြောင့်လည်း ဖြစ်ရာသည်။ ထိုကောင်းမှု ကုသိုလ်ကံများ၏ အကျိုးကို ယခုမျက်မှောက်ဘဝ၌ဖြစ်စေ၊ ဒုတိယဘဝ၌ဖြစ်စေ၊ ထိုထိုဘဝတို့၌ဖြစ်စေ ခံစားရပါသည်။

မကောင်းမှုမှရှောင်ကြဉ်သော်လည်း ငရဲသို့ကျသူများကို မြင်တွေ့ကြသောအခါ ကောင်းသောကံတို့သည် မရှိကြကုန်၊ သုစရိုက်ကောင်းသော အကျိုးလည်း မရှိကြကုန်။ မကောင်းမှုမှရှောင်ကြဉ်သူအားလုံး သေလွန်သောအခါ ငရဲကျကြသည်ဟု စွဲမြဲစွာ ယူဆကြပါသည်။ မြတ်စွာဘုရားက ကောင်းသော ကံနှင့် ကောင်းသောကံ အကျိုးမရှိဆိုသည်ကို ခွင့်မပြုပါ။ မကောင်းမှုမှ ရှောင်ကြဉ်သော်လည်း သေသောအခါ ငရဲကျသူကို မြင်၏ဟု ဆိုခြင်းကို ခွင့်ပြုပါသည်။ သို့သော် မကောင်းမှုမှ ရှောင်ကြဉ်သူအားလုံး ငရဲကျသည်ဆိုခြင်းကို ခွင့်မပြုပါ။ အဘယ်ကြောင့်မူ လက်ရှိဘဝတွင် မကောင်းမှုမှ ရှောင်ကြဉ်သော်လည်း ဤသို့ ငရဲသို့ကျရသည့် အကြောင်းဖြစ်သော မကောင်းမှု အကုသိုလ်တို့ကို ရှေးဘဝနှင့် ယခုဘဝတို့၌ ပြုလုပ်ခဲ့သည်ဖြစ်ရာသည်။ သေခါနီး၌ အယူမှားကို စွဲမက်ခဲ့သောကြောင့်လည်းဖြစ်ရာသည်။ သို့သော် ဤလူ့ဘဝ၌ မကောင်းမှုမှရှောင်ကြဉ်ခြင်း အကျိုးကို ယခုမျက်မှောက်ဘဝ၌ဖြစ်စေ၊ ဒုတိယဘဝ၌ဖြစ်စေ၊ ထိုထိုဘဝတို့၌ ဖြစ်စေ ခံစားရမည်သာဖြစ်ပါသည်။

ဤသို့လျှင် အကြောင်းမမှန်ဘဲ အကြောင်းမမှန်ကို ပြတတ်သောကံလည်း ရှိပါသည်။ အကြောင်းမမှန်သော်လည်း အကြောင်းမှန်ကိုပြတတ်သောကံလည်း ရှိပါသည်။ အကြောင်းလည်းမှန်လျက် အကြောင်းမှန်ကိုပြတတ်သောကံလည်း ရှိပါသည်။ အကြောင်းမှန်လျက် အကြောင်းမမှန်ကိုပြတတ်သောကံလည်းရှိသည်ဟု ဟောကြားတော်မူပါသည်။

ဤသို့ မကောင်းမှုပြုလုပ်သော်လည်း နတ်ပြည်သို့ရောက်သည်၊ ကောင်းမှုပြုလုပ်သော်လည်း ငရဲကျသည်ဟူ၍ ဆန့်ကျင်ဘက်ဖြစ်ရသည့်ကံ၏အကျိုးများသိရှိနားလည်ရန် ကံ၏အကြောင်းများကို ပြည့်စုံစွာ ဝေဖန်ပိုင်းခြားသိဖို့လိုပါသည်။ ရှေးဘဝများကပြုလုပ်ခဲ့သည့်ကံများ၊ ယခုဘဝတွင် ပြုလုပ်ခဲ့သည့် ကံများ၊ သေခါနီးဖြစ်ပေါ်လာသော အယူများ အားလုံးကို စုပေါင်း၍ ပြည့်စုံစွာလေ့လာမှသာလျှင် ကံ၏အကြောင်းမှန်ကို သိရှိနိုင်ပါမည်။

**အနာထပိဏ္ဍိကောဝါဒသုတ်**

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ ဘုရားရှင်သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေးကြီးသည် အသည်းအသန် နာမကျန်းဖြစ်၍ သေလုမတတ်ဖြစ်နေစဉ် အရှင်သာရိပုတ္တရာအား ပင့်ဖိတ်ကာ တရားတော်ကို နာကြားပါသည်။

ရှင်သာရိပုတ္တရာက သူဌေးကြီးအား တရားသဘောများကို ဆင်ခြင်ပွားများရန် ဩဝါဒစကား ပြောကြားတော်မူပါ သည်။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့တွင် မစွဲလမ်းရန် ယင်းတို့ကိုမှီ၍ဖြစ်သော အသိဝိညာဉ် ဖြစ်ပေါ်လာခြင်းမရှိအောင် ကျင့်ကြံရပါမည်။

ရူပါရုံအစရှိသည့် အာရုံ(၆)ပါးကို စွဲလမ်းခြင်းမရှိအောင်လည်းကောင်း၊ ယင်းတို့ကို မှီ၍ဖြစ်သော အသိဝိညာဉ်တို့ မဖြစ်ပေါ်အောင်လည်းကောင်း ကျင့်ကြံရပါမည်။

စက္ခုသမ္ဖဿ မျက်စိအတွေ့ အစရှိသည့် အတွေ့(၆)ပါးတို့၌ မစွဲလမ်းရန်လည်းကောင်း၊ ယင်းတို့ကိုမှီ၍ဖြစ်သော အသိဝိညာဉ်တို့ မဖြစ်ပေါ်စေရန်လည်းကောင်း ကျင့်ကြံရပါမည်။

ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော ဓာတ်ကြီးလေးပါးကို မစွဲလမ်းရန်လည်းကောင်း၊ ယင်းတို့ကိုမှီ၍ဖြစ်သော အသိ ဝိညာဉ်မဖြစ်ပေါ်စေရန်လည်းကောင်း ကျင့်ကြံရပါမည်။

ထိုနည်းတူ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုလည်း မစွဲလမ်းရန်နှင့် ယင်းတို့ကိုမှီ၍ဖြစ်သော အသိဝိညာဉ်များ မပေါ်ပေါက်အောင် ကျင့်ကြံအားထုတ်ရပါမည်။

အာကာသာနဉ္စာယတနစျာန် အစရှိသည့် အထက်စျာန်လေးပါးကို မစွဲလမ်းရန်နှင့် ယင်းတို့ကိုမှီ၍ဖြစ်သော အသိ ဝိညာဉ်များ မပေါ်ပေါက်အောင် ကျင့်ကြံအားထုတ်ရမည်။

ဤမျက်မှောက်လောကနှင့် တမလွန်လောကကို မစွဲလမ်းရန်နှင့် ယင်းတို့ကို မှီ၍ဖြစ်သော အသိပိညာဏ်များမပေါ်ပေါက်အောင် ကျင့်ကြံအားထုတ်ရပါမည်။

မြင်ရ၊ ကြားရ၊ တွေ့ရ၊ သိရ၊ ရောက်ရ၊ ရှာမှီးရ၊ အဖန်ဖန်ရှာမှီးရ၊ စိတ်ဖြင့် လေ့လာရသော အာရုံများပေါ်တွင် မစွဲလမ်းရန်နှင့် ထိုအာရုံများကိုမှီ၍ဖြစ်သော အသိဝိညာဏ်များ မဖြစ်ပေါ်စေရန် ကျင့်ကြံအားထုတ်ရပါမည်။

ဤသို့ အနာထပိဏ်သူဌေးကြီးအား ခန္ဓာငါးပါးချာန်များနှင့် လောက အပေါ်တွင် ငြိတွယ်မှုမရှိအောင် ကျင့်ကြံအား ထုတ်ရမည်ဖြစ်ကြောင်း မိန့်ဆိုသည် ရှိသော် အနာထပိဏ်သူဌေးသည် သည်းထန်စွာ ငိုကြွေးပါသည်။ ထိုအခါ အရှင် အာနန္ဒာက သူဌေးကြီးအား စည်းစိမ်ဥစ္စာတို့၌ ငြိကပ်နေပါသလော၊ ကုသိုလ်တို့၌ ဆုတ်နစ်နေပါသလောဟု မေးမြန်းပါသည်။

သူဌေးကြီးက ငြိကပ်၊ ဆုတ်နစ်နေခြင်းကြောင့် ငိုကြွေးခြင်းမဟုတ်ပါ၊ ကာလကြာမြင့်စွာ မြတ်စွာဘုရားနှင့် သံဃာ တော်များအား ကိုးကွယ်ဆည်းကပ် ခဲ့သော်လည်း ဤသို့သောတရားစကားကို မကြားနာရဖူးသောကြောင့် ဝမ်းနည်း၍ ငိုကြွေးမိကြောင်း လျှောက်ထားပါသည်။

ရှင်သာရိပုတ္တရာက ဤသို့သောတရားစကားများကို သာမန်လူဝတ်ကြောင်တို့ နားလည်သဘောပေါက်နိုင်မည်မဟုတ်၊ ရဟန်းတို့သာလျှင် သိရှိနားလည်နိုင်မည် ဖြစ်ကြောင်း မိန့်ဆိုပါသည်။

အနာထပိဏ်သူဌေးကြီးက ဤသို့သော တရားစကားနှင့် သဘောတရား များကို သာမန်လူတို့ကိုလည်း သိရှိနားလည်စေရန် ဟောကြားသင့်ပါသည်၊ ကိလေသာမြူနည်းပြီး တရားကို သိမြင်လွယ်သူများ ရှိပါလိမ့်မည်၊ ယင်းတို့သည် တရားတော် မနာရ၍ ဆုံးရှုံးနစ်နာပါလိမ့်မည်ဟု လျှောက်ထားပါသည်။

အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာတို့သည် ဩဝါဒစကားမိန့်ကြားပြီး ပြန်ကြွသွားပြီးနောက် အနာထပိဏ်သူဌေးကြီးသည် ကွယ်လွန်သွားပါသည်။ တုသိတာ နတ်ပြည်၌ နတ်သားဖြစ်ကာ ညဦးသန်းခေါင်ယံ၌ မြတ်စွာဘုရားထံသို့ လာ ရောက်၍ ရိုသေစွာရှိခိုးပြီး မြတ်စွာဘုရားဘုရားနှင့် အရှင်သာရိပုတ္တရာတို့၏ ဂုဏ်ကျေးဇူးများကို ချီးကျူးလျှောက်ထားသွား ပါသည်။

ရုပ်နာမ်တရားတို့အပေါ် တပ်မက်စွဲလမ်းခြင်း ကင်းအောင် ကျင့်ကြံ အားထုတ်ရန် လိုအပ်ကြောင်း လမ်းညွှန်သောသုတ်မြတ်ဖြစ်ပါသည်။

# သံယုတ္တနိကာယ်

သံယုတ္တနိကာယ်ဟူသောအမိပ္ပာယ်မှာ အချင်းချင်းဆက်စပ်မှုရှိသော ဟောကြားချက်များကို တူရာတူရာ စုပေါင်းယှဉ်တွဲ၍ထားသော နိကာယ်ဖြစ်ပါသည်။ ဤနိကာယ်တွင် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်များမှ ဒေသနာတော်နှင့်တူညီသော အချက်တစ်ခုကို မူထား၍ စုစည်းပူးပေါင်းထားပါသည်။ ပုဂ္ဂိုလ်အားဖြင့်လည်းကောင်း၊ သဘောအားဖြင့်လည်းကောင်း တူသောသုတ်များကို ပူးပေါင်းဖော်ပြထားပါသည်။ ဤသို့ စုစည်းဖော်ပြရာတွင် (က) သဂါထာဝဂ္ဂသံယုတ်၊ (ခ) နိဒါနဝဂ္ဂသံယုတ်၊ (ဂ) ခန္ဓဝဂ္ဂသံယုတ်၊ (ဃ) သဠာယတနဝဂ္ဂသံယုတ်၊ (င) မဟာဝဂ္ဂသံယုတ်ဟူ၍ သံယုတ်(၅)ကျမ်း ဖြစ်ပေါ်လာပါသည်။ ထိုကျမ်းများတွင် ထပ်မံ၍ သံယုတ်ဟုခေါ်သောအခန်းများကို ဖွဲ့စည်းရာ သံယုတ်အခန်းပေါင်း(၅၆)ခု၊ သုတ်ဟူသောဟောကြားချက် (၃၄၀၂)သုတ်ရှိကြောင်း တွေ့ရှိရပါသည်။

ဤကျမ်းကြီး(၅)ကျမ်းကို စာအုပ်အဖြစ်ထုတ်ဝေရာတွင် စာအုပ်(၃)အုပ် ပေါ်ပေါက်လာပါသည်။ ပထမကျမ်းစာအုပ်တွင် သဂါထာဝဂ္ဂနှင့် နိဒါနဝဂ္ဂတို့ကို ဖော်ပြထားပါသည်။ ဒုတိယကျမ်းစာအုပ်တွင် ခန္ဓဝဂ္ဂနှင့် သဠာယတနဝဂ္ဂတို့ကို ဖော်ပြထားပါသည်။ တတိယကျမ်းစာအုပ်တွင် မဟာဝဂ္ဂကို ဖော်ပြထားပါသည်။

ဤနိကာယ်လာသုတ်များသည် အများအားဖြင့် သုတ်တိုကလေးများသာ ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သဘောတူရာအလိုက် သုတ်တိုများကို ပေါင်းစည်းထားပါသည်။ ရှည်လျားသောသုတ်များကို ဒီဃနိကာယ်၌လည်းကောင်း၊ အလယ်အလတ်ရှည်သောသုတ်များကို မဇ္ဈိမနိကာယ်တွင်လည်းကောင်း ပေါင်းစည်းထားပြီးဖြစ်ပါသည်။

ဤနိကာယ်ကို လေ့လာဖော်ပြရာ၌ ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ်တို့ကဲ့သို့ သုတ်အလိုက် ရေးသားဖော်ပြမည်မဟုတ်ပါ။ သုတ်များကို သဘောတူရာစုစည်းထားသည့် သံယုတ်အခန်းအလိုက် အဓိပ္ပာယ်ဆိုလိုချက်အကြောင်းအရာများကို စုစည်းဖော်ပြသွားရန် ရည်ရွယ်ပါသည်။ ဤနိကာယ်ပါသုတ်ပေါင်းမှာ သုံးထောင်

ကျော်ရှိသဖြင့် ဤသို့ သဘောတူရာ စုစည်းဖော်ပြထားသော သံယုတ်အခန်းလိုက်သာ ခြုံငုံတင်ပြသွားရန် စီစဉ်ရခြင်းဖြစ်ပါသည်။

**သဂါထာဝဂ်**

သဂါထာဝဂ်တွင် သံယုတ်အခန်းပေါင်း (၁၁)ခန်း၊ သုတ်ပေါင်း (၂၇၁) သုတ် ပါရှိပါသည်။ ဤသဂါထာဝဂ်ကျမ်းပါ သံယုတ်များကို လေ့လာလျှင် မြတ်စွာဘုရားသည် နတ်များ၊ သိကြားများ၊ ဗြဟ္မာများက လာရောက်၍ ၎င်းတို့ တရားဆိုင်ရာတွေ့ရှိချက်များကို တင်ပြသည်များနှင့် ပတ်သက်၍ လက်ခံအတည်ပြုခြင်း၊ လိုအပ်သလို လမ်းညွှန်မှုပေးခြင်းများကို တွေ့ရှိရပါသည်။ မသိ၍ မေးမြန်းသည်များကိုလည်း ရှင်းလင်းဟောကြားတော်မူပါသည်။ ကိလေသာမှလွတ်မြောက်နည်း၊ ဆင်းရဲခြင်းမှ ကျော်လွှန်နည်းတို့နှင့်ပတ်သက်၍ မိန့်ကြားချက်များမှာ မှတ်သားနာယူဖွယ်ကောင်းလှပါသည်။

**ဒေဝတာသံယုတ်**။ ။ ဝိမောက္ခသုတ်တွင် နှစ်သက်တွယ်တာမှုတို့ကြောင့် ဖြစ်ပေါ်လာသော ဘဝကုန်ဆုံးခြင်း၊ အမှတ်သညာနှင့် အသိဝိညာဏ်တို့ကုန်ခြင်း၊ ခံစားမှုဝေဒနာတို့ ချုပ်ငြိမ်းသွားသောအခါ သတ္တဝါတို့ ကိလေသာမှ အကြွင်းမဲ့ လွတ်မြောက်နိုင်ကြောင်း ဟောပြောတော်မူပါသည်။ ထိုသို့လွတ်မြောက်၍ ငြိမ်းချမ်းလိုသောပုဂ္ဂိုလ်သည် နှစ်သက်တွယ်တာဖွယ်ဖြစ်သော လောကီအာရုံတို့ကို စွန့်ပစ်သင့်ကြောင်း၊ သံယောဇဉ်များကို ဖြတ်တောက်သင့်ကြောင်း၊ အစွဲအလမ်းတဏှာကို အမြစ်မှနုတ်ပယ်သင့်ကြောင်းတို့ကို များစွာသောသုတ်များတွင် အဖန်တလဲလဲ ပရိယာယ်မျိုးစုံဖြင့် ဟောကြားတော်မူပါသည်။ ဤသို့လွတ်မြောက်ရန်အတွက် ခန္ဓာငါးပါးကို ပိုင်းခြားသိမြင်၍ နာမ်၊ ရုပ်တို့၌ တပ်မက်မှုကင်းရန် သီလ၊ ပညာ၊ ဝီရိယတို့ဖြင့် မမေ့မလျော့သောသတိဖြင့် ဘာဝနာတရားများအားထုတ်ရန် လမ်းညွှန်မှုပေးခဲ့ပါသည်။

**ဗြဟ္မာသံယုတ်**။ ။ ဗြဟ္မာယာစနသုတ်တွင် မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော် ရရှိပြီးစအချိန်တွင် သတ္တဝါတို့သည် ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက်နေကြသောကြောင့် တဏှာ၊ ရာဂ ကင်းငြိမ်းရာနိဗ္ဗာန်ကို သိမြင်ရန် တရားဟောကြားသော်လည်း နားလည်ကြမည်မဟုတ်ဟု ဆင်ခြင်တော်မူပြီး တရားဟောရန် စိတ်မညွတ်ဘဲနေတော်မူပါသည်။ ထိုအခါ သဟမ္ပတိဗြဟ္မာက လောကတွင် ပညာမျက်စိ၌ ကိလေသာမြူနည်းပြီး တရားကိုနားလည်သူများ ရှိမည်ဖြစ်ပါကြောင်း၊ ထိုသူတို့သည် တရားတော်ကို မနာကြားရပါက ကြီးစွာသောဆုံးရှုံးမှု ခံကြရမည်ဖြစ်ပါကြောင်း ထိုသူတို့အတွက် တရားဟောကြားတော်မူပါရန်

လျှောက်ထားပန်ကြားပါသည်။ သို့အတွက် မြတ်စွာဘုရားသည် မဟာကရုဏာတော်ကိုရှေ့ထား၍ သတ္တဝါတို့အကျိုးငှာ တရားဓမ္မဟောကြားတော်မူရန် ဆုံးဖြတ်တော်မူခဲ့ပါသည်။

**သက္ကသံယုတ်**။ ။ ဝတပဒသုတ်တွင် သိကြားမင်းသည် လူဖြစ်စဉ်က (၇)ပါးသောကျင့်ဝတ်တို့ကို ပြည့်စုံကောင်းမွန်စွာ ဆောက်တည်ခဲ့သောကြောင့် သိကြားမင်းအဖြစ်ကို ရရှိကြောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ ယင်းကျင့်ဝတ်တို့မှာ **(က)** မိဘကိုလုပ်ကျွေးခြင်း၊ (ခ) အသက်ကြီးသောဆွေမျိုးတို့ကို ရိုသေလေးစားခြင်း၊ **(ဂ)** သိမ်မွေ့သောစကားကို ဆိုလေ့ရှိခြင်း၊ **(ဃ)** ကုန်းချောစကားကို မဆိုခြင်း၊ **(င)** ရက်ရောစွာ စွန့်ကြဲပေးလှူခြင်း၌မွေ့လျော်ပြီး ဝန်တိုခြင်းကင်းသောစိတ်ဖြင့် အိုးအိမ်ကို အုပ်ချုပ်နေခြင်း၊ **(စ)** မှန်သောစကားကို ဆိုလေ့ရှိခြင်း၊ **(ဆ)** အမျက်ထွက်လေ့မရှိခြင်းတို့ ဖြစ်ပါသည်။ ဂဟဋ္ဌဝန္ဒနာသုတ်တွင် သိကြားမင်းက လူတို့အားရှိခိုးကြောင်း ဖော်ပြထားပါသည်။ သိကြားမင်းသည် အကျင့်သီလနှင့်ပြည့်စုံပြီး မြတ်သောအကျင့်ကိုကျင့်ကြံသော ရဟန်းတို့ကို ရှိခိုးပါသည်။ အိမ်ထောင်ရှင်လူသားသည် ကုသိုလ်ကောင်းမှုကိုပြု၍ အကျင့်သီလရှိသည်။ ရတနာသုံးပါးကို ကိုးကွယ်သည်။ တရားနှင့်အညီ သားမယားကို လုပ်ကျွေးသည်။ ထိုသူတို့ကိုလည်း သိကြားမင်းက ရှိခိုးပါသည်။ အကျင့်သီလရှိသောလူသား၏ဂုဏ်ကျေးဇူးကို ဖော်ကျူးသောသုတ်ပင် ဖြစ်ပါသည်။

**ကောသလသံယုတ်**။ ။ ဒဟရသုတ်တွင် ကောသလမင်းကြီးက အသက်အရွယ်ကြီးပြီး တပည့်လက်သားများစွာနှင့် ပြည့်စုံ၍ ထင်ရှားကျော်စောသည့် မက္ခလိဂေါသာလ၊ ပုရာဏကဿပ အစရှိသော ဂိုဏ်းဆရာကြီးတို့က သမ္မာသမ္ဗောဓိဉာဏ်ကို သိမြင်သည်ဟု ဝန်မခံသော်လည်း အသက်အရွယ်ငယ်ပြီး ရဟန်းပြုစမ္ဘသာဖြစ်သော မြတ်စွာဘုရားက မည်သည့်အကြောင်းကြောင့် သမ္မာသမ္ဗောဓိဉာဏ်သိမြင်ကြောင်း ဝန်ခံရပါသနည်းဟု မေးမြန်းလျှောက်ထားပါသည်။ အသက်အရွယ်ငယ်၍ အထင်မကြီးသည့်သဘော ပါဝင်နေပါသည်။ မြတ်စွာဘုရားက မင်း၊ မြွေ၊ မီး၊ ရဟန်းတို့အား ငယ်သည်ဟူ၍ မိမိအကျိုးစီးပွားကို ကောင်းစွာသိမြင်သော ပညာရှိတို့သည် မထိမဲ့မြင်မပြုဘဲ ကောင်းစွာပြုကျင့်သင့်ကြောင်း ဆုံးမတော်မူခဲ့ပါသည်။ မြတ်စွာဘုရားသည် ကောသလမင်းကြီးအား လောဘ၊ ဒေါသ၊ မောဟ တရားသုံးပါးတို့သည် လူတို့အား အကျိုးမဲ့စေကြောင်း၊ အိုခြင်း၊ သေခြင်းဘေးမှ လွတ်မြောက်သူမရှိကြောင်း၊ လောက၌ မိမိထက်ချစ်သူမရှိနိုင်ကြောင်း၊ စားသောက်ဖွယ်ရာတို့၌ အတိုင်းအရှည်ကိုသိသူသည် ရောဂါဝေဒနာများနည်းပါးကြောင်း စသည့် မျက်မှောက်အကျိုး၊ နောင်တမလွန်အကျိုးတို့အတွက် ဆုံးမဟောကြားတော်မူခဲ့ပါသည်။ ကလျာဏမိတ္တသုတ်တွင် မြတ်စွာဘုရားသည် ကော

သလမင်းကြီးအား ကောင်းသောမိတ်ဆွေရှိခြင်း၊ ကောင်းသောအပေါင်းအဖော်ရှိခြင်း၊ သူတော်ကောင်းတို့၌ စိတ်ညွတ်ခြင်းတို့သည် အလုံးစုံသောအကျင့်မြတ်ကို ပြီးစေနိုင်ကြောင်း၊ ဤသို့ဖြစ်မြောက်ရန်အတွက် မမေ့မလျော့ လေ့ကျင့်အားထုတ်ရမည်ဖြစ်ကြောင်း၊ ထိုအခါ မှောင်းမအပေါင်း၊ နောက်လိုက်မင်းအပေါင်း၊ စစ်သည်ရဲမက်အပေါင်း၊ ပြည်သူပြည်သားအပေါင်းတို့က မင်းကြီးအတိုင်း မမေ့မလျော့နေရန် ကြိုးစည်အားထုတ်လာကြမည်ဖြစ်သောကြောင့် အားလုံးလုံခြုံအောင် စောင့်ရှောက်ပြီးဖြစ်လိမ့်မည်ဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။

**မာရသံယုတ်**။ ။ မာရ်နတ်သည် မြတ်စွာဘုရားအား နည်းမျိုးစုံနှင့် နှောင့်ယှက်ခြင်း၊ ဖြားယောင်းခြင်းပြုပုံများကို ဖော်ပြထားပါသည်။ မာရ်နတ်သည် ဆင်မင်းအသွင်၊ မြွေအသွင်၊ လယ်သမားအသွင် စသည်တို့ဖန်ဆင်း၍လည်းကောင်း၊ ကျောက်တုံးကြီးကိုခွဲ၍လည်းကောင်း၊ သပိတ်များကို ခွဲမည့်အသွင်ဖြင့်လည်းကောင်း၊ တရားဟောရာတွင် အနှောင့်အယှက်ပြု၍လည်းကောင်း၊ ဆွမ်းမရအောင် နှောင့်ယှက်၍လည်းကောင်း နည်းမျိုးစုံဖြင့် (၇)နှစ်ပတ်လုံး နှောင့်ယှက်ပြီးသော်လည်း မအောင်မြင်သောကြောင့် လက်မှိုင်ချခဲ့ရပါသည်။

**ဘိက္ခုနီသံယုတ်**။ ။ ထိုနည်းတူ မာရ်နတ်က အာဠဝိကာဘိက္ခုနီ၊ သောမာဘိက္ခုနီ၊ ကိသာဂေါတမီဘိက္ခုနီ၊ ဝိဇယာဘိက္ခုနီ၊ ဥပ္ပလဝဏ္ဏာဘိက္ခုနီ စသည်တို့အား ခြိမ်းခြောက်နှောင့်ယှက် သွေးဆောင်ခဲ့ပါသည်။ ဘိက္ခုနီအပေါင်းတို့သည် ခန္ဓာငါးပါးတို့၌ နှစ်သက်ခြင်းကင်း၍ အဝိဇ္ဇာကိုပယ်ဖျက်ပြီး အာသဝေါကင်းကာ နေထိုင်သူများဖြစ်သည့်အတွက် မာရ်နတ်အကြံများ မအောင်မြင်ဖြစ်ခဲ့ရပါသည်။

**ဝင်္ဂီသသံယုတ်**။ ။ ရှင်ဝင်္ဂီသသည် သာသနာ၌ မမွေ့လျော်သောစိတ်ကို မိမိဖာသာ ကြိုးစားဖြေဖျောက်သည့်အကြောင်း၊ မြတ်စွာဘုရား၊ ရှင်သာရိပုတ္တရာ၊ ရှင်ကောဏ္ဍည၊ ရှင်မောဂ္ဂလာန်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကို ချီးကျူးဂုဏ်ပြုသည့်အကြောင်းတို့ကို ဖော်ပြထားပါသည်။

**ဝနသံယုတ်**။ ။ တောအုပ်၌ တရားကျင့်ကြံနေသောရဟန်းများအား တောစောင့်နတ်များက စောင့်ရှောက်ကူညီအကြံပြုသည်များ ပါရှိပါသည်။ နေ့ခင်း၌အိပ်သောရဟန်း၊ ရွာထဲသို့စောစောဝင်ပြီး နေမြင့်မှပြန်လာသောရဟန်း၊ အိမ်တစ်အိမ်၌ အချိန်ကြာမြင့်စွာနေလေ့ရှိသောရဟန်း၊ မသင့်သောအားဖြင့် နှလုံးသွင်းသောရဟန်းတို့အား တောစောင့်နတ်တို့က စေတနာဖြင့် အမှန်တရားကျင့်ကြံရန် သတိပေးနိုးဆော်ကြပါသည်။ အရှင်အာနန္ဒာကိုလည်း စကားကို တပျစ်ပျစ်ပြောဆိုနေခြင်းသည် အကျိုးမရှိကြောင်း၊ နိဗ္ဗာန်ကိုမျှော်မှန်းကာ တရားကိုကျင့်ကြံသင့်ကြောင်း သတိပေးအကြံပြုခဲ့ပါသည်။

**ဗြဟ္မဏသုတ်။** ။ မြတ်စွာဘုရားသည် ပုဏ္ဏားတို့အား အမျိုးဇာတ်ကြောင့် ဗြဟ္မဏမဖြစ်နိုင်၊ အကျင့်ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံမှသာ ဗြဟ္မဏမည်ကြောင်း၊ အမျိုးဇာတိကြောင့် မစင်ကြယ်နိုင်၊ အကျင့်ဖြင့်သာ စင်ကြယ်နိုင်ကြောင်း၊ မီးပူဇော်ခြင်းအားဖြင့် ကိလေသာအညစ်အကြေးမှ မစင်ကြယ်နိုင်၊ အသိဉာဏ်တည်းဟူသောမီးတောက်ဖြင့်သာ စင်ကြယ်နိုင်ကြောင်း ဟောကြားတော်မူပါသည်။ ဗုဒ္ဓအား ဆဲရေးခြိမ်းခြောက်သည့် အက္ကောသကပုဏ္ဏားအား ဤသို့ ဆဲရေးခြိမ်းခြောက်ခြင်းကို လက်မခံသဖြင့် ဆဲရေးခြင်းသည် ပုဏ္ဏားထံသို့သာ ပြန်ရောက်ကြောင်း၊ သတိဖြင့် အမျက်ကိုငြိမ်းစေသူသည် မိမိ၊ သူတစ်ပါး နှစ်ဦးစလုံး၏ အကျိုးစီးပွားကို ကျင့်သည်မည်ကြောင်း ဟောကြားဆုံးမတော်မူပါသည်။ မိုက်ရိုင်းကြမ်းကြုတ်သော အသုန္ဒရိကပုဏ္ဏား၊ ဗိလင်္ဂိကပုဏ္ဏား၊ လယ်သမား ဘာရဒွါဇပုဏ္ဏား၊ ဥဒယပုဏ္ဏား၊ မာနခက်ထန်သောပုဏ္ဏား၊ ဆန့်ကျင်ဘက်ကိုလိုလားသော ပစ္စနီကသာတစသူ တို့အား မေတ္တာဖြင့်ဟောကြားရာ ဥပါသကာကောင်းများ ဖြစ်လာပါသည်။

**ယက္ခသံယုတ်။** ။ မြတ်စွာဘုရားက ဘီလူးများအား တရားဟောကြားဆုံးမတော်မူသည်များ ပါရှိပါသည်။ သတ္တဝါသည် မည်သည့်အကြောင်းကြောင့် ခန္ဓာကိုယ်ရလာသည်ကိုမေးလျှောက်ရာ မြတ်စွာဘုရားက ကလလရေကြည်မှ အမြှုပ်၊ အစိုင်အခဲမှ ခန္ဓာကိုယ်ဖြစ်လာပုံကို ဟောကြားတော်မူပါသည်။ သုစိလောမဘီလူးကို အတ္တဘောရှိသောကြောင့် ရာဂ၊ ဒေါသ ဖြစ်လာခြင်း၊ တဏှာရှိသောကြောင့် အတ္တဘောဖြစ်လာခြင်း၊ တဏှာကိုပယ်လျှင် သံသရာမှ လွတ်မြောက်နိုင်ခြင်းတို့ကို ဟောကြားတော်မူပါသည်။ မဏိဘဒ္ဒဘီလူးအား သတိနှင့် မေတ္တာတို့၏ အကျိုးကျေးဇူးကို ဟောကြားတော်မူပါသည်။ ဘီလူးတို့သည် ဗုဒ္ဓသာသနာတော်အကျိုးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အနာထပိဏ်သူဌေးသည် မိုးလင်းပြီထင်၍ ညဉ့်အချိန်တွင်ထ၍ မြတ်စွာဘုရားသီတင်းသုံးနေတော်မူသည့် ယင်းတိုက်တောသချိုင်းသို့သွားရာတွင် ဘီလူးတို့က မြို့တံခါးကိုအဆင်သင့်ဖွင့်ပေးပြီး ကူညီခဲ့ပါသည်။ သုက္ကာဘိက္ခုနီနှင့် စီရာဘိက္ခုနီတို့အားကြည်ညိုသောဘီလူးတို့သည် ရာဇဂြိုဟ်မြို့၌ တစ်လမ်းပြီးတစ်လမ်းသို့ လှည့်လည်လျက် ဂုဏ်ပြုချီးကျူးပြီး ဘိက္ခုနီတို့အား လှူဒါန်းသောဥပါသကာတို့သည် များစွာသောကောင်းမှုကို ပွားစေကြောင်း၊ စင်စစ် ပညာရှိစေကြောင်းပါရှိသော ဂါထာများကို ရွတ်ဆိုကြပါသည်။ ခက်ထန်ကြမ်းတမ်းသော အာဠဝကဘီလူးအား ၎င်းမေးမြန်းသည့်ပြဿနာများကို ဖြေဆိုတော်မူပြီး မေတ္တာဖြင့်အောင်နိုင်တော်မူခဲ့ပါသည်။

**နိဒါနဝဂ်**

ဤနိဒါနဝဂ္ဂကျမ်းတွင် သံယုတ်အခန်းပေါင်း (၁၀)ခန်း၊ သုတ်ပေါင်း (၄၁၉)သုတ် ပါရှိပါသည်။ ဤကျမ်းတွင် အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်ခြင်း၊ ပဋိစ္စသမုပ္ပာဒ်တရား၊ အတွင်းအာယတန(၆)ပါး၊ အပြင်အာယတန(၆)ပါး၊ ဝဋ်ဆင်းရဲဖြစ်ပေါ်လာရသည့်အကြောင်း၊ ချုပ်ငြိမ်းရန်ကျင့်စဉ်များ၊ ခန္ဓာငါးပါးအကြောင်းတို့ကို နည်းပရိယာယ်နှင့် ဥပမာပေါင်းစုံပေး၍ ဟောကြားတော်မူခဲ့ပါသည်။

**နိဒါနသံယုတ်။** ။ အကြောင်းရင်းခံတရားနှင့် ပတ်သက်၍ ဟောကြားသည့်သုတ်များကို စုပေါင်းထားသော နိဒါနသံယုတ်တွင် အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်လာပုံကို အလေးပေး၍ ဟောကြားတော်မူပါသည်။ မသိသော အဝိဇ္ဇာကြောင့် သင်္ခါရ၊ ယင်းမှ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဟူသော ချမ်းသာမဖက် ဆင်းရဲအစုတို့ ဖြစ်ပေါ်လာပုံကို ဟောကြားတော်မူပါသည်။ အဝိဇ္ဇာကြောင့် ဖြစ်ပေါ်လာသည့် ဆင်းရဲအစုတို့ချုပ်ရာအကြောင်းလမ်းစဉ်ကိုလည်း ဟောကြားလမ်းညွှန်တော်မူခဲ့ပါသည်။ ဤသို့ သင်္ခါရချုပ်ရန်အတွက် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယာမဂ်ကို ကျင့်ကြံရမည်ဖြစ်ကြောင်း လမ်းညွှန်တော်မူခဲ့ပါသည်။

**အဘိသမယသံယုတ်။** ။ သစ္စာလေးပါးကို သိမြင်ခြင်းနှင့်စပ်သော ဟောကြားချက်များကို စုပေါင်းထားသော အဘိသမယသံယုတ်တွင် အမှန်တရားကို ထိုးထွင်းသိမြင်ခြင်း၏ အကျိုးကျေးဇူးကြီးပုံကိုလည်းကောင်း၊ သစ္စာလေးပါးကို သိမြင်ပြီးသူအတွက် ဒုက္ခအနည်းငယ်သာ ကျန်ရှိတော့ကြောင်းကိုလည်းကောင်း ဥပမာများပေး၍ ဟောကြားတော်မူပါသည်။ မြတ်စွာဘုရားသည် လက်သည်းများ၌ မြေမှုန့်အနည်းငယ်ကိုတင်၍ မဟာပထဝီမြေကြီးနှင့် နှိုင်းယှဉ်၍ ဟောကြားတော်မူပါသည်။ သစ္စာလေးပါးအမှန်တရားကို သိမြင်ပြီးသော အရိယာတပည့်အတွက် ကြွင်းကျန်သောဒုက္ခသည် လက်သည်းဖျား၌ရှိသော မြေမှုန့်ပမာ အနည်းငယ်သာ ရှိပါသည်။ ကုန်ဆုံးပြီးသောဒုက္ခများသည် မဟာပထဝီမြေကြီးပမာ လွန်စွာများပြားလှကြောင်း ဟောကြားတော်မူပါသည်။ ထိုကဲ့သို့ သမန်းမြက်ဖျားနှင့်ထုပ်ယူသောရေနှင့် ရေကန်ထဲ၌ရှိသောရေ၊ ရေစက်သုံးစက်ဖြင့်ထုပ်ယူသောရေနှင့် တပေါင်းတည်းရှိသောမြစ်ရေ၊ မြေစိုင်ခဲနှင့် မဟာပထဝီမြေကြီး၊ ရေစက်နှစ်စက်သုံးစက်နှင့် မဟာသမုဒ္ဒရာရေ၊ မုန်ညင်းစေ့မျှရှိသောကျောက်ခဲ(၇)ခုနှင့် ဟိမဝန္တာတောင် စသည့် နမူနာများပေး၍ သစ္စာလေးပါး အမှန်တရားသိမြင်ပြီးသောပုဂ္ဂိုလ်အတွက် ကျန်ရှိသော

ဒုက္ခမှာ အနည်းငယ်မျှဖြစ်ပြီး ကုန်ဆုံးသောဒုက္ခမှာ အလွန်ပင်များပြားကြောင်း ဟောကြားတော်မူပါသည်။

**ဓာတုသံယုတ်**။ ။ ဓာတ်သဘောနှင့်စပ်သော ဟောကြားချက်များကို စုပေါင်းထားသည့် ဓာတုသံယုတ်တွင် ဓာတ်အမျိုးမျိုးကိုစွဲ၍ ဖဿအမျိုးမျိုးဖြစ်ပေါ်လာပုံ၊ ဖဿအမျိုးမျိုးကိုစွဲ၍ ခံစားမှုအမျိုးမျိုးဖြစ်ပေါ်လာပုံ၊ ခံစားမှုအမျိုးမျိုးကိုစွဲ၍ အလိုဆန္ဒအမျိုးမျိုးဖြစ်ပေါ်လာပုံ၊ အလိုဆန္ဒအမျိုးမျိုးကိုစွဲ၍ ပူပန်ခြင်းအမျိုးမျိုးဖြစ်ပေါ်လာပုံ၊ ပူပန်ခြင်းအမျိုးမျိုးကိုစွဲ၍ ရှာဖွေခြင်းအမျိုးမျိုး ဖြစ်ပေါ်လာပုံ၊ ရှာဖွေခြင်းအမျိုးမျိုးကိုစွဲ၍ ရခြင်းအမျိုးမျိုးဖြစ်ပေါ်လာပုံတို့ကို ဟောကြားတော်မူပြီး ယင်းဓာတ်များပေါ်တွင် ငြီးငွေ့ပြီး စွဲလမ်းမှုကင်းမှသာလျှင် ဆင်းရဲခြင်းမှလွတ်မြောက်မည်ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။ ထိုနည်းတူ သညာအမျိုးမျိုးကြောင့် ကြံစည်ခြင်းအမျိုးမျိုး၊ အလိုဆန္ဒအမျိုးမျိုး၊ ပူပန်ခြင်းအမျိုးမျိုး၊ ရှာဖွေခြင်းအမျိုးမျိုး၊ ရခြင်းအမျိုးမျိုးတို့ ဖြစ်ပေါ်လာပုံကို ဟောကြားပြီး ဤအမှတ်သညာများကို လျင်မြန်စွာပယ်ဖျက်နိုင်သောပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ပင် ချမ်းသာစွာနေနိုင်ကြောင်း၊ ထို့ပြင် သတ္တဝါတို့သည် ဓာတ်အားဖြင့်သာ ပေါင်းစည်းညီညွတ်ကြကြောင်းကို သဒ္ဓါမရှိသူချင်းပေါင်းစည်းပုံ၊ တည်ကြည်ခြင်းမရှိသူချင်းပေါင်းစည်းပုံ၊ သီလမရှိသူချင်းပေါင်းစည်းပုံတို့ကို ဟောကြားတော်မူပါသည်။ ပထဝီ စသောဓာတ်လေးပါးတို့၏ သာယာဖွယ်ရှိခြင်း၊ အပြစ်ရှိခြင်း၊ ထွက်မြောက်ရန်ရှိခြင်းတို့ကို သိရှိသောပုဂ္ဂိုလ်သည် ဆင်းရဲခြင်းမှလွတ်ကင်း၍ ချမ်းသာစွာနေနိုင်မည်ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

**အနမတဂ္ဂသံယုတ်**။ ။ မသိအပ်သောသံသရာနှင့်စပ်သော ဟောကြားချက်များကို စုပေါင်းထားသည့် အနမတဂ္ဂသံယုတ်တွင် မြတ်စွာဘုရားသည် သံသရာ၏အစ မသိနိုင်ကြောင်းကို ဥပမာများပေး၍ ဟောကြားတော်မူပါသည်။ သတ္တဝါ တို့သည် အသိဉာဏ်ကင်းမဲ့ပြီး စွဲလမ်းမှုတဏှာကြောင့် ဘဝပေါင်းစုံသို့ ပြေးလွှား ကျင်လည်နေကြရာ သတ္တဝါတို့၏အစ မသိနိုင်ပါ။ သံသရာတလျှောက် ဘဝ အဆက်ဆက်တို့၌ ငိုကြွေးရသောမျက်ရည်များသည် မဟာသမုဒ္ဒရာလေးစင်းမှ ရေများထက် များပြားကြောင်း၊ ဘဝအဆက်ဆက်တွင် သောက်စို့ခဲ့သည့် အမိနို့ရည်သည် မဟာသမုဒ္ဒရာလေးစင်းမှရေများထက် ပို၍များပြားကြောင်း၊ ဘဝအဆက်ဆက်ကျင်လည်ခဲ့သောသူတို့၏ ပြာရိုးစုကို စုပေါင်းခဲ့သော် ဝေပုလ္လတောင်နှင့် အမျှဖြစ်နိုင်ကြောင်း နမူနာပေးဟောကြားပြီး သံသရာ၏အစကို မသိနိုင်ကြောင်း မိန့်ကြားတော်မူပါသည်။ ကုန်လွန်ပြီးသောကမ္ဘာများ များပြားပုံကို ဂင်္ဂါမြစ်တွင်းရှိသဲစုကို ဥပမာပေး၍ ဟောကြားတော်မူပါသည်။ ကမ္ဘာသက်တမ်းကို မုန်ညင်းစေ့

ဥပမာပေးပြီး ဟောကြားတော်မူပါသည်။ မုန်ညင်းစေ့ပုံကြီးမှ ယောကျ်ား တစ်ယောက်သည် နှစ်ပေါင်းတစ်ရာလျှင် မုန်ညင်းစေ့တစ်စေ့စီထုတ်ယူခဲ့သော် ထိုမုန်ညင်းစေ့ပုံ ကြီး ကုန်ခန်းသွားသော်လည်း ဖြစ်ပျက်နေသောကမ္ဘာများသည် ကုန်ခန်းသွားမည် မဟုတ်ကြောင်းကို နမူနာပေးဟောကြားကာ သံသရာ၏အစကို သိနိုင်မည်မဟုတ်၍ စိတ်ဆင်းရဲရန်သာရှိကြောင်း၊ သင်္ခါရတို့၏ ဖြစ်ခြင်းပျက်ခြင်း သဘောတို့ကို သိရှိပြီး တပ်မက်ခြင်းကင်းကာ ငြီးငွေ့မှသာလျှင် စင်စစ်ချမ်းသာမှုကို ရရှိနိုင်ကြောင်း ဟောကြားတော်မူပါသည်။

**ကဿပသံယုတ်။** ။ ရှင်မဟာကဿပနှင့် ပတ်သက်၍ ဟောကြားသော သုတ်များကို စုစည်းထားသည့် ကဿပသံယုတ်တွင် မြတ်စွာဘုရားသည် ရသမျှ သော သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းတို့၌ ရောင့်ရဲပြီး မက်မောခြင်းမရှိ။ အပြစ်ကိုရှုလျက် သုံးဆောင်သည့် အရှင်မဟာကဿပကဲ့သို့ ကျင့်ကြံအားထုတ် ရန် ရဟန်းတို့အား တိုက်တွန်းဆုံးမတော်မူပါသည်။ ရှင်မဟာကဿပသည် အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်၊ တိစီဝရိတ်ဓုတင်တို့ကိုဆောင် ၍ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကင်းဆိတ်စွာနေခြင်း၊ လူတို့နှင့်ရောနှော မှုမရှိဘဲ ပြုမူနေထိုင်ခဲ့ပါသည်။ ဤသို့ ကျင့်ကြံနေထိုင်ခြင်းသည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း၊ နောင်လာနောင်သားတို့အား အစဉ်သနားခြင်းတည်းဟူသော အကျိုးနှစ်ပါးကို မြော်မြင်၍ဖြစ်ကြောင်း ရှင်မဟာကဿပကမြတ်စွာဘုရားကို လျှောက်ထားပါသည်။ မြတ်စွာဘုရားသည် ရှင်မဟာကဿပအား မည်မျှအားကိုး သည်ကို ရဟန်းတို့အား ဆုံးမရန် အကြိမ်ကြိမ်တိုက်တွန်းခြင်း၊ အရှင်မဟာကဿပနှင့် သင်္ကန်းချင်းလဲလှယ်ခြင်းတို့ကို ကြည့်ခြင်းအားဖြင့် သိသာနိုင်ပါသည်။

**လာဘသက္ကာရသံယုတ်။** ။ လာဘသက္ကာရနှင့်စပ်၍ ဟောကြားချက်မှာ စုပေါင်းထားသည့် လာဘသက္ကာရသံယုတ်တွင် မြတ်စွာဘုရားသည် လာဘသက္ကာရ ၏ ခက်ထန်ကြမ်းတမ်းပုံ၊ တရားကျင့်ကြံရာတွင် အန္တရာယ်ကြီးပုံတို့ကို နမူနာ အမျိုးမျိုးဖြင့် ဟောကြားတော်မူခဲ့ပါသည်။ လာဘသက္ကာရဆိုသည်မှာ ပစ္စည်းလေး ပါးကိုရခြင်း၊ ပစ္စည်းလေးပါးနှင့် ပူဇော်ဂုဏ်ပြုခံရခြင်းတို့ကို ဆိုလိုပါသည်။ လာဘသက္ကာရကို ငါးမျှားချိတ်၊ မိုးကြိုးသွား၊ အဆိပ်လူးမြားတို့နှင့် တင်စားထား ပါသည်။ လာဘသက္ကာရသည် မာတုဂါမ ဇနပုဒ်အလှမယ်တို့ထက် ရဟန်းတို့၏ စိတ်ကို သိမ်းကျုံးဆွဲဆောင်နိုင်ပါသည်။ လာဘသက္ကာရကို သာယာအလိုရှိသော ရဟန်းသည် မိန်းထိုးခံရသောလိပ်၊ မစင်ပိုး၊ အမွေးရှည်သောသိုး၊ ဝဲစွဲနေသောခွေး၊ လေဖြင့်မျောပါနေသောငှက်တို့နှင့်တူကြောင်း တင်စားထားပါသည်။ လာဘသက္ကာရ ၏ သာယာဖွယ်အဖြစ်မှ လွတ်မြောက်ရာတို့ကို ကောင်းစွာ သိမြင်သူသာလျှင် စင်စစ်ရဟန်းဟူ၍ သမုတ်အပ်ကြောင်း ဟောကြားတော်မူပါသည်။

**ရာဟုလသံယုတ်**။ ။ ရှင်ရာဟုလာအား ဟောကြားသောသုတ်များကို စုပေါင်းထားသည့် ရာဟုလသံယုတ်တွင် မြတ်စွာဘုရားသည် ရာဟုလာအား ရူပါရုံစသော အာရုံခြောက်ပါး၊ စက္ခုဝိညာဏ်စသော ဝိညာဏ်ခြောက်ပါး၊ စက္ခုသမ္ဖဿ စသော ဖဿခြောက်ပါး၊ စက္ခုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာစသော ဝေဒနာခြောက်ပါး၊ အဆင်း၌မှတ်သားခြင်း ရူပသညာစသော သညာခြောက်ပါး၊ အဆင်း၌ စေ့ဆော်ခြင်း ရူပသဉ္စေတနာ စသော စေတနာခြောက်ပါး၊ အဆင်း၌ တပ်မက်ခြင်း ရူပတဏှာ စသော တဏှာခြောက်ပါး၊ ပထဝီ စသော ဓာတ်လေးပါး၊ ရူပက္ခန္ဓာ စသော ခန္ဓာငါးပါးတို့၏ မမြဲပုံကိုသိ၍ ငြီးငွေ့ပြီး တပ်မက်မှုကင်းကာ ကိလေသာမှ လွတ်မြောက်မည်ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။ ခန္ဓာငါးပါးတို့၌ ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့်ရှုမြင်သော ပူပင်ခြင်းမှကင်းငြိမ်းသော၊ ကိလေသာမှကောင်းစွာလွတ်မြောက်သောစိတ်သည် ဖြစ်မည်ဟု ဟောကြားတော်မူပါသည်။

**လက္ခဏသံယုတ်**။ ။ ရှင်လက္ခဏနှင့်စပ်လျဉ်း၍ ဟောကြားချက်များပါရှိသည့် လက္ခဏသံယုတ်တွင် ရှင်လက္ခဏသည် ဂိဇ္ဈကုဋ်တောင်မှဆင်းလာစဉ် ကောင်းကင်၌သွားနေသော အရိုးစုပြိတ္တာကို တွေ့မြင်ခဲ့၍ မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက ဤသတ္တဝါသည် ယခင်ဘဝက ရာဇဂြိုဟ်ပြည်၌ပင် နွားသတ်သမားဖြစ်ခဲ့ကြောင်း၊ ဤမကောင်းမှုကံကြောင့် နှစ် သိန်းပေါင်းများစွာ ငရဲ၌ကျခဲ့ပြီး ထိုကံ၏အကျိုးကြွင်းကြောင့် ဤသို့ အရိုးစုပြိတ္တာအဖြစ် ရရှိခံစားနေရကြောင်း ဟောကြားတော်မူပါသည်။ ထို့အတူ သံလျက်မွေးရှိသောပြိတ္တာသည် ယခင်ဘဝက ဝက်သတ်သမားဖြစ်ခဲ့ကြောင်း၊ အပ်အမွေးပေါက်ရှိသောပြိတ္တာသည် ယခင်ဘဝက ကုန်းချောစကားပြောခဲ့သူဖြစ်ကြောင်း၊ အိုးပမာအမျှ ဝှေးစေ့ရှိသော ပြိတ္တာသည် ယခင်ဘဝက စဉ်းလဲကောက်ကျစ်သော တရားသူကြီးဖြစ်ခဲ့ကြောင်း၊ ထက်ဝန်းကျင်၌ မီးတောက်မီးလျှံထနေသော ရဟန်းပြိတ္တာသည် ယခင်ဘဝက သာသနာ၌ ရဟန်းယုတ်ဖြစ်ခဲ့ကြောင်း စသည်ဖြင့် ပြိတ္တာများဖြစ်ပြီး ဆင်းရဲဒုက္ခများ ခံစားရသည်ကို ဟောကြားတော်မူပါသည်။

**ဩပမ္မသံယုတ်**။ ။ ဥပမာနှင့်ယှဉ်သော ဟောကြားချက်များပါရှိသည့် ဩပမ္မသံယုတ်တွင် အကုသိုလ်မကောင်းမှုဟူသမျှသည် အဝိဇ္ဇာကြောင့်ဖြစ်ကြောင်း၊ အိမ်၏အထွတ်နှင့်တူကြောင်း ဟောကြားတော်မူပြီး မမေ့မလျော့နေထိုင်ကြရန် တိုက်တွန်းဟောကြားတော်မူသည်။ လူတို့၌ လူပြန်ဖြစ်သောသတ္တဝါတို့ နည်းလှကြောင်းကို လူအဖြစ်သည် လက်သည်းဖျားမှ မြေမှုန့်နှင့်တူကြောင်း၊ အခြားဘုံတို့၌ဖြစ်သော သတ္တဝါများမှာ များပြားလှ၍ မဟာပထဝီမြေနှင့်တူကြောင်း ဟောကြားတော်မူပါသည်။ နွားနို့တစ်ညှစ်ခန့်မျှ မေတ္တာစိတ်ကို ပွားများခြင်းသည်

တစ်နေ့လျှင် သုံးကြိမ် ထမင်းအိုးတစ်ရာလှူခြင်းထက် အကျိုးရှိကြောင်း ဟောကြားတော်မူပါသည်။ မထေရ်ကြီးရဟန်းတို့သည် လူတို့လှူဒါန်းသော ပစ္စည်းလေးပါးကို မက်မောခြင်းမရှိဘဲ အပြစ်ကိုရှု၍ သုံးဆောင်ခြင်းသည် ဆင်တို့သည် ကြာစွယ်ကြာရင်းများကိုနုတ်၍ ကောင်းစွာဆေးကြောပြီးလျှင် ကြွပ်ကြွပ်ဝါးစားသည်နှင့်တူကြောင်း၊ ထိုသို့စားမျိုခြင်းကြောင့် ဆင်တို့သည် အဆင်းခွန်အားတိုးပွားခြင်းဖြစ်သကဲ့သို့ ရဟန်းတို့၌လည်း ဖြစ်ပါသည်။ ရဟန်းငယ်တို့သည် လူတို့လှူဒါန်းသော ပစ္စည်းများကို မက်မောတွေဝေသည်ဖြစ်၍ အပြစ်ကိုမရှုဘဲ သုံးဆောင်ကြကြောင်း၊ ထိုသို့သုံးဆောင်ခြင်းသည် ဆင်ကြီးများကိုအတုလိုက်၍ ဆင်ငယ်တို့သည် ကြာစွယ်ကြာရင်းများကိုနုတ်ပြီးနောက် ဘေးကင်းစွာဆေးကြောခြင်းမပြု၊ ကောင်းစွာမဝါးဘဲ ရွှံ့ညွန်နှင့်တကွ စားမျိုကြသည်နှင့်တူသည်။ ထိုသို့စားမျိုခြင်းကြောင့် ခွန်အားမတိုးဘဲ ဆင်းရဲဒုက္ခရောက်ကြရသကဲ့သို့ ရဟန်းငယ်တို့သည်လည်း အဆင်းခွန်အား တိုးပွားခြင်းမရှိဘဲ ဆင်းရဲဒုက္ခရောက်ကြရလေသည်။ ကိုယ်နှုတ်စိတ်သုံးပါးကို စောင့်စည်းခြင်းမရှိဘဲ ရွာနိဂုံးသို့ အချိန်ကြာမြင့်စွာ လှည့်လည်သော ရဟန်းသည် ကြွက်ငယ်ကိုဖမ်း၍ မဝါးဘဲ ချက်ချင်းမျိုချသည့် ကြောင်တစ်ကောင်ကဲ့သို့တူကြောင်း နမူနာပေးတော်မူပါသည်။ ကြွက်ငယ်က အူသိမ်အူမတို့ကို ကိုက်ဖြတ်သဖြင့် သေလောက်သောဆင်းရဲသို့လည်းကောင်း၊ သေခြင်းသို့လည်းကောင်း ရောက်လေသည်။ ထို့အတူ ကိုယ်နှုတ်စိတ်သုံးပါး မစောင့်စည်း၍ တပ်စွန်းခြင်းရာဂဖြစ်ကာ ရဟန်းသည် လူထွက်ပါက အရိယာတို့၏အဆုံးအမ၌ သေခြင်းမည်ပါသည်။ ညစ်နွမ်းသောအပြစ်အာပတ်သို့ရောက်ခြင်းသည် သေလောက်သောဆင်းရဲခြင်းသို့ ရောက်သည်မည်ကြောင်း ဟောကြားတော်မူပါသည်။

**ဘိက္ခုသံယုတ်**။ ။ ရဟန်းတို့နှင့်ပတ်သက်၍ ဟောကြားချက်များပါရှိသည့် ဘိက္ခုသံယုတ်တွင် ရှာန်များဝင်စား၍ မြတ်သောဆိတ်ဆိတ်နေခြင်း၌ မမေ့မလျော့ စိတ်ကို ကောင်းစွာစူးစိုက်တည်ဆောက်ရန် မိန့်ကြားတော်မူပါသည်။ ကြီးမားသော တန်ခိုးအာနုဘော်ရှိသည့် ရှင်မောဂ္ဂလာန်နှင့် မိမိသည် မယှဉ်သာကြောင်း၊ သေးငယ်သောကျောက်စရစ်ခဲသည် ဟိမဝန္တာတောင်နှင့် မယှဉ်သာသကဲ့သို့ဖြစ်ကြောင်း ရှင်သာရိပုတ္တရာက ပြောဆိုပါသည်။ ရှင်မောဂ္ဂလာန်က သေးငယ်သောဆားခဲသည် ဆားအိုးကြီးနှင့် မယှဉ်သာသကဲ့သို့ မိမိသည်လည်း အရှင်သာရိပုတ္တရာနှင့်မယှဉ်သာကြောင်း၊ ရှင်သာရိပုတ္တရာသည် သီလ၊ သမာဓိ၊ ပညာတွင် ရဟန်းများထက်သာလွန်ကြောင်း ပြန်လည်ချီးမွမ်းပြောကြားပါသည်။ ဤသို့ မြတ်စွာဘုရား၏ လက်ဝဲရံ၊ လက်ယာရံ သာဝကနှစ်ပါးတို့ မိမိတို့ကိုယ်ကို နှိမ့်ချခြင်း၊ အချင်းချင်းတို့၏ဂုဏ်ကျေးဇူးကို ချီးကျူးဝမ်းမြောက်ခြင်းတို့သည် နမူနာယူသင့်ကြပါသည်။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးကြသော အရှင်သုဇာတ၊

အရှင်လကုဏ္ဍကာဘဒ္ဒိယ၊ အရှင်ဝိသာခ၊ အရှင်မဟာကပ္ပိန၊ အရှင်ထေရ ရဟန်းတော်များအား မြတ်စွာဘုရားက ချီးကျူးတော်မူပါသည်။ အရှင်နန္ဒအား နတင်များဆောက်တည်ကာ ကာမဂုဏ်တို့၌ ငဲ့ကွက်မှုမရှိဘဲနေရန် ဆုံးမတော်မူပါသည်။ ရဟန်းများက ကဲ့ရဲ့ပြောဆိုကြသောကြောင့် ကိုယ်စိတ်ဆင်းရဲနေသည့် အရှင်တိဿရဟန်းအား အမျက်မထွက်ခြင်းသည် မြတ်ကြောင်း၊ အမျက်ထွက်ခြင်း၊ မာန်မူခြင်း၊ ကျေးဇူးချေဖျက်ခြင်းတို့ကို ပယ်ဖျောက်ရန် ရဟန်းများ အကျင့်မြတ်ကို ကျင့်သုံးရခြင်းဖြစ်ကြောင်း ဆုံးမတော်မူပါသည်။

## ခန္ဓဝဂ်

ခန္ဓဝဂ်၌ သံယုတ်အခန်း(၁၃)ခုနှင့် သုတ်(၇၁၆)သုတ်ပါရှိပါသည်။ ခန္ဓာငါးပါးအကြောင်းကိုလည်းကောင်း၊ အာသဝေါတရားတို့မှ လွတ်မြောက်ရာအကြောင်းကိုလည်းကောင်း အသေးစိတ် နည်းပရိယာယ်မျိုးစုံဖြင့် ဟောကြားတော်မူပါသည်။

**ခန္ဓသံယုတ်။** ။ ခန္ဓာငါးပါးဆိုသည်မှာ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တို့ဖြစ်ပါသည်။ ရုပ်သည် ရေမြှုပ်၊ ဝေဒနာသည် ရေပွက်၊ သညာသည် တံလျှပ်၊ သင်္ခါရသည် ငှက်ပျောပင်၊ ဝိညာဏ်သည် မျက်လှည့်ဆရာ၏ လှည့်စားမှုနှင့်တူသောကြောင့် အနှစ်သာရမရှိ အချည်းနှီးသာဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။ ဤတရားတို့သည် လောကဓမ္မများဖြစ်ကြသည်။ ၎င်းတို့သည် တောက်လောင်သောတရားများ ဖြစ်ကြသည်။ ၎င်းတို့သည် မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သောတရားများ ဖြစ်ကြသည်။ ဤအမှန်တရားကိုမသိ၍ ခန္ဓာငါးပါးကို လိုချင်တပ်မက် စွဲလမ်းကြခြင်းဖြစ်သည်။ ထိုသို့စွဲလမ်းတပ်မက်မှုကြောင့် ကိလေသာမှမလွတ်မြောက်ကြဘဲ ဆင်းရဲဒုက္ခရောက်ကြရခြင်းဖြစ်ပါသည်။ ထို့အတွက် ခန္ဓာငါးပါး၌ လိုချင်တပ်မက်မှု ပယ်ဖျက်ရန်အတွက် ကျင့်ကြံကြရန် ဆုံးမဟောကြားတော်မူပါသည်။ ထိုသို့ကျင့်ကြံရာ၌ ရုပ်ကို ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်ဟု ရှုမှတ်ရမည်။ ရုပ်သည် မမြဲသော၊ ပြုပြင်စီရင်အပ်သော၊ အကြောင်းကိုစွဲ၍ဖြစ်သော ကုန်ခြင်း၊ ပျက်ခြင်း၊ ချုပ်ပျောက်ခြင်းသဘောရှိသော တရားဖြစ်ကြောင်း ရှုကြည့်ရမည်။ခန္ဓာငါးပါး၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုလျက် နေရမည်။ ရုပ်ကို မာတ်၊ အာယတန၊ ပဋိစ္စသမုပ္ပာဒ် သုံးပါးသော အခြင်းအရာနှင့် လေ့လာသိရှိရန် ကျင့်ကြံနေရမည်။ သတိပဋ္ဌာန်လေးပါး ပွားများနေရမည်။ ထိုအခါ ရုပ်ဝေဒနာတို့၏ ကိုယ်စိတ်ချမ်းသာကြည်နူးဖွယ်ရာသဘော၊ မမြဲခြင်း၊ ဖောက်ပြန်ခြင်းသဘောရှိသည့် ရုပ်၏အပြစ်၊ ရုပ်ဝေဒနာတို့၌ လိုချင်မှုတပ်စွဲမှုကို ပယ်ဖျောက်ပြီး ရုပ်မှလွတ်မြောက်ရာတို့ကို ပိုင်းခြားသိမြင်လာမည်။ ရုပ်ဝေဒနာတို့၌ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းပြီး ကိလေ

သာတို့မှ လွတ်မြောက်ကြောင်းသိသောဉာဏ် ဖြစ်လာလိမ့်မည်။ ထိုအခါ ရုပ်ဝေဒနာ၊ ဖြစ်ခြင်း၊ ချုပ်ခြင်း၊ ချုပ်ကြောင်းအကျင့်တရားတို့ကို သိရှိပြီး ဝိဇ္ဇာသို့ကပ်ရောက်သူ ဖြစ်လာလိမ့်မည်။ ဆင်းရဲမှလွတ်မြောက်ပြီးသူ ဖြစ်လာလိမ့်မည်ဟု ဟောကြားတော်မူခဲ့ပါသည်။

**ရာဓသံယုတ်**။ ။ သေခြင်းနှင့်ပတ်သက်၍ ရှင်ရာဓက မြတ်စွာဘုရားအား မေးမြန်းလျှောက်ထားရာတွင် ရုပ်ရှိသော် သေခြင်းသည်လည်းကောင်း၊ သေစေသူသည်လည်းကောင်း၊ သေသူသည်လည်းကောင်း ဖြစ်ကြောင်းတို့အတွက် ရုပ်ကိုသေခြင်း၊ သေစေသူ၊ သေသူဟု ရှုရမည်ဖြစ်ကြောင်း၊ ဤသို့ကောင်းစွာရှုကျင့်က ရုပ်ဝေဒနာတို့၌ ငြီးငွေ့လာမည်။ တပ်မက်မှုကင်းလာမည်၊ လွတ်မြောက်လာမည်၊ ငြိမ်းအေးလာမည်၊ နိဗ္ဗာန်၌ အကျုံးဝင်လာမည်ဟု ဟောကြားတော်မူပါသည်။ ရုပ်ဝေဒနာတို့၌ လိုချင်ခြင်း၊ တပ်မက်ခြင်း၊ နှစ်သက်ခြင်းတို့ ကပ်ငြိသောကြောင့် သတ္တဝါဟုခေါ်ဆိုအပ်ကြောင်း၊ ဤသို့သောအနုသယတို့ကို ဘဝနှောင်ကြိုးဟု ခေါ်ဆိုအပ်ကြောင်း၊ ရုပ်ဝေဒနာတို့၌ စွဲလန်းမှုကုန်ဆုံးသောအခါ တဏှာကုန်ပြီး နိဗ္ဗာန်သို့ဆိုက်ရောက်မည်ဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။

**ဒိဋ္ဌိသံယုတ်**။ ။ ဤသို့ ခန္ဓာငါးပါးတို့တွင် မှားယွင်းစွာနှလုံးသွင်းမိသောကြောင့် အတ္တအယူအဆများ၊ သေပြီးနောက်၌ မဖြစ်တော့ဟူသော အယူအဆများ၊ ကောင်းမှု၊ မကောင်းမှုမရှိ ဟူသော အယူအဆများ၊ အကြောင်းမရှိ ဟူသော အယူအဆများ၊ သံသရာသည် ပြုအပ်ပြီးသော အဆုံးအပိုင်းအခြားရှိ အတိုးအဆုတ် မရှိဟူသော အယူအဆများ၊ လောကသည် မြဲသည်၊ မမြဲသည်၊ အဆုံးရှိသည်၊ မရှိသည်ဟူသော အယူအဆများ ဖြစ်ပေါ်လာကြောင်း ဟောကြားတော်မူပါသည်။ ခန္ဓာငါးပါးသည် မမြဲသောဆင်းရဲစုတရားဖြစ်သည်တို့ကို ပညာဖြင့် ဟုတ်တိုင်း မှန်စွာရှုမြင်ပြီး ခန္ဓာငါးပါးတို့၌ ငြီးငွေ့၍ ကိလေသာတို့မှ လွတ်မြောက်နိုင်သည်ဟု ဟောကြားထားပါသည်။

**ဩက္ကန္တသံယုတ်**။ ။ အာရုံ ၆ ပါး၊ ဝိညာဏ် ၆ ပါး၊ ဖဿ ၆ ပါး၊ ဝေဒနာ ၆ပါး၊ သညာ ၆ပါး၊ စေတနာ ၆ပါး၊ တဏှာ ၆ပါး၊ ဓာတ် ၆ပါး၊ ခန္ဓာငါးပါးတို့သည် မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိသည်ဟု ပညာဖြင့်ရှုနိုင်သူသည် ပုထုဇဉ် ဘဝမှလွတ်မြောက်ပြီး သောတာပန်ဖြစ်နိုင်ကြောင်း ဟောတော်မူပါသည်။

**ဥပ္ပါဒသံယုတ်**။ ။ ဥပ္ပါဒသံယုတ်တွင်လည်း ဩက္ကန္တသံယုတ်အတိုင်း အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ တဏှာ၊ ဓာတ် ၆ပါး၊ ခန္ဓာငါးပါးတို့ ဖြစ်ခြင်း၊ တည်ခြင်း၊ အသစ်ဖြစ်ပေါ်ခြင်း၊ ထင်ရှားပေါ်လွင်လာခြင်းတို့သည် ဆင်းရဲ၏ စ၍ဖြစ်မှု၊ ရောဂါတို့၏ တည်တံ့မှု၊ အိုခြင်းသေခြင်း၏ ထင်ရှားဖြစ်ပေါ်မှုမည်ပါသည်။ ဤဓာတ်များ ချုပ်ငြိမ်းပျောက်ကွယ်သွားပါက ဆင်းရဲ၏

ချုပ်မှု၊ ရောဂါတို့၏ငြိမ်းမှု၊ အိုခြင်း သေခြင်း၏ ပျောက်ကွယ်မှုမည်သည်ဟု ဟောတော်မူပါသည်။

**ကိလေသသံယုတ်**။ ။ ထိုနည်းတူပင် ဤအာရုံ စသည်တို့တွင် လိုချင်တပ်မက်မှု ဆန္ဒရာဂဖြစ်ပွားပါက စိတ်၏ညစ်ညူးမှုဖြစ်မည်။ လိုချင်တပ်မက်မှု ပယ်ရှားပါက စိတ်ညစ်ညူးမှုမှကင်းစင်ပြီး စိတ်သည် လွတ်မြောက်၍ အသိဉာဏ်ဖြင့် တရား၌မျက်မှောက်ပြုနိုင်မည်ဖြစ်ကြောင်း ဟောကြားထားပါသည်။

**သာရိပုတ္တသံယုတ်**။ ။ ရှင်သာရိပုတ္တရာသည် ဈာန်လေးပါး၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာ နာသညာတို့ကို ဝင်စားတော်မူပါသည်။ နိရောဓသမာပတ်ကိုလည်း ဝင်စားတော်မူပါသည်။ သို့အတွက် ရုပ်ဆင်းကြွန္ဒြေတို့သည် အလွန်သန့်ရှင်းဖြူစင်တောက်ပသည်ကို တွေ့ရှိရကြောင်း ရှင်အာနန္ဒာက လျှောက်ထားပါသည်။ သို့စင်လျက် ရှင်သာရိပုတ္တရာသည် ငါသည် ပထမဈာန်ဝင်စားနေသည်၊ ဝင်စားနေဆဲဖြစ်သည်၊ ဝင်စားခဲ့သည်၊ ဈာန်မှထခဲ့သည်ဟု စိတ်အကြံမဖြစ်ပါ။ ထိုသို့မဖြစ်ခြင်းမှာ ငါဟုစွဲယူမှုဒိဋ္ဌိ၊ ငါ့ဥစ္စာဟု စွဲယူမှုတဏှာ၊ ထောင်လွှားမှု မာနာနုသယတို့ကို အကြွင်းမဲ့ပယ်ပြီးဖြစ်သောကြောင့် ဖြစ်ပါသည်။

တစ်နေ့၌ ရှင်သာရိပုတ္တရာသည် နံရံတစ်ခုကိုမှီကာ ဆွမ်းဘုဉ်းပေးနေသည်ကို တွေ့ရှိသည့် သုစိမုခီပရိဗိုဇ်မက မည်ကဲသို့စားနေပါသနည်းဟု မေးမြန်းပါသည်။ ရှင်သာရိပုတ္တရာက မဂ်ဖိုလ်မှ ဗီလာဆန့်ကျင်ဖြစ်သည့် မြေယာအတတ်ဖြင့် မှားသောအသက်မွေးခြင်းပြုသော ရဟန်း၊ ပုဏ္ဏားတို့သည် အောက်သို့ငုံ၍ စားသူနှင့်တူကြောင်း၊ နက္ခတ်ပညာဖြင့် မှားသောအသက်မွေးခြင်းပြုသော ရဟန်း၊ ပုဏ္ဏားတို့သည် အထက်သို့မော့၍ စားသူနှင့်တူကြောင်း၊ တမန်အမှု၊ အစေအပါးအမှုဖြင့် သွားခြင်း၊ အားထုတ်ခြင်းပြုကာ မှားသောအသက်မွေးခြင်းပြုသော ရဟန်း ပုဏ္ဏားတို့သည် အရပ်လေးမျက်နှာသို့လှည့်၍ စားသူနှင့်တူကြောင်း၊ အင်္ဂဝိဇ္ဇာအတတ်ပညာဖြင့် အသက်မွေးခြင်းပြုသော ရဟန်း၊ ပုဏ္ဏားတို့သည် ထောင့်အရပ်များသို့လှည့်၍ စားသူတို့နှင့်တူကြောင်း ဟောကြားတော်မူပါသည်။ မိမိမှာကား ဤသို့ မဂ်ဖိုလ်မှဖီလာသည့်အတတ်ဖြင့် လွဲမှားသောအသက်မွေးခြင်းကို မပြု၊ တရားသဖြင့်သာ ဆွမ်းကိုရှာစားသည်ဟု မိန့်ကြားတော်မူရာ ပရိဗိုဇ်မက နှစ်သက်သဘောကျလှ၍ ရာဇဂြိုဟ်ပြည်တွင် လမ်းများသို့လှည့်လည်၍ ဘုရားသားတော်ရဟန်းတို့သည် တရားနှင့်လျော်စွာ အစာကို စားကြကုန်သည်။ အပြစ်မရှိသောအားဖြင့် အစာကိုစားကြကုန်သည်။ ဘုရားသားတော်ရဟန်းတို့အား ဆွမ်းလှူကြကုန်လော့ဟု ကြွေးကြော်ပြောကြားပါသည်။

**နာဂသံယုတ်**။ ။ နဂါးတို့တွင် ဥ၌ဖြစ်သော အဏ္ဍဇ၊ သားအိမ်၌ဖြစ်သော ဇလာဗုဇ၊ အညစ်အကြေးတို့၌ဖြစ်သော သံသေဒဇ၊ ကိုယ်ထင်ရှားဖြစ်သော ဩပပါတိက ဟူ၍ နဂါးလေးမျိုးရှိကြောင်း ဟောကြားတော်မူပါသည်။ နဂါးတို့သည် လွန်ခဲ့သောဘဝက ကိုယ်၊ နှုတ်၊ စိတ်သုံးပါးဖြင့် ကောင်းမှု၊ မကောင်းမှု နှစ်ပါးစုံကို ပြုလုပ်ခဲ့၍ ဤကဲ့သို့ နဂါးဖြစ်လာရသည်။ ယခုဘဝတွင် ကိုယ်၊ နှုတ်၊ စိတ်သုံး ပါးဖြင့် ကောင်းမှုပြုလုပ်ပါက နောင်ဘဝတွင် နတ်ပြည်သို့ရောက်နိုင်သည်ဟု အကြံရပြီး ဥပုသ်စောင့်ကြကြောင်း ဟောကြားတော်မူပါသည်။ အချို့လူတို့သည် ကောင်းမှု၊ မကောင်းမှု နှစ်ပါးစုံကိုပြုလုပ်ပြီး နဂါးတို့သည် အသက်ရှည်သည်၊ အဆင်းလှသည်၊ ချမ်းသာသည်ဟု ကြားဖူးပြီး နဂါးဖြစ်ရန် တောင့်တသောကြောင့် သေလွန်သောအခါ နဂါးအဖြစ်သို့ရောက်ကြကြောင်း မြတ်စွာဘုရားက ဟောကြား ပါသည်။

**သုပဏ္ဏသံယုတ်**။ ။ ဂဠုန်တို့တွင် ဥ၌ဖြစ်သော အဏ္ဍဇဂဠုန်၊ သားအိမ်၌ဖြစ်သော ဇလာဗုဇဂဠုန်၊ အညစ်အကြေးတို့၌ဖြစ်သော သံသေဒဇဂဠုန်၊ ကိုယ်ထင်ရှားဖြစ်သော ဩပပါတိကဂဠုန် ဟူ၍ လေးမျိုးရှိကြောင်း ဟောကြားတော်မူပါသည်။ ကုသိုလ်၊ အကုသိုလ် နှစ်ပါးစုံကို ပြုလေ့ရှိသူသည် ငါသေလွန်သောအခါ ဂဠုန်အဖြစ်သို့ရောက်သော် ကောင်းလေစွဟု တောင့်တခြင်းကြောင့် သေလွန်သော အခါ ဂဠုန်အဖြစ်သို့ရောက်ကြကြောင်း ဟောကြားပါသည်။

**ဂန္ဓဗ္ဗကာယသံယုတ်**။ ။ ဂန္ဓဗ္ဗနတ်တို့သည် အမြစ်နံ့သာ၌ အစိုးရသော နတ်၊ အနှစ်၊ အကာ၊ အခွံ၊ အပွေး၊ အရွက်၊ အပွင့်၊ အသီး၊ အရသာ၊ တစ်ပင်လုံးအနံ့ရှိသော သစ်ပင်တို့၏အနံ့ကို အစိုးရသောနတ်ဟူ၍ (၁၀)မျိုးရှိကြောင်း ဟောကြားသည်။ အမြစ်နံ့သာကိုပေးလှူ၍ အမြစ်နံ့သာကိုအစိုးရသောနတ်ဖြစ်ရန် တောင့်တခြင်းကြောင့် ထိုနတ်အဖြစ်သို့ရောက်ရကြောင်း ဟောကြားတော်မူပါသည်။

**ဝလာဟကသံယုတ်**။ ။ ကောင်းကင်၌လှည့်လည်သော ဝလာဟကနတ်တို့သည် အအေးကိုဆောင်တတ်သောနတ်၊ အပူကိုဆောင်တတ်သောနတ်၊ တိမ်တိုက် ကိုဆောင်တတ်သောနတ်၊ လေကိုဆောင်တတ်သောနတ်၊ မိုးရေကိုဆောင်တတ် သောနတ်ဟူ၍ ၅ မျိုးရှိသည်။ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးဖြင့် ကောင်းသောအကျင့် ကိုကျင့်၍ ဝလာဟကနတ်အဖြစ်သို့ တောင့်တခဲ့သောကြောင့် သေလွန်သောအခါ နတ်အဖြစ်သို့ရောက်ပါသည်။ အအေး၊ အပူ၊ တိမ်တိုက်များ၊ လေတိုက်ခြင်း၊ မိုး ရွာခြင်း စသည်တို့ကို ဆောင်တတ်သည့်နတ်တို့သည် တစ်ခါတစ်ရံ၌ "ငါတို့သည် မိမိတို့၏မွေ့လျော်မှုဖြင့် မွေ့လျော်၍နေရပါမူ ကောင်းလေစွ"ဟု စိတ်တောင့်တ ခြင်းကြောင့် လောက၌ အေးခြင်း၊ ပူခြင်း၊ လေတိုက်ခြင်း၊ မိုးရွာခြင်း စသည်တို့ ဖြစ်ပေါ်လာသည်ဟု ဟောကြားပါသည်။

**ဝဋ္ဋဂေါတ္တသံယုတ်။** ။ ဝဋ္ဋဂေါတ္တပရိဗိုဇ်အား ရုပ်၊ ဝေဒနာ စသည်တို့၌ မသိခြင်း၊ ရုပ်၊ ဝေဒနာ စသည်တို့၏ဖြစ်ကြောင်း၊ ချုပ်ရာ၊ ချုပ်ရာသို့ရောက်ကြောင်းအကျင့်တို့ကို မသိခြင်းကြောင့်၊ မမြင်ခြင်းကြောင့်၊ အဖန်တလဲလဲမရှုခြင်းကြောင့် လောကသည် မြဲသည်၊ မမြဲသည်ဟူသော အယူအဆအမျိုးမျိုး ဖြစ်ပေါ်လာကြောင်း ဟောကြားထားပါသည်။

**ဈာနသံယုတ်။** ။ မြတ်စွာဘုရားက ဈာန်ရသူတို့ လေးမျိုးရှိကြောင်း ဟောတော်မူပါသည်။ အချို့သောဈာန်ရသူတို့သည် ဈာန်၌သာလိမ္မာသည်၊ ဈာန်ဝင်စားမှု၌မလိမ္မာ။ အချို့သောဈာန်ရသူသည် ဈာန်ဝင်စားမှု၌သာလိမ္မာသည်၊ ဈာန်၌မလိမ္မာ။ အချို့သည် ဈာန်၌လည်းမလိမ္မာ၊ ဈာန်ဝင်စားမှု၌လည်း မလိမ္မာ။ အချို့သောသူတို့သည် ဈာန်၌လည်းလိမ္မာသည်၊ ဈာန်ဝင်စားမှု၌လည်း လိမ္မာသည်။ ဤလေးမျိုးတို့တွင် ဈာန်၌လည်းလိမ္မာ၊ ဈာန်ဝင်စားမှု၌လည်းလိမ္မာသူသည် အမြတ်ဆုံးဖြစ်သည်။ ထိုနည်းတူ ဈာန်ကိုတည်တံ့ရန်ထားမှု၊ ဈာန်မှထမှု၊ ဈာန်ကို ခိုင်ခံ့အောင်ပြုမှု၊ ဈာန်ကသိုဏ်းအာရုံ၊ ဈာန်၏ကျက်စားရာအာရုံ၊ ဈာန်ကို ရှေးရှုဆောင်ရွက်မှု၊ ဈာန်၌ အရိုအသေပြုမှု၊ ဈာန်၌ အမြဲမပြတ်ပြုလေ့ရှိမှု၊ ဈာန်အား လျောက်ပတ်သည်ကို ပြုလေ့ရှိမှုဟူသော အချက်တို့နှင့်ယှဉ်၍လည်း ဈာန်ဝင်စားမှု၌လိမ္မာသည်၊ ဤ(၉)ချက်၌မလိမ္မာ၊ ဤ(၉)ချက်၌လိမ္မာသည်၊ ဈာန်ဝင်စားမှု၌ မလိမ္မာ၊ ဈာန်ဝင်စားမှု၌လည်းမလိမ္မာ၊ ဤ(၉)ချက်၌လည်းမလိမ္မာ၊ ဈာန်ဝင်စားမှု၌လည်းလိမ္မာသည်၊ ဤ(၉)ချက်၌လည်းလိမ္မာသည်ဟူ၍ ဈာန်ရသူလေးမျိုးတို့ကို ထပ်မံ၍ (၉)မျိုး ခွဲခြားဟောကြားတော်မူပါသည်။

## သဠာယတနဝဂ်

ဤသဠာယတနဝဂ်ကျမ်းတွင် သံယုတ်အခန်းပေါင်း(၁၀)၊ သုတ်ပေါင်း(၄၃၃)သုတ်ပါရှိပါသည်။ အသိစိတ်ဖြစ်ပေါ်လာကြောင်းဖြစ်သော အာယတနတရားတို့ကို ဖော်ပြထားပါသည်။

**သဠာယတနသံယုတ်။** ။ အသိစိတ်ဖြစ်ကြောင်းတရားဟူသော အာယတန(၁၂)ပါးရှိပါသည်။ ၎င်းတို့မှာ အတွင်းအာယတန(၆)ပါး၊ အပြင်အာယတန(၆)ပါးတို့ဖြစ်ပါသည်။ အတွင်းအာယတန(၆)ပါးဆိုသည်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တို့ဖြစ်ပါသည်။ ၎င်းတို့သည် အခံဓာတ်များဖြစ်ပါသည်။ အပြင်အာယတန(၆)ပါးဆိုသည်မှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ တရားသဘောတို့ဖြစ်ပါသည်။ ၎င်းတို့သည် အတိုက်ဓာတ်များဖြစ်ပါသည်။ ဤအခံဓာတ်နှင့် အတိုက်ဓာတ်များ တွေ့ထိသောအခါ အသိစိတ်များ၊ ခံစားမှုဝေဒနာများ၊ တပ်မက်မှုတဏှာများ ဖြစ်ပေါ်လာပါသည်။ အဆင်းရူပါရုံ၊

အသံသဒ္ဒါရဲ့ စသည့် အာရုံ(၆)ပါးတို့ကို တပ်မက်စွဲလမ်းပါက ရာဂ၊ ဒေါသ၊ မောဟမီးများ တောက်လောင်ပါတော့သည်။ မွေးခြင်း၊ အိုခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတည်းဟူသော မီးတို့ဖြင့် တောက်လောင်နေပါသည်။ ဤသို့ အာရုံကို တပ်မက်စွဲလမ်းမှုကြောင့် ဒုက္ခဆင်းရဲရောက်ကြရပါသည်။ အာယတနတရားတို့၏ သဘောသဘာဝအမှန်ကို မသိသည့်အဝိဇ္ဇာကြောင့် တပ်မက်စွဲလမ်းခြင်းဖြစ်ရပါသည်။ ဤတရားအားလုံး မမြဲ၊ ဖောက်ပြန်သောသဘောရှိသည်။ မမြဲခြင်း၊ ဖောက်ပြန်ခြင်းကြောင့် ဆင်းရဲခြင်းဒုက္ခ ဖြစ်ရပါသည်။ ၎င်းတို့၌ ငါ၊ ငါ့ဟာ၊ ငါ၏ကိုယ်ဟု အထင်မှားရှုမြင်သောကြောင့်ဖြစ်သည်။ ကိလေသာများ ပွားများကြရပါသည်။

ဤဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်အတွက် အာယတနများ၏ သဘောသဘာဝကို ပိုင်းခြားသိမြင်နားလည်ရပါမည်။ ၎င်းတို့သည် မိမိပိုင်၊ မိမိဥစ္စာမဟုတ်ကြောင်း သိရှိနားလည်အောင် ကျင့်ကြံရမည်။ တိုက်ဆိုင်၍သာ ဖြစ်ပေါ်လာပြီး ဖောက်ပြန်ပျက်စီးသွားသည်ကို ရှုမြင်ရမည်။ ၎င်းတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း၊ သာယာဖွယ်ဖြစ်ခြင်း၊ အပြစ်ရှိခြင်း၊ လွတ်မြောက်ရန်ရှိခြင်းတို့ကို သိရှိရန်အတွက် သမထနှင့်ဝိပဿနာတို့ကို ကျင့်ကြံရမည်။ နိမိတ်ပုံအမှုအရာတို့ကို စွဲယူခြင်းမရှိဘဲ ဣန္ဒြေ(၆)ပါးတို့ကို ထိန်းသိမ်းရမည်။ အာယတနတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုကြည့်ရမည်။ ဤသို့ကျင့်ကြံလျှင် အာရုံနှင့် ဝေဒနာတို့၌ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်းများဖြစ်ကာ အာသဝေါတရားတို့မှလွတ်မြောက်ပြီး အေးချမ်းသောနိဗ္ဗာန်တရားကို မျက်မှောက်ပြုနိုင်မည်ဟု ဟောကြားလမ်းညွှန်တော်မူပါသည်။

မျက်စိရှုပါရဲ့ စသည့်တို့သည် ဓာတ်သဘောများသာဖြစ်ပြီး အနှောင်အဖွဲ့များမဟုတ်ကြောင်း၊ အထင်အမြင်မှောက်မှားပြီး နှလုံးသွင်းမှားသောကြောင့် ယင်းတို့အပေါ်တွင် စွဲလမ်းသော ဆန္ဒရာဂသည်သာလျှင် အနှောင်အဖွဲ့ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။ အာရုံ(၆)ပါးကို နှစ်သက်စွဲလမ်းသူသည် ငါးများချိတ်ကိုမျိုထားသည့် ငါးနှင့်တူကြောင်း၊ အစေးထွက်သည့်သစ်ပင်နှင့်တူကြောင်း ဥပမာပေးထားပါသည်။ ဤအာရုံ(၆)ပါးတို့၏ မမြဲသောသဘော၊ ဆင်းရဲခြင်းကိုဆောင်တတ်သောသဘောတို့ကို အဖန်တလဲလဲ ကျင့်ကြံသိရှိပြီး ဆန္ဒရာဂတို့ကို ပယ်ရမည်ဖြစ်ကြောင်း၊ ထိုအခါ မိမိအလိုလိုသာ ငြိမ်းအေးမည်ဖြစ်ကြောင်း ဟောကြားပါသည်။

**ဝေဒနာသံယုတ်**။ ။ ဝေဒနာသုံးပါးသည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာတို့ဖြစ်ပါသည်။ ဤခံစားမှုဝေဒနာတို့၏ ဖြစ်ကြောင်းတရား၊ ချုပ်ငြိမ်းရာသို့ရောက်ကြောင်းအကျင့်တို့ကို ကောင်းစွာသိမြင်သောသူသည် တပ်မက်စွဲလမ်းခြင်း တဏှာကိုဖြတ်ပြီး ဒုက္ခကုန်ဆုံးခြင်းသို့ ရောက်ရှိနိုင်ကြောင်း

ဟောကြားတော်မူပါသည်။ ထိုအရိယာပုဂ္ဂိုလ်တို့က ဤခံစာမှုဝေဒနာများသည် ခန္ဓာ ကိုယ်ကိုစွဲ၍ဖြစ်ပေါ်လာကြောင်း၊ ခန္ဓာကိုယ်သည်ပင် မမြဲခြင်း၊ ပျက်စီးခြင်း၊ ချုပ် ငြိမ်းခြင်းသဘောရှိကြောင်း၊ သို့အတွက် ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်သော ဝေဒနာများ သည်လည်း မမြဲခြင်း၊ ပျက်စီးခြင်း၊ ချုပ်ငြိမ်းခြင်းသဘောရှိကြောင်း သိမြင်ကာ ဝေဒနာကို ကိလေသာနှင့်မယှဉ်ဘဲ အသိ၊ သတိတရားနှင့်ယှဉ်ကာ ခံစားကြသည်။ အတွင်းအာယတန(၆)ပါးနှင့် အပြင်အာယတန(၆)ပါးတို့ တွေ့ထိသောဖဿကြောင့် ခံစားမှုဝေဒနာများ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ယင်းခံစားမှုဝေဒနာများ၌ ဆန္ဒ ရာဂကိုပယ်ဖျက်ခြင်းသည် ဝေဒနာမှလွတ်မြောက်ရာဖြစ်ကြောင်း၊ ဤသို့ လွတ် မြောက်ရာအကျင့်လမ်းစဉ်သည် မဂ္ဂင်ရှစ်ပါးပင်ဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။

**ဇမ္ဗုခါဒကသံယုတ်။** ။ ရှင်သာရိပုတ္တရာက ဇမ္ဗုခါဒကပရိဗိုဇ်အား ရာဂ၊ ဒေါသ၊ မောဟတို့၏ ကုန်ရာသည် နိဗ္ဗာန်ဟုဆိုအပ်ကြောင်း၊ နိဗ္ဗာန်ကို မျက်မှောက် ပြုရန် အကျင့်လမ်းစဉ်သည် မဂ္ဂင်ရှစ်ပါးပင်ဖြစ်ကြောင်း ဟောကြား ပါသည်။ မြတ်စွာဘုရားထံ၌ ဒုက္ခကိုပိုင်းခြား၍ သိခြင်းအလို့ငှာ အကျင့်မြတ်ကို ကျင့်ကြောင်း ဖြေကြားပါသည်။ ဖဿာယတန(၆)ပါး၊ ဝေဒနာ(၃)ပါး၊ အာသဝ (၃)ပါး၊ အဝိဇ္ဇာ၊ တဏှာ(၃)ပါး၊ ဩဃ(၄)ပါး၊ မောဟ၊ ဘဝ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာ၊ ဥပါဒါန်(၄)ပါး၊ ဘဝ(၃)ပါး၊ ဒုက္ခ(၃)ပါး၊ ဥပါဒါနက္ခန္ဓာ(၅)ပါးဟူသော သက္ကာယ တရားတို့ကို ပိုင်းခြားသိမြင်ပြီး ပယ်ရန်အကျင့်လမ်းစဉ်သည် မဂ္ဂင်ရှစ်ပါးပင် ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

**သာမဏ္ဍကသံယုတ်။** ။ သာမဏ္ဍကပရိဗိုဇ်က ရှင်သာရိပုတ္တရာအား နိဗ္ဗာန်အကြောင်း မေးမြန်းရာတွင် ဇမ္ဗုခါဒကသံယုတ်ပါအတိုင်း ဖြေကြားတော် မူပါသည်။

**မောဂ္ဂလာနသံယုတ်။** ။ ရှင်မောဂ္ဂလာန်သည် ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ အာကာသာနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စညာယတနဈာန်၊ နေဝသညာနာသညာယတနဈာန်တို့ ဝင်စားရာ၌ အမှတ် သညာနှင့် နှလုံးသွင်းခြင်းတို့က လွှမ်းမိုးလာရာ မြတ်စွာဘုရားက တန်ခိုးတော် ဖြင့် ဈာန်များအပေါ်၌ စိတ်ကိုတည်ကြည်အောင်ထားရန် လမ်းညွှန်တော်မူပါသည်။ ထို့အတူ နိမိတ်အာရုံတို့ကို နှလုံးမသွင်းသည့် အနိမိတ္တစေတောသမာဓိကို ဝင်စား ရာတွင် နိမိတ်အာရုံသို့ အစဉ်လိုက်သော စိတ်ဝိညာဏ်သည် ဖြစ်ပေါ်လာသော ကြောင့် မြတ်စွာဘုရားက တန်ခိုးတော်နှင့် နိစ္စနိမိတ် စသည့် ကင်းဆိတ်သော စိတ်၏တည်ကြည်ခြင်း၌ စိတ်ကို ကောင်းစွာတည်ထားရန် လမ်းညွှန်တော်မူခဲ့ပါ သည်။

ရှင်မဟာမောဂ္ဂလာန်သည် နတ်ပြည်သို့ကြွပြီး သိကြားမင်းနှင့် နတ်တို့အား ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို ဟောကြားပါသည်။ ရတနာသုံးပါးတို့အား သက်ဝင်ယုံကြည် ကြည်ညိုသောသူများသည် သေဆုံးကြသောအခါ နတ်ပြည်သို့ရောက်၍ အခြားနတ်များထက် အသက်၊ အဆင်း၊ ချမ်းသာ၊ အခြံအရံ၊ အစိုးရခြင်း၊ နတ်၌ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟူသော အကြောင်း(၁၀)ပါးတို့၌ သာလွန်ကြောင်း ဟောကြားတော်မူပါသည်။

**စိတ္တသံယုတ်။** ။ စိတ္တသူကြွယ်သည် မထေရ်ကြီးများနှင့် တွေ့ဆုံမေးမြန်းဆွေးနွေးသည်များကို ဤအခန်းတွင် ဖော်ပြထားပါသည်။ ဆန္ဒရာဂသည် သံယောဇဉ်ဖြစ်ကြောင်း၊ မျက်စိနှင့်ရူပါရုံတို့သည် သံယောဇနိယ–သံယောဇဉ်အကြောင်းဖြစ်ကြောင်း စိတ္တသူကြွယ်က မထေရ်ကြီးများအား ရှင်းလင်းပြောကြားပါသည်။ ထိုနည်းတူ စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ် စသည့် ဓာတ်(၁၈)ပါးရှိကြောင်း မြတ်စွာဘုရားက ဟောကြားခဲ့သည်ကိုလည်း ရှင်းလင်းလျှောက်ထားပါသည်။ စိတ္တသူကြွယ်က လောကသည် မြဲ၊ မမြဲ၊ စသော မိစ္ဆာအယူ (၆၂)ပါးတို့သည် ဘယ်တရားကြောင့်ဖြစ်သည်ကို မေးမြန်းရာတွင် ရှင်ဣသိဒတ္တမထေရ်က သက္ကာယဒိဋ္ဌိဖြစ်ကြောင်း၊ သက္ကာယဒိဋ္ဌိသည် ခန္ဓာငါးပါးကို အတ္တဟု ရှုခြင်းကြောင့်ဖြစ်ကြောင်း မိန့်ကြားပါသည်။ သင်္ခါရတရားတို့နှင့်ပတ်သက်၍ စိတ္တသူကြွယ်၏မေးခွန်းကို ရှင်ကာမဘူက သင်္ခါရတရားတို့သည် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရဟူ၍ သုံးပါးရှိကြောင်း ဖြေကြားတော်မူပါသည်။ ထွက်သက်၊ ဝင်သက်တို့သည် ကိုယ်၌ဖြစ်၍ ဆက်စပ်သောကြောင့် ကာယသင်္ခါရမည်ကြောင်း၊ ရှေးဦးစွာ ဝိတက် ကြံစည်ခြင်း၊ ဝိစာရ ဆင်ခြင်သုံးသပ်ခြင်းတို့ပြုပြီးမှ စကားကိုဆိုကြသောကြောင့် ဝိတက်နှင့် ဝိစာရသည် ဝစီသင်္ခါရဟုမည်ကြောင်း၊ အမှတ်သညာနှင့် ခံစားမှုဝေဒနာတို့သည် စိတ်နှင့်ယှဉ်၍ ဆက်စပ်မှုရှိသောကြောင့် စိတ္တသင်္ခါရဟုမည်ကြောင်း ရှင်းလင်းဟောကြားတော်မူပါသည်။ ဤသညာနှင့် ဝေဒနာများချုပ်ရန် နိရောဓသမာပတ်ကို ဝင်စားကြရပါသည်။ ဤနိရောဓသမာပတ်အား သမထနှင့် ဝိပဿနာတို့က ကျေးဇူးပြုကြောင်း ဟောကြားပါသည်။

**ဂါမဏိသံယုတ်။** ။ အသိဗန္ဓကပုတ္တအမည်ရှိသော ရွာသူကြီးက မြတ်စွာဘုရားထံ ချဉ်းကပ်၍ တစ်လောကလုံးကို သေလွန်သောအခါ နတ်ပြည်သို့ ရောက်အောင် မြတ်စွာဘုရားက စွမ်းဆောင်နိုင်ပါသလောဟု မေးမြန်းသောအခါ ရေထဲသို့ပစ်ချသောကျောက်တုံးကို ရေပေါ်သို့ပေါ်စေရန် အများက ဝိုင်းဝန်းတောင်းပန်သော်လည်း မရသကဲ့သို့ မကောင်းမှုပြုလေ့ရှိသောသူအား နတ်ပြည်သို့ရောက်ပါစေဟု အများက ဝိုင်းဝန်းတောင်းပန်သော်လည်း အပါယ်သို့ကျမည်ဖြစ်ကြောင်း၊

ထောပတ်ဆီဦး ပါသော ဆီတို့ကို ရေနက်ထဲသို့ချပြီး ထောပတ်ဆီဦးတို့ကို ရေအောက်သို့နစ်ပါစေဟု ဝိုင်းဝန်းတောင်းပန်သော်လည်း မနစ်ဘဲ ပေါ်သကဲ့သို့၊ မကောင်းမှုကို ရှောင်ကြဉ်သော သူကို အပါယ်ငရဲရောက်ပါစေဟု အများက ဝိုင်းဝန်းတောင်းပန်သော်လည်း နတ်ပြည်သို့သာ ရောက်မည်ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

သခ်ဓမသုတ်တွင် မြတ်စွာဘုရားကို ယုံကြည်သောသူသည် မိမိကျူးလွန်မိခဲ့သည့် မကောင်းမှုအတွက် စိတ်နှလုံး မသာယာခြင်းဖြစ်မနေဘဲ ထိုမကောင်းမှုကို စွန့်ပယ်သည်။ နောင်တွင် မကောင်းမှုကို ရှောင်ကြဉ်သည်။ ဤသို့အားဖြင့် မကောင်းမှုကို စွန့်ပယ်ခြင်း၊ လွတ်မြောက်ခြင်းဖြစ်လေသည်။ ထို့အပြင် အပိုင်းအခြား၊ အကန့်အသတ်မရှိသည့် မေတ္တာ၊ ကရုဏာတို့ကို အကြိမ်ကြိမ်အဖန်ဖန်ပွားများနေသည်။ ဤသို့ ကျင့်ကြံခြင်းအားဖြင့် မကောင်းမှုအကုသိုလ်ကံတို့ကို ယွမ်းမိုးနိုင်သည်။ ထို့အတွက် မကောင်းမှုပြုလုပ်မိသူတိုင်း အပါယ်ငရဲသို့ ကျရောက်သည်ဟူသော နာဋပုတ္တ၏စကားသည် မှားယွင်းကြောင်း၊ မကောင်းမှုတို့မှ လွတ်မြောက်အောင် အစွဲအလမ်း၊ တပ်မက်မှုကို စွန့်ပယ်ခြင်း၊ မေတ္တာ၊ ကရုဏာတရားပွားများခြင်းတို့ကို အားထုတ်ကျင့်ကြံနိုင်ကြောင်း ဟောကြားလမ်းညွှန်တော်မူပါသည်။ ဤသို့ ပွားများအားထုတ်သော် အပြစ်ကင်းစင်မှုကို သိရှိဝမ်းမြောက်ခြင်း၊ နှစ်သိမ့်ခြင်း၊ ကိုယ်ငြိမ်းချမ်းမှုရှိခြင်း၊ ချမ်းသာခြင်း၊ စိတ်တည်ငြိမ်ခြင်း၊ ယုံမှားခြင်းမှ လွတ်မြောက်ခြင်းတို့ကို ရရှိနိုင်သည်ဟု ဟောကြားတော်မူပါသည်။

**အသင်္ခတသံယုတ်**။ ။ အသခ်တတရားဆိုသည်မှာ မပြုပြင်အပ်သောတရား၊ ရာဂ၊ ဒေါသ၊ မောဟကုန်ရာ နိဗ္ဗာန်ဖြစ်ကြောင်း၊ ဤနိဗ္ဗာန်ရောက်ကြောင်းလမ်းသည် ရုပ်အပေါင်းတို့ အောက်မေ့ဆင်ခြင်သည့် ကာယဂတာသတိဖြစ်ကြောင်း ဟောကြားတော်မူပါသည်။ အချုပ်အားဖြင့် ဗောဓိပက္ခိယတရား(၃၇)ပါးသည် အသခ်တခတ်ဟူသော နိဗ္ဗာန်သို့ရောက်သည့်လမ်းဖြစ်ကြောင်း ဟောကြားတော်မူပါသည်။ နိဗ္ဗာန်ကို အကြောင်းတရားများက ပြုလုပ်ဖန်တီး၍မရသောတရား၊ တဏှာဟူသော တိမ်းညွတ်ခြင်းမရှိရာ၊ အာသဝေါတရား ကင်းရာ၊ မှန်ကန်သောတရား၊ ဘေးကင်းသောတရား၊ ရာဂကင်းရာ၊ လွတ်မြောက်ရာ စသည်ဖြင့် ပရိယာယ်ဝေါဟာရ (၃၃)ပုဒ်ဖြင့် နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောကြားထားပါသည်။

**အဗျာကတသံယုတ်**။ ။ ဤအခန်းတွင် သတ္တဝါသည် သေပြီးသည့်နောက်၌ဖြစ်သည် စသည်ဖြင့် မြတ်စွာဘုရားဟောကြားခြင်းမပြုကြောင်း ရှင်းလင်းထားပါသည်။ သတ္တဝါဟူသည်မှာ ပညတ်သာဖြစ်ပြီး အမှန်မှာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သာ ဖြစ်ပါသည်။ ၎င်းတို့သည်လည်း အနိစ္စ၊ ဒုက္ခ၊

အနတ္တတရားများသာ ဖြစ်ပါသည်။ သတ္တဝါဟူသည်ကို အစစ်အမှန်အားဖြင့် ရှာဖွေ၍မရပါ။ ဤတရားတို့၏ ဖြစ်ကြောင်း၊ ချုပ်ကြောင်း၊ ချုပ်ရာသို့ရောက်ကြောင်း အကျင့်လမ်းစဉ်တို့ကို ဟုတ်တိုင်းမှန်စွာ မသိခြင်းကြောင့်သာလျှင် သေပြီးနောက်၌ ဖြစ်သည်၊ မဖြစ်သည်ဟူသော အယူအဆများ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ဤရုပ်၊ ဝေဒနာတို့၌ နှစ်သက်စွဲလမ်းခြင်းမရှိဘဲ ၎င်းတို့၏ချုပ်ရာကို ဟုတ်တိုင်းမှန်စွာ သိမြင်သောသူအတွက် ဤအယူအဆများသည် မဖြစ်ပေါ်လာပါ။ ဒုက္ခနှင့် ဒုက္ခချုပ်ငြိမ်းခြင်းကိုသာ မြတ်စွာဘုရားက ပညတ်ဟောကြားတော်မူပါသည်။

**မာတုဂါမသံယုတ်**။ ။ မာတုဂါမသံယုတ်တွင် ယောက်ျားတို့သည် အဆင်းလှသော၊ ပစ္စည်းဉစ္စာရှိသော၊ သီလရှိသော၊ သွက်လက်ကျွမ်းကျင်သော၊ သားသမီး ရသော အင်္ဂါ(၅)ပါးနှင့် ပြည့်စုံသော မိန်းမကို နှစ်သက်မြတ်နိုးကြကုန်သည်။ မိန်းမဖြစ်ရ၍ လင့်အိမ်သို့လိုက်ရခြင်း၊ ရာသီပန်းပွင့်ခြင်း၊ ကိုယ်ဝန်ဆောင်ရခြင်း၊ သားဖွားရခြင်း၊ လင်ကို လုပ်ကျွေးရခြင်းဟူသော ဒုက္ခ(၅)ပါးကို ခံစားရပါသည်။ သဒ္ဓါမရှိသော၊ အရှက်မရှိသော၊ အကြောက်မရှိသော၊ အမျက်ဒေါသကြီးသော၊ ပညာမရှိသော၊ တရားငါးပါးနှင့်ပြည့်စုံသောမိန်းမသည် သေလွန်သောအခါ အပါယ်ကျရောက်တတ်ပါသည်။ ဤတရားနှင့် ဆန့်ကျင်ဘက် သဒ္ဓါရှိသော၊ အရှက်ရှိသော၊ အကြောက်ရှိသော၊ အမျက်ဒေါသမကြီးသော၊ ပညာရှိသောတရား (၅)ပါးနှင့်ပြည့်စုံသော မိန်းမသည် သေလွန်သောအခါ နတ်ပြည်သို့ရောက်ရပါသည်။ အဆင်း၊ စည်းစိမ်၊ ဆွေမျိုး၊ သားသမီး၊ သီလဟူသော (၅)ပါးနှင့် ပြည့်စုံသော မိန်းမသည် မိမိအိမ်ထောင်ကို ကျနပိုင်နိုင်ရဲရင့်စွာ စီမံအုပ်ချုပ်နိုင်ပါသည်။ ထိုကဲ့သို့သော မိန်းမအပေါ်တွင် အစိုးရခြင်းတည်းဟူသောအား တစ်ပါးနှင့် ပြည့်စုံသော ယောက်ျားက လွှမ်းမိုးနိုင်ပါသည်။ မိန်းမများရနိုင်ခဲသော အရာငါးပါးမှာ သင့်လျော်သော အမျိုး၌ဖြစ်ခြင်း၊ သင့်လျော်သော လင့်အိမ်သို့ရောက်ရခြင်း၊ မယားပြိုင်မရှိသော အိမ်ထောင်ကို အုပ်ချုပ်ရခြင်း၊ သားသမီးရရှိခြင်း၊ လင်ကို လွှမ်းမိုးနိုင်ခြင်းဟူသော အကြောင်းများဖြစ်ကြောင်း ဟောကြားထားပါသည်။

**မဟာဝဂ်**

မဟာဝဂ္ဂသံယုတ်တွင် သံယုတ်ပေါင်း(၁၂)ခု၊ သုတ်ပေါင်း(၂၀၀၁)သုတ်ပါရှိပါသည်။ ဗုဒ္ဓဝါဒ၏ အရေးအကြီးဆုံးသော ပင်မကျင့်စဉ်ကြီးဖြစ်သည့် မဂ္ဂင်ရှစ်ပါးနှင့် ပတ်သက်သည်များကို ဦးဆောင်၍ဖော်ပြထားပါသည်။ ထို့နောက် ဗောဓိပက္ခိယ(၃၇)ပါးတွင် ပါရှိသော ဤမဂ္ဂင်(၈)ပါး၊ ဗောဇ္ဈင်(၇)ပါး၊ သတိပဋ္ဌာန်(၄)ပါး၊ ဣန္ဒြေ (၅)ပါး၊ သမ္မပ္ပဓာန်(၄)ပါး၊ ဗိုလ်(၅)ပါး၊ ဣဒ္ဓိပါဒ်(၄)ပါးတို့ကို သံယုတ်တစ်ခန်းချင်း ဖွဲ့စည်းစီစဉ်ထားပါသည်။ ထို့အပြင် ဈာန်(၄)ပါး၊ အာနာ

ပါနရှုနည်းများ၊ သောတာပန်တို့၏အကြောင်း၊ သစ္စာ(၄)ပါးတရားတို့နှင့် ပတ်သက်၍ မြတ်စွာဘုရားဟောကြားတော်မူသည်များကို အခန်းလိုက် စုစည်းဖော်ပြထားပါသည်။ သို့အတွက် ဤ မဟာဝဂ်သည် သတ္တဝါများ ဒုက္ခဆင်းရဲမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း မြတ်စွာဘုရား ဟောကြားလမ်းညွှန်တော်မူသော ကျင့်စဉ်များကို စုစည်းဖော်ပြထားသောကြောင့် အထူးပင်အရေးပါလှပါသည်။

**မဂ္ဂသံယုတ်။** ။ မသိခြင်းအဝိဇ္ဇာကြောင့် အကုသိုလ်၊ မကောင်းသောတရားများ ဖြစ်ကြပါသည်။ အသိဉာဏ်ဝိဇ္ဇာကြောင့် ကုသိုလ်၊ ကောင်းသောတရားများ ဖြစ်ကြပါသည်။ အသိဉာဏ်ရှိသူသည် မကောင်းမှုမှ ရှက်တတ်ကြောက်တတ်ကြပါသည်။ မှန်ကန်သောအမြင်၊ မှန်ကန်သောအကြံအစည်၊ မှန်ကန်သောပြောဆိုမှု၊ မှန်ကန်သောလုပ်ဆောင်မှု၊ မှန်ကန်သောအသက်မွေးဝမ်းကျောင်းပြုလုပ်မှု၊ မှန်ကန်သောအားထုတ်မှု၊ မှန်ကန်သောသတိရမှု၊ မှန်ကန်သောတည်ကြည်မှုတို့သည်လည်း ဖြစ်ပေါ်လာပါသည်။ ဤမဂ္ဂင်ရှစ်ပါးနှင့်ပြည့်စုံသောသူသည် ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ဖျက်နိုင်ပါသည်။ ယင်းသို့ပယ်ဖျက်ခြင်းသည် နိဗ္ဗာနတ်ကို ရရှိမျက်မှောက်ပြုနိုင်ခြင်းပင်ဖြစ်ပါသည်။ ဤသို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယာမဂ်သည် အကျင့်မြတ်ဖြစ်ပါသည်။ ဤအကျင့်လမ်းစဉ်သည် ဒုက္ခကိုပိုင်းခြားသိမြင်ပြီး ယင်းဒုက္ခဆင်းရဲတို့မှ လွတ်မြောက်နိုင်ပါသည်။ မိတ်ဆွေကောင်းရရှိခြင်းသည် ဤသို့သောမဂ္ဂင်ရှစ်ပါးကိုပွားများပြီး အလုံးစုံသောအကျင့်မြတ်ကို ပြီးစီးစေနိုင်ကြောင်း ဟောကြားတော်မူပါသည်။

**ဗောဇ္ဈင်္ဂသံယုတ်။** ။ ဗောဇ္ဈင်(၇)ပါးဆိုသည်မှာ တရားတို့ကို အောက်မေ့ကြံစည်သော သတိသမ္ဗောဇ္ဈင်၊ တရားတို့ကို ပညာဖြင့် စိစစ်စူးစမ်းဆင်ခြင်သော ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယဖြင့် မဆုတ်မနစ်အားထုတ်အပ်သော ဝီရိယသမ္ဗောဇ္ဈင်၊ တွယ်တာမှုကင်း၍ နှစ်သိမ့်ခြင်းဖြစ်သော ပီတိသမ္ဗောဇ္ဈင်၊ ကိုယ်စိတ်ငြိမ်းချမ်းသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ စိတ်တည်ကြည်သော သမာဓိသမ္ဗောဇ္ဈင်၊ တည်ကြည်သောစိတ်ကို ကောင်းစွာလျစ်လျူရှုသော ဥပေက္ခာသမ္ဗောဇ္ဈင်တို့ ဖြစ်ပါသည်။ ဤသို့ ဗောဇ္ဈင်(၇)ပါး ပြည့်စုံစေရန် သတိပဋ္ဌာန်(၄)ပါးကို ပွားများရပါသည်။ ဗောဇ္ဈင်(၇)ပါး ပွားများခြင်းအားဖြင့် ဝိဇ္ဇာတည်းဟူသော အသိဉာဏ်နှင့် ဝိမုတ္တိတည်းဟူသော လွတ်မြောက်ခြင်းတို့ကို ရရှိနိုင်ပါသည်။ ဤသို့ ပွားများခြင်းအား ဖြင့် စွဲလမ်းတပ်မက်မှုများပေါ်တွင် ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ကိလေသာချုပ်ငြိမ်းခြင်း၊ ဒုက္ခချုပ်ငြိမ်းခြင်းတို့ကို သိရှိသော ဝိဇ္ဇာအသိဉာဏ် ဖြစ်ပေါ်လာပါသည်။ ထိုအခါ သံယောဇဉ်၊ တဏှာ၊ ဇာတိတို့ ချုပ်ငြိမ်းကုန်ပြီး တစ်ပါးသောပြုဖွယ်ကိစ္စများ မရှိတော့ဟု သိပါသည်။ ဤသို့ သိခြင်းအလို့ငှာဖြစ်သောကြောင့် ဗောဇ္ဈင်ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

မသင့်သောနှလုံးသွင်းခြင်းကြောင့် အဖျက်တရားများဖြစ်သော နီဝရဏတရား (၅)ပါးတို့ ဖြစ်ပေါ်လာပါသည်။ ကာမဂုဏ်တို့ကိုမက်မောသည့် လောဘတည်းဟူသော ကာမစ္ဆန္ဒ၊ မနာလို မရှုစိမ့် ပျက်စီးစေလိုသည့် ဒေါသတည်းဟူသော ဗျာပါဒ၊ လေးလံထိုင်းမှိုင်းခြင်းတည်းဟူသော ထိနမိဒ္ဓ၊ ပျံ့လွင့်ခြင်း နှလုံးမသာခြင်းတည်းဟူသော ဥဒ္ဓစ္စကုက္ကုစ္စ၊ အမှန်တရားတို့ကို ဝေခွဲမရခြင်းတည်းဟူသော ဝိစိကိစ္ဆာတို့ဖြစ်ပါသည်။ ထိုတရားတို့သည် ဉာဏ်မျက်စိကန်းစေပြီး ပညာကို ချုပ်ပျောက်စေပါသည်။ ဆင်းရဲခြင်းအဖို့သာဖြစ်ပြီး ငြိမ်းချမ်းမှုကို မဖြစ်ပေါ်စေနိုင်ပါ။ ဤစိတ်အညစ်အကြေးဖြစ်သော နီဝရဏတရားများကို သတိပဋ္ဌာန်(၄)ပါး၊ ဗောဇ္ဈင် (၇)ပါးတို့ကို ပွားများခြင်းအားဖြင့် ပယ်ဖျက်ချုပ်ငြိမ်းစေနိုင်ပါသည်။ ဤသို့ ချုပ်ငြိမ်းသောအခါ ဉာဏ်ပညာပွင့်လင်းလာပြီး ဆင်းရဲဒုက္ခတို့ကို ချုပ်ငြိမ်းနိုင်ကြောင်း ဟောကြားတော်မူပါသည်။

**သတိပဋ္ဌာနသံယုတ်**။ ။သတိပဋ္ဌာန်(၄)ပါးသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်းသောနည်းလမ်းဖြစ်သည်ဟု ဟောကြားတော်မူပါသည်။ ခန္ဓာငါးပါး၌ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘောတို့ကို အဖန်ဖန်ရှုခြင်းသည် သတိပဋ္ဌာန်ပွားများခြင်းဖြစ်ပါသည်။ ဤသို့ အဖန်တလဲလဲရှုခြင်းဖြင့် ခန္ဓာငါးပါး၌ အလိုဆန္ဒများကင်းပျောက်သွားပြီး အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။ သတိပဋ္ဌာန်ပွားများရာတွင် သီလကိုမှီ၍၊ သီလ၌တည်၍ ပွားများရမည်ဖြစ်ပါသည်။ ဤသို့ပွားများခြင်းကြောင့် သူတော်ကောင်းတရားများ ကြာမြင့်စွာတည်တံ့နိုင်ပါသည်။ မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကိုရရှိနိုင်ပါသည်။ ဥပါဒါန်ကြွင်းကျန်ခဲ့သော် အနာဂါမိဖိုလ်ကို ရရှိနိုင်ပါသည်။ ဤအကျိုး(၂)ပါးတွင် တစ်ပါးပါးကို မုချရရှိနိုင်လိမ့်မည်ဟု မျှော်လင့်အပ်ကြောင်း ဟောကြားတော်မူပါသည်။

**ဣန္ဒြိယသံယုတ်**။ ။ဣန္ဒြေ(၅)ပါးတို့မှာ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတို့ ဖြစ်ပါသည်။ တရားတို့ကို ပညာဖြင့် ထိုးထွင်းသိမြင်နိုင်သည်ကို ယုံကြည်ခြင်းသည် သဒ္ဓိန္ဒြေဖြစ်ပါသည်။ အကုသိုလ်တရားတို့ကိုပယ်၍ ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ အားထုတ်ခြင်းသည် ဝီရိယိန္ဒြေဖြစ်ပါသည်။ တရားသဘောတို့ကို အဖန်တလဲလဲ အောက်မေ့သတိဖြင့်နေခြင်းသည် သတိန္ဒြေပင်ဖြစ်ပါသည်။ ဈာန်ဝင်စား၍ စိတ်တည်ကြည်ခြင်းသည် သမာဓိန္ဒြေဖြစ်ပါသည်။ သစ္စာလေးပါးကို သိမြင်ခြင်းသည် ပညိန္ဒြေဖြစ်ပါသည်။ ဤဣန္ဒြေ(၅)ပါးကို ပွားများခြင်းကြောင့် အာသဝေါတရားကုန်ခန်း၍ စိတ်၏လွတ်မြောက်မှု၊ ပညာဖြင့်လွတ်မြောက်မှုတို့ကို မျက်မှောက်ပြုနိုင်ပါသည်။ မြတ်စွာဘုရားသည် ဤဣန္ဒြေ(၅)ပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်ခြင်း၊ သာယာဖွယ်အပြစ်နှင့် လွတ်မြောက်ရာ

တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခဲ့ပြီးမှ သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍သိပြီဟု ဝန်ခံခဲ့ကြောင်း ဟောကြားတော်မူပါသည်။

**သမ္မပ္ပဓာနသံယုတ်။** ။ သမ္မပ္ပဓာန်လေးပါးတို့မှာ မဖြစ်သေးသော အကုသိုလ်တရားတို့ မဖြစ်ပေါ်စေရန်၊ ဖြစ်ပြီးသောအကုသိုလ်တရားတို့ကိုပယ်ရန်၊ မဖြစ်သေးသောကုသိုလ်တရားတို့ကို ဖြစ်စေရန်၊ ဖြစ်ပြီးသောကုသိုလ်တရားတို့ကို တိုးပွားစေရန်၊ အလိုဆန္ဒရှိပြီး လုံ့လဝီရိယအားထုတ်ကာ ကြိုးစားတည်ဆောက်ပါသည်။ ဤသို့ သမ္မပ္ပဓာန်လေးပါးကို ကြိမ်ဖန်များစွာ ပွားများသည်ရှိသော် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း မိန့်ကြားတော်မူသည်။

**ဗလသံယုတ်။** ။ ဗိုလ်(၅)ပါးတို့မှာ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တို့ ဖြစ်ပါသည်။ ဤသို့ ဗိုလ်(၅)ပါးတို့ကို ပွားများခြင်းအားဖြင့် သံယောဇဉ်(၅)ပါးဖြစ်သော ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာတို့ကို ထူးသောဉာဏ်ဖြင့် ပိုင်းခြားသိမြင်ပြီး ပယ်ရှားနိုင်ပါသည်။ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည်ဟု မိန့်ကြားတော်မူပါသည်။

**ဣဒ္ဓိပါဒသံယုတ်။** ။ ဣဒ္ဓိပါဒ်လေးပါးတို့မှာ ဆန္ဒကိုမှီ၍ဖြစ်သော၊ ဝီရိယကိုမှီ၍ဖြစ်သော၊ သမာဓိကိုမှီ၍ဖြစ်သော၊ ပညာကိုမှီ၍ဖြစ်သော၊ သမာဓိအားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်တို့ဖြစ်ပါသည်။ ၎င်းတို့အား ပွားများလျှင် ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ပျောက်ခြင်း၊ အေးငြိမ်းခြင်း အထူးသိမြင်ပြီး အာသဝေါတရားကင်းသောနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း ဟောကြားတော်မူပါသည်။ အမျိုးမျိုးသော တန်ခိုးများကို ဖန်ဆင်းခြင်း၊ ဒိဗ္ဗသောတဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ် စသည့် တန်ခိုးဣဒ္ဓိပါဒ်တို့ကို ရရှိနိုင်ပါသည်။ အလိုရှိပါက အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက် ကျော်လွန်၍ဖြစ်စေ အသက်ရှင်တည်ရှိနိုင်ကြောင်း မိန့်ကြားတော်မူပါသည်။

**အနုရုဒ္ဓသံယုတ်။** ။ ရှင်အနုရုဒ္ဓါသည် သတိပဋ္ဌာန်လေးပါးကို ပွားများခြင်းကြောင့် မြတ်သောအဘိညာဏ်နှင့် ပြည့်စုံခြင်းသို့ ရောက်ရှိခဲ့ကြောင်း ကမ္ဘာပေါင်းတစ်ထောင်ကို ပြန်ပြောင်းအောက်မေ့နိုင်ကြောင်း ပြောကြားပါသည်။

**ဈာနသံယုတ်။** ။ ဈာန်လေးပါးတို့မှာ ကြံစည်မှုဝိတက်၊ သုံးသပ်မှုဝိစာရ၊ နှစ်သိမ့်မှုပီတိ၊ ချမ်းသာမှုသုခရှိသော ပထမဈာန်၊ နှစ်သိမ့်မှုပီတိနှင့် ချမ်းသာမှုသုခရှိသော ဒုတိယဈာန်၊ ချမ်းသာမှုသုခနှင့် လျစ်လျူရှုမှုသတိရှိသော တတိယဈာန်၊ ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှုဥပေက္ခာသာရှိသည့် စတုတ္ထဈာန်တို့ဖြစ်ပါသည်။ ဤဈာန်လေးပါးကို အကြိမ်ကြိမ်အဖန်ဖန် ပွားများကျင့်ကြံပါက နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းနိုင်သည်ဟု မိန့်ကြားတော်မူပါသည်။

**အာနာပါနသံယုတ်။** ။ ထွက်သက်ဝင်သက်ကို ရှုမှတ်ခြင်းတည်းဟူသော အာနာပါနသတိတရားကို ကြိမ်ဖန်များစွာ ပွားများသည်ရှိသော် များစွာသော အကျိုးအာနိသင်များ ရရှိနိုင်ပါသည်။ အာနာပါနတရားကို ပွားများသည်ရှိသော် သတိပဋ္ဌာန်လေးပါးကို ပြည့်စုံစေပါသည်။ သတိပဋ္ဌာန်လေးပါးကို ပွားများသည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးကို ပြည့်စုံစေပါသည်။ ဗောဇ္ဈင်ခုနစ်ပါး ပွားများသည်ရှိသော် ဝိဇ္ဇာနှင့် ဝိမုတ္တိကို ပြည့်စုံစေပါသည်။ ဤသို့ ပွားများခြင်းအားဖြင့် သံယောဇဉ်နှင့် အနုသယတို့ကို ပယ်ခွာနိုင်ပြီး အာသဝေါတရားတို့ကို ကုန်ခန်းနိုင်ကြောင်း ဟောကြားထားပါသည်။ အာနာပါန သတိသမာဓိနှင့် နေခြင်းသည် ဗြဟ္မာတို့၏ နေခြင်း၊ အရိယာတို့၏ နေခြင်း၊ မြတ်စွာဘုရားတို့၏ နေခြင်းဟု ဆိုထိုက်ကြောင်း ဟောကြားတော်မူပါသည်။

**သောတာပတ္တိသံယုတ်။** ။ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်ခြင်း၊ သီလ၌ပြည့်စုံခြင်းဟူသော တရားလေးပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် သောတာပန်ဖြစ်နိုင်ပါသည်။ အင်္ဂါရှစ်ပါးရှိ၍ အရိယာမဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို သောတာပန်ဟု ခေါ်ဆိုအပ်ပါသည်။ သောတာပန်ဖြစ်ခြင်းအကြောင်းတို့မှာ သူတော်ကောင်းကို မှီဝဲခြင်း၊ သူတော်ကောင်းတရားကို ကြားနာခြင်း၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်း၊ တရားအားလျော်သောအကျင့်ကို ကျင့်ခြင်းဖြစ်ပါသည်။

**သစ္စသံယုတ်။** ။ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစက္ကပ္ပဝတ္တနသုတ်ကို ဟောကြားတော်မူပါသည်။ ကာမအာရုံတို့၌ နစ်သက်တွယ်တာပြီး ကာမဂုဏ်ချမ်းသာကို ခံစားခြင်းဟူသောတစ်ဖက်စွန်း၊ မိမိကိုယ်ကို ဆင်းရဲပင်ပန်းအောင် အားထုတ်ကျင့်ကြံခြင်းဟူသော တစ်ဖက်စွန်း၊ ဤနှစ်ပါးသော အစွန်းတို့ကို မကပ်ရောက်ဘဲ အလယ်လမ်းဟူသော မဂ္ဂင်ရှစ်ပါးကို ကျင့်ကြံအားထုတ်အပ်ကြောင်း ဟောကြားတော်မူပါသည်။ ဤသို့ ကျင့်ကြံအားထုတ်ခြင်းအားဖြင့် ဆင်းရဲခြင်းအမှန်တရား၊ ဆင်းရဲဖြစ်ကြောင်းအမှန်တရား၊ ဆင်းရဲချုပ်ငြိမ်းခြင်းအမှန်တရား၊ ဆင်းရဲချုပ်ငြိမ်းခြင်းသို့ ရောက်စေတတ်သော အမှန်တရားတို့ကို မှန်စွာမြင်ခြင်း၊ ကြံခြင်း၊ ပြောခြင်း၊ လုပ်ခြင်း၊ အသက်မွေးခြင်း၊ အားထုတ်ခြင်း၊ သတိရခြင်း၊ စူးစိုက်တည်ကြည်ခြင်းဟူသော မဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံလာမည်ဖြစ်ပါသည်။

ဆင်းရဲခြင်းအမှန်တရားသည် သိမြင်အပ်သည်၊ ပိုင်းခြား၍သိရမည်၊ ပိုင်းခြား ၍သိပြီးဖြစ်သည်ဟု ပညာဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာပါသည်။

ဆင်းရဲခြင်းဖြစ်ကြောင်းအမှန်တရားသည် သိမြင်အပ်သည်၊ ပယ်အပ်သည်၊ ပယ်ပြီးပြီဟု ပညာဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာပါသည်။

ဆင်းရဲချုပ်ငြိမ်းခြင်းအမှန်တရားသည် သိမြင်အပ်သည်၊ မျက်မှောက်ပြုအပ်သည်၊ မျက်မှောက်ပြုပြီးပြီဟု ပညာဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာသည်။

ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်စေတတ်သောအမှန်တရားသည် သိမြင်အပ်သည်၊ ပွားများအပ်သည်၊ ပွားများပြီးပြီဟု ပညာဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာပါသည်။

ဤသို့ အရိယာသစ္စာလေးပါးကို အပြန်သုံးပါး၊ အခြင်းအရာ(၁၂)ပါးဖြင့် ဟုတ်တိုင်းမှန်စွာ ကောင်းစွာသိမြင်ပြီးနောက်မှ သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိသည်ဟု ဝန်ခံတော်မူပါသည်။ ကိလေသာတဏှာတို့မှလွတ်မြောက်ပြီး ဤဘဝသည် နောက်ဆုံးဘဝဖြစ်ကြောင်း၊ ဘဝသစ်ဖြစ်ရန်မရှိတော့ဟု မြတ်စွာဘုရား မိန့်ကြားတော်မူပါသည်။

သစ္စာလေးပါးတရားကိုမသိခြင်းသည် အဝိဇ္ဇာဟုဆိုအပ်ကြောင်း၊ မသိလျှင် သံသရာတို့မှလွတ်မြောက်ရန် အကြောင်းမရှိကြောင်း၊ သို့အတွက် ဒုက္ခချုပ်ငြိမ်းရန်အတွက် သစ္စာလေးပါးတရားကို ကျင့်ကြံရမည်ဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။ မလိုအပ်၊ အကျိုးမရှိသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းနှင့် မဆက်စပ်သည့်လောကသည် မြဲသည်၊ မမြဲသည် စသည်တို့ကို တွေးတောကြံဆမနေဘဲ ဒုက္ခဆင်းရဲခြင်းတို့မှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းဖြစ်သည့် အရိယာသစ္စာလေးပါးတို့ကို ကောင်းစွာကျင့်ကြံကြရန် ဟောကြားတော်မူခဲ့ပါသည်။

# အင်္ဂုတ္တရနိကာယ်

ဤအင်္ဂုတ္တရနိကာယ်တွင် မြတ်စွာဘုရားဟောတော်မူသော တရားများကို အကြောင်းအရာအရေအတွက်အလိုက် စီစဉ်ထားပါသည်။ တရားတစ်မျိုးတစ်စား ဟောကြားသောသုတ်၊ တရားနှစ်မျိုးနှစ်စား ဟောကြားသောသုတ် စသည်ဖြင့် တရားဆယ့်တစ်မျိုးအထိ ဟောကြားသည့်သုတ်များကို စုပေါင်းစီစဉ်ထားပါသည်။ အကြောင်းအရာ တရားတစ်မျိုးကို အခြေခံသော ဟောကြားချက်များကို စုပေါင်းထားသည့် ဧကကနိပါတ်မှစ၍ အကြောင်းအရာ တရားဆယ့်တစ်မျိုးကို အခြေခံသော ဟောကြားချက်များကို စုပေါင်းထားသည့် ဧကာဒသကနိပါတ်အထိ နိပါတ်အပိုင်းပေါင်း (၁၁)ပိုင်းဖြင့် ပိုင်းခြား စုစည်းထားပါသည်။ သုတ်ပေါင်း ၉၅၅၇ သုတ် ပါရှိပါသည်။ စာအုပ်အားဖြင့် သုံးအုပ် ရိုက်နှိပ်ထုတ်ဝေထားပါသည်။

ဤနိကာယ်ကျမ်းသည် အခြားနိကာယ်ကျမ်းများထက် သုတ်အရေအတွက်အားဖြင့်သော်လည်းကောင်း၊ အကြောင်းအရာ မှတ်သားဖွယ်ရာအားဖြင့် သော်လည်းကောင်း ပိုမိုကျယ်ဝန်းများပြားကြောင်း တွေ့ရပါသည်။ ဓမ္မသဘောတရားများကို စုံလင်စွာဖော်ပြထားပါသည်။ ရဟန်း၏ကျင့်ဝတ်နှင့်ကျင့်စဉ်များ၊ လူပုဂ္ဂိုလ်အမျိုးမျိုးအကြောင်း၊ လူမှုရေး၊ ကြီးပွားရေး၊ စီးပွားရေးလမ်းစဉ်များ စသည့် လောကီ လောကုတ္တရာ နှစ်ဖြာအကျိုးရှိမည့် ဟောကြားတော်မူသည့် သုတ်ပေါင်း မြောက်မြားစွာပါရှိပါသည်။ သို့အတွက် အင်္ဂုတ္တိုရ်ကျမ်းကြီးသည် ဗဟုသုတပဒေသာပင်ကြီးဖြစ်ပါသည်။ မြန်မာ့ယဉ်ကျေးမှု၏ ရေသောက်မြစ်ဟုလည်း ပြောဆိုကြပါသည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဓမ္မများကို သရုပ်အစဉ်အတိုင်း စုပေါင်းဖော်ပြထားသောကြောင့် ဗုဒ္ဓဝါဒ သရုပ်ပြဒေသနာကျမ်းကြီးပင် ဖြစ်ပါသည်။

ဤကျမ်းကြီး၏ နက်နဲကျယ်ဝန်းမှုကို သိရှိရိပ်စားမိရန်၊ သဘောပေါက်နားလည်ရန်အတွက် နိပါတ်အပိုဒ်လိုက် သုတ်အချို့ကို လိုရင်းအချက်အလက်များ ဖော်ပြ၍ တင်ပြသွားပါမည်။

**ဧကကနိပါတ် (တစ်ပါးစုတရားများ)**

ဤဧကကနိပါတ်၌ သုတ်ပေါင်း (၆၂၇)သုတ် ပါဝင်ပါသည်။ နီဝရဏ တရားငါးပါး ဖြစ်ပေါ်လာပုံနှင့် ပျောက်ကင်းရန် ကျင့်ကြံရမည့် နည်းလမ်းများ၊ ကုသိုလ်၊ အကုသိုလ်တရားများ၊ စိတ်၏သဘောသဘာဝများ၊ မြတ်စွာဘုရားနှင့် တကွ ဧတဒဂ်ရ ရဟန်းများ၊ ဘိက္ခုနီများ၊ ဥပါသကာနှင့် ဥပါသိကာများ၊ မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိအကြောင်းများ ဟောကြားတော်မူပါသည်။

ဥပမာအနေဖြင့် အကြောင်းအရာနှင့် အဓိပ္ပာယ်တူညီသည့် သုတ်အချို့ကို စုစည်း၍ လိုရင်းအချက်တို့ကို ဖော်ပြအပ်ပါသည်။

ရူပါဒိဝဂ်၏ ပထမသုတ်နှင့် ဆဋ္ဌမသုတ်တို့တွင် မိန်းမတို့၏ ရူပါရုံသည် ယောက်ျားတို့၏စိတ်ကို သိမ်းကျုံးဆွဲဆောင်နိုင်သကဲ့သို့ ယောက်ျားတို့၏ ရူပါရုံသည်လည်း မိန်းမတို့၏စိတ်ကို သိမ်းယူဆွဲဆောင်နိုင်ကြောင်း ဖော်ပြထားပါသည်။

နီဝရဏပ္ပဟာနဝဂ်ပါသုတ်များတွင် နီဝရဏတရားများ ဖြစ်ပွားခြင်းနှင့် ပျောက်ကင်းရန်နည်းလမ်းများကို ဟောကြားထားပါသည်။

ကာမစ္ဆန္ဒနီဝရဏ လောဘတရားများ ဖြစ်ပေါ်လာခြင်းမှာ ရာဂကြောင့်၊ နှစ်သက်ဖွယ်ရာ အာရုံများနှင့် သုဘနိမိတ်များကို မသင့်သောအားဖြင့် နှလုံးသွင်းမိသောကြောင့် ဖြစ်ပါသည်။

ယင်းတရားများ ကင်းပျောက်သွားရန် အသုဘနိမိတ်နှင့် မတင့်တယ်ဟု တွဲ၍ ယူအပ်သောအာရုံနှင့် အသုဘကမ္မဋ္ဌာန်းကို အာရုံပြုပြီး သမထဘာဝနာကို ပွားများရမည်ဖြစ်ပါသည်။

ဗျာပါဒ နီဝရဏ ဒေါသစိတ်ဆိုးခြင်း ဖြစ်ပေါ်လာခြင်းသည် မကျေနပ်၊ မနှစ်သက်ဖွယ်ဖြစ်သော အာရုံများကို နှလုံးသွင်းမိသောကြောင့်ဖြစ်ပါသည်။ ယင်းကို မေတ္တာစေတောဝိမုတ္တိဟူသော မေတ္တာတရားကို ပွားများခြင်းအားဖြင့် ပယ်ဖျက်နိုင်ပါသည်။

ထိန၊ မိဒ္ဓ ကိုယ်စိတ်နှစ်ပါး လေးလံထိုင်းမှိုင်းခြင်းတို့ ဖြစ်ပေါ်လာခြင်းမှာ တရား၌ မမွေ့လျော်၊ ပျင်းရိခြင်း၊ ကိုယ်လက်ဆန့်ငင်ခြင်း၊ ထမင်းဆီယစ်ခြင်း၊ စိတ်၏ဆုတ်နစ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ယင်းတို့ကို အားထုတ်အပ်သော ဝီရိယဖြင့် ပယ်ဖျက်နိုင်ပါသည်။

ဥဒ္ဓစ္စ စိတ်ပျံ့လွင့်ခြင်း၊ ကုက္ကုစ္စ နှလုံးမသာယာ နောင်တရခြင်းတို့သည် စိတ်မအေးငြိမ်းခြင်းကြောင့် ဖြစ်ပေါ်လာပါသည်။ ယင်းတို့ကို အေးငြိမ်းသောစိတ် ဖြစ်ပေါ်လာရန် ကျင့်ကြံခြင်းဖြင့် ပယ်ဖျက်နိုင်ပါသည်။

ဝိစိကိစ္ဆာတည်းဟူသော ရတနာသုံးပါးနှင့် သိက္ခာတို့အပေါ်တွင် တွေးတော ယုံမှားခြင်းသည် မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်း မှားမိသော

ကြောင့်ဖြစ်ပါသည်။ သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း၊ ယောနိသော မနသိကာရအားဖြင့် ယင်းကို ပယ်ဖျက်နိုင်ပါသည်။

အဒ္ဒ္ဓဝဂ်နှင့် ပဏိဟိတအစ္ဆဝဂ်တွင် စိတ်နှင့်ပတ်သက်၍ အမျိုးမျိုးဝေဖန်သုံးသပ်ထားပါသည်။ ဘာဝနာတရားကို မပွားများသောစိတ်သည် အကျိုးမဲ့မှုသာဖြစ်ပေါ်စေပါသည်။ ပွားများပါက အကျိုးရှိပါသည်။ ထို့အတူ မဆုံးမသောစိတ်သည် အကျိုးမဲ့စေသကဲ့သို့ ဆုံးမအပ်ပြီးသောစိတ်သည် များစွာအကျိုးပြုပါသည်။ လွဲမှားစွာထားသော စိတ်သည် အဝိဇ္ဇာကိုဖြစ်စေသကဲ့သို့ မှန်ကန်စွာထားသော စိတ်သည် ဝိဇ္ဇာပညာဉာဏ်ကို ဖြစ်ပေါ်စေပါသည်။ ဒေါသကြောင့် ပျက်စီးသောစိတ်ဖြစ်ပေါ်သကဲ့သို့ သဒ္ဓါတရားဖြင့် ကြည်လင်သောစိတ်ကို ဖြစ်ပေါ်စေပါသည်။ စိတ်ကိုတရားဖြင့် အဖန်ဖန်ပွားများ လေ့ကျင့်သည်ရှိသော် နူးညံ့သိမ်မွေ့လာပါသည်။ စိတ်၏ သဘာဝသည် ပင်ကိုအကြောင်းအားဖြင့် သန့်ရှင်းတောက်ပပါသည်။ ညှို့သည့် တည်းဟူသော အာရုံအညစ်အကြေးများကြောင့်သာ ညစ်ညူးရခြင်းဖြစ်ပါသည်။

စိတ်သာလျှင်ဦးဆောင်၍ ကုသိုလ်၊ အကုသိုလ်တရားများ ဖြစ်ပေါ်လာပါသည်။ မေ့လျော့ခြင်းပမာဒကြောင့် အကုသိုလ်တရားများ ဖြစ်ပေါ်လာပါသည်။ မမေ့လျော့ခြင်း အပ္ပမာဒကြောင့် ကုသိုလ်တရားများ ဖြစ်ပေါ်လာပါသည်။ အလိုကြီးသောကြောင့် အကုသိုလ်တရား၊ အလိုနည်းခြင်းကြောင့် ကုသိုလ်တရား၊ မရောင့်ရဲခြင်းကြောင့် အကုသိုလ်တရား၊ ရောင့်ရဲခြင်းကြောင့် ကုသိုလ်တရား၊ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် အကုသိုလ်တရား၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ကုသိုလ်တရား၊ မဆင်မခြင်ခြင်းကြောင့် အကုသိုလ်တရား၊ ဆင်ခြင်ခြင်းကြောင့် ကုသိုလ်တရား၊ ယုတ်မာသော အဆွေခင်ပွန်းရှိခြင်းကြောင့် အကုသိုလ်တရား၊ ကောင်းသောအဆွေခင်ပွန်းရှိခြင်းကြောင့် ကုသိုလ်တရားများဖြစ်ပေါ်လာပါသည်။ မမေ့လျော့ခြင်း အပ္ပမာဒသည် များစွာသောအကျိုးစီးပွားကိုဖြစ်ပေါ်စေပါသည်။ သူတော်ကောင်းတရားများကို မပျောက်မပျက် တည့်တံ့စေသည်ဟု ပမာဒါဒိဝဂ်တို့တွင် ဟောကြားတော်မူပါသည်။

ဧကပုဂ္ဂလဝဂ်တွင် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးများကို ဖော်ပြထားပါသည်။ မြတ်စွာဘုရားသည် တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူ၍ ပူဇော်အထူးကို ခံယူတော်မူထိုက်ပါသည်။

ဘုရားပွင့်တော်မူခြင်းသည် လောကဠ္ဌရခဲလှပါသည်။ လောကဠ္ဌ အတုမရှိသောပုဂ္ဂိုလ် ဖြစ်တော်မူပါသည်။ မြတ်စွာဘုရားပွင့်တော်မူခြင်းကြောင့် ကြီးစွာသောဉာဏ်မျက်စိ၊ ကြီးစွာသောဉာဏ်အလင်း၊ ကြီးစွာသောဉာဏ်အရောင်တို့ ထင်ရှား

ဖြစ်ပေါ်ခဲ့ပါသည်။ များစွာသောပုဂ္ဂိုလ်တို့ ဖိုလ်တရားများကို မျက်မှောက်ပြုနိုင်ကြပါသည်။

တေဒဂ္ဂဝဂ်တွင် ဧတဒဂ်ရ ရဟန်း(၄၁)ပါး၊ ဧတဒဂ်ရ ဘိက္ခုနီ(၁၃)ပါး၊ ဧတဒဂ်ရ ဥပါသကာ(၁၀)ယောက်၊ ဧတဒဂ် ရ ဥပါသိကာမ(၁၀)ယောက်တို့၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးထားပါသည်။

ဧကဓမ္မပါဠိ ဒုတိယဝဂ်တွင် ဒိဋ္ဌိနှင့်ပတ်သက်၍ အကြောင်းအကျိုး ဝေဖန်သုံးသပ် ဟောကြားတော်မူထားပါသည်။ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်ပေါ်လာပါသည်။ ဤမှားသောအမြင် မိစ္ဆာဒိဋ္ဌိကြောင့် အကုသိုလ်တရားများ ပွားများလာပါသည်။ ထိုအယူမှားမှုကြောင့် သတ္တဝါများ အပါယ်ငရဲသို့ကျရောက်ကြပါသည်။ သို့အတွက် မိစ္ဆာဒိဋ္ဌိအယူမှားမှုသည် သတ္တဝါများ၏ အကျိုးမဲ့ကို ဖြစ်စေပါသည်။ ဤမိစ္ဆာဒိဋ္ဌိသည် အကြီးလေးဆုံး၊ အဆိုးဆုံးအပြစ်ရှိပါသည်။

သင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မှန်သောအယူ (သမ္မာဒိဋ္ဌိ) ဖြစ်ပေါ်လာပါသည်။ မှန်သောအယူရှိသူများသည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ကုသိုလ်တရားများကို ပြုလုပ်ပွားများကြပါသည်။ ဃို့အတွက် လောကကြီးကို များစွာ အကျိုးရှိစေပါသည်။ သေလွန်သောအခါလည်း နတ်ရွာနိဗ္ဗာန်သို့ ရောက်ကြရပါသည်။

သမ္မာဒိဋ္ဌိ ကောင်းသောအယူရှိကာ ကုသိုလ်ကောင်းမှုပြုသောသူများသည် နည်းပါးပါသည်။ မိစ္ဆာဒိဋ္ဌိ များသောအယူဖြင့် အကုသိုလ်တရားများပြုသောသူသာ များပြားပါသည်။ သို့အတွက် လူ့ပြည်၊ နတ်ပြည်တို့တွင်ဖြစ်သောသတ္တဝါတို့သည် အနည်းငယ်မျှသာဖြစ်ပြီး အပါယ်ဘုံကျသည့်သတ္တဝါတို့ များလှပါသည်။ ထိုနည်းတူ ကောင်းသောအရပ်ဒေသရောက်သူ၊ ကောင်းသော ကိုယ်စိတ်(၂)ပါးနှင့်ပြည့်စုံသူ၊ တရားနှင့်လျော်ညီစွာကျင့်၍ နိဗ္ဗာန်သို့မျက်မှောက်ပြုသူစသောပုဂ္ဂိုလ်များ နည်းပါးပြီး ယင်းနှင့်ဆန့်ကျင်ဘက် အကုသိုလ်တရားများခံစားရသူများသာ များပြားလှပါသည်ဟု ဧကဓမ္မပါဠိ(စတုတ္ထ ဝဂ်)တွင် ဟောတော်မူပါသည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော တရားများမှာ ဘုရား၊ တရား၊ သံဃာတို့ဂုဏ်ကို အဖန်တလဲလဲ ဆင်ခြင်ခြင်း၊ မိမိ စောင့်ထိန်းသည့်သီလ၊ မိမိ၏ စွန့်လွှတ်မှု၊ မိမိ၏ယုံကြည်မှုသဒ္ဓါ၊ ထွက်သက်ဝင်သက်ကို ဆင်ခြင်ရှုမှတ်သည့် အာနာပါန သတိ၊ သေခြင်းတရားကို ဆင်ခြင်အောက်မေ့သည့် မရဏာနုဿတိ၊ ကိုယ်ခန္ဓာ၌ ဆင်ခြင်အောက်မေ့သည့် ကာယဂတာသတိ၊ ဒုက္ခငြိမ်းရာနိဗ္ဗာန်ကို

ဆင်ခြင်အောက်မေ့သည့် ဥပသမာနုဿတိဟူသော အနုဿတိ(၁၀)ပါးတို့ဖြစ်ပါသည်။

ယင်းတရားများကို အဖန်ဖန်တလဲလဲ ပွားများအားထုတ်သည်ရှိသော် သံသရာဝဋ်ဆင်းရဲဋ္ဌိငြိမ်းငွေ့ကာ တပ်မက်စွဲလမ်းမှုကင်းပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။ ကာယဂတာသတိကို ပွားများသည်ရှိသော် ကုသိုလ်တရားအားလုံးပါဝင်လာပြီး သံယောဇဉ်အနုသယတို့ အကြွင်းမဲ့ကင်းကွာသွားကာ ပညာနှင့်ထိုးဖောက်သိမြင်ပြီး အနုပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။ ဤသို့ကာယဂတာသတိကို ကျင့်သုံးသူတို့သည် သေခြင်းကင်းရာ အမြိုက်ချမ်းသာကိုသုံးဆောင် နိုင်သူများဖြစ်ကြောင်း ကာယဂတာသတိဝဂ်နှင့် အမတဝဂ်တို့တွင်ဟောကြားတော်မူပါသည်။

**ဒုကနိပါတ် (နှစ်ပါးစုတရားများ)**

ဤဒုကနိပါတ်တွင် သုတ်ပေါင်း(၇၀၀)ပါရှိပါသည်။ လူမိုက်နှင့် လူလိမ္မာတို့အကြောင်းမှာ မှားသောအကျင့်နှင့် မှန်သောအကျင့်တို့အကြောင်း၊ ကုသိုလ်နှင့်အကုသိုလ်အကြောင်း၊ ပရိသတ်အမျိုးမျိုးတို့အကြောင်း စသည်တို့ကို ဟောကြားထားတော်မူပါသည်။

ဗာလပဏ္ဍိတသုတ်တွင် လူမိုက်သည် မိမိ၏အပြစ်ကို အပြစ်ဟုမမြင်သူ၊ ဝန်ချတောင်းပန်သူ၏အပြစ်ကို လက်မခံသူဟူ၍ လူမိုက်(၂)မျိုးရှိပါသည်။ လူလိမ္မာသည် မိမိ၏အပြစ်ကို အပြစ်ဟုမြင်သူ၊ ဝန်ချတောင်းပန်သူ၏ အပြစ်ကိုလက်ခံသူဟူ၍ (၂)မျိုးရှိပါသည်။

အဓမ္မစရိယာသုတ်တွင် လူမိုက်သည် မကောင်းသောအကျင့်၊ မညီမျှသောအကျင့်ဖြစ်သော အကုသလကမ္မပထ(၁၀) ပါးကို ပြုကျင့်သောကြောင့် သေလွန်သောအခါ အပါယ်ငရဲသို့ကျရောက်ပါသည်။ ဝိဇ္ဇာသုတ်အရ လူမိုက်သည် မျက်မှောက်ဌဖြစ်သောအပြစ်၊ တမလွန်ဘဝဌဖြစ်သော အပြစ်ဟူ၍ အပြစ်(၂)မျိုး ခံစားကြရပါသည်။

လူလိမ္မာသည်ကား တရားသောအကျင့်၊ ညီမျှသောအကျင့်ဟူသည့် ကုသလကမ္မပထတရား(၁၀)ပါးကို ကျင့်သုံးသောကြောင့် သေလွန်သောအခါ နတ်ပြည်သို့ရောက်ကြပါသည်။

ကေသအကရဏီယသုတ်အရ ကာယ၊ ဝစီ၊ မနောဖြင့် ဒုစရိုက်(၃)ပါးကိုပြုကျင့်မိသည်ရှိသော် (က)မိမိကိုယ်ကို မိမိစွပ်စွဲခြင်း၊ (ခ) ပညာရှိတို့က ကဲ့ရဲ့ခြင်း၊ (ဂ) မကောင်းသတင်းပျံ့နှံ့ခြင်း၊ (ဃ) တွေဝေလျက် သေရခြင်း၊ (င) သေပြီးနောက်အပါယ်ငရဲသို့ကျခြင်းဟူသော အကျိုး(၅)ပါးကို မုချခံစားရပါသည်။

ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် သုစရိုက်(၃)ပါးကို ပြုကျင့်သည်ရှိသော် မိမိကိုယ်ကိုမိမိ မစွပ်စွဲခြင်း၊ ပညာရှိတို့က ချီးမွမ်းခြင်း၊ ကောင်းသောသတင်း ပျံ့နှံ့ခြင်း၊ မတွေမဝေသေရခြင်း၊ သေပြီးနောက် နတ်ပြည်သို့ရောက်ခြင်းဟူသော အကျိုး (၅)ပါးကို ခံစားရပါသည်။

သမစိတ္တဝဂ်တွင် ဒုစရိုက်(၃)ပါးနှင့် များစွာသော အကုသိုလ် တရားဆိုးတို့ကို မပြုအပ်ဟူဟောသော အကိရိယဝါဒီ သုစရိုက်(၃)ပါးနှင့် များစွာသော ကုသိုလ်တရားတို့ကို ပြုအပ်သည်ဟုဟောသော ကိရိယဝါဒီဖြစ်ကြောင်း မြတ်စွာဘုရားက မိန့်ကြားတော်မူပါသည်။

အကုသလပေယျာလသုတ်တွင် အကုသိုလ်တရားများသည် အမျက်ထွက်ခြင်း စသော တရားများကြောင့် ဖြစ်ပေါ်ကြောင်း၊ ကုသိုလ်တရားများသည် အမျက်မထွက်ခြင်း စသောတရားများကြောင့်ဖြစ်ကြောင်း ဟောကြားပါသည်။

ဤသို့ ရာဂ၊ ဒေါသ ဖြစ်ပေါ်လာခြင်းသည် တင့်တယ်သော အာရုံ သုဘ နိမိတ်ကို မသင့်သောအားဖြင့် နှလုံးသွင်း ခြင်း၊ အယောနိသော မနသိကာရကြောင့်လည်းကောင်း စိတ်မကျေနပ်ဖွယ်အာရုံကို မသင့်သောအားဖြင့် နှလုံးသွင်းခြင်း အယောနိသောမနသိကာရတို့ကြောင့်လည်းကောင်း ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း ဟောကြားပါသည်။

သူတစ်ပါးတို့ထံမှ မသူတော်တရားကို ကြားနာရခြင်းနှင့် မသင့်သော အားဖြင့် နှလုံးသွင်းခြင်းတို့သည် မိစ္ဆာဒိဋ္ဌိကို ဖြစ်ပေါ်စေကြောင်းနှင့် သူတစ်ပါးတို့ထံမှ သူတော်ကောင်းတရားကို ကြားနာရခြင်းနှင့် သင့်သောအားဖြင့် နှလုံးသွင်းခြင်းတို့သည် သမ္မာဒိဋ္ဌိကို ဖြစ်ပေါ်စေကြောင်း ဤသုတ်တွင် ဟောကြားပါသည်။

စရိယသုတ်တွင် မကောင်းမှု၌ရှက်ခြင်းဟီရိနှင့် ကြောက်လန့်ခြင်း ဩတ္တပ္ပ တရားနှစ်ပါးတို့သည် လောကကို စောင့်ထိန်းထားကြောင်း၊ ဤသို့စောင့်ထိန်းခြင်း မရှိပါက မိဘ၊ ဆရာသမား၊ ဆွေမျိုးမိတ်ဆွေဟူ၍ ထင်ရှားမရှိတော့ဘဲ ကြက်၊ ဝက်၊ ခွေး တိရိစ္ဆာန်များကဲ့သို့ ရောယှက်ခြင်းသို့ ရောက်ဖွယ်ရှိကြောင်း ဟောကြားပါသည်။

ဒုလ္လဘသုတ်များတွင် ရှေ့ဦးစွာ ကျေးဇူးပြုတတ်သောပုဂ္ဂိုလ်နှင့် ပြုဖူးသော ကျေးဇူးကိုသိ၍ ကျေးဇူးတုံ့ပြန်တတ်သော ပုဂ္ဂိုလ်တို့သည် ရခဲသော ပုဂ္ဂိုလ်နှစ်ဦး ဖြစ်ကြောင်း၊ ထို့အတူ တရားသဖြင့် ရောင့်ရဲကျေနပ်လွယ်ပြည့်စုံသူနှင့် သူတစ်ပါးကိုလည်း တရားသဖြင့် ရောင့်ရဲကျေနပ်လွယ်ပြည့်စုံစေနိုင်သော ပုဂ္ဂိုလ်တို့သည် လောက၌ ရခဲသော ပုဂ္ဂိုလ်နှစ်ဦးဖြစ်ကြောင်း ဟောကြားထားပါသည်။

ဒါနနှင့်ပတ်သက်၍ ပစ္စည်းကိုပေးလှူခြင်း အာမိသဒါနနှင့် တရားကိုပေးလှူခြင်း ဓမ္မဒါနဟူ၍ ဒါနနှစ်မျိုးရှိရာ ဓမ္မ ဒါနက ပို၍မြတ်ကြောင်း ဒါနဝဂ်ပထမသုတ်တွင် ဟောကြားပါသည်။

အလှူခံပုဂ္ဂိုလ်အနေဖြင့် အသေက္ခပုဂ္ဂိုလ် ရဟန္တာနှင့် သိက္ခာသုံးပါးကို ကျင့်မှု ကိစ္စမပြီးသေးသော သေက္ခပုဂ္ဂိုလ်နှစ်ဦးတို့အား ပေးလှူအပ်ကြောင်း ဒက္ခိဏေယျသုတ်တွင် မိန့်ကြားတော်မူပါသည်။

ပရိသဝဂ်တွင် ပရိသတ်မျိုးစုံတို့ကို ပိုင်းခြားဝေဖန်ထားပါသည်။ တိမ်သော ပရိသတ်နှင့် နက်သော ပရိသတ်၊ မညီညွတ်သော ပရိသတ်နှင့် ညီညွတ်သော ပရိသတ်၊ မြတ်သောပရိသတ်နှင့် မမြတ်သောပရိသတ်၊ ပုထုဇဉ်ပရိသတ်နှင့် အရိယာပရိသတ်၊ အနှစ်ကင်းသော ပရိသတ်နှင့် အနှစ်ရှိသော ပရိသတ်၊ ဆုံးမခက်သော ပရိသတ်နှင့် ဆုံးမလွယ်သော ပရိသတ်၊ အာမိသကို အလေးပြုသော ပရိသတ်နှင့် တရားကိုအလေးပြုသောပရိသတ်၊ မညီမျှသောပရိသတ်နှင့် ညီမျှသော ပရိသတ်၊ အမှန်ကိုဆိုသောပရိသတ်နှင့် မဆိုသော ပရိသတ်ဟူ၍ ပရိသတ်ရှိ ရဟန်းများကိုမှတည်၍ ခွဲခြားဝေဖန်ထားပါသည်။

သုခဝဂ် ပထမသုတ္တာဒိသုတ်တွင် ချမ်းသာခြင်းနှစ်မျိုးတို့ကို ဟောကြားထားပါသည်။

လူ၏ချမ်းသာခြင်း၊ ရဟန်း၏ချမ်းသာခြင်း၊ ကာမဂုဏ်နှင့်ဆက်သော ချမ်းသာခြင်း၊ ကာမဂုဏ်မှ လွတ်မြောက်မှုနှင့် စပ်သော ချမ်းသာခြင်း၊ ခန္ဓာငါးပါးနှင့်စပ်သော ချမ်းသာခြင်းနှင့် မစပ်သောချမ်းသာခြင်း၊ အာသဝေါတရားတို့နှင့် တကွဖြစ်သော ချမ်းသာခြင်းနှင့် ယင်းတို့မှလွတ်ကင်းသော ချမ်းသာခြင်း၊ ကိလေသာဟူသော အာမိသနှင့်တကွဖြစ်သော ချမ်းသာခြင်းနှင့် ယင်းတို့မှကင်းသော ချမ်းသာခြင်း၊ အရိယာပုဂ္ဂိုလ်တို့၏ ချမ်းသာခြင်းနှင့် အရိယာမဟုတ်သူတို့၏ ချမ်းသာခြင်း၊ ကိုယ်၌ဖြစ်သော ချမ်းသာခြင်းနှင့် စိတ်၌ဖြစ်သော ချမ်းသာခြင်း စသည်ဖြင့် ချမ်းသာခြင်းအမျိုးမျိုးတို့ရှိပါသည်။

ရာဂပေယျာလသုတ်တွင် အကုသိုလ် တစ်ဆယ့်ခုနစ်ပါးကို ဖော်ပြ၍ ယင်းတို့ ချုပ်ငြိမ်းကင်းစင်စေနိုင်သည့် ကျင့်စဉ်ခုနစ်ပါးကို ဟောကြားထားပါသည်။ အကုသိုလ်တရားများမှာ တပ်မက်ခြင်း၊ စိတ်ဆိုးစိတ်ပျက်ခြင်း၊ တွေဝေခြင်း၊ အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ သူ့ကျေးဇူးကိုချေဖျက်ခြင်း၊ တုပြိုင်ခြင်း၊ မနာလိုခြင်း၊ ဝန်တိုခြင်း၊ လှည့်စားခြင်း၊ ကောက်ကျစ် စဉ်းလဲခြင်း၊ မာကျောခက်ထန်ခြင်း၊ သူတစ်ပါးထက်သာလွန်ရန် အားထုတ်ခြင်း၊ ထောင်လွှားခြင်း၊ မိမိကိုအထင်ကြီးခြင်း၊ မူးယစ်ခြင်း၊ မေ့လျော့ခြင်းတို့ဖြစ်ပါသည်။ ဤအကုသိုလ်တရားများကို ပျောက်ကင်း

ချုပ်ငြိမ်းနိုင်ရန်အတွက် သမထနှင့် ဝိပဿနာတရားများကို ပွားများကျင့်ကြံရမည် ဖြစ်ပါသည်။

**တိကနိပါတ် (သုံးပါးစုတရားများ)**

ဤတိကနိပါတ်တွင် သုတ်ပေါင်း (၃၅၃)သုတ် ပါရှိပါသည်။

ကံနှင့် ကံဖြစ်ကြောင်းတရားများ၊ ပုဂ္ဂိုလ်အမျိုးမျိုးတို့အကြောင်း၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ရာဂ၊ ဒေါသ၊ မောဟတို့အကြောင်းနှင့် ပယ်ရန်ကျင့်စဉ်များ၊ အသဘာဝ စသောတရားများတို့ ဟောကြားတော်မူပါသည်။

ဗာလဝဂ်တွင် ဖြစ်ပေါ်လာသော ဘေးဟူသမျှတို့သည် လူမိုက်တို့ကြောင့် ဖြစ်ကြောင်း ပညာရှိတို့ကြောင့် မဖြစ်ကြောင်းကို ဟောကြားထားပါသည်။ မကောင်းသောကိုယ်အကျင့် ကာယဒုစရိုက်၊ မကောင်းသောနှုတ်အကျင့် ဝစီဒုစရိုက်၊ မကောင်းသော စိတ်အကျင့် မနောဒုစရိုက်တို့သည် လူမိုက်လက္ခဏာသုံးပါး ဖြစ်ပါသည်။

ယင်းနှင့်ဆန့်ကျင်ဘက် ကောင်းသော ကိုယ်အကျင့်၊ နှုတ်အကျင့်၊ စိတ်အကျင့်တို့သည် ပညာရှိတို့၏ လက္ခဏာ သုံးပါးဖြစ်ပါသည်။ ဤ ဒုစရိုက်သုံးပါးနှင့် ပြည့်စုံသောသူသည် မိမိကိုယ်ကိုမိမိ ဖျက်ဆီးသည်နှင့်တူပါသည်။ သုစရိုက်သုံးပါးနှင့် ပြည့်စုံသော ပညာရှိသည် အပြစ်ကင်းစင်ပြီး များစွာသော ကုသိုလ်တရားများကို ပွားများစေပါသည်။ မလိမ္မာမိုက်မဲသောသူယုတ်သည် သီလမရှိခြင်း၊ မြူစူခြင်း၊ ဝန်တိုခြင်းဟူသော အညစ်အကြေးများကို မပယ်နိုင်သောကြောင့် ငရဲသို့ ကျရပါသည်။ ပညာရှိ လိမ္မာသော သူတော်ကောင်းသည် ယင်းအညစ်အကြေးသုံးပါးကို ပယ်နိုင်သောကြောင့် နတ်ပြည်သို့ ရောက်ပါသည်။

နိဒါနသုတ်တွင် ကံဖြစ်ပေါ်လာရခြင်းအကြောင်းသည် လောဘ၊ ဒေါသ၊ မောဟတို့ပင်ဖြစ်ကြောင်း ဟောကြားပါသည်။ ယင်းတို့သည် မျိုးစေ့ပမာ ချထားသောမြေ၌ မိုးကောင်းစွာရွာသောအခါ အပင်များအဖြစ် ကြီးထွားလာကြ ပါသည်။ ထို့အတူ အကုသိုလ်ကံများပြုလုပ်သူသည် ဘဝအဆက်ဆက်တွင် အကုသိုလ်ကံ၏ အကျိုးကို ခံစားရပါသည်။ ကုသိုလ်ကံဖြစ်သော အလောဘ၊ အဒေါသ၊ အမောဟ တို့သည် အကုသိုလ်ကံများကို အမြစ်မှဖြတ်၍ နောက်တစ်ဖန် ဖြစ်ပေါ်လာခြင်း မရှိအောင် ပြုလုပ်ပါသည်။ မျိုးစေ့တို့ကို မီးရှို့၍ ရေ၌မျှောသည်ရှိသော် ထိုမျိုးစေ့ တို့သည် နောက်တစ်ဖန်ဖြစ်ပေါ်လာခြင်း မရှိသကဲ့သို့ ဖြစ်ပါသည်။

လောဏကပလ္လသုတ်တွင် သတ္တဝါများသည် အတိတ်၌ မိမိပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံများ၏ အကျိုးများကို မလွှဲမသွေ ကေန်ခံစားရမည်။ မည်သည့်နည်းနှင့်မျှ တားဆီးရှောင်လွှဲ၍မရဟု တရားသေစွဲလမ်းယုံကြည်ထားရန်

မသင့်ကြောင်း ဟောကြားတော်မူပါသည်။ ကံများသည် မိမိတို့ အကျိုးပေးခွင့်ရှိသည့် အားလျော်စွာသာ အကျိုးပေးနိုင်ကြပါသည်။ အကျိုးပေးရမည့်ဘဝခွဲအကြောင်းမညီညွတ်၍ အကျိုးမပေးနိုင်သောကံများသည် အဟောသိကံ ဖြစ်သွားပါသည်။ ကျင့်ကြံအားထုတ်၍ရရှိသော အရိယာမဂ်ဖြင့် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ကုန်ခန်းစေနိုင်ပါသည်။ ကံကြောင့်ဖြစ်ပေါ်လာသည့် ဝဋ်ဒုက္ခများကို ပယ်ဖျက်နိုင်ပါသည်။ သို့အတွက် သီလ၊ သမာဓိ၊ ပညာဖြင့် အကျင့်မြတ်ကိုကျင့်ကြံရန် ဟောတော်မူခြင်းဖြစ်ပါသည်။ အားကြီးသော ကောင်းမှုကုသိုလ်ကံသည် အားနည်းသော အကုသိုလ်ကံများကို ကျေပျက်စေနိုင်ပါသည်။ သို့အတွက် အတိတ်ကံကိုသာ လုံးဝမှီခိုအားထားခြင်းမပြုဘဲ လက်ရှိပစ္စုပ္ပန်ဘဝတွင် ဉာဏ်၊ ဝီရိယဖြင့်ပြုလုပ်သော ကုသိုလ်ကံများကို ပွားများစေအပ်ပါသည်။ ဥပမာအားဖြင့် သေးငယ်သောရေခွက်၌ ဆားခွက်ကိုထည့်လျှင် ဆားငန်ရည် ဖြစ်သွားသော်လည်း ဂင်္ဂါမြစ်ထဲ၌ ဆားခွက်ကိုထည့်သော် ဆားငန်ရည် မဖြစ်သကဲ့သို့ပင် ဖြစ်ပါသည်။

လူပုဂ္ဂိုလ်အမျိုးအစားများကို သုံးမျိုး သုံးမျိုးတွဲ၍ ပုဂ္ဂလဝဂ်တွင် ဟောကြားတော်မူပါသည်။ ကျေးဇူးများသော ပုဂ္ဂိုလ်သုံးဦးနှင့်ပတ်သက်၍ (က) အကြင်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ခြင်းသို့ရောက်သည်။ (ခ) အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ သစ္စာလေးပါးကို သိမြင်သည်။ (ဂ) အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အာသဝေါတရားကင်းသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်သည်။ ထိုပုဂ္ဂိုလ်သုံးဦးထက်ပို၍ ကျေးဇူးများသော အခြားပုဂ္ဂိုလ်မရှိကြောင်းနှင့် ကျေးဇူးတုံ့ပြန်ရန် မလွယ်ကူကြောင်း ဟောကြားတော်မူပါသည်။

စက်ဆုပ်ဖွယ်ကောင်းသူ စသော ပုဂ္ဂိုလ်သုံးမျိုး ရှိပါသည်။ (က) အချို့သူတို့သည် သီလမရှိ ယုတ်မာသော အကျင့်ရှိကြရာ မစင်တွင်းသို့ကျနေသောမြွေပမာကဲ့သို့ဖြစ်ပါသည်။ (ခ) အချို့သောပုဂ္ဂိုလ်တို့သည် အမျက်ဒေါသကြီးပြီး အကျိုးမဲ့စေခြင်းများကို ပြုလုပ်တတ်ပါသည်။ ထိုသူအား လျစ်လျူရှုပြီး ပေါင်းသင်းဆက်ဆံရန် မသင့်ပါ။ (ဂ) အကျင့်သီလနှင့် ပြည့်စုံသောပုဂ္ဂိုလ်အား ကောင်းသော အဆွေခင်ပွန်းကဲ့သို့ မှီဝဲဆည်းကပ်သင့်ပါသည်။

မစင်နှင့်တူသောစကားရှိသူ စသော ပုဂ္ဂိုလ်သုံးမျိုးရှိပါသည်။

(က) အချို့သူတို့သည် မိမိနှင့်သူတစ်ပါး အစရှိသော အကြောင်းကြောင့်ဖြစ်စေ၊ တံစိုးလက်ဆောင်ပစ္စည်းဟူသော အကြောင်းကြောင့်ဖြစ်စေ သိလျက်နှင့်လွဲမှားသောစကားကို ပြောဆိုပါသည်။ ထိုပုဂ္ဂိုလ်သည် မစင်နှင့်တူသောစကားရှိသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ (ခ) အမှန်အတိုင်းပြောဆိုသော ပုဂ္ဂိုလ်သည် ပန်းနှင့်တူသောစကားရှိသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ (ဂ) နားချမ်းသာဖွယ်ရာ ယဉ်ကျေးစွာဖြင့်

လူအများနှစ်သက်မြတ်နိုးသောစကားကို ပြောဆိုတတ်သောပုဂ္ဂိုလ်သည် ပျားရည်နှင့်တူသော စကားရှိသူဖြစ်ပါသည်။

သာရိပုတ္တရာသုတ်တွင် ငါဟုထင်မှတ်ခြင်းကြောင့် ဒိဋ္ဌိ၊ ငါဟာထင်မှတ်ခြင်းကြောင့် တဏှာ၊ ထောင်လွှားခြင်းကြောင့် မာနတရားတို့ ဖြစ်ပေါ်လာကြောင်း၊ ထိုအနုသယတရားသုံးပါးမှလွတ်မြောက်ရန် စေတောဝိမုတ္တိ၊ ပညာဝိမုတ္တိတို့ကို ကျင့်ကြံ အားထုတ်အပ်ကြောင်း ဟောကြားတော်မူပါသည်။ ဆန္ဒသုတ်တွင်လည်း ရာဂ၊ ဒေါသ၊ မောဟတို့၏အပြစ်များကို ဖော်ပြထားပါသည်။ ယင်းတရားများသည် အသိဉာဏ်ကင်းမဲ့အောင်၊ ပညာကိုပျောက်ကွယ်အောင်ပြုပြီး အေးငြိမ်းမှုကိုမပြုနိုင်ပါ။ ထို ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ရန် အကျင့်လမ်းစဉ်၌ မဂ္ဂင်ရှစ်ပါးဖြစ်ပါသည်။

သမ္မောဒဝဂ်တွင် အဿာဒ စသော တရားသုံးပါးတို့ကို ဟောကြားတော်မူပါသည်။ (က) လောကဥ္စွဲ၍ဖြစ်သော ကိုယ်စိတ်ချမ်းသာခြင်းသည် လောက၏ သာယာဖွယ် အဿာဒဖြစ်ပါသည်။ (ခ) လောက၌ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်းသဘောသည် လောက၏အပြစ်အာဒီနဝဖြစ်ပါသည်။ (ဂ) လောက၌ ဆန္ဒရာဂကို ပယ်ဖျက်ခြင်းသည် လောက၏လွတ်မြောက်ရာ နိဿရဏဖြစ်ပါသည်။ ဤတရားသုံးပါးကို ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့်သိမြင်ခြင်းကြောင့်သာလျှင် လောက၌ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိပြီဟု ဝန်ခံခဲ့ကြောင်း မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါသည်။ ထိုတရားများကို ဟုတ်တိုင်းမှန်စွာ သိမြင်မှသာလျှင် သတ္တဝါတို့သည် လောကမှ ကျွတ်လွတ်ကင်းကွာလျက် အပိုင်းအခြားကင်းသောစိတ်ဖြင့် နေနိုင်ကြမည်ဟု ဟောကြားတော်မူပါသည်။

ကေသမုတ္တိသုတ်တွင် ကာလာမမင်းတို့အား သူတစ်ပါးပြောကာမျှဖြင့် မယုံ ကြည်ဘဲ ကိုယ်တိုင်သိမြင်အောင် စူးစမ်း ဆင်ခြင်ပြီးမှ ပယ်သင့်သော တရားကို ပယ်၍ ဆောင်သင့်သော တရားများကို ဆောင်ကြရန် မြတ်စွာဘုရားက လမ်းညွှန် ဟောကြားတော်မူခဲ့ပါသည်။

တစ်ဆင့်စကားကြားရုံမျှဖြင့် အမှန်ဟုမယူဆသင့်။

မိဘဘိုးဘွားအဆက်ဆက် ပြောစကားများဖြင့်လည်း အမှန်ဟုမယူသင့်။

မသေမချာပြောစကားဖြင့်လည်း အမှန်ဟုမယူသင့်။

စာပေကျမ်းဂန်ဖြင့် ညီညွတ်ရုံဖြင့်လည်း အမှန်ဟုမယူသင့်။

ကြံဆခြင်းဟူသောအကြောင်းဖြင့်လည်း အမှန်ဟုမယူသင့်။

နည်းလမ်းယုတ္တိ ချိန်ဆနိုင်ခြင်းဟူသောအကြောင်းဖြင့်လည်း အမှန်ဟု မယူသင့်။

အကြောင်းအခြင်းအရာကို ကြံဆခြင်းဖြင့်လည်း အမှန်ဟုမယူသင့်။
မိမိအယူအဆဖြင့် ညီညွတ်ရုံဖြင့်လည်း အမှန်ဟုမယူသင့်။
နာယူထိုက်သောပုဂ္ဂိုလ်၏ စကားဖြစ်ခြင်းကြောင့်လည်း အမှန်ဟုမယူသင့်။
မိမိဆရာဖြစ်သော ရဟန်း၏ စကားဖြစ်ရုံမျှနှင့်လည်း အမှန်ဟု မယူသင့်ကြောင်း မိန့်ကြားတော်မူပါသည်။

လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ်တရားများကို ပယ်အပ်ပါသည်။
အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်တရားများကို ပြည့်စုံအောင် ကျင့်သုံးရပါမည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစိတ်များကို ဖြန့်လျက် ပွားများအပ်ပါသည်။ ဤသို့ စင်ကြယ်သောစိတ်ရှိသည့် ပုဂ္ဂိုလ်များသည် မျက်မှောက်ဘဝ၌ပင် ဆောက်တည်ရာလေးပါးကို ရရှိမည်ဟု ဟောကြားတော်မူပါသည်။

**စတုက္ကနိပါတ် (လေးပါးစုတရားများ)**

ဤစတုက္ကနိပါတ်တွင် သုတ်ပေါင်း(၅၁၀)ပါရှိပါသည်။ ပုဂ္ဂိုလ်များ၊ တရားနှင့် ကျင့်စဉ် စသည်များကို လေးမျိုးတွဲ၍ ဟောကြားတော်မူပါသည်။

အနုသောတသုတ်တွင် (က) ကာမဂုဏ်ကိုမှီဝဲ၍ မကောင်းမှု ပြုလုပ်သူသည် ရေစုန်သို့မျော၍လိုက်သော ပုဂ္ဂိုလ်၊ (ခ) ကိုယ်စိတ်ဆင်းရဲအပင်ပန်းခံ၍ စင်ကြယ်သော အကျင့်မြတ်ကို ကျင့်သောပုဂ္ဂိုလ်သည် ရေဆန်သို့တက်သောပုဂ္ဂိုလ်၊ (ဂ) ကာမဘုံသို့ ပြန်မလာတော့ဘဲ ဗြဟ္မာဘုံတွင် ပရိနိဗ္ဗာန်ပြုမည့် ပုဂ္ဂိုလ်သည် တည်တံ့သောသဘောရှိသောပုဂ္ဂိုလ်၊ (ဃ) အာသဝေါကင်းရာဖြစ်သော လွတ်မြောက်မှုကို မျက်မှောက်ပြုနေသောပုဂ္ဂိုလ်သည် တစ်ဖက်ကမ်းသို့ရောက်၍ ကုန်းထက်၌တည်သောပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်လေးမျိုးရှိကြောင်း ဟောတော်မူပါသည်။

ဒေဝဒတ္တသုတ်တွင် ဒေဝဒတ်က သံဃာကိုသင်းခွဲ၍ ထွက်ခွာသွားခြင်းကို အကြောင်းပြု၍ မိမိကိုယ်မိမိ ဖျက်ဆီးသူ လေးမျိုးအကြောင်း ဟောတော်မူပါသည်။

ငှက်ပျောပင်၊ ဝါးပင်၊ ကျူပင်တို့သည် မိမိကိုယ်မိမိ သတ်ဖြတ်ဖျက်ဆီးရန် အသီးသီးသကဲ့သို့လည်းကောင်း၊ အဿတရမြင်းမသည် မိမိကိုယ်မိမိ သတ်ဖြတ်ဖျက်ဆီးရန် ကိုယ်ဝန်ကိုဆောင်သကဲ့သို့လည်းကောင်း ဖျက်ဆီးသူလေးမျိုးရှိပါသည်။ ထို့အတူ လာဘ်ရခြင်း၊ ပူဇော်ခံရခြင်း၊ ကျော်စောခြင်းတို့သည် ဒေဝဒတ်အား မိမိကိုယ်မိမိ သတ်ဖြတ်ရန် အကြောင်းဖြစ်ပေါ် လာပါသည်။

သပ္ပုရိသသုတ်တွင် သူယုတ်နှင့် သူတော်ကောင်းလက္ခဏာများ လေးပါးစီကို ဟောကြားတော်မူပါသည်။

သူယုတ်အင်္ဂါများမှာ (က) သူတစ်ပါး၏ဂုဏ်ကျေးဇူးမဲ့ကို မမေးဘဲနှင့်ပင် ပြောတတ်ပြီး မေးလျှင် ချဲ့ကား၍ပြောတတ်ခြင်း၊ (ခ) သူတစ်ပါး၏ဂုဏ်ကျေးဇူးကို မမေးလျှင်မပြော၊ မေးလျှင် လျှော့ပေါ့၍ ပြောခြင်း၊ (ဂ) မိမိဂုဏ်ကျေးဇူးမဲ့ကို မမေးလျှင် မပြော၊ မေးလျှင် လျှော့ပေါ့ထိန်ချန်၍ပြောခြင်း၊ (ဃ) မိမိဂုဏ်ကျေးဇူးကို မမေးဘဲနှင့်ပြောပြီး၊ မေးလျှင် ချဲ့ထွင်၍ ပြောခြင်းတို့ဖြစ်ပါသည်။

သူတော်ကောင်းအင်္ဂါလေးပါးတို့မှာ (က) သူတစ်ပါး၏ဂုဏ်ကျေးဇူးမဲ့ကို မမေးလျှင်မပြော၊ မေးလျှင် လျှော့ပေါ့၍ပြောခြင်း၊ (ခ) သူတစ်ပါး၏ဂုဏ်ကျေးဇူးကို မမေးဘဲနှင့်ပင်ပြောပြီး မေးလျှင်လည်း မထိန်ချန်ဘဲ ပြည့်စုံစွာပြောခြင်း၊ (ဂ) မိမိ ဂုဏ်ကျေးဇူးမဲ့ကို မမေးဘဲနှင့်ပင်ပြောပြီး မေးလျှင်လည်း ထိန်ချန်မထားဘဲ ပြည့်စုံစွာ ပြောခြင်း၊ (ဃ) မိမိ၏ဂုဏ်ကျေးဇူးကို မမေးဘဲနှင့်မပြော မေးလျှင်လည်း ချဲ့ထွင်၍ မပြောဘဲ လျှော့ပေါ့၍ပင်ပြောခြင်းတို့ဖြစ်ပါသည်။

ပထမသံဝါသသုတ်တွင် ယောကျ်ားနှင့်မိန်းမ အတူနေရခြင်း လေးမျိုးကို ဖော်ပြထားပါသည်။

(က) လင်နှင့်မယား နှစ်ဦးစလုံးသည် အကျင့်သီလပျက်ပြီး ယုတ်ညံ့သော အကျင့်ရှိကြလျှင် ယင်းတို့နှစ်ဦး အတူနေ ခြင်းသည် သူသေလင်နှင့် သူသေမယားတို့ အတူနေခြင်းမည်ပါသည်။

(ခ) လင်က အကျင့်သီလပျက်၍ မယားက အကျင့်သီလနှင့်ပြည့်စုံသော် သူသေလင်နှင့် နတ်သမီးမယားတို့ အတူနေခြင်းမည်ပါသည်။

(ဂ) လင်က ကောင်းသော အကျင့်သီလရှိ၍ မယားက ယုတ်မာသော အကျင့်ရှိသော် လင်နတ်သားနှင့် သူသေမယားတို့ အတူနေခြင်း မည်ပါသည်။

(ဃ) လင်နှင့်မယားနှစ်ဦးစလုံး အကျင့်သီလနှင့်ပြည့်စုံကြသော် လင် နတ်သားနှင့် မယားနတ်သမီးတို့ အတူနေခြင်း မည်ပါသည်။

ပထမဉရုဝေလသုတ်တွင် မြတ်စွာဘုရားသည် သစ္စာလေးပါးကို ထိုးထွင်း သိမြင်ပြီး ဘုရားဖြစ်ပြီးစအချိန်တွင် မိမိ ရိုသေကျိုးနွံရမည့်သူ၊ အမှီပြုရမည့်သူ ရှိ မရှိ အကြံဖြစ်ခဲ့ပါသည်။ သို့သော် လောကတွင် ဘုရားထက် သီလ၊ သမာဓိ၊ ပညာ အစရှိသည်အားဖြင့် သာလွန်သည့် မည်သည့်ပုဂ္ဂိုလ်မျှ မတွေ့မမြင်ခဲ့ပါ။ သို့အတွက် မြတ်စွာဘုရားသည် ကိုယ်တိုင်ထိုးထွင်း၍ သိမြင်အပ်သော တရားကို သာလျှင် အရိုအသေအလေးအမြတ်ပြု၍၊ အမှီပြုလျက်နေခဲ့ကြောင်း မိန့်ကြားတော် မူပါသည်။

ဓမ္မပဒသုတ်တွင် အထွတ်အမြတ်တရားလေးပါးကို ဟောကြားတော်မူပါသည်။ ယင်းတို့မှာ -

(က) သူတစ်ပါးပစ္စည်းကို မမက်မောခြင်း၊

(ခ) သူတစ်ပါးကို မပျက်စီးစေလိုခြင်း၊

(ဂ) ကောင်းစွာအောက်မေ့ခြင်းနှင့်

(ဃ) ကောင်းစွာတည်ကြည်ခြင်းတို့ ဖြစ်ပါသည်။

ရောဟိတဿသုတ်တွင် ရောဟိတဿနတ်သားကို ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းမရှိရာ လောက အဆုံးသို့ ခြေလျင်သွား၍မရောက်နိုင်ကြောင်း ဟောကြားတော်မူပါသည်။ တစ်လံမျှလောက်သာလျှင်ရှိသော ဤခန္ဓာကိုယ်၌သာလျှင် -

(က) လောကကိုလည်းကောင်း၊

(ခ) လောကဖြစ်ကြောင်းကိုလည်းကောင်း၊

(ဂ) လောက၏ချုပ်ငြိမ်းခြင်းကိုလည်းကောင်း၊

(ဃ) လောကချုပ်ငြိမ်းရန်အကျင့်ကိုလည်းကောင်း ဟောကြားတော်မူပါသည်။

ပဓာနသုတ်တွင် ကောင်းစွာအားထုတ်မှု သမ္မပ္ပဓာန်တရား လေးပါးကို ဟောကြားတော်မူပါသည်။

ယင်းတို့မှာ -

(က) မဖြစ်သေးသောအကုသိုလ်တရားများကို မဖြစ်စေရန် အားထုတ်ကျင့်ကြံရန်၊

(ခ) ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားများကို ပယ်ရှားရန် အားထုတ်ကျင့်ကြံရန်၊

(ဂ) မဖြစ်သေးသော ကုသိုလ်တရားများကို ဖြစ်ပေါ်လာအောင် အားထုတ်ကျင့်ကြံရန်၊

(ဃ) ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားများကို တည်တံ့တိုးပွားရန် အားထုတ်ကျင့်ကြံခြင်းတို့ဖြစ်ပါသည်။

သင်္ဂဟသုတ်တွင် ဟောကြားတော်မူသော ချီးမြှောက်ထောက်ပံ့မှု သင်္ဂဟဝတ္ထုလေးပါးတို့မှာ -

(က) ပေးကမ်းခြင်း၊

(ခ) ချစ်ဖွယ်သောစကားကိုဆိုခြင်း၊

(ဂ) အကျိုးစီးပွားကို ကျင့်ခြင်းနှင့်

(ဃ) မိမိနှင့် ထပ်တူထပ်မျှပြုခြင်းပင်ဖြစ်ပါသည်။

ပထမဝလာဟကသုတ်တွင် မိုးလေးမျိုးနှင့်တူသော ပုဂ္ဂိုလ်လေးမျိုးကို ဟောကြားတော်မူပါသည်။

(က) ပြောသာပြော၍ မလုပ်သောသူသည် ချုန်းသာချုန်း၍ မရွာသော မိုးနှင့်တူသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

(ခ) လုပ်သာလုပ်၍ မပြောတတ်သူသည် ရွာသာရွာ၍ မချုန်းသော မိုးနှင့်တူသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

(ဂ) ပြောလည်းမပြော၊ လုပ်လည်းမလုပ်သောသူသည် ချုန်းလည်းမချုန်း၊ ရွာလည်းမရွာသောမိုးနှင့်တူသော ပုဂ္ဂိုလ် ဖြစ်ပါသည်။

(ဃ) ပြောလည်းပြော လုပ်လည်းလုပ်သူသည် ချုန်းလည်းချုန်း ရွာလည်း ရွာသောမိုးနှင့်တူသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

တေသိသုတ်တွင် ဆုံးမနည်းလေးမျိုးကို ဟောကြားတော်မူပါသည်။ မြင်းဆရာတေသိသည် မြင်းရိုင်းများကို -

(က) အနုနည်း၊

(ခ) အကြမ်းနည်း၊

(ဂ) အနုနည်း၊ အကြမ်းနည်း နှစ်မျိုးလုံးဖြင့် ယဉ်ကျေးအောင် ဆုံးမ မရပါက

(ဃ) ထိုမြင်းရိုင်းကို သတ်ပစ်ပါသည်ဟု လျှောက်ထားပါသည်။

မြတ်စွာဘုရားက သတ္တဝါတို့ကို ဤနည်းလေးနည်းဖြင့် ဆုံးမတော်မူကြောင်း မိန့်ကြားတော်မူပါသည်။

(က) သုစရိုက်သုံးပါး၏ အကျိုးနှင့် လူ့ပြည်၊ နတ်ပြည်ကို ပြသဆုံးမ ခြင်းသည် အနုနည်းဖြစ်ပါသည်။

(ခ) ဒုစရိုက် သုံးပါးတို့၏ အကျိုးနှင့် အပါယ်လေးဘုံကိုပြ၍ ဆုံးမ ခြင်းသည် အကြမ်းနည်းဖြစ်ပါသည်။

(ဂ) ဤအနုနည်း အကြမ်းနည်းတို့ဖြင့် ဆုံးမပါသည်။

(ဃ) ဤသို့ ဆုံးမသော်လည်း ယဉ်ကျေး သိမ်မွေ့ခြင်းသို့မရောက်သူအား မြတ်စွာဘုရားနှင့် အသိဉာဏ်ရှိသော သီတင်းသုံးဖော်တို့က ဆုံးမထိုက်သူဟူ၍ အသိအမှတ်မပြုကြတော့ပါ။ ဤသို့အသိအမှတ် မပြုခြင်းသည် အရိယာဝိနည်း၌ သတ်ပစ်ခြင်းပင် ဖြစ်ပါသည်။

**ပဉ္စကနိပါတ် (ငါးပါးစုတရားများ)**

ပဉ္စကနိပါတ်တွင် သုတ်ပေါင်း(၁၁၅၁)သုတ် ပါရှိပါသည်။

ဒါနပေးလှူခြင်း၊ ကမ္မဋ္ဌာန်း အားထုတ်ခြင်း၊ ကြီးပွားရေး စီးပွားရေး နည်းလမ်းများ၊ ရဟန်းတော်များအတွက် အကျိုးရှိ အကျိုးမဲ့စေမည့် တရားများ စသည်တို့ကို ဟောကြားတော်မူပါသည်။

ဒါနာနိသံသသုတ်တွင် ဒါန၏အကျိုးငါးပါးကို ဟောကြားတော်မူပါသည်။

ဒါန၏အကျိုးအာနိသင်မှာ -

(က) လူအများ၏ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်း၊

(ခ) မိမိထံသို့ သူတော်ကောင်းများချဉ်းကပ်လာခြင်း၊

(ဂ) ကောင်းသောဂုဏ်သတင်း ကျော်စောခြင်း၊

(ဃ) လူတို့၏ အကျင့် တရားသီလတို့မှ မကင်းကွာခြင်း၊

(င) သေလွန်သောအခါ နတ်ပြည်သို့ရောက်ခြင်းတို့ဖြစ်ပါသည်။

သပ္ပုရိသဒါနသုတ်တွင် သူတော်ကောင်းတို့၏ ပေးလှူခြင်းငါးပါးကို ဟောကြားတော်မူပါသည်။

(က) ယုံကြည်စွာပေးလှူသူသည် ဒါနအကျိုးပေးရာဘဝတိုင်း၌ ချမ်းသာကြွယ်ဝပြီး ရုပ်အဆင်းလည်း လှပတင့်တယ် ပါသည်။

(ခ) ရိုသေစွာပေးလှူသူသည် ချမ်းသာကြွယ်ဝသူဖြစ်ပြီး မိသားစုနှင့် တပည့် သားမြေးတို့က သူ့စကားကို နာခံလိုက်နာသူဖြစ်ပါသည်။

(ဂ) လျောက်ပတ်သောအခါ၌ ပေးလှူသူသည် လိုအပ်သောအခါ၌ များစွာသောအကျိုးစီးပွားတို့ သူ့ထံသို့ ရောက်ရှိလာပါသည်။

(ဃ) ပစ္စည်း၌ မငဲ့ကပ်သောစိတ်ဖြင့် ပေးလှူသူသည် ချမ်းသာကြွယ်ဝသူ ဖြစ်ပြီး ကောင်းမွန်သောကာမဂုဏ်တို့ကို ခံစားနိုင်ပါသည်။

(င) မိမိကိုယ်နှင့် သူတစ်ပါးကိုမထိခိုက်စေဘဲ ပေးလှူသူသည် ချမ်းသာ ကြွယ်ဝပြီး ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ် မနှစ်သက်သောသူတို့ကြောင့် စည်းစိမ်ဥစ္စာ ပျက်စီးခြင်းမဖြစ်နိုင်တော့ပါ။

ကာလဒါနသုတ်တွင် -

(က) ဧည့်သည်အာဂန္တုအား ပေးလှူခြင်း၊

(ခ) ခရီးသည်အား ပေးလှူခြင်း၊

(ဂ) လူနာအား ပေးလှူခြင်း၊

(ဃ) ငတ်မွတ်ခေါင်းပါးသောအခါ၌ ပေးလှူခြင်း၊

(င) ကောက်ဦးကောက်သစ်ကို သီလရှိသူအား ပေးလှူခြင်းဟူ၍ အချိန်အခါနှင့် လျော်ညီသောပေးလှူခြင်း ကာလဒါန ငါးမျိုး ရှိကြောင်း ဟောကြားပါသည်။

ပဓာနိယင်္ဂသုတ်တွင် ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်များ ပြည့်စုံရမည့် အင်္ဂါငါးပါးကို ဟောကြားပါသည်။

ယင်းတို့မှာ -

(က) မြတ်စွာဘုရားအား ယုံကြည်သောသဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊

(ခ) အနာရောဂါကင်း၍ ကျန်းမာခြင်း၊

(ဂ) စဉ်းလဲမှုနှင့် လှည့်စားမှုမရှိခြင်း၊

(ဃ) ထက်သန်သောဝီရိယဖြင့် အားထုတ်ခြင်း၊

(င) ဝိပဿနာဉာဏ်ပညာနှင့် ပြည့်စုံခြင်းတို့ဖြစ်ပါသည်။

သမယသုတ်တွင် ကမ္မဋ္ဌာန်းအားထုတ်ရန် မသင့်သောအချိန်ငါးမျိုးကို ဖော်ပြထားပါသည်။

ယင်းတို့မှာ -

(က) အိုမင်းသောအခါ၊

(ခ) နာမကျန်းဖြစ်သောအခါ၊

(ဂ) ဆန်ရေစပါးရှားပါး၍ ဆွမ်းခံစားရန်မလွယ်သောအခါ၊

(ဃ) သောင်းကျန်းသူများကြောင့် ပြည်သူပြည်သားတို့ ပြေးလွှားနေရသောအခါ၊

(င) သံဃာဂိုဏ်းကွဲသောအခါတို့ ဖြစ်ပါသည်။

ကမ္မဋ္ဌာန်းအားထုတ်ရန်သင့်သောအချိန်ငါးမျိုးမှာ -

(က) နုပျိုငယ်ရွယ်သောအခါ၊

(ခ) ကျန်းမာနေသောအခါ၊

(ဂ) ဆန်ရေစပါးပေါများ၍ ဆွမ်းခံရန်လွယ်ကူသောအခါ၊

(ဃ) ပြည်သူလူထုတို့ စည်းလုံးညီညွတ်သောအခါ၊

(င) ရဟန်းသံဃာများ စည်းလုံးညီညွတ်သောအခါတို့ ဖြစ်ပါသည်။

ဌာနသုတ်တွင် လူတိုင်း အမြဲမပြတ်ဆင်ခြင်အပ်သော အကြောင်းအရာငါးပါးကို ဟောတော်မူပါသည်။

(က) အိုခြင်းသဘောကို မလွန်ဆန်နိုင်ဟူ၍ အမြဲမပြတ်ဆင်ခြင်လျှင် ပျိုရွယ်မှုမာန်ယစ်ခြင်းသည် ခေါင်းပါးသွားနိုင်၊ ပျောက်ကင်းသွားနိုင်ပါသည်။

(ခ) နာခြင်းသဘောကို မပြတ်ဆင်ခြင်လျှင် ရောဂါကင်းမှု မာန်ယစ်ခြင်းသည် ခေါင်းပါးသွားနိုင်၊ ပျောက်ကင်းသွားနိုင်ပါသည်။

(ဂ) သေခြင်းသဘောကို မလွန်ဆန်နိုင်ဟူ၍ မပြတ်ဆင်ခြင်လျှင် အသက်ရှင်မှုမာန်ယစ်ခြင်းသည် ခေါင်းပါးသွားနိုင်၊ ပျောက်ကင်းသွားနိုင်ပါသည်။

(ဃ) ချစ်ခင်မြတ်နိုးသောသူများနှင့် ရှင်ကွဲကွဲရမည်၊ သေကွဲကွဲရမည်ဟု မပြတ်ဆင်ခြင်လျှင် သတ္တဝါတို့အပေါ် လိုချင်မက်မောမှုသည် ခေါင်းပါးသွားနိုင်၊ ပျောက်ကင်းသွားနိုင်ပါသည်။

(င) မိမိပြုလုပ်သော ကောင်းမှုကံ၊ မကောင်းမှုကံတို့၏အမွေကို ခံယူရလိမ့်မည်ဟု မပြတ်ဆင်ခြင်လျှင် ဒုစရိုက် သုံးပါးတို့ ခေါင်းပါးပျောက်ကင်းသွားနိုင်ပါသည်။ ဤသို့မပြတ်ဆင်ခြင်သော် အရိယာမဂ်ဖြစ်ပေါ်လာပြီး သံယောဇဉ်နှင့် အနုသယတို့ ကင်းကွာကုန်ပါသည်။

အာဒိယသုတ်တွင် အနာထပိဏ်သူဌေးကြီးအား စည်းစိမ်ဥစ္စာများ ရယူခြင်းအကြောင်းငါးပါးကို ဟောတော်မူပါသည်။

ယင်းတို့မှာ –

(က) တရားသဖြင့်ရရှိသော စည်းစိမ်ဥစ္စာများဖြင့် မိဘ၊ သားသမီး၊ တပည့် သားမြေးတို့အား ချမ်းသာစေရန် ထောက်ပံ့ခြင်း၊

(ခ) မိတ်ဆွေအပေါင်းအသင်းတို့အား ချမ်းသာစေရန် ထောက်ပံ့ခြင်း၊

(ဂ) ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူ ဘေးရန်ငါးပါးဖြစ်ပေါ်လာသည့်အခါ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း၊

(ဃ) ဆွေမျိုးတို့အား ပေးကမ်းခြင်း၊ ဧည့်သည်တို့အား ကျွေးမွေးခြင်း၊ ကွယ်လွန်သွားသော ဆွေမျိုးတို့အတွက် ပေးလှူခြင်း၊ မင်းအား အခွန်ဆက်ခြင်း၊ နတ်တို့အား ပူဇော်ခြင်းဟူသော ပူဇော်ခြင်းငါးပါးကို ပြုလုပ်နိုင်ခြင်း၊

(င) ရဟန်းပုဏ္ဏားတို့၌ မြတ်သောအလှူကို ဖြစ်စေခြင်းတို့ဖြစ်ပါသည်။ ဤအကြောင်းငါးပါးအတွက် စည်းစိမ်ဥစ္စာကို ရယူလိုသူသည် စည်းစိမ်ဥစ္စာများ ကုန်ခန်းသွားသည်ဖြစ်စေ၊ တိုးပွားလာသည်ဖြစ်စေ နှလုံးမသာမယာမဖြစ်၊ ဝမ်းမြောက်ကျေနပ်ခြင်းသာ ဖြစ်ပေါ်လာပါသည်။

လိစ္ဆဝိကုမာရကသုတ်တွင် လိစ္ဆဝိမင်းသားတို့ကိုအကြောင်းပြု၍ ကြီးပွားခြင်းတရားငါးပါးကို ဟောတော်မူပါသည်။

ယင်းတရားငါးပါးမှာ –

မိမိအစွမ်းအားဖြင့် တရားသဖြင့် အားထုတ်ကြိုးပမ်း၍ ရရှိလာသော ပစ္စည်းဥစ္စာတို့ဖြင့် (က) မိဘနှစ်ပါး၊ (ခ) သား မယား တပည့်များ၊ (ဂ) မိမိ လယ်ယာလုပ်ငန်းအနီးမှ လယ်သမားနှင့် မြေတိုင်းစာရေးများ၊ (ဃ) မိရိုးဖလာ ပူဇော်ပသမြဲဖြစ်သော နတ်များ၊ (င) သူတော်သူမြတ်များတို့အား ရိုသေမြတ်နိုး စွာဖြင့် ပူဇော်ခြင်းတို့ဖြစ်ပါသည်။ အပူဇော်ခံပုဂ္ဂိုလ်များက ရိုသေလေးစားစွာ ပူဇော်သူအား ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းမေတ္တာပို့ကြကာ ကောင်းသော စိတ်ဖြင့် ကူညီစောင်မကြပါသည်။ ထိုပုဂ္ဂိုလ်သည် ကြီးပွားချမ်းသာမည်သာ ဖြစ် ပါသည်။

ဝါဏိဇ္ဇသုတ်တွင် ကြီးပွားချမ်းသာရန် ကုန်သွယ်ရာ၌ –

(က) လက်နက်ကုန်သွယ်မှု၊

(ခ) လူသတ္တဝါကုန်သွယ်မှု၊

(ဂ) အမဲသားငါးကုန်သွယ်မှု၊

(ဃ) သေရည်သေရက်ကုန်သွယ်မှု၊

(င) အဆိပ်ကုန်သွယ်မှုဟူသော ကုန်သွယ်မှု ငါးပါးကို ရှောင်ရှား သင့်ကြောင်း ဟောတော်မူပါသည်။

ဝိတ္တတသုတ်တွင် တရားကျင့်ဆဲ သေက္ခပုဂ္ဂိုလ်တို့၌ရှိသော အားငါးပါးကို ဟောတော်မူပါသည်။

ယင်းတို့မှာ –

(က) မြတ်စွာဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်သည့်သဒ္ဓါအား၊

(ခ) အကုသိုလ်တရားများပြုရန်ရှက်သည့် ဟိရီအား၊

(ဂ) ကြောက်လန့်သည့်သြတ္တပ္ပအား၊

(ဃ) အကုသိုလ်တရားများပယ်ရန်နှင့် ကုသိုလ်တရားများအားထုတ်သော ဝီရိယအား၊

(င) ဒုက္ခချုပ်ငြိမ်းစေနိုင်သည့် ဝိပဿနာပညာနှင့် မဂ်ပညာတည်းဟူသော ပညာအားတို့ဖြစ်ပါသည်။

ဤအားငါးပါးဖြင့် သစ္စာလေးပါးတရားကို ဉာဏ်အထူးဖြင့် သိမြင်ရရှိ နိုင်ကြောင်း ဟောတော်မူပါသည်။

ဒဠှဗ္ဗသုတ်တွင် –

(က) သဒ္ဓါအားသည် သောတာပတ္တိမဂ်၏ အကြောင်းအင်္ဂါလေးပါးတို့၌ အကြီးအမှူး၊

(ခ) ဝီရိယအားသည် သမ္မပ္ပဓာန်တရားလေးပါးတို့၌ အကြီးအမှူး၊

(ဂ) သတိအားသည် သတိပဋ္ဌာန်လေးပါးတို့၌ အကြီးအမှူး၊
(ဃ) သမာဓိအားသည် ဈာန်လေးပါးတို့၌ အကြီးအမှူး၊
(င) ပညာအားသည် အရိယသစ္စာလေးပါးတို့၌ အကြီးအမှူးအဖြစ် မှတ်အပ်ကြောင်း ဟောကြားတော်မူပါသည်။

ပထမသမယဝိမုတ္တိသုတ်တွင် အခိုက်အတန့် ကိလေသာမှလွတ်မြောက်သည့် သမယဝိမုတ္တိပုဂ္ဂိုလ်တို့အတွက် ဆုတ်ယုတ်ကြောင်းတရားငါးပါးကို ဟောတော်မူပါသည်။

(က) အမှုသစ်၌မွေ့လျော်ခြင်း၊
(ခ) စကားပြောမှု၌ မွေ့လျော်ခြင်း၊
(ဂ) အိပ်စက်မှု၌မွေ့လျော်ခြင်း၊
(ဃ) အပေါင်းအဖော်၌မွေ့လျော်ခြင်း၊
(င) ကိလေသာတို့မှ လွတ်မြောက်ခဲ့သောစိတ်ကို မဆင်ခြင်ခြင်းတို့ ဖြစ်ပါသည်။ ယင်းဆုတ်ယုတ်ခြင်းအကြောင်းငါးပါး နှင့်ဆန့်ကျင်၍ အမှုသစ်၌မမွေ့လျော်ခြင်း စသောတရားငါးပါးကို ကျင့်သုံးပါက သမယဝိမုတ္တိပုဂ္ဂိုလ်အတွက် တိုးတက်မှု ဖြစ်စေနိုင်ပါသည်။

ကုဟကသုတ်တွင် –

(က) အံ့သြဖွယ်ပြုခြင်း၊
(ခ) မြှောက်ပင့်ပြောခြင်း၊
(ဂ) နိမိတ်ပြုခြင်း၊
(ဃ) ဗိနှိပ်ပြောခြင်း၊
(င) ရထားသောပစ္စည်းဖြင့်များ၍ မရသေးသောပစ္စည်းကိုရှာခြင်းတို့ကို ပြုလုပ်သော ရဟန်းအား သီတင်းသုံးဖော်တို့က ချစ်ခင်ရိုသေလေးစားကြမည်မဟုတ်ကြောင်း အံ့သြဖွယ် စသော အထက်ဖော်ပြပါ အင်္ဂါငါးပါးကို မပြုလုပ်သောရဟန်း တို့အား သီတင်းသုံးဖော်တို့က ချစ်ခင်ရိုသေလေးစားကြမည်ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

ထိုနည်းတူ သီလဝန္တသုတ်တွင် –

(က) သီလရှိခြင်း၊
(ခ) များသောအကြားအမြင်ဗဟုသုတရှိခြင်း၊
(ဂ) ပီပြင်ပြတ်သား ကောင်းသောစကားရှိခြင်း၊
(ဃ) ဈာန်လေးပါးကိုရရှိခြင်း၊
(င) အာသဝေါကင်းရာဖြစ်သည့် စေတောဝိမုတ္တိနှင့် ပညာဝိမုတ္တိကို မျက်မှောက်ပြုခြင်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသည့် ရဟန်း

တို့အား သီတင်းသုံးဖော်တို့က ချစ်ခင်လေးစားကြကြောင်း ဟောကြားတော်မူပါသည်။

ဂီတဿရသုတ်တွင် ဂီတသံဖြင့် တရားဟောခြင်း၏ အပြစ်ငါးပါးကို ဟောကြားပါသည်။

(က) သံရှည်ဆွဲ၍ ဂီတသံဖြင့် တရားဟောသည့်ပုဂ္ဂိုလ်သည် မိမိအသံကို မိမိကိုယ်တိုင်စွဲမက်ခြင်း၊
(ခ) သူတစ်ပါးကိုလည်း စွဲမက်စေခြင်း၊
(ဂ) ရဟန်းတို့ မိမိတို့လို သီချင်းဆိုတာပါလားဟု လူတို့က ကဲ့ရဲ့ခြင်း၊
(ဃ) အသံပြုပြင်လိုမှုကြောင့် သမာဓိပျက်ခြင်း၊
(င) နောင်လာနောက်သားတို့ မသင့်သော အတုရဖွယ်ရှိခြင်းဟူသည့် အပြစ်ငါးပါးကို ဖြစ်ပေါ်စေပါသည်။

## ဆက္ကနိပါတ် (ခြောက်ပါးစုတရား)

ဤဆက္ကနိပါတ်တွင် သုတ်ပေါင်း(၆၄၉)ခု ပါရှိပါသည်။

အလှူခံပုဂ္ဂိုလ်များ၊ အကုသိုလ်တရားတို့မှ လွတ်မြောက်ခြင်းတရားများ၊ ပယ်ရမည့်တရားများ၊ မဂ်ဖိုလ်အတားအဆီးများနှင့် ရခဲသောအရာ ခြောက်ပါးစသည်တို့ကို ဟောကြားတော်မူပါသည်။

ပဌမအာဟုနေယျသုတ်တွင် အလှူခံရဟန်းမြတ်၏ အင်္ဂါခြောက်ပါးကို ဟောတော်မူပါသည်။

ယင်းတို့မှာ –

(က) မျက်စေ့ဖြင့် ရူပါရုံကိုမြင်လျှင်၊
(ခ) နားဖြင့် သဒ္ဒါရုံကိုကြားလျှင်၊
(ဂ) နှာခေါင်းဖြင့် ဂန္ဓာရုံကိုနမ်းရှူလျှင်၊
(ဃ) လျှာဖြင့် ရသာရုံကိုလျက်လျှင်၊
(င) ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလျှင်၊
(စ) မနောစိတ်ဖြင့် ဓမ္မာရုံကိုသိလျှင် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းမဖြစ်ဘဲ သတိသမ္ပဇဉ်နှင့်ယှဉ်လျက် လျစ်လျူရှုနေခြင်းပင် ဖြစ်ပါသည်။

ဤဂုဏ်အင်္ဂါခြောက်ပါးဖြင့် ပြည့်စုံသောရဟန်းသည် အဝေးမှယူဆောင်လာသည့်ပစ္စည်း၊ ဧည့်သည်အတွက် အထူးစီမံအပ်သောပစ္စည်း၊ တမလွန် အကျိုးကို ယုံကြည်၍ လှူသောပစ္စည်းတို့ကို ခံယူထိုက်သူဖြစ်ပါသည်။ လောက၏ အမြတ်ဆုံး ကောင်းမှုလယ်မြေဖြစ်သည်ဟု ဟောတော်မူပါသည်။

ဒါရုကမ္ဗိကသုတ်တွင် သစ်ကုန်သည်သူကြွယ်ကို အကြောင်းပြု၍ အလှူခံရဟန်းခြောက်မျိုးအကြောင်းကို ဟောတော်မူပါသည်။ ပုထုဇဉ်လူပုဂ္ဂိုလ်အနေဖြင့် ရဟန္တာပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်သို့ရောက်သော ပုဂ္ဂိုလ်တို့ကို သိရန်မလွယ်ကူပေ။ ချီးကျူးအပ်သော အလှူခံရဟန်းခြောက်မျိုးတို့ကို ဟောကြားတော်မူပါသည်။

(က) တောကျောင်းတွင်နေ၍၊

(ခ) ရွာဦးကျောင်း၌နေ၍၊

(ဂ) ပိဏ္ဍပါတ်ဓုတင်ကိုဆောင်၍၊

(ဃ) ပင့်ဖိတ်လောင်းလှူသောဆွမ်းကိုခံ၍၊

(င) ပံ့သကူဓုတင်ကိုဆောင်၍၊

(စ) လှူဒါန်းသော သင်္ကန်းကိုဆောင်၍၊ မပျံ့လွင့်သော စိတ်ရှိသော၊ မာန်မာနမထောင်လွှားသော၊ လျှပ်ပေါ်လော်လီမှု မရှိသော ရဟန်းတို့အား ချီးမွမ်းအပ်ပါသည်။ မည်သည့်ရဟန်းသည် ရဟန္တာပုဂ္ဂိုလ်ဟုသိရန် မလွယ်ကူသဖြင့် သံဃာ၌ အလှူဒါနကိုပြုရန် တိုက်တွန်းမိန့်ကြားတော်မူပါသည်။

ဤသို့ပေးလှူလျှင် ကြည်လင်သောစိတ်ရှိသည်ဖြစ်၍ ကွယ်လွန်သောအခါ နတ်ပြည်သို့ရောက်လိမ့်မည်ဟု ဟောကြားတော်မူပါသည်။

ဆဠင်္ဂဒါနသုတ်တွင် အင်္ဂါခြောက်ပါးနှင့်ပြည့်စုံသော အလှူဒါနကို ဟောကြားတော်မူပါသည်။

အလှူပေးသည့်ဒါယကာ၏ အင်္ဂါသုံးပါးမှာ -

(က) မလှူမီ ရွှင်လန်းဝမ်းမြောက်သောစိတ်ရှိခြင်း၊

(ခ) လှူနေဆဲ၌လည်း စိတ်ထားကြည်လင်နေခြင်း၊

(ဂ) လှူပြီးနောက်၌လည်း ဝမ်းမြောက်ကျေနပ်ခြင်းတို့ဖြစ်ပါသည်။

အလှူခံပုဂ္ဂိုလ်၏ အင်္ဂါသုံးပါးမှာ -

(က) ရာဂကင်းသူ သို့မဟုတ် ရာဂကင်းရန် ကျင့်နေသူဖြစ်ခြင်း၊

(ခ) ဒေါသကင်းသူ သို့မဟုတ် ဒေါသကင်းရန် ကျင့်နေသူဖြစ်ခြင်း၊

(ဂ) မောဟကင်းသူ သို့မဟုတ် မောဟကင်းရန် ကျင့်နေသူဖြစ်ခြင်းတို့ ဖြစ်ပါသည်။ ဤသို့သောအလှူသည် အတိုင်းမရှိသော ကုသိုလ်ကောင်းမှုအစုဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

နိဿာရဏီယသုတ်တွင် စိတ်ကိုဆန့်ကျင်ဘက် အကုသိုလ်တရားတို့မှ ကျွတ်လွတ်စေသည့် တရားခြောက်ပါးတို့ကို ဟောကြားတော်မူပါသည်။

(က) မေတ္တာစိတ်သည် စိတ်ဆိုးခြင်းမှ စိတ်ကိုလွတ်မြောက်စေခြင်း၊

(ခ) ကရုဏာစိတ်သည် ညှဉ်းဆဲခြင်းမှ စိတ်ကိုလွတ်မြောက်စေခြင်း၊

(ဂ) မုဒိတာစိတ်သည် မမွေ့လျော်ခြင်းမှ စိတ်ကိုလွတ်မြောက်စေခြင်း၊
(ဃ) ဥပေက္ခာစိတ်သည် တပ်မက်ခြင်းမှ စိတ်ကိုလွတ်မြောက်စေခြင်း၊
(င) သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ စသည်ဖြင့် ရှုမှတ်သည့်သမာဓိသည် အလုံးစုံသောနိမိတ်အာရုံတို့မှ လွတ်မြောက်စေခြင်းဟူသော ကျွတ်လွတ်ကြောင်းခြောက်ပါးကို ဟောကြားတော်မူပါသည်။

အာဝရဏသုတ်တွင် မဂ်ဖိုလ်အတားအဆီးခြောက်ပါး –
(က) ကံအတားအဆီး၊
(ခ) ကိလေသာအတားအဆီး၊
(ဂ) ဝိပါက်အတားအဆီး၊
(ဃ) သဒ္ဓါတရားမရှိခြင်း၊
(င) ကုသိုလ်ဆန္ဒမရှိခြင်း၊
(စ) ပညာမရှိခြင်းတို့နှင့် ပြည့်စုံသောသူသည် သူတော်ကောင်းတရားကို ကြားနာရသော်လည်း တရားမှန်ကို သိရှိနားလည်ရန် အကြောင်းမရှိကြောင်း၊ ယင်းခြောက်ပါးနှင့်ဆန့်ကျင်ဘက် ကံတရား အတားအဆီးမရှိ စသည့်တရားခြောက်ပါးနှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို ကြားနာရသော် မှန်သောတရား ရရှိနိုင်မည်ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

အရဟတ္တသုတ်တွင် အရဟတ္တဖိုလ်ဖြင့် ပယ်ရှားနိုင်သည့် တရားခြောက်ပါးကို ဟောကြားတော်မူပါသည်။

ယင်းတို့မှာ –
(က) အမျိုးဇာတ်အားဖြင့် ထောင်လွှားခြင်း၊
(ခ) မိမိကိုယ်ကို အထင်သေးခြင်း၊
(ဂ) မိမိကိုယ်ကို အလွန်အထင်ကြီးခြင်း၊
(ဃ) တရားထူးရပြီဟု ထင်မှတ်ခြင်း၊
(င) ခက်ထန်ခြင်း၊
(စ) မိမိကိုယ်ကို အလွန်နှိမ့်ချခြင်းတို့ဖြစ်ပါသည်။

ပါတုဘာဝသုတ်တွင် –
(က) လောကဥ္စ မြတ်စွာဘုရားဖြစ်ပေါ်လာခြင်း၊
(ခ) မြတ်စွာဘုရား၏တရားကို ဟောကြားတတ်သူနှင့် ဆုံတွေ့ရခြင်း၊
(ဂ) အရိယာတို့ထွန်းကားရာ၌ တစ်ဖန်လူဖြစ်ရခြင်း၊
(ဃ) ကိုယ်အင်္ဂါမချို့တဲ့သူဖြစ်ခြင်း၊
(င) ထုံထိုင်းဆွံ့အသူမဖြစ်ခြင်း၊

(စ) ကုသိုလ်တရားၣ် လိုလားသောဆန္ဒရှိခြင်းဟူသော ရခဲသော အရာ ခြောက်ပါးကို ဟောတော်မူပါသည်။

**သတ္တကနိပါတ် (ခုနစ်ပါးစုတရား)**

ဤသတ္တကနိပါတ်တွင် သုတ်ပေါင်း(၁၁၃၂)သုတ် ပါရှိပါသည်။ သူတော်ကောင်း တရားခုနစ်ပါး၊ အပရိဟာနိယတရား ခုနစ်ပါး၊ မိတ်ဆွေအင်္ဂါခုနစ်ပါး၊ ဘုရား၏အဆုံးအမဟု သိခြင်းခုနစ်ပါး၊ စိတ်ဆိုးခြင်းအပြစ် ခုနစ်ပါး၊ မယားခုနစ်မျိုး၊ မေထုန်ငယ်ခုနစ်မျိုး စသောသုတ်များကို ဟောကြားတော်မူပါသည်။

ဝိတ္တတခနသုတ်တွင် သူတော်ကောင်းတို့၏ ဥစ္စာခနခုနစ်ပါးကို ဟောကြားတော်မူပါသည်။

(က) မြတ်စွာဘုရား၌ ကြည်ညိုယုံကြည်ခြင်းသဒ္ဓါခန၊
(ခ) ကံငါးပါးမှရှောင်ကြဉ်ခြင်း သီလခန၊
(ဂ) အကုသိုလ်တရားများကို ပြုလုပ်ရန်ရှက်ခြင်း ဟိရိခန၊
(ဃ) အကုသိုလ်တရားများကို ပြုလုပ်ရန်ကြောက်လန့်ခြင်း ဩတ္တပ္ပခန၊
(င) တရားဒေသနာတော်ကို နာယူမှတ်သားလေ့ကျက်ခြင်းသုတခန၊
(စ) လှူဒါန်းမှု၌မွေ့လျော်ခြင်း စာဂခန၊
(ဆ) ဒုက္ခဝဋ်ဆင်းရဲကို ကောင်းစွာသိမြင်၍ ဒုက္ခချုပ်ငြိမ်းရာသို့ ရောက်စေနိုင်သောပညာခနတို့ ဖြစ်ပါသည်။

ဝဿကာရသုတ်တွင် ဝဿကာရအမတ်ကြီးက အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို သွားရောက်တိုက်ခိုက်ရန် ရည် ရွယ်နေကြောင်း လျှောက်ထားသည်ကို အကြောင်းပြု၍ မင်းတို့၏ အပရိဟာနိယတရားခုနစ်ပါးကို ဟောကြားတော်မူပါသည်။

(က) အစဉ်မပျက် အကြိမ်များစွာ စည်းဝေးတိုင်ပင်ကြခြင်း၊
(ခ) အညီအညွတ် အစည်းအဝေးမှထကုန်လျက် တိုင်းရေးပြည်ရေး ကိစ္စတို့ကို အညီအညွတ်ဆောင်ရွက်ကြခြင်း၊
(ဂ) မပညတ်ခဲ့သောအရာကို မပညတ်၊ ပညတ်ပြီးသောအရာကို မပယ်ဖျက်ဘဲ ရှေးဟောင်းကျင့်ထုံးများကို လိုက်နာကျင့်ကြံခြင်း၊
(ဃ) အသက်ကြီးသူတို့ကို ရိုသေလေးစားပူဇော်လျက် ဆုံးမစကားတို့ကို နာယူခြင်း၊
(င) အမျိုးသမီးကြီးငယ်တို့အား အတင်းဆွဲ၍ အနိုင်ထက်မသိမ်းပိုက်ခြင်း၊
(စ) နတ်ကွန်းစေတီတို့ကို အရိုအသေအလေးအမြတ်ထား၍ ရှေ့ကပေး

လှူမြဲတရားနှင့် လျော်ညီသော ဗလိနတ်စာကို မပျက်မကွက်ပေး လှူခြင်း၊

(ဆ) မကြွလာသေးသော ရဟန္တာကို ကြွလာရန်နှင့် ကြွရောက်လာပြီးသောရဟန္တာတို့အား တရားနှင့်အညီ စောင့်ရှောက် ကာကွယ်လျက် လုံခြုံမှုကို ကောင်းစွာစီမံပေးခြင်းဟူသော အပရိဟာနိယတရား ခုနစ်ပါးကို ဝဇ္ဇီမင်းတို့ ကောင်းစွာကျင့်သုံး နေသမျှကာလပတ်လုံး ဆုတ်ယုတ်ရန်အကြောင်း မရှိ၊ ကြီးပွားရန်သာရှိကြောင်း မိန့်ကြားတော်မူပါသည်။

ပထမမိတ္တသုတ်တွင် မှီခိုအားထားအပ်သည့် မိတ်ဆွေကောင်းအင်္ဂါခုနစ်ပါး ဖြစ်သော –

(က) ပေးနိုင်ခဲသောအရာဝတ္ထုပစ္စည်းကို ပေးခြင်း၊

(ခ) ပြုနိုင်ခဲသောအမှုကို ပြုခြင်း၊

(ဂ) သည်းခံနိုင်ခဲသောအရာကို သည်းခံနိုင်ခြင်း၊

(ဃ) မိမိ၏လျှို့ဝှက်ချက်များကို အဆွေခင်ပွန်းအား ဖွင့်ပြောခြင်း၊

(င) အဆွေခင်ပွန်း၏ လျှို့ဝှက်ချက်များကို မထုတ်မဖော်လျှို့ဝှက်ခြင်း၊

(စ) ဘေးရန်ဖြစ်ပေါ်လာသောအခါ၌ စွန့်ပစ်မသွားခြင်း၊

(ဆ) ပစ္စည်းဥစ္စာ ကုန်ခန်းသောအခါ၌လည်း မထီမဲ့မြင်မပြုခြင်းဟူသော ခုနစ်ပါးတို့ကို ဟောကြားတော်မူပါသည်။

သတ္ထုသာသနသုတ်တွင် ရှင်ဥပါလိကိုအကြောင်းပြု၍ ဘုရားအဆိုဟု သိအပ်ကြောင်း ခုနစ်ပါးကို ဟောကြားတော်မူပါသည်။

(က) ဤတရားတို့သည် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း၊

(ခ) တပ်မက်မှုကင်းခြင်း၊

(ဂ) ကိလေသာကွယ်ပျောက်ခြင်း၊

(ဃ) ကိလေသာအေးငြိမ်းခြင်း၊

(င) အထူးသိခြင်း၊

(စ) ကိုယ်တိုင်သိခြင်း၊

(ဆ) ဒုက္ခငြိမ်းရာ နိဗ္ဗာန်အလို့ငှာဖြစ်ခြင်းဟူသော ခုနစ်ပါးနှင့်ပြည့်စုံပါက ဤတရားများသည် မြတ်စွာဘုရား၏ အဆိုအဆုံးမ အမှန်ပင်ဖြစ်ကြောင်း မှတ်သားရမည်ဟု ဟောကြားတော်မူပါသည်။

ကောဓနသုတ်တွင် စိတ်ဆိုးသူတို့ခံစားရမည့် အပြစ်ခုနစ်ပါးကို ဟောကြားတော်မူပါသည်။ စိတ်ဆိုးသူ၏ ရန်သူများကလည်း ဤသို့သောအပြစ်များ ခံစားစေရန် လိုလားတောင့်တကြပါသည်။ အပြစ်ခုနစ်ပါးမှာ –

(က) ဒေါသလွှမ်းမိုးနေသည်ဖြစ်၍ အဆင်းမလှခြင်း၊
(ခ) ဆင်းရဲစွာသာလျှင် အိပ်ရခြင်း၊
(ဂ) အကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးတတ်ခြင်း၊
(ဃ) ပစ္စည်းဥစ္စာတို့ကို အစိုးရတို့က သိမ်းယူတတ်ခြင်း၊
(င) ရရှိထားသောအခြေအရံများ ဆုတ်ယုတ်တတ်ခြင်း၊
(စ) ဆွေမျိုးမိတ်ဆွေများကပင် အဝေးမှရှောင်ရှားသွားတတ်ခြင်း၊
(ဆ) စိတ်ဆိုးသူသည် ဒုစရိုက်သုံးပါးကို ပြုကျင့်သောကြောင့် သေသော အခါ အပါယ်ငရဲသို့ကျရောက်ခြင်းတို့ ဖြစ်ပါသည်။

အရိယာသုတ်တွင် အနာထပိဏ်သူဌေး၏ချွေးမ သုဇာတာကို အကြောင်းပြု၍ မယားခုနစ်မျိုးအကြောင်းကို ဟောတော်မူပါသည်။

(က) သူသတ်သမား၊
(ခ) ခိုးသူ၊
(ဂ) အရှင်သခင်၊
(ဃ) အမိ၊
(င) နှမ၊
(စ) မိတ်ဆွေ၊
(ဆ) ကျွန်မတို့နှင့်တူသော မယားခုနစ်မျိုးတို့ ဖြစ်ပါသည်။

မေထုနသုတ်တွင် ဇာဏုသောဏိပုဏ္ဏားကို အကြောင်းပြု၍ မေထုန်နှင့် ယှဉ်စပ်သည့် မေထုန်ငယ်ခုနစ်ပါးကို ဟောကြားတော်မူပါသည်။

(က) မာတုဂါမ၏ ပွတ်သပ်ဆုပ်နယ် ရေချိုးပေးမှု စသည်တို့ကို သာယာခြင်း၊
(ခ) မာတုဂါမနှင့်အတူ ပြောဆိုပြက်ရယ် ပြင်းစွာရယ်ခြင်း၊
(ဂ) မာတုဂါမ၏မျက်စေ့ကို မိမိမျက်စေ့ဖြင့် တစိမ့်စိမ့်ကြည့်ခြင်း၊
(ဃ) တစ်ဖက်နံရံနှင့် တံတိုင်းတစ်ဖက်မှ မာတုဂါမ၏ ရယ်ရွှင်ပြောဆိုသံ၊ သီချင်းဆိုသံ၊ ငိုကြွေးသံတို့ကို နားထောင်ခြင်း၊
(င) တစ်ချိန်က မာတုဂါမနှင့်အတူ ရယ်ရွှင်ခဲ့၊ ပြောဆိုခဲ့၊ မြူးတူးခဲ့သည် များကို အဖန်ဖန်အောက်မေ့ခြင်း၊
(စ) ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံစွာပျော်ရွှင်ခံစားနေသော သူကြွယ် ကိုဖြစ်စေ၊ သူကြွယ်သားကိုဖြစ်စေ ကြည့်ရှု အားကျခြင်း၊
(ဆ) နတ်၏အဖြစ်ကို တောင့်တ၍ အကျင့်ကိုကျင့်ခြင်းဟူသော မေထုန် နှင့်ဆက်စပ်နေသည့် မေထုန်ငယ် ခုနစ်ပါးကို သာယာနှစ်သက်

နေသောသူတို့သည် ဇာတိ၊ ဇရာ စသော ဒုက္ခအပေါင်းမှ လွတ်ကင်းနိုင်မည်မဟုတ်ကြောင်း ဟောကြားတော်မူပါသည်။

မြတ်စွာဘုရားသည် ဤတရားတို့ကို လုံးဝပယ်ပြီးဖြစ်သောကြောင့် တစ်လောကလုံးတွင် အတုမရှိသော၊ မြတ်သော၊ သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိမြင်ပြီးဖြစ်သည်ဟူ၍ ဝန်ခံကြောင်း မိန့်ကြားတော်မူပါသည်။

**အင်္ဂုတ္တိုရ်ပါဠိ အဋ္ဌကနိပါတ် (ရှစ်ပါးစုတရား)**

ဤအဋ္ဌကနိပါတ်၌ သုတ်ပေါင်း (၆၂၆)သုတ် ပါရှိပါသည်။ မေတ္တာ၏ အကျိုးရှစ်ပါး၊ ဆုံးမဟောကြားခြင်း၏ အကြောင်းရှစ်ပါး၊ ဂရုဓမ္မရှစ်ပါး၊ တရားဟောကြားလိုမှုပေါ်လာခြင်းအကြောင်းရှစ်ပါး စသည့်သုတ်များကို ဟောကြားတော်မူပါသည်။

မေတ္တသုတ်တွင် မေတ္တာစိတ်ကို ပွားများသူသည် ရှစ်ပါးသော အကျိုးများဖြစ်သော -

(က) ချမ်းသာစွာအိပ်ရခြင်း၊
(ခ) ချမ်းသာစွာ အိပ်ရာမှနိုးခြင်း၊
(ဂ) မကောင်းသောအိပ်မက် မမြင်မက်ခြင်း၊
(ဃ) လူတို့ချစ်ခင်ခြင်း၊
(င) နတ်နှင့်တကွသော အခြားသတ္တဝါတို့က ချစ်ခင်ခြင်း၊
(စ) နတ်တို့စောင့်ရှောက်ခြင်း၊
(ဆ) မီး၊ အဆိပ်နှင့် လက်နက်များ မထိခိုက်ခြင်း၊
(ဇ) အထက်မဂ်ဖိုလ်တရားထူးကိုမရလျှင် ဗြဟ္မာပြည်သို့ရောက်ခြင်းတို့ကို ခံစားရမည်ဖြစ်ကြောင်းကို ဟောကြားတော်မူပါသည်။

သီဟသုတ်တွင် သီဟစစ်သူကြီးကို အကြောင်းပြု၍ သတ္တဝါတို့အား ဟောကြားဆုံးမရသော အကြောင်းရှစ်ပါးကို ဖြေကြားဟောတော်မူပါသည်။

(က) ဒုစရိုက်သုံးပါးနှင့် တကွဖြစ်သော အကုသိုလ်တရားကို မပြုအပ်ဟု ဟောကြားခြင်း၊
(ခ) သုစရိုက်သုံးပါးနှင့်တကွဖြစ်သော ကုသိုလ်တရားတို့ကို ပြုအပ်သည်ဟု ဟောကြားခြင်း၊
(ဂ) လောဘ၊ ဒေါသ၊ မောဟတို့နှင့်တကွဖြစ်သော အကုသိုလ်တရားများကို ဖြတ်တောက်ပစ်ရမည်ဟု ဟောကြားခြင်း၊
(ဃ) ဒုစရိုက်သုံးပါးနှင့်တကွဖြစ်သော အကုသိုလ်တရားများကို စက်ဆုပ်အပ်သည်ဟု ဟောကြားခြင်း၊

(င) ရာဂ၊ ဒေါသ၊ မောဟတို့နှင့်တကွဖြစ်သော အကုသိုလ်တရားများကို ဖျောက်ဖျက်ပစ်ရမည်ဟု ဟောကြားခြင်း၊

(စ) ဒုစရိုက်သုံးပါးနှင့် အကုသိုလ်တရားတို့ကို ပူပန်စေတတ်သော တရားများဟု ဟောကြားခြင်း၊

(ဆ) နောက်တစ်ဖန် ဘဝသစ်ဖြစ်ခြင်းကိုပယ်ပြီးသူကို ပဋိသန္ဓေနေခြင်းမှ ကင်းသူဟု ဟောကြားခြင်း၊

(ဇ) မြတ်သောမဂ်ဖိုလ်ဟူသော သက်သာမှုဖြင့် သက်သာရာကို ရရှိစေရန် တပည့်တို့ကို ဆုံးမဟောကြားခြင်းဟူ၍ အကြောင်းရှစ်ပါးရှိကြောင်း ဟောကြားတော်မူပါသည်။

ဂေါတမီသုတ်တွင် မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းသမီးတို့အား ဂရုဓမ္မတရားရှစ်ပါးကို ခံယူပါက သာသနာ ၌ ရဟန်းပြုခွင့်ကို ရှင်အာနန္ဒာ၏ လျှောက်ထားတောင်းပန်မှုကြောင့် ခွင့်ပြုတော်မူခဲ့ပါသည်။

ယင်းတို့မှာ –

(က) ဘိက္ခုနီသည် ဘိက္ခုအား ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီလျက် အရိုအသေပေးသောအကျင့်များကို အသက်ထက်ဆုံးကျင့်ကြံ၍ မကျူးလွန်ခြင်း၊

(ခ) ရဟန်းယောကျ်ား မရှိသောကျောင်း၌ ဝါမဆိုအပ်ဟူသောတရားကို အသက်ထက်ဆုံး ကျင့်ကြံမကျူးလွန်ခြင်း၊

(ဂ) ဘိက္ခုသံဃာထံမှ လဝက်တိုင်း ဥပုသ်မေးမြန်းရန်နှင့် အဆုံးမခံယူရန် ချဉ်းကပ်ခြင်းဟူသော တရားနှစ်ပါးကို အသက်ထက်ဆုံး လိုလား တောင့်တပြီး မပျက်ကွက်မကျူးလွန်ခြင်း၊

(ဃ) ဝါကျွတ်သော် နှစ်ဖက်ရဟန်း၌ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း ဟူသော အကြောင်းသုံးပါးဖြင့် ဆိုဆုံးမရန် ဖိတ်ကြားသည့် အကျင့်ကို အသက်ထက်ဆုံးပြုလုပ်၍ မကျူးလွန်ခြင်း၊

(င) သံဃာဒိသိသ်အာပတ် ကျူးလွန်မိသော် နှစ်ဖက်သံဃာ၌ ပက္ခမာနတ် ကို ကျင့်ရသည့်အကျင့်ကို အသက်ထက်ဆုံး ကျင့်ကြံ၍ မကျူး လွန်ခြင်း၊

(စ) ခြောက်ပါးသောအကျင့်တို့၌ နှစ်နှစ်တိုတိုကျင့်ပြီးသော ဘိက္ခုနီမသည် နှစ်ဖက်သောသံဃာ၌ ပဥ္စင်းခံယူခြင်း အကျင့်ကို အသက်ထက်ဆုံး လိုက်နာ၍ မကျူးလွန်ခြင်း၊

(ဆ) ဘိက္ခုအား မည်သို့သောအကြောင်းနှင့်မျှ ဆဲဆိုကြိမ်းမောင်းခြင်း အကျင့်ကို အသက်ထက်ဆုံး မပြုကျင့် မကျူးလွန်ခြင်း၊

(ဇ) ဘိက္ခုတို့အပေါ်၌ ဘိက္ခုနီမတို့ ဆုံးမပြောဆိုခွင့်မရှိ၊ ဘိက္ခုနီမ အပေါ်၌သာ ဘိက္ခုတို့ ပြောဆိုဆုံးမခွင့်ရှိသည် ဟူသော အကျင့်စည်းကမ်းကို အသက်ထက်ဆုံးလိုက်နာ၍ မကျူးလွန်ခြင်းတို့ ဖြစ်ပါသည်။

ပုဏ္ဏိယသုတ်တွင် အရှင်ပုဏ္ဏိယကိုအကြောင်းပြု၍ မြတ်စွာဘုရား၌ တရားဟောကြားလိုမှု ဖြစ်ပေါ်လာခြင်းအကြောင်း ရှစ်ပါးကို ဟောတော်မူပါသည်။ အကြင်ရဟန်းသည် (က) သဒ္ဓါရှိခြင်း၊ (ခ) ချဉ်းကပ်မှုရှိခြင်း၊ (ဂ) ဆည်းကပ်မှုရှိခြင်း၊ (ဃ) မေးမြန်းတတ်ခြင်း၊ (င) ဂရုတစိုက်ကြားနာခြင်း၊ (စ) ကြားနာပြီးသော တရားကို ဆောင်ခြင်း၊ (ဆ) ဆောင်ထား သောတရားတို့၏အနက်ကို ဆင်ခြင်ခြင်း၊ (ဇ) တရားအားလျော်သောအကျင့်ကို ကျင့်ခြင်းဟူသော တရား(၈)မျိုးတို့နှင့် ပြည့်စုံသော် မြတ်စွာဘုရားသည် မလွဲမသွေ တရားဟောကြားတော်မူမည်ဖြစ်ပါသည်။

မူလကသုတ်တွင် တရားအားလုံးတို့၏ မူလအကြောင်းရင်း(၈)ပါးကို ဟောကြားတော်မူထားပါသည်။

ယင်းတို့မှာ –

(က) တရားအားလုံးတို့သည် အလိုဆန္ဒလျှင် အကြောင်းရင်းရှိခြင်း၊
(ခ) နှလုံးသွင်းမှု မနသိကာရလျှင် အမွန်အစရှိခြင်း၊
(ဂ) တွေ့ထိမှုဖဿလျှင်ဖြစ်ကြောင်းရှိခြင်း၊
(ဃ) ခံစားမှုဝေဒနာလျှင် ပေါင်းဆုံရာရှိခြင်း၊
(င) တည်ကြည်မှုသမာဓိလျှင် အဦးအစရှိခြင်း၊
(စ) အောက်မေ့မှုသတိလျှင် အကြီးအမှူးရှိခြင်း၊
(ဆ) သိမြင်မှုပညာလျှင် အထွတ်အမြတ်ရှိခြင်း၊
(ဇ) လွတ်မြောက်မှုဝိမုတ္တိလျှင် အနှစ်သာရရှိခြင်းတို့ဖြစ်ပါသည်။

**နဝကနိပါတ် (ကိုးပါးစုတရားများ)**

ဤနဝကနိပါတ်တွင် သုတ်ပေါင်း(၄၃၂)သုတ် ပါရှိပါသည်။ ရှင်သာရိပုတ္တရာ၏ ရဲရင့်စွာပြောဆိုသောစကား(၉)ခွန်း နှင့် ဈာန်များအကြောင်း စသည်တို့ကို ဟောကြားတော်မူထားပါသည်။

သီဟနာဒသုတ်တွင် ရဟန်းတစ်ပါးက ရှင်သာရိပုတ္တရာသည် မိမိအား ထိပါး၍ထွက်သွားသော်လည်း တောင်းပန်ခြင်း မပြုပါဟု မြတ်စွာဘုရားထံ တိုင်တန်းလျှောက်ထားရာ ရှင်သာရိပုတ္တရာက ရဲရင့်သော စကား (၉) ခွန်းဖြင့် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပါသည်။

(က) မြေကြီးပေါ်တွင် မစင်ကြယ်သောအရာများ၊ ကျင်ကြီးကျင်ငယ်၊ တံတွေး၊ ပြည်သွေးတို့ကို ပစ်ချသော်လည်း မြေကြီးသည် ယင်းတို့အား စက်ဆုပ်ရွံရှာခြင်းမရှိဘဲ သည်းခံခွင့်လွှတ်သကဲ့သို့ မိမိသည်လည်း မြေကြီးကဲ့သို့ ရန်မပြု မငြိုငြင်သောစိတ်ဖြင့် နေထိုင်ပါသည်။

(ခ) ရေသည် စင်ကြယ်သော၊ မစင်ကြယ်သောအရာများ၊ ကျင်ကြီးကျင်ငယ်၊ တံတွေး၊ ပြည်သွေးတို့ကို ဆေးကြောရာ၌ မငြီးငွေ့၊ မရှက်မကြောက်၊ မစက်ဆုပ်သကဲ့သို့ မိမိသည်လည်း ရန်ငြိုးငြိုငြင်မှုမရှိဘဲ ရေနှင့်တူသောစိတ်ဖြင့် နေပါသည်။

(ဂ) မီးသည် စင်ကြယ်သော၊ မစင်ကြယ်သော အရာဝတ္ထုများကို လောင်ရာ၌ မငြီးငွေ့၊ မရှက်မကြောက်၊ မစက်ဆုပ်သကဲ့သို့ မိမိသည်လည်း ရန်ငြိုးငြိုငြင်မှုမရှိဘဲ မီးနှင့်တူသောစိတ်ဖြင့် နေပါသည်။

(ဃ) လေသည်လည်း စင်ကြယ်သော၊ မစင်ကြယ်သော အရာဝတ္ထုများကို တိုက်ခတ်ရာ၌ မငြီးငွေ့၊ မရှက်ကြောက်၊ မစက်ဆုပ်သကဲ့သို့ မိမိသည်လည်း ရန်ငြိုးငြိုငြင်မှုမရှိသော လေနှင့်တူသောစိတ်ဖြင့် နေပါသည်။

(င) ခြေသုတ်ဖုံသည် စင်ကြယ်သော၊ မစင်ကြယ်သော အရာဝတ္ထုများကို သုတ်ပေးရာ၌ မငြီးငွေ့၊ မရှက်မကြောက်၊ မစက်ဆုပ်သကဲ့သို့ မိမိသည်လည်း ရန်ငြိုးငြင်မှုမရှိသော ခြေသုတ်ဖုံနှင့်တူသောစိတ်ဖြင့် နေပါသည်။

(စ) ဆင်းရဲစုတ်ပြတ်နေသော ဒွန်းစဏ္ဍားသူငယ်နှင့် သူငယ်မတို့သည် တောင်းရမ်းစားရန် ရွာနိဂုံးသို့ဝင်သော အခါ နှိမ့်ချသောစိတ်ဖြင့်သာ ဝင်ရောက်တောင်းရမ်းသကဲ့သို့ ထိုအတူ မိမိသည်လည်း ထိုဒွန်းစဏ္ဍားသူငယ်နှင့် သူငယ်မကဲ့သို့ နှိမ့်ချသောစိတ်ဖြင့်သာ နေထိုင်ပါသည်။

(ဆ) ကောင်းစွာ လေ့ကျင့် ဆုံးမထားသော၊ ဦးချို ကျိုးထားသော နွားလားသည် မည်သူ့ကိုမျှ မညှဉ်းဆဲသကဲ့သို့ မိမိသည်လည်း ရန်ငြိုးငြင်မှုမရှိသော ဦးချိုကျိုးသည့် နွားလားနှင့်တူသောစိတ်ဖြင့် နေပါသည်။

(ဇ) ဦးခေါင်းနှင့်တကွ ရေချိုး၍အလှပြင်ထားသော မိန်းမပျိုနှင့် ယောကျာ်းပျိုတို့အား လည်ပင်းတွင် မြွေကောင်ပုပ်၊ ခွေးကောင်ပုပ်၊ လူကောင်ပုပ်တို့ကို ဆွဲပေးလိုက်ပါက ငြီးငွေ့၊ ငြိုငြင်၊ စက်ဆုပ်

သကဲ့သို့ မိမိသည်လည်း ဤအပုပ်ကောင်ဖြစ်သော မိမိခန္ဓာကိုယ်၌ ငြီးငွေ့၊ ငြိုငြင်၊ ရွံရှာ၊ စက်ဆုပ်ပါသည်။

(ဈ) အပေါက်ကြီးငယ်တို့မှ အရည်များယိုထွက်နေသော အမဲအိုးဆီကို ရွက်ဆောင်နေရသော ယောကျ်ားကဲ့သို့ မိမိသည်လည်း အပေါက်ကြီးငယ်တို့မှ ယိုစီးကျနေသော ဤခန္ဓာကိုယ်ကို ရွက်ဆောင်ထားရပါသည်။ မိမိသည် ဤတရားသဘောများဖြင့် နေထိုင်ကျင့်ကြံသူဖြစ်ပါသည်။ သို့အတွက် သီတင်းသုံးဖော်တစ်ဦးဦးအား ထိပါး၍ အပြစ်ကို ဝန်ခံမတောင်းပန်ဘဲ ထွက်သွားသူသည် ခန္ဓာကိုယ်၌ ကာယဂတာသတိကို မရှုသောပုဂ္ဂိုလ်သာဖြစ်ရန် အကြောင်းရှိပါသည် ဟု ရဲရင့်စွာဖြေရှင်းလျှောက်ထားပါသည်။ ထိုအခါ တိုင်တန်းသော ရဟန်းသည် မြတ်စွာဘုရားအား ဦးတိုက်ဝန်ချတောင်းပန်ပါသည်။ ရှင်သာရိပုတ္တရာက သည်းခံခွင့်လွှတ်တော်မူပါသည်။

အာဃာတဝတ္ထုသုတ်တွင် ကာလသုံးပါး၌ မိမိ၊ မိမိ၏ချစ်သူ၊ မိမိအား မုန်းသူတို့အပေါ်တွင် မှတည်၍ ရန်ငြိုးဖွဲ့ခြင်း အကြောင်း(၉)ပါး ဖြစ်ပေါ်လာကြောင်း ဟောကြားတော်မူပါသည်။

(က) မိမိအကျိုးမဲ့ကို ကျင့်ခဲ့သူဟု ရန်ငြိုးဖွဲ့ခြင်း၊
(ခ) မိမိအကျိုးမဲ့ကို ကျင့်နေသူဟု ရန်ငြိုးဖွဲ့ခြင်း၊
(ဂ) မိမိအကျိုးမဲ့ကို ကျင့်မည့်သူဟု ရန်ငြိုးဖွဲ့ခြင်း၊
(ဃ) မိမိချစ်သူ၏အကျိုးမဲ့ကို ကျင့်ခဲ့သူဟု ရန်ငြိုးဖွဲ့ခြင်း၊
(င) မိမိချစ်သူ၏အကျိုးမဲ့ကို ကျင့်နေသူဟု ရန်ငြိုးဖွဲ့ခြင်း၊
(စ) မိမိချစ်သူ၏အကျိုးမဲ့ကို ကျင့်မည့်သူဟု ရန်ငြိုးဖွဲ့ခြင်း၊
(ဆ) မိမိမုန်းသူ၏အကျိုးကို ပြုခဲ့သူဟု ရန်ငြိုးဖွဲ့ခြင်း၊
(ဇ) မိမိမုန်းသူ၏အကျိုးကို ပြုနေသူဟု ရန်ငြိုးဖွဲ့ခြင်း၊
(ဈ) မိမိမုန်းသူ၏အကျိုးကို ပြုလိမ့်မည်ဟု ရန်ငြိုးဖွဲ့ခြင်း(၉)မျိုးရှိကြောင်း မိန့်ကြားတော်မူပါသည်။

အနုပုဗ္ဗနိရောဓသုတ်တွင် ဈာန်အစဉ်အတိုင်း ချုပ်ငြိမ်းသည့်(၉)ပါးကို ဟောကြားတော်မူပါသည်။

(က) ပထမဈာန်ဝင်စားစဉ် ကာမသညာချုပ်သည်။
(ခ) ဒုတိယဈာန်ဝင်စားစဉ် ဝိတက်၊ ဝိစာရချုပ်သည်။
(ဂ) တတိယဈာန်ဝင်စားစဉ် နှစ်သိမ့်မှုပီတိချုပ်သည်။
(ဃ) စတုတ္ထဈာန်ဝင်စားစဉ် ထွက်သက်ဝင်သက်ချုပ်သည်။
(င) အာကာသာနဉ္စာယတနဈာန်ဝင်စားစဉ် ရူပသညာချုပ်သည်။

(စ) ဝိညာနဉ္စာယတန ဈာန်ဝင်စားစဉ် အာကာသာနဉ္စာယတနသညာ ချုပ်သည်။
(ဆ) အာကိဉ္စညာယတန ဈာန်ဝင်စားစဉ် ဝိညာနဉ္စာယတနသညာ ချုပ်သည်။
(ဇ) နေဝသညာနာသညာယတနဈာန်ဝင်စားစဉ် အာကိဉ္စညာယတန သညာ ချုပ်သည်။
(ဈ) သညာ၊ ဝေဒနာတို့ချုပ်ရာ နိရောဓသမာပတ်ကိုဝင်စားစဉ် သညာနှင့်ဝေဒနာအားလုံးတို့ချုပ်သည်။ ဤသို့ အစဉ်အတိုင်းချုပ်ခြင်း (၉)မျိုးတို့ရှိကြောင်း ဟောကြားတော်မူပါသည်။

**ဒသကနိပါတ် (ဆယ်ပါးစုတရား)**

ဤဒသကနိပါတ်တွင် သုတ်ပေါင်း(၇၄၆)သုတ် ပါရှိပါသည်။

ကုသိုလ်၊ သီလတို့၏ အကျိုးအာနိသင်များ၊ အရိယာဝါသတရားများ၊ ဉာဏ်တော်ဆယ်ပါး၊ ပြဿနာဆယ်ပါး၊ အဝိဇ္ဇာတရားဆယ်ပါး၊ စိတ်ကို ဆင်ခြင်ပုံဆယ်ပါး စသောတရားများကို ဟောကြားတော်မူပါသည်။

ကိမတ္ထိယသုတ်တွင် ရှင်အာနန္ဒာ၏လျှောက်ထားချက်အရ ကုသိုလ်၊ သီလတို့၏ ကြောင်းကျိုးဆက်ဆယ်ပါးကို ဟောတော်မူပါသည်။

(က) ကုသိုလ်သီလတို့သည် နှလုံးရွှင်သာမှုကို ဖြစ်စေခြင်း၊
(ခ) ထိုမှတစ်ဆင့် ဝမ်းမြောက်ခြင်းကို ဖြစ်စေခြင်း၊
(ဂ) ထိုမှတစ်ဆင့် ပီတိကိုဖြစ်စေခြင်း၊
(ဃ) ထိုမှတစ်ဆင့် သုခကိုဖြစ်စေခြင်း၊
(င) ထိုမှတစ်ဆင့် သမာဓိကိုဖြစ်စေခြင်း၊
(စ) ထိုမှတစ်ဆင့် ဟုတ်တိုင်းမှန်စွာသိမြင်ခြင်း၊
(ဆ) ထိုမှတစ်ဆင့် ငြီးငွေ့ခြင်း၊
(ဇ) ထိုမှတစ်ဆင့် တပ်မက်မှုကင်းခြင်း၊
(ဈ) ထိုမှတစ်ဆင့် လွတ်မြောက်ခြင်း၊
(ည) လွတ်မြောက်မှုကိုသိမြင်ခြင်းဟူသော ကုသိုလ်သီလကြောင့် အရဟတ္တဖိုလ်ထိ အဆင့်ဆင့်ဖြစ်ပေါ်လာသော အကျိုးအာနိသင်များ၏ ကြောင်းကျိုးဆက်တရားဆယ်ပါးကို ဟောကြားတော်မူပါသည်။

ဒုတိယအရိယာဝါသသုတ်တွင် အရိယာတို့၏ နေခြင်းဆယ်ပါးကို ဟောတော်မူပါသည်။

(က) နိဝရဏတရားငါးပါးကိုပယ်၍ နေခြင်း၊
(ခ) အာရုံခြောက်ပါးတို့ကိုသိလျက် ဝမ်းနည်းဝမ်းသာမရှိဘဲ သတိသမ္ပဇဉ် နှင့်ပြည့်စုံလျက် လျစ်လျူရှုလျက်နေခြင်း၊
(ဂ) သတိတည်းဟူသော အစောင့်အရှောက်ရှိသည့်စိတ်ဖြင့်နေခြင်း၊
(ဃ) မှီဝဲသင့်သည်ကို မှီဝဲခြင်း၊ သည်းခံသင့်သည်ကို သည်းခံခြင်း၊ ရှောင်ရှားသင့်သည်ကို ရှောင်ရှားခြင်း၊ ပယ်ဖျက်သင့်သည်ကို ပယ်ဖျက်ခြင်းဟူသော မှီရာလေးခုဖြင့်နေခြင်း၊
(င) လောကသည် မြဲသည် မမြဲသည်၊ အသက်သည် ဤကိုယ်ဖြစ်သည်၊ သတ္တဝါသည် သေပြီးနောက် ရှိသည်၊ မရှိသည် အစရှိသော အမျိုးမျိုးသော သစ္စာဝါဒတို့ကို ပယ်ဖျက်၍နေခြင်း၊
(စ) ကာမ၊ ဘဝနှင့် အကျင့်မြတ်ဟူသည်တို့၌ ရှာမှီးခြင်းကို စွန့်ပစ်၍ နေခြင်း၊
(ဆ) ကာမဂုဏ်၌ ကြံစည်မှု၊ ပျက်စီးစေရန်ကြံစည်မှု၊ ညှဉ်းဆဲရန်ကြံစည်မှု အားလုံးတို့ကိုပစ်ပယ်၍ မနောက်ကျုသော အကြံဖြင့်နေခြင်း၊
(ဇ) ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု၊ ဥပေက္ခာကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်ကို ဝင်စား၍ ကိုယ်ကို ပြုပြင်မှု၊ ကာယသင်္ခါရငြိမ်း၍နေခြင်း၊
(ဈ) ရာဂ၊ ဒေါသ၊ မောဟတို့မှ ကောင်းစွာလွတ်မြောက်ပြီးသော စိတ်ဖြင့်နေခြင်း၊
(ည) ဤရာဂ၊ ဒေါသ၊ မောဟတို့ကို အကြွင်းမဲ့ပယ်ဖျက်ပြီးပြီဟု ကောင်းစွာ လွတ်မြောက်ပြီးသော ပညာဖြင့်နေခြင်းဟူ၍ အရိယာတို့၏ နေခြင်း ဆယ်မျိုးကို ဟောကြားတော်မူပါသည်။

သီဟနာဒသုတ်တွင် မြတ်စွာဘုရား၏ ဉာဏ်တော်ဆယ်ပါးကို ဟောကြား တော်မူပါသည်။

(က) မြတ်စွာဘုရားသည် လောက၌ အကြောင်းတို့၏ ဟုတ်တိုင်းမှန်ရာကို ခွဲခြားသိမြင်ခြင်း၊
(ခ) အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါး၌ ပြုလုပ်ခဲ့သောကံတို့၏ အကျိုးများကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိမြင်ခြင်း၊
(ဂ) ဘဝအလုံးစုံသို့ ရောက်စေနိုင်သောအကျင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိမြင်ခြင်း၊
(ဃ) များပြားသော ဓာတ်အမျိုးမျိုးရှိသော ဓာတ်လောကကို ဟုတ်တိုင်း မှန်စွာ ခွဲခြားသိမြင်ခြင်း၊

(င) သတ္တဝါတို့၏ စိတ်ထားနှလုံးသွင်းမှုအမျိုးမျိုးကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိမြင်ခြင်း၊

(စ) သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိမြင်ခြင်း၊

(ဆ) ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ အာပတ်တို့၏ ညစ်ညူးကြောင်း၊ ဖြူစင်ကြောင်း၊ ထမြောက်ကြောင်းကို ဟုတ်တိုင်း မှန်စွာ ခွဲခြားသိမြင်ခြင်း၊

(ဇ) များစွာသော ရှေး၌ဖြစ်ဖူးသည့် ဘဝဖြစ်စဉ်များကို သိမြင်အောက်မေ့နိုင်ခြင်း၊

(ဈ) ဒိဗ္ဗစက္ခုဖြင့် သေဆဲသတ္တဝါ၊ ဖြစ်ဆဲသတ္တဝါ ၎င်းတို့လားရာဘဝများကို သိမြင်နိုင်ခြင်း၊

(ည) အာသဝေါတရားများ ကင်းရာဖြစ်သော စေတောဝိမုတ္တိနှင့် ပညာဝိမုတ္တိတို့ကို ,လက်ရှိဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက်နေခြင်းဟူ၍ မြတ်စွာဘုရား၏ ဉာဏ်တော်အားဆယ်ပါးကို ဟောကြားတော်မူပါသည်။

ပထမမဟာပဉှာသုတ်တွင် သာဝတ္ထိပြည်၌ သာသနာပမှ ပရိဗိုဇ်တို့ကို အကြောင်းပြု၍ ရဟန်းတို့က ယင်းတို့အား မေးမြန်းရန် ပြဿနာဆယ်ပါးကို ရည်ညွှန်းချက်များ၊ ဖြေဆိုချက်များနှင့်တကွ ဟောကြားလမ်းညွှန်တော်မူပါသည်။

(က) သတ္တဝါအားလုံးတို့ အသက်ရှင် တည်ရှိရာဖြစ်သော အာဟာရတရား၌ ကောင်းစွာငြီးငွေ့တပ်မက်ခြင်းကင်း၍ ကောင်းစွာလွတ်မြောက်သော ရဟန်းသည် အမှန်တရားကိုသိမြင်ပြီး မျက်မှောက်ဘဝ၌ပင် ဒုက္ခကို ချုပ်ငြိမ်းစေနိုင်ပါသည်။ ဤသည်ကား ပြဿနာတစ်ခု၊ ရည်ညွှန်းချက်တစ်ခု၊ ဖြေဆိုချက်တစ်ခုဖြစ်ပါသည်။

(ခ) ထိုနည်းတူ ရုပ်နာမ်တရားနှစ်မျိုးတို့၌ ကောင်းစွာငြီးငွေ့လွတ်မြောက်ပြီး မျက်မှောက်ဘဝ၌ပင် ဒုက္ခကို ချုပ်ငြိမ်းစေနိုင်ပါသည်။ ဤသည်ကား ပြဿနာနှစ်ခု၊ ရည်ညွှန်းချက်နှစ်ခု၊ ဖြေဆိုချက်နှစ်ခုဖြစ်ပါသည်။

(ဂ) ထိုနည်းတူ ဝေဒနာသုံးမျိုးတို့မှ လွတ်မြောက်ပြီး မျက်မှောက်ဘဝ၌ပင် ဒုက္ခကို ချုပ်ငြိမ်းစေနိုင်ပါသည်။ ဤသည်ကား ပြဿနာသုံးခု၊ ရည်ညွှန်းချက်သုံးခု၊ ဖြေဆိုချက်သုံးခုဖြစ်ပါသည်။

(ဃ) ထိုနည်းတူ အာဟာရတရားလေးမျိုးတို့မှ လွတ်မြောက်ပြီး မျက်မှောက်ဘဝ၌ပင် ဒုက္ခကို ချုပ်ငြိမ်းစေနိုင်ပါသည်။ ဤသည်ကား ပြဿနာလေးခု၊ ရည်ညွှန်းချက်လေးခု၊ ဖြေဆိုချက်လေးခုဖြစ်ပါသည်။

(င) ထိုနည်းတူ ဥပါဒါနက္ခန္ဓာတရား ငါးမျိုးတို့မှ လွတ်မြောက်ပြီး မျက်မှောက်ဘဝ၌ပင် ဒုက္ခကို ချုပ်ငြိမ်းစေနိုင်ပါသည်။ ဤသည်ကား ပြဿနာငါးခု၊ ရည်ညွှန်းချက်ငါးခု၊ ဖြေဆိုချက်ငါးခုဖြစ်ပါသည်။

(စ) ထိုနည်းတူ အတွင်းအဇ္ဈတ္တိက အာယတနတို့မှ လွတ်မြောက်ပြီး မျက်မှောက်ဘဝ၌ပင် ဒုက္ခကို ချုပ်ငြိမ်းစေနိုင်ပါသည်။ ဤသည်ကား ပြဿနာခြောက်ခု၊ ရည်ညွှန်းချက်ခြောက်ခု၊ ဖြေဆိုချက်ခြောက်ခု ဖြစ်ပါသည်။

(ဆ) ထိုနည်းတူ ဝိညာဏ်၏တည်ရာ ဝိညာဏဋ္ဌိတိ ခုနစ်မျိုးတို့မှ လွတ်မြောက်ပြီး မျက်မှောက်ဘဝ၌ပင် ဒုက္ခကို ချုပ်ငြိမ်းစေနိုင်ပါသည်။ ဤသည်ကား ပြဿနာခုနစ်ခု၊ ရည်ညွှန်းချက်ခုနစ်ခု၊ ဖြေဆိုချက်ခုနစ်ခုဖြစ်ပါသည်။

(ဇ) ထိုနည်းတူ လောကဓံတရားရှစ်မျိုးမှ လွတ်မြောက်ပြီး မျက်မှောက်ဘဝ၌ပင် ဒုက္ခကို ချုပ်ငြိမ်းစေနိုင်ပါသည်။ ဤသည်ကား ပြဿနာရှစ်ခု၊ ရည်ညွှန်းချက်ရှစ်ခု၊ ဖြေဆိုချက်ရှစ်ခုဖြစ်ပါသည်။

(ဈ) ထိုနည်းတူ သတ္တာဝါသတရား ကိုးမျိုးတို့မှ လွတ်မြောက်ပြီး မျက်မှောက်ဘဝ၌ပင် ဒုက္ခကို ချုပ်ငြိမ်းစေနိုင် ပါသည်။ ဤသည်ကား ပြဿနာကိုးခု၊ ရည်ညွှန်းချက်ကိုးခု၊ ဖြေရှင်းချက်ကိုးခုဖြစ်ပါသည်။

(ည) ထိုနည်းတူ အကုသိုလ်ကမ္မပထတရား ဆယ်မျိုးတို့မှ လွတ်မြောက်ပြီး မျက်မှောက်ဘဝ၌ပင် ဒုက္ခကို ချုပ်ငြိမ်း စေနိုင်ပါသည်။ ဤသည်ကား ပြဿနာဆယ်ခု၊ ရည်ညွှန်းချက်ဆယ်ခု၊ ဖြေဆိုချက်ဆယ်ခု ဖြစ်ပါသည်။

အဝိဇ္ဇာသုတ်တွင် အဝိဇ္ဇာသည် အကြောင်းကြောင့်ဖြစ်ကြောင်း ဟောတော်မူပါသည်။ တောင်ပေါ်၌ရွာသောမိုးသည် စီးဆင်းရာ ချောင်း၊ အင်းအိုင်နှင့် မြစ်များကို ပြည့်စေလျက် မဟာသမုဒ္ဒရာကို ပြည့်စေခြင်းကို ဥပမာပေး၍ ဟောကြားတော်မူ ထားပါသည်။

ထိုနည်းတူ မသူတော်တို့နှင့် ပေါင်းဖော်ခြင်းပြည့်သည်ရှိသော် မသူတော်တို့၏တရား ပြည့်စေပါသည်။ ယင်းမှအဆင့်ဆင့် ကြောင်းကျိုးဆက်၍ သဒ္ဓါယုံကြည်မှုမရှိခြင်း၊ မသင့်သောအားဖြင့် နှလုံးသွင်းခြင်း၊ သတိသမ္ပဇဉ်မရှိခြင်း၊ ဣန္ဒြေ မစောင့်စည်းခြင်း၊ ဒုစရိုက်သုံးပါးတို့ဖြစ်ခြင်း၊ နီဝရဏတရားငါးပါးတို့ဖြစ်ခြင်းနှင့် အဝိဇ္ဇာတို့ ဖြစ်ပေါ်လာပါသည်။

ထိုနည်းတူ ဝိဇ္ဇာနှင့် ဝိမုတ္တိတို့သည်လည်း အကြောင်းကြောင့်ဖြစ်ပေါ်လာပါသည်။ သူတော်ကောင်းနှင့် ပေါင်းဖော် ခြင်းပြည့်သည်ရှိသော် သူတော်ကောင်း

တရားကြားနာခြင်း ပြည့်စေပါသည်။ ယင်းမှအဆင့်ဆင့် ကြောင်းကျိုးဆက်၍ သဒ္ဓါ ယုံကြည်မှု၊ သင့်သောအားဖြင့်နှလုံးသွင်းခြင်း၊ သတိသမ္ပဇဉ်ရှိခြင်း၊ ဣန္ဒြေ စောင့်စည်းခြင်း၊ သုစရိုက်သုံးပါး၊ သတိပဋ္ဌာန် လေးပါး၊ ဗောဇ္ဈင်ခုနစ်ပါးတို့နှင့် ပြည့်စုံပြီး ဝိဇ္ဇာနှင့် ဝိမုတ္တိတို့ပြည့်စုံခြင်းသည် ဖြစ်ပေါ်လာပါသည်။

ဤသို့အားဖြင့် အဝိဇ္ဇာသည်လည်းကောင်း၊ ဝိဇ္ဇာနှင့် ဝိမုတ္တိတို့သည် လည်းကောင်း အကြောင်းကြောင့်ဖြစ်ပေါ်လာသည် ဖြစ်ပါသည်။

ဣဏ္ဍမ္မသုတ်တွင် လောက၌ လိုလားနှစ်သက်ဖွယ်ဖြစ်ပြီး ရနိုင်ခဲသော အရာ ဆယ်ပါးအကြောင်းကို ဟောတော်မူပါသည်။

ယင်းတို့မှာ စည်းစိမ်ဥစ္စာ၊ ရုပ်အဆင်းလှခြင်း၊ ကျန်းမာမှု၊ သီလ၊ မြတ်သော အကျင့်၊ မိတ်ဆွေ၊ အကြားအမြင်များမှု၊ ပညာ၊ မဂ်ဖိုလ်နိဗ္ဗာန်တရား၊ နတ်ပြည်တို့ ဖြစ်ပါသည်။

ဤဆယ်ပါး၏ အတားအဆီးနှင့် အထောက်အပံ့များမှာ –

(က) ပစ္စည်းဥစ္စာ၏ အတားအဆီးမှာ ပျင်းရိခြင်း၊ အထောက်အပံ့မှာ ထကြွလုံ့လရှိခြင်း၊

(ခ) ရုပ်အဆင်းလှပခြင်း၏ အတားအဆီးမှာ ပြင်ဆင်ခြယ်သမှုမရှိခြင်း၊ အထောက်အပံ့မှာ ပြင်ဆင်ခြယ်သမှုပြု ခြင်း၊

(ဂ) ကျန်းမာမှု၏ အတားအဆီးမှာ မလျောက်ပတ်သည်ကိုပြုခြင်း၊ အထောက်အပံ့မှာ လျောက်ပတ်သောအမှုကို ပြုခြင်း၊

(ဃ) သီလ၏အတားအဆီးမှာ ယုတ်မာသောမိတ်ဆွေရှိခြင်း၊ အထောက် အပံ့မှာ ကောင်းသောမိတ်ဆွေရှိခြင်း၊

(င) အကျင့်မြတ်၏ အတားအဆီးမှာ ဣန္ဒြေကို မစောင့်စည်းခြင်း၊ အထောက်အပံ့မှာ ဣန္ဒြေကိုစောင့်စည်းခြင်း၊

(စ) မိတ်ဆွေ၏အတားအဆီးမှာ လှဲချော်ကတိမတည်ခြင်း၊ အထောက် အပံ့မှာ မလှဲချော် ကတိတည်ခြင်း၊

(ဆ) အကြားအမြင်များခြင်း၏ အတားအဆီးမှာ သင်ယူကျင့်မှတ်မှု မပြုခြင်း၊ အထောက်အပံ့မှာ သင်ယူကျင့်မှတ်မှုပြုခြင်း၊

(ဇ) ပညာ၏အတားအဆီးမှာ နားထောင်၊ မေးမြန်း၊ ဆွေးနွေးမှုမပြုခြင်း နှင့် အထောက်အပံ့မှာ နားထောင်၊ မေးမြန်း၊ ဆွေးနွေးမှုပြုခြင်း၊

(ဈ) မဂ်ဖိုလ်နိဗ္ဗာန်၏ အတားအဆီးမှာ အားထုတ် ဆင်ခြင်သုံးသပ်မှု မပြုခြင်းနှင့် အထောက်အပံ့မှာ အားထုတ်ဆင်ခြင် သုံးသပ်မှုပြုခြင်း၊

(ည) နတ်ပြည်၏အတားအဆီးမှာ ဖောက်ပြန်စွာကျင့်ခြင်း၊ အထောက် အပံ့မှာ ကောင်းစွာကျင့်ခြင်းတို့ဖြစ်ပါသည်။

**ကောဒသကနိပါတ် (ဆယ့်တစ်ပါးစုတရားများ)**

ဤကောဒသကနိပါတ်တွင် သုတ်ပေါင်း(၆၇၁)သုတ် ပါရှိပါသည်။ ပြီးခဲ့သော နိပါတ်များမှာကဲ့သို့ သီလအကျိုး၊ မေတ္တာအကျိုးကို ဖော်ပြထားသောသုတ်များ ပါရှိပါသည်။ သမာဓိအကြောင်း၊ ပွားများရမည့်တရားများအကြောင်း၊ ရဟန်းတို့၏ အင်္ဂါဆယ့်တစ်ပါးအကြောင်း စသည်တို့ကို ဟောတော်မူပါသည်။

မနသိကာရသုတ်တွင် နှလုံးသွင်းခြင်းဆယ့်တစ်ပါးမှလွတ်သော သမာဓိအကြောင်းကို ရှင်အာနန္ဒာ၏လျှောက်ထား ချက်အရ ဟောကြားတော်မူပါသည်။

ရဟန်းသည် သခါရအားလုံး ငြိမ်းအေးချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည် ငြိမ်းချမ်းမွန်မြတ်သန့်စင်သည်ဟူသော အမှတ်သညာရှိ၍ သမာဓိကိုရရှိပါသည်။ ထိုသမာဓိဖြင့် စက္ခုပသာဒ ရူပါရုံ၊ ကာယပသာဒ ဖောဋ္ဌဗ္ဗာရုံ စသော ပသာဒ နှင့် အာရုံများ၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တို့ကို နှလုံးမသွင်းဘဲနေပါသည်။

ထိုနည်းတူ အာကာသာနဉ္စာယတနစျာန် စသောစျာန်များကို နှလုံးမသွင်းဘဲ နေပါသည်။ ဤလောက၊ တစ်ပါးသော လောက၊ မြင်အပ်၊ ကြားအပ်၊ စိတ်ဖြင့် သုံးသပ်အပ်သော အာရုံတို့ကိုလည်း နှလုံးမသွင်းဘဲနေနိုင်သည့် သမာဓိရှိကြောင်း ဟောကြားတော်မူပါသည်။

ပဌမ မဟာနာမသုတ်တွင် သာကီဝင်မင်း မဟာနာမ်က မိမိတို့သည် မည်ကဲ့သို့နေသင့်ကြောင်း လျှောက်ထားချက် အရ တည်ရမည့်တရားငါးပါးနှင့် ပွားရမည့်တရားခြောက်ပါးကို ဟောတော်မူပါသည်။ တည်ရမည့်တရားငါးပါးမှာ -

(က) သဒ္ဓါ၊ (ခ) ဝီရိယ၊ (ဂ) သတိ၊ (ဃ) သမာဓိ၊ (င) ပညာတို့ ဖြစ်ပါသည်။

ယင်းတရားများနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် မိမိလိုအပ်သောအကျိုးကို ရရှိနိုင်ပါသည်။ ဤတရားများ မကျင့်ကြံသူသည် မိမိလိုလားသောအကျိုးကို ရရှိ ခံစားရမည်မဟုတ်ပေ။

အဖန်တလဲလဲပွားများရမည့် တရားခြောက်ပါးမှာ -

(က) ဗုဒ္ဓါနုဿတိ၊

(ခ) ဓမ္မာနုဿတိ၊

(ဂ) သံဃာနုဿတိ၊

(ဃ) သီလာနုဿတိ၊

(င) စာဂါနုဿတိ၊

(စ) ဒေဝတာနုဿတိတို့ ဖြစ်ပါသည်။

ဂေါပါလသုတ်တွင် ရဟန်းအင်္ဂါဆယ့်တစ်ပါးကို နွားကျောင်းသားအင်္ဂါ ဆယ့်တစ်ပါးနှင့် ဥပမာပြု၍ ဟောကြားတော်မူပါသည်။ နွားကျောင်းသားသည်-

(က) နွားတို့၏အဆင်းကို မသိသကဲ့သို့ ရဟန်းသည် ဥပါဒါရုပ်ကိုမသိခြင်း၊
(ခ) နွားတို့၏အမှတ်အသားလက္ခဏာ၌ မလိမ္မာသကဲ့သို့ ရဟန်းသည် လူမိုက်၏ မကောင်းသောအလုပ်၊ ပညာရှိ ၏ ကောင်းသောအလုပ် ဟူသော အမှတ်လက္ခဏာတို့ကို မသိမလိမ္မာခြင်း၊
(ဂ) နွားတို့၏အနာမှ ယင်ကြီးဥကို မထုတ်ပယ်သကဲ့သို့ ရဟန်းသည် ဝိတက်သုံးပါးဖြစ်ပေါ်လာလျှင် မပယ်ဖျက်ဘဲ လက်ခံထားခြင်း၊
(ဃ) နွားတို့၏အနာကို ဆေးမအုံတတ်သကဲ့သို့ ဣန္ဒြေခြောက်ပါးကို မစောင့်စည်းနိုင်ခြင်း၊
(င) မီးခိုးမလွှတ်တတ်သကဲ့သို့ တရားတို့ကို သူတစ်ပါးတို့အား မဟော ပြောခြင်း၊
(စ) ရေဆိပ်ကိုမသိသကဲ့သို့ တရားဝိနည်းတို့၏ အနက်အဓိပ္ပာယ်တို့ကို မေးမြန်းဆွေးနွေးမှုမပြုခြင်း၊
(ဆ) ရေသောက်ပြီးမပြီး မသိသကဲ့သို့ မြတ်စွာဘုရား၏ တရားဝိနည်းများ အနက်အဓိပ္ပာယ်ကိုသိသောဉာဏ်၊ တရားနှင့်စပ်သော ဝမ်းမြောက်မှု တို့ကို မရခြင်း၊
(ဇ) လမ်းခရီးကိုမသိသကဲ့သို့ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကိုမသိခြင်း၊
(ဈ) စားကျက်ကိုမသိသကဲ့သို့ သတိပဋ္ဌာန်လေးပါးကို မသိခြင်း၊
(ည) နို့ရည်ကို မခြွင်းမချန် ညှစ်ယူသကဲ့သို့ ပစ္စည်းလေးပါးတို့ကို အတိုင်းအဆမသိ ခံယူခြင်း၊
(ဋ) နွားတို့၏ ရှေ့ဆောင်နွားလားကို ချီးမြှောက်မှုမပြုသကဲ့သို့ ထေရ်ကြီး ဝါကြီးရဟန်းတို့အပေါ်၌ အချိန်မရွေး နေရာမရွေး မေတ္တာနှင့်ယှဉ်သော ကံသုံးပါးတို့ဖြင့် အထူးပူဇော်ချီးမြှောက်ခြင်းကို မပြုခြင်းတို့ဖြစ် ပါသည်။

အထက်ပါအတိုင်း နွားတို့၏ရုပ်အဆင်း အမှတ်လက္ခဏာတို့၌ လိမ္မာခြင်း စသည် တစ်ဆယ့်တစ်ပါးသော အင်္ဂါတို့ဖြင့် ပြည့်စုံသည့်နွားကျောင်းသားသည် နွားအုပ်ကို ထိန်းကျောင်းရန်လည်းကောင်း၊ တိုးပွားရန်လည်းကောင်း စွမ်းဆောင် နိုင်ပါသည်။ ထိုနည်းတူ ရုပ်ကိုသိခြင်းအမှတ်လက္ခဏာတို့၌ လိမ္မာခြင်း စသည့် တစ်ဆယ့်တစ်ပါးသောအင်္ဂါတို့နှင့် ပြည့်စုံသည့်ရဟန်းသည် သာသနာတော် ကြီးပွား စည်ပင်ပြန့်ပွားရန် စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။

# ခုဒ္ဒကနိကာယ်

နိကာယ်များတွင် ဤခုဒ္ဒကနိကာယ်၌ ကျမ်းအရေအတွက် အများဆုံးပါရှိပါသည်။ တရားသဘောစုံလင်သောနိကာယ် လည်း ဖြစ်ပါသည်။ တင်ပြခဲ့ပြီးသောနိကာယ်(၄)ရပ်မှကြွင်းသည့် မြတ်စွာဘုရား ဟောတော်မူသည်တို့ကို ဤခုဒ္ဒကနိကာယ်တွင် စုပေါင်းဖော်ပြထားပါသည်။ ဘုရားဟောကြားချက်များ တိုတိုတုတ်တုတ်စုစည်းထားသည်ကို ခုဒ္ဒကနိကာယ်ဟု ခေါ်ဆိုပညတ်ထားပါသည်။

ဤခုဒ္ဒကနိကာယ်တွင် ဝိနည်း၅ကျမ်းနှင့် အဘိဓမ္မာ ၇ကျမ်းတို့လည်း ပါဝင်ပါသည်။ ထို့ပြင် အောက်ပါကျမ်းပေါင်း (၁၈)ကျမ်းလည်း ပါဝင်ပါသည်။

၁။ ခုဒ္ဒကပါဌ

၂။ ဓမ္မပဒ

၃။ ဥဒါန = ဥဒါန်း

၄။ ဣတိဝုတ္တက = ဣတိဝုတ်

၅။ သုတ္တနိပါတ = သုတ္တနိပါတ်

၆။ ဝိမာနဝတ္ထု

၇။ ပေတဝတ္ထု

၈။ ထေရဂါထာ

၉။ ထေရီဂါထာ

၁၀။ အပဒါန = အပဒါန်

၁၁။ ဗုဒ္ဓဝံသ = ဗုဒ္ဓဝင်

၁၂။ စရိယာပိဋက

၁၃။ ဇာတက = ငါးရာ့ငါးဆယ်ဇာတ်

၁၄။ မဟာနိဒ္ဒေသ = စူဠနိဒ္ဒေသ

၁၅။ ပဋိသမ္ဘိဒါမဂ္ဂ = ပဋိသမ္ဘိဒါမဂ်

၁၆။ မိလိန္ဒပဉှာ

၁၇။ နေတ္တိ

၁၈။ ပေဋကောပဒေသကျမ်းများ ပါဝင်ကြပါသည်။

ဤကျမ်းများတွင် မြတ်စွာဘုရားဟောတော်မူသောသုတ်များ၊ မြတ်စွာဘုရား၏ဖြစ်စဉ် ဗုဒ္ဓဝင်နှင့် မြတ်စွာဘုရား အလောင်းတော်၏ ကျင့်စဉ်များ၊ ရဟန္တာနှင့် ရဟန္တာထေရီများ၏ အကြောင်းအတ္ထုပ္ပတ္တိများ၊ မထေရ်မြတ်ကြီးများ၏ ဥဒါန်းကျူးရင့်သည်များလည်း ပါရှိပါသည်။ ထို့ပြင် ကုသိုလ်ကောင်းမှုပြု၍ နတ်သမီး၊ နတ်သားများဖြစ်ကာ နတ်စည်းစိမ် ခံစားရပုံများ၊ အကုသိုလ်ဒုစရိုက်များ ပြုလုပ်မိသောကြောင့် ပြိတ္တာဘဝသို့ရောက်ကြရသည့်ဝတ္ထုများလည်း စိတ်ဝင်စားဖွယ်ရာ ပါရှိပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်းငါးရာကျော်ပြီးမှ ပေါ်ပေါက်လာသည့် မိလိန္ဒပဉှာကျမ်းကိုလည်း ဤခုဒ္ဒကနိကာယ်တွင် ထည့်သွင်းထားပါသည်။

ဤနိကာယ်တွင် ဤသို့ ကျမ်းပေါင်းမြောက်မြားစွာပါရှိသဖြင့် ပြီးခဲ့သော နိကာယ် ၄ ကျမ်းမှာကဲ့သို့ အချို့သုတ်များကို အကျဉ်းချုံ၍ နမူနာအဖြစ်ဖော်ပြရန် လွယ်ကူမည်မဟုတ်ပါ။ သို့အတွက် ကျမ်းအလိုက် ကျမ်း၏အကြောင်းအကျဉ်းချုပ်ကိုသာ သိသာရန် တင်ပြသွားမည်ဖြစ်ပါသည်။ ဝိနည်း ၅ ကျမ်းနှင့် အဘိဓမ္မာ ပိဋကတ်ကျမ်းများကို သီးခြားဖော်ပြထားပြီး ဖြစ်ပါသည်။

### ၁။ ခုဒ္ဒကပါဌ

ဤကျမ်းတွင် သရဏဂုံသုံးပါးယူနည်း၊ သီလဆောက်တည်နည်း၊ ၃၂ ကောဋ္ဌာသ စသောတရားတို့ ပါရှိပါသည်။ ဗုဒ္ဓဘာသာဝင်များ ရွတ်ဖတ်လေ့ရှိကြသည့် မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်များလည်း ပါဝင်ပါသည်။ ကုသိုလ်ပွားများရန်နှင့် ကုသိုလ်တို့၏ အကျိုးကျေးဇူးများကို ဟောကြားထားတော်မူပါသည်။

### ၂။ ဓမ္မပဒ

ဤကျမ်းတွင် မြတ်စွာဘုရားသည် လူတို့၏ စိတ်နေသဘောထားကို လိုက်၍ ဟောကြားတော်မူခဲ့သော တရားပေါင်းစုံ ပါရှိသည့်အပြင် သိရှိနားလည်ရန် လွယ်ကူသောကြောင့် အရှေ့ဗုဒ္ဓဘာသာနိုင်ငံများအပြင် အနောက်နိုင်ငံများတွင်ပါ ထင်ရှား လူကြိုက်များသော ကျမ်းစာအုပ်တစ်အုပ် ဖြစ်ပါသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီ စသည့် ဘာသာပေါင်းစုံသို့ ပြန်ဆိုထား ပြီးဖြစ်ပါသည်။ ဓမ္မပဒ ပါဠိတော်ကို ဆရာအများက မြန်မာဘာသာပြန်ပြီးဖြစ်ပါသည်။ ဤကျမ်းသည် မြန်မာတို့နှင့် အကျွမ်းဝင် ရင်းနှီးပြီးဖြစ်ပါသည်။

ဤကျမ်းတွင် ဂါထာ(၄၂၃)ပုဒ်ကို အခန်း(၂၆)ခန်းဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းတို့မှာ အစုံအစုံသောတရားများ၊ မမေ့မလျော့ခြင်း၊ စိတ်အကြောင်း၊ ပန်းပမာကဲ့သို့ ဘဝဆိုင်ရာတရားများ၊ လူမိုက်၊ ပညာရှိ၊ ရဟန္တာတို့အကြောင်းလည်း ပါရှိပါသည်။

မကောင်းမှု၊ ကောင်းမှုအကြောင်း၊ ဆင်းရဲဒုက္ခဒဏ်ခံရခြင်းအကြောင်း၊ အိုခြင်းတရား၊ အတ္တအကြောင်း၊ လောက အကြောင်းတို့ကိုလည်း စိတ်ဝင်စားဖွယ်ရာ ဖော်ပြထားပါသည်။ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကိုလည်း ကျူးရင့်ထားပါသည်။ ချမ်းသာခြင်း၊ ချစ်ခြင်း၊ အမျက်ဒေါသ၊ ရာဂအညစ်အကြေး၊ မဂ်လမ်းခရီး၊ ငရဲ၊ ဆင်ပမာ တင်စားသည့်တရား၊ တဏှာအကြောင်းတို့ကိုလည်း ဖော်ကျူးထားပါသည်။ ရဟန်း၊ ပုဏ္ဏား၊ သူတော်ကောင်းတို့အကြောင်းကိုလည်း ဟောကြားထားပါသည်။ အသေးစိတ်ဖတ်ရှုလိုပါက ဆရာအမျိုးမျိုးတို့ မြန်မာဘာသာပြန်ဆိုထားသော ဓမ္မပဒစာအုပ်များကို လေ့လာဖတ်ရှုရန် တိုက်တွန်းပါသည်။

## ၃။ ဥဒါန်း

ဤကျမ်းတွင် မြတ်စွာဘုရား၏ ဥဒါန်းကျူးရင့်တော်မူသည်များကို စုပေါင်းပြုစုထားပါသည်။ မြတ်စွာဘုရားသည် ဖလသမာပတ် သမာဓိချမ်းသာကို ၇ ရက်ပတ်လုံးခံစားလျက် နေတော်မူပါသည်။ ယင်းဖလသမာပတ်သမာဓိမှ ထတော်မူ ၍ ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံပဋိလုံအားဖြင့် ကောင်းစွာနှလုံးသွင်းတော်မူပါသည်။ ထို့နောက် အောက်ပါအတိုင်း ကျူးရင့်တော်မူပါသည်။

"အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော၊
လုံ့လရှိသော၊ မကောင်းမှုကို ရှို့မြိုက်တတ်သော၊
မကောင်းမှုမှ အပပြုပြီးသောရဟန္တာအား စင်စစ်အားဖြင့်
ဗောဓိပက္ခိယတရား သုံးဆယ့် ခုနစ်ပါးတို့သည်
ထင်ရှားဖြစ်ပေါ်လာကုန်၏။ ထိုအခါ အဝိဇ္ဇာ စသော
အကြောင်းတရားတို့၏ ကုန်ရာ နိဗ္ဗာန်ကို သိသောကြောင့်
ထိုမကောင်းမှုမှအပပြုပြီးသော ရဟန္တာအား ယုံမှား
ခြင်းအားလုံးတို့သည် ကင်းပျောက်ကုန်၏"

မြတ်စွာဘုရားသည် အရှင်ဘဒ္ဒိယက ရောက်ရှိရာအရပ်တို့၌ "ဩော် ချမ်းသာပေစွ၊ ချမ်းသာပေစွ"ဟု မပြတ် ဥဒါန်း ကျူးရင့်သည်ကို အကြောင်းပြု၍ အောက်ပါဥဒါန်းကို ကျူးရင့်တော်မူပါသည်။

"အကြင်ပုဂ္ဂိုလ်၏အတွင်းစိတ်၌ အမျက်ဒေါသ
တို့သည် မရှိကုန်၊ ဤသို့ ပြည့်စုံခြင်း၊ ပျက်စီးခြင်းကိုလည်း
လွန်မြောက်၏။ ဘေးကင်း၍ ချမ်းသာသော၊ ကြောင့်ကြ
ကွာသော ထိုပုဂ္ဂိုလ် ကို နတ်တို့သည်ပင် မြင်ရန်မစွမ်းနိုင်
ကုန်။"

အရှင်သာရိပုတ္တရာ၏ တရားဟောပြောလမ်းညွှန်ချက်အရ အာသဝေါ တရားတို့မှ လွတ်မြောက်သော အရှင်လကုဏ္ဍကဘဒ္ဒိယကို အကြောင်းပြု၍ မြတ်စွာဘုရားသည် အောက်ပါဥဒါန်းကို ကျူးရင့်တော်မူပါသည်။

"အကြင်ပုဂ္ဂိုလ်သည် အထက်ရူပ၊ အရူပဓာတ်၌ လည်းကောင်း၊ အောက်ကာမဓာတ်၌ လည်းကောင်း၊ သခ်ါရအားလုံး၌လည်းကောင်း ခပ်သိမ်းသောအခြင်းအရာ တို့ဖြင့် လွတ်မြောက်၏။ ထိုပုဂ္ဂိုလ်သည် ဤတရား သည်ပင် ငါဖြစ်၏ဟု မရှုတော့ပြီ။ ဤသို့ သံယောဇဉ် ဆယ်ပါး၊ အကုသိုလ်အားလုံးတို့မှ ဤသို့လွတ်မြောက် ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် တစ်ဖန် ဘဝသစ်၌ မဖြစ်ဖို့ရန် ရှေးအခါက မကူးမြောက်ခဲ့ဖူးသော ဩဃ လေးဖြာသံသရာကို ကူးမြောက်ခဲ့လေပြီ။"

ဤသို့အားဖြင့် ဤဥဒါန်းကျမ်းကို မြတ်စွာဘုရား ဥဒါန်းကျူးရင့်တော်မူသည့် သုတ်ပေါင်း(၈၀)ဖြင့် စီစဉ်ထားပါသည်။

### ၄။ ဣတိဝုတ္တက

ဤကျမ်းတွင် "မြတ်စွာဘုရား ဟောတော်မူ၏ဟု ကျွန်ုပ်ကြားနာခဲ့ရ ပါသည်"အစရှိသည့် သုတ်ပေါင်း(၁၂၈)ပါဝင် ပါသည်။ ယင်းတို့ကို အင်္ဂုတ္တရ နိကာယ်မှာကဲ့သို့ တရားတစ်မျိုး၊ တရားနှစ်မျိုး၊ တရားသုံးမျိုး၊ တရားလေးမျိုးဟူ၍ စုစည်းကာ နိပါတ်လေးခုဖြင့် ဖွဲ့စည်းထားပါသည်။

တရားတစ်မျိုးအနေဖြင့် မြတ်စွာဘုရားက တပ်မက်မှုလောဘဟူသော တစ်ခုသောတရားကိုပယ်လျှင် အနာဂါမ်ဖြစ်ရန် တာဝန်ယူကြောင်း လောဘသုတ်တွင် ဟောကြားတော်မူပါသည်။

တရားနှစ်မျိုးနှင့်ပတ်သက်၍ မပူပန်စေတတ်သော တရားနှစ်မျိုးကို ဒုတိယသီလသုတ်တွင် ဟောကြားတော်မူပါသည်။ ထိုတရားနှစ်ပါးမှာ ကောင်း မြတ်သော သီလနှင့် ကောင်းမြတ်သောအယူတို့ပင်ဖြစ်ပါသည်။ ဤတရားနှစ်ပါးနှင့် ပြည့်စုံသော ပညာရှိသည် ခန္ဓာကိုယ်ပျက်စီးသောအခါ နတ်ပြည်သို့ရောက်၏ဟု ဟောတော်မူပါသည်။

တရားသုံးမျိုးနှင့်ပတ်သက်၍ အကုသိုလ်မူလ ၃ ပါးကို မူလသုတ်တွင် ဟောကြားတော်မူပါသည်။ ယင်းတို့မှာ လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ်မူလတို့ဖြစ်ပါသည်။ ဤတရားများသည် ဝါးပင်ကို မိမိအသီးကပင်

ဖျက်ဆီးသကဲ့သို့ ဤယုတ်မာသောစိတ်ရှိသူကို ဖျက်ဆီးကုန်၏ဟု ဟောတော်မူပါသည်။

တရားလေးမျိုးနှင့်ပတ်သက်၍ သဗြဟ္မကသုတ်တွင် အမိအဖကို သားသမီးများက ပူဇော်ထိုက်သည့်အကြောင်း(၄) ပါး ဟောတော်မူပါသည်။ အမိအဖကို မိမိအိမ်၌ ပူဇော်ထားခြင်းသည် ဗြဟ္မာနှင့် အတူတကွနေသည်နှင့် တူပါသည်။ အိမ်ဦးနတ်နှင့်အတူနေသည်နှင့် တူပါသည်။ လက်ဦးဆရာနှင့်အတူနေသည်နှင့် တူပါသည်။ အရပ်ဝေးမှ ဆောင်၍လာသောပစ္စည်း များကို အလှူခံထိုက်သူနှင့် အတူနေသည်နှင့်တူပါသည်။ သားသမီးများအပေါ်တွင် မိဘကျေးဇူးမှာ ကြီးမားလှပါသည်။ အသက်ရှင်ရန် စောင့်ရှောက်ကျွေးမွေးပြုစုပြီး လောကအကြောင်းကို သိရှိနားလည်ရန်အတွက် သွန်သင်လမ်းညွှန်ခဲ့ကြပါသည်။

ထို့ကြောင့် ပညာရှိသည် အမိအဖတို့အား ရိုသေလေးစားစွာ ရှိခိုးအပ်ပါသည်။ အစားအသောက်၊ အဝတ်အစား၊ အနေအထိုင် ပြည့်စုံစွာဖြင့် စီမံထောက်ပံ့အပ်ပါသည်။ ကိုယ်တိုင်ကိုယ်ကျ ခြေဆေး၊ ရေချိုးပေးပြီး နံ့သာ ပျောင်း စသည်တို့ဖြင့် လိမ်းကျံနှိပ်နယ်ပေးကာ ကောင်းစွာပြုစုအပ်ပါသည်။ ဤသို့ အမိအဖတို့အား အလုပ်အကျွေးပြုစုသူကို ယခုဘဝ၌ ပင် ပညာရှိတို့ ချီးမွမ်းကြပါသည်။ တမလွန်ဘဝ၌ နတ်ပြည်သို့ရောက်ကြကုန်၏ဟု ဟောကြားတော်မူပါသည်။

## ၅။ သုတ္တနိပါတ

ဤကျမ်းတွင် မြတ်စွာဘုရား ဟောတော်မူသော သုတ် (၅၄) သုတ်နှင့် မေးမြန်းလျှောက်ထားသည့် ပုစ္ဆာ(၁၆)ပုဒ်ကို ဖြေကြားတော်မူသည်များ ပါဝင်ပါသည်။ ယင်းတို့ကို ဝဂ် ၅ ခုဖြင့် စုစည်းဖွဲ့စည်းထားပါသည်။

ဥရဂသုတ်တွင် အမျက်ဒေါသ၊ ရာဂ၊ တဏှာ၊ ဒိဋ္ဌိ၊ အနုသယ၊ ကိလေသာ၊ နိဝရဏတရားငါးပါးတို့ကို မြွေသည် ဆွေးမြည့်သောအရေဟောင်းကို စွန့်လွှတ်သကဲ့သို့ စွန့်လွှတ်အပ်သည်။ သံသရာဟူသောသမုဒ္ဒရာ၏ ဤဘက်ကမ်းကို စွန့်လွှတ်၍ နိဗ္ဗာန်ဟူသောတစ်ဖက်ကမ်းကို ကူးမြောက်ရမည်ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

ပရာဘဝသုတ်တွင် နတ်သားတစ်ယောက်၏ လျှောက်ထားချက်အရ ပျက်စီးဆုတ်ယုတ်ကြောင်း(၂၄)ပါးကို ဟောကြားတော်မူပါသည်။

(၁) တရားကို မလိုလား မတောင့်တ မုန်းထားခြင်း၊

(၂) သူတော်မဟုတ်သူ သူယုတ်မာတို့နှင့် သူယုတ်မာတို့၏ တရားကို နှစ်သက်မြတ်နိုးခြင်း၊

(၃) အိပ်စက်ငိုက်မြည်းခြင်း၊ အပေါင်းအဖော်နှင့် စကားပြောမှု၌ မွေ့လျော်လေ့ရှိခြင်း၊ ပျင်းရိခြင်း၊ လျင်စွာအမျက် ထွက်လေ့ရှိခြင်းဟူသော ပျက်စီးဆုတ်ယုတ်ကြောင်း အကြောင်း ၅ ပါး၊

(၄) အိုမင်းသောမိဘများကို ကျွေးမွေးပြုစုနိုင်ပါလျက် မပြုစုခြင်း၊

(၅) ဗြာဟ္မဏ၊ ရဟန်းသမဏနှင့် ဖုန်းတောင်းယာစကာတို့အား ပစ္စည်းလေးပါးလှူဒါန်းရန်ပင့်ဖိတ်ပြီး ပျက်ကွက်ခြင်း၊

(၆) စည်းစိမ်ချမ်းသာပြည့်စုံပါလျက် ကောင်းမြတ်သော အစားအသောက်များကို တစ်ဦးတည်း စားသောက်ခြင်း၊

(၇) အမျိုးဇာတိမာန်၊ ဥစ္စာဓနမာန်၊ အနွယ်မာန်၊ မိမိဆွေမျိုးများကိုပင် မထီမဲ့မြင်ပြုခြင်းတည်းဟူသော ပျက်စီးဆုတ်ယုတ်ရန် အကြောင်း လေးမျိုး၊

(၈) မိန်းမကြူး၊ သေသောက်ကြူး၊ လောင်းကစားကြူး၍ရပြီးသော ပစ္စည်းဥစ္စာများတို့ ပျက်စီးဆုတ်ယုတ်သော အကြောင်းသုံးမျိုး၊

(၉) ပြည့်တန်ဆာတို့နှင့် ပျော်ပါးခြင်း၊ သူတစ်ပါး သားမယားတို့ကို ပြစ်မှားခြင်းတည်းဟူသော ပျက်စီးဆုတ်ယုတ် သောအကြောင်း ၂ မျိုး၊

(၁၀) အရွယ်လွန်သောယောကျာ်းက မိန်းမငယ်ကို ထိမ်းမြားအိမ်သူပြုခြင်း၊

(၁၁) အစားအစာတို့၌ မက်မောပြီး ပစ္စည်းဥစ္စာကို စည်းကမ်းမဲ့သုံးဖြုန်းသော ယောကျာ်း(သို့)မိန်းမနှင့် အိမ်ထောင်ပြုခြင်း၊

(၁၂) ပစ္စည်းနည်း၍ စည်းစိမ်ဥစ္စာတို့၌ တပ်မက်မှုကြီးမားပြီး မင်းမျိုး၌ဖြစ်၍ မင်းအဖြစ်ကိုတောင့်တခြင်းတို့သည် ပျက်စီးဆုတ်ယုတ်ခြင်း အကြောင်း တရားများ ဖြစ်ပါသည်။

စိတ်သဘောထားဖြူစင်သန့်ရှင်း၍ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော ပညာရှိသည် ဤပျက်စီးဆုတ်ယုတ်သော အကြောင်းတရားများကို ကောင်းစွာသိရှိဆင်ခြင်က ရှောင်ရှားနိုင်သောကြောင့် နတ်ပြည်သို့ရောက်မည်ဟု ဟောကြားပါသည်။

အဇိတမာဏဝပုစ္ဆာတွင် အဇိတက မေးမြန်းလျှောက်ထားချက်အရ ဖြေကြားဟောတော်မူပါသည်။ လောကကို မသိမှု အဝိဇ္ဇာက ဖုံးလွှမ်းထားပါသည်။ လောကတွင် အဖြစ်မှန်များ မထင်ရှားစေဝါးအောင် သူတစ်ပါးအား မဖြစ်စေလိုမှု မစ္ဆရိယနှင့် မေ့လျော့မှုပမာဒတရားတို့က ပြုလုပ်ထားပါသည်။ တပ်မက်မောခြင်း တဏှာသည် လောကကို လိမ်းကျံကပ်ငြိတတ် သောတရားဖြစ်ပါသည်။ သံသရာဝဋ်ဒုက္ခသည် လောကကြီး၏ အန္တရာယ်ဘေးကြီးဖြစ်ပါသည်။

တဏှာကို အောက်မေ့မှုသတိနှင့် ပညာတို့က စောင့်စည်းပိတ်ဆို့နိုင်ပါသည်။ နိဗ္ဗာန်၌ ရုပ်နာမ်နှင့်တကွ ကုသိုလ်၊ အကုသိုလ်အားလုံး ချုပ်ငြိမ်းပါသည်။

ရဟန္တာနှင့် ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တို့သည် ကာမတဏှာတို့၌ မတပ်မက်၊ မတွယ်တာ စိတ်ညစ်ညျုး နောက်ကျုမှုမရှိဘဲ တရားအားလုံးတို့၌ လိမ္မာသည်၊ သတိရှိသည် ဖြစ်၍ နေထိုင်ရာ၏ဟု ဟောတော်မူပါသည်။

**၆။ ဝိမာနဝတ္ထု**

ဤဝိမာနဝတ္ထုတွင် လူ့ဘဝ၌ ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့သည့် **အကျိုးကြောင့်** အမျိုးသမီး၊ **အမျိုးသား**တို့သည် နတ်ပြည်၌ ဥယျာဉ်၊ ဗိမာန်၊ ရေကန်၊ ပဒေသာပင်၊ ဆင်မြင်း၊ ရထားတို့ဖြင့် နတ်၏စည်းစိမ်ချမ်းသာတို့ ခံစားရသည်များ ကို ဖော်ပြထားပါသည်။ ဤသို့ နတ်စည်းစိမ်ကို ရရှိခံစားရခြင်းမှာ ကုသိုလ်ကောင်းမှု၏ အကျိုးတရားဖြစ်ကြောင်း လူများ သိရှိပြီး လူ့ဘဝ၏မွန်မြတ် ပုံကို ဟောပြောနိုင်ရန်အတွက် အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးသည် နတ်ပြည်သို့ မကြာခဏကြွတော်မူပြီး နတ်သမီးသစ်၊ နတ်သားသစ်တို့နှင့် တွေ့ဆုံကာ မေးမြန်းစုံစမ်းခဲ့ပါသည်။ ထို့နောက် မြတ်စွာဘုရားအား ထိုနတ်သမီးနတ်သား တို့၏ အကြောင်းအတ္ထုပ္ပတ္တိကို ပြန်ကြားလျှောက်ထားပါသည်။ မြတ်စွာဘုရားက သဘောတူလ က်ခံတော်မူပြီး အကျယ်အားဖြင့် ပြန်လည်ဟောကြားတော်မူခဲ့ပါသည်။

ဤလူ့ပြည်သည် နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ ရောက်ရှိနိုင်ရန်အတွက် ကုသိုလ်ကောင်းမှုပြုနိုင်သည့် ဌာနကြီးဖြစ်ကြောင်း ဤဝိမာနဝတ္ထုများက ပေါ်လွင်စေပါသည်။ ထို့အပြင် ဘဝပြတ်သည်ဟူသောဝါဒ၊ ကောင်းမှုမကောင်းမှုတို့သည် မရှိဟူသော ဝါဒတို့ကို ပျက်ပြယ်စေနိုင်သောကြောင့် ဤဝိမာနဝတ္ထုများသည် အထူးပင်အကျိုးပြုပါသည်။

ဝိမာနဝတ္ထုတွင် အမျိုးသမီးဝိမာနပိုင်းနှင့် အမျိုးသားဝိမာနပိုင်းဟု ၂မျိုး ရှိပါသည်။ အမျိုးသမီးဝိမာနပိုင်းကို လူ့ပြည် ၌ ဒါန၊ သီလ စသော ကုသိုလ် ကောင်းမှုများကို ပြုလုပ်ခဲ့သောကြောင့် နတ်ဗိမာန်တို့တွင် ရောက်ရှိဖြစ်ကြကုန်သော နတ်သမီးတို့အကြောင်း ဝတ္ထု (၈၅)ပုဒ် ပါရှိပါသည်။ ထိုဝတ္ထုများတွင် (၁) သောတာပန်ဖြစ်ပြီး နတ်ပြည်ရောက်သောဝတ္ထု ၅ဝတ္ထု၊ (၂) ဘုရားကိုကြည်ညို၍ လက်အုပ်ချီမိုးရှိခိုးရုံမျှနှင့် နတ်ပြည်ရောက်သော ဝတ္ထု ၂ဝတ္ထု၊ (၃) ကျောင်းအလှူ ပွဲတွင် သာဓုခေါ်ရုံမျှဖြင့် နတ်ပြည်ရောက်သော ဝတ္ထု ၅ဝတ္ထု၊ (၄) သီလ သက်သက်ဖြည့်ကျင့်၍ နတ်ပြည်ရောက်သော ဝတ္ထု ၂ဝတ္ထု၊ (၅) ဒါန၊ သီလ ပူးတွဲပြုသဖြင့် နတ်ပြည်ရောက်သော ဝတ္ထု ၇ဝတ္ထုနှင့် (၆) ကျန်သော ဝတ္ထု အားလုံးမှာ ဒါနပြု၍ နတ်ပြည်သို့ ရောက်သောဝတ္ထုများ ပါဝင်ပါသည်။

အမျိုးသားဝိမာနပိုင်းတွင် ဝတ္ထု(၃၃)ပုဒ်ပါရှိပါသည်။ ယင်းတို့မှာ (၁) ဒါနသက်သက်ပြုခဲ့သူ ၂၂ ဦး၊ (၂) သီလသက်သက် ဆောက်တည်ခဲ့သူ ၂ ဦး၊ (၃) ဒါနသီလ နှစ်မျိုးစလုံးပြုခဲ့သူ ၁ ဦး၊ (၄) ကြည်ညို၍ ရှိခိုးရုံမျှဖြင့် နတ်ပြည်သို့ ရောက်သူ ၃ ဦး၊ (၅) ကျောင်းဝေယျာဝစ္စပြုခဲ့သူ ၁ ဦး၊ (၆) တိရစ္ဆာန်ဘဝမှလာသူ ၂ ဦး၊ (၇) စေတီကိုပူဇော်ခဲ့သူ ၁ ဦး၊ (၈) သူတစ်ပါးတို့ ဖြစ်ကတတ်ဆန်း ဇွတ်၌ လှူခဲ့သည့်ပန်းကို ကောင်းမွန်စွာပြုပြင်လှူခဲ့သူ ၁ ဦး။ စုစုပေါင်း ၃၃ ဦးတို့၏ ဝတ္ထုအကြောင်းများဖြစ်ပါသည်။

## ၇။ ပေတဝတ္ထု

ဤပေတဝတ္ထုတွင် လူ့ဘဝ၌ မကောင်းမှုအကုသိုလ်များ ပြုလုပ်ခဲ့သဖြင့် ပြိတ္တာဘဝသို့ရောက်ကြရသည့် လူများအကြောင်း ဖော်ပြထားပါသည်။ ယင်းတို့ ကျူးလွန်ခဲ့သော မကောင်းမှုကံအကျိုးကို ထင်ရှားသိမြင်စေပါသည်။

ပြိတ္တာသည် အမျိုးအစားအားဖြင့် ၄ မျိုးရှိရာ ယင်းတို့မှာ –

(၁) သူတစ်ပါးတို့ပေးအပ်သောအစာကို အမှီပြု၍ အသက်ရှင်ရသောပြိတ္တာ၊

(၂) ထမင်းငတ်ခြင်း၊ ရေမွတ်သိပ်ခြင်း၊ မပြတ်အနှိပ်စက်ခံနေရသောပြိတ္တာ၊

(၃) အမြဲအကြွင်းမဲ့လောင်ကျွမ်းခံနေရသဖြင့် ပူလောင်ခြင်းရှိသောပြိတ္တာ၊

(၄) အသူရကာယ်ဟု အသီးအခြားခေါ်ဝေါ်အပ်သော ပြိတ္တာတို့ဖြစ်ပါသည်။

ပထမပြိတ္တာအမျိုးသည် မိမိအား ရည်ညွှန်းလှူဒါန်း၍ အမျှပေးဝေသည်ကို ဝမ်းမြောက်စွာ သာဓုအနုမောဒနာခေါ် နိုင်ပါက ဆင်းရဲဒုက္ခများပပျောက်သွားပြီး ချက်ချင်းပင် ချမ်းသာအမျိုးမျိုးကို ခံစားနိုင်ပါသည်။

ကိုယ်ဖြင့်စောင့်စည်း၍ နှုတ်ဖြင့်မစောင့်စည်းခဲ့သောကြောင့် ကွယ်လွန်သောအခါ ရွှေအဆင်းနှင့်တူသောကိုယ်၊ ဝက်မျက်နှာနှင့်တူသော ပြိတ္တာဖြစ်ရသူ အကြောင်းကို သူကရပေတဝတ္ထုတွင် ဖော်ပြထားပါသည်။

အလှူဝတ္ထုရှိပါလျက် ကောင်းမှုလှူဒါန်းခြင်းမပြုဘဲ စွန့်ပစ်သူ၊ အလှူခံတို့ကို ဆဲရေးသူတို့သည် သေလွန်သောအခါ ပြိတ္တာတစ်ပိုင်း လူတစ်ပိုင်းဖြင့် အဝတ်မပါ ဗလာကျင်းနေရသည့် ပြိတ္တာများဖြစ်ရသည့်အကြောင်းကို အဘိဇ္ဈမာန ပေတဝတ္ထုတွင် ဟောကြားထားပါသည်။

ကုသိုလ်တစ်ဝက်၊ အကုသိုလ်တစ်ဝက် ပြုခဲ့မိသောကြောင့် သေလွန်သောအခါ ဗိမာန်ဘုံနန်းကို ရရှိသော်လည်း လင် မရှိ တစ်ကိုယ်တည်း ပျင်းရိဖွယ် ဖြစ်နေရသော ပြိတ္တာမအကြောင်းကို ရထကာရပေတဝတ္ထုတွင် ဟောကြားထားပါသည်။

ယေတဝဂ္ဂတွင် ဤသို့သောဝဂ္ဂပုဒ်ပေါင်း(၅၀)ကို ဝဂ်(၄)ခုဖြင့် ဖွဲ့စည်းထားပါသည်။

**၈။ ထေရဂါထာ**

ဤထေရဂါထာတွင် ရဟန္တာမထေရ်မြတ်ကြီးတို့က မိမိတို့ရရှိစံစားအပ်သော မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာကို ဆင်ခြင်၍ ဥဒါန်းကျူးရင့်သောဂါထာများ ပါဝင်ပါသည်။

သူတစ်ပါး မေးမြန်းလျှောက်ထားသည်ကို ပြန်လည်ဖြေကြားသောဂါထာများလည်း ပါပါသည်။

ထိုထေရ်မြတ်များ ပရိနိဗ္ဗာန်စံယူတော်မူခါနီးတွင် မြတ်စွာဘုရား ဆိုဆုံးမတော်မူသည့် သာသနာတော်သည် သတ္တဝါများအား ဝဋ်သုံးပါးမှ ကယ်တင်နိုင်ကြောင်း သိသာထင်ရှားစေရန် ကျူးရင့်သည့်ဂါထာများလည်း ပါဝင်ပါသည်။

ဤသို့ မထေရ်ပေါင်း(၂၆၄)ပါးတို့၏ ဟောကြားမိန့်ဆိုချက်များကို တစ်ပေါင်းတည်း စုစည်း၍ ပထမသံဂါယနာတင်ရာတွင် ထေရဂါထာဟူသော အမည်ဖြင့် သံဂါယနာတင်ခဲ့ပါသည်။

ဤကျမ်းတွင်ပါရှိသော ဂါထာများတွင် လောကီလောကုတ္တရာ အကျိုးစီးပွားများ တိုးပွားစေမည့်တရားသဘောများ ပါရှိသဖြင့် တန်ဖိုးရှိလှပါသည်။ နမူနာအနေဖြင့် သုသာရဒတ္ထေရဂါထာကို ဖော်ပြပါသည်။

အရှင်သာရိပုတ္တရာထံတွင် ရဟန်းပြု၍ ဝိပဿနာပွားများကာ ရဟန္တာအဖြစ်သို့ရောက်ရှိသည့် သုသာရဒမထေရ်သည် သူတော်ကောင်းကို မှီဝဲရခြင်း၏ အကျိုးကျေးဇူးရှိပုံကို ပြောကြားသည့် အောက်ပါဂါထာကို ရွတ်ဆိုပါသည်။

"ကောင်းစွာစီရင်အပ်သော တရားဒေသနာရှိကြကုန်သော အရိယာပုဂ္ဂိုလ်တို့အား ဖူးမြော်ရခြင်းသည် ကောင်းမြတ်လှ၏။ ထိုအရိယာသူတော်ကောင်းတို့သို့ ချဉ်းကပ်၍ ပြဿနာမေးမြန်းခြင်းဖြင့် ယုံမှားခြင်းကင်းပြတ်နိုင်၏။ ပညာသည်လည်းပွား၏။ ထိုအရိယာသူတော်ကောင်းတို့သည် လူမိုက်ကိုလည်း ပညာရှိဖြစ်အောင် ပြုကုန်၏။ ထို့ကြောင့် သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရခြင်းသည် ကောင်းမြတ်လှ၏။"

**၉။ ထေရီဂါထာ**

ရဟန္တာထေရီ(၇၃)ပါးတို့ ဥဒါန်းကျူးရင့်ဟောကြားတော်မူကြသော ဂါထာများကို ဤထေရီဂါထာကျမ်း၌ ဖော်ပြထားပါသည်။ ဤထေရီဂါထာလာ ဂါထာတရားများသည် ထေရဂါထာကဲ့သို့ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုး

စီးပွားကို တိုးပွားစေနိုင်ပါသည်။ နမူနာအနေဖြင့် ဥတ္တရာထေရီသည် ရဟန်းပြု၍ တရားအားထုတ်နေစဉ် မြတ်စွာဘုရား ရောင်ခြည်တော်လွှတ်၍ ဟောတော်မူသော ဂါထာအဆုံး၌ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားပါသည်။ ဥတ္တရာထေရီ ဝမ်းသာရွှင်မြူးပြီး အောက်ပါဂါထာကို ရွတ်ဆိုပါသည်။

"ငါသည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ထိုမှတစ်ပါး စိတ်ဖြင့်လည်းကောင်း စောင့်စည်း ခဲ့ပါပြီ။ အရင်းမူလ အနုသယနှင့်တကွသော တပ်မက်မှုတဏှာကို နုတ်ပယ်လျက် ကိလေသာမီး ချုပ်ငြိမ်းပြီးဖြစ်၍ အေးငြိမ်းခြင်းသို့ ရောက်ရသူဖြစ်ပါ၏။ ငါ၏စိတ်သည် ကိုယ်ခန္ဓာ၌ အသုဘ၊ အနိစ္စ စသောအပြစ်ကိုမြင်ပြီးသည့်နောက် ကိလေသာမှ လွတ်မြောက်ခဲ့ပြီ။"

## ၁၀။ အပဒါန

ဤအပဒါန်ကျမ်းတွင် ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ထေရ၊ ထေရီဟူ၍ အပိုင်း ၄ ပိုင်းပါရှိပါသည်။ ပထမအပိုင်း ၃ ပိုင်းတွင် ရဟန္တာမထေရ်မြတ်တို့၏ အကြောင်းအတ္ထုပ္ပတ္တိများကို ဖော်ပြထားပါသည်။ စတုတ္ထပိုင်းတွင် ရဟန္တာထေရီတို့၏ အကြောင်းအတ္ထုပ္ပတ္တိကို ပြဆိုထားပါသည်။ ဤပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ ကျင့်ကြံ၍ ပါရမီများဖြည့်ဆည်းကာ မဂ်ဖိုလ်နိဗ္ဗာန်တရား တော်မြတ်ကို မျက်မှောက်ပြုနိုင်ပြီး ဘဝ၏အထွတ်အထိပ်သို့ ရောက်ရှိကြကုန်သည်မှာ ကြည်ညိုဖွယ်ရာ၊ အတုယူဖွယ်ရာ ကောင်းလှပါသည်။

အပဒါန်ကျမ်းတွင် မြတ်စွာဘုရား၏ ဘဝဖြစ်စဉ်များ၊ (၄၁)ပါးသော ပစ္စေကဗုဒ္ဓါများ၊ (၅၅၉)ပါးသော ရဟန္တာများ၏ ဘဝဖြစ်စဉ်များကို ဖော်ပြထားပါသည်။ ရဟန္တာထေရီ အပါး(၄၀)တို့၏ အတ္ထုပ္ပတ္တိကိုလည်း ဖော်ပြထားပါသည်။

## ၁၁။ ဗုဒ္ဓဝင်

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ဒုတိယဝါတွင် ဖွားမြင်တော်မူရာ ဇာတိမြေ ကပိလဝတ်ပြည်သို့ ကြွတော်မူပါသည်။ ခက်ထန်မာနရှိကြသော သာကီဝင်မင်းတို့အား မာန်မာနကျိုး၍ ရှိခိုးကြစေရန် ကောင်းကင်သို့ကြွတော်မူပြီး သာကီဝင်မင်းတို့၏ဦးခေါင်း၌ ဖဝါးခြေမှုန့်ကို ကြဲသကဲ့သို့ ပြုလုပ်ပါသည်။ ရေအစုံ၊ မီးအစုံ စသောယမိုက်ပြာဋိဟာကို ပြတော်မူပါသည်။ ထိုအခါ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် သားတော်မြတ်စွာဘုရားအား ရှိခိုးတော်မူရာ သာကီဝင်မင်းအားလုံးတို့ တစ်ဦးမကျန် ရှိခိုးကြရပါသည်။

ထိုစဉ် အရှင်သာရိပုတ္တရာမထေရ်မြတ်က မြတ်စွာဘုရား၏ ဖြစ်စဉ်နှင့် ပါရမီဖြည့်တော်မူပုံများကို ဟောတော်မူရန် တောင်းပန်လျှောက်ထားပါက သတ္တဝါတို့ များစွာအကျိုးရှိမည်ဟု အကြံရ၍ မြတ်စွာဘုရားထံသို့ သွားရောက်လျှောက်ထား တောင်းပန်ခဲ့ပါသည်။

ထိုအခါ မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာအပေါင်းတို့အား မြတ်စွာ ဘုရား၏ ဖြစ်စဉ်သမိုင်းဗုဒ္ဓဝင်ကို ဂါထာပေါင်း (၁၄၅၈)ခုဖြင့် တန်ဆာဆင်၍ ဟောတော်မူပါသည်။ ဤသည်ကို အကျယ်တဝင့်ဖွင့်ဆိုရေးသားသည့် နိုင်ငံတော် ဗုဒ္ဓသာသနာ့ မဟာဗုဒ္ဓဝင်အတွဲများတွင် အပြည့်အစုံ ဖတ်ရှုကြည်ညိုနိုင်ကြပါသည်။

ထို့အပြင် နှစ်ဆယ့်ငါးဆူကုန်သော ဘုရားရှင်တို့၏ ဘဝဖြစ်စဉ်ကိုလည်း ဖော်ပြထားပါသည်။

**၁၂။ စရိယာပိဋက**

ဤသို့ ဗုဒ္ဓဝင်ကို ဟောကြားပြီးနောက် အရှင်သာရိပုတ္တရာမထေရ်မြတ်၏ ပန်ကြားလျှောက်ထားချက်အရ မြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိရန် ဘဝ အဆက် ဆက်တို့၌ ပါရမီပေါင်းစုံ ဖြည့်ကျင့်ဆည်းပူးပြီး ရင့်ကျက်ပြည့်စုံသည့်အဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း ဖော်ပြသည့် စရိယာပိဋကကို ဟောကြားတော်မူခဲ့ ပါသည်။

**၁၃။ ဇာတက**

ဤဇာတကကျမ်းတွင် မြတ်စွာဘုရား၏ ရှေ့ဘဝဖြစ်စဉ်ဖော်ပြသည့် ဇာတ်ဝတ္ထုပေါင်း(၅၄၇)ဇာတ် ပါဝင်ပါသည်။ ဤဇာတ်တော်များတွင် ဘုရားဖြစ်ရန် အတွက် ကျင့်ကြံအားထုတ်ရသည်များကို စိတ်ဝင်စားဖွယ်ရာ ဖော်ကျူးထားပါသည်။ ဖတ်ရှုသူများအတွက် များစွာ ကြည်ညိုသဒ္ဓါပွားများစေ၍ လိုက်နာဆောင်ရွက်ရမည့် သင်ခန်းစာကောင်းများကိုလည်း ပေးပါသည်။ ဗုဒ္ဓဘာသာဝင်များသည် ဇာတ်တော် (၅၅၀)ဟုခေါ်သော ဤဇာတကကျမ်းနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်ကြပါသည်။

**၁၄။ မဟာနိဒ္ဒေသ**

မဟာနိဒ္ဒေသအပိုင်းတွင် သုတ္တနိပါတ်ကျမ်းလာ အဋ္ဌကဝဂ်၏ ဝေါဟာရ အဓိပ္ပာယ်တို့ကို ထပ်မံဖွင့်ဆိုထားပါသည်။ စူဠနိဒ္ဒေသအပိုင်းတွင် သုတ္တနိပါတ် ကျမ်းလာ နောက်ဝဂ် ၃ ခုကို ထပ်မံချဲ့ဆိုထားပါသည်။

**၁၅။ ပဋိသမ္ဘိဒါမဂ်**

ဤကျမ်းတွင် မဟာဝဂ်၊ ယုဂနဒ္ဓဝဂ်၊ ပညာဝဂ်ဟူ၍ ကဏ္ဍကြီး ၃ ခုဖွဲ့ပြီးလျှင် ဓမ္မ၏အခြေခံအချက်များကို သရုပ်ခွဲ၍ ဝေဖန်ထားပါသည်။ မဟာဝဂ်တွင် ဉာဏ်အမျိုးအစား(၇၃)မျိုးနှင့် ဒိဋ္ဌိအမျိုးမျိုးတို့ကို အကျယ်ဖွင့်ဆိုထားပါသည်။ အာနာပါနကျင့်စဉ်နှင့် အကျိုးကျေးဇူးများကိုလည်း အသေးစိတ်ဟောကြားထားပါသည်။ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေဟူသော ဣန္ဒြေ ၅ ပါးတို့ကိုလည်းကောင်း၊ စိတ်၏ ကိလေသာတို့မှလွတ်သော ဝိမောက္ခ တရားများကိုလည်းကောင်း ပြည့်စုံစွာဖော်ပြထားပါသည်။

ယုဂနဒ္ဓဝဂ်တွင် သမထဝိပဿနာတို့ ပွားများနည်းနှင့် ကျင့်စဉ်တို့ကို ဟောကြားထားပါသည်။ ဓမ္မစကြာသုတ်နှင့်တကွ သစ္စာလေးပါး အကြောင်းကို အကျယ်တဝင့် ဟောကြားထားပါသည်။ အရဟတ္တမဂ်ဖြင့် စွဲလမ်းမှုအားလုံး၊ ကိလေသာ အားလုံးတို့ ဆိတ်သုဉ်းသွားပုံနှင့် သုညတနိဗ္ဗာန်အကြောင်းကိုလည်း ဟောကြားတော်မူပါသည်။

ပညာဝဂ်တွင် ပညာဟူသည်မှာ မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါး၊ ပဋိသမ္ဘိဒါဉာဏ်လေးပါး၊ အဘိညာဉ် ခြောက်ပါး၊ ဉာဏ်ခုနစ်ဆယ့်သုံးပါးကို ရခြင်းနှင့် မျက်မှောက်ပြုခြင်း၊ ပြည့်စုံခြင်းတို့ပင်ဖြစ်ပါသည်။ တန်ခိုးနှင့်ပတ်သက်၍ တန်ခိုး(၁၀)ပါးကို တန်ခိုး၏အဆောက်အအုံတည်းဟူသော ဈာန်(၄)ပါး၊ တန်ခိုး၏ တည်ရာ ပါဒ(၄)ပါး၊ နီးသောအကြောင်း ပါဒ(၈)ပါး၊ မူလအစအကြောင်း(၁၆)ပါး တို့နှင့်တကွ ရှင်းလင်းဖော်ပြထားပါသည်။

မဂ္ဂင်ရှစ်ပါး၊ သတိပဋ္ဌာန်လေးပါးနှင့် ဝိပဿနာ၊ ဘာဝနာတရားတို့ကို ပြည့်စုံစွာ ပိုင်းခြားဝေဖန် ဟောကြားတော်မူပါသည်။

**၁၆။ မိလိန္ဒပဉှာ**

သာသနာတော်နှစ် ၅၀၀ အချိန်တွင် ယောနကတိုင်း၊ သာဂလနေပြည်တော်၌ တရားမျှတသော ပညာရှိမင်းတစ်ပါး ဖြစ်သည့် မိလိန္ဒဘုရင်တစ်ပါး ပေါ်ပေါက်ခဲ့ပါသည်။ ဘုရင်ကြီးသည် ဗုဒ္ဓဝါဒဆိုင်ရာ လောကုတ္တရာပညာတို့ကို ကောင်းစွာ တတ်မြောက်အောင် လေ့လာသင်ကြားခဲ့ပါသည်။

မင်းကြီးသည် ဗုဒ္ဓဘာသာအယူအဆတို့ကို မိမိကိုယ်တိုင် မရှင်းလင်းသည့်အချက်များအား လေးနက်သောအမေးပုစ္ဆာ ပြဿနာများပြုလုပ်၍ အရှင်နာဂသေနရဟန္တာမထေရ်မြတ်အား မေးမြန်းလျှောက်ထားခဲ့ပါသည်။

မထေရ်မြတ်က မေးခွန်းတိုင်းကို တိကျပြတ်သားစွာ ဖြေကြားတော်မူပြီး မင်းကြီး၏ သံသယများကို အချက်ကျကျ ပယ်ရှားတော်မူခဲ့ပါသည်။ ဤသို့

မေးမြန်းလျှောက်ထားချက်နှင့် ဖြေကြားချက်များကို စုပေါင်း၍ မိလိန္ဒကျမ်းအဖြစ် ပြုစု မှတ်တမ်းတင်ခဲ့ကြပါသည်။

ဤကျမ်းသည် ဗုဒ္ဓဝါဒနှင့်ပတ်သက်သော အသိပညာတို့ကို ပြည့်ပြည့်ဝဝပေးနိုင်သောကြောင့် ဗုဒ္ဓဘာသာကျမ်းဂန်တို့တွင် အမြင့်ဆုံး ထိပ်တန်း၌ တည်ရှိသော ကျမ်းတစ်စောင်ဖြစ်ပါသည်။ ဗုဒ္ဓဝါဒဆိုင်ရာ ခဲရာခဲဆစ် အငြင်းပွားဖွယ်ရာများကို ချောမောပြေပြစ်စွာ ဆွေးနွေးဆုံးဖြတ် အသိဉာဏ်ပေးနိုင်သောကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းနှင့် ဗုဒ္ဓဘာသာလေ့လာကြသူတိုင်း ကြိုက်နှစ်သက် သဘောကျကြပါသည်။ သို့အတွက် ဤကျမ်းကို အရှေ့တိုင်းဘာသာရပ်များနှင့် အနောက်တိုင်းဘာသာရပ် များသို့ ဘာသာပြန်ဆိုရေးသား ထုတ်ဝေကြပြီးဖြစ်ပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ထွက်ပေါ်လာသော ဗုဒ္ဓဘာသာကျမ်းများအနက် ဤမိလိန္ဒပဉှာတစ်ကျမ်း ကိုသာလျှင် ထေရဝါဒီမထေရ်မြတ်တို့က သဘောကြိုက်ညီ လက်ခံထားပါသည်။

မိလိန္ဒမင်းကြီးသည် ဗုဒ္ဓဘာသာဝင်တိုင်း စိတ်ပါဝင်စားသိလိုသည်များကို အများကိုယ်စား တင်ပြလျှောက်ထားသကဲ့သို့ ရှိပါသည်။ အရှင်နာဂသေန မထေရ်မြတ်ကလည်း လူအများ၏အကျိုးကျေးဇူးအလို့ငှာ ဥပမာမျိုးစုံ တန်ဆာဆင်၍ ဖြေကြားမိန့်ကြားတော်မူခဲ့ပါသည်။

မိလိန္ဒမင်း လျှောက်ထားမေးမြန်းချက်များသည် ဗုဒ္ဓဝါဒဆိုင်ရာ အတွေးအခေါ်နှင့် အကြောင်းအရာများကို ခြုံငုံမိသည်ဟု ဆိုရပါမည်။

မြတ်စွာဘုရားနှင့်ပတ်သက်၍ ဘုရားရှိမရှိပြဿနာ၊

အတုမရှိ မြတ်သည့်ပြဿနာ၊

တရားအားလုံးကို သိမသိပြဿနာ၊

သဗ္ဗညုတဉာဏ်ဖြစ်ပုံ ပြဿနာ၊

နိဗ္ဗာန်ပြုပြီးသော မြတ်စွာဘုရားကို ပူဇော်ခြင်းဖြင့် အကျိုးရှိမရှိပြဿနာ၊

သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားကို ဆောင်မဆောင်ပြဿနာ စသည်တို့ကို စိတ်ပါဝင်စားဖွယ်ရာ ပုစ္ဆာပြု၍ မေးမြန်းလျှောက်ထားပါသည်။

ထို့အပြင် တရားနှင့်ပတ်သက်၍ သီလ၊ သမာဓိ၊ သတိ၊ ဝီရိယနှင့် ခန္ဓာငါးပါး၊ အာယတနငါးပါး၊ ကုသိုလ်နှင့် အကုသိုလ်ကံများ စသည်တို့ကိုလည်း စစ်စစ်ပေါက်ပေါက် မေးမြန်းလျှောက်ထားခဲ့ပါသည်။

ပဋိသန္ဓေ၊ ဇီဝလိပ်ပြာကောင်၊ နိဗ္ဗာန်အကြောင်း စသည်တို့ကိုလည်း စိတ်ပါဝင်စားဖွယ်ရာ မေးမြန်းလျှောက်ထားခဲ့ ပါသည်။ မင်းကြီးလျှောက်ထားခဲ့သမျှ အားလုံးတို့ကို မထေရ်မြတ်က ဥပမာများ အမျိုးမျိုးပေး၍ အချက်ကျကျ ဖြေကြားတော်မူရာ မင်းကြီးကျေနပ်နှစ်သိမ့်ပြီး ကောင်းလှပါပြီဟု သာခုခေါ်ရပါသည်။

# အဘိဓမ္မာပိဋက

# အဘိဓမ္မာပိဋက

အဘိဓမ္မာပိဋကသည် သုတ္တန်ပိဋကထက် သာလွန်ထူးခြားကြောင်းကို "ပိဋကတ်သုံးပုံဆိုသည်မှာ"အခန်းတွင် တင်ပြ ခဲ့ပြီးဖြစ်ပါသည်။ သုတ္တန်ပိဋကတွင် ပုဂ္ဂိုလ်သတ္တဝါတို့၏ စိတ်နေသဘောထား၊ ဝါသနာအကျင့်စရိုက်နှင့် လိုအပ်ချက်အရ ထိုက်သင့်သလို တရားဓမ္မအစိတ်အပိုင်းများကို ဟောကြားတော်မူပါသည်။ တရားဓမ္မတို့ကို ပြည့်စုံကုန်စင်အောင် ဟောကြားတော်မမူဘဲ တရားနာပုဂ္ဂိုလ်နှင့် လိုက်လျောရုံ ပုဂ္ဂလဇ္ဈာသယအားဖြင့် တစ်စိတ်တစ်ဒေသသာ ဟောကြားသောသုတ်များမှာ တစ်ဂါထာဖြင့် ပြီးစီးသွားသည်လည်း ရှိပါသည်။ နှစ်ဂါထာ၊ သုံးဂါထာမျှဖြင့် ပြီးစီးသွားသည်လည်းရှိပါ သည်။ ဟောကြားတော်မူရာတွင်လည်း လူအများနားလည်သည့် ဝေါဟာရများကို သုံးနှုန်း၍ ဟောကြားတော်မူပါသည်။ ယင်းဝေါဟာရတို့၏ အနုစိတ်သရုပ်သကန် သဘောသဘာဝကိုမူ ခွဲခြားပြသတော်မူခြင်း မပြုခဲ့ပါ။

အဘိဓမ္မာပိဋကတွင်ကား ပုဂ္ဂိုလ်သတ္တဝါတို့၏ အလိုစရိုက်တို့ကို ဦးစားမပေးဘဲ ဓမ္မသဘာဝတို့ကို အရှိတရား သဘောအတိုင်း ပြည့်စုံကုန်စင်အောင် ပညာသက်သက်ဖြင့် ဟောကြားတော်မူပါသည်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် တည်းဟူသော ပရမတ်တရားတို့ကို နည်းမျိုးစုံဖြင့် အကြွင်းအကျန်မရှိအောင် ဝေဖန်ပိုင်းခြား ဟောကြားတော်မူပါသည်။ ယင်းမှ တစ်ဆင့် ခန္ဓာ၊ အာယတန၊ ဓာတု၊ သစ္စာ၊ ဣန္ဒြေ၊ သတိပဋ္ဌာန၊ ပဋိစ္စသမုပ္ပါဒ၊ သမ္မပ္ပဓာန၊ ဣဒ္ဓိပါဒ၊ ဗောဇ္ဈင်၊ မဂ္ဂင်၊ ဈာန် အစရှိသည့် တရားဓမ္မများကို အမျိုးအစားအလိုက် အနုစိတ်၍ သရုပ်တွက်ပြပြီး အကျယ်အားဖြင့် ဟောကြားထားပါသည်။ ယင်း ဓမ္မ သဘာဝများကို အနုစိတ်ဇေ့စပ်သေချာစွာ သရုပ်ခွဲထားသောကြောင့် နောက်ထပ် အနုစိတ်ရန် အကြောင်းမရှိအောင်ပင် ပြီးပြည့်စုံလှပါသည်။

အဘိဓမ္မာတရားတော်များတွင် အမှန်စင်စစ်ဖြစ်ပျက်နေသည့် ပရမတ္ထသဘာဝတရားများကို ဖြစ်စဉ်အတိုင်း အကြွင်းမရှိ ပြည့်စုံစွာ ဟောကြားတော်မူခဲ့ပါသည်။ သတ္တဝါတို့၏ အပေါ်ယံပညတ်ကို ထိုးဖောက်၍ အတွင်းဓာတ်ဖြစ်သည့်

ရုပ်နာမ်နှစ်ပါးတို့ကို နည်းမျိုးစုံဖြင့် ခွဲခြမ်းစိတ်ဖြာပြီး အဘိဓမ္မာ(၇)ကျမ်းတွင် ဟောကြားတော်မူခဲ့ပါသည်။

အဘိဓမ္မာ(၇)ကျမ်းရှိရာ ဓမ္မသင်္ဂဏီကျမ်းတွင် ပရမတ်ဟူ၍ အထင်အရှား ရှိသော စိတ်စေတသိက် ရုပ်နိဗ္ဗာန်တရား တို့၏ သဘောသဘာဝတို့ကို အကြွင်းအကျန်မရှိ စစ်တမ်းထုတ် ရေတွက်ပြထားပါသည်။ ဤကျမ်းသည် ကျန်အဘိဓမ္မာ ၆ ကျမ်းတို့၏ မာတိကာခေါင်းစဉ်များပမာ ဖြစ်ပါသည်။

ဝိဘင်္ဂကျမ်းတွင် ဓမ္မသင်္ဂဏီကျမ်း၌ ဖော်ပြခဲ့သည့် တရားအစုစုတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်း၊ အမေးအဖြေနည်း (၃)နည်းဖြင့် အသေးစိတ်ခွဲခြမ်းစိတ်ဖြာ၍ ဟောထားတော်မူပါသည်။

ဓာတုကထာကျမ်းတွင် ခန္ဓာ စသောဓာတ်တရားများကိုပင် ပထမနယ၊ ဒုတိယနယ စသည်ဖြင့် နည်းပေါင်း(၁၄) နည်းအားဖြင့် ဝေဖန်ဟောကြားတော်မူပါသည်။

ပုဂ္ဂလပညတ်ကျမ်းတွင် ပုဂ္ဂိုလ်အကြောင်းတို့ကို အကျယ်တဝင့် ဝေဖန်ဟောကြားတော်မူပါသည်။ လောကတွင် ဓမ္မ သဘောအရ ပရမတ္ထသစ္စာတရားသာ ရှိသည်ဟုဆိုသော်လည်း လောကီနယ်ပယ်တွင် သမ္မုတိသစ္စာပညတ်သည်လည်း မပါလျှင်မပြီး အရေးကြီးသောတရားဖြစ်၍ မပယ်အပ်ကြောင်း သိသာထင်ရှားစေရန် ဤပုဂ္ဂလပညတ္တိကျမ်းကို ပရမတ္ထသဘာဝ ဓမ္မတို့ကိုသာ ဟောကြားတော်မူသည့် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ(၃)ကျမ်းပြီးသည့်နောက် ဆက်လက်ဟောကြားတော်မူပါသည်။

ကထာဝတ္ထုကျမ်းတွင် ဗုဒ္ဓဘာသာဂိုဏ်းကွဲများ၏ အယူဝါဒကွဲများကို စုပေါင်းတင်ပြကာ ဝါဒတစ်ခုစီကို အမေးအဖြေ ပုံစံဖြင့် စိစစ်ဆွေးနွေးပြီး ကျမ်းဂန်အကိုးအကားဖြင့် ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ်က ဖြေရှင်းဟောကြားတော်မူပါသည်။

ဤကျမ်းတွင် ထေရဝါဒမှ သုတ်(၅၀၀)နှင့် အခြားဂိုဏ်းကွဲတို့မှ သုတ်(၅၀၀)တို့ကို နှိုင်းယှဉ်တင်ပြထားပါသည်။

ဤသို့အားဖြင့် ပရမတ္ထတရားကို ပဓာနထား၍ ဟောကြားသည့် သုတ်ပေါင်း(၅၀၀)၊ သမ္မုတိသစ္စာကို ပဓာနထား၍ ဟောကြားသည့်သုတ်ပေါင်း(၅၀၀)၊ စုစုပေါင်းသုတ်(၁၀၀၀)တို့ဖြင့် ဤကျမ်းကို တန်ဆာဆင်ထားပါသည်။ ပရမတ္ထ သစ္စာနှင့် သမ္မုတိသစ္စာနှစ်ပါးတို့နှင့် ပတ်သက်၍ အယူအဆမလွဲမှားစေရန် ရှင်းပြသောကျမ်းဖြစ်ပါသည်။

ယမိုက်ကျမ်းတွင် ဝိဘင်္ဂကျမ်းနှင့် ဓာတုကထာကျမ်းတို့၌ ဖော်ပြပြီးသော ဓမ္မသဘာဝ ဂုဏ်သတ္တိတို့ကို သုံးသပ်ချက် နှစ်ရပ်စီဖြင့် ယှဉ်တွဲ၍ အစုံအစုံ

ဟောကြားထားပါသည်။ ဤဓမ္မသဘာဝများကို ပုဂ္ဂိုလ်အားဖြင့်လည်းကောင်း၊ ဘုံဌာန(ဩကာသ) အားဖြင့်လည်းကောင်း၊ ပုဂ္ဂိုလ်ဘုံနှစ်မျိုး (ပုဂ္ဂလောကာသ) အားဖြင့်လည်းကောင်း ခွဲခြမ်းစိတ်ဖြာဟောကြားတော်မူထားပါသည်။

ပဋ္ဌာန်းကျမ်းတွင်ထို့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက တို့သည် ရုပ်နာမ်တရားတို့အချင်းချင်း ကြောင်းကျိုးဆက်ကာ (၂၄)ပါးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်ရှိနေပုံကို အပြည့်အစုံ ရှင်းလင်းဟောကြား တော်မူထားပါသည်။ ဤသို့ (၂၄)ပစ္စည်းတရားတို့ကြောင့် အကျိုးပစ္စယုပ္ပန်တရားတို့ ဖြစ်ပေါ်လာပုံကို နည်းအသွယ်သွယ်ဖြင့် ရှင်းလင်းဟောကြားထားပါသည်။

### ၁။ ဓမ္မသင်္ဂဏီကျမ်း

ဤဓမ္မသင်္ဂဏီကျမ်းတွင် ပရမတ္ထဟူ၍ ထင်ရှားရှိသော စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် တရားအားလုံးတို့ကို ကောင်းမွန် ပြည့်စုံစွာ သိမ်းကျုံးစုပေါင်း၍ အသေးစိတ် ခွဲခြားရေတွက်ပြထားပါသည်။

ဤပရမတ္ထတရားတို့ကို သုံးစု၊ နှစ်စုပြုပြီး ခေါင်းစဉ်မာတိကာပြုစု၍ ရှေ့ဦးစွာဟောကြားတော်မူပါသည်။ သုံးစုပြု၍ ဟောခြင်းကို တိကမာတိကာ၊ နှစ်စုပြု၍ဟောခြင်းကို ဒုကမာတိကာဟူ၍ ခေါ်ပါသည်။ ဒုကမာတိကာတွင် တစ်ဖန် သုတ္တန် နည်းဒုကမာတိကာ၊ အဘိဓမ္မာနည်း ဒုကမာတိကာဟူ၍ (၂)မျိုး ခွဲပြန်ပါသည်။

ဤသို့အားဖြင့် တိက်မာတိကာ(၂၂)ခုနှင့် ဒုက်မာတိကာ (၁၄၂)ခု ရရှိလာပါသည်။ ဤ တိက်နှင့် ဒုက်တို့ကို အမှူးထား၍ ဤဓမ္မသင်္ဂဏီကျမ်းကို အောက်ပါအပိုင်းကြီး ၄ ပိုင်း ပိုင်းထားပါသည်။

၁။ စိတ္တုပ္ပါဒကဏ္ဍ (စိတ်၊ စေတသိက်ပိုင်း)၊

၂။ ရူပကဏ္ဍ (ရုပ်ပိုင်း)၊

၃။ နိက္ခေပကဏ္ဍ (အကျဉ်းအရကောက်ပိုင်း)၊

၄။ အဋ္ဌကထာကဏ္ဍ (အကျယ်အရကောက်ပိုင်း)တို့ဖြစ်ပါသည်။

**စိတ္တုပ္ပါဒကဏ္ဍ**။ ။ ဤကဏ္ဍတွင် စိတ်၊ စေတသိက်တို့ကို (က) ကုသိုလ် စိတ်စေတသိက် (ကုသလာဓမ္မာ)၊ (ခ) အကုသိုလ်စိတ်စေတသိက် (အကုသလာဓမ္မာ)၊ (ဂ) အဗျာကတစိတ်စေတသိက် (အဗျာကတာဓမ္မာ)ဟူ၍ ကုသလတိက်၏ ခေါင်းစဉ် မာတိကာနှင့်အညီ ၃ မျိုးခွဲထားပါသည်။

ထိုမှတစ်ဖန် ကုသိုလ်စိတ်၊ စေတသိက်ကို –

(က) ကာမဘုံသို့ ရောက်စေတတ်သောကုသိုလ်၊

(ခ) ရူပဘုံသို့ရောက်စေတတ်သောကုသိုလ်၊

(ဂ) အရူပဘုံသို့ရောက်စေသောကုသိုလ်၊
(ဃ) ဘုံသုံးပါး၌ ဖြစ်စေတတ်သောကုသိုလ်၊
(င) ဘုံသုံးပါးမှ လွတ်မြောက်စေတတ်သောကုသိုလ်ဟူ၍ ၅ ပိုင်းခွဲခြားထားပါသည်။

**ရူပကဏ္ဍ**။ ။ ဤကဏ္ဍတွင် ရုပ်တို့ကို တစ်မျိုးတည်းပြသော ဧကကနည်း၊ နှစ်မျိုးခွဲပြသော ဒုကနည်း စသည် ၁၁ နည်းဖြင့် ခွဲခြားစိတ်ဖြာထားပါသည်။ ဤသို့ နည်းမျိုးစုံဖြင့် ခွဲခြားစိတ်ဖြာသောရုပ်များကို သဘောတူရာပေါင်း၍ ရေတွက်သော် ၂၇ ပါးသာ ရှိပါသည်။

**နိက္ခေပကဏ္ဍ**။ ။ ဤကဏ္ဍတွင် တိက်နှင့် ဒုက် အလုံးစုံတို့ကို အောက်ပါ ၈–ချက်တို့ဖြင့် အကျဉ်းချုံး၍ ပြည့်ပြည့်စုံစုံ ဖွင့်ဆိုထားပါသည်။

(က) အရင်းအမြစ် (မူလ)
(ခ) အစုအပေါင်း (ခန္ဓာ)
(ဂ) ထွက်ဝင်ရာတံခါး (ဒွါရ)
(ဃ) ဖြစ်ပေါ်ရာဌာန (ဘုံ)
(င) အနက်သဘော (အတ္ထ)
(စ) တရားကိုယ် (ဓမ္မ)
(ဆ) အမည် (နာမ)
(ဇ) အနက်ဖော်ပြတတ်သော (လိင်) တို့ဖြစ်ပါသည်။

**အဋ္ဌကထာကဏ္ဍ** ။ ။ အထက်ပါကဏ္ဍတို့တွင် ဖော်ပြခဲ့သော စိတ်၊ စေတသိက်၊ ရုပ်တို့ကိုပင် သရုပ်အရေအတွက် နှင့်တကွ အကျယ်အားဖြင့် ပြတော်မူရန် ဤအဋ္ဌကထာကဏ္ဍကို အဘိဓမ္မာနည်းသက်သက်ဖြင့် ဟောကြားတော်မူပါသည်။

ဤသို့အားဖြင့် ရုပ်တရား၊ နာမ်တရားတို့၏ အနက်အဓိပ္ပာယ်တို့ကို အမျိုးမျိုးသော ဝေါဟာရ ပရိယာယ်တို့ဖြင့် ဝေဖန် ဟောကြားထားပါသည်။ ဤကျမ်းကို ပရမတ္ထသစ္စာသက်သက်ဖြင့် ဟောတော်မူခဲ့ပါသည်။

## ၂။ ဝိဘင်းကျမ်း

ဓမ္မသင်္ဂဏီကျမ်း၌ ရေတွက်ဟောကြားထားသည့် မာတိကာခေါင်းစဉ်အတိုင်း တိက်(၂၂)တိက်နှင့် ဒုက်(၁၄၂)ဒုက်တို့ကို အခန်းကဏ္ဍ ၁၈ ကဏ္ဍဖြင့် ပိုင်းခြားချဲ့ထွင် အကျယ်ဖွင့်ဆို၍ ဟောကြားတော်မူပါသည်။ ယင်းအပိုင်းကဏ္ဍတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ခန္ဓဝိဘင်း၊

၂။ အာယတနဝိဘင်း၊

၃။ ဓာတုဝိဘင်း၊

၄။ သစ္စဝိဘင်း၊

၅။ ဣန္ဒြိယဝိဘင်း၊

၆။ ပဋိစ္စသမုပ္ပါဒဝိဘင်း၊

၇။ သတိပဋ္ဌာနဝိဘင်း၊

၈။ သမ္မပ္ပဓာနဝိဘင်း

၉။ ဣဒ္ဓိပါဒဝိဘင်း၊

၁၀။ ဗောဇ္ဈင်္ဂဝိဘင်း၊

၁၁။ မဂ္ဂင်္ဂဝိဘင်း၊

၁၂။ ဈာနဝိဘင်း၊

၁၃။ အပ္ပမညာဝိဘင်း၊

၁၄။ သိက္ခာပဒဝိဘင်း၊

၁၅။ ပဋိသမ္ဘိဒါဝိဘင်း၊

၁၆။ ဉာဏဝိဘင်း၊

၁၇။ ခုဒ္ဒကဝိဘင်း၊

၁၈။ ဓမ္မဟဒယဝိဘင်း တို့ဖြစ်ကြပါသည်။

ဤသို့ ပိုင်းခြားစိတ်ဖြာ ဟောတော်မူရာတွင် သုတ္တန်နည်း၊ အဘိဓမ္မာနည်း၊ အမေးအဖြေနည်း သုံးနည်းတို့ဖြင့် အကြွင်းမဲ့ဝေဖန်၍ ပြည့်စုံစွာ ဟောကြားတော်မူပါသည်။

သုတ္တန်နည်းဆိုသည်မှာ ခန္ဓာ စသောသဘောတရားတို့ကို သမ္မုတိသစ္စာ အသုံးအနှုန်းတို့ဖြင့် အကျယ်ဝေဖန်၍ပြသော နည်းဖြစ်ပါသည်။

အဘိဓမ္မာနည်းဆိုသည်မှာ ဤတရားများကိုပင် ပရမတ္ထသစ္စာ အသုံးအနှုန်းတို့ဖြင့် အကျယ်ကိုပြဆိုသောနည်းဖြစ်ပါသည်။

အမေးအဖြေနည်းဆိုသည်မှာ ဤတရားများကိုပင် သီးခြားအမေးအဖြေ ပြုလုပ်ပြီး ဝေဖန်ခွဲခြား၍ ဖွင့်ပြသောနည်း ဖြစ်ပါသည်။

ဤသို့အားဖြင့် ရုပ်နာမ်တရားများကို အပိုင်းကြီး(၁၈)ခန်းဖွဲ့၍ နည်း(၃)နည်းအသုံးပြုကာ ခွဲခြားစိတ်ဖြာ၍ဟောကြားတော်မူပါသည်။ ထို့အတွက် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တို့၌ ပါရှိသော ရှိရှိသမျှတရားအားလုံးတို့ကို သိမ်းကျုံးသိမ်းထားရာ ဓမ္မရတနာသိုက်ကြီးဟု ဆိုကြပါသည်။

**(၁) ခန္ဓဝိဘင်း။** ။ ဤဝိဘင်းတွင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူသော ခန္ဓာငါးပါးတရားတို့ကို အကျယ်ဝေဖန်ထားပါသည်။

**(၂) အာယတနဝိဘင်း။** ။ ဤဝိဘင်းတွင် အတွင်းအာယတနခြောက်းပါးတည်းဟူသော စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနနှင့် အပြင်**အာယတနခြောက်ပါးတည်း**ဟူသော ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ ဟူသော တရား ၆ ပါးကို အကျယ်ဝေဖန်ပြထားပါသည်။

**(၃) ဓာတုဝိဘင်း။** ။ ဤဝိဘင်းတွင် (က) အခံဓာတ်ခြောက်ပါးဖြစ်သော **စက္ခု၊ သောတ**၊ ဃန၊ ဇိဝှာ၊ ကာယ၊ မန၊ (ခ) အတိုက်ဓာတ်ခြောက်ပါးဖြစ်သော **ရူပ၊ သဒ္ဒ**၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ၊ (ဂ) အပွင့်ဓာတ်ခြောက်ပါးဖြစ်သော **စက္ခုဝိညာဏဓာတ်**၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှာဝိညာဏဓာတ်၊ **ကာယဝိညာဏဓာတ်**၊ မနောဝိညာဏဓာတ် (ဓမ္မဓာတ်) ဤဓာတ် ၁၈ ပါးကို အကျယ်ဝေဖန်ပြထားပါသည်။

**(၄) သစ္စဝိဘင်း။** ။ ဤဝိဘင်းတွင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတည်းဟူသော သစ္စာလေး ပါးတို့ကို အကျယ်ဝေဖန်ပြထားပါသည်။

**(၅) ဣန္ဒြိယဝိဘင်း။** ။ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာ**ဗိုလ်ဟူ** ဆိုအပ်သော ဗိုလ်ငါးပါး (သို့မဟုတ်) ဣန္ဒြေငါးပါးကို အကျယ်ဝေဖန်ပြသော ကဏ္ဍာဖြစ်ပါသည်။

**(၆) ပဋိစ္စသမုပ္ပါဒဝိဘင်း။** ။ ဤဝိဘင်းတွင် အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ၊ နာမရူပ၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန၊ ဘဝ၊ ဇာတိ၊ ဇရာမရဏဟုဆို အပ်သော ပဋိစ္စသမုပ္ပါဒတရား(၁၂)ပါးကို အကျယ်ဝေဖန်ပြထားပါသည်။

**(၇) သတိပဋ္ဌာနဝိဘင်း။** ။ ဤဝိဘင်းတွင် (က) ကာယာနုပဿနာသတိပဋ္ဌာန်၊ (ခ) ဝေဒနာနုပဿနာသတိပ ဋ္ဌာန်၊ (ဂ) စိတ္တာနုပဿနာသတိပဋ္ဌာန်၊ (ဃ) ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟူသော သတိပဋ္ဌာန်လေးပါးကို အကျယ်ဝေဖန်ပြထားပါသည်။

**(၈) သမ္မပ္ပဓာနဝိဘင်း။** ။ ဤဝိဘင်းတွင် (က) ဖြစ်ပြီးသော အကုသိုလ်ဒုစရိုက်တရားတို့ကို ပယ်ခြင်းငှာ လုံ့လ ပြုခြင်း၊ (ခ) မဖြစ်သေးသော အကုသိုလ်ဒုစရိုက်တရားတို့ကို မဖြစ်စေခြင်းငှာ လုံ့လပြုခြင်း၊ (ဂ) မဖြစ်သေးသောကုသိုလ် တရားတို့ကို ဖြစ်ပေါ်လာအောင် လုံ့လပြုခြင်း၊ (ဃ) ပြုပြီး၊

ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးတက်ပွားများလာအောင် လုံ့လပြုခြင်းဟူသော သမ္မပ္ပဓာန်တရားလေးပါးကို အကျယ်ဝေဖန်ပြထားပါသည်။

**(၉) ဣဒ္ဓိပါဒဝိဘင်း။** ။ ဤဝိဘင်းတွင် (က) ဆန္ဒိဒ္ဓိပါဒ်၊ (ခ) ဝီရိယိဒ္ဓိပါဒ်၊ (ဂ) စိတ္တိဒ္ဓိပါဒ်၊ (ဃ) ဝီမံ သိဒ္ဓိပါဒ်ဟူသော ဣဒ္ဓိပါဒ်လေးပါး (သို့မဟုတ်) အဓိပတိလေးပါးကို အကျယ်ဝေဖန်ပြထားပါသည်။

**(၁၀) ဗောဇ္ဈင်္ဂဝိဘင်း။** ။ ဤဝိဘင်းတွင် (က) သတိသမ္ဗောဇ္ဈင်၊ (ခ) ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ (ဂ) ဝီရိယသမ္ဗောဇ္ဈင်၊ (ဃ) ပီတိသမ္ဗောဇ္ဈင်၊ (င) ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ (စ) သမာဓိသမ္ဗောဇ္ဈင်၊ (ဆ) ဥပေက္ခာသမ္ဗောဇ္ဈင်၊ ဤဗောဇ္ဈင်(၇)ပါးကို အကျယ်ဝေဖန်ဟောကြားတော်မူပါသည်။

**(၁၁) မဂ္ဂင်္ဂဝိဘင်း။** ။ ဤဝိဘင်းတွင် (က) သမ္မာဒိဋ္ဌိ၊ (ခ) သမ္မာသင်္ကပ္ပ၊ (ဂ) သမ္မာဝါစာ၊ (ဃ) သမ္မာကမ္မန္တ (င) သမ္မာအာဇီဝ၊ (စ) သမ္မာဝါယာမ၊ (ဆ) သမ္မာသတိ၊ (ဇ) သမ္မာသမာဓိဟူသော မဂ္ဂင်ရှစ်ပါးတရားကို အကျယ်ဟောကြားတော်မူပါသည်။

**(၁၂) ဈာနဝိဘင်း။** ။ ဤဝိဘင်းတွင် ဝိတက်(ကြံခြင်း)၊ ဝိစာရ (သုံးသပ်ခြင်း)၊ ပီတိ(နှစ်သက်ခြင်း)၊ သုခ(ချမ်းသာခြင်း)၊ ဧကဂ္ဂတာ (စိတ်တည်ကြည်ခြင်း)၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဟူသော ဈာန်တရားတို့ကို အကျယ်ဝေဖန်ဟောပြတော်မူပါသည်။

**(၁၃) အပ္ပမညာဝိဘင်း။** ။ ဤဝိဘင်းတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော အပ္ပမညာတရား (ဗြဟ္မဝိဟာရတရား)၄ပါးကို အကျယ်ဝေဖန် ဟောပြတော်မူပါသည်။

**(၁၄) သိက္ခာပဒဝိဘင်း။** ။ ပါဏာတိပါတာ ဝေရမဏီ စသော သိက္ခာပုဒ်တို့ကို အကျယ်ဝေဖန်ထားပါသည်။

**(၁၅) ပဋိသမ္ဘိဒါဝိဘင်း။** ။ ဤဝိဘင်းတွင် –

(က) အတ္ထပဋိသမ္ဘိဒါ–အနက်သဘော ထိုးထွင်း၍သိခြင်း၊
(ခ) ဓမ္မပဋိသမ္ဘိဒါ–တရားသဘောကို ထိုးထွင်းသိမြင်ခြင်း၊
(ဂ) နိရုတ္တိပဋိသမ္ဘိဒါ–သဒ္ဒါ၊ ပုဒ်၊ ပါဌ်တို့ကို ထိုးထွင်းသိမြင်ခြင်း၊
(ဃ) ပဋိဘာနပဋိသမ္ဘိဒါ–သစ္စာတရားလေးပါးကို ဝေဖန်ထိုးထွင်း သိတတ်ခြင်း၊ မြင်တတ်ခြင်း ဟူသော တရားလေးပါးကို အကျယ်ဝေဖန်ဟောကြားတော်မူပါသည်။

**(၁၆) ဉာဏဝိဘင်း။** ။ ဤဝိဘင်းတွင် ဉာဏ်တရားကို တစ်ပါးစမှ ဆယ်ပါးစုထိ ပိုင်းခြား စုစည်းပြီး အကျယ်ဝေဖန် ဟောကြားထားပါသည်။

ဥပမာ –

ဉာဏ်တစ်ပါးစု – သင်္ခတ အသင်္ခတ နှစ်မျိုးမရှိ၊ သင်္ခတ တစ်မျိုးသာရှိ၏။

ဉာဏ်နှစ်ပါးစု – လောကီဉာဏ်၊ လောကုတ္တရာဉာဏ်။

ဉာဏ်သုံးပါးစု – သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်။

ဉာဏ်လေးပါးစု – ဒုက္ခသစ္စာဉာဏ်၊ သမုဒယသစ္စာဉာဏ်၊ နိရောဓသစ္စာဉာဏ်၊ မဂ္ဂသစ္စာဉာဏ်။

**(၁၇) ခုဒ္ဒကဝိဘင်း။** ။ ဤဝိဘင်းတွင် အခြေခံတရားငယ်စုတို့ကို တစ်ပါးစုမှ ဆယ်ပါးစုထိ ပိုင်းခြားစုစည်း ပြီး အကျယ်တစင့်ဟောကြားထားပါသည်။

ဥပမာ –

တစ်ပါးစု – မဒ (မာန်)၊

နှစ်ပါးစု – ကောဓ(ဒေါသ) ဥပနာဟ(ရန်ငြိုး)၊ ... (ဝန်တို)၊

သုံးပါးစု – ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်၊

လေးပါးစု – ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဟူသော အာသဝ ၄ ပါး။

**(၁၈) ဓမ္မဟဒယဝိဘင်း။** ။ ဤဝိဘင်းတွင် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဟေတု၊ အာဟာရ၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ်ဟူ၍ အသည်းနှလုံးနှင့်တူသော တရားတို့ကို အကျယ်ဖွင့်ဆိုဟောကြားတော်မူပါသည်။

ဤဝိဘင်း (၁)မှ (၆)အထိသည် စိတ်၊ စေတသိက်တို့နှင့် ပတ်သက်ပါသည်။ ဝိဘင်း(၇)မှ (၁၂)ထိသည် ဆင်းရဲဒုက္ခ မှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း ကျင့်စဉ်တို့နှင့် သက်ဆိုင်ပါသည်။ ကျန်ဝိဘင်း (၁၃)မှ (၁၈)ထိကား အထက်ပါ နှစ်စုတို့ကို အထောက်အကူပြုထားသော ဝိဘင်းများဖြစ်ကြပါသည်။

### ၃။ ဓာတုကထာကျမ်း

အထက်ပါဝိဘင်းနည်းဖြင့် ဟောကြားပြီးသောအခါ ယင်းတရားများကိုပင် ဓာတုကထာနည်းဖြင့် ဆက်လက်၍ ဟော ကြားတော်မူပါသည်။ ဓမ္မအစုတို့ကို ခန္ဓာ၊ အာယတန၊ ဓာတ်တရားတို့၌ တစ်နည်းနည်းဖြင့်သွတ်သွင်း၍ ရှင်းလင်း ဟောကြား တော်မူပါသည်။ ထိုသို့ ဟောကြားတော်မူရာတွင် အခန်းကဏ္ဍ(၁၄) ကဏ္ဍဖြင့် အဆင့်ဆင့်ချဲ့ထွင်၍ သင်္ဂဟ၊ အသင်္ဂဟ စသော နည်းလေးပါးတို့ဖြင့် အကျယ်အားဖြင့် ချဲ့ထွင်၍ ဖွင့်ဆိုထားပါသည်။

ဤကျမ်းတွင် ဥဒ္ဒေသအကျဉ်း၊ နိဒ္ဒေသအကျယ်ဟူ၍ နှစ်ပိုင်းပါရှိပါသည်။ ဥဒ္ဒေသအကျဉ်းတွင် အောက်ပါအတိုင်း မာတိကာငါးခု ပါရှိပါသည်။

**(၁) နယမာတိကာ။** ။ ဤမာတိကာ၏ ပထမပိုင်းတွင် ရူပက္ခန္ဓာရုပ် အစုကို အဘယ်မျှသော ခန္ဓာ၊ အာယတန၊ ဓာတ်တို့ဖြင့် ရေတွက်အပ်သနည်းဟူသော အမေးကိုပြု၍ ဤမျှသော ခန္ဓာ၊ အာယတန၊ ဓာတ်တို့ဖြင့် ရေတွက်အပ်သည်ဟု **သင်္ဂဟနည်း**ကို အသုံးပြု၍ ဟောကြားတော်မူပါသည်။

ထို့အတူ မရေတွက်အပ်သည်တို့က အဘယ်နည်းဟုမေး၍ မရေတွက်အပ် သည်တို့ကား ဤသည်တို့တည်းဟု **အသင်္ဂဟနည်း**ကို အသုံးပြု၍ ဟောကြား တော်မူပါသည်။

ဒုတိယပိုင်းတွင် ခန္ဓာတူ၊ အာယတနကွဲ၊ ဓာတ်ကွဲ၊ ခန္ဓာ၊ အာယတနတူ၊ ဓာတ်ကွဲ စသည်တို့ဖြင့် **သင်္ဂဟိတေန အသင်္ဂဟိတံနည်း**တို့ဖြင့် ခွဲခြားတော်မူ ပါသည်။

တတိယပိုင်းတွင် ခန္ဓာကွဲ၊ အာယတနတူ၊ ဓာတ်တူတရားတို့ကို **အသင်္ဂဟိ တေန သင်္ဂဟိတံနည်း**တို့ဖြင့် ဟောကြားတော်မူပါသည်။

စတုတ္ထပိုင်းတွင် ခန္ဓာ၊ အာယတန၊ ဓာတ် အလုံးစုံတူသောတရားတို့ကို **သင်္ဂဟိတေန သင်္ဂဟိတံနည်း**ဖြင့် ဟောတော် မူပါသည်။

ပဉ္စမပိုင်းတွင် ခန္ဓာ၊ အာယတန၊ ဓာတ်သုံးပါးလုံး လုံးဝမတူသောတရား တို့ကို **အသင်္ဂဟိတေန၊ အသင်္ဂဟိတံနည်း** ဖြင့် ဟောကြားတော်မူပါသည်။

**(၂) အဗ္ဘန္တရမာတိကာ။** ။ ဤမာတိကာတွင် ခန္ဓာ၊ အာယတန စသော (၁၅)ပါးသော အတွင်းကျကျတရားတို့ ကို သရုပ်အားဖြင့်ပြဆို၍ သိအပ်၊ မှတ်အပ်သည်တို့ကို သ္မခေ်ပနည်းဖြင့် ဟောကြားတော်မူပါသည်။

**(၃) နယမုခမာတိကာ။** ။ ဤမာတိကာတွင် –

(က) ခန္ဓာ၊ အာယတန၊ ဓာတ် သုံးပါးဖြင့်ရေတွက်အပ်သောနည်း၊

(ခ) ခန္ဓာ၊ အာယတန၊ ဓာတ် သုံးပါးဖြင့် မရေတွက်အပ်သောနည်း၊

(ဂ) နာမက္ခန္ဓာလေးပါးနှင့် ယှဉ်တတ်သောသဘော၊

(ဃ) နာမက္ခန္ဓာလေးပါးနှင့် မယှဉ်တတ်သောသဘောဟူ၍ နည်းလမ်း ညွှန်ပြဟောတော်မူပါသည်။

**(၄) လက္ခဏမာတိကာ။** ။ ဤမာတိကာတွင် သမ္ပယောဂနည်း၊ သင်္ဂဟ နည်းတို့နှင့် သင့်တင့်သောသဘောလက္ခဏာ၊ သမ္ပယောဂနည်း၊ သင်္ဂဟနည်းတို့နှင့် မသင့်တင့်သောသဘောလက္ခဏာနှစ်ချက်ဖြင့် ဟောကြားတော်မူပါသည်။

**(၅) ဓာတုဂီရမာတိကာ။** ။ ဤမာတိကာတွင် ခန္ဓာ၊ အာယတန၊ ဓာတ်တို့ဖြင့် မရေတွက်တော့ဘဲ ဓမ္မသင်္ဂဏီကျမ်း၌ ဟောတော်မူအပ်သော အဘိဓမ္မာတရားတို့ကို အကျဉ်းချုံးဟောကြားတော်မူပါသည်။

နိဒ္ဒေသအကျယ်ပိုင်းတွင်လည်း ဤမာတိကာငါးခုကိုပင် အကျယ်ချဲ့၍ ဟောတော်မူပါသည်။

ဤသို့အားဖြင့် ဓမ္မသင်္ဂဏီကျမ်းနှင့် ဝိဘင်းကျမ်းတို့ကို ဟောတော်မူပြီးနောက် ထိုကျမ်းတို့တွင် ဟောတော်မူခဲ့သော တရားသဘောတို့ကို ပေါင်းရုံး၍ သင်္ဂဟ၊ အသင်္ဂဟ စသောနည်းများဖြင့် ဝေဖန်၍ ဟောတော်မူခြင်းဖြစ်ပါသည်။ ခန္ဓာ၊ အာယတန၊ ဓာတ်တရားတို့ဖြင့် ပရမတ္ထသဘာဝတရားတို့ကို ဟောကြားတော်မူပါသည်။

## ၄။ ပုဂ္ဂလပညတ်ကျမ်း

မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီနည်း၊ ဝိဘင်းနည်း၊ ဓာတုကထာနည်းတို့ဖြင့် ပရမတ္ထသဘာဝတရားသက်သက်တို့ကို သာ ဟောကြားတော်မူပါသည်။ ထို့အတွက် လောက၌ ပရမတ္ထတရားချည်းသာရှိ၍ သမ္မုတိသစ္စာပညတ်တရားသည် မရှိဟု သံသယဝင်လာနိုင်ပါသည်။ ပရမတ္ထတစ်ဖက်စွန်းသို့ရောက်၍ ဆရာမိဘ မောင်နှမ သားချင်း စသည့်ပညတ်တရားများကို ပယ်လိုက်ပါက လောကကြီးတစ်ခုလုံး စည်းမဲ့ကမ်းမဲ့ဖြစ်သွားနိုင်ပါသည်။

အမှန်မှာ သီလဆောက်တည်ရာတွင်လည်းကောင်း၊ သမထဘာဝနာပွားများရာတွင်လည်းကောင်း ပညတ်တရားတို့အပေါ် အမှီပြုကြရပါသည်။ သို့အတွက် ပညတ်သည် ဒါန၊ သီလ၊ သမထ စသော လောကီနယ်ပယ်၌ မပါလျှင်မပြီး အရေးကြီးသောတရားဖြစ်ပါသည်။ မြတ်စွာဘုရား တရားဟောတော်မူရာ၌လည်း ခန္ဓာ၊ အာယတန၊ ဓာတ် အစရှိသည့် အမည် ပညတ်တရားများကို အသုံးပြု၍ ဟောတော်မူပါသည်။

လောကကြီးကို ရုပ်၊ နာမ်၊ ပရမတ္ထတရားချည်းဖြင့် တည်ဆောက်ထားသဖြင့် လူပုဂ္ဂိုလ်များအနေဖြင့် အယုတ်၊ အလတ်၊ အမြတ်မရွေး မခွဲခြားဘဲ တစ်ပြေးညီ အတူတူဖြစ်ကြသည်ဟု မှတ်ယူ၍မရပါ။ မြင့်မြတ်သောပုဂ္ဂိုလ်၊ ယုတ်မာသော ပုဂ္ဂိုလ်၊ သီလရှိသောပုဂ္ဂိုလ်၊ သီလမရှိသောပုဂ္ဂိုလ် စသည်ဖြင့် ပုဂ္ဂိုလ်ပညတ်အားဖြင့် ကွဲပြားခြားနားကြပါသည်။ ဤသို့သော ပုဂ္ဂလပညတ်တရားများလည်း ရှိပါသည်။ ဤပညတ်တရားများသည် လူအများ တူညီ ညီညွတ်စွာ အမှန်ပြု၍ ခေါ်ဝေါ် အသုံးပြုကြသော သမ္မုတိသစ္စာ အမှန်တရားများပင် ဖြစ်ပါသည်။

ဤသို့ လောကလူ့ဘောင်တွင် သမ္မုတိသစ္စာပညတ်တရားများ၏ ရေးပါပုံနှင့် မပယ်အပ်ပုံတို့ကို သတ္တဝါတို့ ထင်ရှား ကွဲပြားအောင် သိနိုင်ရန်အတွက် ဤပုဂ္ဂလပညတ်နည်းဖြင့် ဆက်လက်ဟောကြားတော်မူပါသည်။ ဤပုဂ္ဂလပညတ်ကျမ်းတွင် ပုဂ္ဂိုလ်အသီးသီးတို့၏ **အမျိုးအစားနှင့် အရေအတွက်တို့ကို အဓိက**ထား၍ ရှင်းလင်းဖော်ပြထားပါသည်။

ဤကျမ်းကို ပထမမှ ဒသမအထိ ကဏ္ဍကြီးဆယ်ခုဖြင့် ဖွဲ့စည်းထားပါသည်။ **ထိုဆယ်ခုအလိုက်** (၁)မှ(၁၀)အထိ အရေအတွက်ရှိသော ပုဂ္ဂိုလ်အမျိုးအစားတို့ကို ထည့်သွင်းရှင်းလင်းဖော်ပြထားပါသည်။

ဥပမာ –

**ပုဂ္ဂိုလ်တစ်မျိုးတစ်စား**

(က) ပုထုဇဉ်ပုဂ္ဂိုလ်၊

(ခ) အလုံးစုံသောတရားကို အမှန်ကိုယ်တိုင်သိမြင်သော သမ္မာသမ္ဗုဒ္ဓပုဂ္ဂိုလ်၊

(ဂ) ပညာဖြင့်လွတ်မြောက်သူ ပညာဝိမုတ္တပုဂ္ဂိုလ်၊

**ပုဂ္ဂိုလ်နှစ်မျိုးနှစ်စား**

(က) အမျက်ထွက်သောပုဂ္ဂိုလ်နှင့် ရန်ငြိုးဖွဲ့တတ်သောပုဂ္ဂိုလ်၊

(ခ) ဂုဏ်ကျေးဇူးကို ချေဖျက်တတ်သောပုဂ္ဂိုလ်နှင့် အပြိုင်ပြုတတ်သောပုဂ္ဂိုလ်၊

(ဂ) အဆုံးမခက်သောပုဂ္ဂိုလ်နှင့် ယုတ်မာသောအဆွေခင်ပွန်းရှိသောပုဂ္ဂိုလ်၊

**ပုဂ္ဂိုလ်သုံးမျိုးသုံးစား**

(က) မစင်နှင့်တူသော စကားရှိသောပုဂ္ဂိုလ်၊ ပန်းနှင့်တူသော စကားရှိသောပုဂ္ဂိုလ်၊ ပျားနှင့်တူသော စကားရှိသော ပုဂ္ဂိုလ်၊

(ခ) ပညာမျက်စိမရှိ ကန်းသောပုဂ္ဂိုလ်၊ ပညာမျက်စိတစ်ဖက်သာအမြင်ရှိသောပုဂ္ဂိုလ်၊ ပညာမျက်စိ နှစ်ဖက်အမြင် ရှိသောပုဂ္ဂိုလ်၊

(ဂ) ကျောက်၌ရေးထားသော အက္ခရာနှင့်တူသောပုဂ္ဂိုလ်၊ မြေ၌ရေးထားသော အက္ခရာနှင့်တူသောပုဂ္ဂိုလ်၊ ရေ၌ရေးထားသော အက္ခရာနှင့်တူသောပုဂ္ဂိုလ်၊

**ပုဂ္ဂိုလ်လေးမျိုးလေးစား**

(က) အပြစ်ရှိသောပုဂ္ဂိုလ်၊ အပြစ်များသောပုဂ္ဂိုလ်၊ အပြစ်နည်းသောပုဂ္ဂိုလ်၊ အပြစ်မရှိသောပုဂ္ဂိုလ်၊

(ခ) အမိုက်မှောင်မှလာ၍ အမိုက်မှောင်သို့သွားသောပုဂ္ဂိုလ်၊ အမိုက်မှောင်မှလာ၍ အလင်းသို့သွားသောပုဂ္ဂိုလ်၊ အလင်းမှလာ၍ အမိုက်မှောင်သို့သွားသောပုဂ္ဂိုလ်၊ အလင်းမှလာ၍ အလင်းသို့သွားသောပုဂ္ဂိုလ်၊

(ဂ) ရာဂရှိသောပုဂ္ဂိုလ်၊ ဒေါသရှိသောပုဂ္ဂိုလ်၊ မောဟရှိသောပုဂ္ဂိုလ်၊ မာနရှိသောပုဂ္ဂိုလ်၊

**ပုဂ္ဂိုလ်ငါးမျိုးငါးစား**

(က) အချို့သောပုဂ္ဂိုလ်သည် အာပတ်လည်းမသင့်၊ နှလုံးမသာယာခြင်းလည်း မဖြစ်၊ အကြင်အရဟတ္တဖိုလ်သို့ရောက် သည်ရှိသော် ထိုပုဂ္ဂိုလ်အား ဖြစ်ပေါ်လာကုန်သော၊ ယုတ်ညံ့ကုန်သော တိုအကုသိုလ်တရားတို့သည် အကြွင်း မဲ့ချုပ်ကုန်၏။ စိတ်ဖြင့် ကိလေသာမှလွတ်မြောက်သော၊ ပညာဖြင့် ကိလေသာမှလွတ်မြောက်သော၊ ထိုအရဟတ္တ ဖိုလ်ကိုလည်း ဟုတ်တိုင်းမှန်စွာသိသောပုဂ္ဂိုလ်၊

(ခ) ပေးပြီး မထိမဲ့မြင်ပြုသောပုဂ္ဂိုလ်၊ ပေါင်းသင်းဆက်ဆံသဖြင့် မထိမဲ့မြင်ပြုသောပုဂ္ဂိုလ်၊ လက်ဦးစကား၌ အကြောင်းရှင်းထားသော ပုဂ္ဂိုလ်၊ လျှပ်ပေါ်သောပုဂ္ဂိုလ်၊ ထိုင်းအ မိုက်မဲသောပုဂ္ဂိုလ်၊

(ဂ) စစ်သည်သူရဲကောင်းနှင့်တူသော ပုဂ္ဂိုလ်တို့ငါးမျိုး၊

ဤသို့အားဖြင့် ရှေ့ဦးစွာ ပုဂ္ဂလပညတ်မာတိကာကို ပုဂ္ဂိုလ်အမျိုးအစား တစ်မျိုးမှ ဆယ်မျိုးအလိုက် အခန်းဆယ်ခန်း ဖွဲ့ဆိုထားပါသည်။ ထို့နောက် နိဒ္ဒေသအကျယ်ပိုင်းတွင် ဤမာတိကာတွင် ဖော်ပြထားသော ပုဂ္ဂိုလ်များအကြောင်းကို အကျယ်ဖွင့်ဆိုထားပါသည်။ ပုထုဇဉ်ပုဂ္ဂိုလ်သည် အဘယ်နည်း။ အမျက်ထွက်တတ်သောပုဂ္ဂိုလ်၊ ရန်ငြိုးဖွဲ့တတ်သောပုဂ္ဂိုလ် ဟူသည် အဘယ်နည်း၊ မစင်နှင့်တူသော စကားရှိသောပုဂ္ဂိုလ်၊ ပန်းနှင့်တူသောစကားရှိသောပုဂ္ဂိုလ်၊ ပျားနှင့်တူသော စကားရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း စသည်ဖြင့် အဓိပ္ပာယ်တို့ကို အကျယ်ချဲ့၍ ဖွင့်ဆိုထားပါသည်။ ဤနိဒ္ဒေသ အကျယ်ဖွင့်ဆိုသည့် အပိုင်းတွင်လည်း ပုဂ္ဂိုလ်အမျိုးအစား အရေအတွက်အလိုက် အခန်းဆယ်ခုဖွင့်၍ ရှင်းလင်းဟောကြားထားပါသည်။

ဤသို့အားဖြင့် ဤကျမ်းတွင် သမ္မုတိသစ္စာ ပညတ်အသုံးအနှုန်းတို့ကို အသုံးပြု၍ ပုဂ္ဂိုလ်တို့ကို အမျိုးအစားခွဲခြား ပြသခဲ့ပါသည်။

**၅။ ကထာဝတ္ထုကျမ်း**

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် နှစ်ပေါင်း(၂၁၈)နှစ်ကြာသောအခါ အသောကမင်းကြီးလက်ထက်၌ တတိယသင်္ဂါယနာတင်စဉ်

မဟာနာယကဖြစ်သော ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ဤကထာဝတ္ထုကျမ်းကို မြတ်စွာဘုရားထားတော်မူခဲ့သည့် မာတိကာအတိုင်း ဟောကြားခဲ့ပါသည်။ သင်္ဂါယနာ တင်ရာတွင် ပဥ္စမမြောက် အဘိဓမ္မာကျမ်းတစ် ကျမ်းအဖြစ် အတည်ပြုပြဋ္ဌာန်း ခဲ့ကြပါသည်။

ထိုစဉ်က သံဃာဂိုဏ်း(၁၈)ဂိုဏ်းမျှ ကွဲပြားလျက်ရှိပြီး ဂိုဏ်းကွဲအလိုက် မိမိတို့အယူဝါဒများကို ဟောပြောကြပါသည်။ ဂိုဏ်းအားလုံးက မြတ်စွာဘုရား၏ ဒေသနာတော်များကို လိုက်နာကျင့်ကြံကြသည်ဟု ဆိုပါသည်။ သို့သော် ယင်းဂိုဏ်းများသည် မြတ်စွာဘုရား၏ အလိုတော်နှင့်မညီဘဲ ဗုဒ္ဓသာသနာ၏ ပြင်ပဖြစ်သည့် အယူမျိုးကို ယူဆပြောဆိုလေ့ရှိကြပါသည်။ ထေရဝါဒဂိုဏ်းကသာလျှင် မြတ်စွာဘုရား၏ တရားတော်များကို နုတ်ပယ်ပြောင်းလဲမှုမရှိဘဲ ဟောကြားတော်မူသည့်အတိုင်း လက်ခံကျင့်သုံး ပြောဟောကြပါသည်။

ဤသို့ ဗုဒ္ဓဝါဒအတွင်း ထိုးဖောက်ပျံ့နှံ့နေသော ဗုဒ္ဓဘာသာဂိုဏ်းကွဲများ၏ အယူဝါဒကွဲများကို ဖယ်ရှားနှိမ်နင်းပစ် ရန် ဤကထာဝတ္ထုကျမ်းကို ဟောကြားခြင်း ဖြစ်ပါသည်။ ဟောကြားရာတွင် ပြဿနာတစ်ရပ်၊ ဝါဒတစ်ရပ်စီကို အပြန်အလှန် အချေအတင် အမေးအဖြေပုံစံကိုသုံးလျက် စိစစ်ဆွေးနွေးဟန်ဖြင့် ဟောကြားတော်မူပါသည်။

ဟောကြားရာတွင် မြတ်စွာဘုရား၏အလိုတော်နှင့်အညီ အမှန်ကိုသာယူဆပြောဆိုလေ့ရှိသည့် သကဝါဒီတို့၏အယူကို ဖော်ပြသည့် သုတ်ပေါင်း(၅၀၀)၊ ဗုဒ္ဓမြတ်စွာဘုရား၏ အလိုတော်နှင့်မညီသော ဗုဒ္ဓဘာသာဂိုဏ်းကွဲတို့၏ အယူမျိုးကို ယူဆ ပြောဆိုလေ့ရှိသည့် ပရဝါဒီတို့၏ အယူကို ဖော်ပြသည့်သုတ်ပေါင်း(၅၀၀) တို့ကို နှိုင်းယှဉ်တင်ပြထားပါသည်။ ဤကျမ်း၌ မူတည်ဆွေးနွေးဖြေရှင်းသည့် ပြဿနာခေါင်းစဉ်ပေါင်း (၂၂၆)ခုရှိပါသည်။

ဤကထာဝတ္ထုတွင် ပိဋကတ်ကျမ်းလာ ဟောပြောချက်များကို မည်သည့်အတိုင်းအတာအထိ ပရမတ္ထသဘာဝအနေ ဖြင့် ယူရမည်၊ မည်သည့်အတိုင်းအတာအထိ ပညတ်အနေဖြင့်ယူရမည်ကို ညှိနှိုင်းဟောကြားထားပါသည်။ ပရမတ္ထသစ္စာနှင့် သမ္မုတိသစ္စာတို့ကို မှန်ကန်စွာခွဲခြားသိရှိနိုင်ရန်အတွက် ဖြေရှင်းလမ်းညွှန်ထားပါသည်။

## ၆။ ယမိုက်ကျမ်း

ဤယမိုက်ကျမ်းတွင် အဘိဓမ္မာသဘောတရားများကို အစုံစုံပြု၍ ဟောကြားတော်မူပါသည်။ အကြောင်းအရာတစ်ရပ် စီအား သုံးသပ်ချက်နှစ်ရပ်စီဖြင့် ယှဉ်တွဲတင်ပြထားပါသည်။ အစုံစုံဟောကြားနည်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ပုစ္ဆာ၊ ဝိသဇ္ဇနာအစုံ (အမေး၊ အဖြေ)
(ခ) အနုလောမ၊ ပဋိလောမအစုံ (အလျော်၊ ပြန်လှန်)
(ဂ) သန္နိဋ္ဌာန်၊ သံသယအစုံ (အမြဲစွဲမှတ်၊ ယုံမှားအပ်သော အနက်ရှိသောပုဒ်)

မြတ်စွာဘုရားသည် ပြီးခဲ့သော အဘိဓမ္မာငါးကျမ်းတို့တွင် ပရမတ္ထတရားနှင့် သမ္မုတိသစ္စာနှစ်ပါးတို့ကို ပြည့်စုံစွာ ဟောကြားတော်မူခဲ့ပါသည်။ သို့သော် ပရမတ္ထတရားနှင့် သမ္မုတိသစ္စာတရားနှစ်ပါးတို့ အချင်းချင်းဆက်သွယ် ကြပုံနှင့် ထို သစ္စာနှစ်ပါးတို့ ဩကာသလောကကြီးနှင့် ဆက်သွယ်ပုံတို့ကိုဟောရန် ကျန်ရှိနေပါသည်။ ဤသို့ အချင်းချင်းဆက်သွယ်တည်ရှိ နေကြပုံကို ယမိုက်နည်းဖြင့် ဆက်လက်ဟောကြားတော်မူခြင်းဖြစ်ပါသည်။ ထိုသို့ ဟောပြောရာတွင် တရားတို့ကို -

(က) ပုဂ္ဂိုလ်(ပုဂ္ဂလ)အားဖြင့်လည်းကောင်း၊
(ခ) ဘုံဌာန(ဩကာသ)အားဖြင့်လည်းကောင်း၊
(ဂ) ပုဂ္ဂိုလ်၊ ဘုံနှစ်မျိုးရောသော(ပုဂ္ဂလော့ကာသ) အားဖြင့်လည်းကောင်း စိစစ်ဝေဖန်ဟောကြားထားပါသည်။

မြတ်စွာဘုရားသည် အဘိဓမ္မာတရားတို့ကို ယမိုက်ကျမ်းတွင် အောက်ပါအတိုင်း ကဏ္ဍကြီး ၁၀ ပိုင်း ပိုင်းခြား၍ ဟောတော်မူပါသည်။

| | |
|---|---|
| (၁) မူလယမက၊ | (၂) ခန္ဓယမက၊ |
| (၃) အာယတနယမက၊ | (၄) ဓာတုယမက၊ |
| (၅) သစ္စ ယမက၊ | (၆) သင်္ခါရ ယမက၊ |
| (၇) အနုသယ ယမက၊ | (၈) စိတ္တ ယမက၊ |
| (၉) ဓမ္မ ယမက၊ | (၁၀) ဣန္ဒြိယ ယမက၊ |

**(၁) မူလ ယမက ။** ။ ကုသိုလ်တရား၊ အကုသိုလ်တရား ကဲ့သို့သော အခြေခံပဓာနကျသည့် အကြောင်းတရားတို့ကို ခွဲခြားစိတ်ဖြာ၍ အစုံစုံပြု၍ ဟောကြားထားပါသည်။ အကုသိုလ်ဖြစ်ရန် လောဘ၊ ဒေါသ၊ မောဟ တရားတို့သည် မူလ အခြေခံတရားတို့ဖြစ်ကြောင်း၊ ကုသိုလ်ဖြစ်ရန် အလောဘ၊ အဒေါသ၊ အမောဟတို့သည် မူလအခြေခံတရားဖြစ်ကြောင်း အစုံစုံပြု၍ ဟောကြားထားပါသည်။

**(၂) ခန္ဓ ယမက။** ။ (က) အသည်သတ်ပုဂ္ဂိုလ်အား ခန္ဓာ တစ်ပါးသာရှိသည်ဟုပြသော ပုဂ္ဂလဝါရ၊ (ခ) အသ ညတ်ဘုံ၌ ရူပက္ခန္ဓာတစ်ပါး၊ ပဉ္စဝေါကာရဘုံ၌ ခန္ဓာငါးပါးလုံး၊ အရူပဘုံ၌ နာမ်ခန္ဓာလေးပါး ဖြစ်သည်ဟု ပြသော ဩကာသဘုံဝါရ၊ (ဂ) ပုဂ္ဂိုလ်(ပုဂ္ဂလ)နှင့် ဘုံ(ဩကာသ)တို့နှင့် တွဲ၍ပြသော ပုဂ္ဂလောကာသဝါရ

တို့ကို ဟောကြားပါသည်။ ယင်းဝါရ သုံးမျိုးကို ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ဝါရသုံးမျိုးဖြင့်လည်းကောင်း၊ ထိုသုံးမျိုးကို ဝါရတွဲ၍လည်းကောင်း၊ ခန္ဓာနှင့်ပတ်သက်၍ သိသင့်သိထိုက်သော ပုဂ္ဂိုလ်နှင့် ဘုံတို့ကိုလည်းကောင်း ဟောကြားပါသည်။

**(၃) အာယတနယမက။** ။ အာယတန(၁၂)ပါးကို ပုဂ္ဂိုလ်အလိုက်နှင့် ဘုံအလိုက် လည်းကောင်း၊ ပုဂ္ဂိုလ်၊ ဘုံတွဲ၍ လည်းကောင်း၊ ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့သော ကာလသုံးပါးဖြင့် ခွဲခြားဝေဖန်ဟောကြားတော်မူပါသည်။

**(၄) ဓာတုယမက။** ။ ဓာတ်(၁၈)ပါးကို ပုဂ္ဂိုလ်အလိုက်၊ ဘုံအလိုက် လည်းကောင်း၊ ပုဂ္ဂိုလ်၊ ဘုံတွဲ၍လည်းကောင်း၊ ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့သော ကာလသုံးပါးဖြင့် ခွဲခြားဝေဖန်၍ ဟောတော်မူပါသည်။

**(၅) သစ္စယမက။** ။ ပရမတ္ထသစ္စာလေးပါးကို ပုဂ္ဂိုလ်အလိုက်၊ ဘုံအလိုက်၊ ပုဂ္ဂိုလ် ဘုံ တွဲ၍ ကာလသုံးပါးဖြင့် ခွဲခြားဝေဖန်ပြတော်မူပါသည်။

**(၆) သင်္ခါရ ယမက။** ။ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ ဟူသော သင်္ခါရ(၃)ပါးကို (၁) ဖြစ်ရာဘုံ၊ (၂) ဖြစ်သောဈာန်၊ (၃) ဖြစ်နိုင်သော စိတ္တုပ္ပါဒ်၊ (၄) ဖြစ်နိုင်သောပုဂ္ဂိုလ် ဤလေးချက်ကိုညှိ၍ ကာလသုံးပါးဖြင့် ပိုင်းခြားဝေဖန်၍ ဟောတော်မူပါသည်။

**(၇) အနုသယ ယမက။** ။ သတ္တဝါတို့၏သန္တာန်၌ မင်ဖြင့်မပယ်သေးသမျှ အစဉ်ကိန်းနေသော ကာမ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဘဝ၊ အဝိဇ္ဇာ ဟူသော အနုသယခုနစ်ပါးအား ပုဂ္ဂိုလ်အလိုက်၊ ဘုံအလိုက် ဖြစ် မဖြစ်၊ ပယ် မပယ်၊ ကိန်း မကိန်း၊ စွန့် မစွန့်တို့ကို ဝါရ(၇)မျိုးဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူပါသည်။

**(၈) စိတ္တ ယမက။** ။ စိတ်ဖြစ်ပုံအကြောင်းအရာကို ပုဂ္ဂိုလ်အလိုက်၊ ဘုံအလိုက်၊ ပုဂ္ဂိုလ်ဘုံ တွဲ၍ အောက်ပါ အပိုင်းသုံးပိုင်းဖြင့် ခွဲခြားဟောကြားတော်မူပါသည်။

(က) သုဒ္ဓစိတ္တသာမညာ (သာမန်စိတ်)ဖြစ်ပုံ၊

(ခ) သုတ္တန္တ စိတ္တမိဿက ဝိသေသ (ရာဂ၊ ဒေါသ စသော စိတ် ၁၆ ပါး)ဖြစ်ပုံ၊

(ဂ) အဘိဓမ္မစိတ္တ မိဿကဝိသေသ (အဘိဓမ္မာကုသိုလ်၊ အကုသိုလ်၊ အဗျာကတစိတ်)ဖြစ်ပုံ။

**(၉) ဓမ္မ ယမက။** ။ ဓမ္မသင်္ဂဏီကျမ်း၌ ဟောတော်မူခဲ့သော တရားတို့၏ ဖြစ်ပုံ၊ ချုပ်ပုံကို ပုဂ္ဂိုလ်အလိုက်၊ ဘုံအလိုက်၊ ကာလသုံးပါးဖြင့် ပိုင်းခြားဝေဖန်၍ ဟောတော်မူပါသည်။

**(၁၀) ဣန္ဒြိယ ယမက။** ။ ဣန္ဒြေနှင့်ထိုက်သော နာမ်တရားရှစ်ပါး၊ ရုပ်တရားရှစ်ပါး ပေါင်း ၁၆ ပါးသော တရားတို့ကို ဣန္ဒြေ(၂၂)ပါးအမည်ပေး၍ ပုဂ္ဂိုလ်၊ ဘုံအလိုက်ဖြစ်ပုံ မဖြစ်ပုံ၊ ချုပ်ပုံ မချုပ်ပုံတို့ကို ကာလသုံးပါးခွဲ၍ ဟောတော်မူပါသည်။

**၇။ ပဋ္ဌာန်းကျမ်း**

ဤပဋ္ဌာန်းဒေသနာတော်တွင် အမျိုးမျိုးသော အကြောင်းပစ္စည်းတရားတို့က အမျိုးမျိုးသော အကျိုးပစ္စယုပ္ပန်တရားတို့ အား (၂၄)ပစ္စည်းတို့၏ ပစ္စယသတ္တိဖြင့် ဆက်သွယ်ကျေးဇူးပြုပုံတို့ကို ဟောကြားတော်မူပါသည်။

ဤသို့ အကြောင်းပစ္စည်းတရားနှင့် အကျိုးပစ္စယုပ္ပန်တရားတို့ကို လောဘ၊ ဒေါသ စသော ဟိတ်တရား၊ ရုပ်တရား၊ နာမ်တရား၊ ကုသိုလ်တရား၊ အကုသိုလ်တရား၊ အဗျာကတတရား၊ စိတ်စေတသိက်တရား၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ စသည်ဖြင့် အမည်တပ်၍ ဟောကြားတော်မူပါသည်။ အချုပ်အားဖြင့်ဆိုလျှင် ရုပ်နာမ်တို့၏ ဖြစ်ပေါ်ပုံအကြောင်းကို (၂၄) မျိုးဖြင့် ဟောကြားတော်မူပါသည်။ ဤဟောကြားတော်မူသည့်(၂၄)မျိုးကို (၂၄)ပစ္စည်းဟု ခေါ်ဝေါ်ကြပါသည်။

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတို့သည် ရုပ်၊ နာမ် တရားအချင်းချင်းတို့ ဤ(၂၄)ပစ္စည်းတရားတို့ဖြင့် ကြောင်းကျိုးဆက်ကာ ဖြစ်ပေါ်လာသည်ကို အသေးစိတ် ဝေဖန်ရှင်းလင်းဟောကြားခဲ့ပါသည်။ ဤလောက သုံးပါး၌ ရှိကြကုန်သော သက်ရှိ၊ သက်မဲ့ အရာဝတ္ထု သဘာဝတရားအားလုံးတို့သည် တစ်ခုနှင့်တစ်ခု အကြောင်းအကျိုးအားဖြင့် အမှီသဟဲပြုနေကြရပါသည်။ သီးခြား ထီးထီးရပ်တည်နိုင်သော သဘာဝဓမ္မဟူသည် မရှိပါ။ အကြောင်းနှင့်အကျိုးစပ်၍ ပြုပြင်ခြင်းမှကင်းသော တစ်ပါးတည်းသော သဘာဝဓမ္မသည် နိဗ္ဗာန်ပရမတ် ဖြစ်ပါသည်။

ဤပဋ္ဌာန်းကျမ်းတွင် ဟောကြားသော သဘာဝဓမ္မတို့၏ အခြေခံနည်း (၂၄)နည်းဖြင့် အချင်းချင်းအထောက်အကူ အဆက်အစပ်ပြုပုံနည်းသည် အဘိဓမ္မာ (၇)ကျမ်းတွင် အထူးခြားဆုံးသောနည်းဖြစ်ပါသည်။ ထို့အတွက် ပဋ္ဌာန်းကျမ်းသည် အနက်နဲဆုံး အကျယ်ဝန်းဆုံးနှင့် အရေးပါဆုံးကျမ်း ဖြစ်ပါသည်။ ပဋ္ဌာန်းကျမ်း ကြီး၏ (၂၄)ပစ္စည်းအကြောင်းကို အကျဉ်းချုံး၍ ပစ္စယုဒ္ဒေသအားဖြင့် အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်။

**(၁) ဟေတုပစ္စယော ။** ။ ဟိတ်ဖြစ်၍ ကျေးဇူးပြုသော တရား ဖြစ်ပါသည်။ ဟိတ်ခြောက်ပါးဖြစ်သော လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ တရားတို့သည် ယင်းတို့နှင့်ယှဉ်သော စိတ်၊ စေတသိက်

တရားတို့အား လည်းကောင်း၊ ယင်းတို့ကြောင့်ဖြစ်ကုန်သော စိတ္တဇရုပ်တရားတို့အား လည်းကောင်း ဖြစ်ပေါ်စေရန် ကျေးဇူးပြုပါသည်။ သစ်ပင် ဖြစ်ထွန်းရန် အဓိကဖြစ်သည့် ရေသောက်မြစ်နှင့်တူသည်ဟု ဥပမာပေးထားပါသည်။

**(၂) အာရမ္မဏပစ္စယော။** ။ အာရုံဖြစ်၍ ကျေးဇူးပြုတတ်သော တရားဖြစ်ပါသည်။ အာရုံခြောက်ပါး၊ ရုပ်နာမ် နှစ်ပါးတို့ကြောင့် ဝိညာဏခြောက်ပါး နာမ်တရားများ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတတ်ပါသည်။ ဤသို့ဖြစ်ပေါ်လာပုံကို ကြိုးတန်းဥပမာနှင့် တောင်ဝှေးဥပမာတို့ဖြင့် ဖော်ပြပေးထားပါသည်။

**(၃) အဓိပတိပစ္စယော။** ။ အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားဖြစ်ပါသည်။ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ ဟူသော အဓိပတိလေးပါး နာမ်တရားများက ဆိုင်ရာနာမ်တရားများဖြစ်ပေါ်စေပြီး ပြိုင်ဖက်မရှိ ကြီးစိုးလွှမ်းမိုးနိုင်ခြင်းအားဖြင့် ကျေးဇူးပြုတတ်ပါသည်။ နာမ်အကြောင်း ရုပ်အကျိုးဖြစ်ပါသည်။ စကြဝတေးမင်းကြီး နှင့်တူသည်ဟု ဥပမာပြုထားပါသည်။

**(၄) အနန္တရပစ္စယော။** ။ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရားဖြစ်ပါသည်။ ရုပ်တရားမပါဘဲ နာမ်တရား သက်သက်သာ စဉ်ဆက်မပြတ် ဖြစ်လိုက် ပျက်လိုက်နှင့် ဆက်တိုက်အခြားမရှိဘဲ ဖြစ်ပေါ်နေမှုဖြင့် ကျေးဇူးပြုတတ်ပါသည်။ စကြဝတေးမင်း နတ်ရွာစံသည်နှင့်တူသည်ဟု ဥပမာပေးထားပါသည်။

**(၅) သမနန္တရပစ္စယော။** ။ ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားဖြစ်ပါသည်။ အနန္တရပစ္စယောကဲ့သို့ ကောင်းစွာအခြားမရှိ ကျေးဇူးပြုတတ်ပါသည်။ စကြဝတေးမင်း နန်းတော်စွန့်လွှတ်၍ တောထွက်သည်နှင့် တူသည်ဟု ဥပမာပေးထားပါသည်။

**(၆) သဟဇာတပစ္စယော။** ။ အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သော တရား ဖြစ်ပါသည်။ နာမ်တရား၊ ရုပ်တရားများ အတူတကွဖြစ်မှုကို ကျေးဇူးပြုတတ်ပါသည်။ အပြန်အလှန်လည်း ကျေးဇူးပြုတတ်ပါသည်။ နာမ်ခန္ဓာလေးပါး၊ မဟာ ဘုတ်လေးပါးတို့ အတူတကွဖြစ်ကြပြီး အပြန်အလှန်ကျေးဇူးပြုကြပါသည်။ မီးတောက်နှင့် မီးရောင်တို့ တစ်ပြိုင်နက် အတူ ဖြစ်သည်ကို ဥပမာပေးထားပါသည်။

**(၇) အညမညပစ္စယော။** ။ အချင်းချင်း အပြန်အလှန်ကျေးဇူးပြုတတ်သော တရားဖြစ်ပါသည်။ အင်အားချင်းတူညီသည့် နာမ်ခန္ဓာအချင်းချင်း၊ ရုပ်ခန္ဓာအချင်းချင်း၊ နာမ်နှင့်ရုပ်၊ ရုပ်နှင့်နာမ် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်ပါသည်။ သုံးချောင်းထောက်နှင့်တူသည်ဟု ဥပမာပေးထားပါသည်။

**(၈) နိဿယပစ္စယော။** ။ မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရားဖြစ်ပါသည်။ နာမ်ချင်းမှီ၊ ရုပ်ချင်းမှီ၊ နာမ်က ရုပ်ကိုမှီ၊ ရုပ်ကနာမ်ကိုမှီပြီး ကျေးဇူးပြုတတ်ပါသည်။ လှေနှင့်လှသည် အချင်းချင်းမှီရာဖြစ်သည်ကို ဥပမာပြုထားပါသည်။

**(၉) ဥပနိဿယပစ္စယော**။ ။ အားကြီးတတ်သောတရားဖြစ်၍ ကျေးဇူးပြုတတ်သောတရားဖြစ်ပါသည်။ ကုသိုလ် စိတ်၊ အကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်များဖြစ်ပေါ်လာအောင် အားကြီးသောအကြောင်းဖြင့် ကျေးဇူးပြုတတ်ပါသည်။ သတ္တဝါများနှင့် သစ်ပင်များကို အကျိုးပြုသည့် မိုးရေမိုးပေါက်များနှင့် တူသည်ဟု ဥပမာပြုထားပါသည်။

**(၁၀) ပုရေဇာတပစ္စယော**။ ။ ရှေ့၌ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သောတရားဖြစ်ပါသည်။ ရှေ့၌ဖြစ်နှင့်သော ဝတ္ထု ခြောက်ပါးနှင့် အာရုံခြောက်ပါးတို့က ဝိညာဏ်ခြောက်ပါး၊ နာမ်တရားတို့အား ဖြစ်ပေါ်စေအောင် အကျိုးပြု ကျေးဇူးပြုတတ်ပါသည်။ အရင်ဖြစ်နှင့်ပြီးသည့် နေနှင့်လက ယနေ့ရှိသည့်သတ္တဝါတို့အား ကျေးဇူးပြုပုံကို ဥပမာပေးထားပါသည်။

**(၁၁) ပစ္ဆာဇာတပစ္စယော**။ ။ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရားဖြစ်ပါသည်။ နောက်မှဖြစ်သည့်နာမ်တရား က အရင်ဖြစ်နှင့်သည့် ရုပ်တရားကို စောင့်ရှောက်ကျေးဇူးပြုတတ်ပါသည်။ မိဘက အစာမကျွေးသော်လည်း စားရလိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် အသက်ရှင်နေသည့် လင်းတငယ်များကို ဥပမာပေးထားပါသည်။

**(၁၂) အာသေဝနပစ္စယော** ။ ။ အဖန်တလဲလဲ မှီဝဲထုံအပ်၍ ကျေးဇူးပြုတတ်သော တရားဖြစ်ပါသည်။ ရှေ့မှဖြစ်နှင့်သော ဇောစိတ်များက နောက်မှဖြစ်လာသော ဇောစိတ်များကို အားရှိအောင် ကျေးဇူးပြုတတ်ပါသည်။ မိုးစက်များစွာပေါင်းစည်းပါက မိုးရေများစွာရရှိသည့် ဥပမာပြုထားပါသည်။

**(၁၃) ကမ္မပစ္စယော** ။ ။ အကြောင်းကံဖြစ်၍ ကျေးဇူးပြုတတ်သောတရားဖြစ်ပါသည်။ သတ္တဝါတိုင်း ဘဝအဆက်ဆက်ကပြုလုပ်ခဲ့သည့် အကြောင်း သဟဇာတ ကမ္မပစ္စည်းနှင့် အကျိုးပေးမည့် နာနာက္ခဏိကပစ္စည်းတို့ဖြင့် ကျေးဇူးပြုတတ်ပါသည်။ ကောက်ပဲသီးနှံမျိုးစေ့ ကြဲချစိုက်ပျိုးပြီးနောက် အချိန်တန်လျှင် သီးပွင့်သည့်ပမာ ဥပမာပေးထားပါသည်။

**(၁၄) ဝိပါကပစ္စယော**။ ။ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရားဖြစ်ပါသည်။ (၃၆)ပါးသော အကျိုးဝိပါက် စိတ်နှင့် နာမ်ခန္ဓာလေးပါးတို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်ကြပါသည်။ မျိုးစေ့၊ ပျိုးပင်နှင့်တူကြောင်း ဥပမာ ပေးထားပါသည်။

**(၁၅) အာဟာရပစ္စယော**။ ။ ထောက်ပံ့နိုင်ခဲ့စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားဖြစ်ပါသည်။ အာဟာရသည် အလွန်ဆောင်ပြီး ရုပ်သစ်နာမ်သစ်များကို ဖြစ်စေခြင်း၊ နာမ်များကို ထောက်ပံ့ခြင်းအားဖြင့် ကျေးဇူးပြုတတ်ပါသည်။ ရုပ်အာဟာရနှင့် နာမ်အာဟာရတို့၏ စွမ်းအားနှင့်စွမ်းရည်ကို ဆောင်သည်ဟု

ခေါ်ပါသည်။ မိဘက သားသမီးများအား စောင့်ရှောက်ထောက်ပံ့သည်ကို ဥပမာပြု ထားပါသည်။

(၁၆) **ဣန္ဒြိယပစ္စယော**။ ။ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား ဖြစ်ပါသည်။ မဖြစ်ပေါ်သေးသော ရုပ်နာမ်တရားတို့ကို ဖြစ်ပေါ်စေပြီး၊ ဖြစ်ပေါ်ပြီးသော ရုပ်နာမ်တရားတို့ကို သက်တမ်းစေ့နေနိုင်အောင် ပိုင်ပိုင်နိုင်နိုင် အစိုးရမှုဖြင့် ကျေးဇူးပြုတတ်ပါသည်။ ကိုယ့်တိုင်းပြည်ကို အစိုးရသည့် ကေရာဇ်မင်းနှင့်တူကြောင်း ဥပမာပေးထားပါသည်။

(၁၇) **ဈာနပစ္စယော** ။ ။ ကမ္မဋ္ဌာန်းအာရုံသို့ကပ်၍ စူးစူးစိုက်စိုက် ရှုတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ် သောတရားဖြစ်ပါသည်။ ဈာန်တရား ငါးပါးက အတူဖြစ် ရုပ်တရား၊ နာမ်တရားများကို ဖြစ်ပေါ်စေပြီး ဈာန်တရားနှင့် စူးစိုက်စေမှုပြုခြင်းဖြင့် ကျေးဇူးပြုတတ်ပါသည်။ နာမ်အကြောင်း နာမ်အကျိုး ဖြစ်ပါသည်။ တောင်ထိပ်သို့တက်ကြည့်သူပမာ ဥပမာပြုထားပါသည်။

(၁၈) **မဂ္ဂပစ္စယော** ။ ။ သံသရာမှလွတ်မြောက်ကြောင်း နည်းလမ်း ဖြစ်၍ ကျေးဇူးပြုတတ်သော တရားဖြစ်ပါသည်။ မဂ္ဂင်(၈)ပါး၊ (၁၂)ပါးတို့က အတူဖြစ် ရုပ်တရားနှင့် နာမ်တရားများ ဖြစ်ပေါ်စေရန် ကျေးဇူးပြုပါသည်။ နာမ်တရားကအကြောင်း၊ နာမ်ရုပ်တရားတွေက အကျိုးဖြစ်ပါသည်။ တစ်ဖက် ကမ်းသို့ကူး၍ လွတ်မြောက်သူပမာ ဥပမာပေးထားပါ သည်။

(၁၉) **သမ္ပယုတ္တပစ္စယော**။ ။ ယှဉ်၍ဖြစ်ပြီး ကျေးဇူးပြုတတ်သောတရား ဖြစ်ပါသည်။ နာမ်ခန္ဓာလေးပါးတို့ အတူ တကွဖြစ်ပြီး အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်ကြပါသည်။ ပျားရည်၊ သကာရည်၊ ထောပတ်၊ ဆီ သမပြီး ပေါင်းစပ်ထားသည့် စတုမဓုနှင့် ဥပမာပေးထားပါသည်။

(၂၀) **ဝိပ္ပယုတ္တပစ္စယော**။ ။ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားဖြစ်ပါသည်။ နာမ်နှင့် ရုပ်တရားတို့သည် သဘောချင်းမတူ၊ အဖြစ်အပျက်မတူ၊ ညီညွတ်မှု၊ ဆက်စပ်မှုမရှိဘဲ ကျေးဇူးပြုတတ်ပါသည်။ ဥပမာအားဖြင့် စိတ်နေ သဘောထား၊ အကြိုက်ချင်းမတူသည့် တစ်အိမ်တည်းနေ မိသားစုနှင့်တူပါသည်။ မကိုင်ဦးစီခြယ်ထားသော ကျောက်မျက် ရတနာတို့သည် ရွှေနှင့်မရောယှက်ပုံကို ဥပမာပေးထားပါသည်။

(၂၁) **အတ္ထိပစ္စယော**။ ။ ထင်ရှားရှိဆဲဖြစ်၍ ကျေးဇူးပြုတတ်သော တရားဖြစ်ပါသည်။ အကြောင်းတရား ထင်ရှားရှိနေဆဲပင်။ အကျိုးတရားများ ဖြစ်ပေါ်လာရန် ကျေးဇူးပြုတတ်ပါသည်။ မြေနှင့်သစ်ပင်ကို ဥပမာပြုထားပါသည်။ အကြောင်းမိုးတောက်နေစဉ် အကျိုးမီးရောင်ပေါ်လာသည်ကို ဥပမာပေးထားပါသည်။

(၂၂) **နတ္ထိပစ္စယော** ။ ။ မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားဖြစ်ပါသည်။ အကြောင်းတရားမရှိသည့်အခါမှ အကျိုးတရားဖြစ်ပေါ်လာရန် ကျေးဇူးပြုတတ်ပါသည်။ ဥပမာအားဖြင့် ဆီမီးအလင်းရောင်မရှိပါမှ အမိုက်မှောင်ဖြစ်ပေါ်လာသည့် သဘောပင်ဖြစ်ပါသည်။

(၂၃) **ဝိဂတပစ္စယော**။ ။ ကင်းမဲ့ချုပ်ပျောက်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားဖြစ်ပါသည်။ ရှေ့စိတ်ကင်း ပျောက်မှ နောက်စိတ်ဖြစ်ပေါ်ခွင့်ဖြင့် ကျေးဇူးပြုတတ်ပါသည်။ နေဝင်သွားပြီးနောက် လရောင်ထွက်ပေါ်လာပုံကို ဥပမာပေးထားပါသည်။

(၂၄) **အဝိဂတပစ္စယော**။ ။ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားဖြစ်ပါသည်။ အကြောင်းတရားခန္ဓာ များ မကင်းသေးခင် အကျိုးတရားခန္ဓာများဖြစ်ပေါ်ခြင်းအားဖြင့် အကျိုးပြုတတ်ပါသည်။ မြေကြီးထင်ရှားရှိ၍ သစ်ပင်များဖြစ်ထွန်းရသည်ကို ဥပမာပေးထားပါသည်။

ဤသို့အားဖြင့် ပဋ္ဌာန်းကျမ်းတွင် ရုပ်၊ နာမ် တရားတို့ ကြောင်းကျိုးဆက်နွယ် အပြန်အလှန်ကျေးဇူးပြုကြပုံကို (၂၄) ပစ္စည်းဖြင့် အလွန်ပြည့်စုံနက်နဲစွာ ဟောကြားတော်မူပါသည်။ (၂၄)ပစ္စည်းကို ပိုင်းခြားကြည့်ပါက အောက်ပါအတိုင်း တွေ့ရှိရပါသည်။

(၁) နာမ်သည် နာမ်တရားအား ကျေးဇူးပြုသော ပစ္စည်းခြောက်ပါး၊

(၂) နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်းငါးပါး၊

(၃) နာမ်သည် ရုပ်အား ကျေးဇူးပြုသော ပစ္စည်းတစ်ပါး၊

(၄) ရုပ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်းတစ်ပါး၊

(၅) နာမ်၊ ရုပ်၊ ပညတ်တို့သည် နာမ်အားကျေးဇူးပြုသော ပစ္စည်းနှစ်ပါး၊

(၆) နာမ်ရုပ် နှစ်ပါးစုံက နာမ်ရုပ်နှစ်ပါးစုံအား ကျေးဇူးပြုသော ပစ္စည်းကိုးပါး ဖြစ်ပါသည်။ *

---

* (၁) ဆဓာနာမန္တ ုနာမဿ၊

(၂) ပဉ္စဓာ နာမရူပီနံ၊

(၃) ဧကဓာ ပုနရူပဿ၊

(၄) ရူပံ နာမဿဧကဓာ၊

(၅) ပညတ္တိ နာမရူပါနိ နာမဿဒုဝိဓာ၊

(၆) ဒွယံ ဒွယဿ နဝဓာ။

(အဘိဓမ္မတ္ထသင်္ဂဟ၊ ပစ္စယသင်္ဂဟ)

ဤပဋ္ဌာန်းကျမ်းတွင် နာမ်ရုပ်တို့၏ အကြောင်းအကျိုးအမျိုးမျိုး၊ ကျေးဇူးပြုပုံအမျိုးမျိုးတို့ကို အကြောင်းအကျိုး(၂၄) မျိုးအထိ ဆက်စပ်ခွဲခြားကာ ဟောတော်မူပါသည်။ နာမ်၊ ရုပ်၊ ပရမတ်တို့ဖြင့် ဖွဲ့စည်းပြီး ဖြစ်ပေါ်လာသည့် သတ္တဝါများ၏ ဖြစ်စဉ်ကို ဟောကြားတော်မူခြင်းဖြစ်ပါသည်။

ထို့အတွက် လောကဥ္စရှိသော သက်ရှိသက်မဲ့အားလုံး၏ သဘာဝအစစ်အမှန်တို့ကို တိကျစွာ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ နှစ်ပါးတို့ဖြင့် ဝေဖန်ဖော်ထုတ်၍ ဟောကြားသော ဒေသနာဖြစ်ပါသည်။ ပဋ္ဌာန်းကျမ်းသည် အလွန်ပင်နက်နဲနက်နဲ၊ ကျယ်ဝန်း သိမ်မွေ့လှပါသည်။ သို့အတွက် ဤပဋ္ဌာန်းကျမ်းကို မြတ်စွာဘုရား ဆင်ခြင်သုံးသပ်တော်မူသောအခါ သဗ္ဗညုတဉာဏ် ကျွတ်ကျွတ်လွတ်လွတ် ကွန့်မြူးကျက်စားနိုင်သဖြင့် ရောင်ခြည်တော်ခြောက်သွယ် ထွက်ပေါ်ကွန့်မြူးတော်မူလာကြပါသည်။

# နိဂုံး

ယခု ကျွန်တော်သည် နိဒါန်းတွင် ဖော်ပြထားသည့် ကျွန်တော်၏ ရည်မှန်းချက်အတိုင်း ပိဋကတ်သုံးပုံ သဘောတရားကို ယေဘုယျအားဖြင့် လူတိုင်း ဖတ်ရှုနားလည်နိုင်အောင် စာအုပ်တစ်အုပ်တည်းတွင် စုစည်း၍ ရေးသားတင်ပြထားပါသည်။

ဤသို့ ရေးသားတင်ပြရာတွင် ပိဋကတ်သုံးပုံဖြစ်ပေါ်လာခြင်းကြောင့် ကျေးဇူးတော်ရှင်မြတ်စွာဘုရားအား ကြည်ညိုသဒ္ဒါပွားများစေရန် ဗုဒ္ဓဝင်အကျဉ်းချုပ်ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဓမ္မဒေသနာတရားတော်များကို သင်္ဂါယနာတင်ရာမှ ပိဋကတ်သုံးပုံဖြစ်ပေါ် လာသောကြောင့် သင်္ဂါယနာတင်ပွဲများအကြောင်းကိုလည်း သဒ္ဓါတရားဖြစ်စေရန် ထည့်သွင်းရေးသားထားပါသည်။

ဝိနည်းပိဋကတွင် ဝိနည်းသိက္ခာပုဒ်(၂၂၇)ပုဒ်ကို အကျဉ်းချုပ် ဖော်ပြထားပါသည်။ မြတ်စွာဘုရားသည် သာသနာတော်အဓွန့်ရှည်ပြီး တည်တံ့ခိုင်မြဲရန်အတွက် တပည့်သားသံဃာတော်များ လိုက်နာကျင့်သုံးရန် ဥပဒေစည်းကမ်းများကို ကရုဏာဖြင့် ပညတ်တော်မူထားပါသည်။ ဝိနည်းစည်းကမ်းများကို ကျူးကျော်ဖောက်ဖျက်မှုမပြုမိစေရန် ကိုယ်နှုတ်တို့ကို ထိန်းချုပ်စောင့်စည်းရမည့် နည်းအမျိုးမျိုးတို့ကို ရှင်းလင်းဟောကြားတော်မူပါသည်။ ဤဝိနည်းပိဋကတွင် မကောင်းမှုမှ ရှောင်ကြဉ်ခြင်း ဝါရိတ္တသီလနှင့် ဖြည့်ကျင့်လုပ်ဆောင်သင့်သည်ကို ဖြည့်ကျင့်ခြင်း စာရိတ္တသီလနှစ်ပါး ပါဝင်ပါသည်။ ကာယ ဒုစရိုက်၊ ဝစီဒုစရိုက်တို့ကို ပယ်သတ်သောနည်းလမ်းများကို ဟောကြားတော်မူခြင်းဖြစ်၍ ရဟန်းသာမဏေများ သာမက လူတိုင်း ပင် လေ့လာသိရှိထားသင့်ပါသည်။

သုတ္တန်ပိဋကတွင် မြတ်စွာဘုရားသည် သတ္တဝါတို့၏ အသိဉာဏ်၊ အကျင့်စရိုက်၊ အလိုဆန္ဒနှင့် လိုက်လျောပြီး နားလည် သဘောပေါက်အောင် ဝေါဟာရ စကားအသုံးနှုန်းအမျိုးမျိုးကို အသုံးပြု၍ ဟောကြားတော်မူပါသည်။ ထို့ကြောင့် ဤသုတ္တန်ပိဋကကို ဝေါဟာရဒေသနာဟူ၍လည်း ခေါ်ဆိုရခြင်း ဖြစ်ပါသည်။ ဤသုတ္တန်ပိဋကကို ဘုရားရှင်သည် ကရုဏာ၊ ပညာ နှစ်ပါးစုံ

ပြဋ္ဌာန်းပြီး ဟောကြားထားတော်မူပါသည်။ သတ္တဝါတို့၏ အတွင်းသန္တာန်၌ ရစ်ပတ်ဖွဲ့နှောင်ထားသော အယူမှားနှင့် အမြင်မှားများကို ပယ်ရှားနိုင်ပြီး စိတ်တည်ငြိမ်အေးချမ်းမှုရှိရအောင် ကျင့်ကြံရမည့် သမာဓိကျင့်စဉ်များကို အသေးစိတ်ညွှန်ပြထားပါသည်။ တည်ငြိမ်အေးချမ်းသည့် သမာဓိရနေသောသူကို ကိလေသာတဏှာတို့က နှိပ်စက် ညှဉ်းဆဲခြင်း မပြုနိုင်ကြပါ။ ဤသို့ ကိလေသာ တဏှာ ပယ်သတ်နည်းကို ဟောကြားတော်မူပါသည်။ သုတ်များတွင် လောကီ လောကုတ္တရာ နှစ်ပါးစလုံး အကျိုးပြုမည့်တရားများကို ဟောကြားထားပါသည်။ ဖတ်ရှုလေ့လာသူများ နိကာယ်ငါးရပ်တို့ကို သိရှိနားလည်ရန်အတွက် နိကာယ်ငါးရပ်အလိုက် အခန်းဖွဲ့စည်းပြီး နမူနာအားဖြင့် သုတ်အချို့တို့ကို အကျဉ်းချုပ်တင်ပြထားပါသည်။

အဘိဓမ္မာပိဋကတွင် လောက၌ အမှန်စင်စစ် ထင်ရှားရှိသော ရုပ်ဓမ္မနှင့် နာမ်ဓမ္မတို့၏ သဘာဝအမှန်ကို ခွဲခြားသိမြင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ဟောကြားတော်မူပါသည်။ အနုသယကိလေသာကို အကြွင်းမရှိ အမြစ်ပြတ်အောင် ပယ်ရှားနိုင်သည့် ဒိဋ္ဌိပယ်သတ်နည်းကို ထူးခြားပြည့်စုံစွာဖြင့် ပညာကို အဓိကထားပြီး ဟောကြားတော်မူပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကိုဆောင်သည့် နာမ်ရုပ်နှစ်ပါး ခွဲခြားပြသော တရားတော်ဖြစ်သောကြောင့် အလွန်ပင် နက်နဲသိမ်မွေ့လှပါသည်။ သို့အတွက် အဘိဓမ္မာပိဋကကို ခက်ခဲနက်နဲ ကျယ်ဝန်းသည့် အလျောက် ဆိုလိုသည့် ဃေဘုယျသဘောမျှကိုသာ အများ နားလည်သဘောပေါက်အောင် တင်ပြထားပါသည်။

စာအုပ်တစ်အုပ်တည်းတွင် ပိဋကတ်သုံးပုံ၏ သဘောသဘာဝကို ခြုံငုံမိအောင် ကြိုးစားတင်ပြခြင်းဖြစ်ပါသည်။ မိမိကဲ့သို့သော ဗုဒ္ဓဘာသာဝင်မိတ်ဆွေအပေါင်းနှင့် ဗုဒ္ဓဓမ္မကို စိတ်ဝင်စားသူများအနေဖြင့် ပိဋကတ်သုံးပုံကို တစ်စေ့တစ်စောင်း နားလည်သွားပါက ဤစာအုပ်ရေးသားရကျိုးနပ်ပါမည်။ သာသနာပြုလုပ်ငန်းတွင် မိမိတတ်နိုင်သည့် အတိုင်းအတာအရ ပါဝင်ဆောင်ရွက်သည်ဟု ဝမ်းမြောက် ဝမ်းသာ ခံယူမိပါသည်။

ပိဋကတ်သုံးပုံကို ချုပ်လိုက်လျှင် နာမ်ရုပ်အကြောင်း ဖြစ်ပါသည်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်အကြောင်းဖြစ်ပါသည်။ ကိုယ့်အကြောင်း သူ့အကြောင်း အပါအဝင် လောကကြီးသုံးပါးအကြောင်းဖြစ်ပါသည်။ လူသားတို့ အကောင်းဆုံး၊ အမွန်မြတ်ဆုံးဘဝကို သီလ၊ သမာဓိ၊ ပညာ သုံးပါးဖြင့် တည်ဆောက်နိုင်ရန် မြတ်စွာဘုရား၏ ဟောကြားလမ်းညွှန်ချက်များဖြစ်ပါသည်။ သို့အတွက် မိမိ၏ အကျိုးဗုာ လူတိုင်းလေ့လာသိရှိသင့်သည့် တရားဓမ္မများဖြစ်ပါသည်။ ထို့ကြောင့်

ကျွန်တော်က "လူတိုင်းအတွက် ပိဋကတ်သုံးပုံ"ဟု ကျွန်တော်၏ စာအုပ်ကို အမည်ပေးထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ကို ရေးသားပြုစုရာတွင် မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေသည့် ဆဋ္ဌသံဂါယနာတင် ပိဋကတ်ပါဠိတော်မြန်မာပြန်စာအုပ်များကို အဓိကထားဖတ်ရှုပြီး ပိဋကတ်သုံးပုံအလိုက်၊ နိကာယ်အလိုက်၊ ကျမ်းအလိုက်၊ သုတ်အလိုက် အခြေခံ သဘောသဘာဝကို အကျဉ်းချုံး၍ ရေးသားတင်ပြပါသည်။

ဤသို့ရေးသားရာတွင် မန္တလေးတက္ကသိုလ်၊ ဒုတိယ အဓိပတိဟောင်း ဆရာကြီးဦးကိုလေးရေးသားသည့် "Guide to Tipitaka" စာအုပ်သည် လမ်းညွှန်မှု ပေးသည့်အတွက် ဆရာကြီးအား ကျေးဇူးတင်ပြီး ရိုသေစွာကန်တော့ပါသည်။

မဇ္ဈိမဒေသ ဆရာဦးမောင်မောင်လေးရေးသားသည့် ပိဋကတ်အနှစ်ချုပ် နိကာယ်များသည် ပိဋကတ်ပါဠိတော် မြန်မာပြန် စာအုပ်များကို ဖတ်ရှုလေ့လာရာတွင် လမ်းပြသဖွယ်ဖြစ်သောကြောင့် ဆရာအား အထူးပင် ကျေးဇူးတင်ရပါသည်။

အဘိဓမ္မာကျမ်းများ အကျဉ်းချုပ်ရေးရာတွင် အသုံးပြုရန်အတွက် မှတ်စု ရေးသားပေးတော်မူသည့် မုံရွာမြို့၊ အရှေ့ လယ်တီကျောင်းတိုက်၊ ကျောင်းထိုင် ဆရာတော်ဦးကုဏ္ဍလ၊ အနောက်လယ်တီကျောင်းတိုက်မှ စာချဆရာတော် ဦးခေမာ တို့အားလည်း ကျေးဇူးတင်စွာဖြင့် ရိုသေစွာကန်တော့ပါသည်။

ကျွန်တော်ရေးသည့် "လူတိုင်းအတွက် ပိဋကတ်သုံးပုံ" အကြောင်းကို ကြီးပွားရေး လမ်းညွှန်ဂျာနယ်တွင် လစဉ် အခန်းဆက် ထည့်သွင်းပေးသည့် အယ်ဒီတာချုပ် ဦးမြတ်ခိုင်အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အားပေးကူညီသည့် ဆုထူးပန်အဘိဓမ္မာ ထွန်းကားပြန့်ပွားရေးအသင်း နာယကကြီး ဆုထူးပန်ဆရာဟန်၊ မုံရွာမှ ဆရာကြီး ဦးမာကျော်၊ ဒေါက်တာဘဟိန်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ဌာနမှူးဦးမြသိန်း၊ ကိုခင်မောင်ကျော်(မြန်ကွန်)၊ မျက်နှာဖုံးဒီဇိုင်းဆွဲပေးသော ကိုစည်သူလွင်၊ ကျွန်တော် ပြောကြားသည်ကို လိုက်ရေးပေးကြသည့် ဦးတင်လှိုင်ကျော်၊ ကိုအောင်သန်းအေး၊ မဇာခြည်သိန်းတို့နှင့်တကွ ဆွေမျိုးမိတ်ဆွေ အပေါင်းတို့အားလည်း ကျေးဇူးတင် ပါသည်။

ဤစာအုပ်ကို စေတနာ မေတ္တာဖြင့် ၈ လယ် ဆုံး ဖတ်ရှုတည်းဖြတ်ကာ အကြံပေးသည့် နိုင်ငံတော်အမျိုးသားစာပေဆုရှင်၊ စာပေဗိမာန်စာပေဆုရှင်၊ ပခုက္ကူ ဦးအုံးဖေစာပေဆုရှင်၊ ပထမကျော်ဘွဲ့၊ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့တံဆိပ်ရ၊

ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့၊ အချိန်ပြည့်အဖွဲ့ဝင် ဆရာဦးမြတ်ကျော်အားလည်း အထူးပင်ကျေးဇူးတင်အပ်ပါသည်။

မြတ်စွာဘုရား၏ အဆုံးအမတို့ကို လူအများ သိရှိ လိုက်နာ ကျင့်ကြံလာအောင် ပြောဟောခြင်း၊ သင်ကြားပို့ချပေးခြင်း၊ ရေးသားခြင်းသည် သာသနာပြုခြင်းပင်ဖြစ်ပါသည်။ မြတ်စွာဘုရားက ဓမ္မဒါနတရားအလှူ သာသနာပြုကုသိုလ်ထက် ကြီးမြတ်သော ကုသိုလ်မရှိဟု ဟောတော်မူပါသည်။ ဤမြတ်သော ဓမ္မဒါန သာသနာပြုကုသိုလ်ကို ကျွန်တော် ဆွေမျိုး မိတ်ဆွေများနှင့်အတူ ပြုလုပ်ခွင့်ရသည့်အတွက် အတိုင်းမသိ ဝမ်းသာကြည်နူးလှပါသည်။

ဦးမောင်မောင်စိုးတင်
အငြိမ်းစားသံအမတ်ကြီး
၁၃၅၊ အယ်လ်-သံလွင်လမ်း
ကမာရွတ်မြို့နယ်၊ ရန်ကုန်
ဖုန်း-၁၂၁၉၈၁